www.burmeseclassic.com

၂၀၀၄ ခုနှစ် စာပေဗိမာန်စာမူဆု

ဝတ္ထုရှည် ပထမဆုရ

# နှင်းခါးရိုင်း

## နေစိုးသော်

စီစဉ်တည်းဖြတ်သူ-ဦးညွန့်ဟံ(ညွန့်ဟံ-ကျူတော)

စာတည်း(တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

# နှင်းခါးရိုင်း

## (၁)

ရထားသည် ရေးရေးပျပျရှိနေသော မှိုင်းညို့ ညို့တောင်တန်းများ၏ ရင်ခွင်ဆီသို့ တစ်ဟုန်ထိုးပြေးဝင်လျက်ရှိ၏။ ဆောင်းဦးနှင်းများကိုထိုးခွဲ၍ ဆင်းလာသော နေခြည်နွေးနွေးသည် ရိတ်သိမ်းပြီးစလယ်ကွင်းပြင်များပေါ်တွင် ပျော့တော့တွာနားခိုနေသည်။ ဝန်းကျင်သည် ပြာပြာမှိုင်းမှိုင်း။

'သာစည်' မှ ထွက်လာပြီးနောက် မြေပြန့်လယ်ကွင်းများကို ဖြတ်သန်းနေရသည်။ ရှေ့တွင် ရှမ်းတောင်တန်း။ အနိမ့်မှအမြင့်သို့ ခပ်ဖြေးဖြေး တက်နေရသည့်ရထားသည် အရှိန်ကောင်းဆဲ။

အမြင့်သစ်နေသော မြင်ကွင်းတို့သည် ကျွန်တော့်အာရုံကိုဖမ်းစား ညို့ယူနိုင်စွမ်းကြီးမားလှ၏။ ရထားပြတင်းမှခေါင်းပြူလျက် ကျွန်တော်သည် အရာရာကို ငေးမဝနိုင်။ စိမ့်စိမ့်လေး အေးမြနေသည်ကိုလည်းကောင်း၊ တဖြူးဖြူးတိုးဝင်လာသောလေကိုလည်းကောင်း မေ့လျော့နေသည်။

'လှိုင်းတက်'၊ 'ဘုရားငါးဆူ' ဘူတာများကို ဖြတ်ကျော်လာသည်။ ကျောက်ပန်းအိုးတံတားမှာ ပေရှစ်ဆယ်အမြင့်ရှိသည်။ တောင်နှစ်လုံးကြား မြေပြင်ချိုင့်ဝှမ်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ ထို့နောက် 'ယင်းမာပင်လိုဏ်ဂူ' ကို ဖြတ်ရသည်။ 'ယင်းမာပင်' ဘူတာကို ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းမာပင်သည် ပင်လယ်ရေမျက်နှာပြင်မှ ၁၂၇၇ ပေမြင့်၏။ မြေပြန့်လွင်ပြင်မဟုတ်တော့။ ယင်းမာပင်မှထွက်ခွာလာလျှင် ရထားသည် သာစည်မှထွက်စဉ်တုန်းကလို မမြန်တော့။ တောင်တက်ခရီးမို့ ရထားအရှိန်ကနှေးလာသည်။ တောင်ပတ်လမ်းအကွေ့အကိုက်တွေ တွေ့လာရသည်။ တစ်ခါတရံ တစ်ဘက်မှာချောက်ဖြစ်ပြီး ကျန်တစ်ဖက်မှာ တောင်ကြီးဖြစ်နေ၏။ ကျောက်တောင်ကြီးတွေကို ဖြတ်ဖောက်ထားသောလမ်းမှာ ရထားက ပိုးကောင်တစ်ကောင်လို တရွေ့ရွေ့နှင့်။

'မြစ်ညောင်' ထိုမှ 'ရေပူ'၊ ထိုမှတစ်ဆင့် 'လယ်ပြင်' ကိုရောက်သည်။ လယ်ပြင်ကပိုမြင့်လာပြီ။ ပင်လယ်ရေမျက်နှာပြင်မှ ပေ ၁၅၅၁ ပေမြင့် သည်။ လယ်ပြင်မှထွက်လာသော် တောင်တန်းမြင့်မြင့်ကြီး၏ခြေရင်းသို့ ခိုဝင်လာရပြန်သည်။

'ပထမလွန်းထိုး' မှာ ပေ ၂၁၇၀ အမြင့်ဖြစ်လာပြီ။ တောင်တွေကို တပြည်းပြည်းချင်း တစ်တောင်ပြီးတစ်တောင် တက်လာရခြင်းမျိုးမဟုတ်တော့။ တောင်မြင့်မြင့်ကြီးကို ခြေရင်းမှ တောင်မြင့်ပိုင်းသို့ ရထားသည် ခေါင်းကဆွဲသည့်အခါဆွဲ တွဲတွေကိုခေါင်းကပြန်တွန်းသည့်အခါတွန်း၍ တက်ရသည်။ ဘယ်ဘက်ခြမ်းမှာ အလွန်တရာနက်ရှိုင်းသော တောင်ခြေချိုင့်ဝှမ်း၊ ညာဘက်ခြမ်းမှာမျော်ကြည့်၍ပင် တောင်ဖျားကိုမမြင်သာသော မတ်စောက်သည့်တောင်နံရံ။

တောင်စောင်းတွေမှာ မြင်ရသည့်အပင်ကြီးတွေကို ကျွန်တော်မမြင်ဖူးပါ။

''အဲဒါ ဘာပင်တွေလဲကွ''

သားတွင်းထိုင်နေသည့် သူငယ်ချင်းဖြစ်သူ ဝင်းမြတ်ကို ကျွန်တော်က လှည့်၍မေးကြည့်သည်။ သည်ရှမ်းပြည်တောင်ပိုင်းခရီးကို ကျွန်တော် ယခင်က တစ်ကြိမ်မျှမရောက်ဖူးခဲ့။ ယခု ပထမဆုံးရောက်ဖူးခြင်းဖြစ်သည်။ ပြီးတော့



ကျွန်တော်က မြစ်ဝကျွန်းပေါ်သား။ မြစ်တွေ၊ ချောင်းတွေ ကြားမှာ ကြီးပြင်းလာခဲ့သူ။ တောင်တွေမမြင်ဖူးခဲ့။ တောင်ပေါ်တောတွေ နှင့်လည်း မရင်းနှီးပူးခဲ့။

ဝင်းမြတ်ကတော့ ရှမ်းပြည်တောင်ပိုင်းကို နှစ်ကြိမ်သုံးကြိမ် ရောက်ဖူးသူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က သူ့ကိုမေးခြင်းဖြစ်၏။

''မျောက်ပေပင်တွေကွ'' ဝင်းမြတ်ကဖြေသည်။

''ဘယ်''

ကျွန်တော်က ဝင်းမြတ်၏အဖြေကို အမှန်ဟုမှတ်ယူပြီး အမြင်သို့ မြန်မြန်စဉ် ဝင်းမြတ်၏ရယ်သံထွက်လာသည်။

''ဘာရယ်တာလဲ''

''ငါပြောတာ မင်းယုံတာပဲလား''

''အေးလေ ဘာဖြစ်လို့လဲ''

''ငါနောက်တာ။ အဲဒီ ဘာပင်တွေလဲဆိုတာ ငါလည်းမသိဘူး''

''မျောက်ပေပင်ဆိုကွာ''

''အဲဒီကတော့ အမှန်ပဲ၊ မြေမှာပေါက်တဲ့အပင်တွေလေ''

ဒီတော့မှ ကျွန်တော်သည် ဝင်းမြတ်နောက်ပြောင်လိုက်ခြင်းကို သဘောပေါက်သွားသည်။ မြေပေါက်မျောက်ပေဟု စကားလိမ်မြင့်ပြော လိုက်ခြင်း မဟုတ်ပါလား။

''မင်းကွာ၊ ငါက အဟုတ်မှတ်လို့''

ဝင်းမြတ်အရယ်မရပ်သေး။ ဒီကောင်က ဒီလိုပဲဖြစ်သည်၊ အမြဲလိုလို ရွှတ်နောက်နောက်နှင့် ပျော်ပျော်နေတတ်သည်။ လူကလည်းသေးသေးဖြစ်ပြီး နှုတ်ခမ်းပွပွနှင့်... ပုံးကျုယ်ကျုယ်၊ မျက်လုံးပြူးပြူး၊ နှာခေါင်းပွပွနှင့် ပါးတွန့်ရှုပ်ကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူသည်။ ဝတ်ဆင်လျှင်တော့ စပို့ရှပ်နှင့် ဝတိုင်ဘောင်းဘီနှင့်။ ကျွန်တော်တို့က သူ့ကို ဗိုကာတွန်းဟု အမည်ပေးထားသည်။

သူသည် ကာတွန်းဆရာတစ်ယောက်ဖြစ်သလို တအုပ်ထုတ်ဝေရေးတိုက်တစ်ခုကိုလည်း ပိုင်ဆိုင်သူဖြစ်သည်။ ထို့ကြောင့် တပေသမားတစ်ယောက်ဖြစ်သော ကျွန်တော်နှင့်သူ ပေါင်းမိခြင်း၊ ခင်မင်ခြင်းဖြစ်သည်။ သူ့ကို ကျွန်တော်နှစ်သက်သည့်အချက်မှာ ဥစ္စာဓနပြည့်ဝသောမိသားစုမှ ပေါက်ဖွားလာသူဖြစ်သော်လည်း စိတ်သဘောဖြောင့်စင်း ရိုးသားခြင်းဖြစ်သည်။ အမှန်ပင်။ သူသည် စိတ်သဘောကောင်း၏။ ကူညီတတ်၏။ ပွင့်လင်းဖော်ရွေ၏။ အထူးသဖြင့် တပေသမားများကို အနွံတာခံ၏။

သူနှင့်ကျွန်တော်၏ဆက်ဆံရေးမှာ တရေးဆရာနှင့်ထုတ်ဝေသူ အနေအထားမဟုတ်။ ညီအစ်ကိုတမျှခင်မင်သော မိတ်ဆွေသူငယ်ချင်းအဆင့်ဖြစ်သည်။ ငယ်ပေါင်းမဟုတ်သော်လည်း ငယ်ပေါင်းသူငယ်ချင်းများလို ရင်းသည်။

သို့သော် သူနှင့်ကျွန်တော်မတူသည့်အချက်တစ်ခုတော့ရှိ၏။ သူက မိန်းမစွံသူဖြစ်ပြီး ကျွန်တော်က ချစ်သူပင်မရှိသော ရည်းစားပင်မထားဘူးသေးသော အရိုင်းဖြစ်သည်။

ဒါကို သူကလှောင်တတ်သည်။

"မင်းကွာ ဝါ့ထက်လည်း ရုပ်ရည်ရှိတယ်၊ အောင်မြင်မှုလည်းရှိတယ်၊ ဒါပေမယ့် ဒီအသက်အရွယ်ထိ ရည်းစားမရှိသေးတာကတော့ ညံ့လွန်း သည်။

ကျွန်တော်က ပြန်ချေပသည်။

"ဝါမှ မချစ်တတ်သေးတာ။ မချစ်ဘဲနဲ့တော့ မင်းလို မိန်းကလေးတွေ ဟောတစ်ယောက် တောတစ်ယောက် မတွဲဘူး"

သူက ပျက်ရယ်ပြုဟန်ဖြင့်ရယ်သည်။

"အဖြစ်မရှိရင် မရှိဘူးပြောပါကွာ၊ အရည်အချင်းမရှိတာကို မရှိဘူး လို့ ဝန်ခံလိုက်စမ်းပါကွာ"

ကျွန်တော်ကလည်း အလျော့မပေး။

"တကယ်ချစ်မှချစ်သူဖြစ်ရမယ်၊ ချစ်သူနဲ့လက်ထပ်သူ တစ်ဦးတည်းဖြစ်ရမယ်၊ မေတ္တာတရားဆိုတာ သစ္စာတရားနဲ့ ရစ်ပတ်တွဲနှောင်ထားရတဲ့အရာ၊ ကစားစရာမဟုတ်ဘူး"

သူက မဲ့ပြုံးပြုံး၍ ခေါင်းကိုယမ်းသည်။

"အဲဒါ ဆယ့်ကိုးရာစုလောကမှာ ကျန်ခဲ့ပြီ"

ကျွန်တော်က မိုင်မိုင်မာမာ ထပ်ဆင့်အတည်ပြုရန်အတွက် ....

"ဒီမှာ ဗိုကာတွန်း ... ပြောင်းလဲတိုးတက်လာမှုတွေဟာ ရုပ်ပိုင်းဆိုင်ရာတွေပဲ၊ အဲဒီရုပ်ပိုင်းဆိုင်ရာနဲ့လိုက်ပြီး စိတ်ပိုင်းဆိုင်ရာတွေ ဖွံ့ ဖြိုးတိုးတက်လာရတယ်၊ ဒါက အပြန်အလှန် အမှီသဟဲပြုနေကြတာ။ ဒါပေမယ့် ပြောင်းလဲတိုးတက်လာတဲ့ ရုပ်ပိုင်းဆိုင်ရာတွေရဲ့အကူအညီနဲ့ နှလုံးသားကိုတော့ ကြိုးမဆွဲနဲ့၊ မေတ္တာတရားကို ပေါ့တန်အောင်မလုပ်နဲ့၊ တိုးတက်တယ်၊ ခေတ်မီဆန်းသစ်တယ်ဆိုတဲ့ စကားလုံးနဲ့ဖောက်ပြန်မှုကို မဖုံးနဲ့"

"စကားလုံးတွေမြင့်လိုက်တာ၊ ဝါပြောတာက ရိုးရိုးလေးရယ်၊ ဝါ မချစ်တတ်သေးဘူး၊ ဒါပေမယ့် မိန်းကလေးတွေနဲ့ တွဲရတာပျော်တယ်"

သူလေသံပျော့သွားသည်။ ကျွန်တော် ပြုံးအလှည့်။

"အပျော်ဆိုတာ လွန်သွားရင် အပျက်ဘက်ရောက်သွားတတ်တယ် သူငယ်ချင်း။ မင်း အေ့ဒ်စ် (AIDS) ကို မကြောက်ဘူးလား"

သူမျက်နှာရှုံ့သွားသည်။ လက်ကာပြောကာငြင်းသည်။

"ဟာ — အဲဒါကြီးတော့ မပြောစမ်းပါနဲ့၊ ဝါ့ကောင်မလေးတွေက သန့်သန့်လေးတွေကွ၊ ရှုပ်ရှုပ်လေးတွေမဟုတ်ဘူး"

www.burmeseclassic.com



"မင်း ပြောနိုင်လား"

"ဟာကွာ ..."

ဝင်းမြတ်နှင့်ကျွန်တော်က သည်သို့ဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် ပြောမနာဆိုမနာ။ အနိုင်အထက်လုပြောကြမည်။ ပြောရင်း ပြောရင်း လက်သီးလက်မောင်းတန်းချင်တန်းကြမည်။ ပြီးလျှင်တော့ လည်ပင်းဖက်မပျက်။

ယခုခရီးကလည်း သူနှင့်ကျွန်တော် တွေ့ရာလေးပါးစကားပြောရင်း ကျွန်တော်က ရှမ်းပြည်နောက်ခံဝတ္ထုတစ်ပုဒ်ရေးချင်သည်ဟု စကားစပ် ရာမှ သူကလည်း စိတ်ဝင်စားသွားကာ နှစ်ယောက်သား ကသုတ်ကရက် စီစဉ်ပြီး ထွက်လာကြခြင်းဖြစ်သည်။ သူသည် သည်ခရီးကို လာဖူးကြုံဖူး ပြီးသား။ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေးဖောင်တော်ဦးဘုရားဖူးနှင့် ပင်းတယ ဘုရားဖူးရန်ဖြစ်သည်။

"ပင်းတယမှာ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်" ဟု သူကပြောသည်။ "အဲဒီမှာ ငါတို့တည်းနိုင်တယ်"

"ကလောမှာ ငါ့အစ်ကိုရဲ့သူငယ်ချင်း ဒေါက်တာဦးမိုးအေးမော် ရှိတယ် ကွ၊ မီးရထားဆေးဘက်ဌာနကပဲ၊ အစ်ကိုနဲ့ခင်သလို ငါနဲ့လည်းသိတယ်၊ ကလောမှာဆိုရင် သူ့ဆီမှာတည်းလို့ရမယ်"

"ဒါဆို တောင်ကြီးမီးပုံးပျံပွဲအရင်တက်မယ်၊ တန်ဆောင်မုန်းလပြည့် ညပေါ့ကွာ၊ တောင်ကြီးကပြန်ဆင်းမှ အင်းလေးသွားမယ်၊ အင်းလေးက ပြန်မှ ကလောဝင်မယ်၊ ကလောမှာညအိပ်ပြီး ပင်းတယပြန်သွားမယ်"

ဝင်းမြတ်က အစီအစဉ်ကိုဤသို့ဆွဲခဲ့သည်။ ထို့ကြောင့် ဒီခရီးမှာ သူက ဦးဆောင်သူ၊ ကျွန်တော်ကနောက်လိုက်။

'ရွှေရုပ်' ဘူတာကို ရထားဝင်လာသည်။ အချိန်က ဆယ့်နှစ်နာရီကျော် ခဲ့ပြီမို့ ဗိုက်တွေကဆာနေပြီဖြစ်၏။ ဝင်းမြတ်က ...

"တို့ ဒီမှာ ထမင်းစားကြရင်ကောင်းမယ်" ဟုပြောသည်။

"ကောင်းသားပဲ၊ ဒါပေမယ့် ရထားကကြာကြာရပ်လို့လား"

"သိပ်ကြာကြာတော့မရပ်ဘူး၊ ထမင်းဘူးတွေဝယ်လို့ရတယ်"

"ဒါဆို အောက်ဆင်းကြမယ်"

ဝင်းမြတ်နှင့်ကျွန်တော် ရထားပေါ်မှဆင်းကြသည်။ ဘူတာလေးက ထမင်းဆိုင်လေးမှာ ထမင်းဝင်ဝယ်ကြသည်။

"ချောသားရလား"

"ဟုတ်ကဲ့ ရပါတယ်"

"နေဦး မင်း ချောသားစားမလား"

ကျွန်တော်က မစားဖူး၍ မဝံ့မရဲ။

"ကြက်သားပဲထည့်ပါကွာ"

"ချောသားကောင်းတယ်ဆရာလေးရဲ့ စားကြည့်၊ ဒီ နောက်တောင်ကြော တွေမှာ မုဆိုးဖတွေရှိတယ်၊ သူတို့ရလာတဲ့ချေတွေပါ၊ ကြက်သားထက် ကောင်းတယ်"

ဆိုင်ရှင်မိန်းမကြီးက ရှမ်းသံခပ်ဝဲဝဲဖြင့်ပြောသည်။ သူမအပြောကောင်း သဖြင့် ကျွန်တော်တို့နှစ်ယောက် ချောသားထမင်းဘူးနှစ်ဘူးဝယ်ကာ ရထား ပေါ် ပြန်တက်ကြသည်။ ရထားပြန်အထွက်မှာ ကျွန်တော်တို့ထမင်းစားသည်။

"ဘယ်လိုလဲ နေဦး ... ချောသားဟင်း"

ဝင်းမြတ်အမေး။

"ကောင်းတယ်ကွ၊ ဟင်းချက်လည်း ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် ထမင်းအတော်မြိန်ပါသည်။ ထမင်းစားပြီးတော့ လွှန်းထိုးမှာ ဝယ်ခဲ့သည့် သင်္ဘောသီးကိုအချိုတဲ့ကြသည်။

‘စတုတ္ထလွှန်းထိုး’ ပြီးနောက် ‘ဆင်တောင်’ ရောက်သည်။ ဆင်တောင်မှ ကျော်လာပြီးနောက် ‘ကမ်းပါးနီလိုဏ်ဂူ’ ကိုဖြတ်သည်။ လိုဏ်ဂူအရှည်မှာ ၈၂၃ ပေဖြစ်ပြီး တစ်မိနစ်ခန့်ကြာအောင် ရထားဖြတ်ရသည်။ မကြာခင်နောက်ထပ်လိုဏ်ဂူတစ်ခုကို ထပ်မံဖြတ်ရပြန်သည်။ ထိုလိုဏ်ဂူကတော့ ပထမလိုဏ်ဂူထက်တိုသည်။

ပတ်ဝန်းကျင်မြင်ကွင်းတွေမှာ စွဲမက်စရာချည်းမို့ ကျွန်တော့်ရင်မှာ ပျော်မဆုံးနိုင်။ တောင်ထိပ်များ၌ မြူခိုးများဝေ့နေပုံ၊ နေရောင်ကွက်ကျဲကျနေပုံ၊ တောင်နှစ်လုံးကြား၌ နက်ရှိုင်းသောလျှိုများ။ အားလုံးသည်အလှချည်းသာ။

‘မြင်းခိုက်’ ကို ကျော်လာသည်။ နေ့လယ်နှစ်နာရီခွဲခန့်မှာ ‘ကလော’ ကို ရထားဝင်သည်။ ကလောသည် မြို့မကြီးလှသော်လည်း အလွန်လှပသော မြို့ကလေးဖြစ်သည်။ ထင်းရှူးပင်တွေလှသလို ရိုးတံသွယ်သွယ်ကလေးတွေနှင့် ချယ်ရီပင်တွေကိုတွေ့ရသည်။ ချယ်ရီတွေကားမပွင့်သေး။ တောင်ကုန်းကလေးတွေပေါ်က တိုက်အိမ်ကလေးတွေကိုလှမ်းကြည့်မိ၏။

“ငါပြောတဲ့ ဆရာဝန်ဦးမိုင်းမောင်က အဲဒီဘူတာနောက်က တောင်ကုန်းကလေးတွေပေါ်က မီးရထားရိပ်သာမှာပဲကွ၊ အစ်ကို သေသေချာချာ ပြောလိုက်တယ်၊ ဘူတာနဲ့ကပ်လျက်မှာ မီးရထားဆေးခန်းရှိတယ်၊ အဲဒီမှာ မေးရင် ရတယ်တဲ့”

“ဒါဆို ဟိုအဆောက်အဦးဖြစ်မယ်”

နှစ်ထပ်တိုက် အဆောက်အဦးရှည်ရှည်ကြီးကို ဝင်းမြတ်ကညွှန်ပြသည်။ ကလောမှာ ပင်လယ်ပြင်မှ အမြင့်ပေ ၄၂၉၇ ပေမြင့်သဖြင့် အောင်ပန်း၊ တဲပိုး၊



ရွှေညောင်တို့ထက်မြင့်သည်။ နေ့လယ်ဖြစ်သော်လည်း အအေးဓာတ်က စိမ့်နေသည်။

“ကလောက အေးတာတော့အရမ်းအေးတယ်၊ ဒီမှာ နေမမြင်ရတဲ့ လတွေတောင်ရှိတယ်၊ ဆောင်းမှာပေမယ့် မိုးရွာတတ်တယ်၊ နေလို့အရမ်းကောင်းတဲ့နေရာပဲ၊ မြို့ကလှပြီး ရာသီကအေးတော့ Small England လို့တောင် တင်စားပြောကြတယ်၊ တချို့ ပင်စင်စားအရာရှိတွေ ဒီမှာလာပြီး နေကြတယ်”

ဝင်းမြတ်က သူသိသမျှကိုပြောပြနေသည်။

“အေးကွာ ဒီမြို့ကလေးမှာလာနေပြီး တရေးရရင်တော့ သိပ်ကောင်းမှာပဲ၊ အောင်မြင်မှုရလာရင် ပြောပါတယ်”

“ခုလည်း မင်းအောင်မြင်နေတာပါပဲကွာ၊ မဂ္ဂဇင်းဝတ္ထုတို အရေးကောင်းတယ်ဆိုတာရယ်၊ လုံးချင်းဝတ္ထုတွေ ပရိသတ်အားပေးလက်ခံလာတာရယ်၊ ငါတို့မြင်နေရတာပဲ၊ ဒီထက်အောင်မြင်လာဖို့ အတွေ့အကြုံလိုတယ်”

“အေး ဒါကြောင့်လည်း ငါခရီးထွက်ရတာကို စိတ်ဝင်စားတာပေါ့၊ မြန်မာပြည်အနှံ့ ခရီးဆန့်ရမယ်၊ ရိုးသားဖြူစင်တဲ့ တိုင်းရင်းသားတွေရဲ့ဘဝတွေကို လေ့လာရမယ်၊ တောသူတောင်သားတွေရဲ့ ခံစားချက်တွေကို လေ့လာရမယ်လေ”

“ဒါတင်မကသေးဘူး”

ဝင်းမြတ်မျက်နှာကို ကျွန်တော်ကြည့်မိ၏။ ဒီကောင် ပြုံးစိစိ။

“ဘာလိုသေးလို့လဲ ဗိုက်ကာတွန်းရဲ့”

“လိုတာရှိတာပေါ့”

“ရှိရင်ပြော ... ဘာလဲ”

www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူလေး၊ မချစ်တတ်ဘဲနဲ့ အချစ်အကြောင်းတွေရေးတော့ ဟာသတွေ ဖြောက်ကုန်မှာပေါ့"

"ဟာကွာ ... ဒါကတော့ ..."

ဝင်းမြတ်က ကျွန်တော့်ပခုံးကိုပုတ်ပြီး ...

"ရွှန်းလဲ့ကို မင်းမချစ်ဘူးလား" ဟု မေးသည်။

ရွှန်းလဲ့ဆိုသည်မှာ ကျွန်တော့်သူငယ်ချင်းဖြစ်သည်။ ငယ်သူငယ်ချင်းဖြစ်သည်။ နယ်မြို့ကလေးမှာကတည်းက ကျောင်းနေဖက်ဖြစ်သည်။ ကျောင်းအတူ၊ အတန်းတူဖြစ်သည်။ တက္ကသိုလ်ဝင်တန်းကိုအောင်ကြတော့လည်း အတူတူဖြစ်သည်။ ရန်ကုန်မှာလာပြီး တက္ကသိုလ်တက်ကြတော့လည်း အတူတူဖြစ်သည်။

ဘွဲ့ရပြီး ကျွန်တော်ကစာပေလောကကိုဝင်သည်။ မဂ္ဂဇင်းတိုက်တစ်ခုမှာ အယ်ဒီတာအဖွဲ့ဝင်အဖြစ်လုပ်ရင်း စာရေးသည်။ ရွှန်းလဲ့က ကွန်ပျူတာပညာ ဆက်သင်ပြီး ကုမ္ပဏီတစ်ခုမှာအလုပ်ဝင်သည်။

ကျွန်တော်က မြို့ရှိအမေ့ကို ရန်ကုန်သို့ခေါ်ထားပြီး သားအမိနှစ်ဦး အတူနေသည်။ ကျွန်တော်၏အစ်ကိုကြီးဖြစ်သူ ကိုလင်းအောင်ကလည်း ရန်ကုန်မှာအိမ်ထောင်ကျပြီး ကြီးပွားနေသည်။ အစ်ကိုနှင့် ကျွန်တော်တို့ သားအမိက အတူနေမဟုတ်။ ကျွန်တော်တို့က တောင်ဥက္ကလာမှာ။ အစ်ကိုက ဘောက်ထော်မှာ။ ရွှန်းလဲ့မိဘများကတော့ နယ်မှာပင်နေကြပြီး ရွှန်းလဲ့ကသာ ရန်ကုန်ပျော်သူပီပီ ရန်ကုန်မှာနေခြင်းဖြစ်၏။ သူမနေသည်က လှည်းတန်းရှိ ဘော်ဒါဆောင်တစ်ခုမှာဖြစ်သည်။

မိဝေး ဖဝေး ညီအစ်ကိုမောင်နှမဝေးနေရခြင်းဖြစ်သောကြောင့် ရွှန်းလဲ့က ကျွန်တော်တို့မိသားစုကို အားကိုးခင်တွယ်သည်။ အလုပ်ပိတ်ရက်ဆိုလျှင် ကျွန်တော်တို့အိမ်ကို ရောက်လာတတ်မြဲဖြစ်၏။ အမေနှင့်စကားတွေတောင်ဖွဲ့



ရင်း ချက်ကြပြုတ်ကြ စားသောက်ကြသည်။ ကြားရက်တွေမှာလည်း ကျွန်တော့်မဂ္ဂဇင်းတိုက်ရှိရာ ရောက်လာတတ်သည်။

အမေကလည်း ရွှန်းလဲ့ကိုချစ်သည်။ သမီးမရှိ၊ သားနှစ်ယောက်သာ မွေးထားသောအမေသည် ရွှန်းလဲ့ကိုသမီးရင်းပမာ အချစ်ပိုလှသည်။ အိမ်တွင် အတူလာနေရန်ပင် ပြောတတ်သည်။ ကျွန်တော်နှင့်လည်း စနောက်တတ်သည်။ 'ချွေးမ' ဟုခေါ်လျှင် ရွှန်းလဲ့ကလည်း ကျေနပ်ပြုံးနှင့်။

"ရွှန်းလဲ့က ငယ်သူငယ်ချင်းလေကွာ"

"အေးလေ ငယ်သူငယ်ချင်းဆိုတာတော့ ငါသိတာပေါ့၊ မင်း သူ့ကို မချစ်ဘူးလား မေးတာ"

"ငါ အခုထိ သူ့အပေါ် သန့်သန့်စင်စင်ပဲ မိုကာတွန်း"

"ဘာလဲ အချစ်ကိုညစ်ပတ်တယ်လို့ ဆိုလိုတာလား"

"မဟုတ်ပါဘူးကွာ၊ ငါတို့ ရိုးရိုးသားသားပဲဆိုတာ ပြောတာပါ"

"အင်း မင်းရိုးသားတယ်ဆိုတာတော့ ငါလက်ခံပါတယ်၊ ဒါပေမယ့် ငါ့ အတွေ့အကြုံအရပြောရရင် ရွှန်းလဲ့က မင်းအပေါ်မရိုးဘူး၊ သံယောဇဉ်ပိုတာ ငါသေချာပြောရဲတယ်"

ဝင်းမြတ်စကားကို ကျွန်တော်မငြင်းနိုင်ပါ။ မငြင်းလိုပါ။ ဖြစ်သည်ဟု ကျွန်တော်နားလည်သဘောပေါက်ပါသည်။ သို့သော် ကျွန်တော့်ဘက်ကတော့ ရွှန်းလဲ့အပေါ် ပကတိသူငယ်ချင်းမျှသာ။ သို့မဟုတ် မောင်နှမပမာ။

"မင်း ရွှန်းလဲ့အပေါ် နည်းနည်းမှ ရင်မခုန်ဘူးလား"

ကျွန်တော်ငြိမ်နေသဖြင့် ဝင်းမြတ်ကထပ်မေးသည်။

"ဟင့်အင်း"

ကျွန်တော့်အဖြေကမြန်သလို ရှင်းလည်းရှင်း၍ ပြတ်သားလည်းပြတ်သား ပါသည်။ မှန်ပါသည်။ ရွှန်းလဲ့နှင့် လက်ပွန်းတတီး သွားလာပြောဆိုနေထိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com


လျှက် ကျွန်တော်ရင်မခုန်ခဲ့ဖူးပါ။ ရွှန်းလဲ့၏ ရွှန်းလဲ့သောအကြည့် မျက်ဝန်းများအောက်မှာ အခြားယောကျ်ားသားများ ကြွေကျနိုင်သော်လည်း ကျွန်တော့်နှလုံးသားကမာကျောနေပါသည်။

“ရွှန်းလဲ့က လှတာတော့အမှန်ပဲ”

ဝင်းမြတ်မှတ်ချက်။

“ငါလက်ခံပါတယ်၊ ဒါပေမယ့် လှတာနဲ့ချစ်တာ ရာနှုန်းပြည့်မသက်ဆိုင်ဘူး။ လှပေမယ့် ချစ်ချင်မှချစ်မယ်၊ မလှပေမယ့် ချစ်ချင်ချစ်မယ်”

သူ မငြင်းနိုင်။ သို့သော် ....

“ငါကတော့ မင်းကို သူနဲ့ဖြစ်စေချင်တယ်”

“ဟာ ... ငါ့ကောင်က ငှက်ကြီးကိုတွန်းပို့နေပါလား၊ ကော့ ရွှန်းလဲ့က မင်းကိုအကျိုးဆောင်ငှားလိုက်ပြီထင်တယ်”

“ငါအတည်ပြောတာနော်၊ ရွှန်းလဲ့က သွက်လက်ချက်ချာတယ်၊ ထက်မြက်တယ်၊ သဘောကောင်းတယ်၊ သူ့မှာ အရည်အချင်းကောင်းတွေရှိတယ်”

“ဟုတ်တယ်လေ၊ ရန်ကုန်မှာ မိဝေးဖဝေး တစ်ယောက်တည်းလာနေတာကို ကြည့်ပါလား၊ ဒါကို ငါလည်းသိတာပေါ့၊ ဒါတင်မကသေး၊ သူက သိပ်ကြီးပွားချင်တာလည်း ငါသိတယ်”

“အေး မင်းပြောလို့ ငါသတိရပြီးပြောရဦးမယ်၊ သူတို့ကုမ္ပဏီက မန်နေဂျာလား၊ သူဌေးရဲ့သား ဒိုက်တာကလေးလားမသိဘူး ရွှန်းလဲ့နဲ့အတူ တွေ့လိုက်ဖူးတယ်၊ ရွှန်းလဲ့ကိုကပ်နေတာ သေချာတယ်၊ မင်းနေနေရင်တော့ အဲဒီကောင် လက် ပါသွားမှာပဲ”

“အဲဒါကတော့ ရွှန်းလဲ့အပိုင်းပဲလေ၊ သူ့မှာ ရွေးချယ်ခွင့်ရှိတာပဲ၊ သူ ရွေးချင်ရွေးနိုင်တာပေါ့”

“အေးပါ၊ အဲဒီတော့မှ လက်လွတ်ဆုံးရှုံးရပြီဆိုပြီး ကြေကွဲမနေနဲ့”

ကျွန်တော် ပြန်မပြောတော့။ ပြုံးရုံပြုံးနေမိသည်။

ရထားက ‘အောင်ပန်း’ မှာ ရပ်သည်။ အောင်ပန်းပြီးတော့ ‘ကန်းနား’ ကို ဖြတ်သည်။ ‘ဟဲဟိုး’ ကို ရောက်သည်။ သည်ဝန်းကျင်မှာက ကလော မတိုင်မီတုန်းကလို တောင်မြင့်မြင့်ကြီးများ၏ခါးပန်းမှာ ပတ်၍ဖောက်ထားသည့် ရထားလမ်းမျိုးမဟုတ်။ အတန်ငယ်ပြေလျောသော တောင်ကုန်းလေးတွေပေါ်မှာမို့ ရထားကအရှိန်နှင့်ပြေးနိုင်သည်။

လျှိုမြောင်ကလေးတွေ တွေ့ရသည်။ တောင်ကုန်းများကြားမှ စိုက်ခင်းများကို တွေ့ရသည်။ အချို့နေရာမှာ လှေကားထစ်စိုက်ခင်းလေးတွေရှိသည်။ မက်မွန်ပင်တွေတွေ့ရသည်။ ချယ်ရီတွေတွေ့ရသည်။ ထင်းရှူးတွေတွေ့ရသည်။ ဟိုးအဝေးမှာတော့ တောင်တန်းပြာမှိုင်းမှိုင်း။

မကြာမီပင် တောင်မြင့်မြင့်ကြီးကို ချဉ်းကပ်လာပြန်သည်။ တောင်စောင်းတွေကိုဖြတ်ပြီး ဖောက်ထားသောလမ်းအတိုင်း ရထားကအရှိန်လေးလေးနှင့် ကွေ့ကွေ့ဝိုက်ဝိုက် ပြေးနေသည်။ ပြေးရင်းက ရထားအရှိန်ပိုလျော့လာသည်။

“ရှေ့မှာ ‘ဘဝသံသရာတံတား’ ရောက်ပြီ”

ဝင်းမြတ်ကပြောသည်။

“ဟုတ်လား၊ ဘဝသံသရာတံတားတဲ့လား”

“ဟုတ်တယ်ကွ၊ ရထားလမ်းက အပေါ်ကသွားရာကနေ တစ်ဘက်တောင်ခြေမှာကွေ့ ပြီး တို့သွားခဲ့တဲ့ရထားအောက်က ပြန်ဝင်သွားမှာ၊ မင်းကြည့်နေ — အရမ်းလှတယ်”

ကျွန်တော် ရထားပြတင်းမှ ခေါင်းပြူကြည့်လိုက်သည်။

ရထားလမ်းဘေးမှာ ဆိုင်းဘုတ်တစ်ခု၊ ‘ဘဝသံသရာတံတား’ ပေရှည် ၂၀၀၊ အမြင့်ပေ ၆၂ ပေ၊ ၁၉၂၇ ခုနှစ်တွင်တည်ဆောက်သည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရထားက တံတားရှိရာသို့ တအိအိချဉ်းကပ်နေသည်။

ရထား၏ညာဘက်ခြမ်းလှမ်းလှမ်းမှာ တောင်ကြီးတွေ။ ရထားလမ်း ဘယ်ဘက်ခြမ်းလှမ်းလှမ်းမှာလည်း တောင်ကြီးတွေပင်။ ထိုဘယ်ဘက်ခြမ်း တောင်စောင်းတွေကိုပတ်လျက် ကားလမ်းကကွေ့ကွေ့ကောက်ကောက် တည်ရှိနေ၏။ ကားလမ်းဘေးက တောင်နံရံတွေမှာ မကြာမြင့်မီကာလက ဖြိုချပြီး လမ်းကိုချဲ့ထွင်ဖောက်လုပ်ထားပုံရသည်။ ကားလမ်းပေါ်မှာ ကား ကလေးတစ်စီး ငြိမ့်ငြိမ့်ကလေးပြေးနေသည်။ တောင်းအော့စ်ကားပြာကလေး တစ်စီးကမူ ကားလမ်းဘေးတွင်ရပ်လျက်။ ရထားဖြတ်နေသောမြင်ကွင်းကို ကားပေါ်မှ အမျိုးသားနှစ်ဦးကရပ်၍ကြည့်နေသည်။

ရထားက တံတားပေါ်သို့ဆင်းနေပြီဖြစ်၏။ တရှေ့ရှေ့ခုတ်မောင်းနေသော ရထား၏ပြတင်းမှ ခရီးသည်အချို့ကလည်း ကျွန်တော့်လိုပင် ခေါင်းပြူကာ တံတားနှင့်ဝန်းကျင်ရှုခင်းကို ကြည့်ရှုခံစားနေကြသည်။

တံတားအလယ်သို့ ကျွန်တော်တို့တွဲရောက်လာပြီ။ ပြတင်းမှအောက်သို့ ငုံ့ကြည့်သောအခါ ရှေ့တောင်ခြေမှကွေ့၍ဆင်းလာသောရထားလမ်းက ကျွန်တော်တို့ရောက်နေသော တံတားအောက်သို့ဖြတ်ဝင်သွားသည်ကို တွေ့ ရ၏။ ဒါကို ဘဝသံသရာဟုအမည်ပေးထားသည်ထင့်။

ဘဝဆိုသည်မှာ အဖြူးအဖြောင့်ချည်းမဟုတ်။ အကွေ့အဝိုက်ပါသည်။ အမြင့်ချည်းမဟုတ်၊ အနိမ့်လည်းပါသည်။ အပေါ်စီးကချည်းဖြတ်ရသည်မဟုတ်၊ အောက်ကလည်းငုံ့ဝင်ရသည်။ တံတားကပြသော ဘဝ၏အဘိဓမ္မာကရား။

ကျွန်တော်တို့တွဲက အထက်တန်းတွဲဖြစ်သည်။ ရှေ့ညောင်ရထားမှာ အထက်တန်းတွဲတစ်တွဲသာပါသည်။ ရိုးရိုးတန်းက နှစ်တွဲမျှသာ။ ပြီးတော့ ကုန်တွဲတစ်တွဲ၊ ဆီသိုလှောင်တွဲတစ်တွဲ။



ကျွန်တော်တို့တွဲ၏ရှေ့မှာ ခေါင်းတွဲနှင့် ရိုးရိုးတန်းတွဲတစ်တွဲရှိသည်။ ကျွန်တော်တို့တွဲနောက်မှာ ရိုးရိုးတန်းတွဲတစ်တွဲနှင့် ကုန်တွဲများ။

ရထားက ဘဝသံသရာတံတားကိုဖြတ်ကျော်နေစဉ် ကျွန်တော်က ဘဝ သံသရာ၏ရှုခင်းကို မျက်စိထဲစွဲအောင် ဝေ့ဝဲကြည့်နေမိ၏။

ထိုစဉ် ---

ကျွန်တော်တို့တွဲ၏ ရှေ့တွဲပြတင်းပေါက်မှခေါင်းကလေးထုတ်၍ ကျွန်တော့် လိုပင် ဘဝသံသရာတံတား၏ရှုခင်းကိုခံစားနေသော မျက်နှာကလေးတစ်ခု ကျွန်တော့်အကြည့်စက်ဝန်းထဲ ဝင်လာသည်။

မျက်နှာကလေးက တစောင်းဖြစ်သည်မို့ ဖြောင့်စင်းသောနှာတံနှင့် မျက်နှာအကျကို ဘေးတိုက်မြင်နေရသည်။ လေတိုးသဖြင့် နဖူးဆံစပ်မှဆံယဉ် များက လေတွင်တလွင့်လွင့်တဖျတ်ဖျတ်။ ကြည်နူးရွှင်ပြနေသောကြောင့် ကြည်လင်ဝင်းပနေသော ခံစားမှုအရိပ်အယောင်များဖြင့် ကလေးငယ် တစ်ယောက်လို အပြစ်ကင်းစင်သောမျက်နှာကလေးဖြစ်သည်။

မိန်းမပျိုကလေးတစ်ဦး၏မျက်နှာဖြစ်သည်။ ရှမ်းသွေးစပ်၍ ဖြူနုဝင်းမွတ် သန့်စင်လှပသည့်မျက်နှာကလေး။ ကျွန်တော့်ထက် အသက်အနည်းငယ်ခန့် ငယ်လိမ့်မည်ထင်သည်။

ကျွန်တော် သူမကိုငေးသွားသည်။ တစ်ကြိမ်မျှ မိန်းကလေးတစ်ဦး တစ်ယောက်ကို စိုက်မကြည့်ဖူးခဲ့သော ကျွန်တော်သည် ရထားပြတင်းမှ အပြင်ကိုငေးကြည့်နေသော မိန်းကလေးတစ်ယောက်၏ဘေးတစ်စောင်း မျက်နှာကလေးကို ခိုး၍ရှည်ကြာစွာစိုက်ငေးကြည့်နေမိသည်။

ထိုအခိုက်အတန့်တွင်ပင် သူမက အဝေးဝဲယာကိုကြည့်နေရာမှ ကျွန်တော် တို့ နောက်တွဲရှိရာသို့ မျက်နှာလှည့်လာသည်။ သူမသည် ရထားခေါင်းတွဲကို နောက်ကျောပြု၍ထိုင်နေပုံရ၏။ သူမက နောက်သို့လှည့်လိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဝန်းပြည့်သောလမင်းသည် ရှမ်းတောင်တန်းကြီးများကြား ဘဝသံသရာ တံတားပေါ်၌ နေ့လယ်ခင်းထွန်းလင်းဝင်းပလာသည်ဟု ကျွန်တော်ထင်လိုက်မိ၏။ ရထားပေါ်မှ အောက်ဘက်သို့ငုံ့ကြည့်စဉ်ကထက်ပိုသော သိမ့်ခနဲ ငြိမ့်ခနဲ အေးခနဲ နွေးခနဲ ခံစားမှုတွေ ရင်ထဲ၌ ဖျပ်ဖျပ်လူးလာသည်။ နှလုံးခုန်သံသည် ရထားစက်ခေါင်းသံထက် ပို၍ပြည့်တိန်းလာ၏။

ကျွန်တော့်အကြည့်များက ငြိမ်းမြဲစွာ သူမ၏မျက်နှာမှမခွာမိ။

တော ....

သူမ၏မျက်ဝန်းတွေက ကျွန်တော့်အကြည့်ကိုတွေ့ရှိသွားပေပြီ။ ပိုင်းခနဲ ပြူးသွားတန်တုသော မျက်ဝန်းနက်နက်တွေကို သတိပြုလိုက်မိ၏။ နဝင်းမှုတ်သော ပါးပြင်၌ တောင်တန်းပေါ်ရှိ နှင်းမြူများကို ဖြတ်သန်းကျရောက်လာသော နေခြည်နုနုကဲ့သို့ ပန်းနုရောင်တွေပြေးသွားသည်။ သေသပ်လှပသော နီတျာတျာနှုတ်ခမ်းနှစ်လွှာသည် အနည်းငယ်ဟသွားသယောင်။

နိုးထုပ်နိုးထည်နှင့် အမိခံလိုက်ရသော ကျွန်တော်ကမရှက်မိဘဲ ဆက်၍ ကြည့်နေမိစဉ် သူမကရှက်၍ စွာဖြင့် ရထားပြတင်းမှ အတွင်းသို့ရုတ်ခနဲ ငုံ့ဝင်သွားခဲ့သည်။ ရုတ်ချည်းပင် လိုဏ်ခေါင်းတစ်ခုထဲဝင်လိုက်ရသလို မှောင်သွားသည်၊ ဟာသွားသည်ဟုထင်လိုက်ရ၏။

ရထားက တံတားကိုကျော်ဖြတ်ပြီးသွားပြီ။

မိနစ်ပိုင်းကလေးမျှ မြင်လိုက်ရသောမျက်နှာကလေးကား ကျွန်တော့် မျက်ဝန်းမှာ စွဲထင်ဆဲ။

သူမ ခေါင်းပြန်ထွက်လာမလားဟု၍ ကျွန်တော်ဆက်၍ကြည့်နေမိ၏။ ခေါင်းပြန်ထွက်မလာ။

သို့သော် ရထားက တောင်ခြေကိုကွေ့၍ပတ်နေပြီဖြစ်ရာ ရထားတွဲများ က တစ်ဖြောင့်တည်းသွားနေရာမှ ဘယ်ဘက်သို့ကွေးလာသည်။ ရှေ့မှ



ရထားခေါင်းတွဲနှင့် သူမရှိသည့်တွဲသည် ဒီဂရီသုံးဆယ်ခန့်ကွေးသွားသည် ဖြစ်ရာ ရထားပြတင်းဘောင်တွင်ထိုင်နေသောသူမကို ဖျတ်ခနဲပြန်မြင်လိုက်ရ၏။

ထိုခဏကလေး၌ပင် သူမက ကျွန်တော်တို့တွဲဝက်သို့ကြည့်နေသည် ဖြစ်ရာ အကြည့်ချင်းမမျှော်လင့်ဘဲ ဖျတ်ခနဲဆုံလိုက်ရသည်။ ခဏဆို ခဏ ကလေးမျှသာပါပဲ။ စက္ကန့်ပိုင်းကလေးသာပါပဲ။ နှလုံးသားမဲ့သော ရထားလမ်း ဘေးရှိ ကျောက်ဆောင်များနှင့် ယင်းတို့ပေါ်မှသစ်ပင်များက ရှေ့တွဲကိုမမြင် ရအောင် ကွယ်ကာသွားသည်။

ကျွန်တော်ကား တွဲတွင်းပြန်မဝင်ဖြစ်။

ရထားက အနိမ့်ပိုင်းသို့အရှိန်လျှော့၍ဆင်းနေသည်။ ကွေ့နေသည်။ တဖြည်းဖြည်းနှင့် စောစောက ကျွန်တော်တို့ဖြတ်လာခဲ့သော တံတားအောက် သို့ ပြန်၍ဝင်ရန်ကွေ့လာနေသည်။

ရထားအကွေ့မှာ ကျွန်တော်က ရှေ့တွဲရှိသူမထံသို့ ဆန္ဒစောစွာကြည့်နေ မိ၏။ တွဲပြတင်းအစပ်မှာ သူမမျက်နှာကိုမြင်ရပြန်ပါ၏။ သို့သော် သူမ ကျွန်တော်ရှိရာသို့မကြည့်မိအောင် သတိထားနေပုံရှိသည်။ သူမ၏မျက်လုံးများ နှင့် ဆုံခွင့်မှုမရ။

ရထားလမ်းပြန်ဖြောင့်သွားသည်။ သူမမျက်နှာကို ကျွန်တော်မြင်ခွင့် မရတော့ပြန်။

"စာရေးဆရာရယ်... တံတားလည်းကျော်ခဲ့ပါပြီ အရင်လိုပဲ တောင်တောင်း တွေ ကွေ့ပတ်နေတာပါ။ အထဲကိုခေါင်းပြန်မဝင်တော့ဘူးလား"

ဘေးနားတွင်ထိုင်နေသော ဝင်းမြတ်က ကျွန်တော့်ပခုံးကို သူ့လက် မောင်းဖြင့် တိုက်၍ပြောသည်။

သည်တော့မှာလည်း ကျွန်တော် ဝင်းမြတ်ကို ပြန်သတိရခြင်းဖြစ်သည်။ စောစောကမူ သူမမျက်နှာကလေးမှလွဲ၍ ကျွန်တော်သည်ဘာကိုမျှ သတိ

www.burmeseclassic.com

www.burmeseclassic.com



မထားမိခဲ့။ ဝင်းမြတ်ကို မသိုထားနိုင်၊ ဘဝသံသရာတံတားကိုကြည့်၍ ကြည့်နူးစွာ ခံစားရမှုများကိုပင် မေ့လျော့သွားခဲ့သည်။

ဆန်းကြယ်လှပါတကား။

ကျွန်တော့်ဘဝမှာ ပထမဆုံးသော စိတ်လှုပ်ရှားခံစားမှုဟုဆိုရမည်၊ ကြည့် ... ယခုတိုင် ရင်အခုန်မရပ်သေး။ ရင်အငွေ့မပြေသေး။

"တော့ကောင် ဘာဖြစ်နေတာလဲ၊ မင်းကြည့်ရတာ ကြောင်တောင်တောင်နဲ့"

မျက်နှာချင်းဆိုင်ခုံမှ အသိုးကြီး၊ အဘွားကြီးလင်မယားကတော့ သူတို့ဘာသာ စကားကောင်းနေသည်မို့ ကျွန်တော့်ကို ရှုမြင်မိဟန်မရှိ။

"ဘာမှမဖြစ်ပါဘူးကွာ"

ကျွန်တော့်အသံတွေပင် တုန်နေသလားမဆိုနိုင်။

"ရှေ့ဆိုရင် ရွှေညောင်ကိုရောက်တော့မှာကွ"

ဝင်းမြတ်စကားသံတွေက အဝေးကြီးကလာသည့်ပမာ။

ရထားကြီးက တောင်ပေါ်မှကွေ့ပတ်ပြီးထွက်လာသည်။ တောင်တန်းပေါ်မှာ အိမ်တွေကိုပတ်၍ ဆင်းနေသည်။ အောက်မှာနက်လှစွာသောချောက်။ တိုးအဝေးမှာ မြေပြန့်လွင်ပြင်မှာ။

တောင်အဆင်းကို ကျော်သွားပြီး မြေပြန့်သို့ရောက်လာသည်နှင့် ရထားက အရှိန်ပြန်၍မြန်လာသည်။

မှန်သည်။ ရွှေညောင်ကိုလှမ်းမြင်နေရပြီ။

ညနေစောင်းနေပြီ၊ နေခြည်ကိုမမြင်ရတော့။ ကောင်းကင်ပြင်၏ ထည်းဆာလဲ့လဲ့ကို ကျန်ရစ်ခဲ့သော တောင်တန်းကြီး၏နောက်မှ ပျပျမြင်ရသည်။

"ရထားက ဒီမှာလမ်းဆုံးမှာပဲထင်တယ်"



"တုတ်တယ်၊ ဒီနေ့ ရထားက သာစည်ကထွက်လာချိန်လည်းမှန်တယ်၊ ရွှေညောင်ကိုဝင်ချိန်လည်းမှန်တယ်"

"ဒါဆို သူတို့လည်း ဒီမှာပဲဆင်းကြမှာပေါ့"

"ဘာ ..."

ကျွန်တော့်နှုတ်က လွတ်ခနဲထွက်သွားသောစကားကို နားမလည်သလို ဝင်းမြတ်ကကြည့်သည်။ မျက်ခုံးတွေရှုံ့လျက်။ စူးစူးစမ်းစမ်း။

"အဟဲ ဘာမှမဟုတ်ပါဘူးကွာ"

ကျွန်တော်က ရှက်ရယ်ရယ်လျက် စကားကိုလျှောချလိုက်ရ၏။

"ဒီကောင် တစ်ခုခုပဲ၊ ရထားစီးလာရင်း စိတ်ဖောက်သွားပုံရတယ်"

ဝင်းမြတ်စကားသံကို မကြားဟန်ပြုလိုက်သည်။

ရထားက ရွှေညောင်ကိုဝင်လာခဲ့ပြီ။

ကျွန်တော်က ပြတင်းမှနေ၍ ရှေ့တွဲကိုသာမျှော်ကြည့်မိ၏။ သူမကိုမူ မမြင်ရ။

ဝင်းမြတ်က ပစ္စည်းတင်သောစင်ပေါ်မှ ခရီးဆောင်အိတ်များကိုယူ၍ ကျွန်တော့်အားတွင်ချသည်။ ကျွန်တော်တို့မှာ ပစ္စည်းပစ္စယများများမပါ။ ယောက်ျားလေးတို့ထုံးစံမပါမဖြစ် အဝတ်တချို့သာထည့်ထားသည့် ခရီးဆောင်အလတ်စား အိတ်တစ်လုံးစီသာ။

ရထားက ရွှေညောင်ဘူတာမှာရပ်သည်။

ရထားရပ်ရပ်ချင်း ကျွန်တော့်အိတ်ကိုဆွဲပြီး ခုန်ဆင်းလိုက်သည်။ ဝင်းမြတ်က အခြားခရီးသည်များနှင့်ရောထွေးပြီး တွဲပေါ်မှာကျန်နေခဲ့၏။

သူမရှိရာ ရှေ့တွဲဆီသို့ ကျွန်တော်ခပ်သုတ်သုတ်လျှောက်သွားလိုက်သည်။ စကြံ့ပေါ်မှလှမ်းကြည့်သောအခါ ခရီးဆောင်အိတ်ကိုဆွဲလျက် မှာထားပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com

ဆင်းရန်ပြင်နေသော သူမကိုတွေ့ရ၏။ သူမဘေးမှာ အဖော်များဖြစ်ဟန်တူသော မိန်းမပျို့အချို့ကိုတွေ့ရသည်။

''နေဝ လာလေကွာ၊ သွားကြမယ်၊ မင်း ဒီမှာ ဘာရပ်လုပ်နေတာလဲ၊ ငါက မင်းပျောက်လို့လိုက်ရှာနေတာ''

အနားကိုရောက်လာပြီး ဝင်းမြတ်ပြောသည်။

''အေးပါကွာ၊ ခဏနေပါဦး''

သူမနှင့်အဖော်များ တွဲပေါ်မှဆင်းလာကြပြီး တစ်ယောက်တစ်ပေါက်ပြောကြရင်း ဘူတာရုံဘက်ထွက်သွားကြသည်။ ကျွန်တော့်ကိုမြင်ပုံမရ။

''အဟား .. ငါ့ကောင် ရှမ်းမလေးတွေကို လာငေးနေတာကိုး၊ ဘာလဲတော့ - ကျောက်စိုင်ကျောက်ခဲကြီး အရည်ပျော်လာပြီလား''

ဝင်းမြတ်က ကျွန်တော့်ပခုံးကို လက်သီးနှင့်ထိုးပြီး သဘောကျစွာရယ်နေသည်။ ကျွန်တော်ဘာမှပြန်မပြောအား။ သူမတို့ထွက်သွားရာနောက်သို့ လိုက်လာခဲ့၏။ ကျွန်တော့်နောက်ပါးမှဝင်းမြတ်။

သူမတို့အုပ်စုက ဘူတာရှေ့မှာရပ်ထားသော ဟိုင်းလက်ကားကလေးတစ်စီးပေါ်သို့ တက်နေသည်။ အားလုံးတက်ပြီးသည်နှင့် ကားကလေးကမောင်းထွက်သွားသည်။ ကားအထွက်မှာ နောက်ဘက်ကျကျမှာထိုင်နေသည့် သူမ၏အကြည့်များ ကားနောက်ဘက်သို့ရောက်လာ၏။

ခရီးဆောင်အိတ်ကိုဆွဲလျက် သူမဆီသို့ငေးနေသော ကျွန်တော့်ကို သူမမြင်သွားပုံရသည်။ အံ့သြဟန်ကလေးကို လျှပ်တစ်ပြက်မြင်လိုက်ရပြီးနောက် ကားကလေးက သူမကို ကျွန်တော်နှင့်ဝေးရာသို့ ခေါ်ဆောင်သွားသည်။

ဝင်းမြတ်က ကျွန်တော့်ဘေးမှာလာရပ်သည်။

''နေဝ မင်းရင်ထဲကို အချစ်နတ်ကလေးဝင်လာပြီ''

(၂)

ရွှေညောင်မှကားဖြင့် တောင်ကြီးသို့ ကျွန်တော်တို့တက်ခဲ့ကြသည်။ အတက်တွေချည်းဖြစ်သော်လည်း ကားကလေးကမြန်သည်။ တစ်နာရီခန့်သာမောင်းရသည်။ တောင်ကြီးသို့ရောက်သွားသည်။

ရထားမှဆင်းပြီးနောက် ရွှေညောင်ကွင် ညမအိပ်ဘဲ တောင်ကြီးသို့ ခရီးဆက်ခဲ့ခြင်းဖြစ်၏။ တောင်ကြီးကိုရောက်တော့ ည (၈) နာရီခန့်ရှိပြီဖြစ်သည်။ တောင်ကြီးမှာ ပေလေးထောင်ကျော်အမြင့်ရှိရာ အအေးဓာတ်ကသိသာလှသည်။ ထို့ပြင် လေကတဖြူးဖြူးတိုက်နေသဖြင့် အချမ်းပိုသည်။ ဂျင်းဂျာကင်တစ်ထည်မျှသာဝတ်ထားသော ကျွန်တော့်ကိုယ်ကလေးတုန်နေသည်။

''ထမင်းအရင်စားမလား၊ တည်းခိုခန်း အရင်သွားမလား''

ဝင်းမြတ်၏အမေး။

''တည်းခိုခန်းအရင်ရှာတာပေါ့ကွာ၊ ပြီးမှပဲ တစ်ခုခုထွက်စားမယ်''

ကျွန်တော်ကပြောလိုက်သည်။

ပွဲတော်ညမို့ တောင်ကြီးညက စည်ကားလွန်းလှသည်။ ဗိုလ်ချုပ်လမ်းမကြီးမှာ ဘုရားပွဲသွားသူများဖြင့် ကြက်ပျံမကျ။ ကားများဖြင့်ပိတ်ဆို့သောလှည့်လာသည်ကိုတွေ့ရ၏။ မြတ်စွာဘုရားကို မီးပူဇော်ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ တန်ဆောင်မုန်းလပြည့်ဝန်းကြီးက ဝိုင်းဝိုင်းစက်စက်၊ ကြည်ကြည်လင်လင်။ မြေပြန့်မှာတုန်းက လကိုမြင်ရသည်ထက် တောင်ကြီးမှာ မြင်ရသည့်လက ပို၍နီးသယောင်ထင်ရ၏။ ပို၍လည်းကြည်လင်ဝင်းပသည် ထင်ရ၏။

ကျွန်တော်တို့မေးမြန်းပြီး ရှာဖွေတွေ့ရှိသမျှတည်းခိုခန်းမှာ အခန်းလွတ်မရှိ။ အားလုံး လူပြည့်နေသည်ချည်းဖြစ်သည်။ ပွဲတော်ရက်မို့ ယခုအချိန်တည်းခိုခန်းတိုင်း နေရာမရနိုင်ဟု ထိုတည်းခိုခန်းများကပြောပြကြသည်။

လူတွေကလည်း တော်တော်ချမ်းပြီး ဗိုက်ကလည်းဆာနေကြပြီဖြစ်၏။

"ပြဿနာပဲကွာ၊ တို့ ဘယ်လို ့နပ်မလဲ"

ဝင်းမြတ်ကညည်းသည်။

ကျွန်တော်က ရုတ်တရက် အတွေးတစ်ခုရလိုက်သည်။

"ဟေ့ကောင် ဗိုကာတွန်း၊ ရန်ကုန်က ငါတို့မိတ်ဆွေ ကိုလင်းတို့က တောင်ကြီးမှာလည်း စာပေတစ်ခုရှိတယ် မဟုတ်လား။ မိလျှံနာစာပေလေ"

"ဟာ .. ဟုတ်တယ်၊ ငါ-မေ့နေလိုက်တာ"

"အဲဒီကိုသွားရအောင်၊ တစ်ညတော့ တောင်းပန်ပြီးတည်းရမှာပ"

"ကောင်းပြီ၊ သွားကြစို့"

ဟိုလူမေး သည်လူမေးဖြင့် မိလျှံနာစာပေကိုရောက်သွားသည်။ မိလျှံနာစာပေက ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာပင်ရှိသည်။ အောက်ထပ်ကစာအုပ်ဆိုင်၊ အပေါ်ထပ်မှာလူနေပုံရသည်။

ကျွန်တော်တို့က စာပေနှင့်စာနယ်ဇင်းကတ်များထုတ်ပြပြီး မိတ်ဆက်ကာ တည်းခိုခန်းအခက်အခဲကို ပြောပြကြရသည်။

"ကျွန်တော်တို့ ကိုလင်းရဲ့မိတ်ဆွေတွေပါ"



ကိုလင်း၏မိခင်ကြီးနှင့် နှမဖြစ်သူများက အလွန်သဘောကောင်းကြသည်။ သူတို့အိမ်တွင် တည်းခိုနိုင်ကြောင်း လိုက်လိုက်လှဲလှဲခွင့်ပြုပြီး အခန်းတစ်ခန်းကိုပါ ချက်ချင်းပြင်ဆင်ပေးသည်။ အိပ်ရန်အိပ်ရာလည်းပြင်ပေးသည်။

"ကျွန်တော်တို့ မီးပုံးပျံပွဲဘက်ကို သွားချင်သေးတယ်၊ မီးပုံးပျံပွဲကြည့်ပြီးမှ ပြန်လာအိပ်မယ်နော်"

ဒေါ်အိုက်တိကာ ....

"ရတယ် သားတို့၊ သားတို့ကပြန်လာရင်သာ တံခါးခေါက်လိုက်" ဟု ပြောပြီး "အရင်က သားတို့ရောက်ဖူးလား" ဟု ထပ်ဆင့်မေးသည်။

"မရောက်ဖူးသေးခင်ဗျ"

"မီးပုံးပျံက ညဆယ်နာရီလောက်စပြီးလွှတ်မှာ၊ စောစောက ဒီရှေ့ကနေ မီးပဒေသာတွေလှည့်သွားတာကော ကြည့်လိုက်ရရဲ့လား"

"ကြည့်လိုက်ရပါတယ်"

"ဒီလမ်းအတိုင်းသာသွား။ ဘုရားကိုရောက်သွားမယ်၊ ပြန်ရင်လည်း ဒီလမ်းအတိုင်းပဲပြန်လာ၊ မှားစရာမရှိဘူး"

"ဟုတ်ကဲ့"

ဝင်းမြတ်နှင့်ကျွန်တော် မိလျှံနာမှထွက်လာပြီး ညဈေးတန်းမှာ ညစာသွားစားကြသည်။ ကျွန်တော်က ရှမ်းစာစားချင်သည်ဟု ဆန္ဒပြုသည်ကို ဝင်းမြတ်ကလည်းသဘောတူသည်။ ငါးဖက်ထုပ်စားကြသည်။

ညစာစားပြီးတော့ ဘုရားပွဲရှိရာသို့ ကျွန်တော်တို့သွားကြသည်။ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ဘုရားပွဲသွားလူစီးကြောင်းနှင့် ကျွန်တော်တို့ပါသွားကြသည်။ မီးပဒေသာပူဇော်သည့်ကားများကလည်း လှည့်လည်ဆဲ။ မြတ်စွာဘုရား၏ မတ်ရပ်ရုပ်ပွားတော်ရုပ်ပုံများနှင့် လျှပ်စစ်မီးများအလှဆင်ထားသည့် များကား တစ်သီတစ်တန်းကြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့်ဝင်းမြတ်မှာ လူချင်းမကွဲစေရန် သတိထားနေရသည်။ လမ်းဘေးတစ်ဖက်တစ်ချက်စီမှာမူ ဈေးဆိုင်များအပြည့်။ အစားအသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ရုပ်ပြည်ထွက်ကုန်များ ရောင်းချသည့်ဆိုင်များ စသည်ဖြင့်ဆိုင်များစုံလင်လှသည်။

ကုန်းတော်ပေါ်ရှိ စူဠာမုနိစေတီတော်သို့တက်ရာ လှေကားထစ်များမှာ ဘုရားဖူးများဖြင့် တိုးမပေါက်။ ဘုရားပေါ်မှပြန်ဆင်းလာသူများနှင့် ဘုရားပေါ်တက်သူများ၊ ပြည့်ကျပ်နေသဖြင့် လှေကားဘေးရှိလက်ရန်းများကို ဆွဲကိုင်၍ပင် ကျွန်တော်တို့တက်ကြရသည်။

စေတီတော်မှာ ရွှေတဝင်းဝင်းနှင့်။ ပုဂံအာနန္ဒာစေတီတော်နှင့် ပုံစံတူသည်ဟု ထင်မိ၏။ ဘုရားရင်ပြင်တော်က အနည်းငယ်ကျဉ်းသည်ဟုဆိုရမည်။ ဘုရားဖူးပြီး မီးပုံးပျံစောင့်ကြည့်သူများဖြင့် ရင်ပြင်တော်မှာပြည့်နေသည်။

ကျွန်တော်တို့နှစ်ယောက်သည် စေတီလိုဏ်ဂူထဲရှိ ရုပ်ပွားတော်ကို ဝင်ဖူးပြီးနောက် ဘုရားရင်ပြင်တော်ထောင့်တစ်ထောင့်မှာ နေရာယူကာ မီးပုံးပျံလွှတ်တင်မည်ကိုစောင့်ကြသည်။ တောင်ကုန်းပေါ်တွင်ရှိသောကြောင့်ထင်သည်။ လေက တဟူးဟူးတိုက်နေသည်။ ဝတ်လာသောအနွေးထည် နှစ်ထပ်က အချမ်းဒဏ်ကိုမတွန်းလှန်နိုင်။ မြန်မာပြည်တွင် အထူးခြားဆုံး မီးပုံးပျံလွှတ်တင်ပွဲမို့သာ ကြည့်ချင်စေဖြင့် ကျွန်တော်တို့ခံကောင်းနေကြခြင်းဖြစ်၏။

သို့သော် ညဆယ့်နှစ်နာရီသာကျော်လာသည်။ မီးပုံးပျံက တစ်လုံးမျှမလွှတ်ဖြစ်။ ဘုရားပေါ်မှ တာဝန်ကျသူတစ်ဦး၏ပြောစကားအရ လေတိုက်လွန်းနေသဖြင့် မီးပုံးပျံလွှတ်၍မရကြောင်း၊ လေငြိမ်လာမှလွှတ်တင်နိုင်မည်ဖြစ်ကြောင်း သိလာရသည်။



"တဲ့ တို့ ဘယ်လိုလုပ်မလဲ၊ ဆက်စောင့်မလား"

"တအားချမ်းနေပြီကွ၊ မီးပုံးပျံက ဘယ်အချိန်ကျမှလွှတ်မယ်မှန်းမှ မသိတာ၊ ပြန်ကြတာပဲကောင်းမယ်"

ဝင်းမြတ်နှင့်ကျွန်တော် လက်လျှော့ပြီးပြန်လာခဲ့ကြရသည်။

ဗိုလ်ချုပ်နာစာပေမှာညပြန်အိပ်သည်။ အိပ်ရာပေါ်လှဲပြီး စောင်ထူထူနှင့် ကွေးလိုက်ရသဖြင့် နွေးထွေးသွားသည်။ တစ်နေ့လုံး ခရီးနှင်လာခဲ့ရသဖြင့် လည်းကောင်း၊ ယမန်နေ့ညက ရထားပေါ်တွင်အိပ်ရေးပျက်ခဲ့ခြင်းကြောင့်လည်းကောင်း လူကပန်းနေပြီ။ ခန္ဓာကိုယ်က အနားယူရန်လိုအပ်နေပြီ။ မျက်တောင်တွေစင်းနေပြီဆိုသည်ကို သိနေသော်လည်း အိပ်၍မရ။

ကျွန်တော့်မျက်ဝန်းထဲမှာ 'သူမ' က ပေါ်လာနေသည်။ ဘဝသံသရာတံတားမှာ စတင်တွေ့ရှိခဲ့သည့် 'သူမ'။

သူမ ကျွန်တော့်ကိုမှိုင်းမိုးနေပြီဆိုသည်ကို ကျွန်တော်ငြင်းချက်မရှိ နားလည်လက်ခံလိုက်မိသည်။ အဲဒါသည်ပင် 'အချစ်' လေလား။

'သူမ' တို့သည် ရွှေညောင်တွင်ဆင်းပြီး ကားနှင့်ထွက်သွားခဲ့သည်။ ရွှေညောင်သူပဲလား၊ သို့မဟုတ် တောင်ကြီးသူပဲလား၊ သို့မဟုတ် တောင်ကြီး မီးပုံးပျံပွဲကို ကျွန်တော်တို့လိုပင် လာသူပဲလား ကျွန်တော်မသိ။

သူမကို ကျွန်တော်ပြန်တွေ့နိုင်ပါ့မလား၊ ကျွန်တော်မသိ၊ သူမနှင့် ကျွန်တော်ဆုံစည်းခွင့်ရှိပါဦးမလား၊ ကျွန်တော်မသိ။

ကျွန်တော်သိသည်မှာမူ သူမကိုပြန်တွေ့လိုခြင်းဖြစ်သည်။ သို့သော် ကျွန်တော့်ဆန္ဒတွေပြည့်ဝမည် မပြည့်ဝမည်ကို မည်သူအတပ်ပြောနိုင်မည်နည်း။

ရင်ထဲမှာတော့ သူမအကြောင်းတွေးမိသည်နှင့် လှုပ်ရှားလာနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


သည်အတွေး သည်ခံစားမှုများက ကျွန်တော့်အိပ်ချင်စိတ်တို့ကို နိုးယူသွားခဲ့သည်မို့ ကျွန်တော် ဘယ်လူးညာလှိမ့်ဖြစ်နေရသည်။ ခေါင်းအုံးပေါ် ခေါင်းချကတည်းက အိပ်ပျော်သွားခဲ့သောဝင်းမြတ်သည်ပင်လျှင် တစ်ရေးနိုးလာသည်။ ကျွန်တော်အိပ်မပျော်သေးသည်ကို သူသတိပြုမိသွားပုံရသည်။

"နေဇ မင်း အိပ်မပျော်ဘူးလား"

ဝင်းမြတ်၏ မေးမြန်းစုးစမ်းသံပေါ်ထွက်လာသည်။

"အင်း"

ကျွန်တော်က ပြီးစလွယ်ဖြေလိုက်သည်။ ထိုအခါ ဝင်းမြတ်ထံမှ ရယ်သံသဲ့သဲ့နှင့် ....

"မင်းကို တိုကဝေမလေး ဖြုစားလိုက်ပြီထင်တယ် ဟဲ ... ဟဲ" ဟူသော နောက်ပြောင်သံထွက်လာပြန်၏။

"ကဝေမလေးလို့ မပြောပါနဲ့ကွာ"

"တား .. ဟား .. ခုတတည်းက အမြစ်သည်းနေလိုက်တာ"

"ဗိုကာတွန်း မင်းကိုငါတစ်ခုမေးကြည့်ချင်တယ်"

"မေး"

"မင်းက ကောင်မလေးတွေနဲ့ပတ်သက်ပြီး အတွေ့အကြုံများတဲ့သူမို့ မေးကြည့်ချင်တာပါ"

"အေးပါ ... ဟုတ်ပါပြီ မေးပါ"

သူ ကျွန်တော့်ဘက်စောင်းလှည့်လာသည်။ ကျွန်တော်မေးမည့်မေးခွန်းကို သူစိတ်ဝင်စားပုံရသည်။

ညအိပ်မီးရောင်ပြာလဲ့လဲ့နှင့် ခြင်ထောင်အမိုးကိုမော့ကြည့်နေသော ကျွန်တော့်မျက်နှာကို သူ့အကဲခတ်နေပေလိမ့်မည်။

"ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် မြင်မြင်ချင်း ချစ်သွားကြတယ်ဆိုတာမျိုးဟာ ဖြစ်နိုင်လား၊ မင်းဘယ်လိုထင်လဲ"

"အဟင်း" ခနဲ သူရယ်သည်။ ပြီးမှ ....

" Love at first sight လို့ ပြောကြတာပဲလေ၊ မြင်မြင်ချင်းချစ်သွားနိုင်တာပေါ့။ အဲ ငါကြားဖူးတာတစ်ခုပြောရရင် မြင်မြင်ချင်းချစ်တဲ့အချစ်မျိုးဟာ ဖြစ်နိုင်တယ်၊ အဲဒီလို မြင်မြင်ချင်းချစ်ကြတာဟာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်နိုင်တယ်၊ တစ်ကြောင်းက ရှေးဘဝအဆက်ဆက်ကဆုတောင်းတွေ၊ ပန္နက်ခဲ့ဖူးတဲ့သစ္စာတွေကြောင့် ဒီဘဝမှာပြန်ဆုံတာ၊ အဲကြောင့် ဆုံဆုံချင်း ရေစက်ကြောင့် ဒီဘဝမှာပြန်ဆုံတာ၊ အဲကြောင့် ဆုံဆုံချင်း ရှေးရေစက်ကြောင့် ရှိခဲ့တဲ့မေတ္တာတွေချက်ချင်းနိုးကြွရှင်သန်လာတာ၊ နောက်တစ်ကြောင်းကတော့ ရှေးရေစက်နဲ့မဆိုင်ဘူး၊ အရွယ်ရောက်လာတဲ့သူတစ်ယောက်ဟာ လိုအပ်လာတဲ့နှလုံးသားရဲ့ချင်ချင်းကြောင့် ချစ်သူကိုတမ်းတလာတယ်၊ အဲဒီ အခါ ငါ့ချစ်သူဟာ အသားဖြူရမယ်၊ နှာတံပေါ်ရမယ်၊ မျက်လုံးကလေးဝိုင်းရမယ်၊ အရပ်ရှည်ရမယ်၊ ပညာတတ်ရမယ်၊ စိတ်သဘောမနောဖြူစင်ရမယ်၊ ကိုယ့်အပေါ်ကြင်နာမှုတွေနဲ့ နွေးထွေးစေနိုင်သူဖြစ်ရမယ် ဘာညာပေါ့ကွာ၊ မရှိသေးတဲ့ချစ်သူကို ပုံဖော်ထားတတ်ကြတယ်။ အဲဒီလိုပုံဖော်ထားတဲ့ ချစ်သူရဲ့ ပုံသဏ္ဌာန်အနေအထားနဲ့ ကိုယ်အမှတ်မထင်တွေ့ဆုံလိုက်ရတဲ့သူဟာ တစ်ထပ်တည်းတူနေရင် ဒါမှမဟုတ် တစ်ထပ်တည်းနီးပါးတူနေရင် သူဟာ ငါ့ချစ်သူပဲဆိုတဲ့ရှိပြီးသား အရင်းခံစိတ်နဲ့ မေတ္တာတွေလှုးလွန့်လှုပ်ရှားလာကြတယ်၊ အဲဒီအကြောင်းနှစ်ရပ်ကြောင့် မြင်မြင်ချင်း ချစ်တဲ့အချစ်ဆိုတာ ဖြစ်ပေါ်လာရတာပဲ"

www.burmeseclassic.com

အမြဲတစေ အနောက်အပြောင်တွေသာပြောတတ်သည့် ဝင်းမြတ်နှုတ်မှ ယခုလို အလေးအနက်အတည် တံ့စကားတွေ ထွက်လာရသည့်အတွက် အံ့ဩသွားရသည်။ သူ့အတွေးခေါ်ကလည်း သဘာဝကျလှပါသည်။

"အင်း … မင်းပြောတာဟုတ်ပါတယ်၊ ဒါပေမယ့် ငါကတော့ မင်းပြောတဲ့ ဒုတိယအချက်လို ချစ်သူတို့ကြိုတင်ပုံဖော်ထားတာမျိုးမရှိဘူး။ ဒါကြောင့် ဒုတိယ အကြောင်းကြောင့် မဖြစ်နိုင်ဘူး။ သူနဲ့ငါ ရှေးရေစက်ရှိလို့ပဲဖြစ်ရမယ်"

"ဟာ … အခိုင်အမာကို အတည်ပြုလိုက်တာပါပဲလား"

ကျွန်တော် ဘာမှမပြောဘဲငြိမ်နေလိုက်သည်။ ဝင်းမြတ်က ခေါင်းအုံးမှ ကြွ၍ ခေါင်းကိုလက်နှင့်ထောက်ကာ ကျွန်တော့်ကိုကြည့်သည်။

"မင်း … သူ့ကိုချစ်သွားပြီလို့ ဆိုလိုတာပေါ့ဟုတ်လား"

မေးသည်။

"ဟုတ်တယ်"

"သေချာလား"

"သေချာပါတယ်"

သူသက်ပြင်းချသည်။ ခေါင်းအုံးပေါ် ခေါင်းပြန်ချသွားသည်။ သူရော ကျွန်တော်ပါ စကားမပြောကြဘဲ အတန်ကြာအတွေးကိုယ်စီဖြင့် ငြိမ်သွားကြသည်။

မိနစ်အနည်းငယ်ကုန်လွန်သွားမှ —

"မင်းချစ်တတ်သွားတာ ငါယုံကြည်ပါတယ်၊ မင်းအချစ်ကို ငါလေးစား တန်ဖိုးထားပါတယ်၊ ဒါပေမယ့် သူက ဘယ်ကလဲ ဘယ်မှာနေလဲ ဘာလုပ်လဲ ငါတို့ ဘာမှမသိဘူး။ အဆိုးစွန်ကွာ — သူ့မှာအိမ်ထောင်ရှိလား၊ အပျိုစင်လား ဆိုတာတောင် မသိဘူး။ မင်းရင်ကွဲရမှာကို ငါစိုးရိမ်တယ်၊ မင်းက ငိုလို့မဟုတ်ဘူး။ နှလုံးသားအရိုင်း"



အေးဆေးတည်ကြည်စွာ ဝင်းမြတ်ပြောသည်။ သူ့စေတနာကို ကျွန်တော် သဘောပေါက်သည်။

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့်ကွာ … နှလုံးသားက အဲဒါတွေ မတွေးဘူးကွ၊ သူ့ဘာသာ လှုပ်ရှားလာတာ"

"ဒါဆို မင်းဘာဆက်လုပ်မလဲ"

"အတိအကျ ဘယ်လိုပြောနိုင်မှာလဲကွာ၊ မင်းပြောသလို သူဘယ်မှာ နေတယ်ဆိုတာတောင်မှ မသိတာ၊ သူနဲ့ငါ ပြန်ဆုံမဆုံဆိုတာတောင်မှ မရေရာတာ၊ အဲဒါ ကံတရားပေါ်မှာပဲတည်နေတယ်"

"ဒီတောင်ကြီး၊ ရွှေညောင်၊ အောင်ပန်းတစ်ဝိုက်မှာ နေတာပဲဖြစ်မှာပါ၊ တစ်နေ့ ပြန်ဆုံနိုင်ပါတယ်၊ သိပ်လည်းစိတ်မလျှော့ပါနဲ့"

"မလျှော့ပါဘူး။ လုံးဝမလျှော့ပါဘူး။ သူနဲ့ပြန်ဆုံဖို့ကိုပဲ မျှော်လင့်နေတယ်၊ အဲ ပြန်ဆုံသည်ဖြစ်စေ မဆုံသည်ဖြစ်စေ ငါသူ့ကိုချစ်နေမှာတော့ အသေအချာပဲ"

"အေးပေါ့ကွာ၊ သူ့အချစ်ကိုမရလည်း ဝတ္ထုရေးဖို့ ကုန်ကြမ်းတော့ ရတာပေါ့ကွာ၊ မဟုတ်ဘူးလား ဟား … ဟား … ဟား"

သူရယ်ချင်၍မဟုတ်။ ကျွန်တော့်ကို ပေါ့ပါးသွားစေလိုသောသဘောဖြင့် ရယ်စရာပြောလိုက်ခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်လိုက်သည်။ ကျွန်တော် ဘာမျှနှုတ်မပြန်တော့။ မျက်ဝန်းကိုသာပိတ်လိုက်သည်။ အာရုံမှာ သူမသည် ပြက်ပြက်ထင်ထင်၊ ညဉ့်လက်တံသည် အိပ်မပျော်နိုင်သူအတွက် ရှည်လျားနေပြီဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# (၃)

ကျွန်တော်တို့သည် ငှားလာသောကားကလေးဖြင့် တောင်ပေါ်ရှိ မြ စိမ်း တောင်ဘုရားနှင့် ရွှေဘုန်းပွင့်စေတီတော်သို့ရောက်သည်။ မြစိမ်းတောင်ဘုရား ရှိ ဆုတောင်းပြည့်အနှိုးဘုရားနှင့် တတ်တော်များအပါအဝင် ရုပ်ပွားတော်များ ကို ဖူးပြီးနောက် ရွှေဘုန်းပွင့်စေတီသို့ကားဖြင့်ကူးကြသည်။ ရွှေဘုန်းပွင့်စေတီ မှာ ယက္ကန်းစင်တောင်ဆရာတော်ကြီးတည်ထားခဲ့သော စေတီဟုသိရသည်။ ဆရာတော်ကြီးကျင့်ကြံအားထုတ်ခဲ့ရာ ကျောင်းကလေးလည်းရှိသည်။ စေတီ မှာ သပ္ပာယ်လှသည်။ တောင်ကြီးမြို့ကို စေတီ၏ရင်ပြင်မှသိုးရှုမြင်ရသည်။

''ဟိုက တက္ကသိုလ်''

''ဟိုဘက်က စက်မှုဇုံ''

''ဟိုတောင်ခွယ်ကလေးကွယ်နေတဲ့တည့်တည့်မှာ အင်းလေးကန်ကို ခပ်ရေးရေး လှမ်းမြင်ရတယ်''

''ဒီတည့်တည့်က တောင်ကြီးကတားကွင်း''

''ဟိုက ရွှေညောင်ကိုဆင်းတဲ့လမ်း''

ကျွန်တော်တို့ငှားလာသော ကားဆရာက ညွှန်ပြရင်းပြောသည်။ တောင်ကြီးမြို့တည်နေပုံမှာ လှပလွန်း၏။ နေချင်ဖွယ်ဖြစ်၏။

''ထီးသတိုးမြို့သလောက် ဒီတောင်ကြီးက သူဌေးမြို့လို့ဆိုရမယ်ထင်တယ်၊ စီးပွားရေးကောင်းကြတယ်၊ တိုက်တွေကားတွေချည်းပဲ''

ဝင်းမြတ်က မြို့ကိုကြည့်ရင်း မှတ်ချက်ပြုသည်။





ကျွန်တော်ကမူ နောက်ထပ်ဝင်လာသော ဘုရားဖူးကားတစ်စီးကို အာရုံ ရောက်နေ၏။ 'သူမ' များ ပါလာလေမလားဟုရှာ၍ပါ။ သို့သော် ကားပေါ်မှ ဆင်းလာကြသူများမှာ အသက်ကြီးကြီးတွေချည်းဖြစ်၏။ အဘိုးကြီး၊ အဘွားကြီးတွေ၊ ယောက်ျားကြီး၊ မိန်းမကြီးတွေ၊ ကလေးတွေ။

''ညက လေတိုက်လို့ မီးပုံးပျံကို သုံးနာရီခွဲမှလွှတ်ကြရတယ်''

''ကျွန်တော်တို့ ချမ်းတာနဲ့ပြန်ခဲ့ရလို့ မကြည့်လိုက်ရဘူး''

'ဒီည လွှတ်ဦးမှာပါ''

ရွှေဘုန်းပွင့်မှပြန်ဆင်းလာပြီးနောက် ကားဆရာက တက္ကသိုလ်ဘက်မှ နေ၍ တောင်ကြီးမြို့တစ်ပတ်လှည့်မောင်းပေးသည်။ ဝင်းမြတ်က မြို့ကိုသော်၍ ကျွန်တော်ကမူ 'သူမ' ကိုရှာမိသည်။ အရိပ်အယောင်ကားမတွေ့။ ထို့နောက် ကားက ဈေးမှာပြန်ရပ်သည်။

ကျွန်တော်နှင့်ဝင်းမြတ် ဈေးကိုပတ်ကြည့်ကြသည်။ တောင်ကြီးဈေးမှာ စည်ကားလှသည်။ ရှမ်းတိုင်းရင်းသူကြီးများကိုလည်း သူတို့ရိုးရာအဝတ်များ နှင့် တွေ့ရသည်။ တောင်ကြီးသူအများစုမှာမူ ခေတ်မီနေကြပေပြီ။ ဗိုလ်ချုပ် လမ်းမကြီးဘေးရှိ စတိုးဆိုင်ကြီးများမှာ ရန်ကုန်မှမီနီမတ်ကြီးများကဲ့သို့ပင်။ ခမ်းနားကြီးကျယ်လှသလို ပစ္စည်းလည်းစုံလှသည်။ ကျွန်တော်တို့ကားမူဘော့ မဝယ်ဖြစ်။ ကျွန်တော်က ဈေးဆိုင်ရှိပစ္စည်းများထက် ဈေးဝယ်သူများကိုသာ စိတ်ဝင်စားမိသည်။ 'သူမ' ကို တွေ့လိုတွေ့ငြားဖြစ်၏။ သို့သော် ဆွေမပြည့်။ ဈေးပတ်ပြီးတော့ နံနက်ကိုးနာရီခွဲရှိနေပြီဖြစ်၏။ နံနက်စာစားပြီး မီးလှုံ့ရာ တပေကိုနှုတ်ဆက်ကာ ရွှေညောင်သို့ပြန်ဆင်းကြသည်။

ရွှေညောင်ကားဂိတ်နှင့်နီးသော သမြေလွှင် တည်းခိုခန်းမှာပင်၍ နှစ်ယောက်ခန်းတစ်ခန်းငှားသည်။ ပစ္စည်းများချပြီးနောက် အင်းလေးသွားရန် စီစဉ်ကြသည်။ တည်းခိုခန်းစာရေးလေးက ...

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတို့ အခုအချိန်မှ အင်းလေးသွားရင် အပြန်ခက်မယ်၊ ညောင်ရွှေက ဒီကိုပြန်လာတဲ့ကားတွေက ညနေခြောက်နာရီလောက်ထိပဲရှိတာ" တု ပြောသည်။

"တခြားကားကြုံတွေရောမရှိဘူးလား"

ကျွန်တော်က မေးကြည့်သည်။

"ရှိတော့ရှိပါတယ်"

"ရွှေညောင်နဲ့ ညောင်ရွှေက ဘယ်လောက်ဝေးလဲ"

"ခုနစ်မိုင်ပါ"

"ဘယ်လိုလဲ ... သွားမလား"

ဝင်းမြတ်က ကျွန်တော့်ဆန္ဒကိုတောင်းသည်။

"သွားမယ်ကွာ၊ အပြန် ကြုံရာကားနဲ့လိုက်တာပေါ့"

ကျွန်တော်တို့ ရွှေညောင်မှကားဖြင့် ညောင်ရွှေသို့လိုက်လာခဲ့ကြသည်။ ကားပေါ်မှလှမ်းကြည့်လျှင် မြူနှင်းများဆိုင်းနေသည့် မှိုင်းညို့ညို့ ရှမ်းတောင်တန်းကြီးတွေကို မှိန်းမဝေးတွင်မြင်နေရပြီး တောင်ကြီးမြို့ကို အဝေးတွင် မှုန်ပျပျလှမ်းမြင်ရသည်။ အဆောက်အဦးဖြူဖြူကလေးတချို့က တောင်တန်းစိမ်းစိမ်းထဲမှ အကွက်အပြောက်ကလေးများသဖွယ်။

ညောင်ရွှေကိုရောက်တော့ နေ့လယ်တစ်နာရီကျော်ကျော်ဖြစ်သည်။ ညောင်ရွှေလှေဆိပ်မှာက စက်လှေတွေအစီအရီ။ ဘုရားဖူးခရီးသည်တွေ ပျားပန်းခပ်။ နိုင်ငံခြားသားတွေလည်း တွေ့ရ၏။ စက်လှေတွေက စင်းလုံးငှား တွေဖြစ်၏။ ကျွန်တော်တို့က နှစ်ယောက်တည်း။ စင်းလုံးမငှားနိုင်။ အင်းလေး ပြန်မည့် အင်းသားရေးသည်များ၊ ဘုရားဖူးများတက်နေသည့် စက်လှေတစ်စီး နှင့် ကျွန်တော်တို့လိုက်ပါခွင့်ရခဲ့သည်။ စက်လှေခ တစ်ဦးလျှင်ငါးရာ။



ညောင်ရွှေမှ အင်းလေးဖောင်တော်ဦးမျက်ရှင်တော်ဘုရားထိ ၁၃ မိုင် ကွာဝေးသည်။ ညောင်ရွှေမှထွက်လာစဉ်ကတော့ အဆောက်အဦးတွေ ဗိုက်ခင်းတွေကြားမှ ဖြတ်လာရသည်။ အင်းလေးနှင့်ဆက်နွယ်နေသော ချောင်းကလေးတု ယူဆမိ၏။ ခပ်ကျဉ်းကျဉ်းဖြစ်၏။ နောက်ပိုင်းကိုင်းဗိုက်ခင်း များကို တွေ့လာရသည်။ ထိုမှလွန်သော် အင်းလေးရေပြင်ကျယ်ထဲသို့ ရောက်သည်။ စက်လှေ၏မောင်းအားက ကောင်းလှပြီး ရေပြင်ကိုထိုးခွဲပြီး ပြေးနေသည်။ ရေကစိမ်းမြကြည်လင်နေသည်။ စက်လှေဦးမှ ရေပန်းဖွားများ က လွင့်စင်ပြီး စက်လှေပေါ်ရှိလူများပေါ်သို့ကျသောကြောင့် စက်လှေသမားက မိုးကာဖျင်နှင့်ကာထားရန် လှမ်းပြောသည်။

ကောင်းကင်ပြာပြာအောက်မှ တောင်တန်းညို့ညို့ကြီးများ ဘယ်ညာ ဝန်းရံထားသော အင်းလေးရေပြင်ကျယ်ကြီးများ မျက်စိတစ်ဆုံးပင်။ နေ့လယ် နေက ခေါင်းပေါ်မှာ။ သို့သော် အအေးဓာတ်ရှိနေသဖြင့် ပူပြင်းမှုမရှိ။

"ဒီအင်းလေးက ကယားပြည်နယ်က လွိုင်ကော်ထိဆက်နေတယ် ပြောကြတယ်"

ကျွန်တော်တို့နောက်မှ ဘုရားဖူးတစ်ဦးကပြောပြသည်။

ကျွန်တော်က ဘယ်ဘက်ခြမ်းတောင်ခြေရှိ အဆောက်အဦးများကို လှမ်းကြည့်နေစဉ် ....

"ဟိုဘက်က ခေါင်တိုင်လေ၊ အရင်က လူရည်သွေးနစ်တွေကို အပန်းဖြေ ပို့ပေးတဲ့နေရာ" တု ရေတွင်ထိုင်နေသော အင်းလေးသူရေးသည်အမျိုးသမီး ကြီးက ညွှန်ပြ၍ပြောသည်။ ညာဘက်ခြမ်းတောင်ညို့ညို့ကို နောက်ခံပြုထားသော ပြန့်ပြူးသောသောင်ပြင်လို မြေပြင်နှင့်အဆောက်အဦးများကို မြင်ရသည်။

ရေထဲတွင်ဆောက်လုပ်ထားသော အဆောက်အဦးတချို့ကိုတွေ့ရသဖြင့် "အဲဒါ ဘာလဲ" တု မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ်လေ" ဟု အမျိုးသမီးကြီးက အသံဝဲဝဲဖြင့်ဖြေ၏။

တဖြူးဖြူးတိုက်ခတ်လာသောလေက ရင်ကိုအေးမြစေသည်။ ရေပြင်နှင့် အထိအတွေ့နည်းလှသော ကျွန်တော်သည် အတွေ့အကြုံသစ်နှင့်အတူ ကာလကြာရှည်စွာ ရောက်ချင်နေခဲ့မိသောအင်းလေးသို့ ရောက်နေရပါလားဟု တွေးကာ ကြည်နူးပျော်ရွှင်နေမိသည်။

ကျွန်တော်တို့စက်လှေ၏ရှေ့တွင်လည်းကောင်း၊ နောက်မှလည်းကောင်း ဘုရားသို့ဦးတည်၍ပြေးနေသော စက်လှေများကိုတွေ့ရသည်။ ထို့အတူ ဘုရားဆက်မှလာသော အပြန်စက်လှေများကိုလည်းတွေ့ရသည်။ နိုင်ငံခြားသားများ ငှားလာသော ထိုင်ခုံတွေနှင့်စက်လှေကိုလည်း တစ်စီးစ နှစ်စီးစ တွေ့ရသည်။

ရေပြင်ထဲ၌ ကျောက်တိုင်ဖိုက်ကာ အပေါ်တွင်ဟင်္သာရုပ်တည်ထားသည်ကို တွေ့သဖြင့် ....

"အဒေါ် အဲ့ဒါ ဘာလဲဟင်" အင်းလေးသူ အမျိုးသမီးကြီးကိုမေးမိ၏။

"အဲဒါလား ... အဲဒါက အထိမ်းအမှတ်လုပ်ထားတာ၊ ဟိုအရင်က ဖောင်တော်ဦးဘုရားငါးဆူက အင်းလေးမှာအပူဇော်ခံ ဒေသစာရီကြွတယ်လေ၊ ဒီနေရာရောက်မှာ တစ်ဆူကရေထဲကျသွားတယ်၊ ဒါပေမယ့် ဖောင်တော်ဦးဘုရားမှာ အဲဒီရုပ်ပွားတော်က သူ့ဘာသာပြန်ရောက်နေတယ်၊ အဲဒီကစပြီး နှစ်စဉ် ရုပ်ပွားတော်တွေ ဒေသစာရီကြွရင် လေးဆူပဲကြွတော့တယ်၊ တစ်ဆူကို ပင့်မရဘူး၊ အဲဒီရေထဲကို ရုပ်ပွားတော်ကျတဲ့နေရာကို အထိမ်းအမှတ်လုပ်ထားတာ"

အင်းလေးသူအမျိုးသမီးကြီးက စိတ်ရှည်စွာရှင်းပြသည်။

"ဒါဆိုရင် အဲဒီရုပ်ပွားတော်တွေဟာ အလွန်တန်ခိုးကြီးတာပေါ့နော်"



"တုတ်တယ်ကွယ့်၊ ဖောင်တော်ဦးဘုရားပွဲကို ဖူးတို့ရောက်စေချင်တယ်၊ အရမ်းစည်တာ"

"ကျွန်တော်တို့ရောက်လာတာက ဘုရားပွဲတော်ရက်ထက် နောက်ကျတာကိုး"

"မင်းတို့ မနက်ဖြန်ထိနေရင်တော့ ဈေးနေ့ကိုကြုံရမှာပဲ"

"ဈေးနေ့က မနက်ဖြန်လား၊ ကျွန်တော်တို့ တီဗွီထဲမှာတွေ့ဖူးတယ်၊ လှေတွေနဲ့ဈေးလာရောင်းကြတာ"

"ဟုတ်တယ်၊ ဒီနားဝန်းကျင်ကရွာတွေ တွက်ကုန်တွေ၊ သီးနှံတွေနဲ့ မြို့ကဈေးသည်တွေကလည်း အဝတ်အထည်အသုံးအဆောင်တွေ လာရောင်းကြတာပေါ့ကွယ်"

ရေပြင်ပေါ်မှာ ခြေဖြင့်လှော်ခတ်၍သွားကြသော အင်းသားငါးဖမ်းလှေကလေးကိုလည်း အဝေးတွင်မြင်ရသည်။

"ဟိုမှာတွေ့လား၊ အဲဒါ ဗိုလ်တဲပဲ"

ရေပေါ်ရှိ အဆောက်အဦးဟောင်းကြီးကြီးတစ်ခုကို တွေ့ရသည်။

ဝင်းမြတ်က ...

"နေ့စေ ငါတို့က အချိန်မရလို့ကွာ၊ ဒီအင်းလေးမှာ တစ်ပတ်နှစ်ပတ်နေပြီး အင်းသားတွေရဲ့ဘဝကိုလေ့လာရင် မင်းအတွက် ဝတ္ထုကောင်းတွေရနိုင်တယ်"

"အေးကွ၊ ရန်ကုန်ကအလုပ်တန်းလန်းနဲ့မို့ကွာ၊ မင်းပြောသလိုနေရရင် သိပ်ကောင်းမှာ"

"ကျွန်တော်တို့စက်လှေ ဘယ်နှစ်နာရီလောက်စီးရမလဲအဒေါ်"

"နှစ်နာရီလောက်ပေါ့ကွယ်"

အင်းလေးရေပြင်ကျယ်ထက်မှာ စက်လှေသံများက ပွဲကျရိုက်နေသည်။ ကျွန်တော်တို့စက်လှေနောက်မှ စပ်ရော်အုပ်များပျံသန်းလိုက်ပါလာသဖြင့် ရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးလာသည့်လှေယာဉ်နှင့် မိန်းကလေးအချို့ မုန့်များကိုပစ်ကာကျွေးနေကြသည်။ ဝင်ရော်များ၊ လေတွင်ဝဲရင်း အစကိုရေပြင်ပေါ်မကျမီ ဖမ်းယူသွားဟန်များမှာ ချစ်စရာကောင်းလွန်းလှသည်။

ထိုစဉ် ဘုရားမှပြန်လာသောစက်လှေတစ်စီးက ကျွန်တော်တို့စက်လှေနှင့် မလှမ်းမကမ်းမှဖြတ်သွားသည်။ ကျွန်တော့်အကြည့်က ထိုစက်လှေပေါ်သို့ ရောက်သွား၏။ စက်လှေပေါ်၌ ဘုရားဖူးဆယ့်လေးငါးယောက်ပါသည်။ လူကြီးတွေရော လူငယ်တွေပါ ပါသည်။ ယောကျ်ားလေးများရော၊ မိန်းကလေးတွေပါ ပါသည်။ စက်လှေနောက်ပိုင်းတွင်ထိုင်လာသော မိန်းကလေးတစ်ဦးက ဝင်ရော်တွေကို မုန့်များပစ်ကျွေးနေသည်။

ထိုအထဲမှ ရွှေဝါရောင်အနွေးထည်ကလေးနှင့် မိန်းကလေးတစ်ဦးက ကျွန်တော့်ရင်ကိုဆွဲကိုင်လှုပ်ယမ်းလိုက်လေသည်။ အခြားသူမဟုတ်။ သူမ၊ သူမမှ သူမအစစ်ပါတကား။

"ဟာ ... သူကွ ... သူ ..."

ရင်မှာ ပြင်းစွာလှုပ်ခတ်ခြင်းနှင့်အတူ အပျော်ဖြင့် နှုတ်ကလွှတ်ခနဲ အော်လိုက်မိသည်။ ထိုင်နေရာမှ ထရိုက်မိမလိုပင်ဖြစ်သွား၏။

ဝင်းမြတ်က ...

"ဘာလဲကွ၊ ဘယ်သူလဲ" ဟုမေးရင်း "ထိုင်နေလေကွာ၊ ဘာလို့ မတ်တတ်ရပ်တာလဲ၊ ရေထဲပြုတ်ကျသွားလိမ့်မယ်" ဟု သတိပေးသည်။ ကျွန်တော် သတိလက်လွတ်ရပ်မိမလိုဖြစ်သွားရာမှ နေရာတွင်ပြန်ထိုင်လိုက်ရသည်။ သူမပါသော စက်လှေကား ဝေးသွားလေပြီ။

သူမ ကျွန်တော့်ကိုမြင်သွား မမြင်သွားမှ ကျွန်တော်မသိ။

"သူလေကွာ၊ ငါ ဘဝသံသရာတံတားမှာ တွေ့ခဲ့တဲ့သူ"

ဒီတော့မှ ဝင်းမြတ်စိတ်ဝင်စားသွားသည်။



"ဟုတ်လား။ ငါမတွေ့လိုက်ဘူး။ သူတို့ဘုရားကပြန်လာတာဖြစ်မယ်"

ဝေးသွားပြီဖြစ်သောစက်လှေကို လှမ်းမျှော်ကြည့်ရင်း သူပြောသည်။

"နည်းနည်းလေးလွဲသွားတယ်ကွာ၊ ငါတို့ တစ်နာရီလောက်သာစောရင် သူတို့ကို ဘုရားမှာတွေ့နိုင်တယ်"

"ငါတို့ကအသွား။ သူတို့အပြန်ဆိုတော့ ငါတို့ ဘုရားကပြန်လို့ ညောင်ရွှေရောက်ရင်တောင် သူတို့ကိုမမိတော့ဘူး။ မတွေ့နိုင်တော့ဘူး"

"နာတယ်ကွာ ... တောက် ..."

"စိတ်လျှော့သူငယ်ချင်း။ စိတ်လျှော့၊ မင်းရေစက်က အတော်သည်းနေပြီ"

ကျွန်တော့်ရင်ထဲမှာ မချင့်မရဲဖြစ်နေမိသည်။ 'သူမ' ကိုတွေ့လိုက်ရသဖြင့် အပျော်၊ 'သူမ' နှင့် လွဲသွားသဖြင့် ဝမ်းနည်းမှု။

"မင်းတို့ ပြန်ဆုံဦးမှာပါကွာ"

ဝင်းမြတ်က ကျွန်တော့်ကို နားလည်စွာအားပေးသည်။

"ငါလည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်"

"ဘုရားရောက်ရင် ဆုတောင်းပေါ့ကွာ၊ အင်းလေးတောင်တော်ဦးဘုရားက ဆုတောင်းပြည့်ပဲ"

"ဟိုမှာတွေ့လား။ အဲဒါ ကျွန်းမျောတွေ၊ ကျွန်းမျောပေါ်က စိုက်ခင်းတွေ"

အင်းလေးသူ အမျိုးသမီးကြီး၏စကားက ကျွန်တော်တို့ကို အာရုံပြောင်းသွားစေသည်။ ဘုရားနှင့်နီးလာပြီဖြစ်၏။ တောင်ခြေကမ်းခြေဘက်သို့ လှမ်းကြည့်တော့ ရေပေါ်အိမ်ကလေးတွေနှင့် ကျွန်းမျောစိုက်ခင်းတွေကို တွေ့ရသည်။

"အဲဒီစိုက်ခင်းတွေပေါ်ကို လူတွေတက်လို့ရလား"

ဝင်းမြတ်က မေးခွန်းထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လှေတွေနဲ့ပဲ ဝင်ထွက်သွားလာကြတယ်ကွယ့်၊ တိုမှာကြည့် ..... ကျွန်းမျောတွေကြားမှာ လှေလမ်းကလေးတွေ"

အင်းလေးသူ အမျိုးသမီးကြီးပြောသည်။

မကြာမီ စက်လှေက ဖောင်တော်ဦးစေတီတော်ကို ဦးတိုက်သွားသည်။ လှေပေါ်မှနေ၍ စေတီကိုလှမ်းမျှော်ကြည့်ညို၊ လက်အုပ်ချီလိုက်သည်။ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်ဟူသော ဆိုင်းဘုတ်ရှိရာကမ်းစပ်မှာ စက်လှေက ကပ်သည်။ ရောက်နှင့်နေသော စက်လှေများကား ဘုရားဝန်းကျင်မှာ အပြည့်။ ဘုရားကုန်းတော်ပေါ်မှာလည်း ဘုရားပူးတွေအပြည့်။

စက်လှေပေါ်မှ ကုန်းတော်ပေါ်သို့တက်ပြီးနောက် ရင်ပြင်ကွက်လပ်ကို ဖြတ်၍ လှေကားမှ ရုပ်ပွားတော်များရှိရာ ကျောင်းတော်ပေါ်သို့တက်ခဲ့ကြသည်။ ကျောင်းတော်အောက်မှာက အမှတ်တရ ဒေသထွက်ပစ္စည်းများရောင်းချရာ ဆိုင်ခန်းများရှိသည်။

ရုပ်ပွားတော်ငါးဆူ စံပယ်တော်မူရာ ကျောင်းဆောင်တော်က အလယ်မှာ ဖြစ်သည်။ လေးဘက်လေးတန်က ဖူးတွေ့၍ရသည်။ လှေကားအတက်တွင် ဝယ်ခဲ့သောပန်း၊ တံခွန်ကုက္ကား၊ မုလေးပွားများကို အိုးတွင်ထိုးစိုက်ပြီး ရုပ်ပွားတော်များအား ရှိခိုးသည်။ သပ္ပာယ်တော်မူလှသော ရုပ်ပွားတော်တို့မှာ ရွှေသက်န်းအလှူရှင်များ၏ အထပ်ထပ်လှူမှုကြောင့် ရွှေတုံးရွှေခဲကြီးများပမာ ဖြစ်၍နေ၏။ ရုပ်ပွားတော်များ၏ သဏ္ဌာန်မှာ ရေးရေးမျှသာကျန်၏။

"ရွှေသင်္ကန်းပူဇော်ရအောင်ကွာ"

"အေး ... ရွှေသင်္ကန်း ဘယ်မှာဝယ်ရမလဲမသိဘူး"

"ဟိုမှာကွ၊ ဟိုမှာရောင်းတယ်"

ကျောင်းတော်ထောင့်ရှိ ရွှေသက်န်းရောင်းချရာဆိုင်မှာ ကျွန်တော်တို့ နှစ်ယောက် ရွှေသက်န်းနှင့် ရုပ်ပွားတော်တတ်ပုံများဝယ်ကြသည်။ ထို့နောက်



ရုပ်ပွားတော်များရှိရာ ကျောင်းဆောင်တော်ပေါ်သို့တက်၍ ပလ္လင်တော်ပေါ်မှ ရုပ်ပွားတော်ငါးဆူကို ရွှေသက်န်းကပ်လှူကြသည်။ ရွှေသက်န်းလှူသူများမှာ များပြားလွန်းလှ၍ မနည်းပင် နေရာရယူပြီးကပ်လှူရသည်။

ရွှေသက်န်းကပ်ပြီးနောက် ဘုရားကိုဝတ်ပြုဆုတောင်းသည်။

"သိနေတယ်နော်၊ မင်းဘာဆုတောင်းလဲဆိုတာ"

ဘုရားဝတ်ပြုအပြီး နေရာမှထတော့ ဝင်းမြတ်ကနောက်သည်။ ကျွန်တော်က ပြုံးလိုက်ပြီး ...

"သိရင်လည်းပြီးတာပဲ ဗိုကာတွန်းရော၊ ငါက တစ်ယောက်ဆိုတစ်ယောက် တစ်ချစ်ဆိုတစ်ချစ်တည်းပါကွာ" ဟု ပြန်ချေလိုက်သည်။

"အချစ်ဆိုတာက ရေလိုပဲကွ နေဇရဲ့၊ ကိုယ်တွေ့တတ်သူအတွက် ရေကူးတတ်သူအတွက် နစ်မြုပ်မသွားတတ်ဘူး၊ ကိုယ်မတွေ့တတ် ရေးမကူတတ်ဘဲ ရေထဲဆင်းရင်တော့ ဆင်းလိုက်တာနဲ့ ပလုံခနဲပဲ၊ သွားလေ ရော့ ရေအောက်ထိ"

သူ့အသံနှင့်သူတော့ ဟုတ်နေသည်။

"အေးပေါ့ကွာ၊ ရေနစ်တဲ့ငါးမဖြစ်ဖို့တော့ အရေးကြီးပါတယ်၊ ရေကူး တတ်ပေမယ့် အော့ဒ်စ်မုန်တိုင်းမိရင်တော့ မြုပ်မှာပဲ"

"ဟာကွာ ... မင်း အကြီးနဲ့ ငါ့ကိုခြိမ်းခြောက်ပြန်ပြီ"

"ကဲလာ၊ အလှူငွေလေးဘာလေးထည့်ပြီး အပြင်ကို လျှောက်ကြည့် ရအောင်"

ကျွန်တော်တို့နှစ်ယောက် အလှူခံနေရာမှာ အလှူငွေများထည့်ကြသည်။ ပြီး ... ကျောင်းတော်ထဲရှိ ပုံပန်းသဏ္ဌာန်ကားများကိုကြည့်ကြသည်။ ကျောင်းတော် အပြင်သို့ထွက်၍ ဝရံတာမှကြည့်သောအခါ တောင်ညိုညိုကြီးများဝိုင်းနေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းဆွတ်စဖွယ်မြင်ရသည်။ အဆောက်အဦးများကား ဘုရားပရဝုဏ် အပြင်မှာ များမှများ။

ကျောင်းတော်ပေါ်မှ ပြန်ဆင်းသောအခါ ....

"အမှတ်တရပစ္စည်းလေးဘာလေး ဝယ်ရအောင်" ဟု ကျွန်တော်က အဖော်စပ်သည်။

"မင်းက ဘယ်သူ့အတွက်ဝယ်မှာလဲ"

ဝင်းမြတ်၏ စူးစမ်းချက်။

"မပေးမဖြစ်တဲ့သူတွေအတွက်ပေါ့ကွာ"

"မပေးမဖြစ်ဟုတ်လား၊ ဘယ်သူတွေလဲ"

"ဒီတူလေး မိုးထိအောင်အတွက်ရယ်၊ ရွှန်းလဲ့အတွက်ရယ်"

ဝင်းမြတ်ပြုံးသည်။ သရော်ပြုံး လှောင်ပြုံးဟုဆိုလျှင် ရပါလိမ့်မည်။ နှုတ်ခမ်းကို မသိမသာမဲ့လျက် ....

"မိုးထိအောင်အတွက်ကတော့ ဟုတ်ပါပြီ၊ ရွှန်းလဲ့အတွက်"

"ဟ ... သူ့အကြောင်း မင်းသိသားပဲ၊ သူ့အတွက်မပါရင် စိတ်ကောက်ပြီး ဒေါသူပုန်ထမှာ၊ တန်ဖိုးရှိရှိ မရှိရှိ တစ်ခုခုတော့ပါမှ၊ လာခါနီးတုန်းက တောင် မှာလိုက်သေးတယ်၊ သူ့ဖို့လက်ဆောင်မပါရင် သိမယ်တဲ့"

"ဒီလိုတော့လည်း ကြောက်တတ်သားပဲ"

ဝင်းမြတ်က ပြောရင်းသဘောကျစွာ တဟားဟားရယ်သည်။

"မင်းရော မဝယ်ဘူးလား"

"ဝယ်မှာပေါ့"

"ဘယ်သူ့အတွက်လဲ"

"ဘေဘီတို့၊ မေမီတို့၊ အေမီတို့ အတွက်ပေါ့ကွာ"

နာမည်တွေများသောကြောင့် ကျွန်တော်ပြုံးရသည်။



"မင်းတော့ အဲဒါတွေနဲ့သေမှာပဲ"

ကျွန်တော်တို့ ဈေးဆိုင်များကိုလှည့်ပတ်ကြည့်ကာ ပစ္စည်းဝယ်ကြသည်။ ကျွန်တော်က တူလေးမိုးထိအောင်အတွက် ပင်နီရှမ်းဘောင်းဘီလေးနှင့် ရှမ်းတိုက်ပုံ ကလေးဝတ်ကလေးဝယ်သည်။ ရွှန်းလဲ့အတွက် ရှမ်းရိုးရာအင်္ကျီ တစ်ထည်ဝယ်သည်။ ဝင်းမြတ်ကလည်း အိတ်ကလေးတွေဝယ်သည်။

ပစ္စည်းဝယ်ပြီးနောက် အပြင်ဘက်တဲဆောက်ဆိုင်တန်းဘက်သွားကာ လက်ဖက်ရည်သောက်ကြသည်။ တစ်ဘက်ကမ်းသို့ကူးကာ ယက္ကန်းစင်တွေကို တစ်ခေါက်သွားကြည့်ကြသည်။ ရှမ်းရိုးရာအထည်များကို ယက်လုပ်နေပုံက စိတ်ဝင်စားစရာ။ ယက္ကန်းခတ်သူ မိန်းမပျိုအသွက်လက်လှုပ်ရှားမှုကလည်း အံ့မခန်း။

"ကဲ ဒါတို့ အချိန်သိပ်မရတော့ဘူး၊ ပြန်ဖို့ စက်လှေငှားမှဖြစ်မယ်"

ဝင်းမြတ်က သတိပေးသည်။ လက်မှနာရီကို ကျွန်တော်ငုံ့ကြည့်တော့ လေးနာရီထိုးလုပြီ။ စက်လှေခရီးက နှစ်နာရီကြာမှာဆိုတော့ ယခုချက်ချင်း စက်လှေရလျှင်ပင် ညောင်ရွှေကို ခြောက်နာရီမှရောက်မည်။

စက်လှေဆိပ်ကိုရောက်တော့ ကျွန်တော်တို့ မောသွားကြရ၏။

ကူးတို့သဖွယ် ညောင်ရွှေနှင့် အင်းလေးတောင်တော်ဦးသို့ ပုံမှန်ပြေးဆွဲနေသည့် စက်လှေများရှိမည်ဟုထင်ခဲ့သည်မှာ မှားသွားသည်။ ခရီးသည်စောင့်ပြီး ညောင်ရွှေပြန်မည့်စက်လှေမရှိတော့။ ရှိနေသည့်စက်လှေများက သီးသန့် စင်းလုံးငှားလာခဲ့သည့်စက်လှေများသာ။ နိုင်ငံခြားသားများငှားလာသည့် စက်လှေများ၊ အုပ်စုလိုက်လာသည့် ဘုရားဖူးများငှားလာသည့် စက်လှေများ။

"ဘယ်လိုလုပ်ကြမလဲ"

"စင်းလုံးငှားစက်လှေတွေကိုပဲ တောင်းပန်ပြီးလိုက်ရမှာပဲ"

www.burmeseclassic.com



သို့ဖြင့် ဝင်းလုံးငှားလာခဲ့ပြီး ဘုရားမှပြန်မည့်စက်လှေသမားတစ်ဦးနှင့် အဆင်ပြေသွားသည်။

"အစ်ကိုတို့ကို ကျွန်တော့်အစ်ကိုတွေလို့ ငှားလာတဲ့သူတွေကိုပြောပြီး တင်ခဲ့မယ်၊ ဒါပေမယ့် သူတို့က ဒီကနေအပြန် အလိုတော်ပေါက်ဘုရားကို ဝင်ကြဦးမှာ၊ နည်းနည်းတော့ကြာဦးမယ်"

"တာ ရတယ်ညီလေး၊ အစ်ကိုတို့လည်း အလိုတော်ပေါက်ဘုရားကို ဖူးရတာပေါ့၊ အလိုတော်ပေါက်ဘုရားက ဒီကနေ ဘယ်လောက်ဝေးလဲ"

"သုံးမိုင်လောက်ပါ၊ သွားရင် ခဏလေးပါပဲ"

ကံကောင်းသဖြင့် ကျွန်တော်တို့ အလိုတော်ပေါက်ဘုရားကိုပါ ဖူးခွင့်ရသည်။ အပြန်မှာ ကျွန်းမျောတွေနှင့် ရေပေါ်အိမ်များကြားမှ စက်လှေမောင်းသဖြင့် အင်းလေး၏သဘာဝကိုလည်း လေ့လာခွင့်ရသည်။

ညောင်ရွှေရောက်တော့ မိုးစုပ်စုပ်ချုပ်နေပြီ။ ခုနစ်နာရီထိုးပြီးပြီ။ ရွှေညောင်ကို သွားသည့်လိုင်းကားများမရှိတော့။ ကျွန်တော်တို့ စက်လှေဆိပ်မှမြို့ထိပ်သို့ထွက်ကာ ရွှေညောင်သွားမည့်ကားကြုံရှာကြရသည်။ အဆင်သင့်ဖွာ ကုန်တင်ကားတစ်စီးနှင့်ကြုံပြီး လိုက်ပါခွင့်ရခဲ့၏။

ထိုညက ရွှေညောင်ရှိ သပြေလွင်တည်းခိုရိပ်သာမှနေ၍ တောင်ကြီး မီးပုံးပျံများလွှတ်တင်သည်ကို အဝေးမြင်မြင်ရသည်။ လှလိုက်သည့်မီးပုံးပျံများပါပဲ။ နှင်းတွေမြူတွေဆိုင်းနေသည့် ညခင်းပြာပြာမှာ တက်လာသော မီးပုံးပျံနှင့် အုံ့မခန်းပေါက်ကွဲအလှဆင်လိုက်သည့် မီးပန်းပွားများက ရင်သပ်ရှုမောဖွယ်ရာ။

ထို့အတူ ---

ကျွန်တော့်အတွေး မီးပုံးပျံကြီးကလည်း 'သူမ' ထံသို့ တလွင့်လွင့်။

(၄)

"တာ ... ညီလေး နေဇော်ပါလား။ လာ .. လာ အကြောင်းမကြား ဘာမကြား၊ ဘယ်လိုရောက်လာကြတာလဲ"

မတွေ့သည်မှာ ကြာပြီဖြစ်သော်လည်း တွေ့တွေ့ချင်းမှတ်မိသည့် အစ်ကို၏သူငယ်ချင်း ဒေါက်တာစိုးမောင်က ဝမ်းသာအယ်လဲဆီးကြိုသည်။ လိုက်လှဲသောအပြုံးက ကျွန်တော်တို့ကိုနွေးထွေးသွားစေသည်။

ကျွန်တော်နှင့် ဝင်းမြတ်တို့နှစ်ယောက် ရွှေညောင်မှရထားဖြင့်လိုက်ပါလာခဲ့ပြီး ကလောဘူတာတွင်ဆင်းကာ ဒေါက်တာစိုးမောင်၏ မိးရထားဆေးခန်းတွင်း ဝင်လာခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဘုရားဖူးလာကြတာ၊ အင်းလေး၊ ပင်းတယပေါ့၊ တောင်ကြီးမီးပုံးပျံပွဲလည်းပါတယ်"

ကျွန်တော်က ဖြေလိုက်သည်။

"ထိုင်ကြကွာ"

ဒေါက်တာစိုးမောင်က သူ့စားပွဲရှေ့ရှိထိုင်ခုံများကို ညွှန်ပြရင်းပြောသည်။ ကျွန်တော်က ထိုင်ခုံမှာဝင်ထိုင်ပြီး ခရီးဆောင်အိတ်ကိုချသည်။ ကျွန်တော့်ဘေးတွင်ထိုင်သော ဝင်းမြတ်ကို ဒေါက်တာစိုးမောင်နှင့်မိတ်ဆက်ပေးရသည်။

"အစ်ကိုကြီး၊ သူက ကျွန်တော့်သူငယ်ချင်း စာပေထုတ်ဝေသူနဲ့ စာတွန်းဆရာဝင်းမြတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်က ဆေးက်တာမိုင်းမောင်ပါ။ မောင်ထွန်းနေရဲ့အစ်ကို ကိုလင်းအောင်နဲ့သူငယ်ချင်းတွေပေါ့"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

"လင်းအောင်က ဘာကြောင့်လိုက်မလာတာလဲ၊ ဒီကောင်ကြီးနဲ့ မတွေ့ရတာကြာပြီ"

"ကျွန်တော်ကခေါ်ပါတယ်၊ အစ်ကိုကြီးက စီးပွားရေးသောင်းကျန်းနေတာရယ်၊ မယားနဲ့သားကို မခွဲနိုင်တာရယ်ကြောင့် မလိုက်နိုင်တာပေါ့။ ဒါပေမယ့် အစ်ကိုကြီးကိုမိုင်းမောင်သိမှာတည်းဖို့နဲ့ သတိရကြောင်းတွေတော့ တဖွဖွ မှာလိုက်ပါတယ်"

"အင်း ဒီကောင်ကြီးနဲ့ အစ်ကိုကြီးက ငယ်စဉ်ကတည်းက မတူကြတာကွ၊ အစ်ကိုကြီးက ဆရာဝန်ဖြစ်ချင်တယ်၊ သူက စီးပွားရေးသမားပဲဖြစ်ချင်တယ်၊ ဒါကြောင့် အစ်ကိုကြီးက ဆေးတက္ကသိုလ်တက်ပြီး သူကစီးပွားရေးပဲ တက်ခဲ့တာ၊ အစ်ကိုကြီးက အေးဆေးတည်ငြိမ်တာကို ချမ်းသာလို့ယူဆတယ်၊ သူက အောင်မြင်ထင်ပေါ်တာ ငွေကြေးကြွယ်ဝတာကို ချမ်းသာလို့ခံယူတယ်၊ ခုတော့ ကိုယ့်ခံယူချက်အတိုင်း ဘဝကို ကနေကြရတာပဲပေါ့"

"မှန်တယ်အစ်ကိုကြီး၊ ကျွန်တော်အစ်ကိုတ ငွေကိုသဘောကျသလို ငွေရှာလည်းတော်တယ်၊ ကိုယ်ပိုင်အိလက်ထရောနစ်ဆိုင်တစ်ဆိုင် ဖွင့်ထားတာပဲကြည့်တော့"

"အေးကွာ၊ အစ်ကိုကြီးကတော့ လင်းအောင်လို ပြောစရာမြစရာ ဘာမှ မရှိဘူး၊ နားကျပ်တစ်စုံနဲ့ ငွေ့အေးချမ်းချမ်းရှိနေတာပဲရှိတယ်၊ အဲ ပါရမီ ဖြည့်ဖက် ဇနီးကောင်းတစ်ယောက်လည်းရှိတယ်ပေါ့ကွာ"

ဒေါက်တာမိုင်းမောင်မှာ ရိုးသားပွင့်လင်းမှုရှိသည်ကို သူ၏စကားများမှာ တွေ့လိုက်ရသည်။



"အစ်ကိုကလည်း ပြောပါတယ်၊ အစ်ကိုကြီးဘဝက သိပ်အေးချမ်းတယ်တဲ့၊ အစ်ကိုကြီးဇနီးကလည်း သိပ်တော်တယ်တဲ့"

"အေး မင်းတို့ကိုလည်း သူလက်ရာကောင်းကောင်းလေးတွေနဲ့ ဧည့်ခံပါလိမ့်မယ်၊ နေပါဦး မင်းတို့ အစီအစဉ်လည်းပြောကြပါဦး"

"ဒီလိုပါအစ်ကိုကြီး၊ ကျွန်တော်တို့က တောင်ကြီးနဲ့အင်းလေးကို ရောက်ခဲ့ပြီးပြီ၊ အခု ရွှေညောင်ကပြန်ဆင်းလာတာ၊ အစ်ကိုကြီးတို့ကလောမှာ ဒီည အိပ်မယ်၊ မနက်ဖြန် ပင်းတယသွားချင်တယ်"

"ပင်းတယက အောင်ပန်းကနေသွားရမှာကွ၊ ဒါပေမယ့် မပူပါနဲ့၊ ကလောနဲ့အောင်ပန်းက ခြောက်မိုင်ပဲဝေးတယ်၊ အစ်ကိုကြီးစီစဉ်ပေးပါမယ်၊ ပင်းတယမှာ ညအိပ်မှာလား"

"အိပ်ချင်မှ အိပ်မယ်၊ အဲဒီမှာ ဝင်းမြတ်ရဲ့မိတ်ဆွေတစ်ယောက်ရှိတယ်၊ ဟိုကျမှ အခြေအနေသလိုပဲ"

"အစ်ကိုကြီးဇနီးရဲ့ အိမ်ရှိပါတယ်ကွ၊ တည်းခိုဖို့မပူပါနဲ့၊ ဟိုမှာ သူ့အဖေနဲ့ သူ့ညီမပဲနေကြတာ၊ အစ်ကိုကြီးတို့ စာရေးပေးလိုက်ပါ့မယ်"

"ဟာ ... နေပါစေ အစ်ကိုကြီး၊ ကျွန်တော်တို့ဝင်းမြတ်ရဲ့မိတ်ဆွေအိမ်မှာပဲ လွတ်လွတ်လပ်လပ်တည်းပါ့မယ်"

"ဒါဆိုလည်း ဝင်လည်ရုံတော့လည်ပါကွာ၊ အစ်ကိုကြီးတို့လည်း ပေးချင်တာလေးတွေ ပေးလိုက်ရတာပေါ့"

"တုတ်ကဲ့"

"ကဲ — မင်းတို့ကို အစ်ကိုကြီးက အိမ်ကိုလိုက်ပို့မယ်၊ ခရေးနားပြီး ရေမိုးချိုးနိုင်ရင်ချိုး၊ ပြီးရင် ထမင်းစားကြမယ်၊ တစ်ပြိုင်မှ ကလောကိုလည်ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးဒေါက်တာစိုင်းမောင်က သူ့တပည့်တွေကို အိတ်များသယ်ယူနိုင်ပြီးနောက် ကျွန်တော်တို့ကို သူ့အိမ်သို့ခေါ်သွားသည်။

ဒေါက်တာစိုင်းမောင်၏အိမ်မှာ မီးရထားဆေးခန်းနောက်ဘက်ရှိ တောင်ကုန်းပေါ်မှာဖြစ်သည်။ ထင်းရှူးပင်တန်းတွေရံနေသော လှေကားထစ်များကိုနင်းကာ တောင်ကုန်းပေါ်တက်ကြရသည်။ တစ်ထပ်လုံးချွင်တိုက်အိမ်ကလေးတွေဖြစ်သည်၊ ခြံနှင့်ဝန်းနှင့်ဖြစ်သည်။

"ဒီနေရာကလေးက နေလို့အရမ်းကောင်းတယ်"

ဒေါက်တာစိုင်းမောင်က ရှေ့မှနေ၍ ကုန်းပေါ်တက်နေရာမှ ရပ်၍လှည့်ကြည့်သည်။

"အစ်ကိုကြီးအိမ်က အစ်ကိုကြီးပိုင်မဟုတ်ဘူးနော်၊ နိုင်ငံတော်ပိုင်တိုက်ပါ ဝန်ထမ်းတွေမို့ နေခွင့်ပေးထားတာ"

ဆယ်မိနစ်ကျော်ကျော်ခန့် တောင်ကုန်းကလေးကိုတက်လာပြီးနောက် ဒေါက်တာစိုင်းမောင်အိမ်သို့ရောက်သည်။ နံရံထူထူ ခြင်ခြင်ဖြစ်ပြီး အဆောက်အဦး ပုံစံမှာရိုးသည်ဟုဆိုနိုင်သော်လည်း စနစ်တကျဖွဲ့စည်းထားသော တစ်ထပ်တိုက်ဖြစ်သည်။ လက်ရာမှာ အလွန်ရှေးကျနေပြီဟု ခန့်မှန်းရသော်လည်း နေချင့်စဖွယ်ဖြစ်သည်။ ခြံဝန်းကျယ်၏အလယ်မှာ ဆောက်ထားပြီး ဘေးဘက်တွင် ချယ်ရီပင်အချို့ ထောပတ်သီးပင်အချို့ ငှက်ပျောပင်အချို့နှင့် မုံညင်းစိုက်ခင်းတစ်ခုကိုတွေ့ရသည်။

"အစ်ကိုကြီးက စိုက်ပျိုးရေးလည်း ဝါသနာပါပုံရတယ်"

"ဟုတ်တယ်ညီလေးရ၊ အားတဲ့အခါမြေဆွပြီး ဟိုစိုက်ဒီစိုက်လုပ်ရတာ အရသာတစ်မျိုးပဲ"

ဒေါက်တာစိုင်းမောင်က စေ့ထားသောတံခါးကိုတွန်းဖွင့်ပြီး ညေ့ခန်းထဲသို့ ကျွန်တော်တို့ကိုခေါ်သွားပြီး နေရာချပေးသည်။ ဆက်တီများ၌ ကျွန်တော်တို့



ထိုင်ကြပြီး ညေ့ခန်းကိုမျက်စိဝေ့ကာ တစ်မိ၏၊ ခေတ်မီအသုံးအဆောင်အချို့ရှိသော ရိုးရိုးရှင်းရှင်းညေ့ခန်းကလေးဖြစ်ပြီး သေသပ်ကျနသန့်ရှင်းလှပနေမှုက ဒေါက်တာစိုင်းမောင်၏ဇနီးသည် အရည်အချင်းတုနားလည်မိ၏။ မီးလင်းဖိုကို တွေ့ရသဖြင့် ရေမြေရာသီဥတုနှင့်အညီ ဆောက်ထားသော တိုက်အိမ်ဖြစ်ကြောင်း သတိပြုမိ၏။

"ယုရေ ... ယု ..."

ဒေါက်တာစိုင်းမောင်က အတွင်းသို့လှမ်း၍ခေါ်သည်။

"ရှင် ... အစ်ကို" ဟူသော ချိုမြသည့်ထူးသံပေါ်လာပြီး မရှေးမနှောင်းပင် ညေ့ခန်းခန်းဆီးကိုဖယ်လျက် အမျိုးသမီးတစ်ဦးပေါ်လာသည်။ သူမ၏နောက်မှာ သုံးနှစ်အရွယ် ကလေးတစ်ဦး။

"အစ်ကို အစောကြီးပြန်လာ ... ဪ ... ဧည့်သည်တွေပါလာတာကိုး၊ ယုက မီးဖိုထဲရောက်နေလို့ အစ်ကိုပြန်ရောက်တာမသိလိုက်တာ" ဟူသော ရည်မွန်ချိုသာသည့်စကားသံ၊

ကျွန်တော် သူမကိုကြည့်ပြီး အံ့အားသင့်သွားသည်။ ကျွန်တော့် အံ့အားသင့်သွားဟန်ကို ကျွန်တော့်ဘာသာပင် သတိထားလိုက်မိသလားမဆိုနိုင်။ မျက်လုံးတွေပြူးကာ နှုတ်ခမ်းတွေဟသွားမှာ သေချာသည်။ ထိုင်နေရာမှ ထလိုက်မိမလိုဖြစ်သွားသည်။

ဒါကို ဒေါက်တာစိုင်းမောင်က ကျွန်တော် အရိုအသေပြုသည်ထင်ပြီး ...

"ထိုင် ... ထိုင် ညီလေး ထိုင်၊ အစ်ကိုကြီးကြွားလာခဲ့တဲ့ အစ်ကိုကြီးရဲ့ ဇနီးကောင်း ပါရမီဖြည့်ဖက်ဆိုတာ သူပဲကွ၊ နန်းယုယုလှိုင်တဲ့ မဆော့တူးလား တဲ ... တဲ ..." ဟု ရယ်၍မိတ်ဆက်ပေးသည်။ ဦးစိုင်းမောင်၏မိတ်ဆက်စကားကြောင့် နန်းယုယုလှိုင်က ရှက်သွားတန်ဖြင့် ပါးလေးများနီတွေး

www.burmeseclassic.com

www.burmeseclassic.com



သွားစဉ် ကျွန်တော်က ကျွန်တော့်ကိုယ်ကိုပြန်ထိန်းပြီး နေရာတွင်ပြန်ထိုင်လိုက်ရသည်။

"ပြီးတော့ ဒီ အစ်ကိုကြီးရဲ့သား၊ ဒီတစ်ယောက်ပဲရှိသေးတယ်" ဟု ကလေးကို ကောက်ယူပွေ့ချီလိုက်ပြီးမှ နန်းယုယုလှိုင်မျက်နှာကိုကြည့်ကာ ဆက်၍ပြောသည်။

"သူက အစ်ကိုကြီးပြောပြောနေတဲ့ ရန်ကုန်ကကျောင်းနေဖက် သူငယ်ချင်းရဲ့ညီ တရေးဆရာထွက်နေဖေ၊ နောက်တစ်ယောက်က ညီလေးရဲ့ မိတ်ဆွေပါပလစ်ရှာမောင်ဝင်းမြတ်"

"တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ" ဟုပြောသော ကျွန်တော့်စကားတို့ အနည်းငယ်မျှ အများသံ၍တုန်နေသည်။

နန်းယုယုလှိုင်က ခေါင်းကလေးညိတ်၍ "ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ အစ်ကို့လိုပဲ ကျွန်မကိုခင်ပါ" ဟုပြောသည်။ စကားသံမှာ ရှမ်းသံ အနည်းငယ်ပဲပြီး ချိုသာယဉ်ကျေးသည်။

ကျွန်တော်က နန်းယုယုလှိုင်ကို မသိမသာ ခိုးခိုးကလေးကြည့်ကာ အကဲခတ်လိုက်သည်။ ကျွန်တော် ဘဝသံသရာမှာတွေ့ခဲ့သော၊ ရွှေညောင်မှာ ဆင်းသွားပြီး အင်းလေးမှာအမှတ်မထင်ဆုံတွေ့လိုက်ရသည့် 'သုမ' နှင့် အတော်ကြီးတူနေသည်။ အသားအရည်၊ မျက်နှာအနေအထား၊ ကိုယ်ဟန် အချိုးအဆစ်း ထပ်တူမျှ တစ်ခုပဲရှိသည်။ နန်းယုယုလှိုင်ကဆံပင်အနည်းငယ် တိုသည်။ ဒါးလယ်ခန့်ပဲရှိမည်။ ကျွန်တော်၏ 'သုမ' က ဆံပင်ရှည်သည်။ တင်ပါးကျော်၍ ခြေသလုံးနားမရောက်တရောက်ထိဖြစ်သည်။ ပြီး အရွယ်နည်းနည်း ကွာသည်။ နန်းယုယုလှိုင်ကရင့်၍ သုမကနုသည်။

တွေ့တွေ့ချင်းက နန်းယုယုလှိုင်သည် ကျွန်တော်၏ 'သုမ' ဖြစ်သည်ဟု ပြင်းစွာရင်ခုန်သွားခဲ့သည်ကိုတွေးမိပြီး မလုံမလဲဖြစ်သွားမိသေး၏။ အတွေး



တစ်ခုကလည်းဝင်လာသည်။ 'သုမ' သည် နန်းယုယုလှိုင်နှင့် ရုပ်ချင်းဆင်တူလှသည်။ ညီအစ်မများဖြစ်နေလေမလား။ ဒေါက်တာစိုင်းမောင်ကလည်း ပင်းတယမှာ သူ့ဇနီး၏ညီမရှိသည်ဟုဆိုခဲ့သည်။ သို့ဖြစ်လျှင် 'သုမ' သည် ပင်းတယတွင်နေသော နန်းယုယုလှိုင်၏ညီမ ဖြစ်နိုင်ခွင့်ရှိလေသည်။

အတွေးနှင့်အတူ မျှော်လင့်ချက်ရောင်ခြည်များ ရင်တွင်းသို့တိုးဝင်လင်းချင်းကာ နွေးသွားသည်။

ဘေးတွင်ငြိမ်၍ထိုင်နေသော ဝင်းမြတ်ကိုလှည့်ကြည့်တော့လည်း နန်းယုယုလှိုင်ကို ငေးကြည့်နေကြောင်းတွေ့ရသည်။ သူသည်လည်း ကျွန်တော်၏ 'သုမ' များလားတု ဇဝေဇဝါဖြစ်နေပုံပေါ်သည်။

"ညီလေးတို့က ဘုရားပူးခရီးလာကြတာ၊ တောင်ကြီးနဲ့အင်းလေးတော့ ရောက်ပြီးပြီ၊ ပင်းတယကို မနက်ပြန်သွားကြမယ်၊ ဒီည ဒီမှာတည်းကြမယ်၊ ကဲ ဒီမနက်စပြီး ယုလက်ရာကလေးနဲ့ သူတို့ကိုဧည့်ခံပေးပါဦး"

နန်းယုယုလှိုင်ကပြုံး၍ ---

"ရတယ်အစ်ကို၊ ဒီမနက်စာလည်း ဟင်းလျာတွေက အဆင်သင့်ပဲ၊ ထမင်းပဲ နည်းနည်းထပ်ချက်ရမှာ၊ သူတို့ခဏနားပြီးရင် စားလို့ရပါပြီ၊ ဒါဆို ယု သွားပြီးလုပ်လိုက်ဦးမယ်၊ မောင်လေးတို့ ယုကိုခွင့်ပြုဦးနော်"

"ဟုတ်ကဲ့ပါ။ အစ်မကိုတောင် အားနာစရာကောင်းနေပြီ"

"ကိစ္စမရှိပါဘူးရှင့်၊ ယုတို့က မိတ်ဆွေတွေကို ဧည့်ဝတ်ပြုရတာကိုပဲ ဝမ်းသာတာပါရှင့်"

နန်းယုယုလှိုင် အတွင်းပြန်ဝင်သွားမှ ဒေါက်တာစိုင်းမောင်က သူ့သားကို ပေါင်ပေါ်တင်၍ ဆက်တိုမှာထိုင်သည်။

"အစ်ကိုကြီးတို့မိသားစုလေးကြည့်ရတာ စိတ်ချမ်းသာစရာကောင်းတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ဒေါက်တာစိုင်းမောင်ပြုံးသည်။

"တရေးဆရာကို အတွေ့အကြုံကရတဲ့ ဒဿနလေးပြောလိုက်ရဦးမယ်၊ အိမ်ထောင်တစ်ခုဟာ 'မေတ္တာပြည့်ပြည့်၊ သစ္စာရှိရှိနဲ့ အပေးအယူမျှမျှ' ဆိုတဲ့ အခြေခံအုတ်မြစ်သုံးချပ်နဲ့ တည်ဆောက်ရတယ်ကွယ့်၊ ဒါမှ သာယာချမ်းမြေ့တဲ့ တူနှစ်ကိုယ်ချစ်တိုင်းပြည်ကလေးဖြစ်မှာ၊ ဆိုလိုတာက လင်နဲ့မယား ချစ်ခြင်းမေတ္တာရယ်၊ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိဖို့ရယ်၊ တစ်ဦးနဲ့တစ်ဦး နားလည်ပြီး အပြန်အလှန်အပေးအယူမျှဖို့ရယ် အရေးကြီးတယ်၊ ငွေတို့ ဂုဏ်တို့က ပဓာနမကျဘူး"

"သိပ်ကောင်းတဲ့ အဘိဓမ္မာပဲအစ်ကိုကြီး"

ဒေါက်တာစိုင်းမောင်၏စကားကို ကျွန်တော်ကနှစ်ခြိုက်သဘောကျစွာ အပြည့်အဝထောက်ခံလိုက်မိစဉ် ကျွန်တော်၏အစ်ကို ကိုလင်းအောင်တို့ မိသားစုကို ပြေး၍သတိရလိုက်သည်။ ငွေနောက် အသဲအသန်လိုက်နေသော အစ်ကိုလင်းအောင်၏ ဂုဏ်ဓနမာနတွေဖြင့် ဝင့်ကြွားနေသော အစ်ကို့ဇနီး မမူယာ တို့၏ ရှုပ်ကြဲအိမ်ထောင်ရေး။

မတူညီသော အိမ်ထောင်နှစ်ခု၏အနှစ်သာရ။

အကယ်၍များ 'သုမ' နှင့် ဆုံဆည်းခွင့်ရလျှင် ဒေါက်တာစိုင်းမောင်၏ အိမ်ထောင်မှုချစ်ခြင်းအနုပညာကို စံပြုရမည်ဟုတွေးမိပြီး မိမိဘာသာ ပြုံးမိပြန်သေး၏။

'သုမ' ကမူ ဘယ်တွင်ရှိလေသည်မသိသာ။

## (၅)

"ဒေါက်တာရဲ့အိမ်ထောင်ရေးကို ငါအားကျတယ်ကွာ"

"ဟုတ်တယ် ဝင်းမြတ်၊ ငါလည်း အတူတူပဲ"

"သူတို့နှစ်ယောက်က အသက်တော့နည်းနည်းကွာမယ်နော်"

"အင်း၊ ငါးနှစ်လောက်ကွာလိမ့်မယ်၊ ဒါပေမယ့် ဦးစိုင်းမောင်က လူကြီးဆန်ပြီး နန်းယုယုလှိုင်က အနေနုနေပြန်တော့ အသက်ပိုကွာတယ် ထင်ရတာပေါ့"

"ဒေါက်တာက သူ့ဇနီးကို ဂရုစိုက်သလောက် နန်းယုယုလှိုင်ကလည်း ဒေါက်တာကို အရမ်းအလေးပေးတယ်၊ လေးစားတယ်၊ တစ်ယောက်ကို တစ်ယောက် အပြစ်မြင်တဲ့သဘော လုံးဝမရှိဘဲ နားလည်ခွင့်လွှတ်မှုတွေပဲ တွေ့ရတယ်"

"ဦးစိုင်းမောင်က ဇနီးအပေါ်သစ္စာလည်းရှိတယ်၊ တခြားအပျော်ရှာတဲ့ ပုံစံ လုံးဝမရှိဘူး"

"ဟဲ ... ဟဲ ... ဆရာဝန်ဖြစ်ပြီး မစွံဘူးပေါ့"

ဝင်းမြတ်က ပြောပြီးရယ်သည်။

"ငါ့အစ်ကိုလင်းအောင်နဲ့တော့ ကွာတယ်၊ အစ်ကိုလင်းအောင်က မမူယာကိုယူတော့ အခြေအနေကမတူဘူး၊ အစ်ကိုက သာမန်ပဲ၊ မမူယာက ချမ်းသာ တယ်၊ ဒါကြောင့် မမူယာကမာနကြီးတယ်၊ အစ်ကို့ကို အပေါ်စီး



www.burmeseclassic.com

www.burmeseclassic.com



က မြင်တယ်၊ အနိုင်ယူချင်တယ်၊ ဒါကို အစ်ကိုတမခံနိုင်ဘူး။ မခံနိုင်လို့ ငွေကို ရအောင်ရှာတယ်၊ ခုတော့ အစ်ကိုရဲ့ ကြိုးစားမှုနဲ့ အီလက်ထရောနစ်ဆိုင်ကြီး တစ်ဆိုင် ပိုင်ထားနိုင်ပြီ။ ဒါတင်မကဘူး၊ တခြားစီးပွားရေးတွေရှိသေးတယ်၊ ဒီလို ငွေရှာလို့ရနိုင်လာတော့ အစ်ကိုက မမှုယာကို ကလဲ့စားချေတဲ့သဘော နဲ့ ဂရုမစိုက်တဲ့ ဆက်ဆံရေးမျိုးလုပ်လာတယ်၊ သူတို့လင်မယားနှစ်ယောက် ကြည့်ရတာ တစ်အိမ်တည်းအတူနေပြီး ဝေးကွာနေကြသလိုပဲ၊ ဟန်ဆောင် ခြင်းတွေ၊ အပေါ်ယံအပြုံးတွေ၊ အနိုင်အထက်ပြောကြတာတွေ၊ သည်းမခံနိုင် ကြတာတွေ စတဲ့ဆန့်ကျင်ဘက်ဝိရောဓိတွေနဲ့ ပြည့်နေတယ်၊ အစ်ကိုတို့ အိမ်ထောင်ရေးကိုကြည့်ရတာ မီးတောင်တစ်ခုလိုပဲ၊ အချိန်မရွေး ထပြီး ပေါက်ကွဲသွားနိုင်တဲ့ အနေအထားမှာရှိတယ်”

မနေ့က ကလောမှာ ကျွန်တော်တို့လည်ပတ်ခဲ့ကြသည်။ ဘုရားတို့ဖူးခဲ့ ကြသည်။ မနေ့ညက ဒေါက်တာစိုင်းမောင်တို့အိမ်မှာအိပ်ပြီး ယခုမနက်စောစော ကလောမှကားဖြင့် လိုက်လာခဲ့ကြသည်။ ကလောမှ အောင်ပန်း။ အောင်ပန်းမှ တစ်ဆင့် ပင်းတယကားဖြင့်လိုက်ရသည်။

လမ်းတွင် ဝင်းမြတ်နှင့်ကျွန်တော် ဒေါက်တာစိုင်းမောင်တို့ အိမ်ထောင်ရေး နှင့် ပတ်သက်ပြီး ပြောဆိုလာကြခြင်းဖြစ်သည်။

ကျုံးရွာမှ ရွာငံ မန္တလေးလမ်းခွဲရှိသည်၊ ပွေးလှကို ကျော်လာခဲ့ရသည်။ ကားလမ်းမှာ ကားတစ်စီးစာခွဲပြီး လမ်းကျဉ်းသည်ဟုဆိုရမည်။ အကွေ့ အကောက်၊ အနိမ့်အမြင့် အတက်အဆင်းတွေများသည်။ ကားကို ဖြည်းဖြည်း မှန်မှန်သာ မောင်းရသည်။ လမ်းဘေးဝဲယာမှာ ဂျုံစိုက်ခင်းတွေ၊ ဂေါ်ဖီပန်းခင်း တွေ၊ ပန်းနှမ်းခင်းတွေ၊ လိမ္မော်ခြံတွေကို တွေ့ခဲ့ရသည်။

ပင်းတယတို့ရောက်တော့ နေ့လယ် ဆယ့်တစ်နာရီကျော်ကျော်။



ကားက ပုန်းတလုတ်ကန်နှင့် ဈေးရှေ့မှာ ဂိတ်ထိုးသည်။ ကားပေါ်မှ ဆင်းပြီးနောက် ဝင်းမြတ်က ....

“နေဝ ဒီကို ထမင်းစားပြီးမှ တည်းမယ့်အိမ်ကိုသွားမယ်ကွာ” ဟု ပြောသည်။ သူဆာနေပုံရသည်။

“အေး ကောင်းတယ်၊ ထမင်းစားချိန်ကြီးရောက်သွားရင် အိမ်ရှင်ကို အားနာစရာကောင်းတယ်”

ကျွန်တော်တို့ဈေးရှေ့က စားသောက်ဆိုင်မှာ ထမင်းဝင်စားကြသည်။ ထမင်းစားပြီးမှ ဝင်းမြတ်၏မိတ်ဆွေ ကိုဒီပအိမ်ကိုသွားကြသည်။ တဲတောင်း သည်ဆိုရမည်၊ ကိုဒီပကို အိမ်မှာအဆင်သင့်တွေ့ရ၏။

ကိုဒီပကလည်း လှိုက်လှဲပျူငှာစွာ ဆီးကြိုပါသည်။

ကိုဒီပနှင့် ခဏစကားပြောပြီးနောက် ခရီးဆောင်အိတ်များထားကာ ပင်းတယလိုဏ်ဂူသို့ထွက်လာခဲ့ကြ၏။ ဈေးရှေ့လမ်းဆုံမှ မြင်းလှည်းဖြင့် ဘုရားရှိရာတောင်ခြေသို့ ခရီးနှင်ရသည်။ ဘယ်ဘက်ခြမ်းမှာ ပုန်းတလုတ် ရေကန်ကြီး။ ညာဘက်ခြမ်းမှာ ပင်းတယတိုတယ်။ နောက်ဘက်မှာ တောင်တန်းမြင့်မြင့်ကြီး။ ထိုမှလွန်သော် သက်တမ်းရင့်လှပြီဖြစ်သော ညောင်ပိန္နဲပင်ကြီးတွေ။ အပင်ကြီး၏ အရိပ်ကောင်းသလောက် လှလိုက်သည့် အပင်ကြီးများ။

“ဗီဒီယိုတွေထဲမှာ ဒီညောင်ပင်ကြီးတွေကို မြင်ဖူးသလိုပဲ”

ဝင်းမြတ်က မှတ်ချက်ပြုသည်။

“တုတ်တယ်၊ တစ်ပုံရိုက်ရင် အရမ်းလှမယ်၊ သက်တမ်းရှည်ကြာနေတဲ့ အပင်ကြီးတွေပဲ”

တောင်ခြေကိုရောက်ပြီးတော့ တောင်ပေါ်ကိုတက်ဖို့ ကားစီးကြရသည်။ ကားဖြင့်မတက်လျှင်လည်း ခြေလျင်တက်နိုင်သည့်စောင်းတန်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်တော်တို့က နယ်မြေမကျွမ်းသဖြင့် ကားဖြင့်ပင်တက်လိုက်ကြသည်။ လိုဏ်ဂူကို မြန်မြန်ရောက်ချင်သည်လည်းပါသည်။

ပင်းတယလိုဏ်ဂူသို့ဝင်ရောက်ရာ မုခ်ဦးနှင့်ဆိုင်တန်းများရှေ့မှာ ကားကာ ခရီးဆုံးသည်။ ကျွန်တော်တို့က လိုဏ်ဂူသို့တက်ရာဓာတ်လှေကားကို သွား၍ စီးကြသည်။ ဓာတ်လှေကားတက်နေစဉ် ပုန်းတလှတ်ရေကန်၊ ညောင်ပင်ကြီးများ၊ စေတီများနှင့် အပေါ်စီးမြင်ရသော ရှုခင်းမှာ ရှုမငြီးစရာ။

ဓာတ်လှေကားမှထွက်လိုက်လျှင် လိုဏ်ဂူအဝသို့ရောက်သွားသည်။ လိုဏ်ဂူအဝမှ စေတီတော်ကိုဝတ်ပြုပြီးနောက် ဂူတွင်းသို့ဝင်ခဲ့ကြသည်။ မုခ်ဦးအမျိုးမျိုးဖြင့် ရုပ်ပွားတော်များ… တွင်း နေရာမလပ်ရှိနေသည်။ နံရံများပေါ်၌လည်းကောင်း၊ ကျောက်ဆွန်း… ကျောက်နံရံများပေါ်၌လည်းကောင်း ရုပ်ပွားတော်များကို ဖူးမဝနိုင်။ ဝက်ပါလည်းတွေ့ရ၏။ ဘုရားရုပ်ပွားတော်လက်ရာများမှာမှ အမျိုးမျိုးဖြစ်၏။ ရှေးခေတ်မှသည် ယခုတိုင်။

ဂူတွင်းသို့ဆက်၍ဝင်ခဲ့ကြရာ ရွှေထွက်ဘုရားရုပ်ပွားနှစ်ဆူကို ဖူးတွေ့ရသည်။ ကျန်းမာရေးအတွက်.ဆုတောင်းကြသည်ဟုသိရ၏။ ဂူအတွင်းပိုင်းသို့ ဆက်ဝင်ခဲ့ကြရာ အောင်မြေကိုတွေ့ရသည်။ အောင်မြေမှာ ဝပ်၍နှင်းပြီးလျှင် ကျောက်စည်ကျောက်ခေါင်းလောင်းကို ထိုးကြသည်။ ဆုတောင်းပြည့်ဘုရားမှာ ရှိခိုးဆုတောင်းပြီး ကျောက်စည်ကျတိုင်မှရေကို ခေါင်းတွင်လိမ်းကြသည်။

ဂူမှာ ကျယ်ဝန်းရာမှ တဖြည်းဖြည်းကျဉ်းသွားပြီး ပိတ်ထားသောဂူပေါက်သို့ ရောက်သည်။ ဤဂူပေါက်သည် ပုဂံတိုင်ပေါက်ရောက်သည်ဟု ဆိုကြ၏။

လိုဏ်ဂူရှိဘုရားများကို အားရအောင် လှည့်လည်ဖူးတွေ့ပြီး ပြန်ထွက်လာသောအခါ ဂူဝရှိအလှူခံဌာနတွင် အလှူငွေထည့်ဝင်လှူဒါန်းပြီး ပင်းတယလိုဏ်ဂူသမိုင်း ဗွီစီဒီတစ်ချပ်ကိုဝယ်သည်။ အမေ့အိမ်ဖြစ်သည်။



ပင်းတယလိုဏ်ဂူသို့မရောက်ဖူးသောအမေ့ကို ဗွီစီဒီတွင် ရောက်ရှိဖူးတွေ့နိုင်ရန် ဖြစ်၏။

လိုဏ်ဂူမှအဆင်းတွင် ဓာတ်လှေကားဖြင့်မဆင်းတော့ဘဲ စောင်းတန်းမှ ဆင်းလာခဲ့ကြသည်။

''လိုဏ်ဂူကြီးရဲ့တည်ရှိနေပုံနဲ့ ဘုရားတွေတည်ထားတာကတော့ တကယ့်ကိုအံ့မခန်းစရာပဲ''

ကျွန်တော့်စကားအဆုံးတွင် ဝင်းမြတ်က ....

''နိုင်ငံခြားသားတွေနဲ့ မြန်မာဘုရားဖူးတွေက အမြဲဒီလိုပဲ စည်နေတာပဲ ထင်တယ်၊ လမ်းပန်းခရီးသာ ဒီထက်ပိုကောင်းလာရင် ကမ္ဘာလှည့်ခရီးသည်တွေကို ပိုပြီးဆွဲဆောင်လာနိုင်မှာပဲ၊ ဒီမြို့ကလေးက အရမ်းကိုလှတယ်'' ဟု သူ့ယူဆချက်ကိုပြောသည်။

''ကဲ – တို့ ပင်းတယအမြန်လက်ဆောင်လေးတွေ ဝယ်ရအောင်''

''ကောင်းသားပဲ''

ဈေးဆိုင်တန်းများကိုလျှောက်ကြည့်ကြသည်။ ပဲပုပ်၊ လက်ဖက် စသည်များကို ရေနွေးကြမ်းဖြင့်မြည်းစမ်းနိုင်ရန် ဆိုင်တိုင်းလိုလိုရှေ့မှာ တည်ခင်းထားကြသည်။ ကျွန်တော်က လက်ဖက်ခြောက်နှင့်ပဲပုပ်ထုပ်များဝယ်သည်။ ဝင်းမြတ်လည်း ကျွန်တော့်လိုပင်။

''အဆင်းမှာ ကားနဲ့မဆင်းဘူးကွာ၊ ဟိုစောင်းတန်းကပဲ ဆင်းမယ်''

''အေး''

လိုဏ်ဂူမှ တောင်အောက်သို့ စောင်းတန်းလှေကားများအတိုင်း ကျွန်တော်တို့ဆင်းလာခဲ့ကြ၏။ စောင်းတန်းဘေးဘက်မှာ ကုက္ကိုပင်ရှိ ပျိုးပင်တန်းတွေက တမျှော်တခေါ်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ခြေမှ ပင်းတယမြို့တွင်းသို့ အလာတုန်းကလိုပင် မြင်းလှည်းစီးကြရသည်။

"ဝင်းမြတ်"

ဝင်းမြတ်က အပြင်ကိုငေးလာနေရာမှ ကျွန်တော့်ကိုလှည့်ကြည့်သည်။

"ဘာလဲကွ"

မြင်းခွာသံတဖျောက်ဖျောက်က စည်းဝါးနရီပမာ။ ကျွန်တော်က ရယ်ကျဲကျဲဖြင့် "နန်းယုယုလှိုင်တို့အပေအိမ်ကို ဆက်သွားကြမယ်ကွာ၊ ဦးစိုင်းမော်တို့ စာပေးလိုင်းလိုက်တာရှိတယ်" ဟု ပြောလိုက်သည်။

ဝင်းမြတ်က သဘောကျစွာ တဟားဟား ထရယ်သည်။

"ဟား ... ဟား ... ဇီကောင်၊ ဒီလိုမှပြောပါ့မလားလို့ သိနေတယ်ဇော်၊ ဇီရင်ဘတ်ထဲမှာ ပုဏ္ဏားလေးရှိတယ်"

"မင်းကလဲကွာ"

"ဟော့ကောင် ဟန်ဆောင်မနေနဲ့၊ နန်းယုယုလှိုင်ရဲ့ ညီမဟာ မင်းကောင်မလေးများဖြစ်နေမလားလို့ မင်း မျှော်လင့်တယ်မဟုတ်လား"

ကျွန်တော်ကပြုံး၍ခေါင်းညိတ်လိုက်သည်။ ကျွန်တော်၏ မလုံမလဲမျက်နှာကို ဝင်းမြတ်ကကြည့်ပြီး ဆက်၍ရယ်နေသည်။

"အေးကွ၊ ငါပြောဖူးတယ်မဟုတ်လား။ ရေမကူးတတ်တဲ့သူဟာ ရေထဲချလိုက်တာနဲ့ နစ်တော့တာပဲဆိုတာ"

"ဘာဆိုင်လဲကွ"

"ဆိုင်တယ်လေ၊ မင်း အခု အချစ်ရေနစ်နေပြီ"

"တော်စမ်းပါကွာ၊ မင်းစကားကြီးက အဓိပ္ပာယ်မဲ့လိုက်တာ၊ အချစ်အာရုံတက်လာတယ်ပြောပါ"



"အေးပါကွာ၊ ထားပါတော့"

ဝင်းမြတ်က စကားကိုအလျှော့ပေး၍ဖြတ်ပြီး ပုန်းတလှုတ်ရောကန်ကြီးဘက် ပြန်ငေးသွားသည်။ ကျွန်တော်က ဒေါက်တာဦးစိုင်းမောင်နှင့် နန်းယုယုလှိုင်တို့ပေးလိုက်သောစာကို အိတ်ထဲမှထုတ်၍ မြင်းလှည်းကို ရှိုက်မောင်းနှင်နေသော မြင်းလှည်းဆရာနားသို့ တိုးကပ်လိုက်သည်။

"နောင်ကြီး ဒီလိပ်စာအတိုင်း ကျွန်တော်တို့ကို ပို့ပေးပါလား"

မြင်းလှည်းဆရာက တပေါ်မှလိပ်စာကို မြင်းလှည်းမောင်းရင်းကဖတ်သည်။

"ရပါတယ်၊ မဝေးပါဘူး။ ဈေးဟိုဘက်နားတွင်ပါ"

မြင်းလှည်းဆရာ မြင်းဇက်ကြိုးကိုဆွဲ၍ ရပ်လိုက်သည်ဆိုလျှင်ပင် ကျွန်တော့်ရင်တွေပြောင်းဆန်အောင် လှုပ်ရှားလာသည်။ မြင်းလှည်းခရှင်းပေးသော ကျွန်တော့်လက်တွေတုန်နေ၏။ "ကျေးဇူးတင်ပါတယ် နောင်ကြီး" ဟု မြင်းလှည်းဆရာကိုပြောသော ကျွန်တော့်စကားသံတွေသည်တုန်နေ၏။

မြင်းလှည်းပေါ်မှဆင်းလိုက်ရသည့်မှာ သစ်ရွက်ကလေးပမာ ပေါ့ပေါ့ပါးပါး။ တုန်းမြင့်ကလေးပေါ်မှ ခြံဝန်းကျယ်တစ်ခုဖြစ်သည်။ ချယ်ရီပင်၊ မိန်ပန်းပင်၊ ထင်းရှူးပင်၊ သရက်ပင်၊ ထောပတ်ပင် စသည့်အပင်များနှင့် သစ်ခွပန်းဝင်များရှိသည်။ နှစ်ထပ်တိုက်ဖြစ်သည်။ ပုံစံအနည်းငယ်မျှ ရှိုးသော်လည်းလှပသည်။ အပြာနုရောင် ဆေးသုတ်ထားသည်။ ခြံစည်းရိုးကို သွပ်ဆန်ကာများကာရံထားပြီး တံခါးမှာ သံပန်းတံခါးဖြစ်၏။ တံခါးက စေ့ထားသည်။

တံခါးဝတွင် ကျွန်တော်နှင့်ဝင်းမြတ်တို့ရပ်ပြီး အထဲရှိ လှရိပ်လှဖြည်ကိုကြည့်နေစဉ် ကျွန်တော်တို့နားသို့ အသားညိုညိုနှင့် အသက်ဆယ့်လေးနှစ်ခန့်ရှိမည့် လုလင်ကလေးတစ်ဦးလည်းရောက်လာသည်။ အသားလတ်လတ်နှင့် လှချောကလေးဖြစ်သည်။ ဝတ်ဆင်ထားပုံမှာ နွမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com


သူသည် သည်အိမ်နှင့်ရင်းနှီးဟန်ရှိသဖြင့် ကျွန်တော်က သူ့ကိုမေးခွန်းထုတ်လိုက်သည်။

"ညီညီ ဒီအိမ်က ဦးမောင်လှိုင်တို့အိမ်လား"

သူက ခေါင်းခါသည်။ သူခေါင်းခါသဖြင့် ကျွန်တော်စိတ်ပျက်သွားမိ၏။ သူက အသံဝဲဝဲဖြင့် ဖြေသည်။

"မဟုတ်ဘူးခင်ဗျ။ ဒါ ဆရာမ ဒေါ်နန်းချယ်ရီလှိုင်တို့အိမ်"

"ဟာကွာ … အဲဒါအတူတူပေါ့။ ဦးမောင်လှိုင်ကအဖေ၊ နန်းချယ်ရီလှိုင်က သမီး"

"ကျွန်တော်က ဆရာမကိုပဲသိတာခင်ဗျ"

သူကလေး၏အသံက အတော်ကလေးဝဲပြီး ရိုးသားဟန်က ချစ်စရာကောင်းနေသည်။ ဝင်းမြတ်က သူကလေး၏အဖြေကို သဘောကျပြုံးနေ၏။

"မင်းက ဆရာမဆီကိုလာတာလား"

ကျွန်တော်က စူးစမ်းလိုက်သည်။

"မဟုတ်ဘူးခင်ဗျ"

"ဒါဖြင့် ဘာလာလုပ်တာလဲ"

"ကျွန်တော့်အစ်မကို လာကြိုတာခင်ဗျ"

"မင်းအစ်မက ဆရာမဆီ စာလာမေးတာလား"

သူကလေးက အိမ်ဆီသို့ လှမ်းကြည့်နေရင်း ….

"ဆရာမက ကျွန်တော်တို့လို ဆင်းရဲတဲ့ကလေးတွေကိုခေါ်ပြီး အလကား စာသင်ပေးတယ်ခင်ဗျ။ စာအုပ်ဖိုးတွေ ဘာတွေလည်းပေးတယ်၊ အစ်မက ဆယ်တန်းခင်ဗျ။ ဆယ်တန်းတွေကို ဆရာမက စာသင်ပေးတာ" ဟု ပြည့်စုံစွာ ရှင်းပြသည်။

"ဪ … ဟုတ်လား"

"ဆရာမက သိပ်သဘောကောင်းတာဗျ။ ဒီကလူတွေအားလုံး ဆရာမကို ချစ်ကြတယ်ခင်ဗျ"

သူကလေးက ထပ်ဆင့်၍ပင် သူ့ဆရာမကို ချီးမွမ်းခန်းဖွင့်နေပြန်သည်။ ဝင်းမြတ်ကဝင်၍ …

"ဆရာမက ချောရောမချောဘူးလား" ဟု နောက်လိုက်သည်။

"ချောတယ်ခင်ဗျ။ ဆရာမက ဒီမြို့မှာ အချောဆုံးပဲ"

ကျွန်တော် သူ့ အဖြေကိုသဘောကျစွာ ပြုံးလိုက်မိသည်။ သူတို့ချစ်သော၊ သူတို့ကြည်ညိုသော ဆရာမတစ်ယောက်ကို အလှဆုံး၊ အချောဆုံးဟု တပည့်များက မှတ်ထင်ကြသည်မှာ သဘာဝကျသည်ဟု တွေးမိသောကြောင့်ပါ။

ထိုစဉ် တိုက်အိမ်တံခါးပွင့်လာပြီး ကလေးတစ်စု စီစီညံညံဖြင့် ထွက်လာကြသည်။ မိန်းကလေးများရော ယောကျ်ားလေးများပါ ပါဝင်သည်။ ဆယ့်ခြောက် ဆယ့်ခုနစ်အရွယ်များဖြစ်သည်။ ဆယ့်လေးငါးယောက်ခန့်ရှိသည်။ သူကလေး ပြောစကားအရ ဆယ်တန်းကျောင်းသားများဖြစ်ဟန်ရှိသည်။ အတွင်းမှ "အိမ်ရောက်အောင် တန်းပြန်ကြနော်၊ လမ်းမှာလည်း ကားတွေဘာတွေ ဂရုစိုက်သွား" ဟူသော မှာကြားသံကိုလည်းကြားလိုက်ရ၏။ ချိုသာကြည်မြ၍ အသံသြဇာရှိကာ စေတနာငွေ့များပါသောအသံဟု ခံစားမိ၏။

ကျောင်းသားကျောင်းသူလေးများက "ဟုတ်ကဲ့ပါ ဆရာမ" ဟု၍ ပြန်လည်ဖြေကြားသံနှင့်အတူ ခြံဝမှထွက်လာကာ ကျွန်တော်တို့ကို အကဲခတ်ကြည့်ရင်း ကွေ့ရှောင်ထွက်သွားကြသည်။

ကလေးများအားလုံး ထွက်သွားကြပြီးမှ ကျွန်တော်နှင့်ဝင်းမြတ်တို့ ပွင့်နေသောခြံတံခါးမှဝင်လိုက်ကာ တိုက်ဆီသို့လျှောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်အုတ်ကြီးများဖြင့်ဆောက်ထားသော တိုက်အိမ်မှာ ထုထဲခံ့ညားလှပ နေသလို ပန်းအိုးများဖြင့်ပိုက်ထားသော အမျိုးမျိုးသောပန်းများဖြင့် မျက်နှာစာကို စနစ်တကျ လှပစွာခင်းကျင်းထားသည်။ တစ်ခြံလုံး ရှင်းလင်းသေသပ်နေသဖြင့် နေချင့်စဖွယ် နားရိုချင့်စဖွယ်ဖြစ်သည်။

ကျွန်တော်တို့ တံခါးဝသို့အရောက်တွင် ဆရာမနန်းချယ်ရီလှိုင်ကလည်း ကလေးများဖွင့်၍ထွက်သွားသောတံခါးကို ပိတ်ရန်ထွက်လာသည်။

မထင်မှတ်ဘဲ ကျွန်တော်တို့ကိုတွေ့လိုက်ရသောကြောင့်ထင်သည်။ သူမ မျက်နှာတွင် အံ့အားတသင့် အမူအရာများပေါ်လာပြီး မျက်လုံးဝိုင်းဝိုင်းကလေးဖြင့် ကြည့်နေသည်။

ကျွန်တော့်ရင် လှိုင်းတော်လဲသွားသည်။ တဖျပ်ဖျပ် တသိမ့်သိမ့် စီးကြောင်းများ ရင်ပြင်အနှံ့ပြတ်စီးသွားသည်။ တိုင်းတာ၍မရနိုင်သော ဗိုဟ်လှိုင်းများ၏ တုန်ခါမှု၊ ချိန်စက်၍မရနိုင်သော အပျော်ထုထည်၊ အမျိုးအမည်ခွဲခြား၍မရနိုင်သော ကြည်နူးမှုပန်းပေါင်းစုံတို့ဖြင့် ကျွန်တော့်ခန္ဓာကိုယ် လေထဲမြောက်ကြွသွားသည်ဟု ထင်လိုက်သည်။

ကျွန်တော့်မျက်နှာပြင်၌ ခံစားမှုအရိပ်သဏ္ဍာန်ပေါင်း မြောက်များစွာသည် စက္ကန့်ပိုင်းအတွင်း၌ မှုရေမတွက်နိုင်အောင် ရိုက်ခတ်ထင်ဟပ်သွားလိမ့်မည်ထင်၏။ ပျော်လင့်မှုတို့ကို ရုတ်ခြည်းပိုင်ဆိုင်လိုက်ရသည့် သူတစ်ဦး၏ အနိုင်းမဲ့အရသာတို့ဖြင့် လောကသည် အလှပဆုံးဖြစ်သွားသည်။

ဝင်းမြတ်ကလည်း ကျွန်တော့်လက်မောင်းကို ဖျတ်ခနဲလာဆုပ်သည်။ သူသည်လည်း ကျွန်တော့်လိုပင် အံ့ဩနေသည်ဟု လှည့်မကြည့်ဘဲသိလိုက်၏။

ကျွန်တော်တို့ကိုကြည့်၍ သူမက မင်တက်မိသလို၊ စကားလုံးတွေပျောက်ဆုံးနေသည့်အလား နှုတ်ခမ်းတို့လှုပ်နေသော်လည်း အသံထွက်မလာ ဖြူနုသောပါးပြင်ထက်၌ ပန်းရောင်တွေပြေးလွှားစုဝေးလာသလို ကျွေးညွတ်



နက်မှောင်သော မျက်ခုံးအစုံအောက်မှ ကြည်လဲ့ရွှန်းမြသောမျက်လုံးအစုံမှာ ဒိန်းပွင့်ကလေးများလို တလက်လက်။ ထိုမျက်ဝန်းများထဲမှ နက်ရှိုင်းတောက်ပသော အရိပ်ကလေးတစ်ခုကို ကျွန်တော့်နှလုံးသားက ခံစားတွေ့ထိလိုက်ရသည်ဟု ထင်သည်။

သူမ။

ကျွန်တော် ဘဝသံသရာတံတားတွင် စတင်တွေ့ရှိခဲ့သော သူမ။

ကျွန်တော် အင်းလေးတွင်ဆုံတွေ့လိုက်ရသော သူမ။

ကျွန်တော်ပြန်တွေ့ရန် အလွန်တရာမျှော်လင့်နေခဲ့သော သူမ။

နွဲ့နှောင်း၍ အချိုးအဆစ်ကျသော ပန်းပုရုပ်ကလေးတစ်ခုပမာ သူမ ကျွန်တော့်ရှေ့၌ ရောက်နေပေပြီ။ နက်မှောင်ရှည်လျားအိညက်သော ဆံနွယ်တို့က ပခုံးမှတစ်ဆင့်ကျော်၍ ရှေ့သို့ချထားသည်ဖြစ်ရာ ကောင်းခြင်းတရားတို့ စုဝေးနေသည့်ပမာ။ ရင်ဖုံးအင်္ကျီလက်ရှည်ကလေးပေါ်တွင် ချယ်ရီရောင် အနွေးထည်ကလေးနှင့် မြန်မာဆန်စွာ။

နန်းချယ်ရီ ... တဲ့။

ဒေါက်တာဦးစိုင်းမောင်၏ဇနီး နန်းယုယုလှိုင်၏ညီမ နန်းချယ်ရီလှိုင်။

သူမသည် ရုတ်တရက်ဖြစ်ပေါ်လာသော ခံစားမှုတို့ကို ကြာမြင့်စွာ ထိန်းလိုက်ကာ ညွတ်နူးသောအပြုံးတစ်ပွင့်ကို ဝှေးပွင့်စေလျက် ....

"ဘာကိစ္စများပါလဲရှင်" ဟု ရည်မွန်စွာမေးလာခဲ့သည်။

အခိုက်အတန့်၌ သတိလက်လွတ်ဖြစ်ကာ ရင်ခုန်နေသမျှနောက် မျောပါနေခဲ့သည့် ကျွန်တော်သည်လည်း မိမိကိုယ်ကိုအသိဖြင့်လှုပ်နှိုးကာ အိတ်ထဲမှစာကို နှိုက်ယူ၍ သူမကိုကမ်းပေးလိုက်ရင်း ...

"တလောက ဒေါက်တာဦးစိုင်းမောင်နဲ့ နန်းယုယုလှိုင်က စာပေးလိုက်တာပါ" ဟု ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


နန်းချယ်ရီက ကျွန်တော့်စာကိုလှမ်းယူ၍ စာအိတ်ပေါ်ရှိ လက်ရေးကို မျှော်ခန့်ကြည့်ပြီးနောက် ...

"အိမ်ထဲကိုဝင်ထိုင်ကြပါဦးရှင်" ဟု လိုက်လှဲလိုလားစွာဖိတ်ခေါ်သည်။ အထဲသို့ဝင်ရန်လည်း တံခါးရွက်ကို ကျယ်ကျယ်တွန်းဖွင့်ပေးသည်။

ကျွန်တော်တို့ အိမ်ထဲသို့ဝင်လိုက်ကြ၏။

ဧည့်ခန်းမှာ ခေတ်ရေစီးမဟုတ်သော်လည်း ခေတ်ကိုရင်ပေါင်တန်းစွာ ဖွဲ့စည်းခင်းကျင်းထားသည်။ ရုပ်မြင်သံကြား၊ ဗွီစီဒီ၊ ကက်ဆက် စသည့် အသုံးအဆောင်များ၊ ပန်းချီကားများကိုတွေ့ရသည်။ အနေအထား၊ တကျဖြင့် ပန်းချီဆန်စွာထားရှိမှုများကို သတိပြုမိ၏။ အိမ်ရှင်တို့၏အနုပညာကို ခန့်မှန်းနိုင်သည်ဟု ကျွန်တော်ယူဆသည်။

ဆက်တီများ၌ ကျွန်တော်တို့နေရာယူထိုင်လိုက်ကြစဉ် နန်းချယ်ရီ အထဲသို့ဝင်သွားသည်။ မကြာမီ ဧည့်ခန်းတွင်းသို့ ပြန်ဝင်လာကာ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်သည်။ ထိုအချိန်၌ အသက်ခြောက်ဆယ်ကျော် ခန့်ရှိမည့် ရိုးသားမွန်ရည်သောအမျိုးသမီးကြီးတစ်ဦးက ဗန်းကလေးကိုင် ထွက်လာပြီး ကျွန်တော်တို့ရှေ့ရှိစားပွဲတွင် ကော်ဖီနှင့်မုန့်များချပေးသည်။

အမျိုးသမီးကြီး အတွင်းပြန်ဝင်သွားသည်။

"ကော်ဖီသုံးဆောင်ကြပါဦး၊ အစ်ကိုကြီးနဲ့မမက ဆရာတို့နဲ့မိတ်ဆက် ပေးလိုက်ပါတယ်၊ နန်းတို့က သားအဖနှစ်ယောက်ပဲနေတာပါ။ အဖေက လိမ္မော်ခြံထဲသွားနေလို့ပါ။ တေတေကအဒေါ်ကြီးက နန်းတို့အဒေါ်ပါ၊ အိမ်မှာ လူနည်းလို့ နေ့လယ်မှာလာနေပေးပြီး ညနေ သူ့အိမ်ကိုပြန်ပါတယ်၊ ဆရာတို့ ဒီမှာတည်းခိုလို့ရပါတယ်"

စကားသံအနည်းငယ်မျှဝဲသည့်ယောင်ရှိဟန်ကပင် ချိုမြသောသံစဉ်ဂီတ တစ်ခုသဖွယ် နားမှတိုင် နှလုံးသားသို့စီးဝင်သည်။ မာန်မာနနှင့်အတ္တအရောင် အသွေးများ ကင်းစင်သော သန့်စင်အပြစ်ကင်းသည့် နန်းချယ်ရီ၏မျက်နှာကို ရင်ခုန်စွာငေးကြည့်မိစဉ် သူ့တပည့်ကလေးပြောခဲ့သော "ဆရာမက ဒီမြို့မှာ အချောဆုံးပဲ" ဟူသောစကားကို ကြားယောင်သည်။ အပြုံးနုနုပို ဝင်းချိုချို က ဟန်ဆောင်မှုမပါ။ လက်ကလေးကိုပေါင်ပေါ်တင်၍ ရိုးရိုးကလေးထိုင်နေ တန်က မိန်းကလေးပီသကြောင်းနှင့် တည်ကြည်ဣန္ဒြေရကြောင်း ဖော်ကျူး နေသည်ပမာ။

"ကျွန်တော်က ထွန်းနေပါ။ သူက ဝင်းမြတ်ပါ"

ကျွန်တော်က ကျွန်တော်တို့နှစ်ယောက်ကို နန်းချယ်ရီကိုပြောစွာသိစေရန် နှင့် စိမ်းနေမှုကိုလျှော့ချရန် မိတ်ဆက်စကားကိုဆိုလိုက်သည်။

အပြုံးဖူးဖူးလေးဖြင့်ပင် ...

"ဟုတ်ကဲ့၊ ဆရာ့ရဲ့ဝတ္ထုတွေ နန်းဖတ်ဖူးပါတယ်၊ နန်းနာမည်အပြည့် အစုံက နန်းချယ်ရီပါ" ဟု ရည်မွန်စွာတုံ့ပြန်သည်။

"နန်းချယ်ရီက ဆရာမနော်"

"ဟုတ်ပါတယ်ရှင့်၊ အထက်တန်းပြဆရာမပါ၊ ဒီပင်းတယ အထကမှာ တာဝန်ထမ်းဆောင်ပါတယ်"

"တေတေက မြို့မှာ ကျောင်းသားကျောင်းသူတွေ တွေ့လိုက်ရတယ်၊ နန်းချယ်ရီက ကလေးတွေကို အချိန်ပိုပေးသင်ပေးတာလား"

"ဟုတ်ကဲ့ အဲဒီလိုပြောလို့ရပါတယ်၊ တချို့ကနွမ်းပါးကြတယ်လေ၊ အမြင် မှာ ကျူရှင်တွေဘာတွေမတက်နိုင်ကြဘူး၊ တချို့ကလည်း မိဘတွေရဲ့စိုက်ခင်း တွေမှာ ဝိုင်းကူရပြီး ကျူရှင်တက်ချိန်မရတာလည်းရှိတယ်၊ တချို့ကလည်း ကျောင်းမှာ စာမလိုက်နိုင်တာရှိတယ်၊ အဲဒီကလေးတွေကို နန်းက ကူညီပေး တာပါ၊ နန်းတတ်စွမ်းသလောက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီ၏စကားထဲမှာ သူမကိုယ်သူမ ဝင့်ထည်မှုမပါကြောင်း သတိပြုမိပြီး လေးစားအထင်ကြီးမိသွားသည်။ နှလုံးသားအလှကို မြင်လိုက်ရသည်ဟုလည်း မှတ်ကျောက်တင်မိ၏။

"ကျွန်တော်က ကျောင်းဆရာမဟုတ်ပေမယ့် ကလေးတွေကိုတော့ ချစ်တယ်၊ အနာဂတ်အတွက် သူတို့ကို ကျွန်တော်တို့က အားကိုးကြရမှာ၊ သူတို့ကို အစွမ်းကုန်ပွင့်စေချင်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ဝတ္ထုတိုကလေးတွေက သူတို့ကိုဦးတည်ပြီးရေးတာများပါတယ်"

နန်းချယ်ရီ ခေါင်းညိတ်သည်။

ဝင်းမြတ်က တစ်စုံတစ်ရာဝင်မပြောဘဲ ပရိသတ်လုပ်နေသည်။ ကျွန်တော့်ကို ရှေ့တင်၍ သူကနောက်တွင်ပို့နေကြောင်း နားလည်သည်။

"ကော်ဖီတွေ သုံးဆောင်ပါဦး၊ အေးကုန်ပြီ"

"ဟုတ်ကဲ့"

ကျွန်တော်တို့ ကော်ဖီခွက်များလှမ်းယူ၍ သောက်လိုက်ကြသည်။

"ပင်းတယလိုက်ဂူဘုရားတွေ ဖူးပြီးပါပြီလားရှင့်"

နန်းချယ်ရီကမေးသည်။

"ဟုတ်ကဲ့၊ ဘုရားဖူးပြီး ဒီကိုလာတာပါ"

"ပစ္စည်းတွေကော ဘယ်မှာထားခဲ့လဲ၊ နန်းတို့ဆီမှာ တည်းမှာမဟုတ်ဘူး"

"မဟုတ်ပါဘူးခင်ဗျ၊ ကျွန်တော်တို့မိတ်ဆွေတစ်ဦးအိမ်မှာပဲ တည်းမှာပါ၊ ပစ္စည်းတွေလည်း အဲဒီမှာထားခဲ့ပါတယ်"

"နန်းတို့ကို အားနာစရာမရှိပါဘူးနော်၊ ဆွေမျိုးသားချင်းလို့ မှတ်ထင်လို့ ရပါတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"



"ဘယ်တော့ ပြန်ကြမှာလဲရှင့်"

"မနက်ပြန်ပါ"

"ဒီညတ နန်းတို့ကျွေးပါရစေ၊ အမေနဲ့လည်း တွေ့ရတာပေါ့၊ အမေက ညနေဆိုပြန်ရောက်မှာ"

"ဟာ ... နေပါစေ"

ကျွန်တော်က လက်ကာငြင်းမိ၏။

"နန်းတို့စေတနာကိုလက်ခံပါရှင့်၊ နန်းတို့ ဒီဒေသသားတွေက ဧည့်သည်ကို ဧည့်ဝတ်ကျေအောင်ပြုစုရမှ ကျေနပ်ပါတယ်ရှင့်"

ကျွန်တော်က ဝင်းမြတ်ကို လှည့်ကြည့်တော့ သူကခေါင်းညိတ်ပြသည်။

သူ၏ခေါင်းအညိတ်နှင့်အကြည့်မှာ အဓိပ္ပာယ်ပါသည်။ ကျွန်တော့်အတွက်ဟုသော ....။

"အဲဒါဆိုရင် ကျွန်တော်တို့ ညနေမှပဲ တစ်ခေါက်ပြန်လာတော့မယ်၊ တည်းတဲ့အိမ်က မိတ်ဆွေနဲ့တောင် စကားအေးအေးဆေးဆေးမပြောခဲ့ရသေးဘူး၊ သူက ကျွန်တော်တို့အတွက် ညစာပြင်ထားရင် အလကားဖြစ်ကုန်မှာလည်း စိုးလို့ပါ"

"ဟုတ်ကဲ့၊ နန်းဆန္ဒကိုခွင့်ပြုတာ ကျေးဇူးတင်ပါတယ်ရှင့်"

ဩော် ထမင်းကျွေးရမည့်သူကပဲ ကျေးဇူးတင်ရပြန်သတဲ့။ တွေးမိပြီး ကျွန်တော်ပြုံးချင်မိသည်။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကျွန်တော်တို့က ပြန်ရန်ထိုင်ရာမှထလိုက်သောအခါ နန်းချယ်ရီပါ ထ၍ ရပ်သည်။ ဧည့်ခန်းမှထွက်လာသောအခါ ဝင်းမြတ်ကရှေ့က၊ ကျွန်တော်က နောက်က၊ ကျွန်တော့်နောက်မှာ နန်းချယ်ရီ။

www.burmeseclassic.com

www.burmeseclassic.com



"နန်းတို့ တိုတစ်လောက ဘောဂိကြီးမီးပုံးပွဲနဲ့ အင်းလေးဖောင်တော်ဦး ဘုရားကို သွားကြတယ်နော်"

ကျွန်တော်က နန်းချယ်ရီဘက်သို့လှည့်၍ ပြောလိုက်သည်။ ကျွန်တော်၏ စကားမှာ အဓိပ္ပာယ်များစွာတာသွားလေသည်ကို သူမသိပေလိမ့်မည်။ ပြောရင်း က နန်းချယ်ရီ၏မျက်နှာကလေးကိုလည်း မတ်မတ်ကြည့်မိ၏။ နန်းချယ်ရီ ချက်ခနဲ ကျွန်တော့်ကိုကြည့်လိုက်ပြီးမှ ကျွန်တော့်အကြည့်များနှင့်ဆုံသွား သောကြောင့် မျက်လွှာကို ကမျာကယာပြန်ချသွားသည်။ သူမသည်လည်း ရင်ခုန်သွားပါသလား။

"တုတ်ကဲ့ ..."

"ကျွန်တော် နန်းကိုတွေ့လိုက်တယ်"

"တုတ် ... တုတ်ကဲ့ ..."

"ဘဝသံသရာတံတားက သိပ်လှတယ်နော်"

"တုတ် ..."

ခေါင်းကလေးကို မသိမသာငုံ့ထားသော နန်းချယ်ရီ၏အသံ တိုးညှင်း သွားသည်။ မျက်လွှာပင့်ကြည့်သည်မှာ ကျွန်တော့်အကြည့်ရိုင်းတွေကြောင့် ပဲလား။ သူမနှလုံးသားကပင် မလုံသောကြောင့်ပဲလား။ ကျွန်တော်ခံစားချက် တွေ သူမရင်၌ ကူးစပ်ကိန်းဝပ်သွားသောကြောင့်ပဲလား။

"ကျွန်တော်တို့ သွားမယ်နော်၊ နန်း လိုက်မပို့နဲ့တော့"

"တုတ် ..."

နန်းချယ်ရီ တံခါးဝမှာကျန်ခဲ့သည်။ ခြသေ့်လှည့်ပြန် လှည့်ကြည့်ချင်သော စိတ်ကို အမြဲချုပ်ငြိမ်ထားလိုက်ရသည်။ ခြေလှမ်းတွေမရွေ့ချင်။ နန်းချယ်ရီ နှင့် တစ်ဝဝါးမျှ ဝေးရချင်းသည်မှာ နှလုံးသားထဲကအလိုပြစ်သည်။

ပင်းတယသည် နေ့လယ်၌ပင် စိမ့်စိမ့်ကလေးရှိနေ၏။

(၆)

မုလကရည်ရွယ်ထားသည်မှာ ပင်းတယမှအောင်ပန်းကို ပြန်ဆင်းပြီး အောင်ပန်းမှနေ၍ ရွှေညောင်မှဆင်းလာသော ရထားကိုစောင့်၍စီးမည်။ သာစည်တွင်ဆင်းမည်။ မန္တလေးမှလာသော အစုန်အမြန်ရထားကို ဆက်၍ စီးမည်။ ဆိုလိုသည်မှာ ရန်ကုန်သို့တိုက်ရိုက်ပြန်ရန်ဖြစ်၏။ ကလောသို့ပြန်ဝင် ရန် စိတ်ကူးမရှိ။

သို့သော် ...

ပင်းတယမှအပြန် ကားပေါ်၌ ....

"ငါ ကလောကိုဝင်ချင်တယ်ကွာ" ဟု ကျွန်တော် ရုတ်တရက် ကောက်ကာငင်ကာပြောသောအခါ ဝင်းမြတ် အံ့ဩတကြီးကြည့်သည်။

"ဘာလုပ်ဖို့လဲ"

"အစ်ကိုကြီး ဆေးက်တာ စိုင်းမောင်နဲ့ဝင်တွေ့ချင်လို့ စကားပြောချင်လို့"

"တား ... တား ... ဟား ..."

ဝင်းမြတ်သဘောကျစွာထ၍ရယ်သည်။ ဝင်းမြတ်ရယ်သံကြောင့် ကားပေါ် မှ ခရီးသည်တွေပင်လှမ်းကြည့်ကြ၏။ ဝင်းမြတ်က အရယ်အတောမသတ် သေးဘဲ ...

"သိနေတယ်နော်၊ ဖိုရင်ဘတ်ထဲမှာ ပုဏ္ဏာလေးရှိတယ်" ဟု ပြောပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိရင်လည်းပြီးတာပဲကွာ"

"ဟေ့ ... အချစ် ... အချစ် ... အချစ်ဆိုသည်မှာ မူလခရီးစဉ်များကို ကပြောင်းကပြန်ဖြစ်စေသော အရာကြီးပါတကား"

"မင်း ကိုယ်ချင်းစာကြည့်ပေါ့ ဗိုကာတွန်းရာ"

"ဟာ .. ငါမှ မချစ်ဖူးသေးတာ၊ မချစ်တတ်သေးတာ"

"မင်းမှာ ကောင်မလေးတွေ အများကြီးပဲဟာ"

"အဲဒါက တစားတာကွ၊ ပျော်စရာကမ္ဘာလေးကို သွားလည်တာ၊ အဲ မင်းက သူရဲရထားစီးတာ၊ မတူဘူး"

ကျွန်တော် ဝင်းမြတ်ကိုစကားမပြိုင်မပြောတော့ပါ။

မနေ့ကညနေမှာ ဝင်းမြတ်နှင့်ကျွန်တော်တို့သည် နန်းချယ်ရီတို့အိမ်သို့ ညစာထမင်းသွားစားခဲ့ကြသည်။ နန်းချယ်ရီက ရှမ်းထမင်းသုပ်၊ ဖက်ထုပ်၊ တို့ဟူးကြော်၊ ပဲပုပ် စသည့် ရှမ်းအစားအစာများ ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် ပြင်ဆင်ကျွေးမွေးသည်။ လက်ရာကောင်းသလို စေတနာလည်းကောင်းလှ သောကြောင့် ကျွန်တော်တို့ အားပါးတရစားမိကြသည်။ နန်းချယ်ရီ၏ မျက်နှာကလေးကိုကြည့်၍လည်း စား၍မြိန်သည်ထင်မိ၏။ စားသောက်ပြီး နောက် နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်နှင့်လည်း စကားလက်ဆုံကျခဲ့သည်။ ဦးမောင်လှိုင်မှာ သဘောမနောကောင်းသူဖြစ်ပြီး ရိုးသားပွင့်လင်းသည်။ ဦးမောင်လှိုင်သည် မန္တလေးသားဗမာလူမျိုးဖြစ်၍ တာဝန်ဖြင့် ပင်းတယသို့ ရောက်လာရင်း နန်းချယ်ရီတို့မိခင် ရှမ်းအမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ နန်းချယ်ရီတို့ညီအစ်မကို မွေးပြီးနောက် နန်းချယ်ရီလေးနှစ်သမီး အရွယ်မှာ နန်းချယ်ရီတို့၏မိခင် ကွယ်လွန်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဦးမောင်လှိုင်က နောက်ထပ်အိမ်ထောင်မပြုတော့ဘဲ သမီးနှစ်ယောက်ကို ဖခင် မေတ္တာရော မိခင်မေတ္တာပါပေးကာ ပြုစုစောင့်ရှောက်လာခဲ့သည်။



ထို့နောက် နန်းယုယုလှိုင်က ဒေါက်တာဦးဗိုလ်မောင်နှင့် မေတ္တာမျှ၍ ကလောတွင်နေသောအခါ နန်းချယ်ရီတို့ သားအဖနှစ်ဦးက ပင်းတယမှာ ကျန်ရစ်သည်။ ဦးမောင်လှိုင်က ဝန်ထမ်းဘဝမှပင်စင်ယူကာ လိမ္မော်ခြံစိုက် သည်။ စီးပွားရေးသင့်တင့်သည်။ နန်းချယ်ရီက ပညာရေးဘွဲ့ရပြီး ဆရာမ ဖြစ်လာသည်။ ပင်းတယမှာပင် တာဝန်ပြန်ကျသည်။

ကျွန်တော်တို့ကလည်း ကျွန်တော်တို့အလုပ်များအကြောင်း ပြောကြ သည်။ ဦးမောင်လှိုင်နှင့် စကားလက်ဆုံကျရာတွင်မူ ဝင်းမြတ်က ဦးဆောင် သည်။ ကျွန်တော်က အပြည့်အထောက်သာ။ တစ်နည်းအားဖြင့် နန်းချယ်ရီ နှင့် ကျွန်တော် ပိုမိုရင်းနှီးမှုရရန် ဝင်းမြတ်က ဦးမောင်လှိုင်နှင့် စကားတောင်ဖွဲ့ ခဲ့ခြင်းဖြစ်သည်။

နန်းချယ်ရီက စကားဝိုင်းမှာ ဝင်၍ပြောဆိုခြင်းမရှိ။ ရေနွေးကြမ်းနှင့် စားဖွယ်ရာများကို ဖြည့်ရင်းပံ့ပိုးခြင်းသာပြုသည်။

ညဉ့်မိုးချုပ်မှ ကျွန်တော်တို့ တည်းခိုအိမ်သို့ပြန်ခဲ့ကြ၏။

ခြံဝသို့လိုက်ပို့သော နန်းချယ်ရီအား အခွင့်ရခိုက် ကျွန်တော်စကားပြော ခဲ့သည်။

"ကျေးဇူးတင်ပါတယ် နန်း၊ ကျွန်တော့်အတွက် တစ်သက်မမေ့နိုင်စရာ နေ့ကလေးတစ်နေ့ပါပဲ"

နန်းချယ်ရီအနေဖြင့် ကျွန်တော့်နှလုံးသားကို ပြတင်းပေါက်ဖြစ်သော မျက်လုံးများမှလည်းကောင်း၊ စကားများမှလည်းကောင်း မြင်တွေ့လိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော့်စကားကို ခွန်းတုံ့ပြန်ခြင်းမရှိသော်လည်း ကြည်နူးပြုံးဝင်းမှုဖြင့် ခေါင်းကလေးညိတ်ပြကာ အသိအမှတ်ပြုပါသည်။

ကျွန်တော်က နောက်တစ်ခွန်းထပ်ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"နန်းနဲ့ဆုံတွေ့ခွင့်ရတာ ကျွန်တော့်အဖို့ ဘယ်လိုမှတန်ဖိုးဖြတ်လို့မရနိုင်တဲ့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုပါပဲလို့ ပြောချင်ပါတယ်ဗျာ"

နန်းချယ်ရီ မျက်လွှာချ၍ ခေါင်းကလေးငုံ့သွားသည်ကိုတွေ့ရ၏။ ရှက်သွားသောကြောင့်လား။ ကျွန်တော့်ဆိုလိုရင်းကိုနားလည်ပြီး သူမ၏မျက်နှာမှ အရိပ်အယောင် အမှောင်အလင်းများ ပြောင်းလဲသွားခြင်းကို မမြင်စေလိုသောကြောင့်လားမှ မဝေခွဲနိုင်။ နှုတ်ခမ်းကလေးတွေမှာ အေးသတွေတဲ့ပိုနေခြင်းမရှိဟုတော့ ကျွန်တော်အကဲခတ်မိသည်။

နှုတ်ဆက်ထွက်လာခဲ့သည်ထိမှ ကျွန်တော့်ရင်ခုန်သံမြန်ဆဲ၊ လက်ဖျားတွေ အေးစက်ကာတုန်နေဆဲ။ အရဲစွန့်ပြီးပြောခဲ့ရသော ဘဝ၏ပထမဆုံးသော ခံစားချက်များကို နန်းချယ်ရီတနာသဘောပေါက်မည်ဟု မျှော်လင့်ပါသည်။

လမ်းကျမှ ဝင်းမြတ်က ...

"မင်း ယောက္ခမလောင်းကြီးကို ငါက အပြတ်ဖောပေးနေတာ မင်းအတွက် နန်းချယ်ရီနဲ့စကားပြောခွင့်ရအောင်လို့ဟ" ဟု ရယ်၍ပြောသည်။ ကျွန်တော်တို့နှစ်ယောက်အဖို့ တာရှည်သော နှလုံးသားစစ်ဆင်ရေးကြီးတစ်ခုကို ဆင်နွှဲခဲ့ကြခြင်းသာ။

"ကျေးဇူးတင်ပါတယ် ဗိုကာတွန်းရယ်"

"ငါ့ကို ကျေးဇူးတင်ဖို့မလိုဘူး။ နန်းချယ်ရီဆီက တုံ့ပြန်မှုပဲ အရေးကြီးတယ်"

"ငါ ရန်ကုန်မပြန်ချင်သေးဘူးကွာ"

"တာ ... အဲဒါမှ ပြဿနာပဲ၊ မပြန်လို့မဖြစ်ဘူး၊ ရန်ကုန်မှာ အလုပ်တွေရှိသေးတယ်၊ ပြီးတော့ မင်းဒီမှာဆက်နေပြီး ဘာလုပ်မှာလဲ"

"သူ့ကို ထပ်တွေ့ချင်သေးတယ်"



"သွားပြီ ငါ့ကောင် ဆေးတောင်မရတော့ဘူး။ ကုရာနတ္ထိဆေးမရှိတဲ့ အချစ်အအိုင်ဒီအက်စ်ပဲ"

"ပေါ့ကောင် ဒါ နောက်စရာမဟုတ်ဘူး"

ဝင်းမြတ်က ကျွန်တော့်ပခုံးကိုဖက်လိုက်သည်။

"မျော်လို့ပါကွာ၊ မင်းရင်ထဲမှာ အချစ်ရှိလာတာကို ငါကပါ ဝမ်းသာပြီးမျော်နေလို့ပါ။ ဒါပေမယ့်သူငယ်ချင်း ဒီမှာဆက်နေပြီး နန်းချယ်ရီအိမ်ကို ထပ်ခါထပ်ခါ သွားချင်လို့တော့ မသင့်လျော်ဘူးဆိုတာ မင်းတွေးပါဦး"

"ငါသိပါတယ်ကွာ၊ ဒါပေမယ့်ကွာ ... ရန်ကုန်ကိုပြန်သွားပြီးရင် သူ့ကို ထပ်တွေ့ရဖို့ဆိုတာ မလွယ်လှတော့ဘူး။ မိုင်ရာပေါင်းများစွာဝေးတာလေကွာ"

"အခွင့်အရေးကို ထပ်ပြီးဖန်တီးကြတာပေါ့နေရော၊ အခုတစ်ခါတည်းတွေ့ ပြီး အခုတစ်ခါတည်း မင်းအချစ်ကိုဖွင့်ပြ၊ သူ့အချစ်ကိုရအောင်ယူဖို့ဆိုတာထက်စာရင် ဟို မိုင်ရာပေါင်းများစွာကနေ နောက်တစ်ကြိမ် သူ့ဆီကိုရောက်အောင်လာရတယ်ဆိုတာက ပိုပြီးမလေးနက်ဘူးလား"

သဘာဝကျလွန်းလှသော ဝင်းမြတ်၏စကားကို ကျွန်တော်လက်ခံလိုက်ရသည်။

သို့ဖြင့်ပင် ကျွန်တော်တို့ ရန်ကုန်ပြန်ဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ သို့သော် ပင်းတယမှထွက်ခွာလာပြီးချိန်၌ နှလုံးသား၏စေ့ဆော်မှုကြောင့် ဦးနှောက်က အတွေးအကြံတစ်ခုပြုလာခဲ့သည်လေ။ ကလောကိုဝင်မည်။ အစ်ကိုကြီးဖေါက်တာမိုင်းမောင်နှင့်ဝင်တွေ့မည်။ ရင်ထဲကအကြောင်းအရာတချို့ကိုပြောမည်။ သိလိုသောအချက်တချို့ကိုမေးမည်။

ယင်းကိုကြိုမြင်နေသော လူပါးဝင်းမြတ်က "သိနေတယ်နော်၊ ငါ့ရင်ဘတ်ထဲမှာ ပုဏ္ဏားလေးရှိတယ်" ဟု ပြောခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကောင်းဖြစ်သော ဝင်းမြတ်မှာ ကျွန်တော့်အလိုကို ဖြည့်သည်။ ပြီး ကလောကိုပြန်ဝင်ဖို့ သဘောတူရှာသည်။

ကလောရှိ မီးရထားဆေးရုံ ဆရာဝန်ကြီးရုံးခန်းထဲသို့ ကျွန်တော်တို့ နှစ်ယောက်ဝင်လိုက်သောအခါ စားပွဲတွင်အလုပ်လုပ်နေသော ဒေါက်တာ စိုင်းမောင်က မော့ကြည့်ပြီး အံ့အားသင့်သွားသည်။

"မင်းတို့ တစ်ခါတည်း ရန်ကုန်တန်းပြန်ကြမယ်ဆို"

ကျွန်တော်က ရယ်ကျဲကျဲဖြင့်

"ဟုတ်ပါတယ်၊ ဒါပေမယ့် ပင်းတယအပြန် အစ်ကိုကြီးဆီဝင်ရ အကြောင်းပေါ်လာလို့ပါ" ဟု အရှက်ရော၍ ဖြေလိုက်ရသည်။

"ဒါဆို ဒီည ဒီမှာအိပ်။ မနက်ဖြန်ရထားနဲ့မှပြန်၊ ကဲ မင်းတို့အိတ်တွေ ပေး။ အစ်ကိုကြီး တပည့်တွေကို အိမ်ပို့ခိုင်းထားမယ်၊ မင်းတို့အစ်မကိုလည်း ညစာစီစဉ်ဖို့ မှာလိုက်ရမယ်၊ မင်းတို့ခဏထိုင်၊ အစ်ကိုကြီး ဒီအလုပ်လေးပြီးရင် အပြင်သွားပြီး တစ်ခုခုစားကြမယ်"

"ကျွန်တော်တို့မနက်စာစားပြီးပြီအစ်ကိုကြီး၊ ခုပဲ ဈေးထဲမှာစားလာတာ"

"အေး ဒါဆိုလည်း လက်ဖက်ရည်သောက်ရင်း စကားပြောတာပေါ့ကွာ၊ မင်းမှာ ပြောစရာပါလာတယ်ဆို"

ကျွန်တော် ပြုံးနေလိုက်ရသည်။

အစ်ကိုကြီး ဒေါက်တာစိုင်းမောင်က ကျွန်တော်တို့ခရီးဆောင်အိတ်များ ကို သူ့ဝန်ထမ်းလူငယ်တစ်ယောက်အား အိမ်သို့ပို့ခိုင်းပြီး မှာစရာရှိသည်များ ကို မှာသည်။

ထို့နောက် လုပ်စရာအလုပ်များ ပြီးပြတ်အောင်ဆောင်ရွက်သည်။ နာရီဝက်ကျော်ကျော်၊ ကျွန်တော်တို့ခြေညောင်းလက်ဆန့် အပြင်ထွက် လမ်း လျှောက်ရင်း ကလောဘူတာလေးကိုငေးရင်း စကားပြောကြသည်။



ဒေါက်တာစိုင်းမောင်က အလုပ်ပြီး၍ထွက်လာသောအခါ ကျွန်တော်တို့ကို ခေါ်၍ လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။

လက်ဖက်ရည်ဆိုင်တွင် မုန့်၊ လက်ဖက်ရည်များမှာပြီးနောက် အစ်ကိုကြီး ဒေါက်တာစိုင်းမောင်က ...

"ကဲ ... ပြော၊ ညီလေးက အစ်ကိုကြီးနဲ့ မယားညီအစ်ကိုတော်ချင်တဲ့ အကြောင်း ပြောမှာမဟုတ်လား"

"ခင်ဗျာ"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

"အစ်ကိုကြီးသိတယ်လေ၊ မင်းတို့ ဒီကနေ ပင်းတယဘုရားဖူးသွားမယ်၊ ပင်းတယကနေ ရန်ကုန်ပြန်မယ်လို့ ပြောသွားတာ၊ အစ်ကိုကြီးနဲ့ ပြောစရာ ဆိုစရာ၊ ကလောမှာ လုပ်စရာကိုင်စရာ ဘာမှမရှိတာ၊ မင်းတို့ ပင်းတယ ကနေ ရန်ကုန်တန်းမပြန်နိုင်ဘဲ အစ်ကိုကြီးဆီပြန်ဝင်လာရတယ်ဆိုကတည်း က နန်းချယ်ရီလှိုင်ကိုတွေ့ခဲ့ပြီး ရင်ခုန်လာလို့ဖြစ်မယ်ဆိုတာ အစ်ကိုကြီး တွက်လိုက်မိပြီပေါ့ကွာ"

"အစ်ကိုကြီး ... ဒီက ... ဒီကလေ ... ဟို ..."

ဘေးမှဝင်းမြတ်၏ရယ်သံကို ကြားရသည်။ ဒေါက်တာစိုင်းမောင်က ဆက်၍ ....

"ဟာကွာ ... အခုမှ ရွေးအကြီးလှည်းနင်းသလို လုပ်မနေပါနဲ့ မင်း မျက်လုံးက အားလုံးဝန်ခံနေပါပြီ၊ ဒီမှာ ညီလေး ... နန်းချယ်ရီလှိုင်ဟာ ချောရုံ လှရုံမဟုတ်ဘူး၊ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ စိတ်နှလုံးသဘောထား ကောင်း တယ်၊ ထူးချွန်သိက္ခာရှိတယ်၊ ကိုယ်ကျင့်တရားပြည့်စုံတယ်၊ ဆရာမကောင်း တစ်ယောက်လည်းဖြစ်တယ်၊ ကလေးတွေအပေါ် သိပ်ပြီးစေတနာထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



နာသုံးနာချိုးသည်ဝတဲ့ဆရာမဒို ပြီတာသိမ်လေးတေား သိမ်ကြည်ညှိကြတယ်၊ အဲ-ပြီးတော့ မင်းသိနေချင်တဲ့ အရေးကြီးအချက်က သူ့မှာ ခုထိ ဘာရည်စားသနာမှ မရှိသေးဘူး"

"ဟုတ် - တုတ်ကဲ့ - အဲဒါ ..."

"ဒီမှာ အစ်ကိုကြီးထပ်ပြောဦးမယ်၊ မင်းတို့ ပင်းတလသွားကြတော့ မနေ့ညက အစ်ကိုကြီးနဲ့ အစ်ကိုကြီးဇနီး ယုတို့စကားပြောဖြစ်ကြတယ်၊ ယုတလည်း မင်းကိုတွေ့ ပြီးသဘောကျတယ်၊ မင်းနေပုံထိုင်ပုံ ပြောဟန်ဆိုဟန် စိတ်နေသဘောထား စတာတွေကို ယုံတ လူကြီးတစ်ယောက်အနေနဲ့ အတဲခတ်ပြီးကြည့်လိုက်တာကိုး။ ယုမေးလို့ အစ်ကိုကြီးကလည်း မင်းအကြောင်းတွေ၊ မင်းရဲ့မိသားစုအကြောင်းတွေပြောပြတယ်၊ အဲဒါ ယုက မင်းသာ နန်းရွှယ်ရီကိုနှစ်သက်ရင် သူ့ညီမနဲ့မင်းတို့ လက်ဆက်ပေးချင်တဲ့ သဘောရှိတယ်၊ ယုက သူ့ညီမ အရွယ်ရောက်နေပြီမို့ တင့်တောင့်တင့်တယ် နေရာချပေးချင်နေတာလေ၊ သင့်တော်တဲ့သူကို ရှာနေတာ၊ မင်းကိုတွေ့တော့ မှတ်မိကျတယ်ပေါ့ကွာ၊ ကဲ နောက်ထပ် ဘာသိချင်သေးလဲ၊ အစ်ကိုကြီး ဘာပြောရဦးမလဲ"

ကျွန်တော့်ရင်မှာ အပျော်များဖြင့် တသိမ့်သိမ့်လှုပ်ခုန်နေသည်။

"ဘာ - ဘာမှပြောစရာ အစ်ကိုကြီးမှာ မကျန်တော့ပါဘူး။ ကျွန်တော် နည်းနည်းပဲပြောစရာရှိတော့တယ်"

ဝင်းမြတ်ကတော့ လက်ဖက်ရည်ကိုသာ တစိမ့်စိမ့်သောက်ရင်း နားထောင်နေသည်။ တစ်ခွန်းတစ်ပါဒ ဝင်မရွက်။ ကျွန်တော်က ဒေါက်တာ ဗိုင်းယောင်၏မျက်နှာကို မဝံ့မရဲကြည့်ရှု၍ ပြောလိုက်သဖြင့် ...

"အေးဆို ပြောလေကွာ၊ ကိုယ့်ညီအစ်ကိုတွေပဲ၊ ပွင့်ပွင့်လင်းလင်းပြော" ဟု လမ်းဖွင့်ပေးသည်။



"ဒီလိုပါ အစ်ကိုကြီး။ ကျွန်တော်က နန်းရွှယ်ရီကို ပင်းတလရောက်မှ တွေ့တာမဟုတ်ပါဘူး။ ရွှေညောင်အသွား ဘတ်စ်ကားပေါ်မှာကတည်းက တွေ့ခဲ့တာပါ။ ဝန်ခံရရင် အဲဒီကတည်းက ကျွန်တော် နန်းရွှယ်ရီကိုချစ်သွားတယ်၊ ရွှေညောင်မှာ သူတို့နဲ့ကျွန်တော်တို့ လမ်းခွဲသွားတယ်၊ တောင်ကြီးမှာ တွေ့မလားရှာတာ မတွေ့ဘူး။ အင်းလေးကိုသွားတော့ လှေပေါ်မှာလှမ်းတွေ့ရတယ်၊ သူတို့တအပြန် ကျွန်တော်တို့ကအသွား။ အခု ပင်းတလရောက်တော့မှ မထင်မှတ်ဘဲ ပြန်ဆုံရတာ၊ အစ်ကိုကြီး ကျွန်တော် နန်းရွှယ်ရီကို လက်ထပ်ချင်တယ်"

ပြောမည့်စကားတော့လည်း ကျွန်တော်အပွင့်လင်းဆုံး ပြောလိုက်မိလေပြီ။ ဒေါက်တာဗိုင်းယောင်က ပြုံးပြုံးကြီးပြုံးသည်။

"အစ်ကိုကြီး သဘောတူတယ်၊ ယုလည်း သဘောတူတယ်၊ ယုတို့အဖေတို့ပြောရင်လည်း သဘောတူမှာပါပဲ၊ ဒီတော့ ညီလေးက အမေ့ကို ပြောခိုင်းပေါ့။ ညီလေး အစ်ကိုကိုလည်း တိုင်ပင်၊ အဲ - တစ်ခုတော့ရှိတယ်ကွ၊ အဲဒါကတော့ အရေးအကြီးဆုံးပဲ၊ နန်းရွှယ်ရီရဲ့သဘောထား"

"နန်းရွှယ်ရီမငြင်းဘူးလို့ထင်တယ် အစ်ကိုကြီး"

"အဲဒါ မင်းအထင်ပဲ၊ ကျန်တာတွေ ဘာမှမပူနဲ့ ဟုတ်လား။ အစ်ကိုကြီးတတော့ မင်းတို့နှစ်ယောက်စလုံးကိုချစ်လို့ ဘဝကြင်ဖော်အဖြစ်လည်း သင့်တော်လို့ သဘောတူတာပဲ၊ မင်းအမေနဲ့ အစ်ကိုကို ခွင့်တောင်းရင် အစ်ကိုကြီးသဘောထားကိုပါ ပြောပြပေါ့"

"ကောင်းပါပြီ အစ်ကိုကြီး"

လောကသည် လှသည်ထက် ပို၍လှနေပြန်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

"သား ရှမ်းပြည်မှာ ပျော်ပျော်ပျော်ခဲ့ရဲ့လား"

အမေ့အမေးက ရိုးရိုးကလေးသာဖြစ်သည်။ အရေးအကြောင်းများဖြင့် ရေးခြစ်သရုပ်သဏ္ဌာန်ကိုပြနေသော အမေ့မျက်နှာပြင်မှအပြုံးသည် ရာနှုန်းပြည့် သန့်စင်လှပါ၏။ သို့သော် ကျွန်တော်မလုံချင်။ အမေ ကျွန်တော့်ရင်ထဲကို ထိုးဖောက်မြင်ခဲ့လေပြီလား။

"တောင်ပိုင်းရှမ်းပြည်က သိပ်လှတယ်အမေ၊ တောတွေတောင်တွေက ကျွန်တော့်အဖို့ မြင်ကွင်းသစ်တွေချည်းပဲလေ၊ ကလောလည်းလှတယ်၊ တောင်ကြီးလည်းလှတယ်၊ အင်းလေးဆိုတာကတော့ သိပ်ကိုပျော်စရာကောင်းတာ၊ တောင်ကြီးမီးပုံးပျံရဲ့ စည်ကားမှုကလည်း ကြည့်ချင်စရာ၊ ဖောင်တော်ဦးဘုရားရဲ့ တန်ခိုးကလည်း ရှုမောစရာ၊ ပင်းတယလိုဏ်ဂူဘုရားတွေကလည်း အံ့ချီးမကုန်စရာ၊ အမေ့ကို ကလောမှာဖြစ်ဖြစ်၊ တောင်ကြီးမှာဖြစ်ဖြစ်၊ ပင်းတယမှာဖြစ်ဖြစ် နေစေချင်လိုက်တာ"

အမေက ရယ်သည်။ ကျွန်တော်လက်မောင်းများကို ကလေးငယ်တစ်ယောက်ကို ယုယုယယ ဖွဖွညင်ညင်ဆုပ်ကိုင်ရင်း ...

"သားက ရှမ်းမလေးကိုယူရင်တော့ အမေလည်း အဲဒီမှာနေရမှာပေါ့ကွယ်" ဟု ပြောလေသည်။ ဟုတ်ပါပြီ အမေသည် ကျွန်တော့်နှလုံးသားကို ကျွန်တော်၏ဖတ်အသဏ္ဌာန်များကိုကြည့်၍ ဖတ်ရှုပြီးခဲ့ပြီထင်ပါသည်။





တောင်ပိုင်းရှမ်းပြည်က ပြန်ရောက်ရောက်ချင်း အမေ့အတွက် ပင်းတယလိုဏ်ဂူ ဗွီစီဒီချပ်နှင့် ဓါတ်ပုံများ၊ ကောက်ညှင်းပေါင်းထုပ်များ၊ လက်ဖက်ခြောက်များကို ပေးသည်။ အမေ့ရင်ခွင်ထဲ တိုးဝင်ပြီးခဲ့သည်။ သည်မျှသာပါပဲ၊ သည်မျှနှင့်ပင် အမေက ကျွန်တော့်ခံစားချက်တွေကို သိနေပြီလား။

"သား ရှမ်းမလေးကိုယူရင် အမေကသဘောတူမှာလား"

အမေ့ကို စူးစမ်းကြည့်သည်။ အမေက ကျွန်တော့်ခေါင်းရှိ ဆံပင်များကို သပ်ပေးရင်း ...

"ရှမ်းမလေးတွေချောတယ်၊ မနောဖြူတယ်လို့ အမေကြားဖူးတာပဲ၊ သားချစ်ရင် အမေလည်းချစ်မှာပေါ့"

"တကယ်လား အမေ"

အမေက ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်သည်။

"သား တကယ်တွေလာပြီထင်တယ်"

အမေက ကျွန်တော့်ရင်ထဲကို တိုးဝင်ကြည့်ခြင်းသာ။ ကျွန်တော်က အဖြေမပေးဘဲ ပြုံးရုံနေလိုက်သည်။ နန်းချယ်ရီအကြောင်းကို အမေ့အား ရင်ဖွင့်ပြောပြရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်တိုင် ဘယ်ကစ၍ပြောရမှန်းမသိသေး။ သည်အသက်အရွယ်ထိ အမေ့ရင်ခွင်မှာ ကလေးလို ခွဲနွဲ့၍ ပွတ်သီးပွတ်သပ်နေလာခဲ့သော သားဖြစ်သူကို အမေက ဗိုတီကလေးငယ်လို မြင်နေမည်မို့ အမေ့ကိုချစ်သောအချစ်နှင့်မတူသည့်အချစ်ကိုပြောပြရန် ကျွန်တော် အားနာနေမိသည်။

"မနေ့က ရှုန်းလှဲလာသွားသေးတယ်၊ သား ပြန်ရောက်ပြီလားဆိုပြီး လာတာတဲ့"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရို လက်ဆောင်လေးဘာလေး ဝယ်လာရဲ့လား။ လက်ဆောင်မပါရင် ဒီကလေးမ စိတ်ကောက်မှာ"

"အမေက ရွှန်းလဲ့ကိုချစ်လား"

အမေ့ ရှုစမ်းအကြည့် ကျွန်တော့်မျက်နှာပေါ် ဖျတ်ခနဲရောက်လာသည်။

"အမေ့မှာ သမီးမှမရှိတာ၊ သူ့ကို သမီးလေးလိုချစ်တာပေါ့"

"အမေက သူ့ကို သားနဲ့သဘောတူနေတာလား"

အမေက အံ့ဩတကြီး သည်။

"အလိုကွယ် ... သားက အမေ့ကို မသိမသိုင် သဘောထားတွေ လာတောင်းနေပါလား။ နေပါဦး၊ အမေက သဘောတူတော့ရော သားကယူမှာလား။ သားက သူ့ကိုချစ်သလား"

"မဟုတ်ပါဘူးအမေ၊ သားကမေးကြည့်တာပါ။ ရွှန်းလဲ့ကို သားက သူ့ငယ်ချင်းလို မောင်နှမလိုပဲချစ်တာပါ"

အမေက အမဲ့ကလေး တစ်စိတ်တစ်ဝက်ပါသောအပြုံးမျိုးပြုံးသည်။

"သားက တရေးသရာဆိုတော့ အမေ့ကို ဇာတ်ရှိန်မြင့်အောင်လုပ်နေတာမဟုတ်လား။ သားလိုချင်တဲ့ ဇာတ်ကွက်ကို ဆွဲယူနေတာမဟုတ်လား"

"အမေကလဲ ... သားက ရိုးရိုးပြောတာပါ"

"လျှောမချပါနဲ့ သားရယ်၊ သားက အမေ့သားပါ။ အမေက သားကို မှန်တစ်ချပ်လိုကြည့်နေတာ၊ သားမျက်နှာပေါ်က အပြုံးအပျော်အကြည်အနူး၊ သားမျက်နှာပေါ်က အလွမ်း၊ အဆွေး၊ အတမ်းအတတွေကို သားအာယ်လို ပုံးပုံး မြင်နိုင်သူပါ။ သားပြောချင်နေတာ အမေသိတယ် သိလား"

ကျွန်တော်က အမေ့ကို ဘာမျှပြန်မပြောဘဲ အမေ့ရင်ခွင်ထဲ တိုးဝင်ပြန်ပါသည်။ အငြင်းဝကားမဆိုသည်ဘဲ အမေ့ကို အဖြေဟုအသိပေးလိုက်ခြင်းဖြစ်သည်။



"သားက ငယ်ငယ်ကတည်းက တစ်ခုခုလိုချင်ပြီဆိုရင် အမေ့ရင်ခွင်ထဲ တိုးဝင်တတ်တာ အရင်ပဲလေ၊ အခုလည်း အမေ့ရင်ခွင်ထဲတိုးဝင်နေပြန်ပြီ၊ ဒီတစ်ခါ အမေ့ရင်ခွင်ထဲ တိုးဝင်လာတာကတော့ အမေ့ရင်ခွင်ထဲကနေ ထွက်ခွာခွင့်လိုချင်တာ မဟုတ်လား"

ကျွန်တော် အမေ့မျက်နှာကို အထိတ်တလန့်မော့ကြည့်လိုက်မိသည်။ အဖေမရှိတော့သည့်နောက်ပိုင်း အမေလိုသာမက အဖေလိုပါချစ်ခဲ့သော၊ အစ်ကို အိမ်ထောင်ပြုသွားပြီးနောက်ပိုင်း သားအမိနှစ်ဦးတည်းသော နှောင်ဖွဲ့ယှက်နွယ်ထားခဲ့သော မေတ္တာပိုးကြိုးအိမ်ကလေးထဲက ကျွန်တော့်ကို ထွက်ခွာသွားမှာ အမေစိုးရိမ်ခံစားနေလေသလား။ အမေ ဝမ်းနည်းနေလေသလား။

သို့သော် အမေ့နှုတ်ခမ်းမှာ ရင့်ကျက်သောအပြုံးကလေးတစ်ခုက အင်နှင့်အားနှင့် ရပ်တည်နေပါသည်။

"သဘာဝပါသားရယ်၊ ဘုံဓမ္မတာကို ဘယ်သူလွန်ဆန်လို့ရနိုင်မှာလဲ၊ တစ်နေ့ကျရင် သားလည်း သားအစ်ကိုလိုပဲ အမေ့ထက်ပိုချစ်တဲ့သူကိုတွေ့ပြီး အမေ့ရင်ခွင်ကနေ ထွက်သွားဦးမှာဆိုတာ အမေသိထားပါတယ်၊ ကြိုတင်ပြင်ဆင်လည်း ထားပါတယ်"

"အို ... အမေ၊ သားက အမေ့ရင်ခွင်ထဲက မထွက်ပါဘူး၊ အမေ့ထက်ပိုချစ်တဲ့သူလည်း မတွေ့ပါဘူး"

ကျွန်တော် အလန့်တကြား အကြောက်အကန်ငြင်းလိုက်သည်။ အမေက ကျွန်တော့်ကိုယ်ကလေးကို အသာအယာထွေးပွေ့ပြီး ...

"အမေသိပါတယ်၊ မိဘနဲ့သား၊ သမီးအချစ်က တစ်မျိုး။ ဇနီးမောင်နှံ... တစ်မိသားအချစ်ကတစ်မျိုးပါ။ အမေက သဘောပြောတာပါ" ဟု နှစ်သိမ့်စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းချယ်ရီအကြောင်း အမေ့ကိုပြောပြရန် ကျွန်တော်ဝန်လေးသွားသည်။ ကျွန်တော်ငြိမ်နေသည်မှာ ကြာသွားသည်။

"ကဲ ... ပြောလေသား။ သားချစ်သူ ရှမ်းမလေးအကြောင်း"

"ဗျာ ..."

"အို မဗျာနဲ့လေ၊ အမေက ဝမ်းသာချင်လို့ စောင့်နေတာ၊ အမေ့မှာ ထိမ်းမြားခြင်းလျှင်ဆိုတဲ့ ကျန်သေးတဲ့မိဘဝတ္တရားကို ဖြည့်စွက်ဆောင်ရွက်ဖို့ စောင့်နေတာပါသားရဲ့"

"အမေရယ် ..."

အမေ့မေတ္တာ အတုအထည်ကို နားလည်သိရှိပြီးသည်ထက် ပိုရှိနားလည် သိရှိလိုက်ရကာ မျက်ရည်များလည်သွားသည်။ အမေ့ကိုယ်ခန္ဓာသွယ်သွယ်ကို ပြန်ဖက်ရင်း အမေ့ရင်မှာ ကျွန်တော်ပါးကိုအပ်လိုက်သည်။

"သားချစ်သူ ရှမ်းမလေးက ရွှန်းလဲ့ထက်ပိုလှလား"

အမေ့အမေး။ ကျွန်တော့်ရင်ထဲကို အမေ တစ်ချက်ဆုံးနိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော် ငြိမ်သိပ်မနေနိုင်တော့ပါ။

"ရွှန်းလဲ့ကလှတယ်၊ ထက်မြက်တယ်၊ သဘောကောင်းတယ်၊ အဲဒီ အရည်အချင်းတွေအားလုံး သူ့မှာရှိတယ်၊ သူက ရွှန်းလဲ့ထက်ပိုတာက စိတ်နှလုံးမြင့်မြတ်ဖြူစင်မှုလို့ သားထင်တယ်၊ သား သူ့ကိုချစ်တယ်၊ နာမည်က နန်းချယ်ရီလို့ခေါ်တဲ့ ပင်းတယမှာနေတယ်၊ ဆရာမလေးပေါ့ အမေရယ်၊ အစ်ကို သူငယ်ချင်း ခေါက်တာစိုင်းမောင်ရဲ့ခယ်မလေးပေါ့"

ကျွန်တော်၏ ဖွင့်အံသွန်ချမှုအပြီးမှာ အမေက မဆိုင်းမတွတုံ့ပြန်လာပါ သည်။

"သား ရွေးလာတယ်ဆိုကတည်းက အမေက အဲဒီကလေးမလေးဟာ လှတာတစ်ခုတည်းမဟုတ်ဘဲ အင်မတန်ချစ်စရာကောင်းတဲ့ ဘဝအဖော်



ကောင်းတစ်ယောက်ဖြစ်မယ်ဆိုတာ ယုံကြည်ပြီးသားပါ။ ကဲ ... ပြော၊ အမေ လိုက်တောင်းပေးရတော့မလား။ ပြပါဦး ... သားချစ်သူကလေးရဲ့ဓာတ်ပုံ"

အမေပြလိုက်သောမီးစိမ်းကြောင့် ကျွန်တော်သည် အပျော်ဖြင့် ရင်တွေ ခုန်ကာ ခန္ဓာကိုယ် လေထဲလွင့်သွားသည်ထင်မိ၏။

"ဟင့်အင်း အမေ၊ သားနဲ့သူ ချစ်သူမဖြစ်သေးပါဘူး။ သားတွေ့ခဲ့တာ ပါ။ ဒါပေမယ့် သား သူ့ကိုချစ်တာသေချာတယ်၊ လေးလေးနက်နက်ကိုချစ်တာ၊ ရွှန်းလဲ့ကို သံယောဇဉ်ရှိတာမျိုးမဟုတ်ဘူး၊ ပြီးတော့ သား သူ့ကို လက်ထပ်ချင်တယ်၊ အဲဒါ အမေ့ဆီမှာ ခွင့်တောင်းတာ"

"ဟုတ်ပြီလေ သားရဲ့၊ အမေကလည်း သဘောတူပြီလို့ပြောပြီပဲ၊ ဒါပေမယ့် သားနဲ့သူက ချစ်သူမှမဖြစ်သေးတာ ဘယ်လိုလုပ်မလဲ"

"သား သူ့အချစ်ကို ရအောင်ကြိုးစားမှာပေါ့၊ အမေ့က ခွင့်ပြုရင်ပေါ့လေ၊ အမေခွင့်မပြုရင်တော့လည်း ရှိပါစေပေါ့"

"လူလည်လေး ... အမေ့ကို တရားခံရှာတယ်"

အမေက ကျွန်တော့်ခေါင်းကို မနာအောင်ဖွဖွခေါက်သည်။

"အမေ သဘောတူတယ်နော်"

"ပြော် ... အမေ ပြောပြီးပြီလေ၊ သားချစ်ရင် အမေလည်းချစ်မှာပေါ့လို့"

"တေး ... ဒါမှ အမေကွ"

ကျွန်တော်က အမေ့ကိုယ်ကလေးကို ထပ်မံ၍ တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်သည်။ အမေက လက်ဖြင့် ကျွန်တော့်ခန္ဓာကိုယ်ကို တွန်းခွာရင်း...

"ကဲ ... ချွဲမနေနဲ့၊ ထရေမိုးချိုးပြီး နားလိုက်ဦး၊ ရောက်ရောက်ချင်း မိန်းမတောင်းပေးဖို့ပူဆာတာတော့ လွန်တာပေါ့နော်" ဟု ရယ်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"သားက အမေ့ရင်ခွင်ထဲကမထွက်သွားပါဘူး။ သူ့ကိုယူရင်လည်း အမေနဲ့ပဲ အတူနေမှာပါ။ အမေနဲ့အတူနေရမယ်ဆိုတာ သူလက်ခံမှ သူ့ကို သားယူမှာပါ"

"အပြောကောင်းတဲ့ လူလည်လေး"

"တကယ်ပါ အမေရဲ့ တော်ကြာ အမေ သူ့ကိုတွေ့ပြီး သားထက်တောင် ပိုချစ်သွားမှာ စိုးရသေးတယ်"

"ကဲ တော်ပါပြီကွယ်၊ ဒီလောက်ဆို လုံလောက်ပါပြီ၊ ဒြော် ... ဒါနဲ့ –"

အမေက တစ်စုံတစ်ခုကို သတိရသွားသလိုဖြင့် ....

"ဘာလဲအမေ"

"သားအစ်ကိုတို့လည်း ပြောပြတိုင်ပင်လိုက်ဦး။ သူက သားထက်အကြီးဆိုတော့ သူ့ကိုလည်း တိုင်ပင်ခွင့်တောင်းသင့်တယ်"

"စိတ်ချပါအမေ၊ သားက အမေ့ကိုပြောပြီးရင် အစ်ကို့ကိုလည်း ပြောမလို့ပါပဲ၊ အစ်ကိုတို့ဆီလည်း လက်ဆောင်တွေ သားသွားပေးရဦးမှာလေ၊ မိုးထိအောင်လေးအတွက်လည်း သားဝယ်လာတယ် အမေရဲ့"

"အေးကွယ်၊ အမေတောင် ဝိုမြေးလေးကိုမတွေ့ရတာ နှစ်ပတ်ကျော်သွားပြီ၊ မင်းအစ်ကိုကလည်း အမေ့ဆီကိုတောင် မရောက်လာဘူး။ အင်း – ကြုံတုန်းပြောလိုက်ရဦးမယ်သားရေ၊ ဘဝမှာ ဥစ္စာဓနဟာ အရေးကြီးတာ မှန်ပေမယ့် နံပါတ်တစ်တော့မဟုတ်ဘူးဆိုတာ သား သေသေချာချာမှတ်ထားနော်"

"ဟုတ်ကဲ့ပါ အမေ"

ကျွန်တော် အိုမေ့ရင်ခွင်မှ လူးလဲထကာ မတ်တတ်ရပ်လိုက်စဉ် ...



"ဒြော် တစ်ခုပြောဖို့မေ့နေသေးတယ်၊ ဇာနည် ဆေးရုံကပြန်ဆင်းလာရတယ်တဲ့၊ သူ့အမေလာပြောတယ်၊ အဲဒါ သား သူတို့ဆီသွားလိုက်ပါဦး" ဟု ပြောသည်။

ဇာနည်ဆိုသည်မှာ အဖေ့ညီမ ဒေါ်လေးစိန်စိန်၏တစ်ဦးတည်းသောသား ဖြစ်သည်။ ကျွန်တော့်ညီဝမ်းကွဲဖြစ်သည်။

"ဇာနည်ဆေးရုံတက်ရတာဖြတ်လို့ ကျွန်တော်ပဲ ဝက်ထီးတန် ဆေးရုံရောက်ကာ ဆေးရုံကိုပို့ခဲ့တယ်လေ အမေရဲ့ သိပ်မှမကြာသေးတာ၊ ဆေးပြတ်လို့ ပြန်လာရတာလား"

"မဟုတ်ဘူးသားရဲ့၊ ဆေးရုံက ပြန်လွှတ်လိုက်တာ၊ အိမ်မှာပဲ ကုနေတယ်တဲ့၊ ဇာနည်မှာ အေအိုင်ဒီအက်ရောဂါဖြစ်နေလို့တဲ့"

"ဗျာ ..."

www.burmeseclassic.com

(၁)

"ကိုနေရယ် ... မင်းညီအပြစ်ကို ကြည့်ပါဦး"

မြောက်ဥက္ကလာရှိ ဇာနည်တို့အိမ်ပေါ်သို့ တက်လိုက်သည်ဆိုလျှင်ပင် ကျွန်တော့်ကိုမြင်လိုက်သည့် ဒေါ်လေးစိန်စိန်က ပြေးလာကာဖက်ရင်း ရှိုက်ကြီးတငင် ငိုယိုကာပြောလေသည်။

"ဘယ်လိုဖြစ်တာလဲဒေါ်လေးရယ်၊ ကျွန်တော် ဒီမနက်မှ ခရီးသွားရာက ပြန်ရောက်တာ၊ ရောက်ရောက်ချင်း အမေပြောလို့ ပြေးလာခဲ့တာပဲ"

ကျွန်တော့်ကို ဒေါ်လေးစိန်စိန်က ဧည့်ခန်းမှာနေရာချပေးသည်။ ဒေါ်လေးစိန်စိန်က ကျွန်တော့်ဘေးနားမှာထိုင်သည်။

ဧည့်ခန်းကို ကျွန်တော်မျက်စိဝေ့ကာစားမိ၏။ ဧည့်ခန်းကား အခွံချည်းသာ ကျန်တော့သည်ဟုဆိုရမည်။ တစ်ချိန်က စီးပွားရေးကောင်းခဲ့သော ဒေါ်လေးစိန်စိန်တို့သည် တစ်ဦးတည်းသောသားဖြစ်သူ ဇာနည် ဆေးစွဲရာမှ တဖြည်းဖြည်း လုံးပါးပါးလာခဲ့ရာ ယခုမူ 'တန်' သာလျှင်ရှိတော့၏။ 'အဆံ' မရှိတော့ပေ။ နဂိုက အိမ်ဧည့်ခန်းတွင် ခေတ်မီအသုံးအဆောင်များဖြင့် ထည်ဝါခဲ့သဖြင့် ကျွန်တော်ပင်အားကျခဲ့ရသော အနေအထားမှာ ယခုမူ တစ်ခုမျှ မရှိတော့ပေ။ ယိုင်နဲ့နေသော ခုံများမှလွဲ၍ ဘာမျှမမြင်ရတော့။

ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။





"ဒေါ်လေးတို့နဲ့ ကိုနေတို့ သားကို ပြည်ဝက်ထီးကန်ကိုပို့ခဲ့တယ်လေ၊ သားကလည်း ဆေးစွဲတာကိုလိုလိုချင်ချင်ဖြတ်ပါမယ်လို့ ကတိပေးခဲ့တာကိုး၊ တကယ်လည်း သားက ကတိတည်ပါတယ်၊ ဆေးဖြတ်အောင်ကြိုးစားတာပါပဲ၊ ဒါပေမယ့် မကြာခင်က ဆေးရုံမှာ သူ့နေမကောင်းဖြစ်လာပြီး ရောဂါတွေဝင်လာတယ်၊ ဆေးရုံက စစ်ဆေးတဲ့အခါမှာတော့ အေအိုင်ဒီအက်စ်ကြောင့် ဖြစ်လာရတဲ့ လက္ခဏာတွေဆိုတာ သိလာရတယ်၊ ဒါကြောင့် ဒေါ်လေးတို့ဆီကို အကြောင်းကြားလို့ ဒေါ်လေးတို့ အိမ်ကိုပြန်ခေါ်လာကြရတာပဲကွယ်"

မျက်ရည်များကိုသုတ်ရင်း ဒေါ်လေးစိန်စိန်က ရှင်းပြနေသည်။

ဇာနည်သည် ဒေါ်လေးစိန်စိန်နှင့် ဦးကျော်မောင်တို့၏ တစ်ဦးတည်းသော သားဖြစ်သည်။ ငယ်စဉ်က စာတော်သည်။ ကြီးလာလျှင် ဆရာဝန်ဖြစ်အောင် လုပ်မည်ဟူသော ရည်မှန်းချက်ရှိသူဖြစ်သည်။

ဖခင်နှင့် မိခင်ကလည်း တစ်ဦးတည်းသောသားဖို့ မှုမှုမှတ်ချစ်ကြသည်။ အလိုလိုက်ကြသည်။ ဇာနည်လိုချင်တာမှန်သမျှ မရမရှိစေရ။ ဇာနည် လက်ညှိုးညွှန်ရာ မိဘတွေက ရေဖြစ်စေတည်းသာပင်။ အရိပ်တကြည့်ကြည့်နှင့် ချစ်မဝကြ။ ဇာနည် မျက်နှာတစ်ချက်အညှိုးမခံကြ။ ဤသို့ အချစ်လွန်ခြင်းသည်ပင်လျှင် ဇာနည်ကိုလမ်းမှားသို့ တွန်းပို့ခဲ့ခြင်းဟု သုံးသပ်ရပေတော့မည်။ မိဘတွေ၏ အညှာကိုသိသော ဇာနည်က တဖြည်းဖြည်း အခွင့်ကောင်းတွေယူလာသည်။ အပေါင်းအသင်းတွေများလာသည်။ နဝမတန်းအရောက်မှာ ဇာနည် ခြေလှမ်းတွေပျက်လာသည်။ ကျောင်းပြေးတတ်လာသည်။ ဆေးလိပ်သောက်တတ်လာသည်။ တမကြီးစားတော့။ ဒါကိုလည်း မိဘတွေက စည်းကမ်းစနစ်ကျကျ မကိုင်တွယ်သေး။ ချော့စကားတွေဖြင့်သာ ပြန်လည်သိမ်းသွင်းဖို့ ကြိုးစားခဲ့ကြသည်။ သို့သော် အရာမထင်တော့။

www.burmeseclassic.com

www.burmeseclassic.com


နဝမတန်းတစ်နှစ်ကျသည်။ နောက်တစ်နှစ်အောင်ပြန်တော့လည်း တက္ကသိုလ်ဝင်တန်းမှာ ဝါဆိုပြန်တော့သည်။ ဝါဆိုရုံမက ကျောင်းထိုင်ပုဂ္ဂိုလ်ပင် ဖြစ်လာတော့သည်။ တက္ကသိုလ်ဝင်တန်းမှာ တဖုန်းဖုန်းကျပြီး ရှေ့ဆက်မတက်တော့။

ဇာနည်က ကျွန်တော့်အောက်ငါးနှစ်ခန့်ငယ်သည်။ ကျွန်တော်တို့ သားအမိတွေ နယ်မှ ရန်ကုန်သို့ရောက်လာပြီး နောက်ပိုင်းမှ ဇာနည်နှင့်ကျွန်တော် အထိအတွေ့များသော်လည်း ကျွန်တော့်ကိုမူ ဇာနည်သည် အစ်ကိုအရင်းပမာ ချစ်ခင်တွယ်တာသည်။ ကျွန်တော့်ထံ မကြာခဏရောက်လာတတ်သည်။ ကျွန်တော့်စကားကိုလည်း နာခံတတ်သည်။ တစ်ခုခု ကျွန်တော်ဆုံးမလျှင် “ဟုတ်ကဲ့ပါအစ်ကို၊ ကျွန်တော်နားထောင်ပါ့မယ်” ဟူသော ရိုသေကျိုးနွံသည့် စကားများကိုသာ သူ့ထံမှ ကြားရတတ်သည်။

သို့သော် တက္ကသိုလ်ဝင်တန်းရောက်ချိန်၌ ကျွန်တော့်ထံအရောက်အပေါက် ကျဲသွားသည်။ ကျွန်တော်ကလည်း ဘွဲ့ရပြီး အလုပ်မှာနစ်ဝင်ချိန်။ သူနှင့်ကျွန်တော် သိပ်မဆုံဖြစ်ကြတော့။ သူ့သတင်းတွေကိုတော့ ကြားနေရသည်။ ဒေါ်လေးစိန်စိန်ရောက်လာလျှင် ဇာနည့်သတင်းကိုကြားရသည်။ သတင်းကောင်းများကားမဟုတ်။ သတင်းဆိုးများသာဖြစ်သည်။

အစောပိုင်းက ဇာနည် အပေါင်းအသင်းများကာ အိမ်ပြန်မအိပ်တတ်သည့် အကြောင်းများ။ နောက်တော့ အိမ်မှပစ္စည်းခိုးတတ်သည်ဟူသော သတင်းများ။ ထို့နောက်ပိုင်းမှာတော့ ဆေးစွဲနေသည်ဟူသော အတည်ပြုချက်များ။

ကျွန်တော်မနေနိုင်။ ဇာနည့်ထံသို့ အကြိမ်ကြိမ်သွားကာ ဖျောင်းဖျနားချရသည်။ အရည်အသွေးရှိသော လူငယ်တစ်ယောက်ကို အညွန့်မကျိုးစေချင်သဖြင့် အမျိုးမျိုးဆုံးမရသည်။ ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် သိမ်းသွင်းရသည်။ အစပိုင်းတွင် ဇာနည် ကျွန်တော့်စကားကိုပစ်ပယ်ခဲ့သော်လည်း နောက်ပိုင်းတွင် စဉ်းစားဝေဖန်လက်ခံလာခဲ့သည်။

သို့ဖြင့် ဦးလေးကျော်မောင်၊ ဒေါ်လေးစိန်စိန်တို့နှင့်တိုင်ပင်ကာ ပြည်ဝက်ထီးကန်၌ မူးယစ်ဆေးစွဲရောဂါကုနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးကျောင်းသို့ ဇာနည်ကိုပို့လိုက်ကြသည်။ မကြာခဏ ဇာနည်ထံရောက်သွားပြီး ကြည့်သောအခါတွင်လည်း ဇာနည်အခြေအနေတိုးတက်လာသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့ စိတ်ချမ်းသာခဲ့ကြရ၏။

ယခုတော့မူ သေမင်းတမန်ရောဂါကြီးက သူ့ထံ၌ ပူးကပ်နေခဲ့လေပြီ။ ဒါကလည်း သူ့မိုက်ပြစ်ဟုပင်ဆိုရတော့မည်ဖြစ်၏။ သူ့ဆေးစွဲခဲ့စဉ်က အကြောထဲသို့ ဆေးသွင်းခဲ့ရာ၌ အပေါင်းအသင်းတွေနှင့် မသန့်ရှင်းသောအပ်ကို အတူတကွ သုံးစွဲခဲ့ခြင်းကြောင့်ဖြစ်ပေမည်။ သူ့အပေါင်းအသင်းတွေထဲမှာ HIV ပိုးသည် အစောပိုင်းတွင် ရောဂါလက္ခဏာမပြဘဲရှိနေခဲ့ပြီးမှ ဇာနည် နောင်တတရားနှင့် ဆေးဖြတ်သည့်အချိန်ရောက်လာသောအခါတွင်မှ ပေါ်ထွက်လာခြင်းဖြစ်၏။ မည်မျှ ရင်နာဖွယ်ကောင်းပါသနည်း။

အတွေးအသိ အဆင်ခြင်မဲ့မှု၏ မိုက်ပြစ်၊ ဆိုးကျိုးဟုဆိုနိုင်သည်မှန်သော်လည်း တန်ဖိုးရှိသောလူငယ်တစ်ယောက် ပျက်စီးဆုံးရှုံးရခြင်းမှာမူ နှမြောဖွယ်ရာဖြစ်၏။ ဇာနည့်အပြစ်ဟု လက်ညှိုးထိုးနိုင်သော်လည်း မိဘတွေမှာလည်း တာဝန်မကင်းဟု ကျွန်တော်မြင်သည်။ မိဘများ၏ မျက်ကန်းချစ်ကြောင့် ....။

“အခု ဆေးရုံထပ်မတင်ဘူးလား”

“ဝေဘာဂီဆေးရုံမှာ သွားသွားပြတယ်၊ ဆေးရုံတော့ မတင်တော့ဘူး။ အခြေအနေက သိပ်မကောင်းတော့ဘူး။ ခုခံအားကျဆင်းမှုကြောင့်ဝင်လာတဲ့ ရောဂါတွေ သူ့မှာရနေပြီ၊ အစားအသောက် မဝင်သလောက်ဖြစ်နေပြီ၊ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com

တ တော်တော်ဆိုးလာတယ်၊ အရေပြားကင်ဆာဖြစ်လာတယ်လို့ ဆရာဝန်တွေက ပြောတယ်"

"ကျွန်တော် ဇာနည့်ကို ကြည့်ချင်တယ်"

"လာ ... ကိုနေ"

ဒေါ်လေးစိန်စိန်က မျက်ရည်ကိုသုတ်ပြီး ကျွန်တော့်ကို ဇာနည့်အခန်းထဲသို့ ခေါ်သွားသည်။

အိပ်ရာပေါ်တွင်ရှိသော ဇာနည့်ကိုမြင်ရသည်မှာ စိတ်မချမ်းမြေ့စရာကောင်းလှသည်။ ပက်လက်အနေအထားဖြင့်ရှိနေသောဇာနည်မှာ တို့ယခင်က ဇာနည်မှဟုတ်ပါလေစတော့ သံသယဖြစ်စရာ။ မျက်တွင်းက ဟောက်ပက်၊ ခန္ဓာကိုယ်က အရိုးပေါ်အရေတင်၊ ခြေတွေလက်တွေမှာ အနာတွေ၊ အနာတွေက အရေပြားသာမက ခြေချောင်းလက်ချောင်း အဆစ်တွေကိုပင် ပုံပျက်ပန်းပျက်ဖြစ်နေစေလေပြီ။

"ညီလေး ဇာနည်"

ကျွန်တော်၏ ညင်သာယုယစွာခေါ်လိုက်သံကြားသောကြောင့်ထင်သည်။ ဇာနည် မျက်လုံးဖွင့်ကြည့်သည်။ မျက်လုံးတွေမှာ မှိန်ဖျော့နေသည်။ ကျွန်တော့်ကို မှတ်မိဟန်လက္ခဏာရှိ၏။ မျက်နှာ၌ ဝမ်းသာဟန် လက္ခဏာကလေး ရိပ်ခနဲမြင်လိုက်ရသည်။ တစ်ခဏမျှသာပင်ဖြစ်၏။ ဝမ်းနည်းကြေကွဲရိပ်က ချက်ချင်းအစားထိုးဝင်ရောက်လာကာ မျက်လုံးအိမ်မှမျက်ရည်များကျလာသည်။

"အစ်ကို" ဟုသော ဇာနည့်အသံမှာ ယဲ့ယဲ့မျှဖြစ်ပြီး တုန်တုန်ခတ်ခတ်ဖြစ်ပေ၏။

"ညီလေး ဘာမှမပူနဲ့၊ မကြာခင် သက်သာလာမှာပါ။ ခုခေတ်က ဆေးဝါးတွေက အရမ်းတိုးတက် ခေတ်မီနေတာ"



ကျွန်တော်က ရင်ထဲမရှိသည်ကိုအားတင်း၍ ဇာနည့်ကိုနှစ်သိမ့်ဖို့ ကြိုးစားရသည်။ ကျွန်တော့်စကားကိုနားထောင်ပြီး သူကခေါင်းကိုယမ်းခါ၏။

"မရတော့ပါဘူးအစ်ကို၊ ကျွန်တော်သိပါတယ်၊ ဒီရောဂါဟာ ကုရာနတ္ထိဆေးမရှိပါ"

ခပ်တိုးတိုးအသံမှာ ငိုသံပါနေသည်။

"အားမငယ်ပါနဲ့ ညီလေးရာ၊ အစ်ကိုတို့ ကြိုးစားမှာပါ"

"အမေနဲ့အဖေတို့ ကျွန်တော်သနားတယ်၊ ကျွန်တော့်မိုက်ပြစ်တွေကြောင့် ကျွန်တော်သာမကဘူး၊ အမေနဲ့အဖေပါ ဒုက္ခရောက်ရတယ်"

အားယူပြောလိုက်သော သူ၏နောင်တစကား။ သူနောင်တရနေပါပြီ၊ သို့သော် သူ့နောင်တသည် နှောင်းနေခဲ့ပေပြီ။ နောက်ကျနေခဲ့ပေပြီ။

ကျွန်တော့်ဘေးတွင်ရပ်နေသော ဒေါ်လေးစိန်စိန်ထံမှ ရှိုက်သံထွက်လာပြီး သားဖြစ်သူမကြည့်ရက်သလို အခန်းတွင်းမှပြေးထွက်သွားသည်။

ဇာနည်ခံစားနေရသောရောဂါမှာ ကျွန်တော်လေ့လာမိသမျှပြောရရင် ကာပိုဆီဆာကိုမာ (Kaposi's Sarcoma) ခေါ်သည့် အရေပြားကင်ဆာတစ်မျိုးဖြစ်သည်။ အလွန်ပြင်းထန်သည်။

ယင်းအရေပြားကင်ဆာအတွက် ဆေးရှိသော်လည်း လူနာက ကိုယ်ခံအားကျဆင်းနေပြီဖြစ်သောကြောင့် ပျောက်ကင်းဖို့မျှော်လင့်ချက်မရှိပေ။

ဆရာဝန်များက အသေးစိတ်ညွှန်ကြားခဲ့ပုံရှိသည်ဟု မှန်းဆရ၏။ ဇာနည်၏ အသုံးအဆောင်များကို သီးသန့်စနစ်တကျထားရှိသည်ကိုတွေ့ရသည်။ အဝတ်များကို ဆပ်ပြာရည်နှင့်လျှော်၊ နေပူလှန်း၊ မီးပူတိုက်ထားသည်ကို သတိပြုမိ၏။ အနာများကို ကိုင်တွယ်မိသည့်အခါ ဆပ်ပြာရည် သို့မဟုတ် အရောင်ချွတ်ဆေးရည်ဖြင့် သန့်စင်အောင်ဆေးကြောရန်လည်း ဒေါ်လေးစိန်စိန် နားလည်နေမည်ဟု ယူဆရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဇာနည်ကို ယခင်က သူနှင့်ကျွန်တော် ပျော်ပျော်ပါးပါး ရှိခဲ့ပုံများကို ပြန်ပြောင်းပြော၍ အတန်ကြာနှစ်သိမ့်အားပေးပြီး အခန်းတွင်းမှ ထွက်လာခဲ့သည်။ ဒေါ်လေးစိန်စိန်ကို အိမ်ရှေ့တွင် မျက်ရည်လည်ရွဲနှင့် တွေ့ရသည်။

ဒေါ်လေးစိန်စိန်၏ဘေးတွင်ထိုင်ပြီး ဒေါ်လေးစိန်စိန်၏လက်ကို ကျွန်တော် ဆုပ်ကိုင်လိုက်သောအခါ အားငယ်စွာမော့ကြည့်သည်။ ရှိုက်သံမှတစ်ပါး စကား တစ်လုံးတစ်ပါဒမဆိုနိုင်၊ သေမည့်အချိန်ကိုစောင့်နေသော ဝေဒနာသည် သား၏ဖြစ်အင်ကို နေ့စဉ် ရင်နှင့်မျှအောင်ခံစားနေရသည့် မိခင်တစ်ဦး၏ ကွဲကြေနေသောနှလုံးသားကို ကျွန်တော်စာနာမိသည်။

"ဒေါ်လေးကို ကျွန်တော် တစ်ခုတော့အကြံပေးချင်တယ်"

ဒေါ်လေးစိန်စိန် ခေါင်းညိတ်သည်။

"ကျွန်တော်တို့မှာ ရှောင်လွှဲမရတဲ့အရာတွေရှိတယ် ဒေါ်လေးရယ်၊ အဲ[illegible] ရှောင်လွှဲမရတဲ့အရာတွေအတွက် ကျွန်တော်တို့ ကြိုတင်ပြင်ဆင်ရပါတယ်၊ ခံနိုင်ရည်ရှိအောင်ပေါ့၊ ကျွန်တော်လေ ... ကျွန်တော့်အဖေကို သိပ်ချစ်တယ်၊ အမေ့ကို ချစ်သလိုပဲ၊ ကျွန်တော်ငယ်ငယ်ကအဖြစ်တစ်ခုကို ကျွန်တော် မှတ်မိနေသေးတယ်၊ တစ်နေ့ အဖေအလုပ်ကပြန်လာတဲ့အခါမှာ အလုပ်မှာ အက်ရာရလာလို့ ခေါင်းမှာပတ်တီးကြီးနဲ့တွေ့လိုက်ရတယ်၊ ကျွန်တော့်ရင်ထဲမှာ [illegible] ဆို့ပြီး ကျွန်တော်စကားပြောလို့မရတော့ဘူး။ အသက်ရှူလို့မရတော့သလို ဖြစ်သွားတယ်၊ အဲဒီတုန်းက ကျွန်တော်ရှစ်တန်းလောက်ပဲ။ အဲဒီနောက်တော့ ကျွန်တော်စဉ်းစားတယ်၊ အဖေ့ခေါင်းမှာ အက်ရာရတာကို မြင်ရုံနဲ့တင် [illegible] ဒီလိုဖြစ်တယ်ဆိုရင် အဖေဆုံးတဲ့အခါ ဘယ်လိုဖြစ်သွားမလဲပေါ့၊ ဒေါ်လေးရ[illegible] ငါ အသက်ရှူများရပ်သွားမလားပေါ့၊ စိုးရိမ်စိတ်တွေနဲ့ ကျွန်တော်နည်းလ[illegible]



ရှာခဲ့တယ်၊ အဲဒီအရွယ်အတွေးနဲ့ပေါ့၊ နောက်တော့ အဖြေတွေ့လာတယ်၊ တစ်နေ့ကျရင် အဖေသေမှာပဲ၊ အမေလည်းသေမှာပဲ၊ ဒါဟာ ဇီဝလွဲမသွေ ရင်ဆိုင်ရမယ့်အရာပဲ၊ ဘယ်လိုမှ ရှောင်တိမ်းလို့မရနိုင်တဲ့တရားပဲ၊ ငါလည်း သေရမှာပဲ၊ အဲဒါကိုကြိုပြီ ကျွန်တော်နှလုံးသွင်းတယ်၊ အဖေနဲ့အမေ မသေခင် ငါ အဖေအမေစိတ်ချမ်းသာအောင်ထားမယ်၊ ပြုစုမယ်၊ စောင့်ရှောက်မယ်၊ ကံတုန်တဲ့အခါခွဲရလည်း ဘာဝမ်းနည်းစရာရှိမလဲဆိုတဲ့အတွေးနဲ့ အဖေနဲ့ အမေသေမှာကို ကျွန်တော်အမြဲသတိနဲ့ ဆင်ခြင်ကြည့်ခဲ့တယ်၊ ပြင်ဆင်ထား ခဲ့တယ်၊ ကျွန်တော် တက္ကသိုလ်တက်နေတုန်း အဖေဆုံးတဲ့အခါ ဝမ်းနည်း ပေမယ့် ကျွန်တော်ခံနိုင်ရည်ရှိခဲ့တယ်၊ အဲဒါ ကြိုတင်ပြင်ဆင်ခဲ့လို့ သက်သာ တယ်ဆိုရမှာပေါ့ ဒေါ်လေးရယ်"

ကျွန်တော်က စကားကိုခဏရပ်ပါသည်။ ကျွန်တော်ပြောနေသောစကား များ၏ ဆိုလိုရင်းကို ဒေါ်လေးစိန်စိန် သဘောပေါက်ပုံရပါသည်။ တွေ၍ ငြိမ်သက်စွာနားထောင်နေသည်။

ကျွန်တော်စကားဆက်လိုက်သည်။

"ဇာနည်ကို ကျွန်တော်တို့ လက်လွှတ်ဆုံးရှုံးရမှာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျန်နေသေးတဲ့အချိန်ကာလလေးမှာ သူ့အဖို့ အကျိုးရှိအောင် ကျွန်တော်တို့လုပ်ပေးရမယ်၊ ဝေဒနာသက်သာအောင် လုပ်ပေးရမယ်၊ ခုနေ အခါမှာ သူ့အဖို့ခံစားနေရတာက ရုပ်ခန္ဓာကဝေဒနာရယ်၊ စိတ်ဝေဒနာရယ် နှစ်ခုဖြစ်တယ်၊ စိတ်ဝေဒနာက ပိုတယ်ဒေါ်လေး။ ငါမိုက်ခဲ့လို့ဆိုတဲ့အတွေး ကြောင့် ငါ့မိဘတွေ ဒုက္ခရောက်ရတယ်ဆိုတဲ့အသိ၊ ငါသေရတော့မယ်ဆိုတဲ့ ကြောက်စိတ်၊ အဲဒါတွေ ရောပြီးခံစားနေရတယ်၊ ဒါကြောင့် ကျွန်တော်အကြံ ပေးချင်တာကတော့ ဒေါ်လေးတို့ ဦးလေးတို့ အရင်ဆုံးခံနိုင်ရည်ရှိအောင်

www.burmeseclassic.com

 www.burmeseclassic.com 

ကြိုးစားပါ၊ ဇာနည်ရှေ့မှာ အတတ်နိုင်ဆုံးအပူတွေကိုမပြပါနဲ့၊ သူ့ကို စိတ်ပျော်ရွှင်စေမယ့်စကားတွေ ပြောပေးပါ၊ အဲဒီစကားတွေထဲမှာ တရားသဘောလေးတွေ မသိမသာထည့်ပေးပါ၊ နောက်တစ်ခုက သူ့အခန်းထဲကနေ သူကြားနိုင်လောက်အောင် သူကြိုက်တဲ့သီချင်းလေးတွေဖွင့်ပေးပါ၊ ဒီထက်ပိုအရေးကြီးတာက တရားခွေလေးတွေ ကြိုကြားကြိုကြားဖွင့်ပေးပါ၊ သေဖို့နီးလို့ တရားနာခိုင်းတယ်လို့မထင်ရအောင် ဒေါ်လေးတို့ကတရားနာရင်းနဲ့ သူ့ကိုသွယ်ဝိုက်တဲ့နည်းနဲ့ နာစေတာမျိုးဖြစ်စေချင်တယ်၊ ဒါဟာ သူ့ကိုလောလောဆယ် ကူညီပေးနိုင်တဲ့ အကောင်းဆုံးနည်းပါပဲ ဒေါ်လေးရယ်"

ဒေါ်လေးစိန်စိန် ခေါင်းညိတ်သည်။

"အင်း ဒေါ်လေး သဘောပေါက်ပါပြီ၊ မင်းပြောတဲ့အသိကို ဒေါ်လေးမေ့နေတာအမှန်ပဲ၊ ရတက်သောကမီးတွေလောင်နေလို့ ဒေါ်လေးအသိတွေပျောက်နေတာအမှန်ပဲ၊ မှန်တယ်ကိုနေ၊ ကိုနေပြောတာ ဒေါ်လေးလက်ခံတယ်"

"ဦးလေးကျော်မောင် အလုပ်သွားလား"

"ဟုတ်တယ်၊ သူ့မှာ စီးပွားရှာရတာတစ်ဖက်၊ သားအတွက် ခံစားရတာ တစ်ဖက်ဆိုတော့ အင်မတန်ပင်ပန်းပါတယ်၊ ပိန်သွားတာလည်း အရမ်းပဲ၊ သူလည်း မလဲရုံတမယ်ပါပဲ"

"ကျွန်တော်နားလည်ပါတယ် ဒေါ်လေးရယ်၊ ဦးလေးကိုလည်း ဒေါ်လေးက ဖျောင်းဖျနှစ်သိမ့်ပါ၊ ကျွန်တော်လည်း မကြာခဏလာပါ့မယ်၊ ကျွန်တော်စောစောကပြောသလို ဇာနည်ကို လူမမာကြီးလိုသဘောထားပြီးမနေပါစေနဲ့နော်၊ ဒါတိုင်း အိမ်မှာနေသလိုပဲ တတ်နိုင်သမျှပျော်ပျော်ရွှင်ရွှင်ဖြစ်အောင်ဒေါ်လေးတို့ကြိုးစားပေးပါ၊ ဒီသူ့အတွက် ကျွန်တော်တို့အကောင်းဆုံး ပြင်ဆင်ပေးတာပါ၊ ဖြစ်နိုင်ရင် ဒေါ်လေးက သူ့နားမှာစိတ်ပျော်စေမယ့်စကားတွေပြောရင်းကနေ တရားမှတ်တာလေးတွေသင်ပေးပါ"

"စိတ်ချပါ ငါ့တူရယ်၊ ငါ့တူကို ဒေါ်လေးကျေးဇူးတင်ပါတယ်"

"ဒေါ်လေး ဒီ အမေက ဒေါ်လေးကိုပေးလိုက်တာပါ၊ ဇာနည်ကို သူစားချင်တာတွေ ဝယ်ကျွေးပါ၊ ဆေးဖိုးလည်းသုံးရတာပေါ့"

ကျွန်တော်က စာအိတ်ဖြင့်ထည့်ထားသောငွေများကိုပေးတော့ ဒေါ်လေးစိန်စိန်က ငြင်းသည်။

"အို ... နေပါစေကွယ်၊ ဒေါ်လေးတို့ အဆင်ပြေပါတယ်"

"မဟုတ်ပါဘူးဒေါ်လေးရယ်၊ ကျွန်တော်တို့က အမျိုးအရင်းကြီးတွေဘယ်လိုမှ သဘောမထားပါနဲ့၊ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက်မကူညီရင် ဘယ်သူကူညီမလဲ"

ကျွန်တော် အတန်တန်အထပ်ထပ်ပြောကား အတင်းပေးမှ ဒေါ်လေးစိန်စိန်က လက်ခံပါသည်။

"ဒေါ်လေးလည်း ကျန်းမာရေးဂရုစိုက်ပါ၊ ဖိုးသူတော်ရော တောင်ဇော်ပါလဲလို့မဖြစ်ဘူး"

ဒေါ်လေးစိန်စိန် ခေါင်းညိတ်ပြသည်။ ခေါင်းအညိတ်မှာ မျက်ရည်ကကြွေကျပြန်၏။ ပြောသာပြောရသည်။ ကျွန်တော့်မျက်လုံးထဲမှာလည်းမျက်ရည်များအိုင်နေပါပြီ။ ရင်ထဲမှာ ဆို့နေပါပြီ။

ဒေါ်လေးစိန်စိန်၏လက်ကို အကြိမ်ကြိမ်ဖျစ်ညှစ်ဆုပ်နယ်အားပေးပြီးနှုတ်ဆက်ပြန်လာသောအခါ ဖော်မပြတတ်သောစူးနစ်နာကျင်မှုတစ်ရပ်သည်ကျွန်တော့်ကို ဖိစီးနှိပ်စက်လျက်ရှိနေသဲ။

အဘယ်ကြောင့်များ ဒီရောဂါဆိုးသည် လူ့ရင်ခွင်သို့ရောက်ရှိလာရပါသနည်း။ ကံကြမ္မာက ဖန်တီးတာလား၊ လူကဖန်တီးတာလား။

www.burmeseclassic.com

(၉)

အစ်ကိုလင်းအောင်တို့ခြံဝန်းကလေးမှာ သီးပင်စားပင် ပန်းပင်များဖြင့် မြိမ်းအေးနေသည်။ ခြံဝင်းတံခါးကိုတွန်းဖွင့်ဝင်လိုက်သောအခါ တိုက်ရှေ့တွင် အစ်ကိုလင်းအောင်၏ ကိုရိုလာဆလွန်းကားမြူကလေးကိုတွေ့ရသဖြင့် အစ်ကိုလင်းအောင်ရှိနေကြောင်း သိလိုက်ရသည်။ ခေတ်မီလှပသော နှစ်ထပ်တိုက်ကလေးမှာ လွန်ခဲ့သော နှစ်နှစ်ခန့်ကမှ ပြန်ဆောက်ထားခြင်းဖြစ်၏။ သုခ ချမ်းသာကို ပြဆိုသောအရာများမှာ အစ်ကိုလင်းအောင်ထံတွင် ရှိနေသည်ဟု ဆိုရမည်။

"အမေ့သားကြီးက အမေ့ဆီကို တစ်လနေလို့မှတစ်ခေါက်မရောက်တတ်ဘူး၊ သူက ချမ်းသာမှုနောက်ကိုပဲ အလောတကြီးလိုက်နေတာ၊ အင်း တကယ့်သုခအစစ်ကို သူနားမလည်သေးဘူး" ဟူသော အမေ့စကားသံများကို ကျွန်တော်ဖျတ်ခနဲကြားယောင်သည်။

အဝင်ဝတံခါးဘေးရှိ လူခေါ် ခေါင်းလောင်းခလုတ်ကလေးကိုနှိပ်လိုက်သည်။ တိုက်ထဲမှ သာယာညှင်းပျောင်း တေးသံကလေးတစ်ခုကြားရ၏။ ခေါင်းလောင်းအစား ဂီတသံလေးတစ်ခုထည့်ထားသည်ပဲ။

ခဏကြာလျှင် မှန်တံခါးအတွင်းမှ မမှုယာ၏မျက်နှာကိုမြင်လိုက်ရ၏။ တံခါးကိုဆွဲဖွင့်ပြီး ...





"လာ ... ဝိုမောင်" ဟု ဖိတ်ခေါ်ပါသည်။ မမှုယာမှာ မာနကြီးသူ တစ်ယောက်ဖြစ်သော်လည်း ကျွန်တော့်ကိုမူ မောင်ငယ်အရင်းတစ်ယောက် ပမာ ရင်းနှီးခင်တွယ်သည်။

ဧည့်ခန်းထဲသို့ဝင်လိုက်သောအခါ တီဗွီ၌ ရုပ်ရှင်ကားတစ်ခုပြနေသည်ကို တွေ့ရ၏။ နိုင်ငံခြားကားဖြစ်သည်။ မမှုယာ ရုပ်ရှင်ကြည့်နေခြင်း ဖြစ်လိမ့်မည်။

"အစ်ကိုရော မရှိဘူးလား"

"ရှိတယ် အပေါ်ထပ်မှာ၊ သားကို သွားကြည့်နေတယ်"

တံခါးကိုပြန်ပိတ်ရင်း မမှုယာကပြောသည်။

"မိုးလေး အိပ်နေတာလား"

အစ်ကိုလင်းအောင်နှင့် မမှုယာတို့၏သား မိုးထိအောင်ကို ကျွန်တော်မေးခြင်းဖြစ်၏။

"အင်း အဖျားနည်းနည်းရှိလို့"

"တင် ... ဘယ်လိုဖြစ်တာလဲ"

"အအေးမိတာထင်ပါရဲ့ကွယ်၊ အဖျားရှိန်လေးနည်းနည်းနဲ့ ချောင်းကလေး နည်းနည်းဆိုးတယ်"

"ဆေးခန်းမပြဘူးလား"

"မမှုယာတို့ရဲ့မိတ်ဆွေ ဒေါက်တာသိန်းဇော် လာကြည့်ပေးတယ်"

ထိုစဉ် ...

"ဟော ... မိုးနေ ရောက်နေတာကိုးကွ"

အစ်ကိုလင်းအောင်၏အသံ ပေါ်လာသည်။ အပေါ်ထပ်လှေကားမှ ဆင်းလာသောအစ်ကိုလင်းအောင်ကို တွေ့လိုက်ရ၏။ ကျွန်တော်က ခေါက်တိမှာ ထိုင်လျက်ဖြစ်ပြီး မမှုယာက အိမ်အတွင်းဖက်သို့လှည့်ကာ "ဝိုင်ပိရေ" ဟု

www.burmeseclassic.com

www.burmeseclassic.com

လှမ်းခေါ်သည်။ "ရှင်" ဟူသော ထူးသံနှင့် အသက်ဆယ့်လေး၊ငါးနှစ်အရွယ် တလေးမတစ်ဦး အိမ်နောက်ဘက်မှထွက်လာသည်။ အိမ်ဖော်မလေးဖြစ်၏။

"ကော်ဖီနဲ့မုန့်ယူခဲ့၊ ဒီမှာ ဧည့်သည်ရောက်နေတယ်" ဟု ပြောသည်။

"မိုးလေး နေမကောင်းလို့ဆို"

ကျွန်တော်က စိတ်ပူစွာမေးလိုက်တော့ အစ်ကိုလင်းအောင်က ကျွန်တော့် အားတွင်တွင်ထိုင်ရင်း ...

"နည်းနည်းပါ၊ အခု သက်သာသွားပါပြီ"

"ခု အိပ်နေလား၊ ကျွန်တော် သွားကြည့်ချင်လို့"

"အိပ်ပျော်သွားပြီကွ၊ ဘာမှစိတ်မပူပါနဲ့၊ ဒေါက်တာသိန်းဇော်က အအေး နည်းနည်းမိတာလို့ ပြောပါတယ်၊ အအေးမိလို့ အဆုတ်နည်းနည်းမှုတာ နေမှာပေါ့"

"ကျွန်တော် မိုးလေးအတွက် လက်ဆောင်ဝယ်လာလို့"

ကျွန်တော်က ကျွန်တော်ယူလာသော အင်းလေးလက်ဆောင် ရှမ်းအကျႌ နှင့် ရှမ်းဘောင်းဘီးအိတ်ကလေးကို မမမှုယာအားလှမ်းပေးလိုက်သည်။ လက်ဖက်ခြောက်နှင့် ရှမ်းပဲပုပ်ထုပ်များကိုလည်း ထပ်၍ပေးလိုက်သည်။ အိမ်ဖော်မလေးပိပိက ကော်ဖီနှင့်မုန့်များလာချပေးသည်။

"သောက် မောင်လေး" ဟု မမမှုယာကပြောသည်။

"မင်း ဘယ်တုန်းကပြန်ရောက်တာလဲ"

အစ်ကိုလင်းအောင်က မေးသည်။

"မနေ့ကပဲ အစ်ကို"

"တောင်ကြီးမီးပုံးပျံပွဲက ပျော်စရာကောင်းမှာပေါ့၊ မမတို့တောင် သွားချင် တာ မရောက်သေးဘူး"



မမမှုယာက ရုပ်ရှင်ကြည့်ရင်းက ဝင်ပြောသည်။

"ကျွန်တော်တို့ ကံမကောင်းပါဘူး မမရယ်၊ အဲဒီညက လေအရမ်းတိုက် နေလို့ မီးပုံးပျံကလွှတ်မရတာနဲ့ မကြည့်ခဲ့ရပါဘူး။ အားလွန်းလို့ ကျွန်တော် တို့ မစောင့်နိုင်ဘဲ ပြန်ခဲ့ရတယ်၊ မနက်သုံးနာရီခွဲလောက်မှ လွှတ်ရသတဲ့"

"အင်းလေးကော မရောက်ခဲ့ဘူးလား"

"ရောက်ခဲ့တယ်"

"မင်း ကလောမှာ ဝင်မအိပ်ဘူးလား"

"အစ်ကိုကြီး ဒေါက်တာစိုင်းမောင်တို့ဆီမှာ တစ်ညအိပ်တယ်၊ နောက် တစ်နေ့မှ ပင်းတယသွားတာ၊ အစ်ကိုကြီးဒေါက်တာစိုင်းမောင်က အစ်ကိုကြီး ကို သတိရကြောင်း လာခဲ့ဖို့အကြောင်းတွေမှာတယ်"

"အေးကွာ ငါလည်း ခရီးလေးဘာလေးထွက်ချင်ပါတယ်၊ ဒါပေမယ့် အလုပ်ကခွာလို့မရဘူးဖြစ်နေတယ်၊ အမေ့ဆီကိုတောင် သိပ်မရောက်နိုင်တာ ကြည့်တော့၊ အမေရော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ မိုးလေး နေမကောင်းဘူးကြားရင် အမေလည်း ပြေးလာဦးမှာထင်တယ်၊ မနေ့ကတောင် မိုးလေးကို မတွေ့ရတာကြာပြီဆိုပြီး သတိတရပြောနေတာ"

ကျွန်တော်တို့စကားကောင်းနေခိုက် ရုပ်ရှင်ကပြီးသွားသဖြင့် မမမှုယာ က ဗွီဒီယိုစက်နှင့် တီဗွီကိုပိတ်လိုက်သည်။ အစ်ကိုလင်းအောင်ကို မကြည့်ဘဲ တစောင်းအနေအထားဖြင့် —

"မောင် အလုပ်ကို ပြန်သွားဦးမှာလား"

"အင်း ပြန်သွားမှာ"

"ညနေ စောစောလေးပြန်ခဲ့နော်၊ မှုယာ ညီမလေးကိုမှိန်းထားတယ်၊ ခြောက်နာရီအရောက်သွားရမှာ၊ ပွဲသည်းတစ်ခု ဝယ်လက်ရှိနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မောင် ပြန်လာအောင်တော့စောင့်မယ်၊ မောင့်ကို မစောင့်ရင် မိုးလေးတစ်ယောက်တည်းရှိနေမှာ"

"အင်းပါ"

မမှုယာက ကျောက်အရောင်းအဝယ်လည်းလုပ်သည်။ အရောင်းအဝယ်ကိစ္စတစ်ခုနှင့်ပတ်သက်၍ ချိန်းဆိုထားမှုအတွက် အစ်ကိုလင်းအောင်ကို မှာနေခြင်းဖြစ်၏။ သူတို့လင်မယား၏စကားတွေနှင့် အာရုံတွေထဲမှာ တစ်ဦးတည်းသော သားဖြစ်သူမိုးထိအောင်၏ နေမကောင်းမှုကိစ္စက စီးပွားရေးကိစ္စတွေလောက် အရေးပါပုံမရ။

"တဲ ... ကော်ဖီသောက်၊ အစ်ကို မြို့ထဲပြန်သွားမှာ၊ မင်းလဲလိုက်ခဲ့၊ လမ်းမှာ စကားပြောသွားကြတာပေါ့"

အစ်ကိုလင်းအောင်ကပြောသည်။

ကျွန်တော့်အတွက် အဆင်ပြေသွားသည်။ အစ်ကိုလင်းအောင်အား နန်းချယ်ရီနှင့်ပတ်သက်ပြီး ပြောချင်နေသည်မှာ ရေကန်အသင့်ကြာအသင့် ဖြစ်သွားသည်။ မမှုယာရှေ့တွင် အပြောရခက်သည်မို့ အစ်ကိုလင်းအောင်နှင့် နှစ်ယောက်တည်းစကားပြောရန်စောင့်နေသူ ကျွန်တော့်အဖို့ အခွင့်အရေးရသွားသည်။

ကော်ဖီသောက်၊ မမှုယာကိုနှုတ်ဆက်ပြီး အစ်ကိုလင်းအောင်နှင့်အတူ ကျွန်တော်ထွက်လာခဲ့သည်။ အစ်ကိုလင်းအောင်က ကားကိုမောင်းပြီး ကျွန်တော်က သူ့ဘေးမှာ။

"ကျွန်တော် အစ်ကို့ကိုတိုင်ပင်ချင်တာတစ်ခုရှိတယ်"

အစ်ကို၏အခြားစကားများမဝင်လာမီ ကျွန်တော်ပြောချင်သည်ကို ရှေ့ဆင်းခံလိုက်ရသည်။

အစ်ကိုလင်းအောင်က ငုံ့ကြည့်ပြီး —



"ဘာလဲပြောလေ" ဟု တိုက်တွန်းသည်။

"ကျွန်တော်ခရီးသွားရင်း မိန်းကလေးတစ်ယောက်တွေ့ခဲ့တယ်၊ ရှမ်းမကလေးပဲဆိုပါစို့၊ နန်းချယ်ရီတဲ့၊ ပင်းတယက၊ ဆရာမတစ်ယောက်ပါ၊ အစ်ကို၊ ကျွန်တော်သူ့ကို လက်ထပ်ချင်တယ်"

အစ်ကိုလင်းအောင် အံ့သြဟန်မရှိ။

"အင်းလေ ... မင်းလည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီပဲ၊ ဖြစ်ပါတယ်၊ အမေ့ကိုရောပြောပြီးပြီလား။ အမေကရော ဘာပြောလဲ"

"အမေ့ကို ပြောပြီးပါပြီ၊ အမေက စိုးရိမ်ပြပါတယ်၊ အစ်ကို့ကိုပြောပြ တိုင်ပင်ဦးလို့ ပြောပါတယ်"

"တစ်ခုတော့ရှိတယ်ကွ၊ မင်းကောင်မလေးက ခုမှတွေ့ရတာ သူ့အကြောင်း မင်းရင်းမြစ်ကျကျ သိရဲ့လား"

မေးသင့်မေးထိုက်သော မေးခွန်းဟု ကျွန်တော်ထင်သည်။ ကျွန်တော့် အဖြေကလည်း မြန်ပါသည်။

"နန်းချယ်ရီက တခြားလူမဟုတ်ဘူး၊ အစ်ကိုကြီးဒေါက်တာစိုင်းမောင်ရဲ့ ခယ်မလေးပါ၊ အစ်ကိုကြီးဇနီး နန်းယုယုလှိုင်ရဲ့ ညီမပါ၊ အစ်ကိုကြီးဆီက နန်းချယ်ရီရဲ့အကြောင်းတွေအားလုံး သိရပါတယ်၊ အစ်ကိုကြီးကလည်း သဘောတူပါတယ်၊ ကျွန်တော့်အတွက် ဘဝအဖော်မှန်ကောင်းပဲလို့ အပြည့်အဝ ထောက်ခံပါတယ်၊ အစ်ကိုကြီးရဲ့ဇနီး နန်းယုယုလှိုင်ကလည်းတော်တယ်၊ အစ်ကိုကြီးတို့ရဲ့မိသားစုလေးက အစ်ကို့လောက်မချမ်းသာပေမယ့် အင်မတန် စိတ်ချမ်းမြေ့စရာ ပျော်စရာကောင်းတာ ကျွန်တော်သတိပြုမိတယ်"

အစ်ကိုလင်းအောင် ခေတ္တငြိမ်သွားသည်။ ကားကို ဂရုစိုက်မောင်းနေရ၍ပင်လား။ ဒေါက်တာစိုင်းမောင်အကြောင်း ပြောလိုက်သဖြင့် သူ၏အိမ်ထောင်ရေးနှင့် နှိုင်းယှဉ်ခံစားကြည့်နေ၍လားမသိ။

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်လွန်သွားပြီးမှ အစ်ကိုလင်းအောင်ထံမှ စကားသံ ပြန်ထွက်လာသည်။

“ဗိုင်းမောင်က ထောက်ခံတယ်ဆိုရင်တော့ မိန်းကလေးဟာ အလွန် တော်သူဖြစ်မှာ သေချာပါတယ်၊ ဒီကောင်ကြီးက အစ်ကို့လိုမတုတ်ဘူး။ အလွန် ကို ရိုးသားပြီး အရာရာကိုအလေးအနက်ထားတတ်သူပဲ၊ စကားကိုလည်း အထိန်းအကွပ်မဲ့မပြောတတ်ဘူးလေ၊ သူ့အိမ်ထောင်ရေးသာယာတယ်ဆိုတာ လည်း အစ်ကိုကြားပါတယ်၊ အစ်ကိုပြောချင်တာကတော့ အစ်ကို့အိမ်ထောင် ရေးလို အကာလှပြီး အနှစ်မပြည့်မှာသတိပြုမိဖို့ပါပဲ၊ အစ်ကိုက အစ်ကို့ အိမ်ထောင်ရေးကို ရာနှုန်းပြည့်မမှန်ဘူးလို့ ယူဆထားတယ်၊ ဒါပေမယ့် ပြင်ဆင်လို့လည်းမရတော့ဘူး။ မကွဲပေမယ့် အက်နေတယ်၊ အတူနေပေမယ့် ဝေးနေတဲ့အိမ်ထောင်ရေး။ အဲဒီလိုမျိုးမဖြစ်အောင်တော့ကြိုးစားကွာ၊ မယူခင် လေ့လာပေဦး။ အစ်ကိုကတော့ ဘာမှပြောစရာမရှိပါဘူး။ လိုတာပြော ... အစ်ကို လိုက်ပြီးဆောင်ရွက်ပေးမယ်၊ နေပါဦး ... မင်းက သူ့ကိုလက်ထပ်ချင်တယ် ဆိုတာ မိန်းကလေးနဲ့မင်းနဲ့ ချစ်သူတွေဖြစ်သွားကြလို့လား”

ကျွန်တော် ရှက်ရှက်နှင့်ရယ်လိုက်ရသည်။

“ဟင်း သူက ဘာမှမသိသေးဘူး။ ကျွန်တော်က လက်ထပ်ချင်တာ ပြောတာပါ”

“ဟာကွာ ... မင်းဟာက ဖိတ်စာတစ်ဝက် ကိုယ့်ဘာသာရိုက်တာကိုး ကွ၊ တာတာယ်ပါပဲ၊ အစ်ကိုက အဟုတ်မှတ်လို့”

“အဖေနဲ့အစ်ကို့သဘောကို အရင်ယူတာပါအစ်ကို၊ အဖေနဲ့အစ်ကို ခွင့်ပြုပြီးမှ သူ့ကို ကျွန်တော်လက်ထပ်ခွင့်တောင်းချင်လို့ပါ”

“အေးလေကွာ ... သူလက်ခံရင် အစ်ကိုတို့ဘက်က ဘာမှပြောစရာ မလိုပါဘူး”



“ဒါနဲ့ အစ်ကိုအချိန်ရတဲ့အခါ ဒေါ်လေးမိနိစိန့်တို့အိမ်ကို တစ်ခေါက် လောက်သွားပြီး သတင်းလေးဘာလေးသွားမေးပါဦး။ တနည်း အခြေအနေ မကောင်းဘူး”

အစ်ကိုလင်းအောင်ခေါင်း ကျွန်တော့်ဘက်လှည့်လာသည်။ မယုံသလိုမျက်လုံး ပြူး ကြည့်သည်။

“တနည်း ဘာဖြစ်လို့လဲ”

“အေ့ဒ်စ်လေ”

“ဘာ ...”

“အေ့ဒ်စ်ဖြစ်နေပြီ အစ်ကို၊ သူ့ကို ဝက်ထီးကန်က ပြန်ခေါ်လာရတယ်၊ အခု အိမ်မှာပဲ”

အစ်ကိုလင်းအောင်၏ သက်ပြင်းချသံကြားရသည်။

“အဲဒါ ဆေးသမားတွေရဲ့နိဂုံးပဲကွ၊ ဆေးထိုးလို့ ရောဂါဖြစ်ပြီးသေရင်သေ၊ မသေရင် အေ့ဒ်စ်ဖြစ်ပြီးသေမှာပဲ၊ ဒီနှစ်ခု တစ်ခုခုပဲဟာ”

အစ်ကိုလင်းအောင်၏ မှတ်ချက်မှာငြင်းဆိုစရာမရှိပါ။

“ဒါပေမယ့် အစ်ကိုရာ၊ တနည်းက နောင်တရပြီးဆေးဖြတ်တဲ့အချိန်ကျ မှ ဖြစ်လာရတာကိုတော့ နမြောမိတယ်”

“အေး ဒါတော့ဟုတ်တယ်၊ အစ်ကိုလည်း သွားလိုက်ပါဦးမယ်၊ ဒေါ်လေး ရော တနည်းကိုပါ အားပေးဖို့တော့လိုမယ်”

“ဟုတ်တဲ့ အစ်ကို”

ကျွန်တော်တို့စကားပြတ်သွားကြသည်၊ နှင်းချယ်ရီမျက်နှာလေးကို ပြေးမြင်ယောင်ရင်း ကျွန်တော်ရင်ခုန်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ဗိုကာတွန်း ဘယ်သွားလဲ"

အစ်ကိုလင်းအောင်နှင့်လမ်းခွဲပြီးနောက် ဝင်းမြတ်၏ကုမ္ပဏီစာပေသို့ ကျွန်တော်ရောက်သွားသည်။ ကုမ္ပဏီစာပေက ၃၂ လမ်းမှာရှိသည်။ စာပေတိုက်ထဲဝင်လိုက်တော့ ဖြန့်ချိရေးကိစ္စများကိုဆောင်ရွက်သည့် လှဦးနှင့် အောင်အောင်ကိုသာ တွေ့ရသည်။ ဝင်းမြတ်မရှိ။ ထို့ကြောင့် ကျွန်တော်က မေးလိုက်ခြင်းဖြစ်သည်။

စာရင်းဇယားများနှင့် အလုပ်ရှုပ်နေသောလှဦးက မော့ကြည့်ပြီး —

"ဆရာနေပါလား၊ ထိုင် ဆရာရေ၊ ကျွန်တော်တို့ဆရာမရှိသေးဘူး" ဟု ပြောသည်။ အောင်အောင်က စာအုပ်များစည်းနေရာမှ ...

"ဘောဘီလေးနဲ့ မနက်ကတည်းက ထွက်သွားတာပဲ" ဟု ဝင်ဖြည့်လိုက်သည်။

"ပြန်လာဦးမလား မသိဘူး"

"လာမှာဆရာ၊ မလာလို့မဖြစ်ဘူး။ နယ်ပို့ရမယ့်စာအုပ်စာရင်းတွေ သူ စစ်ဆေးစရာရှိတယ်၊ ပြန်လာမယ်လို့ အသေအချာပြောသွားတယ်"

"အေး အဲဒီ နာရီဝက်လောက်စောင့်ကြည့်တာပေါ့"

ဝင်းမြတ်၏စားပွဲရှေ့ရှိကုလားထိုင်မှာဝင်ထိုင်ပြီး လှဦးနှင့်အောင်အောင်တို့ အလုပ်လုပ်နေသည်ကို ကျွန်တော်ထောက်ကြည့်ရင်း အချိန်ဖြုန်းနေမိ၏။





ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဝင်းမြတ်ရောက်လာသည်။

"ဟာ ... ငါ့ဆရာရောက်နေတာကိုးကွ၊ ရောက်နေတာကြာပြီလား"

အားပါးတရ လိုက်လိုက်လှဲလှဲနှုတ်ဆက်သည်။

"မကြာသေးပါဘူး။ ဆယ့်ငါးမိနစ်လောက်ပဲရှိသေးတယ်"

"လာကွာ ... လက်ဖက်ရည်သွားသောက်ရင်း စကားပြောကြမယ်"

"မင်း အလုပ်ရှိသေးတယ် မဟုတ်လား"

"ရပါတယ်၊ ခဏပါ။ လှဦးရေ ... ငါ ကိုနေနဲ့အပြင်သွားဦးမယ်၊ မင်းတို့ လုပ်စရာရှိတာလုပ်ထား။ ငါပြန်လာမှ ဆက်လုပ်မယ်"

"ဟုတ်ကဲ့ အာစရိ"

လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဝင်းမြတ်က လက်ဖက်ရည်မှာသည်။

"မင်း ဘယ်သွားနေတာလဲ"

"တဲ ... တဲ ... ဂလိုပေါ့ကွာ"

"ဂလိုတွေ သိပ်လုပ်မနေနဲ့ ဂနိုတွေဖြစ်လာလိမ့်မယ်နော်"

"သွားစမ်းပါ။ အမျိုးတွေ နောကျေပြီးသား"

"ဘာနောကျေတာလဲ"

"ဒီမှာလေကွာ၊ အဖော်တွေရှိတယ်"

ဝင်းမြတ်က သူကိုင်လာသော လက်ကိုင်ပိုက်ဆံအိတ်ကြီးကို ဖွင့်၍ ပြသည်။ တစ်ထောင်တန်၊ ငါးရာတန်တွေကြားမှာ ကွန်ဒုံးသုံးလေးခု။

စားပွဲထိုးလေး လက်ဖက်ရည်လာချနေသဖြင့် ဝင်းမြတ်ကို ကျွန်တော် ဘာမှမပြောသေးဘဲ ခဏစောင့်နေသည်။ စားပွဲထိုးလေးထွက်သွားမှ ...

"အကာအကွယ်ရှိတယ်ဆိုပြီး စွတ်သောင်းကျန်းမနေနဲ့ ဗိုကာတွန်း၊ အဲဒါတွေက ရာနှုန်းပြည့်စိတ်ချရမယ်လို့ မင်းထင်လား" ဟု သတိပေးပြောပြီး မေးလိုက်သည်။ သူက လက်ဖက်ရည်ကို ဇွန်းဖြင့်မွှေရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ စိတ်မချရမှာလဲ" ဟု ဆင်ခြေကန်သည်။

"ဒီ လေ့လာမိသလောက်ပြောရရင် HIV ပိုးတာ မျက်ရည်နဲ့တံတွေးမှာလည်း ပါလာနိုင်တယ်၊ အနောက်တိုင်းကလို ပါးစပ်နဲ့နမ်းရှုပ်တဲ့အခါမှာ ပါးစပ်ထဲမှာ အနာရှိနေရင်ကူးစက်နိုင်တယ်တဲ့၊ ပြီးတော့ကွာ၊ အမျိုးသမီးရဲ့ မိန်းမကိုယ်ကထွက်တဲ့အရည်တွေထဲမှာ ပိုးပါနိုင်တော့ မင်းရဲ့လက်တို့ ဘာတို့မှာ အနာရှိရင်ကူးနိုင်တာပေါ့။ နောက်တစ်ခုကတော့ မင်းသုံးတဲ့တွန်နဲ့ဟာ ရက်ကျော်ဖြစ်နေရင်၊ ပေါက်ပြဲနေရင်၊ စနစ်မကျရင် ပြဿနာရှိလာနိုင်တယ်လေ"

"တာ – မင်းက ကပ်သီးကတ်သတ်တွေ လျှောက်ပြောတာပဲ"

"ကပ်သီးကတ်သတ်မဟုတ်ဘူး။ ဖြစ်နိုင်တာကိုပြောတာ"

"အဲဒါတွေအားလုံး ငါသတိထားတယ်ကွာ"

"ဒါပေမယ့် သတိတစ်ချက်မဟုတ်တစ်ချက် လွတ်သွားရင် မဖြစ်လာဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"ကိုင်း တော်ပါပြီကွာ၊ မင်းဒေ့ဒ်ဖိတရားတော်ကြီးကို ရပ်ပါတော့၊ လက်ဖက်ရည်လေးသောက်ရင်း စကားကောင်းတွေပြောရအောင်ပါ"

ဝင်းမြတ်စကားကြောင့် ကျွန်တော်စကားမဆက်ဘဲ ရပ်လိုက်ရသည်။ စကားကိုရပ်လိုက်သော်လည်း ဓာနည့်ရုပ်သွင်ကို မျက်ဝန်းမှာ ရုတ်တရက်မြင်လိုက်ရသဖြင့် ရင်ထဲတွင်ခံစားလိုက်ရပြန်၏။

ဝင်းမြတ်က ကျွန်တော့်မျက်နှာကိုလှမ်းကြည့်သည်။

"ကဲ ... ဒီတစ်ခါ ငါကမေးရမယ့်အလှည့်ပဲ၊ နန်းချယ်ရီအကြောင်း မင်းအမေကို ပြောပြီးပြီလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။



"ပြောပြီးပြီ"

"မင်းအမေက ဘာပြောလဲ"

"ငါ့သားချစ်ရင် အမေလည်းချစ်မှာပေါ့တဲ့"

"မင်းအစ်ကိုကိုရော မပြောဘူးလား"

"ပြောတယ်၊ ဒီမလာခင်ကလေးတင်ပဲ အစ်ကိုနဲ့ငါ ပြောလာတာ"

"သူကရော"

"အစ်ကိုတလည်း အိုကေပဲ၊ လိုတာပြော လိုက်တောင်းပေးမယ်တဲ့"

"ဒါဆိုရင် နန်းချယ်ရီသဘောထားပဲ ကျန်တာပေါ့"

"မှန်တယ်"

"မင်းဆီမှာ လိပ်စာရှိတာပဲ၊ စာထည့်လိုက်ပါလား။ စာထဲမှာ ရင်ဖွင့်ပြလိုက်ပေါ့"

ကျွန်တော်က ခေါင်းကိုယမ်းပြလိုက်သည်။ လက်ဖက်ရည်ခွက်ကို မယူဘဲ တစ်ငုံသောက်သည်ကိုစောင့်နေသော ဝင်းမြတ်က စိတ်မရှည်တစ်ခုဖြင့် –

"ပြောလေကွာ တန်ရင်မဖွင့်ဘူးလား" ဟု မေးသည်။

"ဒီကနေ တန်းရေးပြီး နန်းချယ်ရီကိုချစ်ကြောင်းပြောရင် နန်းချယ်ရီက ဒီရုပ်တုန်းသားက တစ်ရက်နှစ်ရက်တွေ့ပြီး ခင်သွားတာနဲ့ လှမ်းပြီး ရည်းစားစကားပြောတော့တာပဲ၊ လူလည်တွေပါလား။ ငါ့ကို လွယ်လွယ်ကူကူရမယ်ထင်ပြီး ပေါ့ပေါ့လေးကြံတာပေါ့လို့ထင်မှာပေါ့ကွာ၊ မဟုတ်ဘူးလား။ အဲဒီလိုမဟုတ်ဘဲ မြန်မာပြည်အောက်ပိုင်းကနေ မိုင်ပေါင်းလေးရာကျော် ခရီးဝေးတဲ့ ရှမ်းပြည်တောင်ပိုင်းအထိ တကူးတကပြန်တက်ပြီး သူ့မျက်နှာလေးကြည့် ချစ်ခွင့်ပန်ရရင် ပိုပြီးမလေးနက်ပေဘူးလား"

ဝင်းမြတ် မျက်လုံးတွေဝိုင်းသွားသည်။ သောက်နေဆဲလက်ဖက်ရည်ပန်းကန်ကိုပြန်ချကာ မေးခွန်းတစ်ခု အဆောတလျင်ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ မင်းက ပင်းတယ်ကို ပြန်တက်ဦးမလို့လား"

"ဟုတ်တယ်"

ကျွန်တော့်အမြေက ယတိပြတ် နိုင်နိုင်မာမာ။

"ဟာကွာ ... ပြန်လာတာမှ ဘာကြာသေးလို့လဲ"

"ဟုတ်တယ် မကြာသေးဘူး။ ဒါပေမယ့် အဲဒီလိုမှဖြစ်မှာ၊ သူနဲ့ငါ တွေ့ရတဲ့ကာလဟာ တိုတောင်းပေမယ့် ချစ်ခြင်းမေတ္တာကတော့ ပေါ့ပျက်ပျက် မဟုတ်ဘူးဆိုတာကို သူနားလည်လက်ခံဖို့လိုတယ်၊ ငါ့မေတ္တာကို အထင်သေး လို့မခံနိုင်ဘူး။ ဒါကြောင့် ငါကိုယ်တိုင် နှုတ်ကနေဖွင့်ပြီးပြောချင်တယ်၊ နောက်တစ်ခုက စာနဲ့ရေးပြီးပြောရင် သူတပြန်ချင်မှပြန်မှာ၊ သူပြန်စာကို အကြာကြီး စောင့်ရမှာကို ငါရင်မောတယ်၊ မခံနိုင်ဘူး။ သူနဲ့တွေ့ပြီး သူ့ဆီက တိကျတဲ့ အဖြေကိုပဲလိုချင်တယ်၊ ရက်ခံအဲဒါနိုးပေါ့ကွာ၊ လက်ခံရင်လည်း မြန်မြန် ငြင်းပယ်ရင်လည်း မြန်မြန်ပေါ့ကွာ"

"နေစမ်း မင်းတော့သွားပြီ။ မချစ်ဖူးတော့ အရူးဆိုတာ တယ်မှန်တာပဲ၊ ကာလကြာရှည်စွာ အက်ရာကင်းခဲ့တဲ့မင်းနှလုံးသားက တစ်ချက်တည်းနဲ့ အလဲအကွဲဖြစ်ကုန်ပါပေါ့လား။ သွတ် ... သွတ် ..."

"ဟေး မင်းဝေဝန်ချင်သလိုဝေဝန်၊ ငါတော့ ဂရုမစိုက်ဘူး။ အခုအချိန်မှာ ငါ့အတွက် အရေးအကြီးဆုံးက နှင်းချယ်ရီပဲ၊ ညတာဆို သူ့ကိုသတိရနေလို့ တစ်ညလုံးလိုလို ငါအိပ်မရဘူး။ မိုးလင်းခါနီး အိပ်ပျော်သွားပြန်တော့လည်း သူ့ကို အိပ်မက်မက်နေပြန်ရော့"

"ရောဂါ ... ရောဂါ ..."

ဝင်းမြတ်က အံဝင်တွေဖြင့် "ရောဂါ" ကို ဆိုနေသည်။ ကျွန်တော်က ဘေးမှနေသောရေမွှေးကြမ်းဖြင့် သူ့ကိုလှမ်းပက်ရန်ဟန်ပြင်ရင်း မေးလိုက်သည်။



"မိုးကာတွန်း မင်း ငါနဲ့လိုက်ခဲ့ဦးမလား"

သူလက်နှစ်ဖက်စလုံးကာရင်း ခေါင်းကိုပါ ဘယ်ညာယမ်းခါသည်။

"ချမ်းသာပေးတော်မူပါ ကိုယ်တော်လေးရယ်၊ ဒီတစ်ခါ ကိုယ်တော်လေး နောက် ကျွန်တော်မျိုးထပ်ပြီးလျှောက်လိုက်နေရင် ကျွန်တော်မျိုးရဲ့ ကုမ္ပဏီ တပေလေးလဲ ပြုတ်ရကိန်းဆိုက်ရပါတော့မယ်၊ အခုတောင် အလုပ်တွေက ကြပ်နေပြီ ခုမှသတိရတယ်၊ ပေါ့ကောင် မင်းဝတ္ထုပေးဖို့အချိန်ရောက်နေပြီနော်"

"အေးပါ ငါ့အလုပ် ငါသိပါတယ်၊ အဲဒါထားစမ်းပါ၊ မင်းမလိုက်ရင်လဲ ငါတစ်ယောက်တည်းပဲသွားရမှာပေါ့၊ အဲဒါလည်းကောင်းတာပါပဲလေ၊ မင်းပါ နေရင် ဆေးရိုးသည်ကန့်လန့်ဖြစ်ချင်ဖြစ်နေမှာ"

"ရတယ်သူငယ်ချင်း၊ ဆေးရိုးသည်ပြောပြော ဘာပြောပြော ငါကတော့ မလိုက်ဘူး။ ဘယ်နဲ့လျှာ၊ ပြန်ရောက်တာ တစ်ရက်ပဲရှိသေးတယ်၊ ပြန်သွားဦးမယ်တဲ့"

"မင်္ဂလာဆောင်ရင်တော့ မလိုက်ရင်မရဘူး ငါ့လူ"

"အမေးကြီးပါ ကိုနေဇရယ်၊ နှုတ်ခမ်းနာအကြောင်းအသာထားပါဦး၊ မုန့်ဆီကြော်အတွက် မုန့်အရင်ကြိတ်ပါဦး"

ကျွန်တော်စကားစဖြတ်လိုက်သည်။ ကျွန်တော်ပြောသမျှကို ဝင်းမြတ်က ရယ်စရာလုပ်ပစ်နေသည်မို့ ပြောနေလျှင်လည်း ထူးမည်မဟုတ်တော့။ ကျွန်တော်က လက်ဖက်ရည်ကိုသာငုံ့သောက်ပြီး ငြိမ်နေသောအခါ ဝင်းမြတ်က အကြောင်းအရာသစ်တစ်ခုကို ပြောင်းလဲဖွင့်လာပြန်၏။

"ဒါနဲ့ မင်း ရွှန်းလဲ့နဲ့တွေ့ ပြီးပြီလား"

"မတွေ့သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်ရောက်တာမသိသေးလို့နေတာတယ်၊ သိရင်ပေါက်ချလာမှာပဲ၊ မင်းကွာ လက်ထဲကငှက်ကိုလွှတ်ပြီး လေထဲကငှက်ကို လိုက်ဖမ်းချင်နေတယ်"

"လက်ထဲကငှက်က ငါချစ်တဲ့ငှက်မဟုတ်ဘူး၊ လေထဲကငှက်ကမှ ငါချစ်တဲ့ငှက်လေကွာ"

"အေးပါ နှစ်ကောင်စလုံးလွှတ်သွားမှာ ငါမြင်ယောင်ပါသေးတယ်"

ကျွန်တော်ထပ်မပြောတော့ပါ။ သူ့အယူအဆနှင့် ကျွန်တော့်အယူအဆ မတူနိုင်ပါ။ သူ့ခံစားချက်နှင့် ကျွန်တော့်ခံစားချက်မတူနိုင်ပါ။ သူ့နှလုံးသားနှင့် ကျွန်တော့်နှလုံးသားက မတူနိုင်ပါ။ သူက အချစ်ထက် သွေးသားကိုဦးစားပေးသူ၊ ကျွန်တော်က သွေးသားထက် အချစ်ကိုတန်ဖိုးထားသူ။

"ရွှန်းလဲ့က မင်းကိုချစ်နေတာတော့ သနားစရာပဲ"

ဝင်းမြတ်က တီးတိုးဝေဖန်ချက်ပေးနေပြန်သေးသည်။ သည်အချက်ကတော့ ကျွန်တော့်ခေါင်းထဲမှာ အမြဲရှိပါသည်။ ရွှန်းလဲ့ကို ကျွန်တော်သနားပါသည်။

သို့သော် ကျွန်တော့် နန်းချယ်ရီကိုပဲချစ်သည်။

အဲဒါသည်ပင် အချစ်၏လျှို့ဝှက်ဆန်းကြယ်မှုမဟုတ်ပါလား။

(၁၁)

"ကိုနေ ဘယ်တုန်းကပြန်ရောက်တာလဲ ပြန်ရောက်နေတာတောင် ဖုန်းဆီ
ကို မလာဘူး။ ဖုန်းလေးဘာလေးလည်း မဆက်ဘူး"

အိမ်ပေါ်တက်လာလာချင်း စာရေးစားပွဲမှာထိုင်နေသော ကျွန်တော့်ကို မြင်သွားပြီး ရွှန်းလဲ့ရန်တောင်စကားကိုဆိုလေသည်။ အနားရောက်လာတာ ပခုံးတို့လည်း ဘုတ်ခနဲထုလိုက်ပြန်လေသည်။

ရေးလက်စစာမူကိုရပ်ပြီး ဘောလ်ပင်ကိုချထားလိုက်ရ၏။

"တစ်နေ့ကပြန်ရောက်တာ၊ မနေ့က ဝါ နှင့်ရုံးကို ဖုန်းဆက်ပါသေးတယ် ဟာ၊ နှင်မရှိဘူး။ အပြင်ထွက်သွားတယ်တဲ့"

ကျွန်တော်က ရွှန်းလဲ့ကို မျက်နှာချင်းပြန်ဆိုင်ပြီး အဖြေပေးလိုက်ရ၏။

"အဲဒါ နှင် နေ့လယ်ပိုင်းဆက်တာထင်တယ်၊ မနေ့ကရှာနဲ့ဝါ ကိုစွတ်ရုံနဲ့ အပြင်ထွက်သွားလို့"

ဆက်တီပေါ်မှာ ဗိတ်လွှတ်ကိုယ်လွှတ် ထိုင်ချရင်းပြောသည်။ လှုပ်လာသော ကြိုးဆိုင်းသားရေအိတ်တိုလည်း စားပွဲပေါ်ပစ်ချသည်။

သည်နေ့က တနင်္ဂနွေနေ့ဖြစ်သည်။ ရွှန်းလဲ့တို့ကုမ္ပဏီပိတ်သည်။ အသရက်မှိ ရွှန်းလဲ့ရောက်လာမှာသေချာကြောင်း ကျွန်တော်တွက်ထားပြီး ဖြစ်၏။ ညက "ရွှန်းလဲ့ မနက်ဖြန်တော့လာမှာပဲ၊ သူ့ကို သာအေးတဲ့ရှုပ်မလေး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မပြောနဲ့ဦးနော်၊ သူ စိတ်မကောင်းဖြစ်သွားမယ်" ဟု အမေက စိုးရိမ်စွာ မှာနေသေးသည်။

ကျွန်တော်က ရွှန်းလဲ့နှင့် မျက်နှာချင်းဆိုင်ဆက်တီမှာ ဝင်ထိုင်လိုက်သည်။

"အမေကော"

ကျွန်တော့်အမေကို မေးခြင်းဖြစ်၏။ ရွှန်းလဲ့ကလည်း အမေ့ကို အမေဟု ခေါ်သည်။

"မီးဖိုထဲမှာထင်တယ်"

"ဒို့ဖို့ ဘာလက်ဆောင်ပါလဲ"

"ဟယ် ... ဟန်ဆောင်လေးဘာလေး နေပါဦးလား မိရွှန်းလဲ့ရာ၊ မေးမှာ ပေါ့။ နင်ဖို့မှ လက်ဆောင်ဝယ်မလာရင် ဒါက ဘယ်သူ့ဖို့ဝယ်လာရမှာလဲ"

"အပြောကောင်း"

ကျွန်တော် ထိုင်ရာမှထပြီး စာရေးစားပွဲပေါ်၌အသင့်တင်ထားသော စက္ကူအိတ်ကလေးကိုယူ၍ ရွှန်းလဲ့ကိုပေးလိုက်သည်။ ရွှန်းလဲ့ကချက်ချင်းပင် စက္ကူအိတ်ထဲမှ ရှမ်းရိုးရာထည် အင်္ကျီလေးကိုထုတ်ယူပြီး ကိုယ်မှာကပ်ကြည့်သည်။

"လှသားပဲ၊ ဒီတစ်ခါတော့ နင့်ကို သဘောကျသွားပြီ၊ အရွေးတော်တယ်"

အပြုံးအပျော်ဖြင့်ရှိနေသော ရွှန်းလဲ့ကို ကျွန်တော် ငေးကြည့်လိုက်မိ၏။ ဝင်းမြတ်တို့ပြောသလို ရွှန်းလဲ့သည်အတော်ကလေးလှသည်ဟုဆိုရမည်။ ဆံပင်ကိုဖြတ်၍ ခေတ်မီမီဆံပုံယဉ်ထုံးဖွဲ့ထားပုံ၊ တီရှပ်နီရဲရဲကလေးနှင့် စကတ် အနက်တို့ ခေတ်ဆန်စွာဝတ်ဆင်ထားပုံတို့က ခေတ်၏သမီးပျိုကလေးအသွင် သဏ္ဌာန်ဟုဆိုရမည်။ ပါးပါးလိမ်းထားသော မိတ်ကပ်နှင့်နှုတ်ခမ်းနီကြောင့် မူလကဝင်းပသောအသားကလေးက အပြစ်ကင်းသည့်မျက်နှာအနေအထား



ကို ပိုပိုလှပကြည့်ရှုနေစေသည်။ သွက်လက်ဖျတ်လတ်မှု၊ အပြောအဆို ပွင့်လင်း ရဲရင့်မှုတို့မှာ ရွှန်းလဲ့၏ပင်ကိုစရိုက်။ နှစ်သက်ဖွယ်၊ အထင်ကြီးဖွယ် အရည် အချင်းများကိုလည်း ပိုင်ဆိုင်ထားသူ။

သို့သော် ရွှန်းလဲ့က အမွမ်းအမံ အခြယ်အသ အနုပညာတို့ဖြင့်လှသော အလှဖြစ်ပြီး နန်းချယ်ရီကမူ သဘာဝအလှသာဖြစ်ပေသည်။

"ဟဲ့ ... နင် ဘာလို့ ငါ့ကိုကြည့်နေတာလဲ"

ကျွန်တော် သူမကိုကြည့်၍ အတွေးများရှည်လျားနေသည်ကို ရွှန်းလဲ့က သတိပြုမိသွားပြီးမေးလိုက်ခြင်းဖြစ်သည်။ ရှက်ရိပ်ရည်များ သူမမျက်နှာတွင် မရှိပါ။ ကြည်နူးရိပ်များသာ ပိုကဲနေပါသည်။

"နင် လှလို့ပေါ့ဟာ"

ကျွန်တော်က နောက်လိုက်သည်။ ရွှန်းလဲ့က နှုတ်ခမ်းကိုမဲ့ပြပြီး ....

"လျှာရှည်စကားတွေနဲ့ ငါ့ကိုလာမပြောနဲ့" ဟုပြောသည်။ မျက်နက်ဝန်း ကလေး တောင့်ကပ်နေဟန်က တမင်မူနွဲ့နေသည့်ပမာ။

"ဟော ... သမီးရောက်နေတာကိုး"

အိမ်နောက်ဘက်မှထွက်လာသောအမေက ရွှန်းလဲ့ကိုတွေ့သွားပြီး ပြုံးရွှင် စွာ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့အမေ၊ သမီး ခုပဲရောက်တာ၊ အမေ့ကိုမေးတော့ မီးဖိုထဲမှာလို့ ကိုနေကပြောလို့ သူနဲ့စကားကောင်းနေတာ"

"ဟုတ်တယ်၊ ထမင်းအိုးနှပ်နေလို့ကွယ့်၊ ကဲ ... အခု ဈေးသွားလိုက် ဦးမယ်၊ သမီး ထမင်းစားပြီးမှပြန်နော်၊ သမီးကြိုက်တဲ့ဟင်းတွေ အခု ချက်ကျွေးမယ်၊ တဲ့ သားက သမီးကိုဘာမှလည်း မကျွေးသေးပါလား။ သမီးပဲ ကိုယ်တိုင်တော်ဝီသွားမျှော်ပေတော့၊ မုန့်တွေလည်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမေက ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ။ ဒါက ရွှန်းလဲ့နှင့်တွေ့တိုင်း အမေ၏ ကြည်နူးရွှင်ပျ အမူအရာများဖြစ်၏။ မိဝေးဖဝေးနေရသော ရွှန်းလဲ့ကို အမေက သမီးလိုချစ်သည်ပင်။

"ဟုတ်ကဲ့ပါ အမေ၊ အမေကသာ ထမင်းစားဖို့ပြောတာ၊ အမေ့သားက ဘာမှမပြောဘူး။ သမီး တနင်္ဂနွေနေ့ လာလာစားတာကို သူကသိပ်ကြိုက်တာ မဟုတ်ဘူး။ အမေ့ကွယ်ရာကျရင် သမီးကိုမလာအောင်ပြောတယ်အမေ၊ အဆို ကုန်တယ်တဲ့"

ရွှန်းလဲ့ကလည်း အမေ့ကို မိခင်တစ်ယောက်လို။

အမေကရယ်သည်။

"ဟုတ်မယ် ဟုတ်မယ်၊ အမေ့သားက ကပ်စေးနှဲလေ၊ ဒါပေမယ့် သမီး ဘာမှမပူနဲ့၊ အမေကချစ်လို့ကျွေးတာ၊ သူ ဘာမှမပြောရဲဘူး"

"အမေ အမေက သားထက် သူ့ကိုပိုချစ်လို့တော့မဖြစ်ဘူးနော်၊ သူက အမေ့ကို အပိုင်စီးသွားရင်း သား ထွက်ပြေးရလိမ့်မယ်"

အမေက သဘောကျစွာ တဟဲ့ဟဲ့ရယ်နေသည်။ အရယ်ဆုံးမှ "ကဲ ... အမေ ဈေးသွားတော့မယ်၊ မောင်နှမနှစ်ယောက်ရန်မဖြစ်ကြပါနဲ့ ကြားလား" ဟု မှာကာ အိမ်ပေါ်မှဆင်းသွားသည်။

"ငါ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

ကျွန်တော့်ရှေ့သို့ ကော်ဖီတစ်ပန်းကန်ချပေးရင်းပြောသည်။ ကျွန်တော်က မုန့်ကြွပ်ထုပ်ထဲမှ မုန့်တစ်ချပ်ကိုနှိုက်ယူစားပြီး ကော်ဖီကိုသောက်သည်။ ရွှန်းလဲ့က ကော်ဖီသောက်ရင်း ကျွန်တော့်ကိုကြည့်သည်။ သူ့မအကြည့်မှာ တစ်စုံတစ်ခုထူးခြားနေသည်ထင်၏။ ကော်ဖီခွက်ကိုပြန်ချပြီး ...

"နင်နဲ့ငါ တိုင်ပင်ချင်တာတစ်ခုရှိတယ်"



သူမ၏နှုတ်မှ နိဒါန်းစကား။

"ငါလဲ နင်နဲ့တိုင်ပင်ချင်တာရှိတယ်"

ကျွန်တော်ကလည်း ပြန်ပြောလိုက်သည်။ ကျွန်တော့်စကားကြောင့် သူမ အနည်းငယ်အံ့ဩသွားဟန်ရှိသည်။ မျက်မှောင်ကလေးကျုံ့၍ စက္ကန့်အနည်းငယ် ကြည့်သည်။

"ဒါဆို နင်အရင်ပြော"

"နင် အရင်ပြောပါဟာ၊ လေဒီဖတ်စ်ပေါ့"

ရုတ်တရက် ရွှန်းလဲ့မပြောသေး။ ချိန်ဆနေသည်လား၊ ပြောရခက်နေသည်လား မသိ။ ကော်ဖီခွက်ကို ဟိုလှည့် သည်လှည့်လုပ်နေသည်။

"ပြောလေဟာ"

ကျွန်တော် ထပ်မံတိုက်တွန်းမှ ...

"အေး ငါပြောမယ်၊ ဒါပေမယ့် ငါက အလေးအနက်ပြောမှာ၊ နင်ကလည်း အလေးအနက်ထားပြီး နားထောင်ပေးပေါ့"

"ရတယ်"

"ငါ့ကုမ္ပဏီက မန်နေဂျာနာမည်က ကိုအောင်ကိုခိုင်တဲ့၊ မန်နေဂျာ ဖြစ်သလို သူဌေးရဲ့သားလည်းဖြစ်တယ်၊ သူက ငါ့ကိုလက်ထပ်ချင်တယ်လို့ ခွင့်တောင်းတယ်၊ အဲဒါ ..."

"အဲဒါ ဘာဖြစ်လဲ"

ရွှန်းလဲ့ ခေါင်းငြိမ်သွားသည်။ စားပွဲပေါ်သို့ သူမအကြည့်များစိုက်နေ၏။ အောက်နှုတ်ခမ်းကိုသွားဖြင့် တစ်ချက်နှစ်ချက်ကိုက်ကာ ဆက်ပြောရမည့် စကားများကို ရှာနေပုံရသည်။ ပြီး သက်ပြင်းချသည်။

"ငါ သူ့ကို လက်ခံသင့်သလား နေဇ"

www.burmeseclassic.com

www.burmeseclassic.com

သဘောထားတောင်းခံသောအမေး။ ကျွန်တော် ပြုံးလိုက်သည်။

"ငါ ဘယ်ပြောတတ်မလဲဟ၊ အဲဒါက နှင့်ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ပြီးတော့ နှလုံးသားကိစ္စလည်းဖြစ်တယ်၊ ဘဝကိစ္စလည်းဖြစ်တယ်၊ ငါက ဘယ်လိုလုပ် ဝင်ပြီးဆုံးဖြတ်ပေးလို့ရမှာလဲ"

ကျွန်တော့်မျက်လုံးများကို ရွှန်းလဲ့စိုက်ကြည့်သည်။ မျက်နှာတည်တည်ကလေးဖြင့် —

"ဝေဗန်လို့တော့ ရမှာပေါ့ဟာ"

ကျွန်တော်က ဟက်ခနဲရယ်၍ —

"ဝေဗန်တာကတော့ရပါတယ်၊ နှင့်ကောင်က သူဌေးသားပဲ၊ နှင့်ကိုလည်း ချစ်တယ်ဆိုရင် ဘာလိုသေးလဲ၊ နှင်ကလည်း ကြီးပွားချမ်းသာချင်တဲ့သူ တွေတာ်လား"

"ငါ ... သူ့ကို မချစ်ဘူး"

တိကျပြတ်သားသော စကားသံထွက်လာသည်။

ကျွန်တော် အနည်းငယ်တုံ့သွားသည်။ ဆက်ပြောစရာစကားမရှိဘဲ ရပ်သွားစဉ် ရွှန်းလဲ့က —

"နှင်က ငါ့ကို သူနဲ့သဘောတူလား" ဟု မေးသည်။ အမေးမှာ အဓိပ္ပာယ်ကျယ်ဝန်းလှသည်ဟုထင်သည်။ နှလုံးသားစိမ်းစိမ်းကို ထွက်ပေါက်ရှာကြည့်နေခြင်းဟု ယူဆသည်။ အဓိပ္ပာယ်နက်ရှိုင်းစွာယှက်ဖြာနေသော ရွှန်းလဲ့မျက်ဝန်းများကို ကျွန်တော်အကြည့်လွှဲလိုက်ရသည်။ ရင်၌ အနည်းငယ်မွန်းကြပ်သွားသည်။

"ငါ မပြောတတ်ဘူး ရွှန်းလဲ့"

"အဖြေင့် ငါမေးမယ်၊ သူ့ကို ငါလက်ခံလိုက်ရင် နှင်ကန့်ကွက်မှာလား"



"သူငယ်ချင်းကောင်းစားမှာကို ငါက ကန့်ကွက်ရမှာလားဟာ"

"အဖြေင့် နှင် သဘောတူတဲ့သဘောပေါ့"

ကျွန်တော်မဖြေ။ ရွှန်းလဲ့မျက်နှာ အပြုံးတွေပျောက်သွားသည်။ မျက်ဝန်းတွေ မှိုင်းသွားသည်။ အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်နေပြန်၏။ သည်တစ်ခါ နှုတ်ခမ်းကိုက်ဟန်က နာနာကျင်ကျင်ခံစားရသည်ကို တင်းခံနေဟန်။ ငိုသွားသောမျက်နှာ ပြန်ပေါ်မလာတော့။

"ငါ နားလည်သွားပြီ နေဝ"

အရှားခပ်တုန်တုန်ယင်နေသော ရွှန်းလဲ့စကားသံများမှာ ကြေကွဲမှုဖြင့် ဝရုန်းဟောဖြစ်နေသည်ကို နားလိုက်ရပြီး နှုတ်ဆိတ်နေကြသည့်သဘော။ သို့သော် ရွှန်းလဲ့ခံစားမှုနှင့် ကျွန်တော့်ခံစားမှု တူချင်မှတူပေလိမ့်မည်။

အချိန်အတန်ကြာသွားပြီးမှ —

"နှင်ပြောစရာရှိတယ်ဆို၊ နှင့်အလှည့်ပဲ၊ ပြော"

ရွှန်းလဲ့ထံမှ စကားသံထွက်လာ၏။

ကျွန်တော်စဉ်းစားရသည်။ ပြောသင့်မပြောသင့်။ ပြောလိုက်လျှင် ပူလေးရာဝရှိဆင့် ရွှန်းလဲ့၏ကြေကွဲမှုတွေပေါ် နာကျင်မှုတွေဆင့်သွားမှာ စိုးသည်။ ကျွန်တော်တွေနေဆဲ ...

"ပြောလေဟာ ... ငါ နားထောင်ပေးမှာပေါ့၊ အကြံပေးသင့်ပေးမှာပေါ့၊ ငါတို့က သူငယ်ချင်းတွေပဲ" ဟု ရွှန်းလဲ့က ထပ်မံတိုက်တွန်းသည်။ ထိုစကားများထဲမှာ ဝေဒနာအရိပ်အငွေ့များ ဝဲပျံ့နေသည်ဟုထင်၏။

ကျွန်တော် ရွှန်းလဲ့မျက်နှာကို ဝေခွဲမရစွာသာ ကြည့်နေမိသည်။

"နှင်ပဲ တိုင်ပင်ချင်တာရှိတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com

မူလပကတိအနေအထားသို့ ဣန္ဒြေပြန်ဆည်ပြီး ရွှန်းလဲ့ထပ်ပြောသည်၊

"ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲဟာ၊ နင်က ယောကျ်ားလေးပဲ၊ ဘာရှက်စရာရှိလဲ၊ ပြောစရာရှိတာ ပြောလို့ရပါတယ်"

ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်သည်။

"ငါ မိန်းကလေးတစ်ယောက်ကို ချစ်နေတယ်"

ရွှန်းလဲ့မျက်ဝန်းတွေမှာ စူးစမ်းမှုဖြင့်လက်နေသည်။

"သူ့ကို ငါလက်ထပ်ချင်တယ်၊ လက်ထပ်မယ်"

"ဘယ်သူလဲ"

သိလိုဇောပြင်းပြစွာဖြင့် အလောတကြီး ပလုံးပထွေးထွက်လာသော ရွှန်းလဲ့အမေး။ သူ့မျက်နှာကိုမကြည့်ရဲသဖြင့် ကျွန်တော့်မျက်လုံးကို ပြတင်းမှ တစ်ဆင့် အပြင်ဘက်ဆီသို့လွှဲပစ်လိုက်ရသည်။ အားတုံ့အားနာစွာဖြင့် ကျွန်တော်ဖွင့်ဟလိုက်ရ၏။

"နန်းချယ်ရီတဲ့၊ ပင်းတယကြ ဆရာမလေးတစ်ယောက်ပဲ"

"အော် ..." ဟူသော ရွှန်းလဲ့၏အသံမှာ အရာရာသိပြီးကျသွားသည့် ဟန်။ တိုးတိမ်နှစ်မြုပ်သွားသည်။

"ငါ ခရီးသွားတုန်းက တွေ့ခဲ့တာ"

"နင်တို့ ချစ်သူဖြစ်နေကြပြီလား"

"ဟင့်အင်း ငါက ချစ်နေတာပါ"

"အဲဒါဆို ဘယ်လိုလက်ထပ်မလဲ"

"သူ့ကိုဖွင့်ပြောပြီး ခွင့်တောင်းမှာပေါ့"



"ကောင်းပါတယ်"

"ဘာကောင်းတာလဲ"

"ကိုယ်ချစ်တဲ့သူကို ချစ်တယ်ပြောပြီး ခွင့်တောင်းရမှာ၊ ကြည်ဖြူရင် ပျော်ရွှင်စွာလက်ထပ် ကြရမှာ၊ အဲဒါ ကောင်းတာပေါ့"

"နင် ဘယ်လိုသဘောရလဲ ရွှန်းလဲ့"

မဲ့ပြုံးကလေးတစ်ခု သူမ၏နှုတ်ခမ်းထောင့်စွန်းမှာ မြင်ရသည်ဆိုရုံလေး မြင်ရသည်။

"ငါ ဘာပြောစရာရှိလဲ၊ နင်က ချစ်နေတယ်ဆိုမှတော့ ဘာလိုသေးလဲ၊ နင့်အတွက် သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါဝမ်းသာပေးရုံပေါ့"

ပြောစရာစကားများ အလိုလိုကုန်ဆုံးသွားသည်။ ကျွန်တော်ကလည်း သူမတို့ စာနာစွာဖြင့် တစ်စုံတစ်ရာထပ်မပြောမိတော့သလို သူမကလည်း ပြောစရာမရှိတော့သလို နှုတ်ဆိတ်သွားသည်။

နှစ်ဦးစလုံးမှာ စကားလုံးများကင်းမဲ့နေရုံမက တစ်ဦးနှင့်တစ်ဦး မကြည့်မိအောင်လည်း ကြိုးစားနေကြရ၏။

သေွ့ခြောက်တိတ်ဆိတ်နေမှုကို သည်းမခံနိုင်သဖြင့် ကျွန်တော်က ထိုင်ရာမှထကာ FM ရေဒီယိုကိုဖွင့်သည်။

"ငါ ပြန်တော့မယ်တာ"

ရုတ်တရက် ကောက်ကာငင်ကာပြောပြီး ရွှန်းလဲ့ ထိုင်နေရာမှ ဝုန်းခနဲ ထသည်။ စောစောကချထားသော သားရေအိတ်ကိုလည်း ကောက်ယူပြီး လွယ်သည်။

"နင် ထမင်းစားပြီးမှပြန်မှာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"မစားတော့ဘူး၊ သွားစရာတစ်ခုရှိလို့"

"နင် ထမင်းမစားဘဲပြန်သွားရင် အမေက စိတ်မကောင်းဖြစ်နေမှာပေါ့"

"အဲဒါဆိုလည်း နောက်မှတောင်းပန်တော့မယ်"

ပြောပြောဆိုဆို ရှုန်းလဲ့ အိမ်ပေါ်မှဆင်းသွားသည်။ နောက်ကို တစ်ချက်ကလေးပင် လှည့်မကြည့်။

ကျွန်တော်ပေးခဲ့သောလက်ဆောင် ရှမ်းရိုးရာထည်အကျႌကလေးတောင် ယူမသွားခဲ့ပါတကား။

(၁၂)

"တင် ... ဆရာ"

ခြံဝမှနေ၍ လူခေါ်ခေါင်းလောင်းကလေးကိုဆွဲလိုက်သည်။ ခေါင်းလောင်း၏ အသံနှင့် မရှေးမနှောင်းမှာပင် တိုက်အဝင်တံခါးပွင့်လာသည်။ တံခါးဝ၌ ပေါ်လာသူမှာ နန်းချယ်ရီဖြစ်သည်။ ကျွန်တော့်ရင် ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

နန်းချယ်ရီမှာ တံခါးအပြင်တွင်ရပ်နေသော ကျွန်တော့်ကိုသေသေချာချာ သတိထားမိဟန်မတူသေးဘဲ တိုက်မှထွက်၍ ခြံတံခါးဝဆီသို့ခပ်သွက်သွက် ကလေး လျှောက်လာသည်။ တံခါးဝနားရောက်မှ အပြင်တွင်ရောက်နေသော ဧည့်သည်ဖြစ်သူမှာ ကျွန်တော်ဖြစ်ကြောင်းတွေ့ရှိသွားသည်။ လုံးဝထင်မှတ်မမျှော်လင့်ထားသူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ထင်ပါ၏။ မျက်နှာတွေ ပင့်တက်ကာ မျက်လုံးရွဲကြီးများ ဝိုင်းစက်သွားတော့မယောင် အံ့ဩသွားသည်။ နှုတ်မှလည်း ‘တင် ... ဆရာ" ဟူသော အာမေဍိတ်သံ ထွက်ပေါ်လာခဲ့သည်။

နန်းချယ်ရီ၏ လှုပ်ရှားမှုများကို ဗွီဒီယိုကင်မရာဖြင့်ရိုက်နေသည့်ပမာ စက္ကန့်မလပ်ကြည့်နေသော ကျွန်တော့်အမြင်တွင် နန်းချယ်ရီ၏အံ့ဩမှုထဲ၌ အပျော်ရည်တွေ စိမ့်ဝင်ပျော်ပါနေကြောင်းတွေ့လိုက်ရ၏။

နန်းချယ်ရီသည် ခြံတံခါးမကြီးကို ကပျာကသီဖွင့်ကာ ကျွန်တော်ဝင်ရန် ဖွင့်ပေးရင်း "အထဲကိုဝင်ဆရာ" ဟု လှိုက်လှဲပျူငှာပြုံးဖြင့်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

စနေနေ့ဖြစ်သည်။ စနေနေ့ ကျောင်းပိတ်သည်မို့ နန်းချယ်ရီအိမ်တွင် ရှိမည်ကို ကျွန်တော်သတိထားမိ၏။ ထို့အတူ နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင် လိမ်မော်ခြံထဲသို့ သွားတတ်ကြောင်းကိုလည်း ကျွန်တော်သိထားသည်။

ကျွန်တော်က ရုပ်အင်္ကျီပွပွကြီးကို အနွေးထည်ပမာထပ်ဝတ်ထားသော သနပ်ခါးရည်ကျဲကလေးနှင့် အိပ်နေရိုးဝင်သော ပင်ကိုသဘာဝနှင့် နန်းချယ်ရီကို ကြည့်ပြီး ခြံတွင်းသို့ဝင်လိုက်သည်။ ကျွန်တော်တိုက်ရှိရာသို့ ခပ်ဖြည်းဖြည်း လှမ်းလာစဉ် နန်းချယ်ရီက ခြံတံခါးကိုပြန်ပိတ်သည်။ ပြီးမှ ကျွန်တော့်နောက်မှ လိုက်ပါလာသည်။

"ထိုင်ပါ ဆရာ"

ဧည့်ခန်းဆက်တီ၌ ကျွန်တော်ထိုင်လိုက်ချိန်တွင် နန်းချယ်ရီက အတွင်းဘက်သို့ ဝင်သွားသည်။ ခဏအကြာတွင် ပြန်ထွက်လာကာ ကျွန်တော့်ရှေ့ ဆက်တီတွင်ဝင်ထိုင်၏။

"ဦးလေး ခြံထဲသွားတာလား"

"ဟုတ်ကဲ့"

"ဒီနေ့ ကလေးတွေ စာမသင်ရဘူးလား"

"စောစောလေးကတည်းက သင်ပြီးလို့ ပြန်လွှတ်လိုက်ပြီ"

"ဪ"

"ဒီတစ်ခါ ဆရာတစ်ယောက်တည်းလား၊ ဆရာ့သူငယ်ချင်းမပါဘူးလား"

"ကျွန်တော် တစ်ယောက်တည်းပါ"

နန်းချယ်ရီ၏အဒေါ်ဖြစ်သူ ရှမ်းအမျိုးသမီးကြီးက ဇန်းကလေးနှင့် ကော်ဖီ လာချပေးသည်။ မုန့်ပန်းကန်နှင့် ကော်ဖီပန်းကန်ကို နန်းချယ်ရီက ကျွန်တော့် ရှေ့သို့ ပို့ပေးသည်။



"ကော်ဖီသုံးဆောင်ပါဦးရှင့်"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ"

ကျွန်တော်က ကော်ဖီပန်းကန်ကိုယူ၍သောက်ရင်း နန်းချယ်ရီကို ဘယ်ကစ၍ပြောရမည်နည်းဟု စဉ်းစားသည်။ နန်းချယ်ရီကလည်း ကျွန်တော့် မျက်နှာကို အကဲခတ်သလိုကြည့်ပြီး ...

"ဆရာ ရန်ကုန်မပြန်သေးဘူးလား" ဟု မေးသည်။

ယခင်တစ်ခေါက် နန်းချယ်ရီတို့အိမ်သို့ရောက်ခဲ့သည်မှာ မကြာသေး။ ဆယ်ရက်ခန့်ပဲရှိသေးသည်။ ယခု ဒုတိယအကြိမ်ရောက်လာသည်မို့ နန်းချယ်ရီ က ရန်ကုန်မပြန်သေးဟု ထင်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။

ကျွန်တော် ပြုံးလိုက်မိသည်။ ရုတ်ပြုံးပင်ဖြစ်ပါလိမ့်မည်။ သို့သော် စကား ပြောရန် ကျွန်တော့်အတွက် အကွက်ပေါ်လာပြီဟုလည်း တွေးမိ၏။ နှလုံး နှန်းသံမှာမူ မြန်၍နေပေပြီ။

"မဟုတ်ဘူး နန်း၊ ရန်ကုန်ကို ကျွန်တော်တို့ ဒီကနေတန်းပြန်သွားတာ ပါ၊ အခု ရန်ကုန်ကနေ နောက်တစ်ခေါက်ပြန်တက်လာတာ"

ကျွန်တော့်စကားကြောင့် နန်းချယ်ရီမျက်ခုံးကလေးတွန့်၍ကြည့်သည်။ ထူးသည်ဟုထင်တာလား၊ နားမလည်နိုင်သည်သဘောလား။ မျက်လုံးကလေး တွေ ဝိုင်းဝိုင်းနှင့်။

"ဘာများ အကြောင်းထူးရှိလို့လဲ ဆရာ" တည်၍ သိချင်ဟန်ဖြင့် မေးခွန်း ထုတ်သည်။

ကျွန်တော့်ရင် ပို၍ခုန်လာသည်။

"ဒီမှာ ကျွန်တော့်ပဝါတစ်ခုကျန်ခဲ့လို့ပါ"

"ရှင် ပဝါကျန်ခဲ့လို့ ဟုတ်လား၊ နန်းတို့ဆီမှာ ကျန်ခဲ့တာလား။ ဘာ ပဝါပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ခင်းသောဇာတ်က ကွက်တိကျသွားဖြစ်၏။ ခြေဆင်းတွေ၊ နိဒါန်းတွေ၊ အချိုးတွေပဲ့ပျိုးတော့ဘဲ ကျွန်တော့်စကားကိုနားမလည်ဘဲ ကြောင်အမ်းအမ်းဖြစ်နေသည့် ရိုးစင်းဖြူစင်လှသော နန်းချယ်ရီ၏မျက်နှာဝင်းဝင်းပပကလေးကိုကြည့်ကာ ကျွန်တော့်ရင်မြေကတုတ်ကို ဖောက်၍ချလိုက်တော့သည်။

"ကျွန်တော့်အသည်းနှလုံးပါ"

"ရှင် –"

"ကျွန်တော့်အသည်းနှလုံးပါ နန်း။ နန်းဆီမှာကျန်ခဲ့တာ ကျွန်တော့်အသည်းနှလုံးပါ"

"အို –"

နန်းချယ်ရီ၏ ပါးမို့မို့နှစ်ဖက်သာမက မျက်နှာတစ်ပြင်လုံး ပန်းနုရောင်သွေးတွေ ဖြာသွားသည်။ မျက်လွှာကိုချလိုက်ရုံမက ခေါင်းကိုပါငုံ့ချလိုက်သည်။ ဆံဝတချို့ နဖူးပေါ်ဝဲကျသွားသည်။ နန်းချယ်ရီ ရင်အခုန်ကြမ်းသွားပြီဆိုသည်ကို ကျွန်တော်သိလိုက်၏။ ..

"ကျွန်တော့်ကို ခွင့်လွှတ်ပါနန်း။ အိမ်တိုင်ရာရောက်လာပြီးစော်ကားတယ်လို့ မယူဆဘဲ နားလည်ပေးပါနန်းရယ်၊ ရန်ကုန်ပြန်သွားပေမယ့် နန်းတို့ မေ့မရဘူး။ နန်းတို့ကိုပြီးမနေနိုင်ဘူး၊ ကျွန်တော့်အမေကိုဖွင့်ပြောပြီးပြီ၊ ကျွန်တော့်အစ်ကိုကို ဖွင့်ပြောပြီးပြီ၊ သူတို့ကလည်းသဘောတူကြတယ်၊ ဒါကြောင့် နန်းဆီကိုပြန်လာပြီး ကျွန်တော်ချစ်ခွင့်ပန်တာပါ။ နန်းကို ကျွန်တော်ချစ်တယ်"

ပြောပြီးဆိုမှတော့ ကျွန်တော့်နှုတ်စကားတို့သည် တောင်ကျချောင်းရေပမာ သွန်ကျလာ၏။ တွန်းထိုးရုန်းကန်၍ ပွင့်ထွက်လာသော နှလုံးသားဖော်သံစဉ်များမှာ အစီအစဉ်မညီညာသော်လည်း လှပကြွရှ၍နေသည်ဟုထင်ပါသည်။



နန်းချယ်ရီ မျက်နှာမဖော်တော့။ လက်ကလေးနှစ်ဖက်ကိုဆုပ်ကာ ကြမ်းပြင်ကိုပဲစိုက်၍ကြည့်နေ၏။ အရှက်သည်းသော အတွေ့အကြုံမဲ့ ရိုးသားဖြူစင်လှသည့် ရှမ်းမလေးနန်းချယ်ရီ၏ လက်ကလေးတွေတုန်နေသည်ကို သတိပြုမိ၏။

"နန်းကို ဘဝသံသရာတံတားမှာ တွေ့လိုက်ကတည်းက ကျွန်တော် ချစ်သွားတာပါ။ ကျွန်တော့်ဘဝမှာ ခုထိဘယ်မိန်းကလေးမကိုမှ ရင်မခုန်ခဲ့ဖူးဘူး၊ မချစ်ခဲ့ဖူးဘူး။ ဒါပေမယ့် နန်းကိုတွေ့လိုက်ရတဲ့အချိန်မှာ ကျွန်တော့်ရင်တွေ ပေါက်ကွဲထွက်သွားပြီထင်ရတယ်၊ ဒါကြောင့် ရွှေညောင်မှာဆင်းတော့ နန်းတို့ကို ကျွန်တော်လာရှာတယ်၊ နန်းတို့က ကားနဲ့ပါသွားတော့ ကျွန်တော့်ရင်မှာ တာပြီးကျန်ခဲ့တယ်၊ တောင်ကြီးမှာတွေ့မလား ရှာကြည့်တယ်၊ မတွေ့ဘူး။ အင်းလေးသွားတော့ နန်းတို့ကအပြန် ကျွန်တော်တို့ကအသွား တွေ့ရုံလေးတွေ့လိုက်ရတယ်၊ မဆုံလိုက်ရဘူး။ အဲဒီနောက် ကျွန်တော်တို့ တလောသွားတယ်၊ အစ်ကိုကြီး ဒေါက်တာစိုင်းမောင်နဲ့ မနန်းယုယုလှိုင်တို့ အိမ်မှာတည်းတယ်၊ မနန်းယုယုလှိုင်ကိုတွေ့တော့ နန်းပဲလို့တောင်ထင်လိုက်သေးတယ်၊ နန်းတို့ညီအစ်မက ရုပ်ချင်းတော်တော်တူကြတာကိုး၊ အစ်ကိုကြီးရဲ့ စကားထဲမှာ နန်းယုယုလှိုင်မှာညီမတစ်ယောက်ရှိတယ်ဆိုတာပါတော့ နန်းဖြစ်ပါစေလို့ ဆုတောင်းလိုက်ရတာအမောပါပဲ၊ ပင်းတယရောက်လာတော့ ကံကောင်းပါပဲ ကျွန်တော်နန်းကိုပြန်တွေ့ရတယ်၊ ဒါကြောင့် ကျွန်တော်ပြောခဲ့တာပါ။ နန်းနဲ့ဆုံတွေ့ခွင့်ရတာ ကျွန်တော့်အဖို့ ဘယ်လိုမှတန်ဖိုးဖြတ်လို့မရတဲ့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုပါပဲလို့"

စကားတွေရှည်လျားစွာပြောလိုက်ရသော်လည်း ကျွန်တော်မောပါ။ ခုန်ကြမ်းသောရင်သည် တစ်စထက်တစ်စ တည်ငြိမ်လာ၏။ ပြောစရာ

www.burmeseclassic.com

www.burmeseclassic.com


စကားတွေကို စီစဉ်မထားသော်လည်း အဆီအငေါ်တည့်စွာ ခင်းကျင်းပြသ နိုင်လာသည်။

နန်းချယ်ရီကား ခေါင်းမမော့။ ကျွန်တော့်မျက်နှာကိုမော့မကြည့်သည့် အတွက် ကျွန်တော်မျက်လုံးများမှ ချစ်ခြင်း၏ရောင်စဉ်များကို မြင်တွေ့မည် မဟုတ်သော်လည်း ကျွန်တော့်စကားများထဲမှ နှလုံးသားရိုက်ခတ်သံများကိုမူ နန်းချယ်ရီ အတုအစစ်ဝေဖန်ပိုင်းခြား တွေ့ရှိနိုင်လိမ့်မည်ဟုထင်ပါသည်။

"အစ်ကိုကြီး ဓါက်တာစိုင်းမောင်ကို နန်းတို့ဆီကအပြန်မှာဝင်တွေ့ပြီး ကျွန်တော် နန်းကိုချစ်ကြောင်း တစ်ခါတည်းဖွင့်ပြောပြခဲ့ပါတယ်၊ အစ်ကိုကြီး ကလည်း နန်းဟာအလွန်တော်တဲ့မိန်းကလေးဖြစ်လို့ ကျွန်တော့်အတွက် သမ္မာဒေဝနတ်မြတ်နတ်ကောင်းတွေရဲ့ ဆုလာဘ်ကောင်းပဲလို့ပြောခဲ့ပါတယ်၊ နန်းမှာ ချစ်သူမရှိဘူးလို့လည်း သိခဲ့ရပါတယ်၊ အဲဒီအတွက် ကျွန်တော်မှာ မျှော်လင့်ချက်တွေရှိလာပါတယ်၊ ကျွန်တော် ဒီကို အရင်တစ်ခါရောက်စဉ် ကတည်းက နန်းလည်း ကျွန်တော့်ကိုအကဲခတ်မိလိမ့်မယ်လို့ထင်ပါတယ်၊ အကြောင်းမသိတဲ့ရန်ကုန်သားက လျှာအရိုးမရှိတဲ့အတိုင်း စကားမာယာတွေ ဖွဲ့တယ်လို့မထင်လိုက်ပါနဲ့နန်းရယ်၊ ကျွန်တော် နန်းကိုချစ်ခွင့်တောင်းတာ တစ်ခုတည်းမဟုတ်ပါဘူး။ လက်ထပ်ခွင့်ပါတောင်းတာပါ။ နန်းကြည်ဖြူမယ် ဆိုရင် နန်းကို ကျွန်တော်လက်ထပ်ပါရစေ"

နန်းချယ်ရီ ဘာမျှပြန်မပြော။ ခေါင်းကိုငြိမ်ငြိမ်ငုံ့လျက်သား။ ကျွန်တော် မဖွင့် မရဲဖြစ်လာသည်။ နန်းလက်ကလေးတွေကို လှမ်း၍ဆုပ်လိုက်ချင်စိတ်ပင် ပေါ်လာသည်။ သို့သော် ကျွန်တော့်စိတ်ကိုပြန်လည် ဘရိတ်အုပ်လိုက်ရ၏။

"ပြောပါဦး နန်းရယ်"

နန်းချယ်ရီငြိမ်လျက်။

"နန်း တစ်ခုခုပြောပါ။ ကျွန်တော်ပြောတာကို ဘယ်လိုသဘောရလဲ၊ နန်း ကျွန်တော့်ကိုစိတ်ဆိုးနေလား"

အတန်ကြာမှ နန်းအားတင်ဟန်ဖြင့် အနည်းငယ်မော့လာသည်။ သို့တိုင် ကျွန်တော့်ကိုတည့်တည့်ရင်ဆိုင်မကြည့်။

"နန်း စိတ်မဆိုးပါဘူးဆရာ၊ ဒါပေမယ့် ဒါက တစ်ဘဝတာအရေးကိစ္စမို့ နန်း အလွယ်တကူမဆုံးဖြတ်ချင်ပါဘူး၊ နန်းကို အချိန်တော့ပေးပါ"

တိုးလျှ၍ ညင်သာပျော့ပျောင်းလှသည့်စကားသံလေးများ နန်း၏ နီတွေး သော နှုတ်ခမ်းနှစ်လွှာကြားမှတိုးထွက်လာသည်။ ကျွန်တော်မျှော်လင့်ထား သည့် အတိုင်းပါပဲ၊ အဘယ်မိန်းကလေးသည် ချက်ချင်းတုံ့ပြန် အဖြေပေးပါ မည်နည်း။ သို့သော် မျှော်လင့်ချက်အလင်းရောင်တွေ ဝင်းဖြာဖွယ်ရှိသည်ဟု မှတ်ထင်မိ၏။

"ဘယ်လောက်ကြာကြာ အချိန်ပေးရမှာလဲဟင် နန်း။ အချိန်အကြာကြီး တော့ ကျွန်တော့်ကို ညှဉ်းမထားပါနဲ့ဗျာ"

ပထမဆုံးအကြိမ် နန်း ကျွန်တော့်ကိုပြန်ကြည့်သည်။ တည်တည်ငြိမ်ငြိမ် ကျုံ့ခြေရရာကလေးပါပဲ။

"ဆရာတော်မှ ဆရာမိခင်တွေ၊ အစ်ကိုတွေကိုဖွင့်ပြောပြီးမှ နန်းဆီကို ရောက်လာတာပဲမဟုတ်လား၊ နန်းက မိန်းကလေးလေ၊ အဖေ့ကိုရော၊ အစ်ကိုကြီးတို့ မမယုတို့ကိုရော နန်းက အသိပေးတိုင်ပင်ရဦးမှာပါ"

"ကျွန်တော်က အမေနဲ့အစ်ကိုကို တိုင်ပင်တာမဟုတ်ဘူး။ ခွင့်တောင်း တာ၊ နန်းကို ကျွန်တော်ချစ်တယ်၊ လက်ထပ်ခွင့်ပြုပါလို့ ခွင့်တောင်းတာ၊ သူတို့ကို ခွင့်မတောင်းခင်ကတည်းက ကျွန်တော်က နန်းကိုချစ်နေတာ၊ နန်းက အဖေနဲ့အစ်မတို့ကိုတိုင်ပင်မယ်ဆိုတော့ ကျွန်တော့်ကို နန်းအနေနဲ့လက်ခံနိုင်လို့ ပေါ့နော်၊ အဲဒီလို ကျွန်တော်ယူဆလိုက်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

"အို … အဲဒီလိုမဟုတ်ဘူးလေ၊ အဲဒီလိုတော့ တောသဘ်ချက်မချရဦးလေ၊ အဲဒါက ဆရာက လုလည်ကျပြီးအပြေထုတ်တာပါနော်"

ခေါင်းကလေးတခါခါနှင့် ကပျာကယာငြင်းချက်ထုတ်သောနန်းချယ်ရီ၏ မျက်နှာကိုကြည့်ပြီး ကျွန်တော်ပေါ့ပါးသွားရယ်လိုက်သည်။ နန်းချယ်ရီရင်မှာ ကျွန်တော်နေရာတစ်နေရာရရှိခဲ့ပြီဟု ကျွန်တော်နားလည်လိုက်သည်။

"တိုင်ပင်ပါရှာ တိုင်ပင်ပါ၊ ကျွန်တော့်အကြောင်းလည်းစုံစမ်းပါ၊ နန်းချယ်ရီက မိဖမ်းပြလိုက်တာနဲ့ လူကြီးစုံရာနဲ့ ကျွန်တော်လာရောက်ကြောင်းလမ်းပါ့မယ်၊ ပြီးရင် နန်းကို ကျွန်တော်လက်ထပ်မယ်"

ကျွန်တော် အားတက်သရောပြောလိုက်သည့်စကားကို နန်းချယ်ရီ ဘာမှ ပြန်မပြောပါ။ ခေါင်းတလေးညိတ်သည်ဆိုရုံမျှသာရှိသည်။

"တဲ့ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး၊ နန်းမျက်နှာကလေးကို တစ်ချိန်လုံး ထိုင်ကြည့်နေချင်ပေမယ့် နန်းပြန်ပြန်စဉ်းစားချိန်ရအောင် ကျွန်တော်ပြန်ပါဦးမယ်"

ကျွန်တော်က ပွဲသိမ်းစကားကိုဆိုလိုက်သည်။ ထိုင်ရာမှထထန်လည်း ပြင်လိုက်သည်။

"ဆရာ ဘယ်မှာတည်းတာလဲ"

နန်းချယ်ရီအမေး။

"အရင်တစ်ခါတည်းတဲ့ မိတ်ဆွေအိမ်မှာပါပဲ"

"ရန်ကုန်ကို တစ်ခါတည်းပြန်မှာလား"

"ဟုတ်ကဲ့"

"အစ်ကိုကြီးတို့ဆီ မဝင်တော့ဘူးလား"



"မဝင်တော့ပါဘူး။ ရန်ကုန်မှာ ကျွန်တော့်အလုပ်တွေရှိသေးလို့ပါ။ အဲဒီအလုပ်တွေထက် အဆပေါင်းများစွာအရေးကြီးတဲ့ နန်းဆီကိုလာချင်လွန်းလို့သာ ရှမ်းပြည်ကိုတက်လာတာပါ။ အရင်တစ်ခါက ကျွန်တော့်လိပ်စာရေး ဖုန်းနံပါတ်ရော ပေးထားတာရှိပါတယ်၊ နန်းဆီကစာဖြစ်စေ၊ ဖုန်းဖြစ်စေ ကျွန်တော်မျှော်နေမယ်နော်"

နန်းချယ်ရီ၏ ချိုပြုံးခေါင်းညိတ်ကလေးကိုမြင်ရ၏။

သည်တစ်ခါ နန်းချယ်ရီဆီကအပြန်သည် ဘဝ၏ပြီးပြည့်စုံသော အနာဂတ်တစ်ခုကို ပိုင်ဆိုင်ရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် တိမ်တိုက်စီး၍ ခရီးနှင်ရသည့်ပမာ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

"တဲလို ပြောပါခင်ဗျာ"

"ကိုနေလား ဒေါ်လေးပါ"

ငိုသံနှင့်ဝေ့ဝဲနေသော ဒေါ်လေးစိန်စိန်အသံကြောင့် ကျွန်တော်ရင်ထိတ်သွားသည်။ ဇာနည် ဘာများဖြစ်လေသလဲ။

"ဘာလဲဒေါ်လေး၊ ဘာအကြောင်းရှိလို့လဲ၊ ညီလေး ဇာနည်ရော နေကောင်း ..."

ကျွန်တော့်စကားမဆုံးလိုက်ရ။

"မင်းညီလေး ဆုံးသွားပြီကွယ့်"

"ဗျာ ..."

"တေးတေးကလေးကတင်ဆုံးတာ၊ အဲဒီ"

"အဲဒီလို ကျွန်တော်တို့ချက်ချင်းလာခဲ့မယ်နော် ဒေါ်လေး"

"အေး ဒါပဲ ကိုနေ"

ကျွန်တော် ဖုန်းကိုချလိုက်သည်။ အမေက ကျွန်တော့်ကိုလှမ်းကြည့်ပြီး "စိန်စိန်ဆက်တာလား၊ ဘာတဲ့လဲ" ဟု မေးသည်။

"ဇာနည်ဆုံးသွားပြီတဲ့၊ ခုလေးတင်ကပဲတဲ့"

"အို - ဘုရား ... ဘုရား -" ဟု အမေက မျက်နှာညှိုးသွားကာ ရင်ကိုဖိသည်။





ဆက်တိုက်တွင်ထိုင်နေသော ဝင်းမြတ်က ....

"မင်း အခုသွားမှာလား။ ငါလည်းလိုက်မယ်၊ လိုတာ ဝိုင်းလုပ်ရအောင် ..."

"အေး ကောင်းတယ်"

"အမေလည်းလိုက်မယ်"

"အမေက အေးအေးဆေးဆေးမှလာခဲ့ပါ၊ ကျွန်တော်နဲ့ဝင်းမြတ် သွားနှင့်မယ်၊ ဒီနေ့ နေ့ချင်းပြန်ဖြစ်မယ်ထင်တယ်"

"ကောင်းပြီ သားတို့သွားနှင့်၊ အမေ မင်းအစ်ကိုဆီကို အကြောင်းကြားပြီး လိုက်လာခဲ့မယ်"

ဝင်းမြတ်နှင့်ကျွန်တော် အငှားကားဖြင့် ဇာနည်တို့အိမ်သို့ အသော့အပြင်းမောင်းနှင်ရလေ၏။ ဇာနည်တို့အိမ်မှာ ညှိုသည်အချို့ရောက်နေသည်။ ဝတ်ဝန်းကျင်မှ မိတ်ဆွေများဖြစ်နိုင်၏။

"သား ကိုနေ ဒေါ်လေးတို့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ၊ အကြံပေးပါဦး"

ရောက်ရောက်ချင်း ဒေါ်လေးစိန်စိန်က ဆီး၍မေးသည်။ မျက်လုံးများနီရဲ၍ မျက်နှာကြီးအစ်နေသော ဒေါ်လေးစိန်စိန်မှာ မည်မျှငိုထားကြောင်း သိသာလှသည်။ ကုလားထိုင်တစ်လုံးတွင်ထိုင်လျက် မျက်နှာအိုအိုကလေးနှင့် ငြိမ်နေသော ဦးလေးကျော်မောင်ကတော့ လှမ်းသာကြည့်၏။ ဘာမျှမပြော။ သူ့တွင်ပြောရန်ခွန်အားမရှိတော့ပုံမရ။

ကျွန်တော်နှင့်ဝင်းမြတ်တို့ အခန်းတွင်းရှိ ဇာနည့်ကိုဝင်ကြည့်ကြသည်။ အခြေအနေမှာမကောင်း။ ဇာနည့်ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင်လျက် အနာများကမြင်မကောင်း။ အေအိုင်ဒီအက်စ်ရောဂါက ဖျက်ဆီးလိုက်သောကြောင့်

www.burmeseclassic.com

ဇာနည်၏မျက်နှာနှင့်မြင်ရမှုတို့က ရောအိုထက်ပင်ဆိုးနေသည်။ ကြောက်မက်ဖွယ်ရောဂါ။ မကြည့်ဝံ့စရာ။

ကျွန်တော်က ဒေါ်လေးစိန်စိန်ကိုလှည့်ကြည့်ပြီး ...

"ကျွန်တော့်သဘောပြောရရင်တော့ ဒီနေ့ပဲသင်္ဂြိုဟ်ချင်တယ်၊ ဒေါ်လေးတို့ ဦးလေးတို့ သဘောကရော" ဟု ပြောမေး မေးလိုက်သည်။

ဒေါ်လေးစိန်စိန်က "ဒေါ်လေးလည်း ဒီလိုပဲသဘောရတယ်" ဟု ဖြေသည်။ "မင်းဦးလေးကတော့ ဘာမှအကြံမပြုဘူး၊ ကောင်းသလိုစီစဉ်ကြပါလို့ပဲ ပြောတယ်" ဟုလည်း ဆက်ပြောသည်။

သို့ဖြင့် ဇာနည်ကို နေ့ချင်းသင်္ဂြိုဟ်ရန် ကျွန်တော်တို့ပြင်ဆင်ရတော့သည်။ သေစာရင်းလုပ်ခြင်းကိစ္စ၊ နာရေးကူညီမှုအသင်းသို့ ဆက်သွယ်အကူအညီတောင်းခြင်းကိစ္စ၊ ရေဝေးတွင်သင်္ဂြိုဟ်ရန် အချိန်တောင်းခံခြင်းကိစ္စ၊ မြေသင်းသပိတ်ကိစ္စ၊ အသုဘပို့သူများလိုက်ပါစီးနင်းရန် မော်တော်ယာဉ်ကိစ္စများကို ဦးလေးကျော်မောင်၊ ဝင်းမြတ်နှင့် ကျွန်တော်တို့တာဝန်ခွဲကာ ချက်ချင်းဆောင်ရွက်ကြရသည်။ နာရေးကူညီမှုအသင်း၏ ကူညီပံ့ပိုးမှုကြောင့် အစစအရာရာ အဆင်ပြေသွားသည်။

နာရေးကူညီမှုအသင်းမှ နိဗ္ဗာန်ယာဉ်ရောက်လာပြီး ခေါင်းနှင့်ထည့်ကာ ရေဝေးသို့ပို့ဆောင်ကြရသည်။ ညနေ လေးနာရီခွဲမှာ ဇာနည်ကိုမီးသင်္ဂြိုဟ်ကြရသည်။ မီးသင်္ဂြိုဟ်စက်ထဲသို့ ဇာနည့်အလောင်းကိုသွင်းသောအခါ "သားရယ် အမေ့ကိုခွဲသွားပြီလား" ဟုသော ဒေါ်လေးစိန်စိန်၏အော်ဟစ်ငိုယိုလိုက်သံက ကျွန်တော့်ရင်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ ဦးလေးကျော်မောင်ကတော့ ယောကျာ်းကြီးမို့ မျက်ရည်မကျ။ သို့သော် အံကိုကြိတ်ထားသဖြင့် မေးရိုးကြီးတွေ ထောင်နေသည်။



အမေက ဒေါ်လေးစိန်စိန်ကိုဖက်၍ နှစ်သိမ့်၍ အစ်ကိုလင်းအောင်က ဦးလေးကျော်မောင်ကို နှစ်သိမ့်ပေးကြရသည်။

ဇာနည်၏အသုဘပို့အခမ်းအနားမှာ အကျဉ်းရုံးမှုသာဖြစ်ပြီး လိုက်ပါပို့ဆောင်သူမှာ နည်းလွန်းလှ၏။ ဆွေမျိုးနှင့် ရင်းချာသောမိတ်ဆွေတချို့သာပါသည်။ သေသေမာ၊ အေအိုင်ဒီအက်စ်ရောဂါသည် ဇာနည်၏နောက်ဆုံးခရီးမှာ ခြောက်ခြောက်ကပ်ကပ်ဖြင့် ပြီးဆုံးသွားသည်။

အိမ်သို့ပြန်ရောက်ကြသောအခါ ကျွန်တော်တို့အားလုံး ခြေကုန်လက်ပန်းကျလျက်ရှိသည်။ အမေနှင့်အစ်ကိုလင်းအောင်တို့က ဒေါ်လေးစိန်စိန်တို့ကို နှုတ်ဆက်၍ ပြန်သွားကြသည်။ ပတ်ဝန်းကျင်၏ပိုင်းဝန်းမှုကနည်းသောကြောင့် အသုဘအိမ်မှာ သုသာန်တစပြင်လိုပင်ဖြစ်နေ၏။

ကျွန်တော်က အိမ်မပြန်ဘဲ ဒေါ်လေးတို့အိမ်မှာပင် ညအိပ်ရန်ဆုံးဖြတ်လိုက်သည်။ ဝင်းမြတ်ကလည်း ...

"မင်း အဖော်ရအောင် ငါပါအိပ်ပေးမယ်၊ အိမ်ကိုတော့ ဖုန်းဆက်လိုက်မယ်" ဟု ဆိုသည်။ သူ့အိမ်ကို ဖုန်းဖြင့်အကြောင်းကြားလိုက်သည်။

"ဒီနေ့ ငါ တော်တော်တရားရသွားတယ်"

ညပိုင်း ကျွန်တော်တို့နှစ်ယောက် အိမ်ရှေ့မှာအိပ်စောင့်ရင်း စကားပြောကြစဉ်၌ ဝင်းမြတ်ကဤသို့ပြောသည်။

"အနိစ္စတရားကိုလား"

ဝင်းမြတ် ခေါင်းခါ၏။

"အေအိုင်ဒီအက်စ်တရားပါ"

"မင်းလည်း သိနေတာပါပဲ၊ အေအိုင်ဒီအက်စ်နဲ့သေတာဆိုတော့ လူတွေက လိုက်မပို့ရဲကြဘူး။ မျက်နှာစာလွန်းတာကြောင့် မတတ်သာလို့လိုက်ပို့သူ

www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ခပ်ရှောင်ရှောင်ရယ်၊ တမ်းတဲ့ယပ်တောင်တွေ အိမ်ယူမသွား ဘူး၊ လမ်းမှာလွှင့်ပစ်တယ်၊ ရေသန့်ဘူးတွေလျှတာကိုမသောက်ကြဘူး။ အသုဘအိမ်ကိုလည်းမလာကြဘူး။ သေရတဲ့အထဲမှာတော့ ဒီရောဂါနဲ့သေရတာ အဆိုးဝါးဆုံးပဲ၊ မသေခင်ခံစားရသလို သေပြီးတော့လည်း အတော့်ကို ရင်နာ စရာကောင်းနေတယ်”

“အေး အဲဒါဆိုရင် မင်းလည်းသတိထား။ ဟနည်းပြီးရင် မင်းအလှည့်ပဲ”

“ဟာကွာ ... မင်း မဦးမချွတ်”

“တကယ်ပြောတာ ဗိုကာတွန်း၊ မင်း ကောင်မလေးတွေနဲ့ သိပ်မရှုပ်နဲ့ တော့”

“အေးပါကွာ ... ငါကြောက်နေပါပြီ”

လူအများစုမှာ အေအိုင်ဒီအက်စ်ရောဂါကိုကြောက်ကြသည်။ အသုဘအိမ် လာလျှင် ရောဂါကူးမလား။ အသုဘအိမ်ကပစ္စည်းသုံးလျှင် ကိုင်လျှင် ရောဂါ ကူးမလားစိုးရိမ်ကြသည်။ သူတို့ကို အပြစ်တော့မဆိုသာ။ ရောဂါ၏လက္ခဏာ မသိကြ။ ဗဟုသုတနည်းသည်။ ကြောက်ကြစိုးရိမ်ကြမှုကသာ ကဲလွန် သည်။ သို့သော် ရှောင်ရန်ဆောင်ရန်တွေကို သူတို့ပိုပြီးပြင်ပြင်သိထားလည်း ရှိချင်မှရှိမည်။ အေအိုင်ဒီအက်စ်ရောဂါမှာ ကုရာနတ္ထိဆေးမရှိသည်ကိုတော့ သူတို့ကြားဖူးကြမည်။ တစ်ခုတည်းသော အကောင်းဆုံး အေအိုင်ဒီအက်စ် ကာကွယ်ရေးနည်းလမ်းမှာ ကြိုတင်ရှောင်ရှားသတိထားကာကွယ်ခြင်း ဆိုသည်ကို သူတို့သဘောပေါက်စေချင်လှပါသည်။

“ရော”

“ဘာလဲ ဗိုကာတွန်း”



“မင်း ဒေါ်လေးကို ဆေးခန်းပို့ရင်ကောင်းမယ်ထင်တယ်၊ နေကောင်းပုံ မရဘူး”

မှန်သည်။ သား အသက်ရှိနေစဉ်က အားတင်းပြီးပြုစုနေသမျှ သား ဆုံးသွားသောအခါ စိတ်လျှော့လိုက်သဖြင့် ဖုန်းဖုန်းလဲမည့်အသွင်ရှိနေသော ဒေါ်လေးစိန်မိန်ကို ကျွန်တော်တို့ဆေးခန်းပို့ကာ အကြောဆေးသွင်း၊ အားဆေး တိုက်ပြီ စေတနာအနားယူနိုင်ရသည်။ သို့သော် ဒေါ်လေးအိပ်ပျော်မည်မထင် ပါ။ ဦးလေးကျော်မောင်မှာလည်း ငုတ်တုတ်။ မျက်လုံးကြောင်တောင်နှင့်။

ကျွန်တော်တို့က အိပ်ချင်စိတ်ရှိသော်လည်း အိပ်မဖြစ်၍ စကားပြောရင်း မိုးလင်းရသည်။ စိတ်မချမ်းမြေ့ ဖွယ်ညပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

စာပေစိစစ်ရုံးတွင် ကျွန်တော့်ဝတ္ထုစာမူကြမ်းကို ပြန်လှန်စိစစ်နေခိုက် ဖုန်းကမြည်လာသည်။ ကျွန်တော်ထိုင်နေသောစားပွဲက ဝင်းမြတ်၏စားပွဲဖြစ်သောကြောင့် ကျွန်တော်က ဖုန်းကိုမကိုင်ဘဲ စာဆက်ဖတ်နေသည်။ စာအုပ်လက်ကျန်များတွက်စစ်နေသော ဝင်းမြတ်က စာအုပ်များကိုချပြီး ဖုန်းလာကိုင်သည်။

"တဲလို အမိန့်ရှိပါ၊ ကုမုဒြာကပါ"

"......"

"ဩော် ... ရှိတယ် ရှိတယ်၊ ခဏလေး ကိုင်ထား"

"နေဥ မင်းဖုန်း"

ဝင်းမြတ်က ဖုန်းကိုလက်ကမ်းပြင်အုပ်ပြီးလှမ်းပြောသည်။

"ဘယ်ကလဲ"

ကျွန်တော့်ဖုန်းဟုပြောသဖြင့် ရင်ခုန်သွားသည်။ နန်းချယ်ရီဆီကများ ဖုန်းဆက်လေသလားဟု တွေးမိလိုက်သောကြောင့်ဖြစ်သည်။ သို့သော် နန်းချယ်ရီဆီက မဖြစ်နိုင်။ နန်းချယ်ရီကိုပေးခဲ့သည်က ကျွန်တော့်အိမ်က ဖုန်းနံပါတ်သာဖြစ်သည်လေ။

ထို့ကြောင့်လည်း ဝင်းမြတ်ကို 'ဘယ်ကလဲ' ဟု ကျွန်တော်ပြန်မေးလိုက်ခြင်းဖြစ်၏။





ဝင်းမြတ်ကပြုံး၍ 'ရွှန်းလဲ့ဆီက' ဟုပြောသည်။ "မျှော်လင့်တာမထုတ် စိတ်ပျက်သွားတာလား" ဟုလည်း ဆက်ပြောသည်။ ကျွန်တော်က ဝင်းမြတ်ထံမှဖုန်းကိုလှမ်းယူလိုက်သည်။

"ရွှန်းလဲ့လား၊ ပြော ... ဘာကိစ္စ"

"ဒီ နှင့်အိမ်ကိုဖုန်းဆက်သေးတယ်၊ အမေက နင် ဝင်းမြတ်တို့ဆီသွားတယ်ပြောလို့ ကုမုဒြာကို လှမ်းဆက်လိုက်ရတာ"

"ဘာကိစ္စထူးလို့လဲ"

"ထူးလို့ပေါ့ဟာ"

"ထူးရင်ပြောလေ"

"နေဦး ဒါပြောဦးမယ်၊ ဒီ နင့်အိမ်ကိုဖုန်းဆက်တော့ ဟိုးတစ်ပတ်က ဒီ ထမင်းမစားဘဲပြန်သွားတာကို အမေက မေးတယ်၊ နင်နဲ့ဒါရန်ဖြစ်သွားကြလို့လားတဲ့၊ ဒါက မဟုတ်ပါဘူး၊ ကိစ္စတစ်ခုပေါ်လာလို့ပါလို့ဖြေလိုက်တယ်၊ အမေက မောင်နှမနှစ်ယောက် တည့်အောင်နေကြပါလို့ပြောတယ်"

"ဒါကိုလည်း အဲဒီနေ့က အမေကဆူတယ်၊ ဒါ့ကြောင့် နင်စိတ်ဆိုးပြီး ပြန်သွားတာလို့ထင်တာကိုး၊ ပြီးတော့လည်း အခု တနင်္ဂနွေနေ့ကလည်း နင်မလာပြန်ဘူးလေ၊ အဲဒီတော့ အမေက နင်မလာလို့ဆိုပြီး တဗွဗွ ပြောနေတာ"

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဒါမအားလို့ပါတာ၊ ဒါ့ဘဝအတွက် အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့"

"အခု နင်ပြောမှာ အဲဒီကိစ္စလား"

"ဟုတ်တယ်"

"အဲဒါဆို ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းလဲ့ထံမှ စကားသံတိတ်သွားသည်။ ပြောချင်၍ ဖုန်းဆက်သူက ပြောလေဟုဆိုသောအခါ ဘာအကြောင့်အသံဆိတ်သွားပါသနည်း။ ဖုန်းထဲမှာ ရွှန်းလဲ့၏အသက်ပြင်းချသံကို ကြားလိုက်ရသည်ထင်၏။

စက္ကန့်အနည်းငယ်လွန်သွားပြီးမှ ...

"ကိုအောင်ကိုနိုင်ကို ငါ လက်ခံလိုက်တယ်၊ အဲဒါကြောင့် ကိုအောင်ကိုနိုင်က သူ့မိဘတွေနဲ့ တွေ့ပေးဖို့ သူ့အိမ်ကိုခေါ်သွားတာ၊ တနင်္ဂနွေနေ့ကလေ"

"ဪ ..."

"သူတို့တိုက်ကြီးက အရမ်းခမ်းနားတာပဲ၊ သူ့မိဘတွေကလည်း သဘောကောင်းပုံရကြတာပါတယ်၊ ဒို့ကို ကြည်ကြည်ဖြူဖြူ နှစ်နှစ်ကာကာဆက်ဆံကြပါတယ်၊ သမီး သမီးနဲ့နေတာပါပဲ"

"အဆင်ပြေတယ်ပေါ့နော်၊ ငါ ဝမ်းသာပါတယ်ဟာ"

"နှင် ဝမ်းသာတယ်ဆိုလို့ ငါကလည်းဝမ်းသာတယ် နော်၊ နှင်နဲ့ငါက သူငယ်ချင်းကောင်းတွေလေ၊ တစ်ယောက်ရဲ့အပျော်ကို တစ်ယောက်က ခွဲဝေခံစားရမှာပေါ့"

"အဲဒါနဲ့ ဘယ်လိုအစီအစဉ်တွေဆက်လုပ်ကြလဲ"

"သူ့မိဘတွေက သဘောတူတယ်ဆိုတော့ ဒို့အိမ်ကိုအခုအကြောင်းကြားလိုက်ပြီပေါ့ဟာ၊ အကျိုးအကြောင်းတွေ အပြည့်အစုံပေါ့၊ မကြာခင်မှာ စေ့စပ်ကြောင်းလမ်းမယ်၊ ပြီးရင် နေ့ကောင်းရက်သာရွေးပြီး လက်ထပ်မင်္ဂလာပွဲဆက်ပြီးကျင်းပကြမှာပေါ့၊ စေ့စပ်ပွဲကိုရော မင်္ဂလာပွဲကိုရော နှင်လာရမယ်နော်"

"လာရမှာပေါ့ဟာ၊ ငါမလာရင် နှင့်ပွဲ မစည်ဘူးဖြစ်သွားမှာပေါ့"

"နေဦး"

"ဘာလဲ ရွှန်းလဲ့ရဲ့"



"နှင့်အသံတွေတစ်မျိုးကြီးဖြစ်နေသလားလို့ ဘာလဲ — ငါလက်ထပ်မှာကို နှင် တကယ်ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်ဟာ၊ ခုမှ နှင်က ဘာကြောင့် ဒီမေးခွန်းမေးနေရပြန်တာလဲ"

တစ်ခဏ အသံပြတ်သွားပြန်သည်။

"ဘာကြောင့်မှမဟုတ်ပါဘူးဟာ၊ ကဲ ဒါပဲနော်၊ ဖုန်းချလိုက်တော့မယ်၊ ဪ ဒီသတင်းကောင်းကို အမေ့ကိုလည်းပြောပြလိုက်နော်"

"စိတ်ချပါ"

ရွှန်းလဲ့ဖုန်းချသွားသည်။ ကျွန်တော်က ဖုန်းပုခက်ပေါ် ဖုန်းခွက်ကို ပြန်တင်သောအခါ ကျွန်တော်ပြောသမျှကို နားထောင်နေတာနှင့်ရှိသော ဝင်းမြတ်က တအုပ်များစည်းနေရာမှ ကျွန်တော်ရှိရာသို့ထလာသည်။

"ဘာတဲ့လဲ"

"ရွှန်းလဲ့စေ့စပ်လက်ထပ်တော့မယ်တဲ့၊ သူ့ကုမ္ပဏီက မန်နေဂျာ အောင်ကိုနိုင်နဲ့တဲ့၊ အောင်ကိုနိုင့်မိဘတွေကလည်း သဘောတူသတဲ့၊ အဲဒီ"

"ကဲ ဒါမပြောဘူးလား။ လက်ထဲကငှက်ကတော့ ထပျံသွားပြီ၊ လေထဲက ငှက်က လာနားမနား မသေချာသေးဘူး"

ဝင်းမြတ်မျက်နှာကို ကျွန်တော်မော့ကြည့်တော့ သူကအကဲခတ်သလို ကြည့်နေသည်ကို တွေ့ရ၏။ စူးစူးစိုက်စိုက်မျက်လုံးများ၊ တွန့်နေသော မျက်ခုံးများ။

"သူ့မှာ ပိုင်ခွင့်ရှိတာပဲ၊ ပျော်ပစေပေါ့၊ ငါကလည်း သူ့ကိုလှောင်ပိမ်းထား ချင်တာမှ မဟုတ်တာ"

ဝင်းမြတ်က ဟက်ခနဲ တစ်ချက်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း တကယ်မခံစားရဘူးလား"

"ဘာကိုလဲ"

"ရွှန်းလဲ့ သူများနောက်ပါသွားတာ"

"ဒါ ဝမ်းသာစရာပဲလေ၊ ငါ့သူငယ်ချင်း ကောင်းစားသွားတာကို"

ကျွန်တော့် အပေါ်တစ်မျိုးတစ်မည်ထင်မည်စိုးသောကြောင့် မဆိုင်းမတွ အဖြေပေးလိုက်ရ၏။

"ငါက မင်း နာမျောများနေသလားလို့"

ကျွန်တော်ပြုံး၍ ခေါင်းယမ်းလိုက်သည်။

"မင်းမေးတဲ့မေးခွန်းမျိုး ငါ ပိုတစ်နေတာပဲ ငါ့ကိုယ်ငါ မေးကြည့်ဖူးပါတယ်၊ တိုးတာနက်နေ့က ရွှန်းလဲ့ အောင်ကိုနိုင်အကြောင်းပြောပြီးပြန်သွားတဲ့နေ့ကပေါ့၊ ရွှန်းလဲ့ အောင်ကိုနိုင်ကို လက်ခံလိုက်ရင် ငါ ရွှန်းလဲ့ကို နာမျောနေမလားလို့၊ ဒါပေမယ့် အဖြေက ငါ့ရင်ထဲမှာ ရှင်းနေတယ်၊ အမှန်ပြောရရင် ရွှန်းလဲ့ကို သူငယ်ချင်းလိုချစ်တဲ့စိတ်ထက်များ ပိုနေသလားလို့ ငါ့ကိုယ်ငါ ဆန်းစစ်ကြည့်လိုက်တဲ့သဘောပါ၊ အဲဒီအခါ ငါ့ကိုယ်ငါ အံ့အားသင့်ရလောက်အောင် သန့်ရှင်းဝင်းကြယ်နေတာကိုတွေ့ရတယ်၊ ဒါကြောင့်လည်း သူ ဒီနေ့ ဖုန်းဆက်ပြောတာကို ငါ အထစ်အငေါ့မရှိ ပြန်ပြောနိုင်တာပဲ မိုကာတွန်းရ"

"အေးကွာ ... ဒီလိုဆိုလည်း ပြီးတာပါပဲ၊ ငါက မင်း ဝေခွဲမရများ ဖြစ်နေသလားလို့"

"မဖြစ်ပါဘူး"

"ဒါပေမယ့် ငါထင်တယ်၊ ဝေခွဲမရဖြစ်နေသေးတာက ရွှန်းလဲ့ပဲ၊ မင်း ပြောသလိုဆိုရင် သူဒီနေ့ဖုန်းဆက်တာ မင်းကို နောက်ဆုံးထိမျှော်လင့်နေသေးတယ်ဆိုတာကို ပြတဲ့သဘောပဲ၊ မင်းကသာ ဘာညာဆိုရင် သူ့ဆုံးဖြတ်ချက်ကို ပြင်ချင်ပြင်မှာ"



"မတတ်နိုင်ပါဘူး"

"ဒီမှာနေဦး၊ မင်းစာရေးဆရာလုပ်နေပေမယ့် မိန်းကလေးအကြောင်း ငါ့လောက်နားမလည်ပါဘူး၊ မိန်းကလေးရဲ့စိတ်နဲ့ နှလုံးသားကိုအတွင်းကျကျ မင်းသဘောမပေါက်ပါဘူး"

"အေးပါကွာ ထားပါ၊ မင်းကတော့ အတွေ့အကြုံများတာကိုး"

"ပေါ့ကောင်၊ နောက်မနေနဲ့၊ ငါအတည်ပြောတာ၊ မိန်းကလေးတွေဟာ တကယ်ချစ်လာပြီဆိုရင် ငါတို့ယောကျ်ားလေးတွေထက် ပိုပြီးသစ္စာရှိတယ်၊ ပိုပြီးပြတ်သားတယ်၊ ပိုပြီးစွန့်စားတယ်"

ဝင်းမြတ်ကို ကျွန်တော်မျက်လုံးပြူးပြီးကြည့်နေမိ၏။ သူ့စကား၊ သူ့အယူအဆကို ကျွန်တော်လက်ခံပါသည်။ ကျွန်တော်သူ့ကိုကြည့်မိခြင်းက သူ ကျွန်တော်နှင့်ရွှန်းလဲ့ကိစ္စကို သည်မျှစိတ်ဝင်စားနေပါလားဆိုခြင်းကြောင့်ပါ။

ဝင်းမြတ်ကစကားဆက်သည်။

"နေဦး မင်း ရွှန်းလဲ့ပြောတဲ့ သူနဲ့အောင်ကိုနိုင်ကိစ္စဟာ သူပြောသလောက် အထမြောက်အောင်မြင်ပြီး မိဘတွေသဘောတူတဲ့အဆင့်ထိရောက်သွားပြီးလို့ မင်းထင်လား"

ဝင်းမြတ်မေးခွန်းက ကျွန်တော့်ကိုအံ့အားသင့်သွားစေသည်။

"မင်း ဘာတိုဆိုလိုတာလဲ မိုကာတွန်း"ဟု

"ရှင်းရှင်းလေးပါနေရော၊ ရွှန်းလဲ့က သူ့ဘက်ကမပြတ်သားသေးတာကို မင်းရဲ့သဘောထားနဲ့ဆုံးဖြတ်ချင်တဲ့သဘောပဲ၊ တိုတစ်နေ့က အောင်ကိုနိုင်အကြောင်း စတားစတယ်၊ မင်းဆီက ဘာတွေထွက်လာမလဲလို့စောင့်တယ်၊ မရဘူး၊ အခု အောင်ကိုနိုင်က တစ်ဖက်က သူ့ကိုထပ်ပြီးတောင်းဆိုချင် တောင်းဆိုနေမယ်၊ သူ တိတိကျကျ အောင်ကိုနိုင်ကိုအဖြေပေးဖို့လိုလာပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မင်းဆီကိုဂုဏ်ထပ်ဆက်တာပဲ၊ အခု မင်းဆီက ဘာမျှော်လင့်ချက်မှမရှိတော့ဘူးဆိုရင်တော့ သူ အောင်ကိုနိုင်ကိုလက်ခံလိုက်မှာပေါ့"

"အဲဒါတော့ ငါမတွေးမိတာကို အမှန်ပဲ"

"ဒီမှာ သူငယ်ချင်း၊ သူ အောင်ကိုနိုင်ကိုလက်ခံရင်လည်း အဲဒါဟာ မင်းကိုမာနချင်းပြိုင်ပြီး အရွဲ့တိုက်လက်ခံလိုက်တာပဲဖြစ်မယ်၊ အောင်ကိုနိုင်ကို ချစ်လို့တော့ တုတ်မှာမဟုတ်ဘူး"

"ဒါပေမယ့်ကွာ — အောင်ကိုနိုင်နဲ့ဆိုရင် သူ့ဘဝကောင်းစားသွားမှာပါ"

"ကျွတ် — ရှုံးလဲ့ဘဝပျော်ရွှင်ချမ်းမြေ့သွားမယ်လို့ မင်းသေချာပေါက်ပြောနိုင်လား"

"ဒါတော့ ငါဘယ်ပြောနိုင်မလဲ၊ လောကမှာ သေချာရေရာတဲ့ကိစ္စဆိုတာက နည်းသားကလား"

"အေး အဲဒီလိုမရေရာ မသေချာတဲ့အထဲမှာ နှင်းချယ်ရီလည်းပါတယ်၊ မင်းက နှင်းချယ်ရီကိုချစ်တယ်ဆိုတာ ငါအကြွင်းမဲ့ယုံကြည်တယ်၊ ဒါပေမယ့် နှင်းချယ်ရီ မင်းကိုပြန်ချစ်မယ်ဆိုတာ သေချာလား၊ နှင်းချယ်ရီဖခင်ကရော သဘောတူ ကြည်ဖြူမယ်ဆိုတာသေချာလား၊ နှင်းချယ်ရီနဲ့ မင်းနဲ့ ဘဝတစ်ခု ထူထောင်ဖို့ အဆင်ပြေချောမွေ့မယ်ဆိုတာ သေချာလား"

"ငါ နှင်းကိုချစ်တာတော့ သေချာတယ် မိုကာတွန်း"

"အဲဒါတွေမပြောနဲ့လေ၊ အဲဒါ မင်းဘက်က၊ ငါပြောတာက နှင်းချယ်ရီဘက်ကိုလေ၊ ကြည့်ပါလား၊ မင်း နှင်းချယ်ရီကို ရုပ်ပြည်တကပြီး ချစ်ကြောင်းရင်ဖွင့်ခဲ့တာကြာသွားပြီ၊ နှင်းချယ်ရီဆီက ဘာအကြောင်းပြန်လာလဲ၊ တလာလား၊ ဖုန်းလာသလား၊ ငါဆိုလိုတာက ငြင်းတယ်ဆိုရင်တောင် လက်မခံနိုင်ကြောင်း အဖြေပေါ့၊ ခုတော့ မင်းမှာ မျှော်တလင့်လင့်နဲ့"

"နှင်းဆီက ငါမျှော်လင့်တာ ပြန်ရမှာပါ"

"သေချာလား"

ဝင်းမြတ်ကတော့ 'သေချာလား' ဟူသော စကားနှင့်ပင် ကျွန်တော့်ကို ချည်နှောင်နေပြန်သည်။

"သေချာတယ်ကွာ၊ မင်းစောင့်ကြည့်၊ ဒီတစ်လအတွင်းမှာ ထူးခြားရမယ်"

"မထူးခြားရင်"

"မင်းကြိုက်တာ ငါကျွေးမယ်"

"အိုကေ — မင်းကတိတည်ပါစေ"

ပြောသာပြောရသည်၊ နှင်းချယ်ရီထံမှ တုံ့ပြန်မှုကို ကျွန်တော်စောင့်နေခဲ့ရသည်မှာ အမောများစွာဖြင့် အိပ်မပျော်သောညများစွာဖြင့်၊ နှင်းချယ်ရီထံကိုရော ဒေါက်တာဦးမိုးမောင်ထံကိုပါ ကျွန်တော် တထပ်ပြီးရေးခဲ့ပါသေးသည်။ သို့သော် မည်သို့မျှမထူးခြားသေး။



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ဇာနည်ဆုံးပြီးတစ်လပြည့် ဆွမ်းကျွေးပြုလုပ်သည့်နေ့၊ ဆွမ်းကျွေးကို ကျွန်တော်ရော ဝင်းမြတ်ပါ ရောက်သွားကြသည်။ လုပ်စရာရှိသည်များ လုပ်ကိုင်ပြီး တရားနာရေစက်ချပြီးသည်အထိ ကျွန်တော်တို့နေကြသည်။

ပတ်စာခွက်ပျာသိမ်း၊ အားလုံးသိမ်းဆည်းပြီးမှ ကျွန်တော်တို့ပြန်ဖို့ နှုတ်ဆက်သောအခါ ဦးလေးကျော်မောင်က ....

"ဖိုးတုတ်တို့ကို ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတို့ရှိလို့လဲ ဦးလေးတို့ အဆင်ပြေတာ" ဟု ကျွန်တော့်လက်ကိုဆုပ်ကိုင်၍ပြောသည်။

ဒေါ်လေးစိန်စိန်ကလည်း ....

"မင်းညီ မရှိတော့လို့ ဒေါ်လေးတို့ဆီမလာဘဲလည်း မနေကြပါနဲ့ကွယ်" ဟု မှာသည်။ ကျွန်တော်ကစိတ်အားမငယ်ကြဖို့ နှစ်သိမ့်အားပေးရသည်။

"ဖိုးတုတ်ကို ဦးလေးတစ်ခုလည်း မေတ္တာရပ်ခံချင်သေးတယ်ကွ"

"ဘာလဲ ဦးလေး"

"ဦးလေးရဲ့သားဇာနည့်အကြောင်းကို ဝတ္ထုတစ်ပုဒ်လောက်ရေးပါလား ကွာ၊ ဖိုးတုတ်က စာရေးဆရာလေ၊ ဇာနည့်အကြောင်းမှာ တခြားလူငယ်တွေ သင်ခန်းစာယူစရာတွေရှိသလို မိဘတွေလည်း သင်ခန်းစာယူစရာတွေရှိတယ် ကွ၊ မင်းသိပါတယ် ကိုနေရယ်၊ ဇာနည်ဟာ ငယ်ငယ်ကတော်တယ်၊ တော်ချွန် တယ်၊ ကြီးလာမှပျက်စီးသွားတယ်၊ အဲဒါက ဦးလေးတို့မိဘတွေရဲ့ မျက်ကန်း





အချစ်ကြောင့်ပဲ၊ သားသမီးတို့ပုံသွင်းရာမှာ မှားယွင်းခဲ့၊ ညံ့ဖျင်းခဲ့လို့ပဲ၊ ဒါကို မိဘတိုင်း သင်ခန်းစာယူသင့်တယ်၊ ထို့အတူပဲ၊ ဇာနည်ဟာ အဖိုးတန် လူ တစ်ယောက်ဖြစ်လာနိုင်ပါလျက်နဲ့ အပေါင်းအသင်းမှားပြီး မူးယစ်ဆေးဝါးစွဲခဲ့ လေတော့ နောက်ဆုံးမှာ အေအိုင်ဒီအက်စ်ဖြစ်ပြီး ဘဝဟာအကျည်းတန်စွာ အဆုံးသတ်ခဲ့ရတယ်၊ ဒါကို လူငယ်တွေသင်ခန်းစာယူသင့်တယ်၊ ဦးလေး ပြောတာ လက်ခံလား"

"မှန်တာပေါ့ဦးလေးရယ်၊ ဦးလေးပြောတာ မှန်ပါတယ်"

"ဒါဖြင့် ဝတ္ထုရေးမယ်ပေါ့"

"ရေးမှာပါ ဦးလေး"

ဒေါ်လေးစိန်စိန်က —

"အေအိုင်ဒီအက်စ်ရောဂါအကြောင်းလည်း လူတွေ ဆေးပညာအသိရ အောင် ရေးစေချင်ပါတယ် ကိုနေရယ်၊ ရောဂါမရအောင်သတိပြုရမှာတွေ၊ အကြောင်းတစ်မျိုးမျိုးကြောင့် ရောဂါရလာသူကိုလည်း နှစ်သိမ့်ပေးမပေးသင့် တာတွေပေါ့" ဟု ဖြည့်စွက်သည်။

"ဟုတ်ကဲ့ပါ ဒေါ်လေး"

ဒေါ်လေးစိန်စိန်တို့အိမ်မှာ ပြန်လာရာလမ်းတွင် ဝင်းမြတ်က ...

"မင်း ဦးလေး ဒေါ်လေးတွေက ဇာနည်နဲ့ပတ်သက်ပြီး တော်တော်ခံစား နေရပုံရှိတယ်၊ ဒါပေမယ့် ခံစားချက်တွေကို အမှားအမှန်ခွဲခြားသုံးသပ်နိုင်တာ တော့ ချီးကျူးစရာပဲ" ဟု မှတ်ချက်ပြုသည်။

ကျွန်တော် ဝင်းမြတ်စကားကို လက်ခံပါသည်။ ဦးလေးကျော်မောင်နှင့် ဒေါ်လေးစိန်စိန်တို့နှစ်ဦးစလုံး ဇာနည်ကိစ္စနှင့်ပတ်သက်ပြီး နောင်တရနေ ကြပုံရှိသည်။ ပြီးတော့ အခြားသားသမီးရှိသော မိဘများကို သူတို့ပုံမဖြစ်စေ ချင်သည့် စေတနာများ။

www.burmeseclassic.com

www.burmeseclassic.com

"ဟော ... သားပြန်လာပြီ၊ မောင်ဝင်းမြတ်လည်း လိုက်လာတာကိုး"

အိမ်ပေါ်သို့ ကျွန်တော်တို့တက်တက်ချင်း အမေ့အသံကို ကြားရသည်။ ဝင်းမြတ်က ...

"ဟုတ်တယ်အော်အေ၊ အော်အေ့သား လမ်းမှာလျှောက်ပွေ့မှာစိုးလို့ အိမ်ရောက်အောင် လိုက်ပို့ရတာ" ဟု ရယ်စရာပြောသည်။ ဝင်းမြတ်စကားကြောင့် အမေကရယ်၍ "ကျေးဇူးပါပဲကွယ်" ဟုဆိုသည်။

ကျွန်တော်တို့ ညှော်ခန်းရှိသက်တံမျှား၌ထိုင်လိုက်သောအခါ အမေက "စိန်စိန်တို့ကိုကြည့်ပြီး အမေ အရမ်းသနားတယ်" ဟု ပြောသည်။

"ဟုတ်တယ်အမေ၊ ဇာနည်အသက်ရှိစဉ်ကလည်း နုကွဲတွေ၊ သောကတွေ အလူးအလဲခံစားခဲ့ရတာ၊ အခု ဇာနည်မရှိတော့လည်း သူတို့လင်မယား နှစ်ယောက်တည်း ခြောက်ကပ်ပြီးငွေ့စရာဘဝကို ဖြတ်သန်းရမှာပဲ၊ အရင်းစစ်တွက်ကြည့်လိုက်တော့ အေအိုင်ဒီအက်စ်ကတရားခံပဲ"

"အမေတို့နိုင်ငံမှာ ဒီရောဂါကူးစက်ပျံ့နှံ့ပြန့်နေပြီဆိုတာကို သိထားပြီး လူတိုင်းဆင်ခြင်ကြဖို့လိုတယ်၊ ဗုဒ္ဓအဆုံးအမနဲ့ မြန်မာ့ယဉ်ကျေးမှုလေ့စရိုက်အတိုင်း နေကြရင် ဒီရောဂါမဝင်နိုင်ပါဘူးကွယ်"

"ကျွန်တော် အဲ့ဒီအကြောင်း ဝတ္ထုရေးမယ်အမေ၊ ဒေါ်လေးစိန်စိန်နဲ့ ဦးလေးကျော်မောင်ကလည်း ရေးဖေချင်ကြတယ်"

"ကောင်းတာပေါ့ကွယ်၊ ဒါဟာ လုပ်ကိုလုပ်ကြရမယ့် လူသားတာဝန်တစ်ရပ်ပါပဲ၊ ဪ ... ဒါနဲ့ အမေမေ့နေလိုက်တာ သားဆီကိုစာတစ်စောင်လာတယ်"

"တ ... ဟုတ်လား အမေ၊ ဘယ်ကတလဲ၊ ဘယ်သူ့ဆီကလဲ"



ကျွန်တော်အလောတကြီးမေးလိုက်သည်ကို အကြောင်းသိဖြစ်သော ဝင်းမြတ်က သဘောကျစွာ တဟားဟားထ၍ရယ်သည်။ 'ရောဂါ ရောဂါ' ဟုလည်း အသံနေအသံထားဖြင့် အော်နေပြန်လေသည်။

"ဘယ်သူ့ဆီကလဲတော့မသိဘူးကွယ်၊ အမေလည်း မကြည့်မိဘူး။ အမေ စာသွားယူပေးမယ်"

အမေထိုင်ရာမှ စာယူရန်ထလိုက်သလို စာကိုစိတ်ဝင်စားနေသော ကျွန်တော်သည်လည်း ထိုင်ရာမှထကာ အမေ့နောက်ကပ်လိုက်သွားသည်။ အမေ စာသွားယူမည့်အချိန်ကိုပင် ကျွန်တော်မစောင့်နိုင်အောင် စိတ်က စောနေလောနေပေသည်။

အမေက စာအုပ်ဗီရိုကော့စ်ပေါ်တင်ထားသောစာကို သွားယူပြီး ကျွန်တော့်ကို ပေးသည်။ အမေ့လက်ထဲမှစာကိုလှမ်းယူသော ကျွန်တော်လက်များ မြန်ဆန်သလောက် တုန်၍နေသည်။ တအိတ်ပေါ်ကလက်ရေးကို ကျွန်တော် အလျင်အမြန်ကြည့်လိုက်သည်။ မိန်းကလေးလက်ရေး။

ဗိုသုလိပ်တယ်ပါ။

တံဆိပ်ခေါင်းပေါ်မှာ စာတိုက်တံဆိပ်တုံးတို့ ကျွန်တော်အလောတကြီး ကြည့်လိုက်မိပြန်၏။ ပင်းတယပါတကား။ ပင်းတယကလာသည်ဆိုသော ကြောင့် နန်းချယ်ရီဆီကစာဖြစ်မည်။ မလွဲပါတကား။

ကျွန်တော့်ခန္ဓာကိုယ် ငှက်ကလေးတစ်ကောင်လို လေတွင်ဝဲသွားသည် ထိုင်လိုက်၏။ တဒိန်းဒိန်းခုန်လာသောရင်က အပျော်ချည်းသာမဟုတ်၊ အကြောက်လည်းပါနေမှန်း ကျွန်တော့်ဘာသာသိလိုက်သည်။ နန်းချယ်ရီဆီက ဆိုတာတော့ သေချာပြီ။ သို့သော် အကြောင်းမည်သို့နည်း။ အပြုလား အပည်းလား။ အပြုကိုမျှော်လင့်သော်လည်း အပည်းဖြစ်နေခဲ့လျှင် ...

www.burmeseclassic.com

www.burmeseclassic.com


“နန်းချယ်ရီဆိုကလား”

ကျွန်တော့်ကို လိုက်လံကြည့်ပြီး အကဲခတ်နေဟန်ရှိသည်။ ဝင်းမြတ်က သိလိုစောဖြင့် လှမ်းမေးသည်။ နန်းချယ်ရီဟူသော နာမည်ကြောင့်ထင့်။ အမေကလည်း စိတ်ဝင်စားသောမျက်လုံးများဖြင့် ကျွန်တော့်ကိုကြည့်သည်။

“ဟုတ်တယ်”

“ဟုတ်ရင် ကောက်လေကွာ၊ ဘာလုပ်နေတာလဲ၊ မင်းပဲ ဒီစာကို မျှော်နေတာ”

“ဒါပေမယ့် ... ငါ ...”

“ဟာ ... ဒီကောင် ကြောက်နေပြီ၊ မင်းမကောက်ရဲရင် ငါကောက်မယ် ပေး”

“ရပါတယ် သူငယ်ချင်း။ ငါ့ဘာသာ ကောက်ဖတ်ပါ့မယ်”

ကျွန်တော် ဆက်တီသို့ပြန်လာပြီး ထိုင်ချကာ စာအိတ်ကိုဘေးနှုတ်ခမ်း နားမှကပ်၍ အသာအယာဖောက်လိုက်သည်။ အထဲမှစာရွက်စုတ်ပြဲသွားမှာ စိုးသောကြောင့် သတိထားဖောက်ရခြင်းဖြစ်သည်။

စာအိတ်ကိုဖောက်ပြီးနောက် အထဲမှစာရွက်ကိုဆွဲထုတ်သောအခါတွင် လက်က အတော်ကလေးတုန်လာသည်။ ရင်ကတိုခုန်လာသည်။ တောင်တက် ရထားသည် ကျွန်တော့်ရင်ထဲမှာ။

စာရွက်က ပန်းနုရောင်ကလေးဖြစ်၏။

စာရွက်ခေါက်ကိုဖြန့်ရချိန်တွင် ရင်ဘတ်ထဲ၌ ထိန်းမရအောင် လျှောင် တော်လဲနေ၏။

အမေနှင့် ဝင်းမြတ်ကြည့်နေသည်ကို မေ့သွား၏။ စာကို တုန်လှုပ် ချောက်ချားစွာ ကျွန်တော်ဖတ်လိုက်သည်။

“အစ်ကိုထွန်းနေ

..........................................

..........................................

..........................................

နန်းချယ်ရီ”

ပင်းတယ

ကျွန်တော့်ခေါင်းထဲတွင် ရှုပ်ထွေးသွားသည်။ ဘယ်လိုပါလိမ့်။ စာရွက် ထိပ်မှာ ‘အစ်ကိုထွန်းနေ” ဟူသော အမည်ရှိပါသည်။ စာရွက်အောက် ခြေ ညာဘက်ထောင့်မှာ ‘နန်းချယ်ရီ ပင်းတယ’ ဟုရှိ၏။ အလယ်မှာကား ဘာစာသားမှမပါ။ ဘာအဓိပ္ပာယ်လဲ။ နန်းချယ်ရီဘာကြောင့် တစ်ကြောင်းမှ မရေးဘဲ အောက်မှာလက်မှတ်ထားထားတာလဲ၊ ဘာမှပြောစရာမရှိဟု ဆိုလိုလေသလား။

ရင်ထဲမှာမှုသွားပြီး ရှုပ်ထွေးသောပုစ္ဆာတစ်ရပ် သို့မဟုတ် ပဟေဠိတစ်ပုဒ် ကို တွေ့လိုက်ရသလို မျက်ခုံးတွန့်ပြီးတွေးရင်း ငြိမ်နေသောကျွန်တော့်ကို အမေနှင့်ဝင်းမြတ်လည်း နားလည်နိုင်ကြမည်မဟုတ်။

“ဘာတဲ့လဲ သား”

အမေက ဦးစွာမေးခွန်းထုတ်သည်။ အမေသည်လည်း စာပါအကြောင်း အရာကို သိချင်နေပုံရသည်။ ဝင်းမြတ်ကလည်း ‘ဘာတွေရေးထားလဲ၊ စာဖတ် ပြီး မင်းမျက်နှာကြီးက ဘာဖြစ်သွားတာလဲ” ဟု အူကြောင်ကြောင်အကြည့် ဖြင့် မေးသည်။

“ဘာမှန်းလဲမသိဘူး”

ကျွန်တော်က အမေ့မေးခွန်းနှင့် ဝင်းမြတ်မေးခွန်းတို့ ပေါင်း၍ဖြေလိုက် သည်။

www.burmeseclassic.com

 www.burmeseclassic.com 

"မင်းပဲဖတ်နေတာပဲ၊ ဘာကို ဘာမှန်းမသိရမှာလဲ"

"ရော့ မင်းပဲ ကိုယ့်ဘာသာဖတ်ကြည့်ကွာ"

စာကို ကျွန်တော် ဝင်းမြတ်ထံလှမ်းပေးလိုက်သည်။ ဝင်းမြတ်က စာကို ဆတ်ခနဲဆွဲယူပြီး အလျင်စလိုဖတ်သည်။ သူ့မျက်နှာများလည်း တွန့်ရှုံ့သွားသည်ကို တွေ့ရ၏။

"တွေ့လား။ ဘာမှလည်းမရေးထားဘူး။ အောက်မှာ သူ့လက်မှတ်ပဲ ထိုးထားတယ်၊ အဲဒါ ဘာသဘောလဲ"

အမေက ဝင်းမြတ်နှင့်စာကိုကြည့်လိုက် ကျွန်တော့်ကိုအကဲခတ်လိုက်နှင့် ကျွန်တော့်စကားအဆုံးမှာ ဝင်းမြတ်စကားချက်ချင်းမပြန်သဲ့ မျက်လုံးကလယ် ကလယ်နှင့် စဉ်းစားတွေးတောနေရာမှ ရုတ်တရက်မျက်နှာဝင်းလက်သွားကာ သူ့ပေါင်ကိုသူဖြန်းခနဲပုတ်လိုက်လေသည်။

"တာ ... ဒါ အဖြေပဲ" ဟုလည်း ဝမ်းသာအားရ အော်လိုက်သည်။

"ဘာ .. ဒါအဖြေလဲကွ၊ မင်း ဘာပြောတာလဲ"

ဝင်းမြတ်က ကျွန်တော့်ကို သနားစရာသတ္တဝါတစ်ဦးလိုကြည့်ပြီး ...

"တောက် တရေးဆရာတဲ့ကွာ ... ညံ့ပ၊ ဒါလေးတောင်နားမလည်ဘူး။ နန်းချယ်ရီက မင်းကိုပညာပြလိုက်တာ၊ အမရာက မပေါ့သာဘာကို ပညာစမ်းသလို မင်းကိုပညာစမ်းလိုက်တာ"

ကျွန်တော် ခေါင်းပိုရှုပ်သွားသည်။

"ဘာလဲကွ၊ မင်းပြောမှပိုရှုပ်ကုန်ပြီ"

"ဟုတ်တယ်လေကွယ် မောင်ဝင်းမြတ်ရဲ့ မင်းသိရင်လည်းပြောလေ၊ တို့မှာစောင့်ရသူ အိမ်မြှောင်အမြီးပြတ်ဖြစ်နေပြီ" ဟု အမေကဝင်ပြောသည်။ အမေ့စကားကြောင့် ဝင်းမြတ်တဟားဟားရယ်သော်လည်း ကျွန်တော်ကမူ မရယ်နိုင်။

"တော့ကောင် ရှင်းရှင်းပြောကွာ"

ဝင်းမြတ်က 'ကျွတ်' ခနဲ စုတ်သပ်ပြီးမှ ...

"တော့။ ဒီ မင်းကို နန်းချယ်ရီက အဖြေပေးလိုက်တာ"

"တာကွာ ... မင်းက နောက်နေပြန်ပြီ စာထဲမှာ ဘာမှရေးမထားတာ"

"အဲဒါကြောင့် မင်းကိုတုံးတယ်ပြောတာပေါ့ နေဦး၊ ဒီမှာ ငါပြောမယ်၊ ဘလင့်ချက် (Blank Cheque) ဆိုတာ မင်းသိတယ်မဟုတ်လား"

"သိတယ်လေ ... အဲဒါ ဘာဖြစ်လဲ"

"အောက်မှာ လက်မှတ်ထိုးပေးထားတယ်၊ ငွေပမာဏကိုဖော်ပြမထားဘူး။ ဆိုလိုတာက ငွေပမာဏကိုလက်ခံသူက ကြိုက်သလောက်ရေးသွင်းလို့ ရတယ်၊ အထူးအာဏာကုန်ပေးလိုက်တယ်လို့လည်း အဓိပ္ပာယ်ရတယ်"

ကျွန်တော် ခပ်ရေးရေးသဘောပေါက်သွားသည်။ သဘောပေါက်သည်နှင့် အမျှ အပျော်လှိုင်းသည် ဝုန်းခနဲအသည်းနှလုံးသောင်ပြင်ပေါ်ပြေးတက်လာ၏။

"မင်းဆိုလိုတာက စာထဲမှာ ငါရေးချင်တာရေး"

"အေးဟုတ်တယ်၊ အဲဒါပဲ၊ တစ်ခါတစ်ခါ မင်းနဲ့ငါ အလုပ်အတွက် လိုလာရင်သုံးဖို့ဆိုပြီး စာရွက်အလွတ်တစ်ရွက်မှာ မင်းကလက်မှတ်ထိုးပေး ထားတယ်လေ၊ အဲဒီစာရွက်မှာ ငါကလိုအပ်တဲ့စာသားတွေရေးတယ်၊ မင်းက လက်မှတ်ထိုးပြီးသားဆိုတော့ ငါရေးသမျှတာ မင်းရေးတာနဲ့အတူတူပဲပေါ့"

"ဟာ ... ဟုတ်ပြီ၊ ဒါဆို နန်းက စာထဲမှာ ငါလိုချင်တာထည့်ရေး၊ သူ သဘောနဲ့ ငါ့သဘောအတူတူပဲလို့ဆိုလိုတာပေါ့နော်၊ ဒါ ... ဒါဆို နန်းက ငါ့ကို အဖြေပေးတာပဲပေါ့ ငါ့ကိုချစ်တယ်လို့ အဖြေပေးတာပဲပေါ့"

ကျွန်တော်ထိုင်ရာမှ ဝုန်းခနဲခုန်ထကာ ပတ်တတ်ရပ်နေသောအမေ့ကို ဖွေ့ခနဲပွေ့လိုက်ပြီး "အမေရေ အမေချွေးမရပြီဗျ" ဟု ဝမ်းသာအားရ

www.burmeseclassic.com

 www.burmeseclassic.com

အော်လိုက်သည်။ အမေက ''ဟဲ့ … တဲ့ … ငါ့မြွတ်တွေတော့မယ်၊ ပြန်ဗျ … ပြန်ဗျ'' ဟု အလန့်တကြားအော်သည်။ အမေ့ကိုကြမ်းပြင်ပေါ်ပြန်ချတော့ ''ငါ့သားရူးတာ အမေခုမှသိတော့တယ်'' ဟု စိတ်ပျော်များဖြင့် ကြည်ကြည်နူးနူးပြောသည်။

ဝင်းမြွတ်က သူ့ထုံးစံအတိုင်း တဟားဟားရယ်နေသည်။

''အေးအေး အေးအေးသားရူးတာ ခုမှသိတယ်တုတ်လား။ ကျွန်တော်က သိနေတာကြာလှပြီ''

''ဟော့ကောင် မိုက်ကားတွန်း၊ ငါပြောတာမဟုတ်လား။ ကဲ မင်းရူးတယ်၊ မင်းငါ့ကိုကျွေး''

''ကျွေးမယ် ကျွေးမယ်၊ ဒီလို မင်္ဂလာရှိတဲ့ကိစ္စမှမကျွေးရင် ဘာကိုကျွေးရမှာလဲ''

''ပေးစမ်း ပေးစမ်း။ နမ်းစာကို ငါပြန်ပေးစမ်း၊ တထဲမှာ ငါတထပ်ပြည့်ရမယ်''

ကျွန်တော်ကပြောပြောဆိုဆိုပင် ဝင်းမြွတ်စာလှမ်းအပေးတိုင် မစောင့်တော့ဘဲ စာကိုဖျတ်ခနဲဆွဲယူလိုက်သည်။ စာကိုရင်မှာအပ်လိုက်သည်။

ယခုလိုဆိုတော့လည်း လောကက အမှိုင်းမဲ့သာယာနေပြန်လေသည်။

(၁၆)

နန်းချယ်ရီနှင့် ကျွန်တော်တို့၏ စေ့စပ်ကြောင်းလမ်းပွဲကလေးကား ခပ်ကျဉ်းကျဉ်းနှင့် ပြည့်စုံစွာ အောင်မြင်ပြီးမြောက်သွားလေသည်။

နန်းချယ်ရီတို့အိမ်မှာကျင်းပသော ထိုစေ့စပ်ကြောင်းလမ်းပွဲ၌ နန်းချယ်ရီဘက်မှ ဖခင်ဦးမောင်လှိုင်၊ ကြီးတော်တစ်ယောက်၊ သူမ၏ကျောင်းအုပ်ဆရာမကြီးတို့ပါဝင်ပြီး ကျွန်တော့်ဘက်မှ အမေ၊ အစ်ကိုလင်းအောင်နှင့် ဝင်းမြွတ်တို့ပဲ ပါကြသည်။ ဒေါက်တာစိုင်းမောင်နှင့် နန်းယုယုလှိုင်ဇနီးမောင်နှံက နှစ်ဖက်စလုံး၏ ကိုယ်စားလှယ်တော်များဖြစ်ကြသည်။

သည်ပွဲကလေးဖြစ်မြောက်ဖို့ ကျွန်တော် အတော်ကလေး သွက်သွက်လက်လက် လှုပ်ရှားခဲ့ရသည်။ နန်းချယ်ရီထံမှ စာကိုရပြီးနောက် နန်းချယ်ရီထံသို့စာရေး၊ နန်းချယ်ရီထံမှဖုန်းကိုစောင့်၊ ဒေါက်တာစိုင်းမောင်တို့ဇနီးမောင်နှံထံသို့ အကြောင်းကြား၊ အမေနှင့် အစ်ကိုလင်းအောင်တို့နှင့်ညှိနှိုင်းပြီး အစီအစဉ်ဆွဲ၊ ထို့နောက် ရှမ်းပြည်သို့တက်လာ။

ဒီလက အစ်ကိုလင်းအောင်နှင့်အတူ မမှုယာရော မိုးထိအောင်ပါလာဖို့ ဖြစ်သည်။ မလာခင်ကလေးမှာ မိုးထိအောင်ဖျားနေပြန်သဖြင့် မမှုယာနှင့် မိုးလေး ကျန်နေရစ်ခဲ့သည်။ ကျွန်တော်တို့အဖွဲ့ ဒေါက်တာစိုင်းမောင်တို့ရှိရာ ကလောကိုဦးစွာဝင်ကြသည်။ ကျွန်တော့်ဘက်မှလူကြီးများနှင့် ဒေါက်တာစိုင်းမောင်တို့လင်မယား အသေးစိတ်ပြောဆိုကြပြီး ဒေါက်တာစိုင်းမောင်တို့



www.burmeseclassic.com

လီးမောင်နှံကပင် ဦးဆောင်ကာ စေ့စပ်ပွဲကလေးကို မြန်မာဆန်ဆန် အကျဉ်းချုံးကျင်းပခဲ့ကြခြင်းဖြစ်သည်။

စေ့စပ်ပွဲမကျင်းပမီနေ့က နန်းချယ်ရီတို့နေအိမ်သို့ ကျွန်တော်တို့ရောက်ကြသည်။ သို့သော် ကျွန်တော်တို့က တည်းခိုခန်းမှာပင်တည်းခိုကြသည်။ နန်းချယ်ရီတို့ကို ဒုက္ခမပိုစေလို၍ဖြစ်သည်။

ကျွန်တော်တို့ရောက်သောနေ့က ညနေပိုင်းမှာ နန်းချယ်ရီနှင့်ကျွန်တော် တွေ့ဆုံခွင့်ရခဲ့၏။ ချစ်သူဘဝရောက်ပြီး ပထမဆုံးအကြိမ် နှစ်ဦးသားတွေ့ဆုံရခြင်းဖြစ်သည်။ ကျွန်တော့်ရင်တွေတလှပ်လှပ်ခုန်ကာ လက်ဖျားခြေဖျားတွေ အေးချင်ချင်ဖြစ်နေသည်။ မိန်းကလေးဖြစ်သောနန်းချယ်ရီဆိုလျှင် ပြောဖွယ်ရာမရှိတော့။ ကျွန်တော့်ရှေ့မှာခေါင်းကိုငုံ့လျက်သာနေသည်။ လက်ချောင်းကလေးတွေချင်း ပွတ်ကာသပ်ကာနှင့်။ နန်းချယ်ရီတို့အိမ် ဧည့်ခန်းထဲမှာပင်ဖြစ်၏။ ထုံးစံအတိုင်း နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်က လိမ္မော်ခြံထဲမှာ။

"နန်းရယ် – နန်းသိကတရုတ်တော့လေ၊ အစ်ကိုရင်တွေခုန်တာ ပေါက်ကွဲထွက်တော့မတတ်ပါဘဲ၊ ဒီကြားထဲက နန်းကို အစ်ကိုကိုပညာစမ်းလိုက်တော့ ရတ်တရက် လုကာပုထုနေတာဆိုတော့လေ ခေါင်းတွေရှုပ်ပြီး ငိုချင်သလိုလို တောင် ဖြစ်သွားတာသိလား"

ကျွန်တော့်စကားတွေမှာ ကျွန်တော့်ဝတ္ထုတွေထဲက ဇာတ်လိုက်တောင်လေးတွေပြောသလို လှပမနေဘဲ စကားလုံးတွေမှာ ရှုံ့စင်းနေရုံမက အသံနေအသံထားတွေ အနိမ့်အမြင့်မမှန်ဖြစ်နေသည်။ ဝမ်းသာပျော် ရွှင်ခုန်ခံစားမှုများ၏ ပဲတင်ရိုက်ခတ်သံများက အနုပညာမဆန်လှပေ။

သို့သော် ကျွန်တော်၏နှလုံးသားအတွင်းတစ်နေရာမှ နက်ရှိုင်းစွာပေါ်ထွက်လာသော စကားဖြစ်ကြောင်းကိုမူ နန်းချယ်ရီနားလည်လက်ခံပုံရပါသည်။ ကြည်နူးပြုံးလဲ့လဲ့ပြုံးနေသော သန့်စင်လှပသည့်နန်းချယ်ရီမျက်နှာကလေးကို မြင်ရသည်။ ခေါင်းမဖော်ဘဲ ....

"နန်းက ပညာစမ်းတာမဟုတ်ပါဘူး" ဟု တိုးတိုးသဲ့သဲ့ကလေး ပြောသည်။

"ပညာစမ်းတာမဟုတ်ဘူး ဟုတ်လား။ ဒါဖြင့် ဘာဖြစ်လို့ တကိုယ်ထဲမှာ ဘာမှမရေးတာလဲ"

ကျွန်တော်က ငုံ့နေသောနန်းချယ်ရီ၏မျက်နှာကို အရအမိငုံ့ကြည့်ရင်း မေးလိုက်သည်။ ခေါင်းငုံ့မြဲငုံ့လျက်ဖြင့်ပင် –

"နန်းမရေးတတ်လို့ ဘာမှမရေးလိုက်တာပါ။ အစ်ကိုနားလည်လိမ့်မယ် လို့လည်း ထင်တယ်လေ"

"အစ်ကိုက မြန်းခနဲနားမလည်နိုင်ဘူး နန်းရဲ့ ဝင်းမြပ်ကာစဉ်းစားပြီး ပြောမှ သိရတာ"

"အဲဒီ အစ်ကိုက ညံ့တာပဲ"

ရယ်သံကလေးပွင့်လာသော ပိုမိုရင်းနှီးနွေးထွေးလာသည့်လေသံ။ မျက်လွှာကလေးလှန်၍လည်းကြည့်သည်။ မျက်လုံးကလေးတွေပြုံးနေ၏။ သို့သော် ကျွန်တော့်အကြည့်များနှင့်ဆုံတော့ နန်းချယ်ရီမျက်လွှာပြန်ချသည်။ ကျွန်တော်လည်းရင်တခုန်ခုန်။

"ဟုတ်တယ်၊ မချစ်ဖူးသေးတော့ အစ်ကိုကညံ့တာအမှန်ပဲ၊ နန်းလောက်မတော်တာအမှန်ပဲ"

ကျွန်တော်က မထိခလုတ် ထိခလုတ်စလိုက်သည်။

"အံမယ် – အဲလိုတော့မပြောပါနဲ့နော်၊ နန်းက ခုထိ ဘယ်သူ့မှမချစ်ဖူး သေးပါဘူး"

အနည်းငယ် ပို၍နွဲ့လာသည်ဟု ခံစားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကိုပဲချစ်တယ်ပေါ့"

"အို ... အဲဒီလို ဘယ်သူပြောလို့လဲ"

"နန်းပဲ အစ်ကို့ဆီစာရေးတာလေ"

"မဟုတ်ပါဘူး။ နန်းစာထဲမှာ ဘာမှမှမရေးထားတာ"

"ဟာ ... အဲဒါတော့ နန်း အစ်ကို့ကို ဥပဒေလက်တစ်လုံးခြားလုပ်တာပဲ"

နန်းချယ်ရီက ခစ်ခနဲတစ်ချက်ရယ်သည်။ နှုတ်ခမ်းနှစ်လွှာမှာ အပြုံးနု ဟန်ဆောင်၍ နှုတ်ခမ်းကိုတင်းစေ့ထားမှန်းသိသာသည်။

"မယုံရင် အစ်ကို့ဆီကစာတွေပြန်ကြည့်ပေါ့"

ကျွန်တော်က ကျွန်တော်သွားလေရာပါလာသည့် နန်းချယ်ရီ့ဆီကစာတ အင်္ကျီအိတ်ထဲမှဆွဲထုတ်ပြီး နန်းချယ်ရီရှေ့စားပွဲငယ်လေးပေါ်သို့ ပြန်ပြလိုက် သည်။

"ဒီမှာကြည့် .... နန်းရေးထားတယ်"

တထဲမှာ နန်းချယ်ရီက ဘာမှရေးမထားသော်လည်း ကျွန်တော်က တကြောင်းများစွာထပ်၍ဖြည့်ရေးထားခဲ့သည်လေ။

"အစ်ကို့ကို နန်းချစ်ပါတယ်"

"အစ်ကို့ကို နန်းလက်ထပ်ဖို့ သဘောတူပါတယ်" ဟူသော တကြော များ။ နန်းချယ်ရီ မျက်ခုံးကလေးတွေပင့်တက်သွားကာ မျက်လုံးကလေးမှ ဝိုင်းသွားသည်။ ကျွန်တော့်ကိုမော့ကြည့်ပြီး အလိုမတူတစ်ခြင်း ---

"အို ... အဲဒါက နန်းရေးတာမှမဟုတ်တာ၊ နန်းလက်ရေးမှမဟုတ်တာ

ရယ်တစ်ဝက်ဖြင့် ငြင်းလေသည်။ ကျွန်တော်က မချင့်မရဲဖြင့် စာရွက်လေ ပေါ် ထောက်ထားသော နန်းချယ်ရီ၏ဖြူသွယ်သွယ်လက်ကလေးကို ဖမ်းဆု လိုက်သည်။



"နန်း သိပ်လည်တယ်၊ အစ်ကို့ကိုညစ်တယ်"

သည်တစ်ခါတော့ နန်းချယ်ရီအပြစ်ကင်းစွာ ဟက်ဟက်ပက်ပက် ရယ်ပါသည်။ ကျွန်တော်ဆုပ်ကိုင်ထားသော သူမ၏လက်ကလေးကိုလည်း မရုန်းတော့ပါ။

"မညစ်ပါဘူး၊ အစ်ကိုရယ်၊ အစ်ကို့ကို မချစ်ရင်လက်ထပ်ဖို့ နန်းက ဘာဖြစ်လို့ လက်ခံမှာလဲ၊ မဟုတ်ဘူးလား"

"အဲဒီ နန်းနှုတ်ကပြော ... အစ်ကို့ကို ချစ်တယ်လို့"

"အို ... ရှက်စရာ"

ထိုညနေ၊ ထိုအချိန်၊ ထိုကာလ၊ ထိုမိနစ်၊ ထိုစက္ကန့်ပိုင်းလေးများသည် ကျွန်တော့်အဖို့ စိန်စီထားသောအချိန်ပိုင်းကလေးဟုဆိုရလျှင် ပိုလွယ်မရှိပါ။

နန်းချယ်ရီနှင့် စေ့စပ်ကြောင်းလမ်းပွဲနှင့်ပတ်သက်၍လည်းကောင်း၊ လက်ထပ်ရေးနှင့်ပတ်သက်၍လည်းကောင်း ပြောဖြစ်ခဲ့ကြသည်။

စေ့စပ်ကြောင်းလမ်းပွဲ၌ နှစ်ဖက်လူကြီးများမိဘများက အထူးအထွေ ပြောဆိုခဲ့ကြခြင်းမရှိပါ။

"လက်ထပ်ဖို့ကိစ္စကိုတော့ ကာယကံရှင်လူငယ်နှစ်ယောက်တိုင်ပင်ပြီး ...တို့သဘောကျပဲလုပ်ကြပါစေ" ဟု အတည်ပြုကာ ကျွန်တော်နှင့် နန်းချယ်ရီ ...ကိုလည်း အခွင့်အရေးပေးခဲ့ကြသည်။

"ကြီးကြီးကျယ်ကျယ်တွေ မလုပ်ပါနဲ့ကွယ်၊ ခပ်ရိုးရိုး ခပ်ကျဉ်းကျဉ်းပဲ ...ပ်ပါ" ဟု နန်းချယ်ရီ၏ဖခင်က သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ...ကြသည်။

"မင်္ဂလာဆွမ်းကပ်ပြီး မိတ်ဆွေအပေါင်းအသင်းတွေဖိတ် ညည်ခံလိုက် ...ပေါ့ မင်္ဂလာပွဲ ကြီးကြီးကျယ်ကျယ်လုပ်ဖို့ ကုန်ကျမယ့်ငွေကို မင်္ဂလာယူတဲ့

www.burmeseclassic.com



အနေနဲ့ ဘုရားကျောင်းကန်၊ အိမ်မှမဟုတ် လူမှုရေးအဖွဲ့တစ်ခုခုကိုလှူရင် မကောင်းဘူးလား" ဟု ဒေါက်တာစိုင်းမောင်ကအကြံပြုရာ ကျွန်တော်နှင့် နန်းချယ်ရီတို့အပါအဝင် အားလုံးကသဘောကျနှစ်မြို့ကြောင်း အသံအဖြစ် ပေးခဲ့ကြသည်။

ဒေါက်တာစိုင်းမောင် နောက်ဆုံးပြောခဲ့သောစကားတစ်ခွန်းကမူ အရေးပါ သဖြင့် မပြောမဖြစ်ပြောပြဖို့လိုလေသည်။

"ကျွန်တော်တစ်ခုတော့ မေတ္တာရပ်ခံပါရစေ၊ တစ်ဖက်တလည်း ကျွန်တော့်ညီ၊ တစ်ဖက်ကလည်း ကျွန်တော့်ညီမပါ။ သူတို့ရဲ့မင်္ဂလာလက်ထပ် ပွဲအတွက် ဆရာဝန်တစ်ယောက်အနေနဲ့ ဆေးပညာရှုထောင့်ကနေ အကြံပြု ချင်တာကတော့ လက်မထပ်မီနှစ်ယောက်စလုံး သွေးစစ်ကြည့်ကြစေချင် တယ်။ ဘယ်သူ့ဘယ်သူ့ကိုမှ သိက္ခာထိပါးစေလိုတဲ့ရည်ရွယ်ချက်မဟုတ်ဘူး ဆိုတာရယ်၊ ကျွန်တော် ရိုးသားစွာတင်ပြအကြံပြုခြင်းဖြစ်တယ်ဆိုတာရယ်ကို တော့ ယုံကြည်လက်ခံပေးပါ။ ဒါဟာ ဆေးပညာသဘောအရ မင်္ဂလာရှိတဲ့ အိမ်ထောင်မှုထူထောင်ရေးအတွက် လိုအပ်လို့ပါခင်ဗျာ"

နန်းချယ်ရီက ကျွန်တော့်ကိုဖျတ်ခနဲမော့ကြည့်သည်။ ကျွန်တော်က နန်းချယ်ရီမျက်နှာကလေးကို လှမ်းကြည့်ပြီး ပြုံးကြည့်စွာခေါင်းညိတ်ပြလိုက် သည်။ ဤသည်ပင် ကျွန်တော်၏သန့်စင်သော ကိုယ်ကျင့်သိက္ခာနှင့် ရိုးဖြောင့်သော မေတ္တာကို သက်သေပြနိုင်ခွင့်မဟုတ်ပါလား။

(၁၇)

ရွှေဘုန်းပွင့်စေတီတော်ကို ကျွန်တော်နှင့်နန်းချယ်ရီတို့ တူယှဉ်တွဲ၍ ဖူးကြသည်။ ဘုရားဖူးပြီး ကျွန်တော်ဆုတောင်းသည်၊ နန်းချယ်ရီနှင့် သက်ဆုံးတိုင်ပေါင်းဖက်ရပါစေသားတည်း။

နန်းချယ်ရီလည်း ကျွန်တော့်လိုပင်ဆုတောင်းမည်ဟု ယုံကြည်ပါ၏။

"အစ်ကို တောင်ကြီးကိုကြည့်ရအောင်"

ဘုရားဖူးပြီးနောက် နန်းချယ်ရီက ကျွန်တော့်ဘက်သို့လှည့်၍ပြောသည်။ ကျွန်တော် ခေါင်းညိတ်လိုက်သည်။

နန်းချယ်ရီ၏လက်ကို ကျွန်တော်လှမ်း၍တွဲလိုက်သည်၊ လက်ချား တလေးတွေ အေးနေ၏၊ တောင်ကြီး၏ဆောင်းကြောင့်ပဲလား။ ရှက်သော ကြောင့်ပဲလား။

ရင်ပြင်တော်မှဆင်း၍ စကြံနံလက်ရမ်းဘေး၌ ကျွန်တော်တို့ရပ်လိုက် ကြသည်။ တောင်ကြီးမြို့က ကျွန်တော်တို့အောက်ဘက်မှာ။

"တောင်ကြီးကို အပေါ်ကဆီးမြှီးကြည့်ရတာ အရမ်းလှတယ်နော်"

"တုတ်တယ်"

"နန်းတို့ ပင်းတယနဲ့ တောင်ကြီးနဲ့ ဘယ်မြို့ကပိုလှလဲ"

"အစ်ကိုကတော့ ဘက်လိုက်ရမှာပဲ၊ နန်းနေမြို့က ပိုလှတယ်"



www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီက ဝတ်ထားသောချယ်ရီရောင်သိုးမွေးဆွယ်တာကို ရင်ဆွဲစေ့လိုက်ရင်း ကျေနပ်ပြုံးဖြင့်ကြည့်သည်။ တဖြူးဖြူးတိုးနေသောလေကြောင့် အအေးဓာတ်ကစိမ့်နေသည်ဖြစ်သော်လည်း နန်းချယ်ရီ၏ မေတ္တာငွေ့ကြောင့် ကျွန်တော့်ရင်မှာနွေးနေ၏။

"အဖြင့် အစ်ကိုတို့ရန်ကုန်နဲ့ ပင်းတယရော ဘယ်မြို့ကပိုလှလဲ"

စူးစမ်းအမေးနှင့် ပြုံးတုံ့တုံ့အကြည့်။

"ပင်းတယက ပိုလှတယ်"

ကျွန်တော့်အဖြေက မဆိုင်းမတွ။ နန်းချယ်ရီက တစ်ခစ်ခစ်ရယ်၍ ကျွန်တော့်လက်မောင်းကိုထုသည်။ နွဲ့ နွဲ့လျလျ ညင်သာစွာပေါ့။

"ရန်ကုန်သားတွေ အပြောကောင်းတယ်ဆိုတာ နန်းယုံသွားပြီ၊ ရှမ်းမလေးကို ကျူအောင်ပြောတတ်တယ်"

"အပြောကောင်းတယ်မဟုတ်ဘူး နန်းရဲ့ ရင်ထဲရှိတာကို အရှိအတိုင်းပြောပြတာ"

"နန်း တကယ်ယုံရမှာလား"

"ခြွင်းချက်မရှိယုံလိုက်ပါ နန်းရယ်"

"အဲဒီ နန်းနဲ့အစ်ကို လက်ထပ်ပြီးရင် ဘယ်မှာနေမလဲ"

"ပင်းတယမှာနေမှာပေါ့"

"အို ... ရန်ကုန်မှာ အစ်ကို့မေမေရှိတယ်လေ"

"ပင်းတယမှာ နန်းကအလုပ်ရှိတယ်၊ နန်းဖေဖေလည်းရှိတယ်လေ"

"နန်းကိုချည်း ဦးစားမပေးပါနဲ့အစ်ကိုရယ်၊ လက်တွေ့ကျကျ စဉ်းစားကြရအောင်ပါ"

တည်တည်တံ့တံ့ လေးလေးနက်နက်ပြောဟန်ကလေးက နန်း၏ပင်ကိုသဘာဝပြစ်၏။



"နန်းပြောတာမှန်ပါတယ်၊ အဲဒါပေမယ့် အစ်ကိုစဉ်းစားတာက ဒီလိုပါ၊ နန်းဖေဖေက ဒီမှာလိမ္မော်ခြံတွေရှိတယ်၊ စွန့်ခွာဖို့မလွယ်ဘူး၊ ပြီးတော့ နန်းက ဒီမှာ နိုင်ငံ့ဝန်ထမ်းအနေနဲ့ရှိနေတာ၊ ပြောင်းဖို့ရွှေ့ဖို့ကလည်းမလွယ်ဘူး။ အစ်ကိုက ကိုယ်ပိုင်အလုပ်လေ၊ ပင်းတယမှာ တရေးရင်ရတယ်၊ ရန်ကုန်ကိုအလုပ်ကိစ္စရှိတော့ ဆင်းမှာပေါ့။ ပြီးတော့ အမေ့အတွက်မပူရဘူး။ အစ်ကိုကြီးရှိတယ်၊ အမေက ပြောထားတာလည်းရှိတယ်၊ သားချစ်သူရဲ့ဆန္ဒကို ဦးစားပေးပါတဲ့၊ အမေကအိမ်မှာ နယ်ကတူမလေးကို အဖော်ခေါ်ထားရမယ်တဲ့"

"အစ်ကို့မေမေတိုပါ ဒီကိုခေါ်ထားရင်ကော"

"အဲဒါတော့ မဖြစ်ဘူးဗျ၊ နန်းဖေဖေကို စိတ်မချရဘူး"

"အို ... အစ်ကို တော်တော်ရယ်စရာပြောတယ်"

ကျွန်တော့်လက်မောင်းကို နန်းချယ်ရီ ဖွဖွထုပြန်သည်။

"ဒီဆရာမ တော်တော်အရိုက်ကြမ်းတယ်၊ တပည့်တွေတော့ သက်သာမှာ မဟုတ်ဘူး"

"မလိမ္မာရင်တော့ လိမ္မာအောင်ရိုက်ရမှာပေါ့"

"ဟာ ... အဲဒီ ပြဿနာပဲ၊ အစ်ကိုတော့ နေ့တိုင်းအရိုက်ခံရလိမ့်မယ်ထင်တယ်၊ ဆရာမကိုချစ်မိတာတော့ မှားပြီ"

"အစ်ကိုကတော့လေ တကယ်ပဲ၊ ဒီနေ့ တော်တော်ပျော်နေတယ်ထင်တယ်"

"ပျော်တာပေါ့နန်းရယ်၊ အစ်ကိုချစ်တဲ့နန်းနဲ့ အခုလို အတူသွားလာနေရတာ မပျော်ဘဲနေမလား။ ကဲ ... နန်းရော မပျော်ဘူးလား၊ ပြောပါဦး"

"ပျော်တာပေါ့ ... အစ်ကိုကလဲ"

စင်စစ် နန်းချယ်ရီနှင့်ကျွန်တော် တောင်ကြီးကိုတက်လာခြင်းမှာ အလည်အပတ်မဟုတ်ပါ။ ဘုရားပူးလည်းမဟုတ်ပါ။ ရည်ရွယ်ချက်က

www.burmeseclassic.com

www.burmeseclassic.com

သွေးစစ်ရန်ဖြစ်ပါသည်။ ဇေ့စပ်ကြောင်းလမ်းပွဲတွင် အစ်ကိုကြီး ဒေါက်တာစိုင်းမောင်ပြောသကဲ့သို့ လက်မထပ်မီသွေးစစ်ကြည့်ရန်ဖြစ်ပါသည်။

အမေ၊ ဝင်းမြတ်နှင့် အစ်ကိုလင်းအောင်ကိုတော့ ဒေါက်တာစိုင်းမောင်တို့ ဇနီးမောင်နှံက အင်းလေးဖောင်တော်ဦးဘုရားကို လိုက်ပို့ကြပြီး၊ ကျွန်တော်နှင့် နန်းချယ်ရီက တောင်ကြီးကိုခွဲ၍တက်လာခြင်းဖြစ်သည်။ တောင်ကြီးရှိ အထူးကုဆေးခန်းကြီးတစ်ခုတွင် ကျွန်တော်သွေးစစ်သည်။ ဆေးခန်း၌ ....

"နန်းရဲ့သွေးကို စစ်စရာမလိုဘူး"

"ဟင် ... ဘာဖြစ်လို့လဲ အစ်ကို"

"နန်းကို အစ်ကိုယုံပြီသား။ နန်းရဲ့ကိုယ်ကျင့်သိက္ခာကို အစ်ကို ခြွင်းချက်မရှိယုံပြီးသား။ နန်းသွေးမစစ်နဲ့ အစ်ကိုပဲစစ်မယ်"

"အစ်ကို့ကိုလည်း နန်းယုံပါတယ်"

"တင့်အင်း အစ်ကိုက တစ်နယ်က၊ ရန်ကုန်ကလေ၊ ရန်ကုန်ဆိုတာက အပျော်အပါးတွေများတဲ့နေရာ၊ နန်း အစ်ကို့ကိုယုံပေမယ့် အစ်ကိုကလည်း အစ်ကိုဟာ နန်းလိုပဲ ကိုယ်ကျင့်သိက္ခာရှိတယ်ဆိုတာ သက်သေပြရမယ်၊ ဒါကြောင့် အစ်ကိုပဲသွေးစစ်မယ်"

"မတုတ်တာ၊ စစ်ရင်နှစ်ယောက်စလုံးစစ်မှာပေါ့"

"အစ်ကို့ကိုချစ်ရင် မစစ်နဲ့ ... ဒါပဲ၊ ဒါ တစ်ချက်လွှတ်အမိန့်ပဲ"

"အစ်ကိုကလည်းလေ"

နောက်ဆုံးမှာ ကျွန်တော့်၏နိုင်ငံပြတ်သားသော သဘောထားကြောင့် နန်းချယ်ရီ အလျှော့ပေးသွားရသည်။ ဒါသည်ပင် ကျွန်တော် နန်းချယ်ရီကို မည်မျှယုံကြည်တန်ဖိုးထားကြောင်း နန်းချယ်ရီနားလည်သွားစေမည့်အချက်ဖြစ်သည်။ ထို့ထက်ပို၍ ကျွန်တော်၏သွေးစစ်ချက်အဖြေထွက်လာသောအခါ



HIV Negative ဖြစ်၍ ရောဂါကင်းစင်ကြောင်းတိုပြချက်ကလည်း ကျွန်တော်၏ ကိုယ်ကျင့်သိက္ခာ ရှိသားသန့်စင်မှုကို ပြသလိုက်နိုင်သဖြင့် ကျွန်တော်များစွာကျေနပ်မိလေသည်။

"ကဲ အစ်ကို့ကို လုံးဝစိတ်ချရပြီမဟုတ်လား"

ကျွန်တော်က ရင်ကိုကော့၍ ဝင့်ကြွားစွာပြောလိုက်သည်။

နန်းချယ်ရီက ခေါင်းကလေးကိုညိတ်ပြသည်။

"အစ်ကို့အနေကိုယ်ကိုတော့ ယုံကြည်စိတ်ချသွားရပြီ၊ အစ်ကို့နှလုံးသားကိုရော ဘယ်လိုသက်သေပြမလဲ"

နန်းချယ်ရီက ပြုံးစေ့စေ့ဖြင့် မေးခွန်းထုတ်သည်။ အတော် ကတ်သီးကတ်သတ်ပြောသည့် ရှမ်းမလေးဟု၍ သဘောကျမိသွားပြီး ....

"နန်းကိုလက်ထပ် ပြီး ဇနီးမောင်နှံအဖြစ်သက်သေပြရမှာပေါ့" ဟု ကျွန်တော်ပြန်လည်ချေပလိုက်သည်။ နန်းချယ်ရီက မျက်စောင်းချိုချိုဖြင့် —

"အတော်ကောင်းတဲ့သက်သေပြနည်းပဲနော်၊ ကမ္ဘာ့ထူးဆန်းအံ့ဖွယ် တအုပ်ထဲမှာ ထည့်ဖို့ကောင်းတယ်" ဟုပြောသည်။

သွေးစစ်အဖြေကိုရပြီးနောက် နန်းချယ်ရီနှင့်ကျွန်တော် တောင်ကြီးဘုရားများ ဖူးကြခြင်းဖြစ်သည်။ စုဠာမုနိ၊ မြစိမ်းတောင်၊ ရွှေဘုန်းပွင့်။

"ဒီကဆင်းရင် တောင်ကြီးဈေးကိုဝင်ရအောင်"

"ဝင်ပေါ့"

"အစ်ကို့ကို ရှမ်းဘောင်းဘီနဲ့အကျႌတစ်စုံ လက်ဆောင်ပေးချင်လို့"

"ဘာလဲ ... အစ်ကို့ကို ရှမ်းအမျိုးသားဖြစ်အောင် ပြောင်းလိုက်တော့မယ်ပေါ့"

"ဒါပေါ့၊ ရှမ်းမလေးကိုချစ်ရင် ရှမ်းအမျိုးသားလေးဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုကလည်း နန်းကို တစ်ခုတောင်းဆိုရဦးမယ်"

နန်းချယ်ရီ ကျွန်တော့်ကိုမော့ကြည့်သည်။

"ဘာလဲအစ်ကို ... ပြောလေ"

"အစ်ကိုတို့နဲ့ ရန်ကုန်ကိုအပြန်လိုက်ခဲ့ပါလား။ တစ်ပတ်ဆယ်ရက်ပေါ့၊ ဘုရားဖူးရင်းအလည်ပေါ့၊ အစ်ကိုပြန်လိုက်ပို့မှာပေါ့"

နန်းချယ်ရီဝဦးတားဟန်ပြုသည်။

"နန်းလိုက်ချင်ပါတယ်၊ ဒါပေမယ့် ခုတလော ဖေဖေ့ကျန်းမာရေး နည်းနည်းဆိုးနေတာရယ်၊ ကလေးတွေစာမေးပွဲကြီးနီးနေတာရယ်၊ နန်းလိုက်လို့ အဆင်ပြေမယ်မထင်ဘူး။ ဒီလိုလုပ်ပါအစ်ကို၊ လက်ထပ်ပွဲပြီးတော့ အစ်ကိုတို့ဆီမှာ နန်းတစ်ဝကြီးလိုက်နေမယ်လေ၊ အစ်ကိုတော့နစ်ပါနော်"

နန်းချယ်ရီပြောသော အကြောင်းပြချက်တွေမှာလည်း သဘာဝကျနေသောကြောင့် ကျွန်တော့်ဖွတ်အတင်း တောင်းဆိုရန်မသင့်တော့ ယူဆမိသဖြင့် လက်ခံလိုက်ရသည်။

"နန်းပြောတာလည်း ဟုတ်ပါတယ်၊ ဒါနဲ့နေပါဦး။ နန်းက အစ်ကိုနဲ့ ဘယ်တော့လောက် လက်ထပ်မယ်စိတ်ကူးလဲ"

"အစ်ကိုကရော"

ကျွန်တော်ပြုံးလိုက်သည်။

"အစ်ကိုသဘောပြောရမှာလား"

"အင်းပေါ့၊ အစ်ကို့ကို နန်းကဦးစားပေးတာ"

"အခုပဲ"

"တင် ..."

"အခုတစ်ခါတည်း လက်ထပ်ချင်တယ်ပြောတာ"



"အစ်ကိုကလည်းလေ .. အနောက်အရှုတ်တွေပဲပြောနေတယ်၊ နန်းတာ အတည်ပြောနေတာ"

"အစ်ကိုလည်း အတည်ပြောတာပဲ၊ အစ်ကို့သဘောအရဆိုရင် နန်းကို လုံးဝ မခွဲနိုင်တော့ဘူး။ အတူတူနေချင်ပြီ၊ ဒါကြောင့်"

"အစ်ကိုရယ် ..."

"ကဲ ... ဒါဖြင့် နန်းသဘောပြောပါဦး"

နန်းက ခေါင်းကလေးမော့၍ စဉ်းစားဟန်ပြုပြီး ....

"သုံးနှစ်သုံးမိုးလောက် ချစ်သူဘဝနဲ့နေပြီးမှ ....."

"ဟာကွာ ..."

ကျွန်တော် မချင့်မရဲဖြင့် နန်းချယ်ရီ၏ကိုယ်လုံးကလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်မိသည်။

"အို ... ဘယ်လိုလဲ၊ ဘုရားပေါ်မှာ"

ကျွန်တော် သတိဝင်လာပြီး နန်းချယ်ရီကိုယ်ခန္ဓာကို ပြန်လွှတ်လိုက်ရ၏။ နန်းချယ်ရီက ကျွန်တော့်အနားမှပြေးထွက်သွားသည်။ ကျွန်တော်ကရယ်ရင်း ရပ်ကျန်ရစ်သည်။ ဘုရားပြင်ပေါ်မှအဆင်း လှေကားထစ်များအရောက်မှ နန်းချယ်ရီလှည့်ကြည့်သည်။

"အစ်ကို လာလေ၊ ဈေးလည်းဝင်ရဦးမှာ၊ အချိန်သိပ်မရတော့ဘူး"

ချစ်သူနှင့် အတူနေရသည့်အခါ အချိန်တို့ကုန်မြန်လွန်းပြပါတကား။

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ကျွန်တော် အိမ်ပေါ်မှဆင်းမည်ဆဲဆဲ အိမ်ပေါ်သို့တက်လာသူတစ်ဦး၊ ကြောင့် ခြေလှမ်းတွေသိမ်းကာ ဧည့်ခန်းဆက်တီမှာပြန်ထိုင်လိုက်ရ၏။ အိမ်ပေါ် တက်လာသူမှာ အခြားမဟုတ်ပါ။ ရွှန်းလဲ့ဖြစ်သည်။

ရွှန်းလဲ့က ယနေ့ထူးထူးခြားခြားဖြစ်နေသည်။ ဝတ်ထားသည်က ဂျင်းပင် မိုးပြာရောင်နှင့် တီရှပ်ဖြူဖြူပြာပြာစင်းနှင့်၊ ဆယ်ကျော်သက်မလေးလိုလို မော်ဒယ်လ် မလေးလိုလို။ မျက်နှာမှာလည်း အမွှမ်းအမံအခြယ်အသတွေကအစွမ်းကုန်၊ အခြားနေရာတစ်နေရာမှာ အခြားလူများကြားမှာသာဆိုလျှင် ရွှန်းလဲ့ကို ကျွန်တော်မှတ်မိနိုင်စရာပင်မရှိ။

BURMESE CLASSIC .com

“နေဝ — နင်တို့ ဘယ်တုန်းကပြန်ရောက်လဲ”

ပင်းတယသို့ နန်းချယ်ရီနှင့်ဇော်စပ်ကြောင်းလမ်းရန်သွားသောခရီးကို ရွှန်းလဲ့ရည်ညွှန်း၍မေးခြင်းဖြစ်သည်။ ကျွန်တော့်ရှေ့ထိုင်ခုံမှာ ရွှန်းလဲ့ဝင်ထိုင် သည်။

“တစ်နေ့တာပဲ”

“အဆင်ပြေတယ်မဟုတ်လား”

“အင်း”

“နင်တို့ ဘယ်တော့လက်ထပ်ကြမှာလဲ”

“ဝါမဝင်ခင်ပေါ့၊ ကျောင်းပိတ်ရက်ပေါ့”





“အဲဒီ နင် ငါ့ထက်နောက်ကျသွားပြီ”

ကျွန်တော် ရွှန်းလဲ့မျက်နှာကို အကဲခတ်လိုက်သည်။ သူမမျက်နှာ ရွှင်ကြည်နေ၏။ ကျွန်တော့်ကို ဝံ့ဝံ့စားစားစိုက်ကြည့်နေပုံမှာ သူရဲကောင်း တစ်ဦးပမာ။

“နင်က ဘယ်တော့ လက်ထပ်မှာမို့လဲ”

ကျွန်တော်ပြန်မေးလိုက်သည်။ ရွှန်းလဲ့ပြန်မဖြေ။ ဆွဲလာသော လက်ဆွဲ သားရေအိတ်၏ဇစ်ကိုဖွင့်ပြီး အထဲမှာတစ်ခုံတစ်ရာကို ဆွဲထုတ်နေသည်။ ပါလာသည်က စာအိတ်တစ်အိတ်။

ရွှန်းလဲ့က ကျွန်တော့်ထံ စာအိတ်ကိုကမ်းပေးသည်။ ရွှန်းလဲ့၏ မင်္ဂလာ ဖိတ်စာဖြစ်မည်ဟု မှန်းဆပြီး စာအိတ်ထဲမှဖိတ်စာကတ်ကို ဆွဲထုတ်လိုက် သည်။ အပွင့်အခက် အဖောင်းအကြွတွေဖြင့်၊ ရွှေရောင်တွေဖြင့်။

‘မောင်အောင်ကိုနိုင်နှင့် မရွှန်းလဲ့ကြည်ပြာ’ တဲ့။

မင်္ဂလာပွဲရက်စွဲကို လှမ်းကြည့်လိုက်တော့ နှစ်ပတ်ခန့်ပဲလိုတော့သည်။

“ဟ — မြန်လှချည်လား”

ရွှန်းလဲ့အပြုံးမှာ အမဲ့ပါနေသည်ဟုထင်သည်။

“နင့်ကို ဖုန်းဆက်ပြီးပါပြောခဲ့သားပဲ၊ အဲဒီရက်စပြီး အစီအစဉ်တွေ စခဲ့တာ”

“ကောင်းပါတယ်ဟာ၊ ငါ့သူငယ်ချင်းစွံသွားတာကို ဝမ်းသာပါတယ်”

“ဘဝဆိုတာ ဒီလိုပဲဟ၊ ဖြစ်ချင်တာမဖြစ်ရင် ဖြစ်သင့်တာကို လုပ်ရတာ ပဲ၊ နင့်မင်္ဂလာပွဲထက်စောအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်လိုက်တာလည်း ပါတယ်”

ကျယ်ဝန်းလှသော အဓိပ္ပာယ်များစွာပါသည့်စကား။ အတိုင်းအတာ အနက်အရှိုင်းကို ကျွန်တော်မြင်သော်လည်း မသိဟန်ဆောင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမေတာတော့ အရမ်းဝမ်းသာမှာပဲ၊ သူ့သမီးမင်္ဂလာပွဲဝတ်စုံတွေ လက်စွပ်ဗိုတွေနဲ့ အမေအလုပ်ရှုပ်မှာ မြင်ယောင်သေးတယ်"

ကျွန်တော်က စကားလုံးဖော့ပြီး လမ်းလွှဲလိုက်သည်။ ရွှန်းလဲ့ကလည်း ကျွန်တော့်စကားအသွားအလာကို ပါးနပ်စွာနားလည်ပုံရပါသည်။

"ဟုတ်ပါရဲ့၊ နင်နဲ့စကားကောင်းနေတာနဲ့ မေးဖို့တောင်မေ့နေတယ်၊ အမေရော"

အိမ်အတွင်းဘက်သို့လှမ်းကြည့်ပြီး မေးသည်။

"မီးဖိုထဲမှာရှိတယ်၊ ဟင်းအိုးတန်းလန်းနဲ့မို့ ထွက်မလာနိုင်သေးတာ ဖြစ်မယ်၊ နင့်အသံကိုတော့ ကြားမှာပါ"

"ဒါဆို ငါ အမေ့ဆီသွားလိုက်ဦးမယ်"

"အေး သွား။ ငါလည်း အစ်ကိုလင်းအောင်တို့ဆီသွားမလို့"

ရွှန်းလဲ့ထိုင်ရာမှထသလို ကျွန်တော်လည်း ထိုင်ရာမှထလိုက်သည်။

"နေကောင်စုတ်၊ နင် ငါ့မင်္ဂလာဆောင်ကို လာရမယ်နော်"

"လာမှာပေါ့ဟာ"

"အေး အဲဒီနေ့ကျမှ နင်နဲ့ငါ့အမျိုးသားကို မိတ်ဆက်ပေးတော့မယ်၊ ငါ့အမျိုးသားက နင့်ထက်ချောတယ်တာ"

"ဒါဆို နင်နဲ့တောင်မတန်ဘူး။ နင်က အရုပ်ဆိုးဆိုးရယ်"

"အရုပ်ဆိုးလို့ မကြိုက်သူကမကြိုက်ပေမယ့် ကြိုက်သူကတော့ ကြိုက်တာပဲဟဲ့"

အချေအတင်စကားဖြစ်သော်လည်း ရွှန်းလဲ့စကားမှာ အစွန်းထွက်များ ပါသည်။ ကျွန်တော် အလျော့ပေးတန်ပြုလိုက်ရ၏။ အပြုံးချော့ချော့ဖြင့် —

"ငါသွားမယ်၊ နင် ထမင်းစားပြီးမှပြန်နော်"



"အေးပါ၊ အရင်တစ်ခါလို ငါမလုပ်တော့ပါဘူး"

ကျွန်တော် ရွှန်းလဲ့ကို ကျောခိုင်းကာ အိမ်ပေါ်မှဆင်းလာခဲ့သည်။

ရွှန်းလဲ့လက်ထပ်တော့မည့်အကြောင်းကြားရလျှင် ဝင်းမြတ်မည်သို့ ဖြေနိုင်ဦးမည်မသိ။ ကျွန်တော့်ကို ပုတ်ခတ်ဦးမှာတော့သေချာသည်။ သို့မဟုတ် ခပ်လျောင်လျောင် ကလိချင်ရိချင်ပေဦးမည်။

အစ်ကိုလင်းအောင်တို့ အိမ်သို့လာရာလမ်းတွင် ရွှန်းလဲ့အကြောင်းက ခေါင်းထဲဝင်နေ၏။ ငယ်စဉ်ကတည်းက ကစားဖော်ကစားဖက်၊ စကျတ်ဖော် စကျက်ဖက်၊ သူငယ်ချင်းလို၊ မောင်နှမလိုရှိခဲ့ကြသည့်အနေအထားမှ အရွယ် ရောက်လာတော့ ရွှန်းလဲ့၏သံယောဇဉ်တွေကို ကျွန်တော် သတိပြုမိလာခဲ့ သည်။ သို့သော် ကျွန်တော့်ရင်မှာမူ အဖြူရောင်ငါးရာနှစ်ဆယ့်ရှစ်ထက်မပို၊ နှစ်ရှည်လများ တတွဲတွဲ တပူးကပ်ကပ်နေခဲ့သည့် ကျွန်တော့်အပေါ် ကောင်းခဲ့ သည့်၊ ကျွန်တော့်အပေါ် အနွံတာလည်းခံခဲ့သည့် ရွှန်းလဲ့ကို ရင်မခုန်ဘဲနှင့် အမှတ်မထင်ဆုံတွေ့လိုက်ရသော နန်းချယ်ရီကိုမှ အသည်းထဲရင်ထဲက လိုက်လိုက်လှဲလှဲ တမ်းတမ်းမက်မက်ချစ်ခဲ့မိသည်မှာ ချစ်ခြင်းမေတ္တာ၏ ဆန်းပြားမှုဟုဆိုရမည်ထင်သည်။ တစ်နည်းဆိုရလျှင်တော့ ဝူးစာပင်ဖြစ်လိမ့် မည်။

ပင်းတယတွင် နန်းချယ်ရီနှင့်အတူ သွားခဲ့လာခဲ့၊ စကားပြောခဲ့ရသော အချိန်ကလေးများမှာ ရတ်ပိုင်းမျှသာဖြစ်သော်လည်း အဓိပ္ပာယ်ရှိလှသည့် ဘဝ၏ရသများကို ပေးစွမ်းခဲ့သည်ကတော့အမှန်ပင်။

ကျွန်တော်တို့ပြန်ကြသောအခါ ကားဂိတ်ကိုလိုက်ပို့သည့် နန်းချယ်ရီ မျက်ဝန်းမှာ အလွမ်းမျက်ရည်တို့ သီသီကလေးဝေ့နေသည်ကို အမှတ်ရမိ သေး၏။ 'နန်းတစ်ရေးလိုက်မယ်နော်၊ အစ်ကိုလည်းစာရေးပါ'ဟု ခပ်တိုးတိုး မှာသံကလေးမှာလည်း ယခုတိုင် အကြားအာရုံထဲကမထွက်သေး။ 'အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

မကြာခင် နန်းဆီကိုလာတွေ့ ဦးမှာပါ” ဟူသော ကျွန်တော့်တုံ့ပြန်စကားသံတို့မှာမူ အက်ကွဲရှတနေခဲ့လေသည်။

အပြန်ရထားပေါ်မှာ ဝင်းမြတ်က ...

“အဖြစ်ကိုသည်းတယ်ကွာ” ဟု အမြင်ကတ်စွာဝေဖန်ခဲ့သည်။

အမေကဝင်၍ ...

“တဲ့ ... မောင်ဝင်းမြတ်ရဲ့ အဲဒီ မင်းက မင့်သူငယ်ချင်းလိုမချစ်တတ်သေးလို့ဖြစ်မှာပါ” ဟု ရယ်မွဲမွဲ့သည်။ အမေ၏စာနာပေးမှုကိုလည်း ကျေးဇူးတင်ခဲ့မိ၏။ အမေလည်း အမေ့ကို သည်လိုချစ်ခဲ့ပေလိမ့်မည်။

“နန်းချယ်ရီကို အမေသမီးလေးလိုပဲချစ်သွားမိတယ်၊ တကယ့်ကိုလိမ္မာရေးခြားရှိတဲ့မိန်းကလေးပဲ၊ ယဉ်ကျေးသိမ်မွေ့တယ်၊ စိတ်စေတနာကောင်းတယ်၊ ဗုဒ္ဓဘာသာ ရှိတယ်၊ လူကြီးမိဘကိုလည်းသိတတ်တယ်၊ ဆရာမကောင်းတစ်ယောက်လည်း ပီသတယ်၊ အမေ့မှာ အဲဒီလိုသမီးကလေးမျိုး အရင်ကတည်းက လိုချင်နေတာ၊ ခုတော့အတော်ဖြစ်သွားပြီ”

အမေ့စကားကို အလိုမတူဟန်ဖြင့် ဝင်းမြတ်က ...

“ဒေါ်ဒေါ်က နန်းချယ်ရီကိုတွေ့လို့ ရွှန်းလဲ့ကိုမေ့သွားတာလား” ဟု ပြတ်၍မေးသည်။ ကျွန်တော့်ကိုလည်း စွေ၍ကြည့်သည်။

“ရွှန်းလဲ့ကိုလည်းချစ်တာပါပဲကွယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်က မတူဘူးကွယ့်၊ ရွှန်းလဲ့က နှင်းဆီပန်းကလေးနဲ့တူတယ်၊ လှတယ်၊ ရဲရင့်တယ်၊ နန်းချယ်ရီကတော့ ချယ်ရီပန်းကလေးလိုပဲ အေးမြတည်ငြိမ်တယ်၊ သားဘဝအတွက် အမေစိတ်ချသွားပြီ”

“ဒေါ်ဒေါ်က ရွှေးမချီးမွမ်းခန်းချည်းဖွင့်နေတာပဲ၊ နန်းချယ်ရီက ဒေါ်ဒေါ်ကို ဘာတွေလာဘ်ထိုးလိုက်လဲမသိဘူး”



ဝင်းမြတ်၏အနောက်စကား။ အမေကရယ်သည်။

“သနပ်ခါးတဲ့မေတ္တာတရားတွေ လာဘ်ထိုးလိုက်တယ်လေ ”

ကျွန်တော်တို့ပြောဆိုနေသမျှကို ငြိမ်၍နားထောင်နေသော အစ်ကိုလင်းအောင်က ...

“ညီလေး မင်းချစ်သူရွေးတာ လုံးဝမမှားဘူး။ အစ်ကိုထောက်ခံတယ်” ဟု ဝင်၍မှတ်ချက်ပေးခဲ့သည်။ ကျွန်တော့်အဖို့ စိတ်ချမ်းမြေ့ဖွယ်ရာချည်းသာပင်။

ရန်ကုန်ပြန်ရောက်တော့ နေ့လက်စတာမှုကို အပြီးသတ်ဖို့ကြိုးစားရသည်မှာ ထိုချမ်းမြေ့ကြည်လင်သောစိတ်ကြောင့် လက်သည်အတိုင်းထက်အလွန်သွက်၍နေခဲ့လေသည်။ ရွှမ်းပြည်ကအပြန် အနားမယူနိုင်ဘဲ တစ်ရက်တစ်ညတာရေးခြင်းနှင့် နပမ်းလုံးနေခဲ့ရာမှ သည်မနက်တွင် အမေက “သား မင်းအစ်ကိုအိမ်ကိုသွားဦး။ မိုးလေးနေကောင်းရဲ့လားဆိုတာ သွားကြည့်စမ်း။ မင်းအစ်ကိုက ဟိုကပြန်လာပြီးကတည်းက အမေ့ဆီဖုန်းမဆက်သေးဘူး၊ အမေဖုန်းဆက်တော့လည်း ကိုင်မယ့်သူမရှိဘူး” ဟု စိတ်ပူစွာခိုင်းသဖြင့် ကျွန်တော် အစ်ကိုလင်းအောင်တို့အိမ်သို့ထွက်လာရခြင်းဖြစ်သည်။

အမေစိတ်ပူမည်ဆိုကလည်း ပူစရာဖြစ်၏။ ကျွန်တော်တို့ နန်းချယ်ရီတို့ဆီသွားစဉ်က မူလအစီအစဉ် တွင် မမှုယာရော မိုးထိအောင်ပါလိုက်ဖို့ဖြစ်၏။ သွားကာနီးမှ မိုးထိအောင်နေမကောင်း၍ မမှုယာရော မိုးထိအောင်ပါ ကျန်နေခဲ့ရသည်။ ပြန်ရောက်တော့ အမေက အစ်ကိုလင်းအောင်အား မိုးထိအောင်နေကောင်းမကောင်း ဖုန်းဆက်ရန်မှာလိုက်သော်လည်း အစ်ကိုလင်းအောင်က ဖုန်းမဆက်ခဲ့။ ထို့အတွက် မိုးထိအောင်နေကောင်းရဲ့လားဟု၍ ကျွန်တော်လည်းစိတ်ထဲမှာ စိုးရိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုလင်းအောင်တို့ခြံထဲသို့ ကျွန်တော်ဝင်လာသောအခါ အိမ်ထဲမှာ တိတ်ဆိတ်နေသည်ဟုထင်လိုက်၏။ ခါတိုင်းလို သီချင်းသံ၊ လှည်းသံတွေ မကြားရ။ တိုက်ဝသို့ရောက်သောအခါ တံခါးကားပွင့်လျက်ရှိနေသည်ကိုတွေ့ရ၏။ အစ်ကိုလင်းအောင်၏ကားတော့မရှိ။

ကျွန်တော်သည် ပွင့်နေသောတံခါးမှာ တိုက်တွင်းသို့ဝင်လိုက်သည်။ ဧည့်ခန်းထဲမှာ မည်သူမှမရှိ။

"အစ်ကို ... အစ်ကို ..."

"မမှုယာ ..."

ကျွန်တော်အသံပြုလိုက်သော်လည်း မည်သည့်တုံ့ပြန်သံမျှမရ။ ဘယ်သွားနေကြပါလိမ့်။ ဘာလုပ်နေကြပါလိမ့်။ မရှိဘဲတော့မနေ။ တံခါးပင်ပွင့်ထားသည်ပဲ။ တစ်ယောက်မတုတ်တစ်ယောက်တော့ရှိမည်သာ။

ထိုစဉ် ထမင်းစားခန်းဘက်ဆီမှ အသံတချို့ကြားလိုက်သည်။ ကျွန်တော် ဧည့်ခန်းတွင်မထိုင်ဘဲ ထမင်းစားခန်းဘက်ဆီသို့ ဝင်လာခဲ့သည်။

"အစ်ကို"

မှန်ပါသည်။ အစ်ကိုလင်းအောင်ကို ထမင်းစားခန်းမှာတွေ့လိုက်ရပါသည်။ ထမင်းစားပွဲမှာ အစ်ကိုရှိနေသည်။ ထိုင်ခုံမှာထိုင်လျက်နှင့် ထမင်းစားပွဲပေါ် ခေါင်းကြီးမိုက်မိုက်နှင့်ဖြစ်သည်။ သူ့ရှေ့မှာ အရက်ပုလင်းနှင့်ဖန်ခွက်။ အရက်ပုလင်းထဲမှာ အရက်ကတစ်ဝက်ခန့်၊ ဖန်ခွက်ထဲမှာ အနည်းငယ်။

"အစ်ကို"

ကျွန်တော် အစ်ကိုလင်းအောင်ရှေ့မှထိုင်ခုံတွင် ဝင်ထိုင်ပြီး ထပ်ခေါ်လိုက်တော့မှ အစ်ကိုလင်းအောင်မော့ကြည့်သည်။ မျက်လုံးတွေရဲရဲနီလျက်၊ မျက်နှာတွေ အဆီပြန်လျက်၊ မျက်တောင်တွေမှေးစင်းလျက်၊ အစ်ကိုလင်းအောင်



အတော်လေးမူးနေပြီ။ ခါတိုင်းနေ့လယ်နေ့ခင်း သောက်လေ့မရှိကြောင်း သိထားသော ကျွန်တော်မှာအံ့အားသင့်ခြင်းနှင့်အတူ အတွေးများဝင်လာသည်။ အစ်ကိုနှင့်မမှုယာ ပြဿနာတက်ကြပြန်ပြီလား။

"ထိုင် ... ညီလေး ထိုင်"

အာလေးလျှာလေးဖြင့်ပြောရင်း အရက်ပုလင်းထဲက အရက်များကို ဖန်ခွက်ထဲငှဲ့ထည့်နေပြန်သည်။

"အစ်ကို ဘာဖြစ်နေတာလဲ၊ နေ့ခင်းကြီးမှာ"

"စိတ်ညစ်လို့ ညီလေးရာ"

ဖန်ခွက်ထဲအရက်ကို မော့သောက်ပြီး ဖန်ခွက်ကို ခွပ်ခနဲပြန်ချသည်။

"မမှုယာနဲ့စကားများလို့လား"

ကျွန်တော်က စူးစမ်းလိုက်သည်။

"မဟုတ်ဘူး"

ကျွန်တော် ဟိုတိုသည်သည် ဝေ့ဝဲအကဲခတ်ရင်း —

"ဘယ်သူမှမရှိဘူးလား။ မမှုယာဘယ်သွားလဲ၊ ဟိုကောင်မလေး ပိပိရော မမြင်ပါလား။ မိုးလေးရော ... မိုးလေးနေကောင်းသွားပြီလား" ဟု မေးခွန်းတွေ ဆက်တိုက်မေးလိုက်သည်။

"မှုယာရော ပိပိရော ဆေးရုံသွားကြတယ်"

အရက်နံ့က နှာခေါင်းတွင်း တိုးဝင်လာသည်။

"ဘယ်သူ ဘာဖြစ်လို့လဲ"

အစ်ကိုလင်းအောင်က ကျွန်တော့်မေးခွန်းကို ချက်ချင်းမဖြေသေးဘဲ ကိုကို စိုက်ငေးနေသည်။ မေးရိုးကြီးတွေထောင်နေသည်ကို သတိပြုမိ၏။ အစ်ကိုလင်းအောင် တစ်ခုခုခံစားနေရသည်မှာ သေချာနေလေပြီ။ အကြောင်းမှန်းတော့ မသိသေး။

www.burmeseclassic.com

www.burmeseclassic.com

"မိုးလေး အပေါ်ထပ်မှာလား"

အစ်ကိုလင်းအောင် ခေါင်းခါသည်။ ကျွန်တော့်ကိုမူ မကြည့်။

"မိုးလေးရော ဘယ်သွားနေလို့လဲ၊ မမူယာ တို့ အပေအိမ်မှာလား"

အစ်ကိုလင်းအောင်ထံမှ မျက်ရည်ဝဲနေသော နီရဲရဲမျက်လုံးများကို အဖြေအဖြစ် ကျွန်တော်ဦးစွာရရှိလိုက်သည်။

"မိုးလေး ... သားလေး ဆေးရုံမှာ"

ကျွန်တော် တုန်လှုပ်သွားသည်။

"ဘာ ... ဘာဖြစ်လို့လဲ၊ နေအတော်မကောင်းလို့လား"

တော်တန်ရုံ သာမန်ဖျားနာခြင်းမျိုးမျှလောက်ဖြင့် ဆေးရုံတက်စရာ အကြောင်းမရှိသဖြင့် ဆေးရုံတက်သည်ဆိုကတည်းက ပြင်းထန်သောရောဂါ တစ်ခုခုကြောင့်တု နားလည်လိုက်ရပြီး ကျွန်တော့်ရင်ထဲမှာ မိုးရိပ်မှုများဖြင့် ပူသွားသည်။

"အီး ... ဟီး ..."

မမျှော်လင့်ဘဲ အစ်ကိုလင်းအောင်ထံမှ ငိုချလိုက်သံကြီးပေါ်ထွက်လာသည်။ ကျွန်တော် ပို၍ထိတ်လန့်သွားသည်။

ကျွန်တော် အမေးတကြီးမေးသော်လည်း အစ်ကိုလင်းအောင်ထံမှ အဖြေထွက်မလာသေး။ တဖွဲ့ဖွဲ့ကျမျက်ရည်များကြား တအီးအီးငိုနေသည်။ ငိုနေသဖြင့် အစ်ကိုလင်းအောင်၏ခန္ဓာကိုယ် သိမ့်သိမ့်တုန်နေသည်။ ကျွန်တော့်မှာမူ နားမလည်နိုင်ခြင်းများစွာဖြင့် ပူလောင်နေသည်။

အတန်ကြာမှ အစ်ကိုလင်းအောင် ခေါင်းပြန်မော့လာသည်။

"မိုးလေးက အဆုတ်ရောင်တာတဲ့"

"အဆုတ်ရောင်တာက စိုးရိမ်စရာမရှိလောက်ပါဘူး။ အဆုတ်နဲ့ပတ်သက်ပြီး ဆေးဝါးကောင်းတွေရှိနေပြီပဲ၊ ကောင်းသွားမှာပါ၊ အစ်ကိုကလဲ"



အစ်ကိုလင်းအောင် ခေါင်းခါသည်။

"မကောင်းဘူး၊ ဘယ်တော့မှ ပြန်ကောင်းမလာနိုင်တော့ဘူး"

"ဘာဖြစ်လို့ မကောင်းရမှာလဲ၊ အဆုတ်ရောဂါဆိုတာက ..."

အစ်ကိုလင်းအောင်က ကျွန်တော့်စကားကိုဖြတ်၍ ...

"အဆုတ်ရောဂါသက်သက်မဟုတ်ဘူး ညီလေးရ၊ အေအိုင်ဒီအက်စ် ကြောင့်ဝင်လာတဲ့ အဆုတ်ရောဂါ"

"ဗျာ ... အေအိုင်ဒီအက်စ်"

"ဟုတ်တယ်၊ သားလေးဟာ အေ့ဒ်စ်ဖြစ်နေတာ၊ အေ့ဒ်စ်ကြောင့် ခုခံအားကျပြီး ဝင်လာတဲ့အဆုတ်ရောင်ရောဂါ၊ အဲဒါကြောင့် ပြန်ကောင်းမလာနိုင်တော့ဘူးလို့ အစ်ကိုပြောတာ၊ သားလေးသေမှာ၊ မကြာခင် သားလေးသေတော့မှာ"

ကျွန်တော် အလွန်တုန်လှုပ်သွားသည်။ မယုံကြည်နိုင်လည်း ဖြစ်သွားသည်။

"ဟုတ်ပါ့မလား အစ်ကိုရာ၊ မိုးလေးက ဘာကြောင့် အေ့ဒ်စ်ဖြစ်ရမှာလဲ"

ကျွန်တော် လက်မခံနိုင်သေးပါ။ ယခုမှ ၁ နှစ်ကျော်ကလေးမျှသာ ရှိသေးသော မိုးထိအောင်မှာ အဘယ်ကြောင့် ဤရောဂါဝင်ရပါမည်နည်း။

"အစ်ကိုလည်း အဲဒီလိုထင်လိုက်တာပဲ၊ ဒါပေမယ့် အစ်ကိုတို့ သတိမထားမိခဲ့တာက မကြာခဏဖျားတယ်၊ ချောင်းဆက်တိုက်ဆိုးတယ်၊ ကိုယ်အလေးချိန်ကျတယ်၊ ဝမ်းသွားတယ်၊ အဲဒါကို အာရှရောဂါထင်ခဲ့ပြီး ပေါ့ပေါ့ထားခဲ့တာ၊ ပြီးတော့လည်း သားလေးထက် စီးမွားကိုပိုအလေးပေးပြီး အာရုံစိုက်ခဲ့တာဖြစ်တော့ သားလေးရဲ့ရောဂါလက္ခဏာတွေကို သေသေချာချာ ဂရုမပြုမိခဲ့တာပေါ့ကွာ၊ ဒေါက်တာသိန်းဇော်ကလည်း ဒါကို သံသယရှိပေမယ့် အစ်ကိုတို့ကို ဖြုန်းခနဲပွင့်ပြောရမှာခက်နေလို့ မြိုနေခဲ့သတဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ မိုးလေးက အေ့ဒ်စ်ဖြစ်တာ သေချာပြီပေါ့၊ ဆေးရုံကအတည်ပြုလိုက်ပြီပေါ့"

"ဟုတ်တယ်၊ စမ်းသပ်မှုတွေအများကြီးလုပ်ပြီးပြီ၊ သေချာတယ် အေ့ဒ်စ်ပဲ"

"အမြင့် မိုးလေးက ဘာကြောင့် အေ့ဒ်စ်ဖြစ်လာရတာလဲ"

အေအိုင်ဒီအက်ရောဂါဖြစ်လာရသော HIV ပိုးသည် ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း၊ ရောဂါပိုးရှိသော သွေးသွင်းခြင်း၊ မူးယစ်ဆေးသွေးကြောထဲသွင်းရာမှ ကူးစက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်က သန္ဓေသားကိုကူးစက်ခြင်းစသော အကြောင်းများကြောင့်ဖြစ်ရာ မိုးထိအောင်သည် ဘာသယ်ကြောင့် HIV ပိုးရရှိလာခဲ့ပါသနည်း။ ကျွန်တော် အဖြေရှာမရနိုင်ပါ။ ယခင်က သွေးသွင်းကာသမှုလည်း မပြုခဲ့ဖူးသူ မိုးထိအောင်အတွက် ဖြစ်နိုင်ခြေမှာ မိခင်ထံမှ ကူးစက်ခြင်းသာဖြစ်နိုင်ပါသည်။ သို့ဖြစ်လျှင် မမှုယာသည် ....။

"အို ... ဘုရား ... ဘုရား"

ကျွန်တော်၏ တုန်လှုပ်ချောက်ချားမှုမှာ အမြင့်ဆုံးသို့ရောက်ရှိသွားပြီး၊ ခန္ဓာကိုယ်ပင် လဲပြိုသွားတော့မလိုခံစားလိုက်ရ၏။

"မှုယာ့ကိုလည်း သွေးစစ်ကြည့်ပြီးပြီ၊ မှုယာ့မှာ HIV ပိုးရှိနေတယ်"

"ဗျာ ... ဒါ ... အမြင့် မိုးလေးက သူ့အမေဆီက ဒီရောဂါရလာတာပေါ့"

"ဟုတ်တယ်"

"တာ ... မမှုယာက ဒီပိုးရရလောက်အောင် ... မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ပါဘူး"

မမှုယာမှာ စီးပွားရေးလောကတွင် တက်ချင်တက်မည်။ မာနကြီးချင်ကြီးမည်။ သို့သော် လူမှုရေးဖောက်ပြန်မှုတော့မရှိပါ။ မရှိဟု ကျွန်တော် အခိုင်အမာယုံကြည်သည်။ သို့ဖြစ်လျှင် ...



"တရားခံကတော့ ငါပဲ ညီလေး"

"ဗျာ ..."

အစ်ကိုလင်းအောင်၏စကားကြောင့် ကျွန်တော်မျက်လုံးပြူးပြီး၊ အစ်ကိုလင်းအောင်ကို အထိတ်တလန့်ကြည့်လိုက်မိပါ၏။ အစ်ကိုလင်းအောင်က စန္ဒွက်ထဲရှိအရက်ကို အကုန်မော့၍သောက်ပြီး ဖန်ခွက်ကိုပြန်ချသည်။ ပုလင်းထဲက အရက်ကိုထပ်ငှဲ့သည်။

"အစ်ကိုက တရားခံတဲ့လား။ ဘာဖြစ်လို့လဲ ... ဘာကြောင့်လဲ"

ကျွန်တော်က အရက်ခွက်မပြီး ထပ်သောက်တော့မည်ဖြစ်နေသော အစ်ကိုလင်းအောင်၏လက်ကို လှမ်း၍တားရင်းမေးလိုက်သည်။ သူသည်နှုတ်ခမ်းကိုကိုက်ရင်း၊ ကျွန်တော့်ကိုမကြည့်ဘဲ နံရံပေါ်ငေးနေသည်။ သူ၏ပါးပြင်မှာ မျက်ရည်စီးကြောင်းများ။

"အစ်ကိုမိုက်တာပါ၊ ငါ လူမိုက်ပါ ညီလေးရာ၊ ငါ့ကြောင့် မှုယာရောဂါရ၊ မှုယာ့ဆီကနေ သားလေးကရောဂါထပ်ရ၊ အပြစ်မဲ့တဲ့သားလေးဟာ ငါ့ကြောင့် ရောဂါခံစားပြီးသေရမှာ၊ ငါတရားခံပေါ့"

"အစ်ကို့မှာ HIV ပိုးရှိနေလို့လား"

"ရှိနေမှာပေါ့၊ ရှိလို့နေမှာပေါ့"

"သွေးစစ်ကြည့်ပြီးလို့လား"

"မစစ်ရသေးဘူး။ ဒါပေမယ့် သေချာတယ်၊ အစ်ကို့မှာရှိနေမှာသေချာတယ်၊ သားလေးရောဂါရတာ မှုယာ့ဆီက၊ မှုယာ့ရောဂါပိုးတော ငါ့ဆီကပဲ၊ ငါ ရှုပ်ခဲ့လို့၊ ငါ အပျော်အပါးလိုက်ခဲ့လို့"

"ဗျာ ..."

ကျွန်တော် အံ့ဩရပြန်သည်။ အစ်ကိုလင်းအောင်က ရှုပ်ခဲ့သတဲ့၊ အပျော်အပါးလိုက်ခဲ့သတဲ့၊ ကျွန်တော်မသိခဲ့ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုလင်းအောင်သည် အရက်ခွက်ကိုယူပြီးမော့နေပြန်ပါသည်၊ အရက်ခွက်ကိုပြန်ချပြီး ထိုင်ရာမှထတော့ ယိုင်သွားသည်။ ကုလားထိုင်ကို ဆွဲတော့ ကုလားထိုင်ပါယိုင်ပြီး လဲမလိုဖြစ်သွားသည်။ ကျွန်တော်က ထိုင်ရာမှ အလျင်အမြန်ထပြီး သူ့ကိုထိန်းကိုင်ထားပေးလိုက်ရသည်။

ကျွန်တော့်လက်အတွင်း သူ၏ခန္ဓာကိုယ်ကိုမလဲအောင် တန်းချက်ယူ၍ ရပ်ရင်း ....

''ငါက ကြီးပွားချင်လို့မုယာကိုယူတယ်၊ မုယာက သူဌေးသမီးလေကွာ၊ ငါအနိုမ်ခံရတယ်၊ ဒါကြောင့် ငါပိုပြီးကြိုးစားတယ်၊ ကြိုးစားလို့ အော့ … ငါ ချမ်းသာလာတယ်၊ ဒီတော့ မာနကြီးတဲ့မုယာကို ငါကဂရုမစိုက်ဘူး၊ မာနချိုး ပြိုင်တယ်၊ ငွေလက်ဖျားသီးလာတော့ အရက်သောက်တယ်၊ မုယာ့ကို … မုယာ့ကို ငါပညာပေးချင်တယ်၊ အဲ့ ကောင်မလေးတွေနဲ့ အပြင်မှာတွဲတယ်၊ ကောင်မလေးတစ်ယောက်ကို ငါတိတ်တိတ်ယူထားတယ်၊ ဒါ … ဒါပေမယ့် အခု အဲဒီကောင်မလေးက သွားပြီ၊ ငါ့ဆီက ရသလောက်ချူယူပြီး ငါ့ကို ကန်သွားတယ်၊ ဟော့ဒီရင်ဘတ်ကို ဘုန်းခနဲကန်သွားတာ၊ အော့ … အဲ … ဒါပေမယ့် သူလည်းသွားပြီ၊ မကြာခင်ကပဲ အေ့ဒ်စ်နဲ့ဆုံးသွားတာ၊ သူ ငါ့ကို ပေးထားခဲ့တာ အဲဒီ HIV ပိုးနေမှာပဲ'' ဟု မူးသံ၊ ငိုသံများရွက်လျက် ရင်ဖွင့် ပြသည်။

အစ်ကိုလင်းအောင်၏ စကားအရဆိုလျှင် ဇာတ်လမ်းကရှင်းနေပြီဖြစ်၏။

အစ်ကိုလင်းအောင်က မလှပသောအိမ်ထောင်ရေး၏ရိုက်ခတ်မှုကြောင့် မမမုယာကို အရွဲ့တိုက်ကာ အပြင်မှာပွေရှုပ်သည်။ အစ်ကိုလင်းအောင်ရှုပ်ခဲ့ သော မိန်းကလေးကလည်း ဖူလ်ကပင်အရှုပ်ထုပ်ဖြစ်ပုံရသည်။ အစ်ကို လင်းအောင်ထံမှ ငွေမကငွေကိုယူသည်။ HIV ပိုးကိုပေးခဲ့သည်။ ယခုသော် ထိုမိန်းကလေးသည်လည်း အေ့ဒ်စ်အကျိတ်စ်နှင့်ဆုံးသွားပြီ။ အစ်ကိုလင်းအောင် မှာလည်း HIV ပိုးကို သိလျောင်ပြီးသားဖြစ်ကျန်ရစ်သည်။ ထိုမှတစ်ဆင့် အစ်ကိုလင်းအောင်က မမမုယာကို HIV ပိုးပြန်ပြီးသည်။ မမမုယာကမသိ၊ မမမုယာကိုယ်ဝန်ရပြီး ဖိုးထိအောင်ကိုမွေးဖွားသည်။ ဖိုးထိအောင်မှာ မွေးက တည်းက HIV ပိုးပါလာသည်။ အေ့ဒ်စ်အကျိတ်စ်ရောဂါဖြစ်လာသည်။

လှူမှုရေးဖောက်ပြန်ခဲ့သော အစ်ကိုလင်းအောင်က တရားခံ။

ယခုအတိုင်းဆိုလျှင် မကြာခင်မှာ အစ်ကိုလင်းအောင်မှာရော မမမုယာ မှာပါ ခုခံအားကျဆင်းမှု ကူးစက်ရောဂါများဝင်လာပြီး ဘဝဆုံးမိုရာသေရှာ နေလေပြီ။

HIV ပိုးသည် ခန္ဓာကိုယ်ထဲကိုရောက်လာပြီး ချက်ချင်းရောဂါလက္ခဏာ မပေါ်လာနိုင်သေးပါ။ လူ၏ခန္ဓာကိုယ်ထဲတွင် ပြင်ပရောဂါပိုးများကို တိုက်ဖျက် နိုင်သော သွေးဖြူဥများရှိနိုင်စည်းထားသည့် ခုခံမှုစွမ်းအားစနစ်ကြောင့် ကိုယ်ခံ စွမ်းအားများရှိနေသည်။ လူ၏ခုခံအားစနစ်ဆိုသည်မှာ ခန္ဓာကိုယ်ရှိ လင့်ဖ်ရည်ကြိတ်များက လင်ဖိုဆိုက် (Lympho cyte) ဟု ခေါ်သော သွေးဖြူဥ များ ထုတ်လွှတ်သည်။ ထိုသွေးဖြူဥများသည် သွေးကြောအတွင်း လှည့်လည် သွားလာကာ ပြင်ပမှရောက်လာသော ရောဂါပိုးမွှားများကို ခုခံကာကွယ်ပေး သည်။ ကိုယ်ခံအားစနစ်ကိုပေးသောသွေးဖြူဥ B နှင့် T တည်း၍နှစ်မျိုးရှိသည်။

လူ၏ခန္ဓာကိုယ်တွင်းသို့ ပိုးမွှားတစ်ခုဝင်ရောက်လာပါက ခုခံအားစနစ်၏ သွေးဖြူဥခေါင်းဆောင် T4 သွေးဖြူဥက အခြား B နှင့် T သွေးဖြူဥများကို တပ်လှန့်နှိုးဆော်သည်။ T သွေးဖြူဥကပိုးမွှားများကို တိုက်ရိုက်ချဉ်းကပ် တိုက်ခိုက်သည်။ B သွေးဖြူဥက ပဋိပစ္စည်းတစ်မျိုးကိုထုတ်လွှတ်ကာ ပိုးမွှား များကို တိုက်ခိုက်သည်။ ဒါက ပုံမှန်အခြေအနေအထား။



www.burmeseclassic.com

www.burmeseclassic.com



HIV ပိုးရှိပိုးသည် ခုခံအားစနစ်၏အဓိကကျသော ခေါင်းဆောင် T4 သွေးဖြူဥကို တိုက်ရိုက်တိုက်ခိုက်ကာ ဖျက်ဆီးပစ်လေသည်။ T4 သွေးဖြူဥ ဖျက်ဆီးခံရသဖြင့် ခုခံအားစနစ်တစ်ခုလုံး အင်အားဆုတ်ယုတ်ကာ ရောဂါများကို မတွန်းလှန်နိုင်တော့ဘဲ အေအိုင်ဒီအက်စ်ရောဂါဖြစ်လာရသည်။ ခုခံအားစနစ် ဖျက်ဆီးသောအခါ အခြားဆိုးရွားသော ကူးစက်ရောဂါများဝင်ရောက်လာခြင်းဖြစ်သည်။

HIV ရောဂါပိုးဝင်လာလာချင်း အေအိုင်ဒီအက်စ်မဖြစ်သေး။ HIV ပိုးကူးခံရပြီး ၆ လမှ ၁၀ နှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားလာသည်၊ အချို့မှာ ၁၀ နှစ်ကျော်မှရောဂါဖြစ်လာသည်။

အစ်ကိုလင်းအောင်နှင့် မမှုယာမှာ မူလကိုယ်ခံအားကောင်းနေမှုကြောင့် HIV ပိုးရှိနေသော်လည်း အေအိုင်ဒီအက်စ်ချက်ချင်းမဖြစ်သေးဘဲ ခုခံအားနည်းသော မိုးထိအောင်က ဦးစွာရောဂါဖြစ်ပွားခံစားရခြင်းဖြစ်သည်။ သို့သော် အစ်ကိုလင်းအောင်ရော မမှုယာပါ အသက်ရှည်ဖွယ်ရာမရှိတော့။ အစောနှင့် အမြန် မရကမင်းနောက်သို့လိုက်ပါရတော့မည်။

အသိအဆင်ခြင်မဲ့မှုတစ်ခု၏ လျှပ်တပြက်အမှား၊ အချိန်ပိုင်းတစ်ခု၏ အပျော်အပါးမှုသည် သေမင်းတမန်ရောဂါကြီး ဆင်းသက်လာသည်၊ တောက်ပြောင်များပွင့်သူပါခံစားရရုံမက အပြစ်မဲ့သူတို့ပါ မြေဇာပင်ဖြစ်ရ၏၊ ကြောက်မက်ဖွယ်သင်ခန်းစာယူဖွယ်ပင်တည်း။

"မကြာခင် ငါချစ်တဲ့သားလေး သေတော့မယ်၊ အခုရောဂါကို အလူးအလဲခံစားနေရပြီ၊ သားလေးသေပြီးနောက်ပိုင်းမှာ ငါရော မှုယာရောသေရမယ်၊ ထိုက်ခဲ့တာလေ၊ ပြန်ပြင်လို့မရတော့ဘူး ညီလေးရေ၊ နောက်ကျသွားပြီ။ အမှားဆိုတာ ပြင်လို့ရတယ်ဆိုပေမယ့် ဒီအမှားက လုံးဝကိုပြင်လို့မရတော့ဘူး။ ငါလေ .... ငါ ..."



အစ်ကိုလင်းအောင်စကားမဆက်နိုင်တော့။ ကျွန်တော့်ကိုဖက်၍ တသိမ့်သိမ့် ငိုကြွေးနေလေသည်။ ကျွန်တော့်မှာလည်း သူ့ကို မည်သို့နှစ်သိမ့်ပေးရမည် မသိတော့၊ နှစ်သိမ့်ပေးစရာ စကားလည်းရှာမတွေ့၊ ကျွန်တော့်ရင်ထဲမှာလည်း လောင်ကျွမ်းမှုဝေဒနာက အပြင်းအထန်ထိုးနှက်နေလေပြီ။

အစ်ကိုလင်းအောင်ကိုပြန်ဖက်၍ ပခုံးကိုပုတ်ကာ အားပေးနေရသော်လည်း ကျွန်တော်ကိုယ်တိုင် မျက်ရည်မထိန်းနိုင်တော့ပြီ။

ကျွန်တော်ချစ်သောတူလေး မိုးထိအောင် ဘဝဆုံးတော့မည်ကိုလည်းကောင်း၊ ကျွန်တော်ချစ်ခင်လေးစားသော အစ်ကိုလင်းအောင်နှင့် မမှုယာတို့သည်လည်း သေခြင်းတရား၏စီရင်ခြင်းခံရတော့မည်ကိုလည်းကောင်း ကျွန်တော် မျက်ဝါးထင်ထင်မြင်နေရပြီမတုတ်ပါလား။

"ညီလေးရယ် .. အမေ့ကို ... အမေ့ကိုတော့ ဒီအကြောင်းတွေ မပြောလိုက်ပါနဲ့ကွာ၊ အစ်ကိုတောင်းပန်ပါတယ်၊ အမေသိရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ အမေ့ကို အသိမပေးလိုက်ပါနဲ့ကွာ နော် ... နော် ညီလေး"

အစ်ကိုလင်းအောင်က ကျွန်တော့်မျက်နှာကိုကြည့်၍ ကျွန်တော့်လက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်ပြီး မျက်ရည်လည်ရွဲဖြင့် တောင်းပန်နေသည်။ ကျွန်တော် ခေါင်းညိတ်လိုက်ရ၏။

"စိတ်ချပါအစ်ကို၊ အမေ့ကို အသိမပေးပါဘူး"

"ဆေးရုံကိုတော့ သွားလိုက်ပါဦးကွာ၊ သားလေးက မင်းကို သိပ်ချစ်တာ၊ မင်းကိုတွေ့ရင် သူအားတက်မှာပဲ၊ သွားလိုက်ဦးနော်"

"ကျွန်တော် သွားမှာပါ အစ်ကို"

ပြောသာပြောရသည်။ မိုးထိအောင်ကိုမြင်ရလျှင် ကျွန်တော် မည်မျှထိခိုက်ခံစားရမည်ကို တွေး၍ပင်မကြည့်ရဲ။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလင်းအောင်ကို အိပ်ရာထဲသို့ပို့ပေးခဲ့ပြီး တတ်စွမ်းသမျှ နှစ်သိမ့်မှုပေးတော့ အစ်ကိုလင်းအောင်တို့အိမ်မှ ထွက်လာရိုန်တွင် မှုန်မှိုတည်နေသည် ခေါင်းထက်တွင် ကျဲကျဲတောက်၊ ရင်ထဲမှာလည်း နေတစ်စင်း။

## (၁၉)

ဆေးရုံတွင် မိုးထိအောင်ကိုကြည့်ပြီး ပြန်လာသောအခါ ကျွန်တော့်ရင်ထဲတွင် ဆို့နင့်ကြေကွဲလျက်ရှိသည်။ ခုတင်ထက်တွင် ပက်လက်ကလေးရှိနေပြီး ပိန်ချုံးကြုံလှီနေသောခန္ဓာကိုယ်နှင့် မျက်လုံးမှုန်ကြောင်ကြောင်တလေးဟာ ကျွန်တော့်မျက်လုံးထဲကမထွက်။ မျက်တွင်းကဟောက်ပက်။ နှုတ်ခမ်းတွင်သွေးမရှိတော့ဘဲ ခြောက်ခြောက်အက်ကွဲလျက်၊ ပါးစပ်ထဲတွင် မက်ခရုများ။ လက်နှင့်ခြေတွင်လည်းကောင်း။ ခန္ဓာကိုယ်ပေါ်တွင်းလည်းကောင်းအနာများ။ နှုတ်ခမ်းတွေလှုပ်နေသော်လည်း ကျွန်တော့်ကို ခါတိုင်းလို 'လေးလေး' တုမခေါ်နိုင်တော့။ မျက်လုံးတွေက ကျွန်တော့်ကိုငှတ်မိနေတာန်ရှိသေးသော်လည်း မှိန်ရီဖျော့တော့လျက်ရှိသည်။ ဆေးပိုက်တွေ၊ အောက်ဆီဂျင်ပိုက်တွေနှင့် မကြည့်ရက်စရာ။

မျက်ရည်များပြည့်လျှံနေသောမျက်ဝန်းနှင့် သွေးဆုတ်ဖြူလျော်နေသည့် မမှုယာက မိုးထိအောင်၏ခုတင်ဘေးမှာ။ သူမသည်လည်း သားဆုံးရှုံးရုံမက သူမကိုယ်တိုင်၏ မကြာခင်ဆုံးပါးမည်ကိုသိနေပြီဖြစ်သောကြောင့် မျက်နှာတွင် မာန်မာနတွေပျောက်တာ ကြောက်ရွံ့တုန်လှုပ်ခြင်းတရားတွေ ကြီးစိုးနေခဲ့လေပြီ။ ကျွန်တော့်လက်ကိုဆုပ်ကိုင်ထားပုံမှာ သေအံ့မူးမူးလူတစ်ယောက်တာ နောက်ဆုံးရသောကြိုးတစ်မျှင်ကို ဆုပ်ဆွဲထားသည့်ပမာ။ စကားတစ်ခွန်းမျှ မဆိုနိုင်ဘဲ ရှိုက်ငိုနေသောမမှုယာကိုလည်း ကျွန်တော်မည်သို့နှစ်သိမ့်ရမည်မသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com


ဆေးရုံကို လူနာသတင်းမေးသွားခဲ့ဖူးသည့် အကြိမ်ပေါင်းများစွာအနက် ယခုတစ်ကြိမ်မှာမူ ရင်အနာဆုံးဖြစ်ပေလိမ့်မည်။

ဆယ့်ငါးမိနစ်ခန့်မျှ ဆေးရုံတွင်နေပြီး နုတ်ဆက်ပြန်လာသောအခါ ကျွန်တော့်ခြေလှမ်းတွေ လှမ်းမရတော့သလို လေးလံတုံ့ဆိုင်းနေသည်။ မထိန်းသိမ်းနိုင်လောက်အောင် မျက်ယွင်းနေသောမျက်နှာဖြင့် အိမ်သို့ ကျွန်တော်ပြန်၍မဖြစ်။ အမေရိပ်မိသွားမည်ကိုစိုးရ၏။ အမေက အလွန်အကင်းပါးသူဖြစ်သည်။ ပြီးတော့ မြေးဦးဖြစ်သောမိုးထိအောင်ကို အလွန်ချစ်သူဖြစ်သောကြောင့် အမေ့ကို အမှန်တိုင်းအသိပေး၍မဖြစ်။ အစ်ကိုလင်းအောင်အကြောင်းနှင့် မယမုယာတို့အကြောင်းကိုပါ သိလိုက်မည်ဆိုပါမူ အမေဝုန်းခနဲလဲသွားနိုင်သည်။

ထို့ကြောင့် အိမ်မပြန်ဘဲ ဝင်းမြတ်၏ ကုမ္ပဏီစာပေဖက်သို့ ခြေဦးလှည့်လိုက်မိလေသည်။

"ဟော့ကောင်ကြီး လာ … လာ၊ ငါတောင် မင့်အိမ်ဘက်လာမလို့ စိတ်ကူးနေတာ"

ဝင်းမြတ်က တိုက်ဝမှာဆီးကြိုသည်။ နေရာချပေးသည်။ ဝင်းမြတ်အလုပ်စားပွဲရှေ့ ထိုင်ခုံမှာ ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်သော ကျွန်တော်၏ မျက်နှာကို ဝင်းမြတ်ကအကဲခတ်နေဟန်ရှိ၏။

"ငါ့ကောင် မျက်နှာမကောင်းပါလား၊ ဘာဖြစ်လာတာလဲ"

သူ့နေရာမှာသူပြန်ထိုင်ရင်း ကျွန်တော့်ကို မျက်နှာတည့်တည့်ထိုင်ကာမေးသည်။ ကျွန်တော်မဖြေချင်ပါ။ ဖြေ၍မရပါ။ ပြီးတော့ သူ့စာပေတိုက်ထဲမှာ သူ့တပည့်တွေရှိနေ၍ ဖြေ၍လည်းမဖြစ်ပါ။

ကျွန်တော် အဖြေမပေးနိုင်ဘဲရှိနေသည်ကို ဝင်းမြတ်က တွေကြည့်နေပြီး …..

"ငါသိပြီ၊ ရွှန်းလဲ့မင်္ဂလာဆောင်တော့မှာမို့ မင်းကြေကွဲနေတာမဟုတ်လား" ဟု ထပ်မေးသည်။

"တော်စမ်းပါကွာ … မဟုတ်တာတွေ"

ကျွန်တော်က စိတ်ပျက်စွာပြောလိုက်သည်ကို နားမလည်နိုင်သေးဘဲ…

"ငါနဲ့ မနက်ကတွေ့လိုက်တယ်၊ မင်းဆီ စိတ်စာသွားပေးမလို့လို့ ပြောသွားတယ်၊ ငါ့ကိုလည်း စိတ်စာလာပေးမယ်လို့ ကြိုပြီးသတင်းပေးသွားတယ်၊ မင်းကို ဦးဆုံးစိတ်မှာမို့ ငါ့ကိုစိတ်စာမပေးသေးတာလို့လည်း ပြောသွားတယ်၊ ရွှန်းလဲ့ မင်းဆီရောက်လာတယ်မဟုတ်လား၊ စိတ်စာပေးသွားပြီးမဟုတ်လား" ဟု စကားတန်ရှည်နေပြန်သေးသည်။

"ရွှန်းလဲ့ လာသွားတယ်၊ စိတ်စာလည်းပေးသွားတယ်၊ ဒါပေမယ့် အဲဒါ ငါ ဘာမှမဖြစ်ဘူး"

စိတ်တိုစွာ ကျွန်တော် ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"ဘာမှမဖြစ်ဘူးသာဆိုတယ်၊ မျက်နှာကြီးကပြိုတော့မယ့်မိုးလိုပဲ၊ ငိုချင်ရင် ငိုချလိုက်ကိုယ့်လူ ဆုံးရှုံးသွားမှမှမပျော်နေလို့မရတော့ဘူး၊ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ"

"ဟော့ကောင် မိုက်ကာတွန်း၊ စွတ်တတ်ပြီး ထင်ရာတွေပြောမနေနဲ့၊ မင်းကို ငါ ထထိုးမိလိမ့်မယ်"

ကျွန်တော် ကျယ်လောင်စွာအော်ငေါက်ပစ်လိုက်မှ ဝင်းမြတ်ငြိမ်သွားသည်။ ကျွန်တော့်ကို ဝေခွဲမရစွာကြည့်သည်။ ကျွန်တော် အားနာသွားသည်။

"ဆောရီးကွာ … ငါ အရမ်းခံစားနေရလို့ပါ"

"ဒါဆိုလာကွာ၊ ငါတို့ လက်ဖက်ရည်ဆိုင်သွားမယ်"

ဝင်းမြတ်ကကျွန်တော့်လက်ကိုလာဆွဲပြီး ကုမ္ပဏီစာပေတိုက်အတွင်းမှ ခေါ်ထုတ်လာသည်။ လက်ဖက်ရည်ဆိုင်၏ ထောင့်ကျကျစားပွဲတစ်နေရာယူပြီး ဝင်းမြတ်က လက်ဖက်ရည်မှာသည်။

www.burmeseclassic.com

www.burmeseclassic.com


"မင်း ဘာဖြစ်လာလဲပြောကွာ၊ မင်း တစ်ခုခုခံစားလာရတာတော့ ငါ သိတယ်၊ ငါ ဘာကူညီရမလဲ၊ ဘာလုပ်ပေးရမလဲ"

ကျွန်တော် သက်ပြင်းချလိုက်သည်။

"မင်း ဘာကူညီလို့မှ မရတဲ့ကိစ္စပဲ"

"ဘာကိစ္စမို့လဲ"

ကျွန်တော်က အစ်ကိုလင်းအောင်၊ မမှုယာနှင့် မိုးထိအောင်တို့မိသားစု၏ ကံကြမ္မာဆိုးကို ဝင်းမြတ်အားတိုတိုကျဉ်းကျဉ်း ပြောပြလိုက်သည်၊ ဝင်းမြတ် မျက်လုံးများဝိုင်းသွားသည်။

"တာ ... မယုံနိုင်စရာပဲ၊ ဖြစ်မှဖြစ်ရလေကွာ"

ဝင်းမြတ်ထံသို့ ကျွန်တော့်အပူများ ကူးစက်သွားလေပြီ။ ရုတ်ချည်းပင် သူ့မျက်နှာညှိုးကျသွားသည်။

"မင်းအမေကိုတော့ သွားမပြောနဲ့နော်၊ ဘယ်လိုမှမဖြစ်ဘူး"

"အေးပါ ... အဲဒါ ငါသိပါတယ်"

"မင်း ခု ဘာလုပ်မလဲ"

"ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူးကွာ၊ အဲဒါနဲ့ပဲ မင်းဆီ ထွက်လာခဲ့တာ"

"ငါ ကိုယ်ချင်းစာပါတယ် သူငယ်ချင်းရာ၊ နိဂုံးအဆုံးသတ်ကို သိနေရတဲ့ ပွဲတစ်ပွဲကိုစောင့်ကြည့်နေရတာ အခံရခက်လွန်းပါတယ်"

"မကြာခင်ကမှ တနည်း အော့ခ်စ်နဲ့ဆုံးခဲ့ရတယ်၊ အဲဒါကထားပါတော့ သူ့မိုက်ပြစ်ဒဏ်သူခံရတာ၊ အခုဟာက မင်းစဉ်းစားကြည့်၊ အိမ်ထောင်ရေး အကြိတ်အခဲတွေကို အရင်းခံပြီး ဖေ့ကိုကတောက်ပြန်မှုတစ်ခုကို ကျူးလွန်ခဲ့တာ၊ မမှုယာနဲ့ မိုးထိအောင်က အစ်ကိုဝက်ကွင်းထဲမှာ ဘာမှမသိဘဲ ပါသွားတာ၊ ငါ အသနားဆုံးက မိုးထိအောင်ပဲ၊ ဘာမှအပြစ်မရှိတဲ့ကလေးလေး တစ်ယောက်ပါကွာ၊ ကံကြမ္မာကရက်စက်လွန်းလှတယ်"

ဝင်းမြတ်က တွေးတွေးဆဆဖြင့် ....

"ငါတောင် တော်တော်ကြောက်လာပြီ၊ မင်းအစ်ကိုအဖြစ်က ငါ့ကိုခြောက် လှန့်နေတယ်" ဟုပြောသည်။ တကယ်ပင် မျက်နှာလည်းအမျက်ပျက်နှင့်။

"အေး မင်းလည်း သွေးလေးဘာလေး စစ်ကြည့်ဦး"

"စစ်ရမှာလည်း ကြောက်တယ်ကွ"

"HIV Positive ဖြစ်နေမှာကိုလား။ သွေးမစစ်ကြည့်ရဲဘဲ စိတ်ထဲမှာ သံသယကြီးနဲ့နေရင်ကော မင်းစိတ်အေးချမ်းသာနေရမှာမို့လား"

"အဲဒါလည်း ဟုတ်တာပဲ"

"အရင်းဆုံးလုပ်ရမှာကတော့ ရှုပ်ရှုပ်ရှက်ရှက်အလုပ်တွေရပ်ဖို့ပဲ"

"အဲဒါတော့ ငါဆုံးဖြတ်လိုက်ပါပြီကွာ၊ အခုပဲ ယတိပြတ် ဆုံးဖြတ်လိုက်ပြီ"

"မင်းရဲ့ဆုံးဖြတ်ချက်ကြားရတာလေးကတော့ ဒီနေ့ ငါခံစားနေရလေးကို နည်းနည်းပြေသာသွားတယ်၊ ငါတွေးမိသလောက်ကတော့ ဒီရောဂါက ကုသလို့မရပေမယ့် ကာကွယ်လို့ရတယ်၊ တစ်ခုတည်းသော ကာကွယ်ဆေး ကတော့ ကိုယ်ကျင့်တရားစောင့်ထိန်းဖို့ပဲ"

"ငါ လက်ခံပါတယ် သူငယ်ချင်းရယ်"

လက်ဖက်ရည်ခွက်ကို ကျွန်တော် မယူ၍ တစ်ငုံသောက်သည်၊ လက်ဖက်ရည်အလွန်ကောင်းသော ဤဆိုင်မှလက်ဖက်ရည်သည် ယခုအခါ တွင် ကျွန်တော့်လျှာဖျား၌ အရသာစွဲထင်မလာ။

နားတွင် ကြားနေရသော ခေတ်ပေါ်သီချင်းသံသည် ငိုချင်းသံကြီးပမာ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

တိုက်တိုက်ဆိုင်ဆိုင် မိုးထိအောင်ဆုံးသောနေ့မှာ ရွှန်းလဲ့မင်္ဂလာဆောင်သည့်နေ့နှင့် တစ်နေ့တည်းဖြစ်သည်။ တနင်္ဂနွေနေ့။ ရွှန်းလဲ့မင်္ဂလာဆောင်သို့ ကျွန်တော်မသွားဖြစ်တော့။

မိုးထိအောင်ဆုံးသွားပြီဖြစ်ကြောင်း၊ ထိုမနက်က မမမှုယာက ဆေးရုံမှနေ၍ ဖုန်းဖြင့်လှမ်းအကြောင်းကြားခြင်းဖြစ်သည်။ ဖုန်းကိုင်သူမှာ အမေဖြစ်၏။ တစ်ဘက်မှ ပြောသည်ကို နားထောင်ပြီး ...

"အို ... မိုးလေး ဆုံးသွားပြီ၊ ဘုရား ... အနိစ္စ ..." ဟု အမေ ရေရွတ်လိုက်သံကို ကျွန်တော် စာရေးနေရာမှကြားရပြီး စိတ်ပူစွာဖြင့် အမေရှိရာသို့ ကျွန်တော်ပြေးသွားသည်။ အမေ တစ်ခုခုဖြစ်မှာ စိုးရိမ်၍ဖြစ်သည်။

မျက်နှာအိုမင်းသွားပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျဆင်းလာရုံမှလွဲ၍ အမေကြံ့ခိုင်စွာ ရပ်တည်လျက်ရှိကြောင်းတွေ့ရသဖြင့် အံ့အားသင့်ခြင်းနှင့်အတူ စိတ်သက်သာရာရသွားသည်။

"ဒီနေ့ပဲ သတို့သမီးဖြစ်ချင်တယ်ဟုတ်လား။ အဲဒီ အမေနဲ့ သားငယ်လာခဲ့မယ်"

"—"

"ကောင်းပြီ သမီး၊"

အမေက ဖုန်းကိုတည်ငြိမ်စွာချသည်။ အနားတွင်ရှိသော ကျွန်တော့်ကို မျက်ရည်များဖြင့်ကြည့်ပြီး "အမေ့မြေးလေး ဆုံးသွားပြီးတဲ့ ဒီနေ့ပဲ သတို့သမီး





ဖြစ်မယ်တဲ့" ဟု ကျွန်တော့်အား ပြန်လည်သတင်းပေးသည်။

"အမေ စိတ်ထိန်းပါနော်"

ကျွန်တော့်အဖို့ကား မိုးထိအောင်ဆုံးပါးမည်ကို သိနေသူမို့ မထူးဆန်းတော့။ နေ့စဉ်နီးပါး ဆေးရုံသို့ရောက်ဖြစ်သဖြင့် တစ်စထက်တစ်စ ဆိုးဝါးလာသော မိုးထိအောင်၏အခြေအနေကို သိနေခဲ့သူဖြစ်ရာ မိုးထိအောင်ဆုံးပါးသွားသည်မှာ ရောဂါခံစားရခြင်းမှ ကင်းလွတ်သွားခြင်းပေပဲဟု ဖြေဆည်ပြီး ဖြစ်နေသည်။ အမေ့မှ တစ်ဦးတည်းသောမြေးဦးဖြစ်လေရကား မည်မျှခံစားရမည်နည်း။

ကျွန်တော်သည် အမေ့ကို အဖြစ်မှန်များအသိမပေးခဲ့ဘဲ ဖုံးဖိထားခဲ့သည်။ မိုးထိအောင်ကို အနည်းအပါး နေမကောင်းဟန်မျှသာခပ်ပေါ့ပေါ့ ပြောထားခဲ့သည်။ ဆေးရုံတက်နေသည်တုပင်မပြောခဲ့။ ထို့ကြောင့်လည်း မိုးထိအောင်ဆုံးပါးသည်ဆိုသည်ကို သိရချိန်တွင် အမေရုတ်တရက် မူးမေ့သွားမှာကို စိုးရိမ်နေခြင်းဖြစ်၏။

သို့သော် ....

"အနိစ္စတရားကို ဘုရားတောင်မှမလွန်ဆန်နိုင်တာပဲကွယ်၊ အမေ ဝမ်းနည်းပေမယ့် ဖြေလို့ရပါတယ်" ဟု အမေက ကျွန်တော့်ကိုပြောသည်။

"အမေ"

"ဘာလဲသား"

"အမေ့ကို အရမ်းခံစားရမှာစိုးလို့ မိုးလေး အသည်းအသန်ဖြစ်နေတာ၊ ဆေးရုံတက်နေရတာကို ကျွန်တော်မပြောခဲ့ဘူး အမေခွင့်လွှတ်ပါ"

အမေက ကျွန်တော့်ကိုဖက်လိုက်ပြီး ....

"အမေသိပါတယ်သားရယ်၊ သားမပြောပေမယ့် သားမျက်နှာကြည့်ပြီး အမေသိနေခဲ့ပါတယ်၊ အဲကြောင့် သားမသိအောင် အမေသွားခဲ့ပါပြီ မိုးလေး

www.burmeseclassic.com

www.burmeseclassic.com



ကို အမေ ဆေးရုံမှာသွားတွေ့ပြီးပါပြီ" ဟုပြောသည်။ ကျွန်တော် အံ့ဩသွားရပြန်သည်။

"အမေ အားလုံးသိနေပြီလား"

အမေ ခေါင်းညိတ်ပြဟန်ရှိ၏။

"သိနေပါပြီကွယ်၊ သမီးမွန်ယာပြောပြလို့ အမေအားလုံးသိနေပါပြီ၊ ဒီ ရောဂါဆိုးကြီးက အခု အမေ့မြေးလေးရဲ့အသက်ကို နုတ်ယူသွားသလို အမေ့ သားကြီးကိုရော အမေ့ချွေးမကိုရော ဝိစိန်ချွေဦးမယ်ဆိုတာ အမေသိပြီးပါပြီ"

"အို ... အမေ အဲ့ဒါဆို ..."

"သား မပူပန်ပါနဲ့ကွယ်၊ အမေ့မှာ ခံနိုင်ရည်ရှိပါတယ်၊ အမေက ပုတီးစိပ်၊ တရားရှုမှတ်လုပ်နေတဲ့သူပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေကို မပြတ် ဆင်ခြင်နေတဲ့သူပါ။ အကြောင်းကြောင့် အကျိုးဖြစ်လာရတာ၊ တဏှာစက်ဝန်း ကြောင့် အမေတို့ခန္ဓာရပြီး ဒုက္ခတွေရှိနေတာ၊ အဲဒီဒုက္ခဆင်းရဲကြောင်းတရား ကို ဉာဏ်မီသလောက် အမေဆင်ခြင်ကြည့်နေပါတယ်ကွယ်"

ကျွန်တော် အမေ့အတွက် စိတ်အေးသွားရသည်။

"ဒါဆို အမေနဲ့ကျွန်တော်သွားကြစို့"

"သမီးလေးရွှန်းလဲ့ မင်္ဂလာပွဲကိုတော့ အမေတို့မသွားနိုင်တော့ဘူး။ နောက်မှပဲ တောင်းပန်ရတော့မှာပဲ"

အမေနှင့်ကျွန်တော်သာမက ဝင်းမြတ်ပါရောက်လာကာ မိုးထိအောင် သဂြိုဟ်ရေးကိစ္စအား ဇာနည်တုန်းကလိုပင် ဝိုင်းကြဝန်းကြရပြန်ပါသည်။

ရေဝေးရောက်တော့ ဇာနည့်ကို သတိရမိပြန်သေး၏။ အောင်ဒိုင်းအကပ် ဖြင့် ကျွန်တော် ရေဝေးသို့ နောက်ဆုံးခရီးပို့ပေးရသည်မှာ နှစ်ကြိမ်ရှိခဲ့ပြီ၊ နောက်ထပ် အစ်ကိုလင်းအောင်နှင့် မမွန်ယာကိုပို့ရဦးမည်၊ အချိန်မသင့်ဘဲ

ကြွလိုက်ရသောပန်းများအတွက် ရင်နာမိ၏။ ရောဂါရအောင်မယုတ်ဘဲ ရောဂါက သေမင်းတံခါးသို့ခေါ်ယူခြင်းခံရသူများ။

ကျွန်တော်တို့တတွေ အစ်ကိုလင်းအောင်နှင့် မမွန်ယာကိုပါ ဝေးတူ့ရ သည်။ မမွန်ယာကို အမေကတွဲ၍ အစ်ကိုလင်းအောင်ကို ကျွန်တော်နှင့် ဝင်းမြတ်ကတွဲရသည်။ အမေက စိတ်ဓာတ်ကြံ့ခိုင်သလောက် မမွန်ယာက ပျော့သည်။ မေ့လဲသွားသဖြင့် ကားပေါ်မှ တင်ကြရသည်။ ဝိုင်း၍ပြုစုကြသဖြင့် အတန်ကြာမှသတိပြန်ရသည်။ အစ်ကိုလင်းအောင်မှာမူ မချိတင်ကဲ နံရံကို ခေါင်းမှီ၍ထောင့်နေသဖြင့် တွဲထားရသည်။

မိုးထိအောင်၏ရောဂါအမှန်ကို သတိထားကြသည့် မမွန်ယာ၏ဆွေမျိုး များနှင့် မိတ်ဆွေများက အစ်ကိုလင်းအောင်အား ရွံရှာစက်ဆုပ်စွာမုန်းတီးစွာ ကြည့်ကြသည်ကိုလည်း သတိပြုမိ၏၊ ဒါကို အစ်ကိုလင်းအောင်လည်း မြင်တွေ့ပုံရှိသည်။ ထို့အတွက် သူပို၍ပြီးခံစားနာကျင်ရခြင်းဖြစ်မည်။

အစ်ကိုလင်းအောင်ကို အမေက တရားဖြင့်မည်သို့ဖြေသိမ့်ပေးသည် ကျွန်တော်မသိ။ အစ်ကိုလင်းအောင် မည်သို့ရှိမည် ကျွန်တော်မသိ။ မမွန်ယာ မှာမူ ထိုညက အရက်ပြင်းတွေသောက်ပြီး ပေါက်ကွဲနေသည်။

"အဲဒါ မင်းအစ်ကို ဖြေးတဲ့မီးပဲ၊ ငါ့ သားလည်းသေရပြီ၊ ငါလည်း သေလု ဖြစ်နေပြီ" ဟု ကျွန်တော့်ကိုကြည့်ပြီး အိမ်သုံးအိုးအဝဲများကို ပြည်ထုတ် သည်။ အမျိုးမျိုးနှစ်သိမ့်ပြီး အိပ်ရာထဲပို့ပေးကာ အိပ်စေရသည်။

ညဉ့်နက်ပိုင်းမှာတော့ ဝင်းမြတ်နှင့်ကျွန်တော်သာ ဧည့်ခန်းမှာထုတ်တုတ်။

"မမွန်ယာက အစ်ကိုလင်းအောင်ကိုချည်း အပြစ်ပုံချနေပေမယ့် တကယ်တော့ သူ့ပယောဂက အရင်းအမြစ်ပဲ၊ အိမ်ထောင်မြုံနှံပေမယ့် လင်သားကို အိမ်ထောင်မှုသုခမပေးဘဲ အပေါ်စီးကနေ ဆက်ဆံခဲ့တာက

www.burmeseclassic.com

www.burmeseclassic.com

သူ့အမှားပဲ၊ အိမ်ထောင်မှုဆိုတာက မရှိအတူ ရှိအတူပဲလေ၊ တန်းတူရည်တူ လက်တွဲအဖော်ပြုသွားရမှာ၊ လင်သားကို လက်အောက်ငယ်သားလို အထင်သေးနှိမ့်ချချင်လေတော့ အစ်ကိုလင်းအောင်က မခံချင်စိတ်နဲ့ အပြင်မှာ ဖောက်ပြန်တော့တာပဲပေါ့၊ အိမ်ထောင်မှုပြဿနာကို အမြေထုတ်မှားတာက မင်းအစ်ကို၊ အိမ်ထောင်ရေးကို အိမ်ထောင်ရေးဖြေရှင်းနည်းတွေနဲ့ မဖြေရှင်းဘဲ ဖောက်ပြန်တာက သူ့အမှား။ ဒီအမှားကပေါ်လွင်လွန်းတော့ ခုကိစ္စမှာ သူက တရားခံဖြစ်သွားတယ်၊ မိုးထိအောင်ကတော့ မြေဇာပင်သက်သက်ပဲ"

ဝင်းမြတ်က အကြောင်းသိပီပီ ဤသို့ဝေဖန်သည်။ ကျွန်တော်ကမူ ရင်ထဲတွင် ဖော်မပြနိုင်အောင် ခံစားနေရသဖြင့် ဘာကိုမှမတွေးချင်၊ မထွေးချေးချင်တော့။ ဆက်တီမှာ ခပ်ပြေပြေကျောမှီရင်း မျက်လုံးကိုပဲမှိတ်ထားမိ၏၊ တွတ်တီးတွတ်တာချစ်စရာဖြင့် ကျွန်တော်နှင့်အတူရှိခဲ့နေခဲ့သည့် မိုးထိအောင်ကလေး၏ အမူအရာတို့ကို မျက်ဝန်းမှာပြန်လည်မြင်ယောင်ရင်း မျက်ရည်က ထိန်းမရချင်။

စိတ်အားငယ် နွမ်းနယ်ချိန်မှာ ကျွန်တော်သတိရမိသည်က နန်းချယ်ရီကို ဖြစ်သည်။ နန်းချယ်ရီသာအနားမှာရှိလျှင် သူမ၏ချစ်ခြင်းမေတ္တာဖြင့် ကျွန်တော့်အား အပူတို့ကိုငြိမ်းစေလိမ့်မည်ထင်၏။

လူ့လောကမှာ ငွေကြေး၊ ဥစ္စာဓန၊ ဂုဏ်မာနတို့သည် မီးသို့သာပူလောင်စေလျက် ချမ်းသာသုခအစစ်ကိုမပေးနိုင်၊ မေတ္တာတရားသည်သာ ငြိမ်းအေးချမ်းသာ သန္တိသုခကိုပေးစွမ်းနိုင်ကြောင်း ထိုခဏ၌ ကျွန်တော် သဘောပေါက်လာမိ၏။

"ဒီအချိန်ဆို ရှန်းလဲ့ကတော့ပျော်နေမှာပဲ"

ဝင်းမြတ်စကားသံက ဟိုးအဝေးကြီးမှ ပဲ့တင်ရိုက်လာသည်။

(၂၁)

မြေနိမ့်ရာလှံစိုက်၊ တံခိုးမှတို့သည် အဖော်အပေါင်းနှင့်လာသည်ဆိုသည်မှာ မှန်လေသည်။ မိုးထိအောင် ရက်လည်ဆွမ်းသွတ်သည့်နေ့။ ဆောင်ရွက်ဖွယ် ကိစ္စအဝဝကို ကူညီလုပ်ဆောင်ပြီး တရားနာအမျှဝေရသည်။ သိမ်းဆည်းရှင်းလင်းစရာများကို သိမ်းဆည်းရှင်းလင်း ရသည်။

အစ်ကိုလင်းအောင်နှင့် မမှုယာတို့ကိုနှုတ်ဆက်ပြီး ကျွန်တော်နှင့်ဝင်းမြတ် ပြန်လာတော့ မိုးစုပ်စုပ်ချုပ်နေပြီဖြစ်နေ၏။

"ငါနဲ့လိုက်အိပ်ကွာ" ဟု ကျွန်တော်ကခေါ်သဖြင့် ကျွန်တော့်ခံစားမှုများကို တနားနားလည်သော သူငယ်ချင်းကောင်းဖြစ်သူဝင်းမြတ်က ကျွန်တော့်အိမ်သို့ပါလာသည်။

ကျွန်တော့်အိမ်မှာ ရေမိုးချိုးပြီး နှစ်ယောက်ထမင်းအတူစားကြသည်။ အမေကမူ ထမင်းမစားလို၍ အိမ်ရာထဲတောတောဝင်ကာ ပုတီးစိပ်နေလေသည်။

ထမင်းစားပြီးနောက် အမေပြင်ဆင်ပေးထားသော လက်ဖက်သုတ်ကို ရေနွေးကြမ်းဖြင့်မြည်းစမ်းကြသည်။ ညနေခန်းဆက်တီများ၌ ကျွန်တော်နှင့် ဝင်းမြတ်နှစ်ယောက်တည်းဖြစ်သည်။

ကျွန်တော်ဖတ်ဖူးသော စာတစ်အုပ်အကြောင်း စကားရောက်သွား၍ ကျွန်တော်က ဝင်းမြတ်ကိုပြရန် စာအုပ်ကိုစာအုပ်စင်မှထ၍ယူသည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com

စာရေးစားပွဲပေါ်၌တင်ထားသော စာများကိုသတိပြုမိ၏။ စာများမှာ များသောအားဖြင့် စာပတ်သူများထံမှပေးပို့သောစာများဖြစ်သည်။ နေ့လယ်က စာပို့သမားလာသွားဟန်တူသည်။

ထိုအထဲမှ ထူးထူးခြားခြားစာတစ်စောင်က ကျွန်တော့်အာရုံကိုဆွဲယူလိုက်သည်။ ကျွန်တော်မျှော်လင့်နေသောစာ။ နန်းချယ်ရီထံမှစာ။ ဝမ်းသာအားရဖြင့် စာကိုဆွဲယူလာကာ ဆက်တီမှာပြန်ထိုင်သည်။

"ဘယ်ကစာလဲကွ"

ဝင်းမြတ်ကမေးသည်။

"နန်းချယ်ရီဆီကကွ၊ ငါစာမျှော်နေတာကြာပြီ၊ ပြန်လာပြီးမှ ငါစာထည့်တာတောင် နှစ်စောင်ရှိသွားပြီ၊ သူ့စာက ခုမှလာတယ်"

"သတိရတာတွေ၊ လွမ်းတာတွေနေမှာပေါ့ကွာ"

စာအိတ်ကိုထောင်ကြည့်ပြီး အထဲကစာနှင့်လွတ်သည့်ဖက်မှ စာအိတ်ကို စားပွဲပေါ်ရှိကတ်ကြေးလေးဖြင့် ညှပ်လိုက်သည်။ အထဲမှစာရွက်ခေါက်ကလေးကို ဆွဲထုတ်သည်။ ပန်းနုရောင်စာရွက်ကလေးဖြစ်၏။ စာရွက်ခေါက်က ပါးသည်။ တစ်ရွက်တည်းဖြစ်ဟန်တူ၏။

"နန်းကလဲကွာ၊ စာရေးတာ နည်းလိုက်တာ၊ တစ်ဝကြီးဖတ်ရအောင် များများရေးတာမဟုတ်ဘူး"

"အခုတစ်ခါလို ဖြစ်ချင်ဖြစ်နေမှာနေမှာ၊ အပေါ်ကအစ်ကို၊ အောက်မှာက နန်းချယ်ရီ၊ အလယ်မှာ ဘာစာသားမှမပါ။ အစ်ကိုရေးချင်ရာရေး၊ အစ်ကိုက စာရေးတဆရာပဲ၊ စကားလုံးလှလှလေးတွေနဲ့ အစ်ကိုဖတ်ချင်တာ ရေးထည့်ပါလို့ဆိုလိုတာ ဖြစ်ချင်ဖြစ်နေမှာ"

ဝင်းမြတ်ကရယ်၍ အနောက်အပြောင်စကားကိုဆိုသည်။ ဝင်းမြတ်



စကားကို မချေပအား။ နန်းချယ်ရီ၏စာကိုဖတ်ချင်စိတ်က စောနေသဖြင့် စာကိုမျက်ချင်းပြန့်၍ဖတ်လိုက်သည်။

စာက ခပ်တိုတိုကလေးဖြစ်၏။

"အစ်ကို ....

နန်းကိုခွင့်လွှတ်ပါ။

နန်းတို့ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်သိမ်းပေးပါ။

နန်း တောင်းပန်ပါတယ်။

နန်းချယ်ရီ"

"တာ ...."

"ဘာလဲ နေဇ ဘာဖြစ်တာလဲ"

"ဘာဖြစ်မှန်းမသိဘူးကွ၊ ပြဿနာပဲ"

"ဘာတွေရေးထားလို့လဲ"

"ရော့ မင်းပဲဖတ်ကြည့်ကွာ"

ဝင်းမြတ်က ကျွန်တော့်စာကိုလှမ်းယူရင်း 'နန်းချယ်ရီကတော့ စာတစ်ခါရေးရင် တစ်ခါဆိုသလိုပဲ ပဉ္စာသားကပါတယ်' ဟု ခပ်တိုးတိုးပြောသည်။ ကျွန်တော့်ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိပြီး ရင်ထဲမှာတင်းကြပ်နေသည်။ ဒိုးရိမ်ပူပန်စိတ်၊ ဝမ်းနည်းကြေကွဲစိတ်တွေ ထွေးယှက်လောင်မြိုက်နေသည်။

မျက်လုံးများမှိတ်ကာ ဆက်တီကျောမှီပေါ် ဇက်ကိုတင်ထားမိ၏။ နန်းချယ်ရီကို နားမလည်နိုင်၊ စေ့စပ်ကြောင်းလမ်းခဲ့သည်မှာပင် တစ်လမပြည့်သေး။ မည်သို့ဖြစ်ရပြန်ပါသနည်း။ စေ့စပ်ကြောင်းလမ်းခဲ့သည်က သူမသဘောတူလက်ခံခဲ့ခြင်းကြောင့်သာ။ ပြီးတော့ ကျွန်တော့်ကိုချစ်အဖြေပင်ပေးခဲ့ပြီး ကြည်ကြည်ဖြူဖြူ ပျော်ပျော်ရွှင်ရွှင်ရှိခဲ့သည်သာ။ ယခု မည်သည့်

www.burmeseclassic.com

www.burmeseclassic.com

ပယောဂဝင်လာလေသနည်း။ မည်သူက နှောင့်ယှက်လာလေသနည်း။ မည်သည့်အရာက ခြိမ်းခြောက်လာလေသနည်း။ မည်သည့်အကြောင်းက နန်းချယ်ရီ၏စိတ်၊ နန်းချယ်ရီ၏အသည်းနှလုံး၊ နန်းချယ်ရီ၏အဆုံးအဖြတ်ကို ပြောင်းလဲစေခဲ့သနည်း။

"ဟာ … ဒီတစ်ခါက အရင်တစ်ခါလိုမဟုတ်ဘူးကွ၊ အတည်ရေးထားတာ"

ဝင်းမြတ်က နားမလည်နိုင်သေး။

"အေးလေ၊ အဲဒါကြောင့် ငါစဉ်းစားမရတာပဲ"

"မင်းအပေါ် မကျေနပ်စရာများ ဘာရှိလို့လဲ"

ကျွန်တော်ခေါင်းခါလိုက်သည်။

"မရှိနိုင်ပါဘူး။ ငါတို့ပြန်တဲ့အထိ သူမျက်နှာတစ်ချက်မညိုဘူး၊ မင်းလည်း အသိပဲ"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် အခု ဒီစာရေးတာက အကြောင်းမရှိဘဲတော့ မရေးဘူးလေ၊ အကြောင်းရှိလို့ပဲပေါ့"

"နန်းရက်စက်တယ်ကွာ၊ ဘာကြောင့် ဒီစကားမျိုးပြောရတာလဲ၊ ငါ ဘယ်လောက်ခံစားရမယ်ဆိုတာ သူသိသင့်ပါတယ်"

ကျွန်တော်ထိုင်မနေနိုင်။ ထိုင်ရာမှထသည်။ ပြတင်းပေါက်ရှိရာသွားသည်။ အမြင့်မြင့်ကွင်းတွေ မျက်ဝန်းမှာ ဝေဝေဝါးဝါး။ ပြတင်းပေါက်မှ ဝင်းမြတ်ရှိနေရာ ဆက်တီများဆီသို့ပြန်လာသည်။

ကျွန်တော် ဂဏှာမငြိမ်ဖြစ်နေသည်ကိုကြည့်ပြီး ဝင်းမြတ်က ….

"မိုးလေးနဲ့မှတ်သက်ပြီး မင်းအစ်ကိုအကြောင်းများကြားလို့လား" တုတွေးတွေးဆဆပြောသည်။



"မဖြစ်နိုင်ဘူး။ မိုးလေးအကြောင်းသူသိစရာအကြောင်းမရှိဘူး"

"အင်း ဒါလည်းဟုတ်တယ်၊ ဒါဖြင့် ရွှန်းလဲ့ကြောင့်များလား"

"ဒါလည်းမဖြစ်နိုင်ဘူး။ ရွှန်းလဲ့က မင်္ဂလာဆောင်သွားပြီ"

"ရွှန်းလဲ့က နန်းချယ်ရီဆီကို စာတွေဘာတွေ ရေးလို့လား"

"မဖြစ်နိုင်ပါဘူး ဗိုက်ကတွန်းရော၊ ရွှန်းလဲ့က ဒီလောက်အဲသောသားမဆိုးဘူး။ ပြီးတော့ ရွှန်းလဲ့ကစာရေးတယ်ထားဦး၊ နန်းချယ်ရီက အကျိုးအကြောင်းမသိလို့ဘဲ မဆင်ခြင်မစဉ်းစားဘဲ ဆုံးဖြတ်ချက်ချမယ့်သူ မဟုတ်ဘူး"

"ဒါလည်း သဘာဝကျတယ်၊ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့်ဆိုတာတော့ အမှန်ပဲကွ၊ ဘာလဲသာမသိတာ"

ဆက်တီမှာ ကျွန်တော်ပုန်းခနဲပြန်ထိုင်ချမိ၏။ စိတ်တွေလှုပ်ရှားနေသည်ကို ထိန်းချုပ်မရ။ လက်သီးကိုဆုပ်ရည်ဖြန့်ချည်ပြုမိသည်။ မည်သည့်အပေါ်ဒေါသဖြစ်ပေါက်ကွဲရမှန်းလည်းမသိ။

"နန်းချယ်ရီ ဖခင်ကများ"

"ဟာ … သူ့သဘောတူထားတဲ့ကိစ္စပဲ၊ မျက်နှာအမျက်ခံမှာမဟုတ်ဘူး"

"ဒေါက်တာမိုင်းမောင်ရဲ့ဇနီး နန်းယုယုလှိုင်ကရော"

"မဖြစ်နိုင်ဘူး"

"နန်းချယ်ရီမှာများ မင်းအရင် ချစ်သူတွေဘာတွေရှိခဲ့ပြီး အဲဒီချစ်သူတောင်းက"

ဝင်းမြတ်၏စကားက ရင်ဝကိုမီးစနှင့်လာထိုးသည့်ပမာ။ ပူခနဲ ဝူးခနဲ သို့သော် ကျွန်တော်လက်မခံနိုင်။ ကျွန်တော် ထိုင်ရာမှဝုန်းခနဲပြန်ထပြီးမြန်ဆန်

"မဖြစ်နိုင်ဘူးကွာ၊ အဲဒါလည်း လုံးဝမဖြစ်နိုင်ဘူး။ နန်းမှာ အရင်တုန်းကသူ မရှိခဲ့ဘူး။ ဒါကို နန်းကိုယ်တိုင်ကလည်းပြောတယ်၊ အစ်ကိုကြီး ဒေါက်တာမိုင်းမောင်တို့လည်းပြောခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နိုင်တာတွေလျှောက်စဉ်းစားရတာလေကွာ၊ ခုတာက တွေးရကြပ်ကြပ်ကြီးပဲ၊ သူနဲ့တွေ့မှပဲ သေသေချာချာသိရမှာ"

"ဟုတ်တယ် နန်းနဲ့တွေ့မှ အကြောင်းရင်းမှန်ကိုသိရမှာပဲ၊ တစ်စုံတစ်ခုက ဝင်နှောက်တာတော့သေချာတယ်၊ ငါတို့ချစ်ခြင်းကို ဖြူစင်းတာဘာကြောင့်လဲ၊ ငါသိချင်တယ်၊ ဒီတဟာ နန်း သူ့အသည်းနှလုံးကို သူ့ဘာသာ ဆန့်ကျင်ပြီးရေးရတာ၊ ရေးချင်လို့ရေးတာမဟုတ်ဘူးလို့ ငါယုံကြည်တယ်၊ နန်းကိုနောက်က ကြိုးကိုင်မဲ့အရာတစ်ခုရှိနေပြီ"

"အဲဒီ မင်း ရှမ်းပြည်ကို ပြန်တက်ရဦးမှာပေါ့"

"အဲဒါ့ ဒီနေ့တောင် သွားလိုက်ချင်တာ၊ အခုပဲ နန်းကိုမျက်နှာချင်းဆိုင်ပြီး မေးလိုက်ချင်တာ၊ ဒီနေ့တော့ အချိန်မရှိတော့ဘူး။ မနက်ဖြန်ညနေရထားနဲ့ တက်ရမှာပဲ"

"ငါလိုက်ပေးရဦးမလား"

"နေပါစေ၊ ငါ့ဘာသာသွားမယ်၊ မင်း အလုပ်တွေပျက်တာများနေပြီ"

ဝင်းမြတ်က ထိုင်ရာမှထပြီး ကျွန်တော်နားကပ်လာသည်။ ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ အားပေးရင်း ...

"သူငယ်ချင်း ...! စိတ်ကိုလျှော့ပြီး အေးအေးထား။ အကြောင်းရင်းကို မသိခင်ကြိုတွေးပြီး စိတ်ပူမနေနဲ့၊ နန်းချယ်ရီနဲ့တွေ့ရင် ပြဿနာအမှန်ကို သိရမယ်။ ပြဿနာအမှန်ကိုသိပြီးမှ ဖြေရှင်းရမယ့်နည်းလမ်းကို အေးအေးနဲ့ စဉ်းစားကွာ၊ ဖြေရှင်းရမှာလည်း လောမကြီးနဲ့ ဇောတစ်ခုခုကပ်နေရင် ဆုံးဖြတ်ချက်ကမှားသွားနိုင်တယ်။ အကောင်းဆုံးကတော့ မင်း ဒေါက်တာစိုင်းမောင်ဆီကို အရင်ဝင်သင့်တယ်။ သူနဲ့တိုင်ပင်ပြီး သူ့ကိုအသိပေးပြီးမှ မင်း နန်းချယ်ရီနဲ့တွေ့ ဆွေးနွေး၊ ဆုံးဖြတ်ချက်ကိုချတဲ့နေရာမှာ လိုအပ်ရင် ဒေါက်တာစိုင်းမောင်ရဲ့အမြင်ကိုယူပါ" ဟု လေးနက်တည်ကြည်စွာမှာသည်။



ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ဝင်းမြတ်စကားတွေက လက်မခံစရာမရှိပါ။

"နန်းချယ်ရီက မင်းကိုချစ်တယ်ဆိုတာ ငါသေချာယုံကြည်တယ်၊ သူ့အချစ်၊ သူ့မေတ္တာကို ငါလုံးဝသံသယမရှိဘူး။ ဒီလိုချစ်ပါလျက်နဲ့ အခုလို စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်းနိုင်းရတယ်ဆိုတာ တော်ရုံအကြောင်းတစ်ခုတော့မဟုတ်ဘူး။ လူတစ်ယောက်ရဲ့ နှောင့်ယှက်မှုလောက်နဲ့လည်း မဖြစ်နိုင်ဘူး။ သာမန်ကာလျှံကာအကြောင်းတစ်ရပ်ကြောင့်လောက်လည်း မဟုတ်နိုင်ဘူး။ အရေးကြီးတဲ့ဘဝနဲ့ယှဉ် ပြောရရင် သေရေးရှင်ရေး အရေးကြီးတဲ့အကြောင်းတစ်ရပ်ကြောင့်ဖြစ်ရမယ်၊ နန်းချယ်ရီကိုတော့ အထင် မလွဲစေချင်ဘူး သူငယ်ချင်း"

"ငါ သဘောပေါက်ပါတယ်"

"ဘယ်လိုပြဿနာပဲဖြစ်ဖြစ် မင်းနဲ့ နန်းချယ်ရီနဲ့ မေတ္တာတရားနဲ့ ရင်ဆိုင် ဖြေရှင်းနိုင်ပါစေလို့ ငါဆုတောင်းပါတယ် သူငယ်ချင်းရာ"

"ငါလည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

တစ်ညနှင့်တစ်နေ့စီးခဲ့ရသောရထားက ညနေလေးနာရီလောက်မှာ ကလေးကိုဝင်သည်။ သည်အချိန် ရထားဆိုက်ခြင်းမှာ အချိန်မှန်တုပဲဆိုကြသည်၊ ကျွန်တော်ကတော့ ထိုအချိန်မှန်သောရထားကြီးကို အလွန်နှေးကွေးလှသော ပိုးကောင်ကြီးတစ်ကောင်တုပင် ထင်မိသည်။ နန်းချယ်ရီထံ ရောက်လိုဇော၊ တွေ့လိုဇောက ရှေ့ကပြေးနေသည်လေ။

သို့သော် နန်းချယ်ရီရှိရာ ပင်းတယကိုဆက်၍သွားဖို့ရာ အဆင်မပြေလှပေ။ အောင်ပန်းမှတစ်ဆင့် ပင်းတယသို့ ညပိုင်းမှာကားရဖို့ရန် မလွယ်ကူ၊ ကားရမည်ဆိုသည့်တိုင် ညကြီးမင်းကြီး နန်းချယ်ရီတို့အိမ်သို့သွားရန်မှာ မသင့်ပေ။ နောက်တစ်ကြောင်းမှာလည်း ကလောရှိ အစ်ကိုကြီး ဒေါက်တာစိုင်းမောင်နှင့် ဝင်တွေ့ရလျှင် အကျိုးအကြောင်းသိနိုင်ကောင်းသည်ဟု ယူဆ၍လည်း ကလောကိုဦးတည်ခြင်းဖြစ်သည်။

ဘူတာမှာရထားရပ်သည်နှင့် ချင်းကျောပိုးအိတ်ကိုလွယ်ကာ ရထားပေါ်မှ ခုန်ချပြီး ဘူတာအနောက်ဘက် မီးရထားဆေးရုံရှိရာသို့ခြေဦးတည်လိုက်သည်။ ဆေးရုံတွင်းသို့ဝင်လိုက်လျှင် ကျွန်တော့်ကိုမှတ်မိဟန်ရှိသော ဆေးဝန်ထမ်းလူရွယ်လေးကျဲ ...

"တော ... အစ်ကိုပါလား။ လာ လာ ထိုင်၊ ဆရာ လူနာကြည့်နေလို့ ခဏစောင့်နော်၊ ပြီးရင် ကျွန်တော်ဆရာ့ဆီသတင်းပို့ပေးမယ်" ဟု ပြောသည်။





"ရတယ်ညီလေး" ဟု၍ နံရာထိုင်ခုံတစ်ခုမှာ ကျွန်တော်ဝင်ထိုင်လိုက်ရ၏။ လွယ်ထားသောကျောပိုးအိတ်ကိုလည်း စားပွဲခုံပေါ်တင်ထားလိုက်သည်။

အချိန်အနည်းငယ်ကြာသွားပြီးနောက် လူနာကြည့်ခြင်းပြီးသွားသော အစ်ကိုကြီး ဒေါက်တာစိုင်းမောင်ထွက်လာသည်ကို တွေ့ရ၏။

"ဟော့ ... ညီလေး ဘယ်လိုတုန်းကွ၊ ပြန်သွားတာမှမကြာသေးဘူး၊ အခု ပြန်ရောက်လာပြန်ပြီ၊ မင်းတော့ မီးရထားဌာနဝင်ငွေတိုးအောင် လုပ်နေတာနဲ့တူတယ်"

ဒေါက်တာစိုင်းမောင်က ရယ်ရွှင်ဖွယ်ကောင်းစွာ နှုတ်ခွန်းဆက်သည်၊ ကျွန်တော့်ပခုံးကိုလည်း တရင်းတနှီးပုတ်သည်၊ ကျွန်တော်ပြုံး၍သာနေလိုက်ရ၏၊ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို ဆေးရုံထဲမှာ ကျွန်တော့်အဖြစ်တွေ ပြောပြ၍လည်းမဖြစ်နိုင်သေးပေ။

ဒေါက်တာစိုင်းမောင်က ကျွန်တော့်ရှေ့ရှိ သူ၏ထိုင်ခုံတွင်ဝင်ထိုင်ပြီး —

"မင်း တစ်ယောက်တည်းလား" ဟု မေးသည်။

"ဟုတ်ကဲ့"

"လင်းအောင်ကြီးပါ ပါလာရင်ကောင်းမှာ၊ ဟိုတစ်ခါ စေ့စပ်ပွဲတုန်းက မင်းအစ်ကိုနဲ့ အစ်ကိုကြီးနဲ့ပြန်ဆုံပြီး ရှေးဟောင်းနှောင်းဖြစ်တွေပြောရတာ၊ မိသားစုကိစ္စတွေပြောရတာ အင်မတန်ကိုအရသာရှိလှတယ် ညီလေးရဲ့၊ ဘယ်လိုလဲ ... မင်းအစ်ကိုက ရန်ကုန်ပြန်ရောက်တာနဲ့ စီးပွားရေးပဲ ပြန်ပြီး အာရုံစိုက်နေမှာပေါ့၊ ဪ ... ဒါနဲ့ ဟိုတစ်ခေါက်လာတုန်းက နေမကောင်းလို့ ကျန်ခဲ့ရတဲ့ မင်းတူလေးကော နေကောင်းသွားပြီလား"

ကျွန်တော် ရုတ်တရက် မည်သို့ဖြေရမှန်းမသိဖြစ်သွားသည်။ နေကောင်းသွားပြီဟု ပြောလျှင်လည်း မုသားဖြစ်လိမ့်မည်။ အမှန်အတိုင်းပြောပြမှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာကို ဝေငှပေးသလိုဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com


“လင်းအောင်ရဲ့သားလေးကိုပြောတာလေ ညီလေးရဲ့”

ကျွန်တော် သက်ပြင်းချလိုက်ရ၏။ မပြော၍လည်းမဖြစ်တော့ဟု နားလည်လိုက်သည်။

“မိုးထိအောင် ဆုံးသွားပြီး အစ်ကိုကြီး”

“ဟင် ... ဘယ်လိုဖြစ်ရတာလဲကွာ၊ ဘာရောဂါမို့လို့လဲ”

“အဆုတ်ရောင်တာလို့ပြောပါတယ်”

“ဟာကွာ ... အဆုတ်ရောင်တာနဲ့ ဆုံးရတယ်လို့ မဖြစ်သင့်တာပဲ၊ မိဘတွေ ဂရုစိုက်မှုနည်းလို့နေမှာပဲ”

ကျွန်တော် ဆက်မပြောပါ။ ဆက်ပြောလျှင် အစ်ကိုလင်းအောင်တို့၏ ရာဇဝင်ပေါ်သွားပေရော့မည်။

“ကဲ ... ဆိုစမ်းပါဦး၊ ညီလေးက နှန်းချယ်ရီကိုသတိရတာနဲ့ ရှမ်းပြည်ကို ပြန်တက်လာတယ်ဆိုပါတော့”

ဒေါက်တာစိုင်းမောင်၏အမေးကို ကျွန်တော် မည်သို့ဖြေရမည်မသိ။ အနားမှာလည်း ဆေးရုံဝန်ထမ်းများကရှိနေသည်။

“အစ်ကိုကြီး အားပြီလား၊ အပြင်ခဏထွက်လို့ရမလား”

“ရပါတယ်”

“ရရင် လက်ဖက်ရည်ဆိုင်သွားရအောင်၊ ကျွန်တော် အစ်ကိုကြီးနဲ့ စကားပြောချင်တာရှိလို့ပါ”

လေသံအနည်းငယ်နှိမ့်၍ ကျွန်တော်ပြောလိုက်သည်။ ဒေါက်တာစိုင်းမောင်က ကျွန်တော့်စကားကို ထူးခြားသည်ဟု သဘောပေါက်သွားဟန်ရှိပြီး စူးစမ်းကြည့်ကြည့်ပြီးမှ —

“ကဲ ... လာ ဟိုအရင်တစ်ခေါက်ထိုင်တဲ့ဆိုင်ပဲ သွားကြတာပေါ့” ဟုဆိုသည်။

ဒေါက်တာစိုင်းမောင်ရော ကျွန်တော်ပါ ထိုင်ရာမှထလိုက်ကြ၏။ ဒေါက်တာစိုင်းမောင်က သူ့တပည့်များကို မှာစရာရှိသည်များမှာကြားပြီး ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

လက်ဖက်ရည်ဆိုင်မှာ ဘုတာအဆောက်အဦး၏ ထောင့်စွန်းတွင်ရှိသည်။

“ကျွန်တော်က အစ်ကိုကြီးနဲ့အရင်တွေ့ရအောင် ကလောကိုဝင်လာတာ၊ ဒီည ဒီမှာအိပ်ပြီးမှ မနက်ဖြန် ပင်းတယကိုသွားမယ်”

“ကိစ္စထူးရှိလို့လား”

“ဟုတ်တယ် အစ်ကိုကြီး”

လက်ဖက်ရည်ဆိုင်သို့သွားရာလမ်းမှာ နှစ်ဦးသားယှဉ်၍လျှောက်လာကြရင်း စကားပြောမဖြစ်ကြရာ ကျွန်တော်က ခြေဆင်းပျိုးထားလိုက်ခြင်းဖြစ်သည်။

လက်ဖက်ရည်ဆိုင်၏ အပြင်ဘက်ထိုင်ခုံတွင်ထိုင်ပြီး ဒေါက်တာစိုင်းမောင်က လက်ဖက်ရည်မှာသည်။ ဆိုင်ကလူရှင်းနေသည်။ အချိန်က ညနေစောင်းမို့ အအေးဓာတ်က သိသိသာသာပိုလာသည်။ ကျွန်တော်က ဝတ်လာသော ဂျင်းဂျာကင်မှ ဒေါက်ထားသောလက်ကိုဖြည်ချလိုက်၏။ ဝန်းကျင်သည် မြူဖြူ မှိုင်းမှိုင်း။ ကလော၏ဆောင်းညနေသည် ညအရောက်စောလိမ့်မည်ထင်ရ၏။

“ကဲ ... မင်း အေးနေပြီထင်တယ်၊ လက်ဖက်ရည်ပူပူလေး အရင် သောက်လိုက်ဦး၊ ပြီးမှ ပြောချင်တာပြော”

ဒေါက်တာစိုင်းမောင်က စားပွဲထိုးလာချပေးသော လက်ဖက်ရည်ပန်းကန်ကို ကျွန်တော့်ရှေ့သို့ရွှေ့ပေးရင်းပြောသည်။ ဒေါက်တာစိုင်းမောင်ပြောသလို လက်ဖက်ရည်ကိုယူ၍သောက်လိုက်မှ အနည်းငယ်နွေးသွားသည်ဟုထင်မိ၏။

“ကဲ ... ဆိုပါဦး၊ ညီလေး ပြန်တက်လာရတဲ့အကြောင်းရင်း”

ဒေါက်တာစိုင်းမောင်က လက်ဖက်ရည်ကိုဇွန်းဖြင့် ခပ်ဖြည်းဖြည်းမွှေနေရင်းမှ မေးသည်။ သူ့ကိုကြည့်ရသည်မှာ အေးအေးလူလူပင်ဖြစ်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

လည်း နန်းချယ်ရီ ကျွန်တော့်ထံစာရေးခြင်းနှင့်ပတ်သက်၍ သိထားပုံမရှိဟု ကျွန်တော်သိလိုက်သည်။

မည်သည့်နေရာကစ၍ပြောရမှန်းမသိသဖြင့် ကျွန်တော်က ဂျင်းဂျာကင်အိတ်ထဲမှာထည့်ထားသည့် နန်းချယ်ရီ၏စာကိုဆွဲထုတ်လိုက်ရသည်။

"နန်းချယ်ရီဆီက စာရောက်လာတယ်အစ်ကိုကြီး။ အဲဒါကြောင့် ကျွန်တော်ချက်ချင်းတက်လာရတာ"

"ညီမလေးက ဘာတွေရေးလိုက်လို့လဲ"

"အစ်ကိုကြီးပဲ ဖတ်ကြည့်ပါတော့"

ကျွန်တော်က စာကို ဒေါက်တာစိုင်းမောင်အားလှမ်းပေးလိုက်သည်၊ ဒေါက်တာစိုင်းမောင်က စာကို စာအိတ်ထဲမှဆွဲထုတ်ယူပြီး ဖြန့်ဖတ်သည်၊ စာကိုဖတ်လိုက်သည်ဆိုလျှင်ပင် ဒေါက်တာစိုင်းမောင်မျက်ခုံးများ မြင့်တက်သွားသည်။

"တာ ... ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်လည်း ဘာမှကိုနားမလည်ဖြစ်နေပြီ၊ ကျွန်တော်တို့ ပြန်သွားတဲ့အချိန် ဘာပြဿနာမှလည်းမရှိခဲ့ဘဲနဲ့ အခု နန်းဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ တွေးလို့မရဘူး။ အဲဒါ အစ်ကိုကြီးများသိမလားလို့"

"မသိဘူးကွ၊ အစ်ကိုကြီး ဘာမှမသိဘူး"

"ဒီစာရေးတာနဲ့ပတ်သက်ပြီး အစ်ကိုကြီးတို့ကို ဘာမှအသိမပေးခဲ့ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် ညီလေး"

"မမနန်းယုလှိုင်များ သိမလားမဆိုနိုင်ဘူး"

"ယုသိရင်လည်း အစ်ကိုကြီးကိုပြောမှာပါ။ ယုကလည်း ဘာမှမပြောဘူး။ ယုလည်း သိပုံမရဘူး။ အေးလေ ယုကိုလည်းမေးကြည့်ကြသေးတာပေါ့"



"အစ်ကိုကြီးရော ဘယ်လိုထင်လဲ"

"ဘာမှကိုမထင်တတ်အောင်ဖြစ်နေပြီ၊ အစ်ကိုကြီးတို့ နန်းချယ်ရီဆီက ဘာအကြောင်းမှမကြားတာလည်းအမှန်ပဲ၊ အေးကွာ၊ နန်းချယ်ရီက ဒီစာမရေးခင် အစ်ကိုကြီးတို့နဲ့တိုင်ပင်ဖို့ကောင်းပါတယ်"

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိ၏။

"အကြောင်းတရား ကြီးကြီးမားမားမရှိဘဲနဲ့တော့ နန်းဒီစာရေးမှာ မဟုတ်ဘူး။ ဒီစာရဲ့အတိုင်းအတာ ဘယ်လောက်ကျယ်ပြန့်တယ်ဆိုတာ သူမသိဘဲမနေပါဘူး"

ဒေါက်တာစိုင်းမောင်က တွေ၍ငိုင်းစားနေပြီးမှ ...

"အစ်ကိုကြီးလည်း အဲဒီလိုတော့တွက်မိတယ်၊ နန်းချယ်ရီမှာ တစ်စုံတစ်ရာ ပြဿနာကြီးကြီးမားမားရှိနေပုံပဲ၊ အဲဒီပြဿနာကလည်း မင်းတို့အိမ်ထောင်ရေးကိုထိခိုက်မဲ့ကိစ္စမျိုး ..." ဟု လေးလေးတွဲ့တွဲ့ပြောသည်။ သူ့စကားသံတွေမှာလည်း အမောတွေပါနေသည်။

"ဒီတာကို ညီလေးအမေနဲ့ အစ်ကိုသိသွားပြီလား"

"အမေတော့ သိသွားပြီ၊ အစ်ကို့ကိုတော့မပြောသေးဘူး"

"စိတ်တော့သိပ်မပူပါနဲ့ကွာ၊ အစ်ကိုကြီးတို့လည်းရှိပါတယ်၊ ပြဿနာတစ်ခုခုရှိနေရင်လည်း အစ်ကိုကြီးတို့ ဝိုင်းပြီးဖြေရှင်းပေးမှာပေါ့၊ ကဲ လက်ဖက်ရည်သောက်၊ အိမ်ကိုသွားကြမယ်၊ မင်းအစ်မယုနဲ့ စကားပြောရအောင်"

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှထလာပြီး တောင်ကုန်းလေးပေါ်ရှိ ဒေါက်တာစိုင်းမောင်အိမ်သို့တက်လာခဲ့သည်။ ဒေါက်တာစိုင်းမောင်၏ဇနီး နန်းယုယုလှိုင်က ကျွန်တော့်ကိုမြင်တော့အံ့ဩသွားသည်။ ဒေါက်တာစိုင်းမောင်

www.burmeseclassic.com

www.burmeseclassic.com

က "ယုဇရ အခြေအနေကတော့ တစ်မျိုးကြီးနေတယ်၊ ဒီမှာကြည့်ပါဦး ... မင်းညီမရဲ့စာ" ဟုပြောကာ စာကိုပေးသည်။ စာကို နန်းယုယုလှိုင် အဆောတလျင်ဖတ်သည်။ ဖတ်ပြီး မျက်နှာပျက်သွားကာ ကျွန်တော့်အား အားတုံ့အားနာကြည့်သည်။

"ညီမလေး ဘယ်လိုလုပ်လိုက်တာလဲမသိဘူး၊ နကွာပါပဲ၊ မမတို့လည်း အကျိုးအကြောင်း ဘာမှမသိဘူးမောင်လေးရဲ့" ဟု ခပ်ညည်းညည်းကလေး ပြောသည်။

"ကျွန်တော်လည်းပုထူပြီး အကြောင်းရင်းကိုစဉ်းစားမရတာနဲ့ ချက်ချင်း ထထွက်လာခဲ့တာ၊ ကျွန်တော့်ကိုမနှစ်သက်တာ ဘာများရှိနေလို့လဲလို့လည်း တွေးပြီးစိုးရိမ်နေတယ်၊ တခြားပြဿနာဆိုရင်လည်း ရင်ဆိုင်ဖြေရှင်းလို့ရမှာ ဆိုရင် ဖြေရှင်းမယ်ပေါ့"

"မမကိုလည်း ညီမလေး ဘာမှပွင့်မပြောထားတော့ မမလည်း ဘာပြော ရမှန်းတောင်မသိဘူး၊ ညီမလေး တော်တော်ဆိုးတာပဲ၊ မောင်လေးကို မမ အရမ်းအားနာတယ်"

"ရပါတယ် မမရယ်၊ ကျွန်တော့်အတွက် ဘာမှစိတ်ထဲမထားပါနဲ့၊ နန်းချယ်ရီအတွက်ပဲ ကျွန်တော်စိတ်ပူတာပါ၊ နန်းချယ်ရီ ဘာများရင်ဆိုင်နေရ လို့လဲလို့"

ဒေါက်တာစိုင်းမောင်က ကလေးကိုချီ၍ ပေါင်ပေါ်တွင်တင်ကာ ထိုင်ရင်း ...

"အစ်ကိုကြီးတို့ ဒီညအိပ်ပြီး မနက်ကျရင်ပင်းတယကို စောစောထသွား ကြတာပေါ့၊ အစ်ကိုကြီးရောပင်းတယကို မပါလိုက်မယ်လေ၊ အဲဒါကောင်းတယ် မဟုတ်လား ယု" ဟု ကျွန်တော့်ကိုပြောရင်း နန်းယုယုလှိုင်ကို သဘောတူညီ ချက်ယူသည်။



"ဟုတ်တယ် အစ်ကို၊ ယုတို့ပါလိုက်မှဖြစ်မယ်"

နန်းယုယုလှိုင် ကျွန်တော့်ဖက်လှည့်ကာ ...

"မောင်လေးလည်း စိတ်အေးအေးထားပါ၊ ဘာမှမဖြစ်နိုင်ပါဘူး၊ ညီမလေးက မောင်လေးကိုတွေ့ချင်လို့ ချက်ချင်းလာအောင်ဥာဏ်များပြီး စလိုက်နောက်လိုက်တာဖြစ်ချင်ဖြစ်နေမှာပါ" ဟု ပြောသည်။ ပြောသာပြော သည်။ ပြောသူကိုယ်၌ကပင် အပြုံးတွေပျောက်ဆုံးနေပေပြီ။

နန်းယုယုလှိုင်ပြောသည့်စကားမှာ ဖြစ်နိုင်သည့်ဖြစ်စေ၊ မဖြစ်နိုင်သည် ဖြစ်စေ ကျွန်တော့်စိတ်ထဲမှ လှုပ်ရှားခံစားရမှုများ အနည်းငယ်မျှပျော့မသွား။

"ကဲ ... နားပါဦးကွာ၊ စိတ်ထဲမှာ ဘာမှကြိုပြီးတွေးမထားပါနဲ့၊ မနက်ဖြန် အကျိုးအကြောင်းသိရမှာပါ၊ မင်းလည်း ရထားပေါ်မှာ ညကအိပ်ရေးပျက်လာ မှာ ရေချိုးမလား၊ ရေမချိုးနိုင်ရင်လည်း ကိုယ်လက်သန့်စင်ပေါ့၊ ခဏနေရင် ထမင်းစားကြမယ်၊ အစ်ကိုကြီးလည်း ဆေးရုံပြန်မသွားတော့ဘူး၊ ကလော ဆောင်းကတော့ အေးတယ်ကွ၊ မင်း နွေးနွေးထွေးထွေးဖြစ်အောင်လုပ်ဦး"

ဒေါက်တာစိုင်းမောင်က အာရုံလွှဲပြီး ကျွန်တော့်သောကကို သက်သာ အောင် ကြိုးစားလိုက်ပုံရ၏။

မှန်ပါသည်။ ကလောဆောင်းညက အေးစိမ့်သည်ထက်အေးစိမ့်လာနေ ၏။ နှင်းမြူတွေပိတ်ဆို့လာသဖြင့် မိုးမချုပ်သေးသော်လည်း မှောင်ရီသမ်း နေသယောင်။ ခန္ဓာကိုယ်က အချမ်းဓာတ်ကို သိသိသာသာခံစားရသော်လည်း ရင်ထဲမှာမူ ပူနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

“သမီး ကျောင်းကပြန်မလာသေးဘူးကွယ့်” ဟု နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်ကပြောသည်။ “မင်းတို့ ဘယ်လိုဆုံပြီး ရောက်လာကြတာလဲ” ဟုလည်းမေးသည်။ ဦးမောင်လှိုင်၏ပြောပုံဆိုပုံနှင့် မျက်နှာအမူအရာမှာလည်း နန်းချယ်ရီနှင့် ကျွန်တော့်ပြဿနာအကြောင်း တစ်စွန်းတစ်စသိပုံမပေါ်သေး။ ပကတိကြည်ကြည်လင်လင်။

ဒေါက်တာစိုင်းမောင်က ကျွန်တော့်ကိုလှည့်ကြည့်သည်။ ဦးမောင်လှိုင်ကို အသိမပေးသေးခြင်းသည် ကောင်းမည်ဟုသောအဓိပ္ပာယ်များ ထိုအကြည့်မှာ ပါဝင်သည်။ ကျွန်တော် ခေါင်းကိုညိတ်သည်ဆိုရုံမျှ။

နန်းယုယုလှိုင်က ....

“မေမေ နေကောင်းတယ်နော်၊ သမီးတို့က မောင်နေဇရောက်လာတာနဲ့ ရောပြီးလိုက်လာတာ” ဟုပြောသည်။

“ဒီမှာက တော်တော်ကြီးကိုအေးနေပြီ၊ မောင်နေဇတို့ ရန်ကုန်ထက် ပိုအေးမယ်”

“ဟုတ်ကဲ့၊ ရန်ကုန်ဆောင်းက ကုန်ခါနီးပြီဆိုတော့ မချမ်းသလောက် ဖြစ်နေပါပြီ၊ မနက်စောစောကလေးပဲ နည်းနည်းအေးတော့တယ်”

“မောင်နေဇမေမေကော နေထိုင်ကောင်းတယ်မဟုတ်လား”

“ဟုတ်ကဲ့”





နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်နှင့် လူမှုရေး၊ ကျန်းမာရေး၊ သူ၏ လိမ္မော်စိုက်ခင်းများနှင့် လိမ္မော်ဈေးနှုန်းများအကြောင်း စွေရာလေးပါးပြောနေရသော်လည်း ကျွန်တော်ကမူ နန်းချယ်ရီပြန်အလာကိုသာ စိတ်စောနေသည်။ နန်းချယ်ရီနှင့် တွေ့ချင်လွန်းလှပြီ။ ‘ဘာကြောင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခိုင်းရတာလဲ’ ဆိုသည်ကို မေးကြည့်ချင်လှပြီ။

ဒေါက်တာစိုင်းမောင်က ကျွန်တော့်ဖက်သို့ကိုယ်ကိုညွတ်၍ လေသံမျှဖြင့်—

“နန်းချယ်ရီရောက်လာရင် မင်းတို့နှစ်ယောက်ပဲ သပ်သပ်တွေ့ပြီး စကားပြောနော်၊ သူ့အဖေရှေ့မှာ မပြောစေချင်ဘူး။ သူ့အဖေဘာမှသိပုံမရဘူး။ လူကြီးဆိုတာ မသိသင့်တာပေးမသိတာကောင်းတယ်” ဟုမှာသည်။

“ဟုတ်ကဲ့ပါ”

“နန်းချယ်ရီနဲ့တွေ့ဆွေးနွေးရင်လည်း အေးအေးဆေးဆေးနဲ့ ပြောကြဆိုကြပါ။ နှစ်ဦးသဘောတူ အကောင်းဆုံးအဖြေကိုရှာကြပါ။ လိုအပ်ပြီဆိုရင်တော့ အစ်ကိုကြီးတို့ကိုအသိပေး၊ အစ်ကိုကြီးတို့ပါ ဝင်ပြီးစဉ်းစားညှိနှိုင်းတာပေါ့”

“ဟုတ်ကဲ့”

နန်းချယ်ရီ တိုက်တံခါးဝသို့ပြူလာသည်နှင့် ဧည့်ခန်းထဲမှကျွန်တော်တို့ကို တွေ့သွားပြီး သူမ၏မျက်နှာ၌ ပထမ အံ့သြခြင်း၊ ဒုတိယ ဝမ်းသာခြင်းနှင့် နောက်တော့ ဖြိုတော့မည့်မိုးလို ညို့ဆိုင်းခြင်းအရိပ်များ တစ်ခုပြီးတစ်ခု ပြောင်းလဲသွားသည်။ အိမ်ထဲသို့ပင် ဆက်ဝင်မလာနိုင်ဘဲ တံခါးဝတွင် ကြောင်၍ ရပ်နေသည်။ ကျွန်တော့်ထံသို့ရောက်လာသောအကြည့်များတွင် ကြေကွဲမှုများ လွှမ်းမိုးနေသည်။ နှုတ်ခမ်းများတွင်မြင်နေကျအပြုံးကိုမမြင်ရ။ ပင်ကိုယ်ထက် ချောင်ကျသွားတန်ရှိသောမျက်နှာကလေးက အိပ်မပျော်သောညများ အကြောင်းကို သက်သေပြနေသည့်နှယ်။

www.burmeseclassic.com

 www.burmeseclassic.com 

"သမီးလာလေ၊ မမျှော်လင့်ဘဲရောက်လာတဲ့ဧည့်သည်တွေ တွေ့လိုက်ရလို့ အံ့သြပြီးငေးကြည့်နေတာလား" ဟု ဖခင်ဖြစ်သူဦးမောင်လှိုင်က ရယ်ရယ်မောမောလှမ်းခေါ်လိုက်မှ "ဟုတ်ကဲ့၊ အစ်ကိုကြီးတို့ မမတို့ ဘယ်တုန်းကရောက်လဲ" ဟု အထဲကို လေးလေးဖင့်ဖင့်လှမ်းဝင်လာရင်းမေးသည်။ နန်းချယ်ရီ၏စကားသံလေးများ တုန်ယင်နေသည်ကို ကျွန်တော်သတိပြုမိ၏။

နန်းယုယုလှိုင်က ထိုင်ရာမှထပြီး ညီမဖြစ်သူ၏ပခုံးကိုဖက်၍ ခေါ်လာသည်။ နန်းယုယုလှိုင်ထိုင်ခဲ့ရာခုံအောက်ရှိ လွတ်နေသောခုံတွင် နန်းချယ်ရီ ဝင်ထိုင်လိုက်သောကြောင့် နန်းချယ်ရီနှင့်ကျွန်တော် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

"မမတို့ရောက်လာ သိပ်မကြာသေးပါဘူး၊ ညီမလေးဆီလာချင်တဲ့ ဧည့်သည်ကြီးကိုလိုက်ပို့တာ" ဟု ပေါ့ပေါ့ပါးပါးစကားများဖြင့်လည်း နန်းယုယုလှိုင်က ကျွန်တော်ရောက်လာခြင်းကို ပါးပါးနပ်နပ်စကားကြောင်းသည်။

"အစ်ကိုတစ်ယောက်တည်းလား"

နန်းချယ်ရီက ကျွန်တော့်ကိုကြည့်ပြီးမေးသည်။ တည်ငြိမ်မပျက်အောင် တည်ထားဟန်ရှိသော်လည်း စာပါအကြောင်းအရာကြောင့် ကျွန်တော်ရောက်လာရကြောင်း သိထားသဖြင့်ပိပိ မျက်နှာပူရှိုက်နေဟန်ပေါ်လွင်နေ၏။ ကြည့်နေသောမျက်ဝန်းတွေထဲမှာ မျက်ရည်တွေမိုမ့်အိုင်စိုလက်နေသည်ကိုလည်း တွေ့ရ၏။

"ဟုတ်တယ်၊ တစ်ယောက်တည်းပဲ"

ကျွန်တော်လည်း ဟန်လုပ်၍ အများရှေ့မှာ အမူအရာမပျက် ဖြေလိုက်ရသည့်တိုင် ဖြေသံမှာလှုပ်ခါနေသည်။

"ခဏနော်၊ နန်း အဝတ်အစားလဲလိုက်ဦးမယ်"

ကျွန်တော့်ကိုဦးတည်နှုတ်ဆက်ပြီး ထိုင်ရာမှထကာ အတွင်းခန်းသို့ ခပ်သုတ်သုတ်ဝင်သွားသည်။ တင်းထားသောမျက်ရည်များ ကျမလာမိ

ထွက်ပြေးသွားခြင်းဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လိုက်သည်။ ရင်ထဲမှာ အလိုင်အခဲကြီးတစ်ခုက ဖို့၍ပင်ကြီးမားလာသည်။ အသက်ရှူ၍ပင်မဝချင်။

ဒေါက်တာစိုင်းမောင်နှင့် နန်းချယ်ရီဝခင်က အခြားစကားများပြောနေသော်လည်း ကျွန်တော်က နန်းချယ်ရီနှင့်တွေ့ဆုံစကားပြောရရေးကိုသာ အခွင့်စောင့်နေမိ၏။ အတန်ကြာ၍ နန်းချယ်ရီပြန်ထွက်လာသော်လည်း အများနှင့်ရော၍သာ စကားပြောနေရပြန်သဖြင့် စာပါအကြောင်းအရာကို ပြောရန်အခွင့်မသာ။ နန်းချယ်ရီကလည်း ကျွန်တော်နှင့်နှစ်ယောက်တည်းတွေ့ဆုံရန် မကြိုးစားဘဲ ရှောင်လွှဲနေဟန်ရှိ၏။ ကျွန်တော့်ကိုရင်ဆိုင်ရမှာ ကြောက်နေပုံလည်းရသည်။ မျက်နှာကလေးငယ်နေပုံမှာ ကြည့်ရသူအဖို့ ကရုဏာသက်ဖွယ်ရာပင်ဖြစ်၏။ မျက်လုံးချင်းမဆုံမိအောင်ကြိုးစားပြီး ခေါင်းကိုငုံ့ထားပုံမှာ အပြစ်ရှိသူတစ်ဦးပမာ။

ညစာစားပြီးသောအခါတွင်မှ နန်းချယ်ရီနှင့်ကျွန်တော် နှစ်ဦးတည်း စကားပြောခွင့်ရသည်။ ဒေါက်တာစိုင်းမောင်တို့ဇနီးမောင်နှံနှင့် ဦးမောင်လှိုင်က ဧည့်ခန်းထဲမှာ။ ကျွန်တော်နှင့် နန်းချယ်ရီက တိုက်ခေါင်းရင်း ချယ်ရီပင်အောက ခုံတန်းကလေးမှာ။

နန်းချယ်ရီက ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ရဲသည့်အလား ခေါင်းကိုငုံ့ကာ မြေပြင်ကိုပဲစိုက်ငေးနေသည်။ ထိုင်ခုံတွင်ထိုင်နေသော နန်းချယ်ရီရှေ့မှာ ကျွန်တော်ရပ်ပြီ နန်းချယ်ရီကိုကြည့်နေမိသည်မှာ အတော်ကြာသွားသည်။ နန်းချယ်ရီမလှုပ်။

ထိုအချိန်၌ ပင်ထက်၌ဝေနေသော ချယ်ရီပန်းတွေကိုလည်းကောင်း၊ မှိန်နေသောမြူနှင်းတို့ ဆိုင်းဆိုင်းဆို့နေပုံကိုလည်းကောင်း ကျွန်တော် လုံးဝစိတ်မဝင်စား။ အေးစိမ့်လာနေသော ပင်းတာယညနေခင်းထဲမှာ ကျွန်တော် ပူပြင်းလောင်ကျွမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းချယ်ရီ ကျွန်တော်ထံရေးခဲ့သောစာကိုထုတ်ယူပြီး နန်းချယ်ရီရှေ့ ကိုင်၍ပြလိုက်သည်။ စာကိုမြင်သော်လည်း နန်းချယ်ရီကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေဆဲ။

ပင့်သက်မျှင်းမျှင်းကိုရှိုက်လျက် ကျွန်တော်စကားစရသည်။

"အစ်ကို ဘာမှနားမလည်နိုင်တော့ဘူးနန်း။ နန်းဘာကြောင့် အဲဒီစာကို ရေးတာလဲ"

ကျွန်တော့်မေးခွန်းအတွက် နန်းချယ်ရီတွင် အဖြေကန်ရှိမည်မှန်ပါလျက် နန်းချယ်ရီထံမှ အဖြေစကားသံထွက်မလာ။

"ပြောလေနန်း၊ ဘာဖြစ်လို့ အစ်ကိုတို့စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်သိမ်းခိုင်းရတာလဲ"

နန်းချယ်ရီမဖြေသေးပါ။

"အစ်ကို့တို့ ဘာမကြိုက်တာရှိလဲ၊ ဘာမကျေနပ်တာရှိလဲ၊ ဘာအကြောင်း ကြောင့် စေ့စပ်ကြောင်းလမ်းတာကို ဖျက်ရမှာလဲ၊ ပြောပါနန်း။ နန်းပြောမှ အစ်ကိုသိရမှာ"

နန်းချယ်ရီမဖြေပါ။ သို့မဟုတ် နန်းချယ်ရီစတင်ဖြေလိုက်ပါပြီ။ စကားဖြင့် မဟုတ်။ ရှိုက်သံဖြင့်ပါ။ တအင့်အင့် ကြိတ်၍ရှိုက်ငိုလိုက်မှုကြောင့် နန်းချယ်ရီ၏ ကိုယ်ကလေး သိမ့်သိမ့်ခါနေသည်။ ကျွန်တော့်ရင်တွေ ပူးနစ်နာကျင်လာ၏။

"နန်း ... မငိုပါနဲ့နန်းရယ်၊ မငိုပါနဲ့၊ နန်းငိုတာမြင်ရတာ အစ်ကို့ရင်ကို ဓားနဲ့မွှန်းသလိုပါပဲ၊ နန်းမှာ ဘာပြဿနာတွေရှိနေလဲ၊ အစ်ကိုဖြေရှင်းပေးလို့ ရရင် ဖြေရှင်းပေးမှာပေါ့၊ နန်းအခက်အခဲဟာ အစ်ကို့အခက်အခဲပဲ၊ အစ်ကိုတို့က နှစ်ယောက်တစ်ဘဝပေါင်းကြရမယ့်သူတွေပါ၊ နန်းတစ်ယောက်တည်း ခံစား မနေပါနဲ့၊ အစ်ကိုပါမျှဝေခံစားပါရစေ"

နန်းချယ်ရီ၏ပခုံးသား နုအိအိကလေးကို ညင်သာဖွဖွဆုပ်ကိုင်လျက်



ကျွန်တော်ပြောသည်။ ကျွန်တော့်စကားသံတွေလည်း အက်ကွဲရှတနေသည်။

နန်းချယ်ရီကိုယ်ကလေး ကျွန်တော့်ဘက်သို့ယိမ်းလာသည်။ ကျွန်တော့် ရင်ကို မျက်နှာအပ်လိုက်သည်။ ကျွန်တော့်ခါးကို နန်းချယ်ရီလက်နှစ်ဖက်က နွယ်တွေလို လာ၍ပက်တွယ်သည်။ အငိုသည်းလာသည်။ အားပါးတရ နန်းချယ်ရီငိုချလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ထိတ်လန့်တုန်လှုပ်သွားသည်။

နန်းချယ်ရီ၏ပခုံးကို အလိုက်သင့်ဖေးမပက်ပွေ့ထားမိသည်။

"နန်းငိုနေလို့ အစ်ကိုက ဘာကိုသိမှာလဲ၊ ဘာကိုရင်ဆိုင်ဖြေရှင်းပေး ရမှာလဲ၊ အစ်ကို နန်းကိုချစ်တယ်၊ နန်းပြောတဲ့ စေ့စပ်ကြောင်းလမ်းပွဲကို အစ်ကို့ဘက်က ဖျက်သိမ်းမပေးနိုင်ဘူး။ အစ်ကို နန်းကိုလက်ထပ်မယ်"

နန်းချယ်ရီ ကျွန်တော့်ကို တိုး၍တင်းတင်းဖက်ကာ .....

"အစ်ကို နန်းကို လက်ထပ်လို့မရဘူး။ နန်း လက်မခံဘူး" ဟု ငိုရှိုက် လျက်ပြောသည်။

"ဘာဖြစ်လို့ လက်ထပ်လို့မရရမှာလဲ၊ နန်းက ဘာကြောင့် လက်မခံတာ လဲ၊ နန်း အစ်ကို့ကိုချစ်တယ်ဆို၊ ချစ်တယ်ပြောပြီး လက်ထပ်ဖို့ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

နန်းချယ်ရီ ကျွန်တော့်ရင်မှ မျက်နှာကိုခွာလိုက်ကာ ကျွန်တော့်ကို မော့ကြည့်သည်။ မျက်ရည်ပူတို့ ပြည့်အိုင်လျက်ရှိသော မျက်ဝန်းများမှာ အသနားခံနေသည့်ပမာ။ ပါးပြင်မှာ မျက်ရည်တွေရွှဲရွှဲစိုလျက်။ နှုတ်ခမ်းလေး တွေ တဆတ်ဆတ်တုန်နေသည်။

"အစ်ကို့ကို နန်းချစ်တယ်၊ သိပ်ချစ်ပါတယ်၊ သိပ်ချစ်လို့ အစ်ကို့ကို နန်းလက်မထပ်တာ"

"သိပ်ချစ်လို့လက်မထပ်တာတဲ့လား၊ အစ်ကို ဘာမှနားမလည်ဘူး"

"နားမလည်ချင်ပါနဲ့အစ်ကိုရယ်၊ နန်းကို မေ့ထားလိုက်ရုံသာကြိုးစားပါ"

www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှ အစ်ကိုဘဝကောင်းမှာ"

"ဟာ ... အဓိပ္ပာယ်မရှိတာတွေဘဲ နန်းရယ်၊ နန်းကိုမေ့ထားလိုက်မှ အစ်ကိုဘဝကောင်းမယ်ဆိုတာ လုံးဝအဓိပ္ပာယ်မရှိတာဘဲ၊ နန်းမရှိမှ အစ်ကို့ဘဝက ရှင်ရကျိုးမနပ်တဲ့ဘဝ"

"ဟင့်အင်း ... ဟင့်အင်း၊ နန်းကိုချစ်ရင် နန်းစကားကိုနားထောင်ပါ။ နန်းကိုခွဲသွားပါ"

ကျွန်တော်သည်ခံနိုင်စွမ်းမရှိလောက်အောင် ရင်ထဲမှလှုပ်ရှားလာသည်နှင့် နန်း၏ပခုံးကိုမယုတ္တာ မတ်တတ်ရပ်စေပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီမှာ နန်း၊ နန်းကိုခွဲသွားဖို့ လက်မထပ်ဖို့စကားထပ်မပြောနဲ့ အခုပဲ နန်းမေမေကို ခွင့်တောင်းပြီး အစ်ကို နန်းကိုလက်ထပ်မယ်၊ ဘာမှပြောမနေနဲ့တော့"

နန်းချယ်ရီ အထိတ်တလန့်ခေါင်းကိုသွက်သွက်ခါယမ်းသည်။ ပါးပြင်ပေါ်က မျက်ရည်စက်တွေပင် လွင့်စဉ်ကြွေကျသွားသည်။ ကျွန်တော့်ကို တောင်းပန်ကြည့်ဖြင့် ....

"မဖြစ်ဘူး။ နန်းကို လက်မထပ်နဲ့၊ နန်းကို လက်မထပ်ပါနဲ့၊ နန်း တောင်းပန်ပါတယ်"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ လက်မထပ်ရမှာလဲဆိုတာ ပြောလေ"

"နန်း မပြောပါရစေနဲ့"

"နန်း မပြောလို့မရဘူး၊ မပြောရင် လက်ထပ်ရမယ် .. ဒါပဲ"

နန်းချယ်ရီ မျက်လုံးတွေမှိတ်သွားပြီး ကြိတ်ရှိုက်နေသည်။ အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့်ဖိကိုက်ထားတာမှာ ရင်နှင့်မဆန့်ခံစားနေကြောက်ခဲ့ရပုံ ဖြစ်သည်။



"ပြော ... ပြောလေ နန်း၊ အစ်ကို နန်းကို လက်မထပ်ရဘူးဆိုတဲ့ အကြောင်း"

ကျွန်တော်က ထပ်၍တွန်းအားပေးသည်။ ထိုအခါတွင် နန်းချယ်ရီ အံကိုကြိတ်၍ ပင့်သက်ကိုရှိုက်သွင်းလိုက်သည်။ နန်းချယ်ရီပြောရန် အားယူလိုက်ပြီကို ကျွန်တော်သိလိုက်၏။ နန်းချယ်ရီ ရင်အုံတွေတအိုကြီးလို နိမ့်လိုက်မြင့်လိုက်။

"အစ်ကို နားထောင်ရဲလား"

"ရဲတယ်၊ နားထောင်မယ်"

အင့်ခနဲ တစ်ချက်ထပ်ရှိုက်ပြီးမှ အားတင်းဟန်ဖြင့် ...

"အစ်ကိုတို့ပြန်သွားပြီး နောက်တစ်ပတ်မှာ နန်းသွေးသွားလှူတယ်၊ တိုးအရင်တုန်းကလည်း နန်း ခဏခဏသွေးလှူဖူးတာပဲ၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကသာ နန်းမိုက်ခဲ့ထားရလို့ သွေးမလှူဖြစ်တာ၊ အဲဒီနေ့ကတော့ မေမေတောင်းတဲ့ ကျောင်းသူလေးတစ်ယောက်အတွက် သွေးလိုလို့သွေးလှူဖို့ နန်းသွားတယ်၊ အဲဒီမှာ ...."

နန်း စကားပြတ်သွားပြီး ရှိုက်နေပြန်သဖြင့် ....

"အဲဒီမှာ ဘာ ... ဘာဖြစ်လဲ နန်း"

ကျွန်တော် တုန်လှုပ်ချောက်ချားစွာမေးလိုက်သည်။

"နန်းသွေးကိုစစ်လိုက်တော့ HIV Positive တဲ့အစ်ကို"

"ဟာ ...."

တောင်းကင်ကြီးပြိုကျလာသည်၊ ကမ္ဘာမြေကြီး သွက်သွက်ခါယမ်းသွားသည်။ ကျွန်တော့်ရင်ကို မီးလျှံမီးညွှန့်တွေလာတစ်သည်။ ကျွန်တော့်ကိုယ် စကြာဝဠာထဲသို့ လွင့်မျောသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး။ ဒီကလေးမရဲ့ကိုယ်ကျင့်တရားကို အစ်ကိုကြီးသိတယ်၊ အစ်ကိုကြီးလုံးဝအာမခံတယ်"

"ဒါပေမယ့် နန်းကလည်း လိမ်ညာပြောတာမဟုတ်ဘူး အစ်ကိုကြီး၊ ဒီဆေးရုံကသွေးစစ်ချက်ကို စိတ်မချလို့ တောင်ကြီးကဆေးခန်းကြီးတွေမှာပါ ထပ်စစ်တယ်၊ အားလုံးကအဖြေတူတူပဲ HIV Positive ပဲ"

"အဲဒါ သူ့အပြောလား"

"တရုက်စာတမ်းတွေပါပြတယ် အစ်ကိုကြီး"

"ဘုရား ... ဘုရား၊ ဘယ်လိုများဖြစ်တာပါလိမ့်"

"နန်းကို အစ်ကိုကြီးယုံကြည်သလို ကျွန်တော်လည်းယုံကြည်တယ်၊ နန်းတာ အကျင့်ဖောက်ပြန်တဲ့မိန်းကလေးမဟုတ်ဘူး။ အကျင့်ဖောက်ပြန်လို့ ဖြစ်ရတာမဟုတ်ဘူးဆိုတာ သေချာတယ်၊ ဒါပေမယ့် HIV Positive ဆိုတာကလည်း သေချာတယ်၊ ဒါကြောင့် အကြောင်းရင်းကို ကျွန်တော် စဉ်းစားမရဖြစ်နေတာ"

နန်းယုယုလှိုင်က မျက်နှာအပျက်ပျက်ဖြင့် ဝင်၍ ...

"အစ်ကိုကြီးပြောဖူးတယ်မဟုတ်လား။ သွေးသွင်းတာတွေဘာတွေကနေ ပိုးကူးစက်နိုင်တယ်ဆိုတာလေ" ဟု ထောက်သည်။

"နန်းက သွေးသွင်းဖူးလို့လား"





ဒေါက်တာစိုင်းမောင်က တစ်ခဏစဉ်းစားပြီး ...

"အင်း ... လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဘူအာတက်ပေါက်လို့ အောင်ပန်းဆေးရုံမှာ ဖြတ်ခဲ့တာက်ပြီးခွဲစိတ်ရတယ်၊ အဲဒီတုန်းကသွေးလိုလို့ သွေးသွင်းခဲ့ရဖူးတယ်" ဟု ခပ်လေးလေးပြောသည်။

"အဲဒီတစ်ခါပဲ သွေးသွင်းဖူးတာပါ" ဟု နန်းယုယုလှိုင်က ဖြည့်စွက်၍ ပြောသည်။

"ဆေးရုံမှာသွေးလိုလို့ သွေးသွင်းတဲ့အခါ သွေးလှူရှင်ကို HIV ပိုးရှိမရှိ စစ်ဆေးတယ်မဟုတ်လား"

"စစ်ဆေးတာပေါ့"

"ဒါဆို သွေးသွင်းတာကနေကူးစက်တာရော ဖြစ်နိုင်ပါ့မလား"

ဒေါက်တာစိုင်းမောင်က မျက်ခုံးတွေတွန့်နေအောင်တွေးနေသည်။ ခဏကြာမှ ...

"တစ်ခုတော့ရှိတယ်ကွ၊ နန်းချယ်ရီရဲ့သွေးက အိုသွေး။ ဒါပေမယ့် သူ့အိုသွေးက ပေါ့တစ်မဟုတ်ဘူး။ အာရ်အိပ်ချ်နက်ဂတစ်ကွ၊ အဲဒီသွေးမျိုးက အရမ်းရှားတယ်၊ လူတစ်သောင်းမှာ တစ်ယောက်လောက်ရှိတာ၊ နန်းချယ်ရီကို သွေးသွင်းမယ်ဆိုတော့ အဲဒီသွေးအမျိုးအစားကိုရဖို့ အတော်ကလေး ရှာဖွေခဲ့ရတယ်၊ ဒီလိုလုပ်ကြမယ်ကွာ၊ အစ်ကိုကြီးနဲ့ အောင်ပန်းဆေးရုံအုပ်ကြီးနဲ့ ရင်းနှီးတယ်၊ အစ်ကိုကြီးတို့သွားပြီး မေးမြန်းကြည့်ရအောင်"

"ကောင်းတယ် အစ်ကိုကြီး"

နန်းယုယုလှိုင်က ...

"သွားဆိုလည်း ဒီညမိုးချုပ်နေပြီ၊ မနက်မှပဲသွားလို့ရမယ်၊ ပြောချင်တာက ဒီကိစ္စကို ဖေဖေ့ကို အသိမပေးပါနဲ့ဦးနော်" ဟု အကြံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစိုင်းမောင် မေါင်းညိတ်သလို ကျွန်တော်ကလည်း "စိတ်ချပါ" ဟု ပြောလိုက်သည်။

"ဒီည မမယုက နန်းနဲ့အတူအိပ်ပြီး နန်းကိုအားပေးပေးပါ။ သူစိတ်ဓာတ်တွေ အရမ်းချောက်ချားနေမှာစိုးတယ်"

ကျွန်တော်က စိုးရိမ်တကြီး အကူအညီတောင်းခံသည်ကို နန်းယုယုလှိုင်က သဘောကြိုက်ညီစွာခေါင်းညိတ်လက်ခံသည်။

ထိုညက ကျွန်တော် တစ်ညလုံးအိပ်၍မပျော်ပါ။ ကျွန်တော်နှင့်အတူအိပ်သော ဒေါက်တာစိုင်းမောင်မှာလည်း တလူးလူးတလိမ့်လိမ့်နှင့်ပါ။

အဘယ်ကံကြမ္မာဆိုးသည် ကျွန်တော်တို့ကို ရက်စက်စွာလှည့်စားလာပါသနည်း။ ဇာနည့်တွင် HIV ပိုးဝင်ကာ အေအိုင်ဒီအက်စ်ဖြစ်လာရသည်မှာ သူ့မိုက်ပြစ်ဒဏ်သူခံရခြင်းဖြစ်သည်။ အစ်ကိုလင်းအောင်တွင် HIV ပိုး ရှိနေသည်ဆိုလျှင်လည်း သူပြုခဲ့သမျှအများ၏ရလဒ်ဖြစ်သည်။ မိုးထိအောင်ဖြစ်ခဲ့ရသည်မှာမူ မြေဇာပင်ဖြစ်ပြီး အပြစ်မဲ့လျက်နှင့် ဖခင်၏ဆိုးမွေကိုရရှိခြင်းဖြစ်သည်။ ယခု နန်းချယ်ရီမှာမူ ကံဇာတ်ဆရာက အမြှုံကြီးစွာကြိုးဆွဲလာခဲ့ခြင်းသာ။ မိမိမပြုရသောအမှု၏ကံကို အဘယ်ကြောင့် မိမိခံစားရပါသနည်း။

နန်းချယ်ရီသည် သွေးမှာတွင် HIV ပိုးသေချာရှိနေသည်ဟု သိရှိပြီးနောက် ကျွန်တော့်အား စေ့စပ်ကြောင်းလမ်းပွဲဖျက်ပေးရန် တောင်းပန်စာရေးခဲ့ခြင်းဖြစ်သည်။ ဒါသည်ပင် သူမက ကျွန်တော့်အပေါ်ထားသော ချစ်ခြင်းမေတ္တာတရား၏ နက်ရှိုင်းမှုဖြစ်သည်။ သူမထံမှရောဂါဆိုးကို သူမချစ်သော ကျွန်တော့်အား မခံစားစေချင်သည့်ဆန္ဒစေတနာ။

ယခုလည်း စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းဖို့ကိုပင် အတန်တန် တောင်းဆိုနေခဲ့သည်။ ကျွန်တော် မည်သို့ဆုံးဖြတ်ရမည်နည်း။ အဆုံးအဖြတ်က ကျွန်တော့်အပေါ်တွင်သာ တည်နေပေပြီ။



ကျွန်တော့်ဘက်ကလည်းရှင်းပါသည်။ နန်းချယ်ရီကို ကျွန်တော်ချစ်သည်။ ချစ်၍ နန်းချယ်ရီကို ကျွန်တော်လက်ထပ်မည်။ HIV ရှိရှိ မရှိရှိ၊ အေအိုင်ဒီအက်စ်ဖြစ်ဖြစ် မဖြစ်ဖြစ်။ ကျွန်တော့်အချစ်ကလျော့မသွား။ အပြစ်မဲ့သော သနားဖွယ်ချစ်သူကို ရက်ရက်စက်စက်ကျောခိုင်းသွားရဖို့ဆိုသည်မှာ ကျွန်တော်မည်သို့မျှ စဉ်းစားမရသောအရာ။ ယခုအချိန်တွင် ယခင်ကထက်ပင် နန်းချယ်ရီကို ကျွန်တော်အားပေးနှစ်သိမ့်ဖို့လိုအပ်နေပြီဆိုသည်ကို ကျွန်တော် ခိုင်ခိုင်မာမာလက်ခံထားပြီးဖြစ်ပါ၏။

သို့သော် ....

ကျွန်တော်ချစ်သော နန်းချယ်ရီသည် မကြာမြင့်မီကာလတစ်ခုတွင် ရောဂါဆိုးကြီးဖြင့် လူ့ လောကကိုစွန့်ခွာရတော့မည်ဟူသောအသိက ကျွန်တော့်လုံးသားကို အဆိပ်လူးမြားများဖြင့် မပြတ်မလပ်ပစ်ခွင်းနေသည်။ နန်းချယ်ရီကို ခွဲရတော့မည်၊ နန်းချယ်ရီကို စွန့်ပစ်ရတော့မည်ဟူသောအတွေးက ပျောက်ဖျက်၍မရနိုင်။ မချစ်၍ဝေးကြခွဲကြရမည်မဟုတ်။ ချစ်လျက်နှင့်ဝေးကြခွဲကြရမည့်ဘဝ။

ရင်ထဲတွင် နာကျင်စူးနစ်နေမှုကြောင့် ယောက်ျားရင့်မကြီးဖြစ်သော်လည်း မျက်ရည်များကို မတားဆီးနိုင်။

အမေသာသိလျှင် မည်မျှရင်ထုမနာဖြစ်လိုက်လေမည်နည်း။ ဝင်းမြတ်သာသိလျှင် တောက်တခေါက်ခေါက်ရှိလိမ့်မည်။

အိပ်မရသဖြင့် ဘယ်ညာလူးလိမ့်ရင်းဖြင့်ပင် မိုးလင်းသွားသည်။

မိုးလင်းသည်နှင့် ဒေါက်တာစိုင်းမောင်နှင့် ကျွန်တော်တို့ အောင်ပန်းဆေးရုံအုပ်ကြီးကို တွေ့ဆုံရန်ထွက်လာခဲ့ကြသည်။

ဆေးရုံအုပ်ကြီးကို သူ့ရုံးခန်းမှာ အဆင်သင့်စွာတွေ့ဆုံရသည်။ ဒေါက်တာစိုင်းမောင်က အကျိုးအကြောင်းကိုပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်မှတ်မိတယ် ကိုဝိုင်းမောင်၊ ခင်ဗျားညီမရဲ့ မှတ်မိနေတာရယ် ကျွန်တော်ကိုယ်တိုင် ခွဲစိတ်ပေးခဲ့ရလို့မှတ်မိနေတာရယ်၊ ပြီးတော့ အဲဒီ ကလေးမရဲ့သွေးက ရှားပါးသွေး အာရ်အိတ်ချ်နက္ဂတစ်အိုဖြစ်နေတာရယ် ကြောင့် ကျွန်တော် ကောင်းကောင်းမှတ်မိနေပါတယ်။ သူ့ကို သွေးသွင်းဖို့ သွေးလှူမယ့်သူကိုရှာတော့ တော်တော်နဲ့မရတာလည်းမှတ်မိတယ်၊ အဲဒီနေ့ နဂိုက သွေးလှူရှင်စာရင်းထဲမှာ အာရ်အိတ်ချ်နက္ဂတစ်အိုသွေးရှိတဲ့သူကို ပြန်ရှာပြီး ဆက်သွယ်တော့ ကိုတင်မြဆိုတဲ့သူကိုတွေ့ရတယ်၊ သူကလည်း လိုလိုချင်ချင်ပဲ သွေးကိုလှူတယ်၊ သူ့ကိုသွေးမလှူခင်မှာ ကျွန်တော်တို့က သူ့သွေးကို စစ်ဆေးခဲ့ပါတယ်၊ HIV Negative မို့ ကျွန်တော်တို့က သူ့သွေးကိုယူပြီး ကလေးမလေးကိုသွင်းပေးခဲ့တာပါ။ ဒီထက်သေချာချင်ရင်တော့ ကျွန်တော်တို့ ကိုတင်မြရဲ့လိပ်စာကိုရှာပေးလိုက်မယ်၊ ခင်ဗျားတို့ ကိုတင်မြကိုသွားပြီး တွေ့ကြည့်လိုက်ပါလား။ ကိုတင်မြက လူကောင်းပဲဆိုရင်တော့ သူ့သွေးကနေ HIV ပိုးဝင်လာတာ ဘယ်လိုမှမဖြစ်နိုင်ဘူးပေါ့ဗျာ''

ဆရာဝန်ကြီးကရှင်းပြသည်။

ဆရာဝန်ကြီးရှင်းပြချက်မှာလည်း ငြင်းဆန်စရာမရှိ။ လက်ခံရမည်သာ ဆေးရုံများကလည်း ယခုအခါ သွေးလှူလျှင် သွေးသွင်းလျှင် စနစ်တကျ စစ်ဆေးပြီးမှ သွေးသွင်းခြင်းပြုကြသည်သာ။

ဆရာဝန်ကြီးပေးလိုက်သော လိပ်စာအတိုင်း ကျွန်တော်တို့ ကိုတင်မြကို သွားရှာကြသည်။ တွေ့ပါသည်။ ကိုတင်မြကိုတွေ့လိုက်သောအခါတွင် ကျွန်တော်တို့တွေးဆချက် မှန်ကန်နေကြောင်း ခိုင်မာသွားတော့သည်။

ကိုတင်မြ အေအိုင်ဒီအက်စ်ဝေဒနာရှင်ဖြစ်နေသည်လေ။

''ကျွန်တော်အရင်က သွေးမကြာမခဏလှူခဲ့ဖူးပါတယ်၊ သွေးလှူတိုင်း လည်း ဆေးရုံကစစ်ဆေးပြီးမှ လက်ခံတာပါ။ ဒီက ဆရာဝန်ကြီးရဲ့ ညီမ



လိုတော့လည်း ကျွန်တော့်သွေးအာရ်အိတ်ချ်နက္ဂတစ်အိုကိုရမှဖြစ်မှာမို့ လှူခဲ့ပါ တယ်၊ ကျွန်တော်သွေးလှူတော့ ဆေးရုံက စနစ်တကျစစ်ခဲ့တာလည်း အမှန် ပါ အဲဒီတုန်းက HIV Negative ပါပဲ''

အရိုးပေါ်အရေတင်လျက် ခန္ဓာကိုယ်တွင်ယားနာများဖြင့် မကြာခင် လူ့ လောကကိုစွန့်ခွာရတော့မည့် ကိုတင်မြက အားယူ၍ပြောပြနေသည်။

''အဲဒါဖြင့် ခင်ဗျားက ဘယ်လိုကြောင့် ဒီရောဂါရလာလဲ''

ဒေါက်တာဝိုင်းမောင်က မေးခွန်းထုတ်လိုက်သည်။

''အဲဒါက ဒီလိုပါ။ ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျ ပါတယ်၊ အဲဒီမိန်းကလေးက တစ်ရပ်တစ်နယ်ကဆိုတော့ အရင်က ခပ်ရှုပ်ရှုပ် နေခဲ့တာ ကျွန်တော်မသိခဲ့ဘူးပေါ့ဗျာ၊ သူနဲ့ရပြီး ကျွန်တော်ဒီရောဂါဖြစ်လာ တာပါပဲ၊ သူလဲ ရောဂါဖြစ်ပြီးမကြာခင်က သေဆုံးသွားပါတယ်''

''ခင်ဗျား ဘယ်တုန်းက အိမ်ထောင်ကျတာလဲ''

''ဆရာဝန်ကြီးညီမအတွက် သွေးမလှူမီ နှစ်လလောက်ကပါ''

ကိုတင်မြင့်အိမ်မှပြန်လာသောအခါ ကျွန်တော်တို့မှာ ပဟေဠိများပါလာ သည်။ ကိုတင်မြင့်သည် HIV ပိုးရှိသောမိန်းကလေးနှင့် အိမ်ထောင်ကျသည်။ အိမ်ထောင်ကျပြီးနှစ်လလောက်တွင် သွေးလှူသည်။ သွေးစစ်သောအခါ HIV Negative ပဲဖြစ်သည်။ နောက်တော့ အေအိုင်ဒီအက်စ်ဖြစ်သည်။

ကိုတင်မြင့်သွေးစစ်ချိန်က HIV ပိုးရှိနေသဖြင့်သာ နန်းချယ်ရီကို သွေးသွင်းလိုက်သောအခါ နန်းချယ်ရီကို HIV ပိုးကူးစက်ခံရခြင်းဖြစ်သည် ဖြစ်လျှင် ကိုတင်မြင့်သွေးစစ်ချိန်က HIV Negative ဖြစ်ကြောင်း ဘာ ကြောင့် မပေါ်သနည်း။

www.burmeseclassic.com



ပင်းတယပြန်ရန် ကားဂိတ်တွင်ကားစောင့်နေရင်း ကျွန်တော်တို့ လက်ဖက်ရည်သောက်ကြသည်။ လက်ဖက်ရည်သောက်နေရင်းမှ ဒေါက်တာ မိုင်းမောင် အပြေရှာတွေ့သွားသည်။

"အစ်ကိုကြီး ခုမှအဖြေရတယ်ညီလေး၊ ဒီလိုကွ ... သွေးစစ်တယ်ဆိုတာ ရောဂါပိုးကိုစစ်တာမဟုတ်ဘူး၊ ရောဂါပိုးကြောင့်ဖြစ်လာတဲ့ ပဋိပစ္စည်းကို စစ်တာ၊ အဲဒီပဋိပစ္စည်းထွက်လာဖို့ သုံးလလောက်စောင့်ရတယ်၊ ရောဂါပိုး ကူးခံရပြီးတာမကြာသေးရင် သွေးစစ်ပေမယ့်လည်း ရောဂါပိုးမရှိဘူးလို့ပဲ အဖြေထွက်တယ်၊ အဲဒီသွေးမျိုးသွင်းမိရင် HIV ပိုးရလာနိုင်တာပေါ့၊ ဆိုလိုတာက သွေးစစ်လို့ရတဲ့အဖြေဟာ လွန်ခဲ့တဲ့သုံးလမတိုင်ခင်က အခြေအနေကိုပဲ ပြတယ်ဆိုတာပဲဆိုပါတော့ကွာ၊ ဇူလိုင်လ ၁ ရက်နေ့မှာ သွေးအဖြေက ရောဂါ မရှိဘူးလို့ပြရင် အဓိပ္ပာယ်က မတ် ၃၁ ရက်နေ့အထိ ဒီလူမှာရောဂါပိုးမရှိဘူး လို့ ဆိုလိုတယ်၊ ဧပြီ၊ မတ်၊ ဇွန်လ တစ်လလမှာ ရောဂါပိုးရှိတဲ့သူနဲ့ဆက်ဆံရင် ဇူလိုင်လ ၁ ရက်နေ့မှာ သွေးစစ်လို့မပေါ်နိုင်သေးဘူး"

ကျွန်တော် သဘောပေါက်သွားသည်။

"ဒါဆို ကိုတင့်မြက ဟိုမိန်းမနဲ့အိမ်ထောင်ကျပြီး နှစ်လလောက်မှာ နန်းချယ်ရီကိုသွေးလှူတယ်၊ သွေးစစ်တော့ HIV ပိုးရှိတာမပေါ်ဘူး။ ဒါပေမယ့် သူ့မှာ ပိုးကရှိနေပြီပေါ့၊ ဒါကြောင့် နန်းချယ်ရီဆီကို HIV ပိုးကူးစက်တာပေါ့ နော် အစ်ကိုကြီး"

"အေး အဲဒီလို ကြုံကြိုက်ပြီးဖြစ်ခဲ့တာပဲ၊ ဒီတော့ အစ်ကိုကြီးတို့ ရှေ့ဆက် သတိပြုရမှာက တတ်နိုင်သမျှ သွေးသွင်းကုသမှုကိုရှောင်ကြဖို့ပဲ"

နန်းချယ်ရီ ....။ ကံဆိုးလိုက်တာနန်းရယ်။ ဘယ်ဘဝက ဝဋ်ကြွေးများ ပါခဲ့ပါလိမ့်ကွယ်။

(၂၅)

အောင်ပန်းမှ ပင်းတယသို့ပြန်ရောက်သောအခါ အိမ်ဝ၌ နန်းယုယုလှိုင် ထွက်စောင့်နေသည်ကိုတွေ့ရ၏။ သူမသည်လည်း အခြေအနေအရပ်ရပ်ပေါ်တွင် စိတ်လှုပ်ရှားယောက်ယက်ခတ်နေဟန်ရှိသည်။ ကျွန်တော်တို့ကိုမြင်သည် နှင့် ရပ်နေရာမှ ပြေးလာကာမေးသည်။

"ဘယ်လိုလဲအစ်ကို"

ဒေါက်တာမိုင်းမောင်က ...

"မေမေနဲ့ ညီမလေးရော" ဟု ပြန်မေးသည်။

"မေမေက လိမ်မှောက်ထဲသွားတယ်၊ ညီမလေးက ကျောင်းကပြန်မလာ သေးဘူး"

အိမ်ထဲဝင်လာကြရင်း ဒေါက်တာမိုင်းမောင်က အကျိုးအကြောင်းပြော သည်။

"အစ်ကိုတို့ယူဆတဲ့အတိုင်းပဲ ယု၊ နန်းချယ်ရီကို သွေးသွင်းပေးစဉ်က သွေးလှူခဲ့တဲ့ ကိုတင့်မြဆိုတဲ့သူကို အစ်ကိုကြီးတို့တွေ့ခဲ့ပြီးပြီ၊ သူလည်း အေ့စ်ဖြစ်နေတယ်"

"အို ..."

နန်းယုယုလှိုင် မျက်နှာညှိုးကျသွားကာ မျက်ရည်များဝိုင်းလာသည်။

"ဖြစ်ရလေညီမလေးရယ်" ဟုသော ငိုညည်းသံ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆက်တီမှာ ခြေကုန်လက်ပန်းကျစွာထိုင်ရင်း ငြိမ်နေမိသည်။ ရင်ထဲတွင်ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများကိုချုပ်ထိန်း၍မရနိုင်။

“ညီလေး”

ဒေါက်တာစိုင်းမောင်က ကျွန်တော့်နားသို့ပြောင်းထိုင်ပြီး ခေါ်သည်။ ကျွန်တော်က ဒေါက်တာစိုင်းမောင်ကို ပြန်ကြည့်လိုက်သည်။

“ဘာလဲအစ်ကိုကြီး”

“နန်းချယ်ရီမရှိတုန်း ညီလေးသဘောထားကိုမေးကြည့်ချင်လို့ပါ။ နန်းချယ်ရီကိုလက်ထပ်ဖို့ ညီလေးဘယ်လိုစဉ်းစားလဲ”

ကျွန်တော် အားယူပြုံးလိုက်ပါသည်။

“နန်းကို ကျွန်တော်အမြန်ဆုံးလက်ထပ်မယ် အစ်ကိုကြီး”

“ဘယ်လို ...”

“နန်းကို အမြန်ဆုံးလက်ထပ်မယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီးပြီ”

ဒေါက်တာစိုင်းမောင် ခေါင်းကိုယမ်းခါနေသည်။

“အလောတကြီးမဆုံးဖြတ်ပါနဲ့ ညီလေးရာ၊ နန်းချယ်ရီဘက်က လူကြီးတစ်ယောက်အနေနဲ့ ညီလေးကို နန်းချယ်ရီနဲ့လက်ထပ်ဖို့ မတိုက်တွန်းလိုဘူး။ မကောင်းဆိုလို့ဘူး၊ ဒီ အစ်ကိုကြီးတို့ဘက်က မတရားရာကျတယ်”

“ကျွန်တော် အလောတကြီးဆုံးဖြတ်တာမဟုတ်ဘူး အစ်ကိုကြီး၊ သေသေချာချာစဉ်းစားပြီးမှ အကောင်းဆုံး ဆုံးဖြတ်တာ”

“မဟုတ်သေးဘူးမောင်လေးရယ်၊ နန်းချယ်ရီကိုငဲ့ညှာပြီးမဆုံးဖြတ်ပါနဲ့၊ မယုတို့ဘက်က မောင်လေးကိုနားလည်ပေးရမှာပါ။ ညီမလေးဟာ အခု HIV ပိုးရှိနေပြီ၊ မကြာခင် အေ့ဒ်စ်ရောဂါခံစားလာရတော့မယ်၊ ပြီးရင် ဘဝဆုံးရ



တော့မယ်၊ သူ့ကိုလက်ထပ်ရင် ချမ်းသာသုခမရတဲ့အပြင် မောင်လေးရဲ့ဘဝပါ ဆုံးမှာကွယ့်”

နန်းယုယုလှိုင်ကဝင်ပြောသည်။ သူတို့ဇနီးမောင်နှံ၏စကားမှာ ရင်ထဲက လာသော ကျွန်တော့်အပေါ်ထားသည့်စေတနာစကားများဖြစ်ပြီး တရားမျှတသော လူကြီးစကားများလည်းဖြစ်သည်ကို ကျွန်တော်သဘောပေါက်သည်။

ကျွန်တော် ယတိပြတ်ထပ်ပြောသည်။

“အစ်ကိုကြီးနဲ့ မမယုတို့စေတနာကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုလည်းနားလည်ပေးပါ။ အစ်ကိုကြီးက ဆရာဝန်ဆိုတော့ ပိုသိပါတယ်၊ ဒီလိုရောဂါရှင်တစ်ဦးကို စိတ်ပိုင်းဆိုင်ရာအနေနဲ့ ကျန်တဲ့သူတွေက ဝိုင်းဝန်းပြီးအားပေးနှစ်သိမ့်ဖို့လိုပါတယ်၊ ဒါဟာ သူ့အသက်ရှည်ဆေးပါပဲ၊ ကျွန်တော်ဟာ သူ့ချစ်သူပါ။ ဒီတာဝန်ကို ကျွန်တော်က အဓိကယူရမယ့်သူ မဟုတ်ဘူးလား။ ပြီးတော့ နန်းကိုကျွန်တော်သိပ်ချစ်တယ်၊ နန်းနဲ့လက်ထပ်ရတာဟာ ကျွန်တော့်အတွက်ပျော်ရွှင်သုခပဲ”

“အစ်ကိုကြီးကတော့ စဉ်းစားစေချင်သေးတယ်၊ ညီလေးရဲ့မေမေနဲ့ ညီလေးရဲ့အစ်ကိုတွေကိုပြောပြပြီး တိုင်ပင်စေချင်သေးတယ်”

ထိုအချိန်တွင် နန်းချယ်ရီ အိမ်တံခါးဝ၌ပေါ်လာသည်။ ကျောင်းမှပြန်လာခြင်းဖြစ်သည်။ နန်းချယ်ရီကိုမြင်လိုက်ရသဖြင့် ကျွန်တော်တို့ ပြောလက်စစကားကိုရပ်လိုက်ကြ၏။ ကျွန်တော်က ထိုင်ရာမှထကာ နန်းချယ်ရီဆီသို့လျှောက်သွားပြီး နန်းချယ်ရီလက်ထဲမှကြိုးခြင်းကလေးကို လှမ်းယူလိုက်သည်။

“အစ်ကိုက ကျောင်းကိုတောင်လာကြိုမလို့ စဉ်းစားနေတာ”

နန်းချယ်ရီ ကြည်နူးပြုံးပျော်စေရန် ကျွန်တော်ကပြောလိုက်သော်လည်း နန်းချယ်ရီ၏အပြုံးမှာ ယဲ့ယဲ့လေးမျှဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းယုယုလှိုင်က "မမနဲ့ အစ်ကိုနဲ့ လိုက်လာဘက်သွားကြမလို့ အတော်ပဲ ညီမလေးပြန်ရောက်လာတာ၊ မောင်လေးနဲ့စကားပြောနေရစ်ကြပေတော့" ဟု ပြောပြီး ဒေါက်တာမိုင်းမောင်၏လက်ကိုဆွဲကာ စကားပြန်ပင်မစောင့်တော့ဘဲ ထွက်သွားသည်။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်စကားပြောရန် ရှောင်ပေးသွားခြင်းဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လိုက်သည်။

ကျွန်တော်က နန်းချယ်ရီ၏လက်ကိုဆွဲကာ ဆက်တီတစ်လုံး၌ ထိုင်စေလိုက်သည်။

"နန်း ထိုင်ပြီးအမောဖြေလိုက်ဦး၊ နန်းသောက်ဖို့ အစ်ကိုရေခပ်ပေးမယ်"

ပြောပြောဆိုဆို ရေသွားခပ်ရန် လှည့်ထွက်လိုသည့်ကျွန်တော့်ကို နန်းချယ်ရီက လက်ကိုလှမ်းဆွဲသည်။

"အစ်ကို ဘယ်လိုဖြစ်နေတာလဲ၊ နန်းကို ဘာကြောင့် ဒီလောက်ဂရုစိုက်နေရတာလဲ" ဟုလည်းမေးသည်။ မျက်နှာနွမ်းနွမ်းကလေးထက်မှ မျက်လုံးကလေးများက အနည်းငယ်တောက်လက်နေသည်။

နန်းချယ်ရီဘေးတွင် ကျွန်တော်ပူးကပ်၍ထိုင် ချလိုက်သည်။

"နန်းနဲ့လက်ထပ်ပြီးတဲ့အခါ နန်းကျောင်းကပြန်လာရင် ကြိုဆိုဖို့တွေ၊ နန်းအမောပြေဖို့တွေကို အစ်ကိုက အခုကတည်းကတွေးပြီး လေ့ကျင့်နေတာလေ"

"ဘယ်လို – အစ်ကို"

နန်းချယ်ရီ၏ တအံ့တသြဟန်ကလေး၊ နှုတ်ခမ်းလေးတွေဟလျက်၊ မျက်လုံးကလေးတွေဝိုင်းလျက်။

"နန်းနဲ့လက်ထပ်ပြီးရင် အစ်ကိုက အမြဲဒီလိုကြိုမှာလို့ပြောတာ"

"နန်းနဲ့လက်ထပ်မယ်"



"ဟုတ်တယ်လေ၊ နန်းနဲ့လက်ထပ်ဖို့ အစ်ကိုကြီးနဲ့ မမယုတို့ပြောပြီး ရက်တောင်ရွေးပြီးပြီ"

"တင် ... အစ်ကို ဘာတွေလုပ် ...."

နန်းချယ်ရီ၏ စကားကိုဖြတ်ကာ ....

"ဘာမှပြောမနေနဲ့၊ အရင်က ဓါမဝင်ခင်လောက်မှာ လက်ထပ်မယ်လို့ နန်းနဲ့အစ်ကို သဘောတူထားတာမဟုတ်လား၊ အခု အစ်ကိုက အဲဒီအချိန်ထိ မစောင့်နိုင်တော့ဘူး၊ နန်းနဲ့ တစ်စက္ကန့်လေးမှမခွဲနိုင်တော့ဘူး။ ဒါကြောင့် အမြန်ဆုံးလက်ထပ်မယ်၊ နန်းကျောင်းမပိတ်ခင် လက်ထပ်မယ်" ဟု ဆက်တိုက်ပြောချလိုက်သည်။

"အစ်ကို ... နန်း သဘောမတူဘူး"

နန်းချယ်ရီ ဝုန်းခနဲထရပ်သည်။ ကျွန်တော်ပါ လိုက်၍ရပ်လိုက်ကာ နန်းချယ်ရီ၏ပခုံးကိုဆုပ်ကိုင်၍ မျက်နှာချင်းဆိုင် မျက်လုံးချင်းဆုံလိုက်သည်။

"ဒီမှာနန်း၊ အစ်ကိုက နန်းကိုချစ်တယ်၊ နန်းက အစ်ကို့ကိုချစ်တယ်၊ ဒီအချစ်တွေကို ဘယ်အရာကမှတားဆီးလို့မရဘူး"

"မဟုတ်သေးဘူးအစ်ကို"

"ဘာမဟုတ်တာလဲ၊ နန်းက အစ်ကို့ကိုလက်မထပ်ဘူးလို့ ငြင်းချင်လို့လား၊ ငြင်းရဲရင်ငြင်းကြည့်လေ၊ နန်းငြင်းလိုက်တာနဲ့ နန်းနဲ့အစ်ကို ပထမဆုံးဆုံခဲ့တဲ့ ဘဝသံသရာတံတားကိုသွားပြီး အစ်ကိုခုန်ချလိုက်မှာပဲ၊ ကဲ ဘယ်လိုလဲ ပြော"

"အစ်ကို ဒါ နန်းကိုအကြပ်ကိုင်တာပဲ"

"နန်း ဘယ်လိုထင်ထင် အစ်ကိုဂရုမစိုက်ဘူး၊ အစ်ကို နန်းကိုချစ်တယ်၊ လက်ထပ်မယ် ... ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ..."

နှန်းမျက်လုံးတွေထဲမှာ မျက်ရည်တွေစိမ့်အိုင်လာပြီး အစ်ကိုဟူသော ခေါ်သံမှာ ငိုသံပါလာသည်။

"ဘာလဲနှန်း"

"အစ်ကိုစဉ်းစားရဲ့လား။ နှန်းကိုလက်ထပ်လို့ အစ်ကိုပျော်ရွှင်ချမ်းမြေ့ရမှာလား"

"နှန်းက သေလူလေအစ်ကိုရဲ့"

"အို ... အစ်ကိုလည်းသေလူပဲ၊ ဘယ်သူမှ သေမီရတာရားကိုမလွန်ဆန်နိုင်ဘူး"

"နှန်းကို အေအိုင်ဒီဓါတ်စစ်ဖြစ်မှာ၊ နှန်းဆီက အစ်ကိုရောဂါကူးမှာလေ၊ အစ်ကိုပါ အဲဒီရောဂါနဲ့သေမှာလေ"

"ကူးပစေ .. သေပစေ"

"မိုက်ချင်စမ်းပါနဲ့အစ်ကိုရယ်၊ သဘာဝကျကျစဉ်းစားပါ။ နှန်းက အစ်ကို့ ရဲ့မယားအဖြစ်နဲ့ မပြုစု မယုယနိုင်မယ့်တာကို"

"မဟုတ်ဘူး။ နှန်းရဲ့ ပြုစုယုယမှုကို အစ်ကိုကလိုချင်တာမဟုတ်ဘူး။ အစ်ကိုက နှန်းကိုပြုစုယုယချင်တာ၊ ဒီမှာနှန်း ... အစ်ကို့ကို နှန်းလက်ထပ်ရုံပဲ လက်ထပ်၊ အဲဒါဆို အစ်ကို့အဖို့ အားလုံးပြည့်စုံသွားပြီ"

"အစ်ကို စိတ်ဆင်းရဲရမှာ ..."

"နှန်း လက်ထပ်ဖို့ငြင်းမှသာ အစ်ကိုစိတ်ဆင်းရဲရမှာပါ"

"အစ်ကိုရယ် ..."

နှန်းချယ်ရီက ငြိုင်ပြောစရာစကားမရှိတော့သလို ထိုင်ခုံမှာပြန်ထိုင်ချလိုက်သည်။ ပြီး မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ တသိမ့်သိမ့်ရှိုက်လိုက်သည်။



"နှန်းကို မနိုပ်စက်ပါနဲ့အစ်ကိုရယ်၊ နှန်းကိုချစ်ရင်ခွဲသွားပါ"

နှန်းချယ်ရီရှေ့၌ ကျွန်တော်ထိုင်လိုက်သည်။ နှန်းချယ်ရီ၏လက်ကလေးများကို ဖယ်ရှားပြီး ပါးပြင်ပေါ်မှမျက်ရည်စက်များကို ကျွန်တော့်လက်ချောင်းကလေးများဖြင့် ပွတ်သုတ်ပေးလိုက်သည်။

"နှန်း ဘာမှတွေးမနေနဲ့ နှန်း အစ်ကို့အချစ်ကိုယုံ၊ အစ်ကို့ကိုချစ်ရင် အစ်ကို့စကားကိုနားထောင်၊ ဒီအချိန်မှာ သိကြားမင်းကြီးဆင်းတားလည်း အစ်ကို့ဆုံးဖြတ်ချက်ကို အစ်ကိုမပြင်တော့ဘူး။ ဒီတော့ အဆိုတိုက်စမ်း။ ပြုံးနိုင်အောင် ကြိုးစားစမ်း။ အရာရာကို နှန်းနဲ့အတူ အစ်ကိုလက်တွဲပြီးရင်ဆိုင်မယ်၊ ဝမ်းနည်းစရာတွေသေးဖယ်လိုက်၊ စိတ်အားငယ်တာတွေ မြောင်းထဲကိုပစ်လိုက်၊ တုတ်ပြီလား။ ကဲ ... ပြုံးစမ်းပါ။ အစ်ကို့ကိုချစ်ရင် ပြုံးလိုက်စမ်းပါ"

"အစ်ကိုရယ် ..."

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ရန်ကုန်ကိုပြန်ရောက်ပြီးနောက် နန်းချယ်ရီနှင့်လက်ထပ်ရေးကိစ္စကို ပထမဆုံး အမေနှင့်ဆွေးနွေးရသည်။

နန်းချယ်ရီတွင် HIV ပိုးရှိကြောင်း၊ ထို့ကြောင့် နန်းချယ်ရီက စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခြင်းဖြစ်ကြောင်းနှင့် ကျွန်တော်ကမူ နန်းချယ်ရီကို လက်ထပ်ချင်ကြောင်း ပွင့်ပွင့်လင်းလင်းရှင်းပြလိုက်သောအခါ အမေ့ထံမှ ကန့်ကွက်သံထွက်လာမည်ဟု မျှော်လင့်ထားခဲ့သော်လည်း ...

"သနားစရာကောင်းတဲ့ကလေးမလေး" ဟု အမေ၏ကရုဏာသံ ဦးစွာထွက်လာပြီး ....

"သား နန်းချယ်ရီကိုလက်ထပ်ပါ၊ အမေ သဘောတူပါတယ်" ဟု အထစ်အငေါ့ အတုံ့အဆိုင်းမရှိ အဖြေပေးလေသည်။

"အမေ တကယ်သဘောတူတာနော်" ဟု ဝမ်းသာအားရ ကျွန်တော်က အတည်ပြုချက်တောင်းခံသည်။ အမေက ကျွန်တော့်ခေါင်းကိုပွတ်ပြီး သူမ၏ရင်ခွင်ထဲသို့ဆွဲသွင်းကာ ...

"အမေက နန်းချယ်ရီကို သမီးကလေးလိုချစ်တယ်၊ အမေ့သမီးကလေးလိုပဲ စာနာတယ်၊ ဒါကြောင့် နန်းချယ်ရီကိုလက်ထပ်ဖို့ သားကို အမေ တိုက်တွန်းတယ်၊ သဘောတူရုံမကဘူး၊ တိုက်တွန်းတာ"





"အမေရယ် ..."

"သား ... သားဟာ ပညာတတ်တစ်ယောက်ပါ၊ စာရေးဆရာတစ်ယောက်ပါ၊ သား အမေဟာလည်း အမြင်မကျဉ်းပါဘူးကွယ်၊ နန်းချယ်ရီက ဒီရောဂါရလာရင် နှစ်အပိုင်းအခြားအနည်းငယ်အတွင်းမှာ လူလောကကို စွန့်ခွာရတော့မှာပဲ၊ သားက သူ့ကိုချစ်တယ်ဆိုရင် သစ္စာရှိတဲ့ယောကျ်ားကောင်းတစ်ယောက်ဆိုရင် သူ့ဘေးမှာ သူ့အသက်ရှုနေသရွေ့ လက်တွဲအားပေး နှစ်သိမ့်ရမှာပေါ့၊ မဟုတ်ဘူးလား၊ ပြီးတော့ နန်းချယ်ရီ ဒီရောဂါဖြစ်လာရတာ သူ့ရဲ့ကိုယ်ကျင့်တရားဖောက်ပြန်မှုကြောင့်မှမဟုတ်တာ၊ သားကသာ သူ့ကို လက်တွဲဖြုတ်လိုက်မယ်ဆိုရင် နန်းချယ်ရီဟာ အပြစ်မရှိဘဲနဲ့ ပြစ်ဒဏ်နှစ်ခါခံရတာ ဖြစ်သွားမှာပေါ့ကွယ်"

စိတ်ထားပြည့်ဝလွန်းလှသော အမေ့အသည်းနှလုံးကို ကျွန်တော်ဦးချလိုက်မိသည်။

"အမေရယ်၊ အမေ့သားဖြစ်ရတာ ကျွန်တော်အရမ်းကျေနပ်တယ်"

ထိုကိစ္စနှင့်ဆက်စပ်ပြီး အစ်ကိုလင်းအောင်ကို ပြောပြတိုင်ပင်သောအခါ...

"အစ်ကို ဘာမှမပြောချင်ဘူး၊ မင်းဘာသာကောင်းသလိုပဲ စဉ်းစားဆုံးဖြတ်ပါ၊ မင်းလဲ အရွယ်ရောက်နေပြီပဲ" ဟု ဦးစွာပြောသည်၊ ပြီးမှ ...

"နန်းချယ်ရီကို အစ်ကိုကိုယ်ချင်းစာပါတယ်၊ အစ်ကိုလည်း HIV ပိုးရှိနေတဲ့သူလေ၊ အစ်ကိုဘယ်လောက်သွေးပျက်နေတယ်ဆိုတာ အစ်ကိုဘာသာသိတယ်၊ ဒါပေမယ့် အစ်ကိုကယောကျ်ားလေ၊ နန်းချယ်ရီက မိန်းကလေး၊ သူဘယ်လောက်အားငယ်တုန်လှုပ်နေမလဲဆိုတာ အစ်ကိုနားလည်တယ်၊ ဒီအချိန်မျိုးမှာ ညီညီ သူ့ဘေးမှာရှိသင့်တယ်" ဟု ဆက်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနဲ့မမှုယာရော အဆင်ပြေကြရဲ့လား"

"ပြေတယ်ဆိုကြပါစို့ကွာ"

ဝင်းမြတ်သဘောထားမှာမူ အမေနှင့်အစ်ကိုလင်းအောင်တို့နှင့် ပြောင်းပြန်ဖြစ်သည်။

"ဟော့ကောင် နေဝေ ဒါ မင်းက သူရဲကောင်းလုပ်တာပဲ၊ ဒါပေမယ့် ငါ့အမြင်ကတော့ ဒါဟာ မိုက်ရူးရဲလုပ်ရပ်ပဲကွ"

ကျွန်တော့်ကို တစ်ချိန်လုံးနားလည်မှုရှိခဲ့သော သူငယ်ချင်းသည် ယခု တစ်ကြိမ်၌ ကျွန်တော်နှင့် အရှေ့အနောက် ပြောင့်ပြောင့်ကြီးဆန့်ကျင်နေသည်။

"ငါက သူ့ချစ်သူလေကွာ၊ ပြီးတော့ နန်းချယ်ရီက အပြစ်မဲ့သားကောင် ဖြစ်ခဲ့ရတာ၊ မင်းပြောသလိုဆို ငါက နန်းချယ်ရီကို ရက်စက်ရမယ့်ပုံပဲ"

"တ – မင်းစဉ်းစားလေ၊ သူသေတာနဲ့ မင်းလိုက်သေရမှာလား။ ဒါ အဓိပ္ပာယ်မရှိတာ၊ နှလုံးသားအလိုချည်းမလိုက်နဲ့၊ ဦးနှောက်နဲ့လည်း စဉ်းစားဦး"

"ဒီဆုံးဖြတ်ချက်ဟာ နှလုံးသားအလိုတစ်ခုတည်းနဲ့ ချထားတာမဟုတ်ဘူး ဝင်းမြတ်၊ ဦးနှောက်နဲ့ပါ စဉ်းစားဆင်ခြင်ပြီးမှချထားတာ"

"နေဝေရာ … မင်း အချစ်ကြောင့် မျက်စိကန်းနေပြီ"

"မင်း သုံးသပ်ချင်သလို သုံးသပ်ပေတော့ကွာ၊ ငါကတော့ ယတိပြတ် ဆုံးဖြတ်ပြီးသွားပြီ"

"ငါက မင်းကို စေတနာနဲ့သတိပေးတာပါ။ အမြင်မတူတာတော့ မတတ်နိုင်ဘူး"



"မင်းစေတနာကို ငါနားလည်ပါတယ် သူငယ်ချင်း။ ဒါပေမယ့် မင်းက ငါ့အတွက် တစ်ခုတည်းကြည့်လို့ ဒီလိုမြင်တာပါ။ နန်းချယ်ရီက မင်းညီမလေးဆိုရင် မင်းဒီလိုမြင်မှာမဟုတ်ဘူး"

ရုတ်တရက် ဝင်းမြတ်စကားမပြန်နိုင်ဘဲ ငြိမ်သွားသည်။

ကျွန်တော်က မေးခွန်းတစ်ခုထုတ်လိုက်သည်။

"မင်း ငါ့မင်္ဂလာဆောင်ကို လိုက်မှာလား … မလိုက်ဘူးလား"

သူ့အဖြေမြန်သည်။

"လိုက်မှာပေါ့ကွာ"

"ခွေးကောင် … ဒါနဲ့များ"

www.burmeseclassic.com

www.burmeseclassic.com

# (၂၇)

ဇေ့စပ်ကြောင်းလမ်းစဉ်က ပြောခဲ့ဆိုခဲ့ ဆွေးနွေးခဲ့ကြသည့်အတိုင်း မင်္ဂလာပွဲကလေးကို ခပ်ကျဉ်းကျဉ်းပင် ကျင်းပဖြစ်ခဲ့သည်။ တရားရုံးမှာ လက်မှတ်ထိုးသည်။ မင်္ဂလာဆွမ်းကပ်သည်။ မိတ်ရင်းဆွေရင်းအချို့ကိုဖိတ်၍ ညည့်ခံကျွေးမွေးသည်။ ဆေးရုံတွင် အေအိုင်ဒီအက်စ်ရောဂါကင်းစင်ရေး ကုသရေး လုပ်ငန်းများအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းသည်။

အမေကိုယ်တိုင် နန်းချယ်ရီကို အလှဆုံးဖြစ်အောင် ဝိုင်းဝန်းပြင်ဆင်ပေးသည်။ HIV ပိုးရှိနေသူတစ်ဦးအဖြစ်ကို နန်းချယ်ရီလုံးဝမေ့နေစေရန် အမေက တရင်းတနှီး လက်ပွန်းတတီးနေပေးသည်။ ကျွန်တော့်ကို နန်းချယ်ရီ လက်ထပ်ရေးအား ပျစ်ပျစ်နှစ်နှစ်ဝေဖန်ခဲ့သည့် ဝင်းမြတ်သည်ပင် နန်းချယ်ရီကို စလိုက်နောက်လိုက်ဖြင့် ပြုံးပျော်စေခဲ့သည်။

နန်းချယ်ရီ၏အဖြစ်ကိုမသိသော ဇခင်ဦးမောင်လှိုင်မှာ ကျေနပ်ပြုံးဖြင့်။ အဖြစ်မှန်များကို သိထားခဲ့ကြသည့် ဒေါက်တာစိုင်းမောင်နှင့် နန်းယုယုလှိုင် တို့မှာမူ အပူရုပ်ကိုဟန်လုပ်၍ ပြုံးနေခဲ့ကြရရှာသည်။

နန်းချယ်ရီသည်လည်း ကျွန်တော်တို့တတွေ၏ နွေးနွေးထွေးထွေး ဝိုင်းဝန်းဆက်ဆံမှုကြောင့် ပျော်ရွှင်နေပုံရသည်။ ဟိုယခင် နန်းချယ်ရီကို ကျွန်တော်မြင်ခဲ့တွေ့ခဲ့ရသလို မျက်နှာကလေးကြည်စင်ပြီး မျက်လုံးကလေး များ တောက်ပြောင်နေသည်။ အပြုံးပွင့်ဝင်းဝင်းကလေးကလည်း အထင်း သား။ ကျွန်တော်ဆုပ်ထားသော နန်းချယ်ရီ၏လက်ကလေးတွေမှာ နွေးနွေး၊





နန်းချယ်ရီကလည်း၊ ကျွန်တော့်လက်မောင်းကို မှီတွယ်ထားသည်မှာ လွတ်ထွက်သွားမှာစိုးသည့်အလား။

"အစ်ကိုညီနဲ့ ညီမလေးကတော့ တကယ်လိုက်ဖက်တယ်ပေါ့၊ တကယ့် နေနဲ့လ ရွှေနဲ့မြပဲ" ဟု အစ်ကိုကြီး ဒေါက်တာစိုင်းမောင်က ကျွန်တော်တို့ လက်များကိုဆုပ်ကိုင်ကာပြောသည်။

နန်းယုယုလှိုင်က "ညီမလေးက ခုမှလှကြီးဖြစ်သွားတာ၊ ရင့်ကျက် တည်ငြိမ်မှုပိုလာတယ်၊ ပျော်ရွှင်တဲ့မင်္ဂလာဘဝလေးဖြစ်ပါစေ" ဟု မင်္ဂလာ စကားပြောသည်။

နန်းချယ်ရီတို့ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက 'နန်းချယ်ရီဟာ အဆင်းရော အချင်းပါလှတဲ့သူပါ။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာ နဲ့ ဆရာမကောင်းတစ်ယောက်ဖြစ်ခဲ့သလို ဇနီးမယားကောင်းတစ်ယောက် လည်း ဖြစ်မယ်လို့ ဆရာမကြီးယုံကြည်ပါတယ်၊ တစ်ဦးကိုတစ်ဦး နားလည်မှု အုတ်မြစ်ပေါ်မှာ မေတ္တာတွေ၊ သစ္စာတွေတည်ပြီး တုနှစ်ကိုယ်တိုင်းပြည်ကို ထူထောင်နိုင်ကြပါစေကွယ်" ဟု ကဗျာဆန်စွာမှာကြား၍ ဆုမွန်ကောင်း တောင်းသည်။

အမေက "သမီးက အမေ့သမီးဖြစ်သွားပြီ၊ သားကို အမေမပိုင်တော့ဘူး၊ သမီးပိုင်သွားပြီ၊ သမီးလက်ကိုအပ်လိုက်ပြီ၊ မလိမ္မာရင်ဆုံးမပေတော့" ဟု ရယ် စကားတစ်ဝက်ဖြင့် နန်းချယ်ရီ၏လက်မောင်းကလေးကိုကိုင်ကာပြောသည်။

ဝင်းမြတ်က "အတူနေမှ ရန်ကုန်သားအကျင့်မကောင်းတာကို နန်းချယ်ရီသိလာမှာ၊ ဒီကောင်က အိမ်သာတက်ပြီးရင် လက်မဆေးတတ်ဘူး၊ ညအိပ်ရင်ဟောက်တတ်တယ်၊ ရေချိုးပျင်းတယ်၊ ဆောင်းတွင်းဆိုရင် တစ် ဆောင်းလုံးမှ ရေတစ်ခါလောက်ပဲချိုးတာ၊ အဲဒီအကျင့်တွေကိုစိတ်ရှည်ရှည်နဲ့ ပြုပြင်ယူပေတော့" ဟု အရွှတ်အနောက်များဖြင့် ပွဲစည်အောင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီက ဘာမျှပြန်မပြောဘဲ ပြုံးရုံကလေးသာပြုံးလျက် ကျွန်တော့်ကို ကြည့်လိုက်၊ ပြောသူကိုကြည့်လိုက်လုပ်နေ၏။

နန်းချယ်ရီ၏ဝခင်နှင့် ကျွန်တော်၏အမေကို ကျွန်တော်တို့နှစ်ယောက်ကန်တော့ကြပြီးနောက် "ကဲ - ကဲ - သားနဲ့သမီး သွားပြီးအနားယူကြတော့၊ တစ်နေ့လုံးပင်ပန်းနေတာ" ဟု အမေကခွင့်ပေးစကားဆိုသည်။ ကျွန်တော်တို့ကို လွတ်လပ်စွာ ပျော်ရွှင်စာနေခွင့်ရရန် ဖန်တီးပေးလိုက်ခြင်းပင်ဖြစ်၏။

ကျွန်တော်တို့ အိပ်ခန်းထဲဝင်မည်ပြုသောအခါ ဝင်းမြတ်က —

"ကြိုးတားရမယ်လေ၊ အစ်ကိုကြီးနဲ့ဒါတို့ ဒီညသောက်ဖို့စားဖို့မရရင် အခန်းထဲဝင်ခွင့်မပြုနိုင်ဘူး" ဟု အခန်းဝကပိတ်၍နောက်နေပြန်သေးသည်။

"ကြိုးတားတယ်ဆိုတာ ရွှေကြိုးနဲ့တားရတာယ်၊ တို့ဝင်းမြတ်က ဘာကြိုးနဲ့မှမတားဘဲ ပါးစပ်နဲ့ပဲတားနေတာ မရဘူး"

နန်းချယ်ရီစကားတွေမှာ ပျော်ရွှင်မှုတွေပါနေသည်ကိုကြည့်ပြီး ကျွန်တော့်ရင်မှာ ပေါ့ပါးလန်းဆန်းနေသည်။

"အလကားနောက်တာပါဗျာ၊ မတားပါဘူး။ သူများကိုတားလို့ ကျွန်တော့်အလှည့်ကျရင် ဝင့်လည်မှာစိုးပါတယ်"

"ဗိုကာတွန်းရာ ဒီတစ်သက် မင်းက မိန်းမရမှာများကျနေတာပဲ"

ကျွန်တော်ဝင်နောက်လိုက်သဖြင့် အားလုံးရယ်ကျသွားသည်။ နန်းချယ်ရီက ပါးစပ်ကိုလက်ဖြင့်ကွယ်၍ ရယ်နေသည်။

"ပြောထားဦးပေါ့ကွာ၊ တစ်ပြိုင်တည်း သုံးလေးယောက်ကိုယူပြလိုက်ဦးမယ်"

ဝင်းမြတ်စကားကြောင့် အရယ်တွေဆက်သွားရပြန်သည်။

ကျွန်တော်တို့အိပ်ခန်းတွင်းဝင်လာခဲ့သောအခါ နန်းချယ်ရီက ကျွန်တော့်လက်မောင်းကိုပက်တွဲယ်ထားသည်။ မင်္ဂလာခုတင်နားရောက်သောအချိန်တွင်



နန်းချယ်ရီသည် ကျွန်တော့်လက်ကိုဖြုတ်၍ ကျွန်တော်၏ရှေ့တည့်တည့်တွင် ရပ်သည်။ ကျွန်တော့်မျက်နှာကို ပြုံးကြည့်စွာကြည့်သည်။

"နန်း ဒီနေ့အရမ်းပျော်တယ် အစ်ကို"

"အစ်ကိုလည်းပျော်တယ်"

"အစ်ကို့ကို ကျေးဇူးတင်ပါတယ်၊ အမြိုက်ကာလတိုတိုကလေးအတွင်းမှာ ဆုံတွေ့ပြီး ချစ်သူဖြစ်လို့ အစ်ကိုနဲ့စေ့စပ်ကြောင်းလမ်းခဲ့ရပေမယ့် အစ်ကိုတာ နန်းပျော်လင့်သလို နန်းကိုချစ်ပါ့မလားလို့ တွေးပူခဲ့တာ၊ ခုတော့ နန်းမျှော်လင့်တာထက်ပိုပြီး အစ်ကိုက နန်းကိုချစ်ကြောင်းသိခဲ့ရတယ်လေ၊ နန်းလည်း ကံကောင်းတာပဲနော်"

"အစ်ကိုကမှကံကောင်းတာ၊ ဒီလောကချော၊ ဒီလောကလှ၊ ဒီလောက်မနောဖြူတဲ့ရှမ်းမလေးကို ရခဲ့လို့လေ"

"အစ်ကို"

"ဘာလဲ နန်း"

"အစ်ကို့ကို နန်းအားနာတယ်"

"ဟင် .. ဘာဖြစ်လို့"

ကြည့်ရင်း ကြည့်ရင်းမှာပင် နန်းချယ်ရီမျက်ရည်ဝဲလာသည်ကို မြင်လိုက်ရသဖြင့် ကျွန်တော်တုန်လှုပ်သွားသည်။ နန်းချယ်ရီ၏ပါးကလေးနှစ်ဖက်ကို ကျွန်တော့်လက်နှစ်ဖက်ဖြင့် ညှပ်၍အုပ်ကိုင်လိုက်ပြီး နန်းချယ်ရီမျက်နှာကို ကျွန်တော် စိန်းစိန်းကြည့်လိုက်သည်။

"အစ်ကို့ဘက်ကပေးအပ်ခဲ့မှုတွေ အပြည့်အဝရှိပေမဲ့ နန်းဘက်က အစ်ကို့ကို ပြည့်စုံအောင်မပေးအပ်နိုင်ဘူး။ အဲဒီအတွက် နန်းဘက်က အရမ်းခံစားရတယ်"

www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီဆိုလိုသည်ကို ကျွန်တော်သဘောပေါက်သည်။ နန်းချယ်ရီ ဖြေသိမ့်နိုင်မည့်စကားကို ကျွန်တော်လျှပ်တပြက်ရွေးချယ်လိုက်ရသည်။

"နန်း အစ်ကိုကို လက်ထပ်လိုက်တာဟာ အစ်ကိုကို နန်းဘက်က ပေးအပ်တာပဲလေ"

နန်းချယ်ရီ ခေါင်းကိုဖြည်းဖြည်းညင်ညင် ခါယမ်းသည်။

"အစ်ကိုရဲ့ ဇနီးမယားတစ်ယောက်အနေနဲ့ အစ်ကိုကို အပြည့်အဝ မပြုစုမယုယနိုင်ဘူးလေ"

ကျွန်တော်သည်လည်း ခေါင်းကိုပြန်လည်ယမ်းပြလိုက်သည်။

"အစ်ကိုပြောခဲ့ပြီးပြီလေ ... နန်းရဲ့ ပြုစုယုယမှုကိုလိုချင်လို့ နန်းကို လက်ထပ်တာမဟုတ်ဘူး။ နန်းကို အစ်ကိုကပြုစုယုယချင်လို့ လက်ထပ်တာ"

"ဒါပေမယ့် နန်းရဲ့ဝတ္တရား ..."

နန်းချယ်ရီ၏နှုတ်ခမ်းလေးကို ကျွန်တော့်လက်ညှိုးကလေးတပ်၍ ရပ်တန့်စေလိုက်သည်။

"ဟိုး ... တော်ပြီ၊ နန်း ဘာမှဆက်မပြောနဲ့တော့၊ ဒီနေ့ အစ်ကိုပျော်နေတယ်၊ နန်းလည်းပျော်တယ်မဟုတ်လား။ ပြီးပြီ၊ ကဲ နန်းအဝတ်အစားတွေလဲတော့၊ အဝတ်အစားလဲပြီးရင် နားလိုက်"

နန်းချယ်ရီ၏နဖူးပြင်ကလေးကို ကျွန်တော် ဖွဖွညင်ညင်နမ်းလိုက်သည်။

"အစ်ကိုရယ် ..."

ထိုညသည် မင်္ဂလာဦးညဖြစ်သည်။ မင်္ဂလာခုတင်ကြီးမှာ နန်းချယ်ရီနှင့် ကျွန်တော်တို့ အိပ်စက်ကြသည်။ နန်းချယ်ရီ၏ကိုယ်ကလေးကို ကျွန်တော် အချိန်အတန်ကြာပွေ့ဖက်၍ နန်းချယ်ရီအိပ်ပျော်အောင်ချော့သိပ်ရသည်။

နန်းချယ်ရီနှင့် ကျွန်တော်သည် မောင်ရင်းနှမပမာ။

(၂၀)

ကျွန်တော် အိပ်ရာမှနိုးလာချိန်တွင် ကျွန်တော့်ဘေး၌ နန်းချယ်ရီမရှိ၊ နန်းချယ်ရီ ဘယ်ရောက်နေပါသနည်း။ အိပ်ရာမှထသွားလေပြီလား။

အချိန်က ငါးနာရီလောက်ပဲရှိပါလိမ့်ဦးမည်။ မိုးမလင်းသေးပါ။ ပြီတော့ ပင်းတယ၏ဆောင်းနှောင်းက အအေးဓာတ်ကဲလွန်းနေသည်မို့ အိပ်ရာထဲ ကွေးနေဖို့ကောင်းသေးသည်။ ကျွန်တော့်ကိုယ်ပေါ်မှာတော့ နန်းခြုံပေးခဲ့ဟန်ရှိသည့် စောင်ထူထူကြီးတွေ အထပ်ထပ်။

ထိုစောင်ထူထူကြီးများကိုဖယ်ရှား၍ ကျွန်တော်အိပ်ရာမှထလိုက်သည်။ ခုတင်ပေါ်မှာဆင်းလိုက်သည်။ စောင်ခွာလိုက်သည်နှင့် အချမ်းကသည်းလာသည်။ ကျွန်တော့်ကိုယ်ကလေးပင် တုန်ယင်နေသည်။ ဝတ်ထားသော ခေါင်းစွပ်သိုးမွေးဆွယ်တာက ပင်းတယဆောင်းနှင့်မရင်းနှီးသေးသော ညှိသည်ကျွန်တော့်အား လုံလောက်အောင် နွေးထွေးမှုမပေးနိုင်။

သို့သော် နန်းချယ်ရီ ဘယ်သွားသည်ဆိုသည်ကိုသိလိုသဖြင့် ကျွန်တော် အိပ်ခန်းတံခါးကိုတွန်းဖွင့်၍ ထွက်လာခဲ့၏။

နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်အခန်းက ပိတ်ထားဆဲ။ နိုးပုံမရသေး။ ညှိသည်ဖြစ်သော အမေတို့က အောက်ထပ်အခန်းတွေမှာအိပ်ကြသည်။ အမေနှင့်ဝင်းမြတ်က တစ်ခန်း၊ ဒေါ်တာမိုင်းမောင်တို့ဇနီးမောင်နှံက တစ်ခန်း။ သူတို့လည်းနိုးပုံမရကြသေး။ အောက်ထပ်မှ ဘာသံမျှမကြားရ။


www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ဘက်ဆီမှ အလင်းရောင်ကလေးကိုမြင်ရသဖြင့် ရှေ့ဘက်သို့ ထွက်လာခဲ့သည်။ ဘုရားခန်းက မီးလင်းနေခြင်းဖြစ်၏။ ဘုရားခန်းဝသို့ ကျွန်တော်ရောက်သောအခါ ဘုရားစင်ရှေ့တွင်တရားထိုင်နေသော နန်းချယ်ရီကို တွေ့လိုက်ရ၏။ ခံ့ညားထည်ဝါသောဘုရားစင်ကြီးနှင့် သပ္ပာယ်တော်မူလှသော ဗုဒ္ဓဆင်းတုတော်ကြီးကိုလည်းကောင်း၊ သောက်တော်ရေချမ်း၊ ပန်းနှင့် ဆွမ်းကပ်ထားသည်ကိုလည်းကောင်း၊ တရားရှုမှတ်နေသောနန်းချယ်ရီကိုလည်းကောင်း ကြည့်၍ ကျွန်တော့်ရင်ထဲမှာ ပီတိတွေဖြာနေသည်။ နန်းချယ်ရီသည် ဘာသာတရားကိုင်းရှိုင်းလွန်းလှပါတကား။

အာရုံလွင့်ပျံ့ခြင်းမရှိ ငြိမ်သက်စွာတရားရှုမှတ်နေသည့် နန်းချယ်ရီကို အတန်ကြာအောင်ကြည့်နေပြီးနောက် ကျွန်တော်ဘုရားခန်းမှပြန်လှည့်လာကာ အိပ်ခန်းထဲပြန်ဝင်ပြီး စောင်ခြုံ၍ပြန်ကွေးနေလိုက်သည်။ မကြာမီပင် ကျွန်တော် ပြန်အိပ်ပျော်သွားသည်။ မည်မျှကြာအောင်အိပ်ပျော်သွားသည်မသိ။

နဖူးပြင်၌ ညှိသက်သောအထိအတွေ့တစ်ခုနှင့် မွှေးရနံ့တစ်ခုရလာပြီး ကျွန်တော်နိုးလာသည်။ ကျွန်တော့်မျက်လုံးကိုဖွင့်လိုက်တော့ လှပသည့်မျက်နှာ ဝင်းဝင်းမွတ်မွတ်ကလေးနှင့် အပြုံးတစ်ခု။

"အိပ်ပုပ်ကြီးတဲ့ရန်ကုန်သားအစ်ကို ထတော့လေ မိုးလင်းနေပြီ"

ချိုနဲ့ငြိမ့်ညောင်းသော နန်းချယ်ရီအသံကိုနားခံရင်း စောင်ခွာ၍လူးလဲထလိုက်ပြီးနောက် ခုတင်ဘေးတွင်ရပ်နေသည့် နန်းချယ်ရီကို ကျွန်တော် လှမ်း၍ဖက်လိုက်သသည်။

"အိုး – အစ်ကို ..."

ရုတ်တရက် လန့်သွားဟန်ရှိသော်လည်း နန်းချယ်ရီမရုန်းပေ။

"ချမ်းလို့ဖက်နေရယ်"



"နန်းကိုဖက်လို့ အချမ်းပြေမှာလား"

"ပြေတာပေါ့"

"ကဲပါ ... အစ်ကိုမျက်နှာသွားသစ်တော့၊ အစ်ကိုမျက်နှာသစ်နိုင်အောင် ရေနွေးအဆင်သင့်လုပ်ထားတယ်၊ ပြီးရင် မနက်စာစားရအောင်၊ ဖေဖေလည်း နိုးနေပြီ၊ အမေတို့ ကိုဝင်းမြတ်တို့ အစ်ကိုကြီးတို့ မမယုတို့ အားလုံးနိုးနေပြီ၊ သူတို့ ထမင်းစားခန်းထဲမှာ မုန့်စားနေကြတယ်"

"ဟင် – ဟုတ်လား။ အစ်ကိုက အိပ်ရာထနောက်ကျနေတာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် အစ်ကို့ကို နန်းလာနှိုးတာ"

"ညှိသည်တွေအတွက် နန်းက အတော်ကြီးထပြီး ပြင်ဆင်နေတာပေါ့၊ ဟုတ်လား၊ အဲဒီကာတည်းက အစ်ကို့ကိုနှိုးရောပေါ့"

ကျွန်တော်က ကျွန်တော်တစ်ကြိမ်နိုးလာသည်ကိုမပြောဘဲ လျှို့ထားလိုက်သည်။

"အစ်ကို့ကို အိပ်ရေးဝအောင်အိပ်ပါစေလို့ ထားတာပါ။ ကဲ စကားတွေ နောက်မှပြောတာပေါ့၊ ဖေဖေတို့ အမေတို့စောင့်နေတယ်၊ မြန်မြန်မျက်နှာသစ်၊ မုန့်စားပြီးရင် အစ်ကိုနဲ့နန်း လိုက်ဂူကိုဘုရားဖူးသွားကြမယ်"

"တကယ်"

"တကယ်ပေါ့။ ပင်းတယသားဖြစ်သွားတဲ့အစ်ကို့ကို နန်းက လိုက်ဂူ လိုက်ပို့ချင်လို့"

မျက်နှာသစ်ပြီး ထမင်းစားခန်းထဲရောက်တော့ အမေတို့ ဝင်းမြတ်တို့နှင့် မုန့်စားပြီးနေကြပြီဖြစ်သည်။

"လွန်တယ်ကွာ၊ ညက စာရေးတာလည်းမဟုတ်ဘဲနဲ့ မနက်ဘက် နိုးမှမနိုးရတယ်လို့" ဟု ဝင်းမြတ်ကနောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အမေတို့ ဒီနေ့တစ်ရက်နေပြီး မနက်ဖြန် ပြန်မယ်စိတ်ကူးတယ်၊ မောင်ဝင်းမြတ်လည်းအလုပ်ရှိတယ်၊ အမေကလည်း သားကြီးကိုစိတ်မချလို့" ဟု အမေက ကျွန်တော့်ကိုတိုးတိုးပြောသည်။ ကျွန်တော့်ဘေးနားတွင်ရပ်နေသည့် နန်းချယ်ရီက အမေ့စကားကိုကြားပြီး "အမေကလဲ ဒီမှာ အေးအေးဆေးဆေး နေပါဦး" ဟု ဝင်တားသည်။

"နေချင်ပါတယ်သမီးရယ်၊ ရန်ကုန်မှာ ကိစ္စလေးတွေရှိသေးလို့ပါ။ တကယ်က သမီးက အမေတို့နဲ့ရန်ကုန်ကိုလိုက်ပြီး တစ်လလောက်ဖြစ်ဖြစ်နေရမှာ၊ ဟန်းနီးမွန်းပေါ့ကွယ်"

"သမီးလည်းလိုက်ချင်ပါတယ်၊ ဒါပေမယ့် ကလေးတွေစာမေးပွဲနီးနေတာမို့ သမီးခွင့်မယူချင်လို့ပါ။ သူတို့လေးတွေအတွက် ဒီစာမေးပွဲကြီးက ဘဝရဲ့ အဆုံးအဖြတ်တစ်ခုပဲလေ"

နန်းချယ်ရီ၏စကားထဲမှာ နန်းချယ်ရီ၏ မွန်မြတ်သောစိတ်နှလုံးကို ကျွန်တော်မြင်ရပြန်သည်။

"ဒါဆို မနက်ဖြန် နန်း ကျောင်းပြန်တက်မှာပေါ့ ဟုတ်လား"

နန်းက ကျွန်တော့်အမေးကို ခေါင်းညိတ်အဖြေပေးသည်။

နန်းချယ်ရီ၏ဖခင် အမေ၊ ဒေါက်တာစိုင်းမောင်တို့ ဇနီးမောင်နှံ၊ ဝင်းမြတ်တို့နှင့် ရယ်ရယ်မောမော ပျော်ပျော်ပါးပါး စကားပြောဆိုကြပြီးနောက် ကျွန်တော်နှင့် နန်းချယ်ရီ ပင်းတယလိုဏ်ဂူသို့ထွက်လာခဲ့ကြသည်။

အပြင်မှာ နှင်းတို့သိပ်သည်းစွာကျနေ၏။ ဆယ့်လေးငါးပေအဝေးကိုပင် သဲသဲကွဲကွဲမမြင်ရ။ အအေးဓာတ်ကလည်းကဲသည်။ လက်ဖျားကလေးတွေ အေးစက်ကုံကျင်နေသည်။ နန်းချယ်ရီက ကျွန်တော့်လက်ဖျားများကို လှမ်းဆုပ်ကာ ...



"အစ်ကို တော်တော်ချမ်းနေလား" ဟုမေးသည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သောအခါ "နန်းရဲ့အနွေးထည်ယူမလား၊ ဒါမှမဟုတ်၊ နန်းပက်ထားရမလား" ဟု ပြုံး၍မေးသည်။ ကျွန်တော့်ရင်မှာနွေးထွေးသွားသည်။

"နန်းပြောတာနဲ့ အစ်ကိုအချမ်းပြေသွားပြီး" ဟု ကျွန်တော်ပြန်ပြောလိုက်သည်။

အနားရောက်လာသောမြင်းလှည်းတစ်စီးကို နန်းချယ်ရီက ဖမ်းတားသည်။ မြင်းလှည်းဖြင့် ကျွန်တော်တို့ တောင်ခြေသို့လာခဲ့ကြ၏။ လေတိုးသဖြင့် အအေးကပိုလာသော်လည်း နန်းချယ်ရီက ကိုယ်ချင်းထိကပ်ထားသည်မို့ အနွေးဓာတ်ရနေသည်။ ပုန်းတလုတ်ရေကန်ကြီးမှာ ရေငှက်များ၊ နှင်းများဖြင့် ရောထွေးကာ ဇာကန့်လန့်ကာကြီး ဖြန့်ခင်းထားသကဲ့သို့ဖြစ်နေသည်။ နံနက်ခင်းမို့ လမ်းမှာလည်း အသွားအလာကျဲပါးသည်။ တောင်တန်းကြီးကို ဝေဝေဝါးဝါးသာမြင်ရ၏။

"ပင်းတယဆိုတာ ရှမ်းနာမည်အစ်ကိုရဲ့၊ ကျယ်ပြန့်တဲ့လွင်ပြင်လို့ အဓိပ္ပာယ်ရတယ်၊ တောင်ပိုင်းရှမ်းပြည်ရဲ့ မြေလတ်ဒေသပေါ့"

နန်းချယ်ရီက မြင်းလှည်းပေါ်မှာ ပင်းတယအကြောင်းသိသမျှပြောသည်။

"ပင်းတယတည်နေရာကရော နန်း"

"မြောက်ဘက်မှာ ရပ်စောက်၊ အရှေ့ဘက်မှာ ဘော်သို၊ တောင်ဘက်မှာ ပွေးလှ၊ အနောက်ဘက်မှာ ရွာငံပေါ့။ အနောက်ဘက်မှာရှိတဲ့ တောင်ရိုးတောင်တန်းကနေ ကျနေရာတွေကို တပြည်းပြည်း လျောကျပြန့်ဖြန့်သွားတယ်၊ ဒီနယ်ထဲက ချောင်းငယ်၊ မြောင်းငယ်တွေအားလုံး ဇော်ဂျီမြစ်ထဲကို စီးဝင်ကြတယ်၊ ဇော်ဂျီမြစ်က ရေမြူတစ်ပိုက်မှာ မြစ်ဖျားခံပြီး မြောက်ဘက်မှာရှိတဲ့ ရပ်စောက်ဘက်ကို စီးဆင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ပုန်းတလုတ်ကန်ကရော သမိုင်းရှိလား"

"ပါးစပ်ရာဇဝင်လို့ပြောရမလားမသိဘူး၊ အပြောများကြတာတော့ ရေကန်ရယ်၊ နတ်သမီးခုနစ်ဖော်ရယ်၊ ပင့်ကူရယ်၊ ကုမ္ဘာဘယမင်းသားရယ် ပါဝင်တဲ့ပုံပြင်ရှိတယ်၊ အစ်ကိုစာရေးချင်ရင် အေးအေးဆေးဆေးလေ့လာပေါ့ အစ်ကိုဖတ်ရအောင် နန်း စာအုပ်တတမ်းတွေရှာပေးမယ်"

"ဘုရားပွဲမလုပ်ဘူးလား"

"တပေါင်းမှာလုပ်တယ်၊ ငါးရက်ခြောက်ရက်ကြာတယ်၊ ကြီးကျယ်စည်ကားတဲ့ ဘုရားပွဲပါပဲ၊ အစ်ကိုတွေ့ရမှာပါ"

တောင်ခြေမှ တောင်ပေါ်လိုဏ်ဂူရှိရာသို့ တတ်လှေကားဖြင့်တက်ကြစဉ် ကျွန်တော်သည် နှင်းတွေဝေနေသောနံနက်ခင်းကို မရဲတရဲတိုးဝင်လာသည့် သပိသသောနေခြည်နနနှင့် မြူပဒါအောက်မှပင်းတယဆီ ဝိုးတဝါးပုံရိပ်ကို လှမ်းငေးမိသည်။

နန်းချယ်ရီက ကျွန်တော့်လက်မောင်းတွဲထားရင်း ပခုံးကိုပါးဖြင့်အပ်ထားသည်။ ကြည်နူးပျော်ရွှင်နေသော နန်းချယ်ရီကိုငုံ့ကြည့်ရင်း HIV ပိုးရှိသည်ကို နန်းချယ်ရီ ဘယ်တော့မှသတိမရပါစေနှင့်ဟု ဆုတောင်းနေမိ၏။

"ပင်းတယဂူတွေဟာ ထုံးကျောက်တောင်မှာ သဘာဝဖြစ်ပေါ်နေတာမို့ ဘူမိဗေဒသက်တမ်းနဲ့တွက်ရင် အနှစ်သန်း ၂၀၀ က ရှိခဲ့တယ်လို့ဆိုကြတယ် အစ်ကို။ ကျောက်ခေတ်ဟောင်းနှင်းကာလက လူနေခဲ့မလားလို့ တချို့က တွေးကြတယ်။ ဒါပေမယ့် ဂူပေါက်က အရှေ့ဘက်လှည့်နေတာဖြစ်လို့ လူနေချင်မှနေမယ်တဲ့၊ ကျောက်ခေတ်လူတွေက အပေါက်တောင်ဘက်မှာရှိမှ နှစ်သက်တယ်လို့ပြောကြတယ်"



"အဲဒီလောက်အဝေးကြီးမသိချင်ပါဘူး၊ ဗုဒ္ဓဘာသာဝင်ရဲ့ ပူဇော်ရာဌာနတစ်ခုအနေနဲ့ ဘယ်တုန်းကစတင်ရှိခဲ့လဲဆိုတာပဲ သိချင်တယ်"

"ဂူထဲမှာတွေ့ရတဲ့ဆင်းတုတော်တွေထဲမှာ ရှေးအကျဆုံးလို့ယူဆနိုင်တဲ့ သစ်သားဆင်းတုတော်တွေရဲ့ပလ္လင်မှာ သက္ကရာဇ် ၁၇၇၃ လို့တွေ့ရတယ်တဲ့၊ ဒါကြောင့် ခန့်မှန်းကြည့်ရတာ ခရစ်နှစ် ၁၇၀၀ ထက်မစောဘူး။ ရုပ်ပွားတော်တွေရဲ့ အဆင်တန်ဆာကိုကြည့်ရင်လည်း ကုန်းဘောင်ခေတ်ဦးကို ညွှန်းနေတယ်လို့ ဆိုကြတယ်"

ကျွန်တော်နှင့် နန်းချယ်ရီသည် လိုဏ်ဂူအဝရှိ ရွှေအိုအောင်ချထားသော မြေပေါက်စေတီတော်ကိုဖူးပြီးနောက် လိုဏ်ဂူထဲဝင်ခဲ့ကြသည်။ ယခင်တစ်ခါက ရောက်ခဲ့ဖူးခဲ့ပြီဖြစ်၍ ရုပ်ပွားတော်များ လိုဏ်ဂူထဲတွင်နေရာမလပ်ရှိနေပုံကို သိပ်မအံ့ဩမိတော့။ နံနက်စောစောမို့ထင့်။ ဘုရားဖူးရှင်းနေသည်။ လိုဏ်ဂူထဲမှာ အချမ်းသက်သာသည်ဟုထင်ရ၏။

ကျွန်တော်တို့သည် လိုဏ်ဂူအတွင်း ရုပ်ပွားတော်များကိုဖူးရင်း အတွင်းပိုင်းသို့ဝင်ခဲ့ကြသည်။

"အစ်ကို ဒီအောင်မြေမှာနင်း၊ အစ်ကိုအောင်မြင်အောင်"

"အစ်ကို ဒီရွှေထွက်ဘုရားမှာနိုပ်နယ်ပြီး ဆုတောင်း၊ ရောဂါကင်းတယ်"

"အစ်ကို ဒီဆုတောင်းပြည့်ဘုရားမှာလည်း ဆုတောင်းကြရအောင်"

"အစ်ကို ဒီကျောက်စည်ကျောက်မောင်းတွေ တီးကြည့်ပါလား"

"အစ်ကို ဒီကျောက်စက်ကျတိုင်ကရေကို ခေါင်းမှာလိမ်း"

နန်းချယ်ရီ ပြောပြစေခိုင်းသမျှ ကျွန်တော်လိုက်လုပ်ရင်း၊ လိုဏ်ဂူအတွင်း နေရာအနှံ့ဘုရားဖူးပြီးနောက် ပြန်ထွက်လာကြသောအခါ နန်းချယ်ရီသည် ကျွန်တော့်ကို လှေကားအဆင်း ကျောက်ခုံတစ်ခုထက်မှာထိုင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com

"စားရင်းနဲ့ အစ်ကိုကိုပြောစရာရှိသေးတယ်"

ကျွန်တော်က နန်းချယ်ရီ၏ ကြည်စင်သောအပြစ်ကင်းသောမျက်နှာကလေးကိုကြည့်ပြီး "ပြောလေဗျာ" ဟု ဆိုလိုက်သည်။

"အစ်ကို နန်းကိုလက်ထပ်ဖို့ပြောတုန်းက နန်းက နန်းဖြစ်ချင်တဲ့ဆန္ဒသုံးခုတောင်းမယ်၊ အစ်ကိုလိုက်လျောရမယ်လို့ ပြောခဲ့တယ်နော်၊ အစ်ကို မှတ်မိလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"မှတ်မိတာပေါ့"

"အခု ပထမတောင်းဆိုချက်ကို တောင်းမယ်"

"တောင်းလေဗျာ"

"အစ်ကိုနဲ့ နန်းရဲ့အကြောင်းကို ဝတ္ထုတစ်ပုဒ်ရေးရမယ်"

ကျွန်တော် နှုတ်ဆိတ်သွားသည်။ ရုတ်တရက် နန်းချယ်ရီ၏တောင်းဆိုချက်ကို ကတိမပေးနိုင်ဖြစ်သွားသည်။ နန်းချယ်ရီ၏နှင့် ကျွန်တော်၏အကြောင်းမှာ တွေ့ခဲ့၊ ဆုံခဲ့၊ ချစ်သူဖြစ်ခဲ့ရပုံများ၌ ပျော်ရွှင်ကြည်နူးစရာများရှိခဲ့သည်မှန်သော်လည်း၊ နိဂုံးပိုင်း၌ကား ကြေကွဲစရာများအတိဖြစ်နေပေလိမ့်မည်။ မလှပသောဇာတ်သိမ်းကို ရေးဖွဲ့ရမည်။ ကျွန်တော့်နှလုံးသွေးများဖြင့် ရေးရမည့်ဇာတ်လမ်းမို့ ကျွန်တော်မရေးလို။

"အစ်ကို မပြေပါလား"

နန်းချယ်ရီက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီးမေးသည်။ သက်ပြင်းမောကို နန်းချယ်ရီမသိအောင်ချရှိုက်ရသည်။

"ဒါက နန်းရယ် ... ဘယ်လိုပြောရမလဲ"

ကျွန်တော်စကားမဆက်ဝံ့။ မဆက်တတ်။ နန်းချယ်ရီက ကျွန်တော့်သဘောတွင်ထိုင်လိုက်ကာ "ဇာတ်သိမ်းမလှဘူး။ အလွမ်းဇာတ်ဖြစ်မှာ ဘာညာ



လို့ ဆင်ခြေပေးမှာမဟုတ်လား။ ရေးပါအစ်ကိုရယ်၊ အဲဒီအဖြစ်တွေမှာ တာဝန်သူတွေကို သိစေချင်တဲ့ သင်ခန်းစာပေးရမယ့်အချက်တွေရှိတယ်လေ၊ တခြားသူတွေကို နန်းတို့လိုရင်မနာရအောင် အစ်ကိုကလောင်နဲ့တာဝန်ထမ်းဆောင်ရမယ်လေ၊ အစ်ကို့ကျေးဇူးရှင် တာဝန်မရှိသူကို အစ်ကိုကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ပေါ့" ဟု ပြေပြစ်သော အကြောင်းပြချက်များပေးသည်။

နန်းချယ်ရီ၏တင်ပြချက်များကို ကျွန်တော်ငြင်းဆိုနိုင်ခြင်းမရှိပါ။ နန်းချယ်ရီ၏ စိတ်ဝေဒနာကို ကျွန်တော်အလေးအမြတ်ပြုရပါလိမ့်မည်။

"ကောင်းပါပြီ နန်းရယ်၊ နန်းဆန္ဒအတိုင်း အစ်ကိုလုပ်ပါ့မယ်"

နန်းချယ်ရီ ရွှန်းလက်စွာပြုံးသည်။

"ဒီလိုမှာပေါ့၊ ဒါကြောင့်မို့ အစ်ကို့ကို နန်းချစ်ရတာ"

"ကဲ .. နောက်ဆန္ဒနှစ်ခုကျန်သေးတယ်လေ"

"အင်း .. အဲဒီနှစ်ခုကို နန်းစဉ်းစားလိုက်ဦးမယ်၊ ဟင့်အင်း မဟုတ်သေးဘူး၊ စဉ်းစားပြီးသားတော့ရှိတယ်၊ ခုမပြောချင်သေးဘူး၊ ခုမတောင်းချင်သေးဘူး၊ နောက်မှ"

ခုမပြောချင်သေးဘူးတဲ့။ ခု မတောင်းချင်သေးဘူးတဲ့။ ဘာဆန္ဒတွေပါလိမ့်။ ဘာတွေများ ခက်ခက်ခဲခဲ တောင်းဆိုမှာပါလိမ့်။ ကျွန်တော်မဖြည့်ဆည်းပေးနိုင်သော အရာများပေလား။ ဘာပဲဖြစ်ဖြစ်လေ — နန်းချယ်ရီစိတ်ချမ်းသာဖို့ဆိုလျှင် ကျွန်တော် ဘာလုပ်ပေးရပေးရ လုပ်ပေးရမည်ပဲပေါ့။

"ဒါဆိုရင် ပြန်ကြစို့၊ နန်း အနားယူဖို့လိုနေပြီ"

"အို .. နန်း ဘာမှမပင်ပန်းဘူးလေ၊ အစ်ကိုနဲ့အတူသွားနေရာ နန်း ဘာပင်ပန်းမှာလဲ"

www.burmeseclassic.com

 www.burmeseclassic.com

"အဲဒါကိုပြောတာမဟုတ်ဘူး၊ နန်းက အဖေကြီးကတည်းက အိပ်ရာက ထရတာ"

"အဲဒါလည်း နန်းထနေကျ၊ လုပ်နေကျပဲလေ"

"မနက်ပြန်မနက်ကျရင် နန်းအိပ်ရာထတဲ့အခါ အစ်ကိုတိုပါနိုးနော်"

"ဘာလုပ်ဖို့ ..."

"နန်းနဲ့အတူ တရားထိုင်ချင်လို့"

"ဟင် ... နန်းတရားထိုင်တာ အစ်ကိုသိတယ်"

"သိတာပေါ့၊ မနက်က အစ်ကိုအိပ်ရာထဲမှာ နန်းကိုမတွေ့လို့ထကြည့်တာပဲဟာ၊ အဲဒီ အစ်ကိုတ နန်းကိုတရားထိုင်ဖို့အကြံပေးမယ်လို့ စိတ်ကူးထားမိတာ ရုက်တောင်သွားတယ်"

"လောကမှာ အကောင်းဆုံးရောဂါကုသနည်းက တရားထိုင်ခြင်းပဲဆိုတာ နန်းယုံကြည်ပြီးသားပါအစ်ကို၊ ဗုဒ္ဓရဲ့တရားတော်ကြောင့် အခုအခြေအနေမျိုးမှာ နန်းခံနိုင်ရည်ရှိနေတာပါအစ်ကို"

နန်းချယ်ရီကို ကျွန်တော် လေးမြတ်စွာကြည့်မိပြန်ပါသည်။

(၂၉)

နန်းချယ်ရီ၏ စိတ်သဘောကို နားလည်နေသည်ဖြစ်သောကြောင့် ကျောင်းမှခွင့်ယူရန် ကျွန်တော်အကြံမပြုခဲ့ပါ။ အချိန်က စာမေးပွဲကြီးအတွက် အလွန်တရာနီးကပ်နေသောကာလဖြစ်သောကြောင့် နန်းချယ်ရီသည် ကျောင်းစာသင်ချိန်သာမက ကျောင်းတွင်အချိန်ပိုသင်ခြင်း၊ အိမ်တွင်ခေါ်ယူ၍ သင်ခြင်းများကို နေ့ရောညပါအင်တိုက်အားတိုက်ပြုလျက်ရှိသည်။ "နန်းပင်ပန်းလွန်းလှပါတယ်" ဟု ပြောသောအခါတွင် အပြုံးဖြင့် "ဒါ နှစ်စဉ် နန်းလုပ်နေကျပါအစ်ကိုရယ်၊ စာမေးပွဲပြီးလို့ကျောင်းပိတ်ရင် နန်းအနားရပါပြီ၊ ကလေးတွေ အောင်စာရင်းထွက်ရင် နန်းအမောပြေပါပြီ" ဟု မဆိုင်းမတွ ပြန်၍ပြောတတ်သည်။

ကျွန်တော်က နန်းချယ်ရီကိုနားစေချင် အလုပ်ကိုပေါ့ပေါ့ပါးပါးပင် လုပ်စေချင်သည်မှာ အကြောင်းရှိပါ၏။ နန်းချယ်ရီမှာက HIV ပိုးရှိနေသည်လေ။ ပင်ပန်းပြီး ခန္ဓာကိုယ်ခုခံအားလျော့နည်းလာလျှင် ရောဂါဝင်လာနိုင်သည်လေ။

သို့သော် ရောဂါကိုမေ့ထားပြီး အလုပ်ခွင်မှာပျော်နေသည်ကလည်း တစ်ခုကောင်းသည်ဟု ဖြေတွေးတွေးရပါသည်။ တွေးကြောက်နေလျှင်စိတ်ဓာတ်ကျပြီး ရောဂါကမြန်မြန်ဝင်လာမည်မဟုတ်ပါလား။

နန်းချယ်ရီ၏တည်ငြိမ်မှုကိုတော့ ကျွန်တော်မချီးကျူးဘဲမနေနိုင်ပါ။ ကျွန်တော်သည်ပင် သူမနေရာမှာဆိုလျှင် သူမကဲ့သို့သွေးအေးနိုင်လိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com

မထင်ပါ။ နန်းချယ်ရီသည် သူမတွင် HIV ပိုးရှိနေကြောင်း မတွေးရှောသလား ဟုပင် ထင်ရ၏။ နေ့စဉ်ဝတ္တရားမပျက်မကွက် ပြုမြဲပြုသည်။ နံနက်စောစော ထ၊ ဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်၊ ဘုရားဝတ်ပြု တရားရှုမှတ်။ ကျွန်တော်နှင့် သူမ၏ဖခင်အတွက် နံနက်စာပြင်ဆင်၊ အချိန်တန်တော့ ကျောင်းသွား။ ကျောင်းကပြန်လာလျှင် ကလေးများကို အိမ်မှာစာသင်။ ညပက်မှာ ကလေးများကို နောက်တစ်နေ့သင်ကြားဖို့ပြင်ဆင်၊ လေ့ကျင့်ခန်းများစစ်ဆေး။ ဘုရားရှိခိုး တရားထိုင်ပြီးမှအိပ်။ အိပ်ရာထတော့လည်း စောစော၊ အိပ်ရာဝင်တော့ နောက်ကျ။ သို့သော် တစ်ချက်ကလေးမျှ နန်းချယ်ရီမညည်း။ အထူးသဖြင့် ကျွန်တော့်ဝတ္တရားများကိုလည်း ကျေပွန်အောင်လုပ်သေးသည်။

ကျွန်တော် မျက်နှာသစ်ဖို့ကအစ၊ ကျွန်တော့်အဝတ်များလျှော်ဖွပ်ပြီး မီးပူတိုက်ခြင်းနှင့် ကျွန်တော်စားဖို့သောက်ဖို့ ပြင်ဆင်ခြင်းအလယ် ကျွန်တော် စာရေးရန် ပြင်ဆင်ပေးခြင်း၊ အိပ်ရန်အိပ်ရာပြင်ဆင်ပေးခြင်းအဆုံး။ ကျွန်တော် တားမြစ်သော်လည်းမရ။ ကျွန်တော်က ဝင်ကူလုပ်ပေးလျှင်လည်းမကြိုက်။

"ဒါ နန်းလုပ်ရမယ့်အလုပ်၊ အစ်ကို့အလုပ်မဟုတ်ဘူး။ နန်းဝေကြီးအောင် မလုပ်နဲ့၊ အစ်ကိုစာရေးဖို့သာရေး" ဟု ပြောတတ်သည်။

နန်းချယ်ရီတောင်းဆိုထားခဲ့သည့် ပထမဆန္ဒအတိုင်း ကျွန်တော် ဝတ္ထုရှည်တစ်ပုဒ်ရေးနေရပါသည်။ နန်းချယ်ရီနှင့် ကျွန်တော်တို့၏ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်သည်။ ဘဝသံသရာတံတားမှစခဲ့သည်။ ရွှေညောင်မှာလမ်းခွဲသည်။ အင်းလေးမှာ ဖျတ်ခနဲ အသွားအပြန်တွေ့လိုက်ရသည်။ ပင်းတယ ရောက်မှ ပြန်ဆုံသည်။ ကျွန်တော့်ဝတ္ထုက ဤနေရာသို့ရောက်နေပေပြီ။ ယခုထိ အပျော်ကလေးများ၊ မကြာမီမှာမူ ဇီလိနိကပေါ်လာတော့မည်။

"အစ်ကို့ဝတ္ထုကို ဘယ်လိုနာမည်ပေးထားလဲ"



"ဘဝသံသရာမှာစတဲ့အချစ်လို့ ပေးထားတယ်"

"သိပ်လှတဲ့ နာမည်ပဲအစ်ကို"

သို့သော် ကျွန်တော့်ရင်ထဲမှာရှိသောစကားတစ်ခွန်းကို နန်းချယ်ရီအား မပြောဖြစ်ပါ။ 'ဘဝသံသရာမှာစတဲ့အချစ်' ဆိုသည့်နာမည်က အတည်မဖြစ်သေးကြောင်း ဖြစ်သည်။ ဇာတ်သိမ်းနှင့်လိုက်ဖက်အောင် နာမည်ပြောင်းကောင်း ပြောင်းရလိမ့်မည်ဖြစ်ကြောင်းဖြစ်သည်။

စင်စစ် နန်းချယ်ရီ၏ အုံ့ဖြုဖွယ်ရာကောင်းလောက်သည့် တည်ငြိမ်မှုမှာ ဝိပဿနာရှုခြင်း၏အကျိုးအာနိသင်ဖြစ်သည်။ နန်းချယ်ရီသည် ငယ်စဉ်ကပင် စတင်၍ ဝိပဿနာရှုခဲ့သည်ဟု သူမ၏ဖခင်ကပြောပြဖူး၏။ ကျွန်တော် လက်ခံပါသည်။ နန်းတရားထိုင်ပြီဆိုလျှင် ခဏတစ်ဖြုတ်မဟုတ်ပါ။ အနည်းဆုံး တစ်နာရီဖြစ်၏၊ တစ်ခါတစ်ရံ နှစ်နာရီထိကြာတတ်၏။ ကျွန်တော်က နန်းချယ်ရီနှင့်လိုက်၍တရားထိုင်လျှင် အလွန်ဆုံးနာရီဝက်လောက်ပဲထိုင်နိုင်သည်။ ဒါတောင်မှ စိတ်တွေကမငြိမ်။ ဟိုပြေးသည်ရှာနှင့် စိတ်ကချည်တိုင်မှာ ဝပ်စင်းသည်မရှိ၊ တရားထိုင်ကြည့်မှ စိတ်၏မငြိမ်သက်မှုကိုတွေ့လာရသည်။ နန်းချယ်ရီကား ကျွန်တော့်လိုမဟုတ်။

ထိုအကြောင်းကို နန်းချယ်ရီနှင့်စကားစပ်၍ ပြောဖူးသည်။ ထိုအခါ ...

"အစ်ကိုရယ် ... နန်းက စိတ်ကိုသန့်စင်အောင် စင်ကြယ်အောင် အလေ့အကျင့်လုပ်ပြီး ဆေးကြောနေတာပါ။ အထင်မကြီးပါနဲ့ဦး။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ အကုသိုလ်တရားကိုရှောင်၊ ကုသိုလ်တရားကိုဆောင်၊ စိတ်ကို ဖြူအောင်ထားဆိုတဲ့ အဆုံးအမအတိုင်း နန်းကကြိုးစားပြီးနေကြည့်တာပါ။ အာရုံမြင်တိုင်း၊ သိလနဲ့ရှုဖို့၊ သဏ္ဍာန်မြင်တိုင်း မေတ္တာနဲ့ရှုဖို့၊ အစွာမြင်တိုင်း ဝိပဿနာနဲ့ရှုဖို့ နန်းတို့လေ့ကျင့်ကြိုးစားရမှာလေ အစ်ကိုရဲ့၊ အပ္ပမာဒတရားနဲ့

www.burmeseclassic.com

ဝီးမိနစ်ရရ၊ ဆယ်မိနစ်ရရ စိတ်ကိုဝင်ကြွယ်အောင် ဝီပဿနာနဲ့လျှော့ပွတ်နေရတာပဲလေ” ဟု နန်းချယ်ရီက အေးမြကြည်လင်စွာပြောပြတတ်သည်။

“နန်းကို အစ်ကို တကယ်ချီးကျူးတာပါ၊ အစ်ကို နန်းနဲ့လိုက်ပြီး တရားထိုင်ကြည့်တာ သမာဓိကိုမရပါဘူး”

“သမာဓိအလုပ်ဆိုတာ စိတ်လုပ်ငန်းစဉ်ပါပဲ အစ်ကို၊ အိမ်သည်စိတ်ရဲ့ အခြေခံလို့ဆိုနိုင်တဲ့ ဝင်လေထွက်လေကိုသိတဲ့စိတ်နဲ့ တခြားအာရုံတွေနောက်ကို မလိုက်ပါဖို့ပါပဲ၊ ကိုယ့်ကိုယ်နဲ့အတူ နေထိုင်ခြင်းလို့ခေါ်တဲ့ အိမ်သည်စိတ်ဒါမှမဟုတ် သက်စောင့်စိတ်နဲ့ နေထိုင်တဲ့အကျင့်ရလာရင် သမာဓိဟာ တည်ကြည်နိုင်မြဲလာမှာပါပဲ၊ အဲဒီလို သမာဓိရှိလာပြီဆိုရင် ညှိသည်စိတ်တွေကနေ ရိုက်ခတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတပ္ပဆိုတဲ့ ကိလေသာတရားတွေကို တားဆီးနိုင်လာမှာပေါ့”

“သာဓုပျာ … သာဓု … သာဓု၊ နန်းကို အစ်ကိုလက်ထပ်ခွင့်ရတာ တကယ့်ကို ကျေနပ်စရာကောင်းလှပါတယ်၊ အစ်ကို့လောက် လောကမှာ ကုသိုလ်ထူးတဲ့သူရှိမှာမဟုတ်ဘူး”

“ဟော အစ်ကိုက အချင်းချင်းကပ်ပြောက်နေပြန်ပြီ”

“နန်းရယ်၊ နန်းကို အစ်ကိုက ပြောက်ပြောနေတာမဟုတ်ပါဘူး၊ နန်းဟာ အတွေ့ထက် ပရကိုရှေ့တန်းတင် မှန်မြတ်တဲ့နှလုံးသားရှိသူပါ၊ နာသုံးနာနဲ့ပြည့်တဲ့ ဆရာမကောင်းတစ်ယောက်ပါ၊ အစ်ကိုတော့ နန်းကို တိုးတိုးပြီးချစ်လို့ကို မဝတာ”

“နန်းကိုချစ်တဲ့ အစ်ကို့အချစ်နဲ့ပဲ နန်းဘဝကလည်း ပြည့်စုံသွားပါပြီ”

“နန်း”



“ဘာလဲဟင်အစ်ကို”

“နန်းစာသင်ပေးနေတဲ့ကလေးတွေကို အစ်ကိုလည်းဝိုင်းကူပြီး စာသင်ပေးမယ်လေ”

“အစ်ကို တကယ်ပြောတာလား”

“တကယ်ပေါ့ မယ်က ဆယ့်လေးထိရှက်ရှက်နေမှတော့ မောင်ကလည်း တစ်ထမ်းလောက်တော့ ဝင်ထမ်းပေးရမှာပေါ့”

သို့ဖြင့် နန်းချယ်ရီ၏စေတနာစာသင်ခန်းလေးမှာ ကျွန်တော် အကူဆရာဖြစ်လာရပါသည်။ နန်းချယ်ရီသင်ကြားသော သိပ္ပံဘာသာရပ်များကိုဝင်ကူရင်း ကျွန်တော်ကျွမ်းကျင်သော အင်္ဂလိပ်စာဘာသာရပ်ကိုပါ ဝင်၍ဖြည့်စွက်သင်ကြားပေးသည်။ ကျောင်းသားများနှင့် ကျွန်တော်လည်းရင်းနှီးကျွမ်းဝင်လာသည်။

ကျောင်းသားများ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေသောရက်မှာမှ နန်းချယ်ရီ အပင်ပန်းဆုံးဖြစ်သည်။ စာမေးပွဲလည်းစောင့်ရသည်။ စာလည်းသင်ရသည်။ စာသင်ရသည်မှ နေ့ရောညပါဖြစ်သည်။ အချိန်မရွေးစာလာမေးသူတွေလည်းရှိသေး၏။ သို့သော် နန်းချယ်ရီပျော်နေသည်။

စာမေးပွဲပြီးသောအခါတွင်မှ နန်းချယ်ရီခြေကုန်လက်ပန်းကျ၍ ကျန်ရစ်သည်။ ‘ဆရာမရေ သားတို့ဖြေနိုင်တယ်’၊ ‘ဆရာမရေ သမီးတို့တော့ ဂုဏ်ထူးပဲ’ ဟူသော ပီတိကိုစား၍အားဖြစ်သည်ဆိုသော်ငြား နန်းချယ်ရီ အတော်ပင်ပိန်ကျသွားသည်။ ပိန်ကျသွားရုံသာမက ပင်ပန်းအားဖြင့် နန်းချယ်ရီဖျားသည်။

ကျွန်တော်စိုးရိမ်သွားသည်။ အဖျားကမကြီးသော်လည်း ဆေးထိုးဆေးသောက်ပြုနေပါလျက် တာရှည်နေခြင်းကို ကျွန်တော်မနှစ်သက်။ ထို့ဖြင့် ဝမ်းသွားလာသည်။ ဝမ်းသွားခြင်းကလည်း ရက်ရှည်နေပြန်သဖြင့် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com

ပူပန်မှုဒီဂရီမြင့်တက်လာရ၏။ ထိုထက်ပို၍ အသားအရောင် လာပြီး ခန္ဓာကိုယ် အချို့နေရာ၌ အကြိတ်များထွက်လာသည်။

ဒေါက်တာဝိုင်းမောင်က နန်းရွှယ်ရီဖျားနာသည်ကို လာရောက်ကြည့်ရှု ကုသပေးသည်။ ကျွန်တော့်ကို နန်းရွှယ်ရီမမြင်အောင် လက်တို့ခေါ်သွားပြီး တီးတိုးပြောသည်။

"ညီလေး စိတ်နိုင်နိုင်ထား။ ညီမလေးမှာ ခုခံအားကျဆင်းတဲ့ရောဂါ လက္ခဏာတွေဝင်လာပြီ" တဲ့။

ကျွန်တော့်ရင်ပွင့်ထွက်သွားသည်ဟု ခံစားလိုက်ရ၏။ ဒေါက်တာဝိုင်းမောင် မပြောခင်တတည်းကပင် စိတ်၌သိနေသော်လည်း တကယ်တမ်းတိတိကျကျ ပြောလာသောအခါတွင် တုန်လှုပ်ချောက်ချားမှုကိုထိန်းမရ။ မယုံကြည်၍ မဖြစ်သော်လည်း မယုံကြည်ချင်သေး။ မျက်ရည်ပူတို့ကို ကျွန်တော်တားဆီး မရနိုင်တော့ပြီ။

ကျွန်တော်တို့၏ ပျော်ရွှင်ဖွယ်အချစ်ဇာတ်လမ်းလေးထဲမှာ ရက်စက် ကြမ်းကြုတ်သော မိစ္ဆာလူကြမ်းက ပါဝင်ကပြလာခဲ့ပြီလေ။

(၃၀)

ကျောင်းပိတ်ရက်ရောက်လျှင် နန်းရွှယ်ရီကိုခေါ်၍ ရန်ကုန်တို့ အလည် အပတ် ဆင်းကြမည်ဟုကြံရွယ်ထားချက်တို့ ကျွန်တော် ယာယီရွှေ့ဆိုင်းထား လိုက်ရ၏။

နန်းရွှယ်ရီကိုယ်တိုင် သူမတွင် AIDS ခုခံအားကျဆင်းမှုကူးစက်ရောဂါ ဝင်လာပြီဆိုသည်ကိုသိနေသည်။

"အစ်ကို"

"ဘာလဲနန်း"

"နန်းတို့ စိတ်မဆိုးနဲ့နော်၊ နန်း ပြောစရာရှိလို့"

"ပြောလေ ... ပြောစရာရှိတာပြောပေါ့"

"အစ်ကို နန်းနဲ့ အခန်းခွဲပြီးအိပ်ပါနော်"

ကျွန်တော့်ရင်ထဲတွင် နင့်သွားသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ရှိနေသူတစ်ဦးနှင့် ဝက်လှဲတကင်းနေရုံ အတူအိပ်ရုံနှင့်မဖြစ်နိုင်သည်ကို နားလည် ပါလျက် ပြောမထွက်သောကျွန်တော့်အား နန်းရွှယ်ရီကပင် စ၍တောင်းဆို လာခဲ့သည်လေ။ သူမကိုယ်တိုင် ခွဲ၍အိပ်လိုသောဆန္ဒရှိမည်မဟုတ်ပါဘဲနှင့် အခြေအနေကိုနားလည်စွာဖြင့် ပြောလာခဲ့ရသည်ဖြစ်ရာ နန်းရွှယ်ရီကိုယ်နှိုက် ရင်နာနေပါလိမ့်မည်။

ကျွန်တော်ဘာမျှပြန်မပြောမိဘဲ နန်းရွှယ်ရီကို တရှုထားသကဲ့သို့ ငေးကြည့်


www.burmeseclassic.com

www.burmeseclassic.com

နေမိသည်ကို နန်းချယ်ရီက "နန်းကို နားလည်ပါနော်" ဟုပင် ထပ်ဆင့် တောင်းပန်စကားဆိုလိုက်သေးသည်။

"နန်းရယ် ...." ဟု ကျွန်တော့်စိတ်ထဲမှာ မရိုးတင်ကဲ ရေရွတ်လိုက်မိပါချေ၏။

ထိုအချိန်မှစ၍ နန်းချယ်ရီနှင့်ကျွန်တော် တစ်ခန်းစီ သီးခြားအိပ်စက်ကြရုံမက နန်းချယ်ရီနှင့်ပတ်သက်၍ အထူးဂရုစိုက်လာရတော့သည်။ နန်းချယ်ရီက အလျင်လို ကျွန်တော်တို့အတွက် စားသောက်ဖွယ်ရာများမစီစဉ်တော့။ ထို့ပြင် သူမ၏အသုံးအဆောင်ပစ္စည်းများကို အခြားသူများမသုံးစွဲ မကိုင်တွယ်အောင် သူမကိုယ်တိုင်သီးခြားထား၍ စီစဉ်လာသည်။ သူမ၏အဝတ်များကို ဆပ်ပြာရည်ဖြင့်လျှော်ခြင်း၊ နေပူလှန်း၊ မီးပူတိုက်ခြင်းပြုလုပ်စေပြီး ကျွန်တော်တို့ အဝတ်များနှင့်မရောထွေးစေရန် ဂရုစိုက်သည်။ နန်းချယ်ရီကိုယ်တိုင် ဤသို့ သတိထားပြီး ပြုမူနေထိုင်လာသည်ကိုတွေ့ရသောအခါ ကျွန်တော့်နှလုံးသားတွင် နာကျင်ဝမ်းနည်းလာရသည်။ သူမနှင့်ကျွန်တော့်ကြားတွင် တစ်စုံခြားသွားသလို ခံစားရသည်။ နန်းချယ်ရီကိုယ်တိုင်လည်း ခံစားနေရပါလိမ့်မည်။

သို့သော် နန်းချယ်ရီသည် အမှုအရာစိုးစဉ်းမျှမပျက်ပါ။ နေမကောင်းခြင်းကြောင့် ညှိုးလျှခြင်းသာရှိပြီး စိတ်ဓာတ်ကျသိမ်ငယ်ခြင်းမျိုးမရှိ။ အံ့မခန်းဖွယ် ခံနိုင်ရည်ရှိသောစိတ်ဓာတ်ရှိနေသည်ကို တွေ့ရ၏။

နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်သည်ပင် နန်းချယ်ရီ၏ရောဂါအခြေအနေကို သံသယရှိခဲ့သဖြင့် ဒေါက်တာစိုင်းမောင်ကိုမေးမြန်းခဲ့ရာ ဒေါက်တာစိုင်းမောင်က လျှို့ဝှက်မထားသင့်တော့ဘူးဆိုပြီး ဖွင့်ပြောခဲ့သည်။ အဖြစ်မှန်ကို သိလိုက်ရသည်နှင့် ဖခင်ဖြစ်သူမှာ ဟန်မဆောင်နိုင်လောက်အောင် ကြေကွဲဝမ်းနည်းသွားခဲ့သည်။



ထိုအခါမှပင် ကျွန်တော့်သဘောထားကို ဦးမောင်လှိုင် ပို၍နားလည်သွားပုံလည်း ရလေသည်။

"ဖိုးသား မောင်နေဇကို အဖေအရမ်းကျေးဇူးတင်ပါတယ်ကွယ်" ဟု နှုတ်မှဖွင့်ထုတ်ပြောဆိုခဲ့သည်။ "သမီးကို တတ်နိုင်သလောက်ဂရုစိုက်ပေးပါ သားရယ်၊ သမီးကို အတတ်နိုင်ဆုံးစောင့်သိမ့်ပေးပါ" ဟု၍လည်း တောင်းပန်စကားဆိုခဲ့သည်။

"စိတ်ချပါအဖေ၊ ကျွန်တော်ဟာ နန်းချယ်ရီကိုသိပ်ချစ်တဲ့သူပါ၊ သူ့ကို ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော သက်သာအောင် ကျွန်တော်ကြိုးစားပါ့မယ်"

"ကျေးဇူးပါပဲသားရယ်"

နန်းချယ်ရီသည် ကိုယ်အလေးချိန်ကျ၍ပိန်သွားသော်လည်း ခန္ဓာကိုယ်ပေါ်တွင် ယားနာများထွက်ပေါ်လာခြင်းမရှိပါ။ အကြိတ်သုံးလေးလုံးမျှထွက်လာသော်လည်း ကြီးကြီးမားမားမဟုတ်။ လျှမြင်ကွင်းလည်းမဟုတ်။ ပါးစပ်တွင် မက်ခရုများပေါက်ခြင်းလည်းမရှိ။ ထို့ကြောင့် အပြင်လူတစ်ဦးတစ်ယောက်၏ အမြင်တွင် နန်းချယ်ရီသည် ရိုးရိုးဖျားနာခြင်းသာဟု မြင်ရမည်ဖြစ်၏။ နန်းချယ်ရီသည်လည်း အိပ်ရာပေါ်တွင်လဲနေခြင်းမျိုးမရှိ၊ ဖါတိုင်းလိုပင် သွားလာလှုပ်ရှားနိုင်သည်။

အစ်ကိုကြီး ဒေါက်တာစိုင်းမောင်က "ညီမလေးကိုကြည့်ရတာ အားရစရာကောင်းပါတယ်၊ ခုထိ ရောဂါကြီးကြီးမားမားမဝင်သေးဘူး။ အဲဒါတာ ညီမလေးရဲ့ ဝိပဿနာရှုမှတ်မှုကြောင့်ပဲလို့ အစ်ကိုကြီးထင်တယ်၊ ဝိပဿနာရှုမှတ်မှုတာ အသက်ရှည်စေတယ်၊ အသက်ရှည်လို့ သွေးသားလည်းပတ်မှန်တယ်၊ သွေးသားလည်ပတ်မှုမှန်လို့ နှလုံးအလုပ်လုပ်တာမှန်တယ်၊ အဲဒါ

www.burmeseclassic.com

 www.burmeseclassic.com 

သိပ္ပံနည်းကျပဲ၊ မိုးကုတ်တရာတော်ဘုရားကြီးရဲ့ တောပြောချက်တွေမှာ အဲဒီလိုတွေ့ရတယ်" တဲ့ ပြောသည်။

"အစ်ကိုကြီး"

"ဘာလဲ ညီလေး"

"နှမ်းမှာ ဘာရောဂါများဝင်လာနိုင်သေးလဲ"

"အဖြစ်များတာကတော့ အရွက်ပြောက်ကင်ဆာ၊ အဆုတ်ရောင်ရော ဦးနှောက်ရောင်ရောဂါတွေပဲ၊ ဒါပေမယ့် ညီမလေးဟာ အရွက်ပြောက်က ဖြစ်လာမှာမဟုတ်ဘူး၊ သူ့အသားအရည် သိပ်ကြည်လင်တယ်၊ တော ပြောသလို ဘုရားတရားရဲ့တန်ခိုးပဲ၊ ပြီးတော့ ခုထိ အစ်ကိုကြီးစမ်း အရတော့ အဆုတ်ရောင်ရောဂါလက္ခဏာလည်းမရှိဘူး၊ အဆုတ်ကောင်း ဟာလည်း ဝိပဿနာရှုမှုတန်ခိုးပဲ၊ အဲတစ်ခုတော့ရှိတယ်၊ ဦးနှောက်ရောင် ဖြစ်လာမလားမသိဘူး၊ ဖြစ်ချင်မှလည်းဖြစ်မှာပါကွာ"

"သူ့ကို ဘာတွေကျွေးမွေးသင့်သလဲ"

"အားရှိတာတွေမှန်သမျှ ကျွေးပေါ့ကွာ၊ အခုထိ သူ့အစားအသော မပျက်သေးပါဘူး၊ သူခံတွင်းလိုက်တာတွေကျွေး၊ အထူးသဖြင့် အသီးအနှံ တွေ ကျွေးပါ"

"တုတ်ကဲ့ အစ်ကိုကြီးပြောသလိုတော့ ကျွန်တော်လည်း ဂရုစိုက်ပေး ပါတယ်၊ ဆေးလည်း မှန်မှန်တိုက်ပါတယ်"

"နောက်ပြီး သူ့ကို အိမ်ထဲမှာချည်းမနေစေနဲ့ အပြင်ကိုခေါ်ပြီး အလ အပတ်ထွက်ပေးပါ၊ ဒါ စိတ်ပိုင်းဆိုင်ရာကုသချက်ပဲ၊ ဒါကို ညီလေးသိပါ ပတ်ဝန်းကျင်မှာ သူဟာဝိုင်းပယ်မခံထားရဘူးဆိုတာကို သူခံစားနားလည် ရမယ်"

"တုတ်တဲ့ပါ"

ကျွန်တော်သည် ဒေါက်တာမိုးမောင်အကြံပြုသကဲ့သို့ပင် နှမ်းချယ်ရီအား အပြင်သို့ခေါ်သွားတတ်သည်။ ဈေးသို့လည်းကောင်း၊ ဘုရားပွဲကြီးများ အားတော်သို့လည်းကောင်း၊ ပုန်းတလုတ်ရေကန်သို့လည်းကောင်း၊ နံနက်ခင်း သို့မဟုတ် ညနေခင်းများ၌ လမ်းလျှောက်ရင်းရောက်တတ်သည်။ ရောဂါနှင့် ပတ်သက်သော အခြားစိတ်ဝင်စားဖွယ်အကြောင်းများနှင့်ပတ်သက်ပြီး စကားစောင်ပြောတတ်သည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာများကို နှမ်းချယ်ရီနှင့်ကျွန်တော် ဆွေးနွေးသည်။ ထိုမြင် နှမ်းချယ်ရီက သူမ၏ ကျောင်းမှ ကျောင်းသူကျောင်းသားလေးများ၏ဘဝနှင့် အတွေ့အကြုံများကို ပြောပြတတ်ပြီး ကျွန်တော်ကလည်း ကျွန်တော်ရေးသောဝတ္ထုများနှင့် စာပေ လောကအကြောင်းကို သူမအားပြောပြရသည်။

"အစ်ကိုအဖေရှိဝဥ်ကပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိတယ်နှမ်းရဲ့ သိလား၊ လူတစ်ယောက်ရဲ့တန်ဖိုးဟာ အများအတွက် သူဘယ်လောက်လုပ်ပေးနိုင် ခဲ့လဲဆိုတဲ့ပေါ်မှာ တည်တယ်တဲ့၊ အဲဒါလက်ခံလား"

နှမ်းချယ်ရီခေါင်းညိတ်၏။

"လက်ခံတာပေါ့"

"တချို့လူတွေဟာ လူ့လောကထဲရောက်လာကြတယ်၊ အတ္တကြီးကြီးနဲ့ ပျော်မွေ့ကြတယ်၊ ချမ်းသာကြွယ်ဝကြတယ်၊ အချိန်တန်တော့ လောကထဲက ထွက်ခွာသွားကြတယ်၊ လူ့လောကကောင်းကျိုးကို ဘာမှမလုပ်ပေးနိုင်ခဲ့ဘူး၊ ဒီတော့ လူတွေက သူ့ကိုလွမ်းဆွတ်တမ်းတမကျန်ခဲ့ဘူး၊ သူ့သမိုင်းဟာ သူနဲ့အတူပျောက်သွားတယ်၊ တချို့က လူ့လောကထဲရောက်လာပြီးတဲ့အခါ အသက်အိုးအိမ်ကိုစွန့်ပြီး လောကကောင်းကျိုးသယ်ပိုးကြတယ်၊ သူမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် လူတွေက သူရှိနေသလိုပဲ ယုံမှတ်ထားကြတယ်၊ အရှင်းဆုံးသာဓ
ပြရရင် ဗုဒ္ဓရှင်ပဲဆိုပါတော့"

"ဗုဒ္ဓရှင်ကတော့ တင်စားရတာမြင့်လွန်းပါတယ် အစ်ကိုရယ်၊ ဒါပေမယ့်
နန်းတို့ လူသာမန်တွေထဲမှာပဲ သူ့အတိုင်းအတာနဲ့သူ လူ့လောကကောင်းကျိ
ကို သယ်ပိုးခဲ့ကြသူတွေဟာ သမိုင်းမှာကျန်ခဲ့ကြတာ အထင်အရှားပါပဲ၊ နန်း
ကတော့ နန်းအသက်ရှင်နေသရွေ့မှာ နန်းပိုင်ဆိုင်တဲ့ဗွမ်းအားလေးနဲ့ အုပ
တစ်ချပ် သဲတစ်ပွင့်လောက်ဖြစ်ဖြစ် အများအကျိုးသယ်ပိုးနိုင်သလော
သယ်ပိုးသွားရမှာပဲ၊ အဲဒါဟာ စတန့်ထွင်တာမဟုတ်ဘူး။ ထင်ပေါ်ကျော်ကြ
ချင်လို့ မဟုတ်ဘူးနော်၊ တကယ်တော့အစ်ကိုရယ် .... ကိုယ်ကျရာနေရာ
ကိုယ့်အလုပ်မှာ စေတနာပါပါလုပ်သွားရင်ပဲ အများအကျိုးလုပ်ဆောင်ခြင်းပါ
နန်း အဲဒီလိုခံယူပါတယ်"

"အစ်ကို သဘောတူတယ်နန်း။ နန်းရဲ့စကားဟာ သဘာဝကျတယ်
ထွက်ရနေဇဟာ ကိုယ့်ကျင့်သိက္ခာရှိမယ်၊ ကိုယ်ကျိုးမရှာဘူး၊ အများအကျိုး
ကိုလည်း ဆောင်ရွက်တတ်တယ်ဆိုရင် ထွက်ရနေဇရဲ့ဝန်းကျင်ကလူတွေက
ထွက်ရနေဇမရှိတော့ရင်လည်း လွမ်းကျန်ရစ်မှာပဲ"

"နန်းလည်း အစ်ကို့လိုပဲပေါ့"

"အစ်ကိုတို့က ဗုဒ္ဓရဲ့အဆုံးအမအတိုင်း ကံ ကံ၏အကျိုးကိုယုံကြည်ကြ
တယ်၊ ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမှာပဲလေ၊ အစ်ကိုတို့
ပုထုဇဉ်တွေဆိုတော့ လုံးဝအပြစ်ကင်းစင်နေမှာတော့မဟုတ်ဘူး၊ ဒါပေမယ့်
ဗုဒ္ဓဟောပြောဆုံးမခဲ့သလိုလုပ်ရမှာပဲ၊ ပန်းထိမ်သည်ဟာ ငွေထည်ထဲက အညစ်
အကြေးကို ထုတ်ပယ်သလို ပညာရှိတဲ့သူဟာ အစဉ်မပြတ် မိမိရဲ့အပြစ်တွေ
အနည်းငယ်စီထုတ်ပယ်သင့်တယ်ဆိုတဲ့အတိုင်းပေါ့"



"နန်းကတော့ သူတစ်ပါးကောင်းမှု မကောင်းမှုကို မစဉ်းစားဘူး။
ကိုယ့်ရွတ်ယှင်းချက်နဲ့ ကောင်းမှုမကောင်းမှုကိုပဲ ဆင်ခြင်စဉ်းစားတယ်၊ ည
အိပ်ရာဝင်ရင် မအိပ်မီမှာ တစ်နေ့တာငါလုပ်ခဲ့သမျှတွေထဲမှာ ဘယ်ဟာမှန်
တယ်၊ ဘယ်ဟာမှားတယ်ဆိုတာကို ပြန်ဆန်းစစ်တဲ့အကျင့်လုပ်တယ်၊ မှန်တာ
ဆိုရင် နောက်နေ့ကိုသယ်ယူသွားပြီး မှားတာဆိုရင် ပြင်ဖို့ဆုံးဖြတ်ရတာပေါ့"

"ဟာ ... သိပ်ကောင်းတဲ့အကျင့်ပဲ၊ အစ်ကို အရမ်းသဘောကျတယ်"

"နန်းတို့ရဲ့ဘုရားရှင်က အတွင်းစင်ကြယ်မှုနဲ့ပတ်သက်ပြီး ဟောပြောခဲ့
တာ အစ်ကိုလည်းသိပါတယ်၊ မာနဟာ မြက်ခြောက်ကောက်ရိုးပဲတဲ့၊ အမျက်
ဒေါသဟာ မီးဆိုးပဲတဲ့၊ မဟုတ်မမှန်တဲ့စကားဟာ ပြာပဲတဲ့၊ လျှာဟာ ယဇ်ပူဇော်
ရာမှာသုံးတဲ့ ယောက်ချိုပဲတဲ့၊ နှလုံးဟာ အလင်းရောင်ရဲ့ တည်ရာဌာနဖြစ်တယ်
တဲ့၊ လူဟာ မိမိကိုယ်ကိုချုပ်တီးနိုင်မှ ဒီအလင်းရောင်ကိုရနိုင်သတဲ့"

"ဒီနေ့တော့ နန်းနဲ့စကားပြောရတာ အစ်ကိုအလိမ္မာတိုးသွားပြီ"

"ဟော .. အစ်ကိုက နန်းကိုပြောက်ပြန်ပြီ"

"ပြောက်တာမဟုတ်ဘူး၊ တကယ်ပြောတာ၊ အလိမ္မာတင်မကဘူး
အချစ်တွေပါတိုးသွားတာ"

"အစ်ကိုကလေ ... နန်းစိတ်ချမ်းသာအောင် တကယ်ပြောတတ်တယ်"

နန်းချယ်ရီ ကျေနပ်စွာပြုံးနေသည်ကိုမြင်ရ၏။ အပြုံးကနွမ်းသော်လည်း
စိတ်၌ ကြည်လင်မှုရှိနေသည့်ကိုပြဆိုသဖြင့် ကျေနပ်ပီတိဖြစ်ရ၏။

ဘယ်အချိန်ထိများ နန်းချယ်ရီ စိတ်ချမ်းသာအောင် ကျွန်တော်ပြောနိုင်ခွင့်
ရှိမှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



## (၃၁)

အနာဂတ်ဆိုသည်မှာ ကျွန်တော်တို့စိတ်တိုင်းကျ ဖတ်ရှုနိုင်ထုတ်နိုင်သည့် ကိုယ်ပိုင်ဥစ္စာဟု ကျွန်တော်တို့ထင်မှတ်တတ်ကြသည်။ မနက်ဖြန်သည် ကျွန်တော်တို့လက်ထဲတွင် ဖွင့်ရန်သော့ရှိနေသည့် ရွှေတံခါးတစ်ချပ်ဖြစ်သည်။ ရှေ့ကိုမျှော်ကြည့်ပြီး အကွက်ချစီစဉ်ကြသောလမ်းမှာ ဖြောင့်တန်းသည်ဟု ယူဆထားခဲ့ကြသော်လည်း ရုတ်တရက်ချိုးကွေ့သွားတတ်ကြသည်။ ထိုအခါ ကံကြမ္မာနှင့် ကျွန်တော်တို့ရင်ဆိုင်တိုးရတော့သည်။

ဝင်းမြတ် ကျွန်တော့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်။ မမျှော်လင့်ဘဲ ရောက်လာခြင်းတော့မဟုတ်။ မျှော်လင့်ဆဲရောက်လာခြင်းဖြစ်၏။ သို့သော် ဝင်းမြတ်ထံတွင်ပါလာသော သတင်းအကြောင်းချင်းရာတို့မှာ မျှော်လင့်ထားခြင်းများမဟုတ်။

“မင်းဆီကို ငါတက်လာတာကတော့ မင်းဆီကရေးပြီးသားစာမူယူဖို့ရယ်၊ ဒီလထွက်တဲ့ မင်းဝတ္ထုအတွက်စာအုပ်နဲ့ စာမူခပေးဖို့ရယ်၊ မင်းဝတ္ထုပါတဲ့ မဂ္ဂဇင်းတွေပေးဖို့ရယ်၊ မင်းဖတ်ချင်လို့မှာတဲ့စာအုပ်တွေ ပေးဖို့ရယ်အတွက်ပဲ၊ ဒါပေမယ့် ငါ့မှာ ပြောစရာသတင်းပါလာတယ်”

ဝင်းမြတ်စကားထဲမှ ‘ဒါပေမယ့်’ ဟူသော အသုံးအနှုန်းတစ်ရပ်ကြောင့် ကျွန်တော်ရင်ပူစပြုသည်။ အမေများ နေထိုင်မကောင်း၍လား။

“ပြော – ဘာသတင်းလဲ”



ဝင်းမြတ် ချက်ချင်းအဖြေမပေးသဖြင့် စိတ်ပိုထင့်သွားသည်။

“တော့ကောင် မိုက်တာတွန်း ပြောလေကွာ”

“သတင်းကောင်းတော့မဟုတ်ဘူး”

“အေးပါ ပြောစမ်းပါ”

“မင်းအစ်ကိုလင်းအောင်နဲ့ မမှုယာ ဆုံးသွားပြီး”

“ဘာ …”

ကျွန်တော့်နားတွေအူသွားသည်။ ရင်ညွန့်ကို မီးစနှင့်ထိုးလိုက်သည်သို့ ဖြစ်သည်။ မယုံကြည်နိုင်စရာသတင်း။

“ဘာဖြစ်လို့လဲ၊ ဘယ်တုန်းကလဲ”

အစ်ကိုလင်းအောင်နှင့် မမှုယာမှာ HIV ပိုးရှိနေသည်ကို ကျွန်တော် မသိမဟုတ်။ သိပါသည်။ သို့သော် ပိုးရှိနေရုံမျှဖြင့် အသက်အန္တရာယ်မဖြစ်နိုင်သေး။ ခုခံအားကျဆင်းမှုရောဂါမဖြစ်သေး။ ယခုမှ အဘယ်ကြောင့် နှစ်ယောက်စလုံးဆုံးပါးသွားရပါသနည်း။

“တစ်ပတ်ကျော်သွားပြီ၊ ကားအက်ဆီးဒင့်ဖြစ်တာ”

“ဟာ …”

“သူတို့မောင်းလာတဲ့ကားကလေးနဲ့ ကုန်တင်ကားကြီးနဲ့ ခေါင်းချင်းဆိုင် တိုက်မိတာပဲ၊ နှစ်ယောက်စလုံးအွန်သည်စပေါ့ နေရာမှာတင်ဆုံးသွားကြတယ်၊ ဆေးရုံတောင်မရောက်ဘူး”

“ဖြစ်ရတယ်ကွာ …”

“အဲဒီကိစ္စကို ငါက မင်းဆီအကြောင်းကြားဖို့ပဲ၊ ဒါပေမယ့် မင်းသိတာ တလာတုန်းက နှုန်းရှယ်ရီမှုမကောင်းတဲ့အကြောင်း ပါနေလေတော့ မင်း အမေက မင်းတို့အကြောင်းမကြားပါနဲ့လို့ပြောတယ်၊ ဖြစ်ပြီးသွားတာ ပြန်ပြင်

www.burmeseclassic.com

www.burmeseclassic.com

လို့မရတော့ဘူး။ ဒီမှာက နန်းချယ်ရီကိုဂရုစိုက်ဖို့လိုတယ်လေ၊ ဒါကြောင့် မ
အမေက အကြောင်းမကြားနိုင်းတာပဲ၊ အဲဒီတော့ ငါပဲ မင်းအမေနဲ့ငို
အသုဘကိစ္စရော ရက်လည်ကိစ္စရောဆောင်ရွက်ခဲ့တယ်"

ကျွန်တော် ပြန်ပြောစရာစကားပင်မရှိတော့ပါ။

"တစ်နေ့က ရက်လည်တာပေါ့ကွာ၊ အဲဒီညနေပဲ ငါရန်ကုန်ကထွက်လ
တာ"

"အမေရော နေကောင်းရဲ့လား"

"ကောင်းတယ်၊ မင်းအမေက ခေါင်ခေါင်မြည်ပဲ"

"အစ်ကို့အတွက် အမေစိတ်ထိခိုက်နေမှာပဲ၊ မြေးလည်းဆုံးခဲ့ရ အရ
သားနဲ့ချွေးမဆုံးဆိုတော့ကာ အမေတော်တော်ခံစားနေရမှာပဲ"

"မပူပါနဲ့ မင်းအမေက တရားနိုင်ပါတယ်၊ ခံစားရတာမှန်ပေမယ့် ခံနိုင်ရ
ရှိတယ်၊ တည်တည်ငြိမ်ငြိမ်နဲ့ လုပ်စရာရှိတာတွေအားလုံးလုပ်နိုင်တယ်"

"အဖြစ်ဆိုးတယ်ကွာ၊ မယုံနိုင်စရာပဲ"

ဝင်းမြတ်က တစ်စုံတစ်ခုကိုပြောသင့်မပြောသင့် ချင့်ချိန်နေတာ
ကျွန်တော့်ကိုကြည့်နေသည်ကို သတိပြုမိ၏။ ထို့ကြောင့် "မင်း ဘာပြောစရာ
ရှိသေးလို့လဲပြောလေ" ဟု တိုက်တွန်းလိုက်ရ၏။

"ဒီလိုကွာ" ဟု စကားစပြီးမှ ခေတ္တရပ်သွားသေးသည်။

"ပြောစရာရှိတာသာ ပြောပါ"

"ငါ့အထင် မင်းအစ်ကိုတို့ဆုံးတာ မရိုးသားဘူး"

ကျွန်တော်မျက်လုံးပြူးသွားသည်။ နားမလည်ဖြစ်သွားသည်။

"မရိုးသားဘူးဟုတ်လား၊ ဘာမရိုးသားတာလဲ"



"ငါတွေ့ကြည့်တာပါ၊ မင်းအစ်ကိုက သူပိုင်တဲ့အိမ်ကို မင်းအမေကို အရောင်းသဘောနဲ့စာချုပ်ချုပ်ပြီးပေးခဲ့တယ်၊ ဆိုင်ကိုတော့ မမယုယာရဲ့ညီမကို အရောင်းသဘောနဲ့ပဲစာချုပ်ချုပ်ပြီးပေးထားခဲ့တယ်၊ အဲဒါ သူတို့မဆုံးခင် ကလေးကပဲ၊ အဲဒီအကြောင်းတွေကို ငါ့ကိုလာပြောပြီးစာချုပ်တွေကို သူ့ရှေ့နေနဲ့ အပ်ထားခဲ့တယ်၊ သူတို့ဆုံးပြီးမှ ရှေ့နေက မင်းအမေနဲ့ မမယုယာညီမကို ခေါ်ပြီးပေးတယ်၊ ဒါကိုကြည့်ရင် မင်းအစ်ကိုတို့လင်မယားတာ မသေခင် ကတည်းက အစီအစဉ်ချခဲ့တာထင်ရှားတယ်၊ ဒါကြောင့် သူတို့ကားတိုက်မှု ဟာ အက်ဆီးဒင့်မှဟုတ်ရဲ့လားလို့ ငါသံသယရှိတယ်"

ကျွန်တော်သဘောပေါက်သွားသည်။

"ဖြစ်နိုင်တာပေါ့ ဝင်းမြတ်ရာ၊ အစ်ကိုရော မမယုယာပါ သူတို့သားလေး သေဆုံးရတာကိုခံစားရတဲ့အပြင် သူတို့လင်မယားပါ ဒီရောဂါကြီးကဝင်လာပြီး မကြာမီမှာ သေဆုံးကြရမှာကိုကြိုသိနေလို့ အရမ်းကိုတုန်လှုပ်နေကြတာ ငါသိတယ်၊ ဒီတော့ ရောဂါခံစားပြီးသေရမှာကိုမစောင့်တော့တဲ့ သူ့ရဲ့ဘောကြောင် ဘာနဲ့ မိုက်မိုက်ကန်းကန်းလုပ်သွားတာလည်း ဖြစ်နိုင်တာပေါ့၊ အား ... စိတ် မကောင်းဘူးကွာ၊ ရင်ထဲမှာဆို့နေတယ်"

"စိတ်ကိုလျှော့ပြီးဖြေလိုက်ပါ သူငယ်ချင်းရာ"

"မင်းပြန်ရင် ငါ ရန်ကုန်ကို ခဏတော့လိုက်ဦးမှဖြစ်မယ်ထင်တယ်"

"မင်းအမေကတော့ သူ့အတွက် ဘာမှမပူဖို့မှာလိုက်တာပဲ"

"ဒါပေမယ့် အမေ့ကို ငါတွေ့ပြီးအားပေးသင့်သေးတယ်၊ ပြီးတော့ မင်း ပြောတဲ့ အစ်ကိုလုပ်ခဲ့တဲ့ကိစ္စတွေအတွက် စီစဉ်စရာတွေရှိချင်ရှိနေဦးမှာ"

"ဟုတ်တယ်၊ ဒါတော့ လိုအပ်တယ်"

"ငါ နန်းကို အကျိုးအကြောင်း ပြောပြလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ပြောလို့ ကောင်းပုံမလား"

"ဘာဖြစ်လို့လဲ၊ မပြောပြလို့မှမရတဲ့ဟာ"

"ဟိုအကြောင်းတွေ ထည့်မပြောနဲ့နော်"

အစ်ကိုလင်းအောင်နှင့် မမမှုယာတို့တွင် HIV ပိုးရှိနေကြောင်း ဝင်းမြတ် ရည်ညွှန်းခြင်းဖြစ်သည်။ ကျွန်တော်သဘောပေါက်သည်။ ပြောရ အကြောင်းတွေမလာသည့်အပြင် နှင်းချယ်ရီ၏ စိတ်ထတ်ထိခိုက်သွားနိုင်သည် ပြောရန်မသင့်။

"အေးပါ၊ ငါ နားလည်ပါတယ်"

ဝင်းမြတ်ကို အိမ်ပေါ်ထပ်ရှိ နှင်းချယ်ရီအိပ်ခန်းသို့ ကျွန်တော်ခေါ်လာသည်။ အိပ်ရာထဲတွင်လှဲ၍စာဖတ်နေသော နှင်းချယ်ရီက ဝင်းမြတ်တို့ မြင်သည်နှင့် လှဲနေရာမှလူးလဲထသည်။ ပြုံးရွှင်စွာဖြင့် ...

"ကိုဝင်းမြတ်ကြီး ဘယ်တုန်းကရောက်လာလဲ၊ တစ်ယောက်တည်းလား" ဟုလည်း နှုတ်ဆက်သည်။

"နေ နေ မနှင်းချယ်ရီ၊ မထနဲ့ နေသာသလိုနေ" ဟု ဝင်းမြတ်က လက်ကာ၍တားပြီးမှ "ခုပဲရောက်တာ၊ တစ်ယောက်တည်းသမား လူပျိုကြီး ပဲလေ၊ တစ်ယောက်တည်းလာရမှာပေါ့" ဟု ဖြေလိုက်သည်။

နှင်းချယ်ရီက ရယ်လိုက်ပြီးမှ "အမေပါ ပါလာသလားလို့မေးတာပါ" ဟု ပြန်ပြောသည်။

"နေကောင်းတယ်မဟုတ်လား၊ နည်းနည်းတော့ပိန်သွားသလိုပဲ၊ စာမေးပွဲရက်က အရမ်းပင်ပန်းသွားတယ်ထင်တယ်"

"ဟုတ်ကဲ့"

ကျွန်တော်က ဝင်၍ ...



"နှင်းရေ ဝင်းမြတ်လာတာက အစ်ကို့စာမူယူရင်း ထွက်တဲ့စာအုပ်တွေ ပေးရင်းလာတာ၊ ဒါပေမယ့် သတင်းဆိုးတစ်ခုပါလာတယ်၊ အစ်ကိုလင်းအောင်နဲ့ သူ့ဇနီး မမ မှုယာတို့ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတယ်တဲ့"

နှင်းချယ်ရီ မျက်နှာကလေးအိုသွားသည်။ မျက်လုံးဝိုင်းဝိုင်းကလေးဖြင့် ရင်ကိုဖိလျက် ...

"အို ... ဟုတ်လား။ ဘုရား ... ဘုရား ...၊ နှင်း စိတ်မကောင်းလိုက်တာ၊ ဖြစ်မှဖြစ်ရလေအစ်ကိုရယ်၊ နှစ်ယောက်စလုံး တစ်ပြိုင်တည်းဖြစ်ရတယ်လို့"

"ကိစ္စတွေကတော့ ပြီးသွားပါပြီ၊ အမေက အစ်ကိုတို့အလုပ်ရှုပ်မှာစိုးလို့ အကြောင်းမကြားတာတဲ့၊ ဒါပေမယ့် အစ်ကို ရန်ကုန်သွားပြန်ပြီး အမေ့ကို တွေ့ချင်တယ်"

"တွေ့သင့်တာပေါ့၊ အမေ့ကို အခုအချိန်မှာ အားပေးဖို့လိုတယ်လေ၊ နှင်းပါလိုက်ချင်လိုက်တာ"

"လိုက်ခဲ့လေ၊ နှင်းလည်း ကျောင်းပိတ်ထားတာပဲ"

နှင်းချယ်ရီ တွေတွေကလေးဖြင့် ...

"အင်း .. မဖြစ်သေးပါဘူးအစ်ကိုရယ်၊ နှင်း ခရီးဝေးသွားလို့မဖြစ်သေးပါဘူး။ နေမှမကောင်းတာ၊ ပြီးတော့ လမ်းခရီးမှာရော ဟိုမှာပါ နှင်းအတွက် အရမ်းကိုဒုက္ခရောက်ကြမှာ" ဟု တွေးတွေးဆဆပြောသည်။

"အမေကလည်း နှင်းကိုသတိရကြောင်းနဲ့ ကျောင်းပိတ်ရက်လာလည်ဖို့ တော့ မှာတယ်"

"အစ်ကိုပဲသွားပါ အစ်ကိုရယ်၊ အမေ့ကိုလည်းပြောပြပါ၊ နှင်း လိုက်ချင် ပါတယ်လို့၊ ဒါပေမယ့်"

www.burmeseclassic.com

www.burmeseclassic.com



နန်းချယ်ရီစကားပြတ်သွားသည်။ ကျွန်တော်က အကင်းပါးစွာဖြင့် စကား ဖွဲ့ရန် ကြိုးစားလိုက်ရ၏။

"အစ်ကို ခရီးသွားရင် နန်းဘေးမှာ တစ်ဦးဦးရှိမှဖြစ်မှာ၊ မမယုက အကျိုးအကြောင်းပြောပြီး ခေါ်ထားမှထင်တယ်"

"အင်း ... ဟုတ်တယ်၊ ဒီလိုလုပ်ပါ၊ အစ်ကိုတို့သွားတဲ့အခါကျမှ ကလေ ကို ဝင်ပြီး အကျိုးအကြောင်းပြောခဲ့ပေါ့"

"တာ ... အဲဒီလိုမဖြစ်ပါဘူး။ မမယုတို့က လာနေနိုင်မနေနိုင် မသေ ဘဲနဲ့ အစ်ကိုသွားလို့မဖြစ်ဘူး။ နောက်ကြောင်းမအေးဘဲ အစ်ကိုမသွားချင် နန်းကို စိတ်မချဘူး၊ ဒီတော့ အစ်ကို ကလေးဆင်းပြီး မမယုတို့ကိုပြောပြ မမယုလိုက်လာနိုင်ရင် တစ်ခါတည်းခေါ်လာမယ်၊ မမယုမလာနိုင်ရင်တော့ အစ်ကို ရန်ကုန်မဆင်းတော့ဘူး"

နန်းချယ်ရီပြုံး၍ ဝင်းမြတ်ကိုကြည့်ကာ ...

"အဲဒါကြည့်တော့ ကိုဝင်းမြတ်ရေ၊ ကိုဝင်းမြတ်သူငယ်ချင်းက နန်း ကလေးလေးလိုပဲ၊ အရမ်းဂရုစိုက်တာ" ဟု ပြောသည်။ သူမ၏စကား ကျေနပ်ပီတိများပြောဝေလျက်ရှိလေသည်။

(၃၂)

ခေါက်တာစိုင်းမောင်နှင့် နန်းယုယုလှိုင်တို့က သူတို့ နန်းချယ်ရီကို ကြည့်ပေးမည်၊ စိတ်အေးအေးထားသွားပါဟုပြောသဖြင့် ကျွန်တော် ဝင်းမြတ် နှင့်အတူ ရန်ကုန်မြို့သို့ဆင်းခဲ့သည်။ ပင်းတယမှမထွက်လာမီ နန်းချယ်ရီအတွက် လိုအပ်သမျှကို ကြိုတင်၍စီစဉ်လုပ်ပေးထားခဲ့သည်။ ဆေးဝါး၊ အစား အသောက်၊ အဝတ်အထည်၊ ဖတ်ရန်စာအုပ်၊ နာရန်တရားခွေ အားလုံး အဆင်သင့်။

"အစ်ကို တစ်ပတ်လောက်ပဲကြာမှာပါ၊ နန်း စိတ်မပူနဲ့နော်"

"အစ်ကိုရယ် ... နန်းကို စိတ်ချလက်ချသွား၊ ဟိုမှာ အစ်ကို နေချင် သလောက်နေ၊ နန်းက ဘာမှဖြစ်တာမှမဟုတ်တာ"

"နန်း ဘာမှာဦးမလဲ၊ နန်းဖို့ အစ်ကို ဘာဝယ်ခဲ့ရမလဲ"

"ဘာမှမလိုပါဘူး အစ်ကို၊ နန်းမှာ အစ်ကို့ရင်ထဲကမေတ္တာတွေ အပြည့် ရထားပြီးပြီ၊ တခြားဘာမှ မလိုတော့ဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

နန်းချယ်ရီက ကျွန်တော့်အကျႌဘယ်ဘက်အိတ်ကပ်ထဲက သူမ၏ ပြုသွယ်သောလက်ကလေးဖြင့် နှိုက်လိုက်သည်။

"အစ်ကို့နှလုံးသားနဲ့အနီးဆုံးနေရာက ပစ္စည်းကလေးတစ်ခုလောက် နန်း ယူထားလိုက်ဦးမယ်၊ အစ်ကို့ရင်ငွေ့လေးလိုချင်လို့"



www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီစကားက ကျွန်တော့်နှလုံးသားကို ဆတ်ဆတ်တုန်သွား
သည်။ ယောကျ်ားရင့်မာကြီးဖြစ်လျက် မျက်ရည်ဝဲသွားသည်။ နန်းချ
နိုက်ယူပြီး လက်ထဲတွင်ပါလာသောပစ္စည်းမှာ အခြားမဟုတ်ပါ။ ကြေးပြာ
ကလေးဖြစ်သည်။ ကြေးပြားကလေးမှာ လက်မလက်သည်းခွံကလေးအ
မျှသာရှိ၏။ တစ်ဘက်တွင် ကိန္နရာအရုပ်ကလေးပါပြီး ကျန်တစ်ဖက်
ကိန္နရီရုပ်ကလေးပါသည်။ ထိုကြေးပြားကလေးမှာ ဘာရယ်မဟုတ်၊ ဦး
တော်သုတစ်ယောက်ထံမှတွေ့၍ လှသောကြောင့် တောင်းယူလာခဲ့
ကြေးပြားကလေးဖြစ်၏။ ဘာအဆောင်၊ ညာအဆောင်မှမဟုတ်။ ကျွန်
တရေးရန်တွေးနေသည့်အခါ သို့မဟုတ် အနားယူသည့်သဘောဖြင့် ဘ
မလုပ်ဘဲ ထိုင်နေသည့်အခါမျိုးတွင် လက်ထဲထည့်၍ဖြစ်စေ၊ မြှောက်၍ဖြ
အပျင်းပြေသဘောဖြင့် ဆော့ကစားတတ်သည့်အရာကလေးဖြစ်၏။
ကြေးပြားကလေးမှာ တန်ဖိုးမရှိသော်လည်း အမြဲတစေသုံးသောပစ္စ
ကလေးတစ်ခုဖြစ်သဖြင့် ကျွန်တော်နှင့်မခွဲမခွာအတူရှိတတ်၏။

ကျွန်တော်ဆော့ကစားနေသည်ကို နန်းချယ်ရီ မကြာခဏတွေ့ပြီး သ
မြင်ခဲ့တာန်ရှိ၏။ ကျွန်တော့်ကိုလည်း ရယ်စရာလုပ်၍နောက်ပြောင်ခဲ့ဖူးသော

"အစ်ကို့မှာ ဘယ်သူနဲ့မှမတူတဲ့ ထူးခြားချက်တစ်ခုရှိတယ် သိလာ

"ဘာလဲတင် နန်း"

"ကြေးပြားကလေးနဲ့ကစားတာလေ"

"အဲက ဘာရယ်မဟုတ်ပါဘူး နန်းရယ်၊ စိတ်ထဲမှာ ဟာတာတာ
အခါမျိုးမှာ အပျင်းပြေကစားတာပါ။ ပြီးတော့ လှလို့ မြတ်နိုးတာလည်းပါတာ

"နန်းနဲ့ အဲဒီကြေးပြားလေး ဘာကိုပိုပြီးမြတ်နိုးလဲအစ်ကို"

"အို ကပ်သီးကပ်သတ် နန်းရယ်"



ယခုလည်း ကျွန်တော့်အိတ်ထဲထည့်ထားသည့် ကိန္နရီကိန္နရာရုပ်ပါ
ကြေးပြားဝိုင်းကလေးကို နန်းချယ်ရီက သူမ၏လက်ဖဝါးပေါ်တွင်တင်လျက်
ကျွန်တော့်ကိုပြုံးတုံ့တုံ့ ရှုံ့ရှုံ့စားစားကြည့်နေပြန်သည်။

"အစ်ကို နန်းတို့ ဒီဟာလေးပေးရက်ရဲ့လားဟင်"

ကျွန်တော် ပေါ့ပါးစွာရယ်လိုက်သည်။

"ကပ်သီးကပ်သတ်မေးပြန်ပြီ၊ အစ်ကို့နှလုံးသား။ အစ်ကို့သွေး။ အစ်ကို့
အသွားကိုယ်တောင် နန်းယူလို့ရတယ်"

"နန်းက အစ်ကိုမရှိတဲ့အခါ အစ်ကို့ရင်ငွေ့လေးလိုချင်လို့ပါ"

ပြောပြန်ပြီ သည်စကား။

သည်စကားကလေးက ကျွန်တော်၏နှလုံးသည်းပွတ်တွင် အနက်ရှိုင်းဆုံး
နေရာသို့တိုင် နေရာယူသွားသောစကားလေးဖြစ်သည်။

"ကဲ ... ကဲ လင်မယားတွေ မခွဲနိုင်မခွာရက် အလွမ်းသယ်မနေနဲ့
အောက်မှာ မောင်ဝင်းမြတ်စောင့်နေတာကြာပြီ၊ သွားတော့"

နန်းယုယုလိုင်ကဝင်၍ ရယ်မောနောက်ပြောင်ရင်း သတိပေးသည်။
နန်းချယ်ရီ၏နုနုပြင်ကလေးကို ခပ်ဖွဖွနမ်း၍နှုတ်ဆက်ပြီး ကျွန်တော် အခန်း
ထဲမှ ထွက်ခဲ့ရသည်။ နန်းချယ်ရီ ကျွန်တော့်ကျောပြင်ကိုငေးရင်း မျက်ရည်
ဝိုင်း ကျန်ရစ်ခဲ့မည်ကို လှည့်မကြည့်ဘဲ ကျွန်တော်သိနေသည်။

လမ်းခရီး ရထားပေါ်ရောက်မှ ဝင်းမြတ်က သတင်းတစ်ခုထပ်ပေးပြန်
သည်။

"ရွှန်းလဲ့ သူ့ယောကျ်ားနဲ့ကွဲသွားပြီလို့ကြားတယ်"

ကျွန်တော် အံ့အားသင့်ရပြန်၏။

"တ ... လက်ထပ်တာမှ ဘာမှမကြာသေးဘူး။ မင်းဟာက တုတ်ရဲ့
ဘား"

www.burmeseclassic.com

www.burmeseclassic.com

"သတင်းကြားရတာတော့ အနိုင်အမာပဲ၊ ရှမ်းလုံနဲ့တော့မတွေ့

"ဘာကြောင့်တဲ့လဲ"

"အဲဒါတော့ မသိဘူး"

"တာကွာ ... မင်းဟာက ဘာမှမရေရာဘဲနဲ့"

"အောင်ကိုနိုင့် အသိုင်းအဝိုင်းနဲ့ ရှမ်းလုံနဲ့ကွာတယ်လေ၊ အဲဒါ
ဖြစ်မှာပေါ့ ဒါက ငါ့အထင်ပြောတာ"

အမှန်စင်စစ် ရှမ်းလုံအကြောင်းနှင့်ပတ်သက်၍ စိတ်မကောင်းရုံ
ကျွန်တော် ထူးပြီးခံစားစရာမရှိပါ။ ကျွန်တော့်ရင်၌ရှိသည်က နန်းချယ်
ဝေဒနာ၊ နန်းချယ်ရီ၏ရောဂါ။ ကျွန်တော် ရန်ကုန်ထွက်မလာမီ ကျွန်တော
ကြည့်နေခဲ့သည့် နန်းချယ်ရီ၏မျက်နှာ။

"အခြေအနေက သိပ်မလှတော့ဘူး"

ကျွန်တော့်နှုတ်မှ စကားနှင့်ဆက်၍ ....

"တုတ်တယ် ရှမ်းလုံမိုက်တာပါကွာ၊ စကတည်းက သူ အောင်
ကိုမှ မချစ်ဘဲ" ဟု ဝင်းမြတ်ကပြောသည်။ ကျွန်တော်က သူ့မျက်
လှည့်ကြည့်လိုက်ပြီး ....

"မင်းကို ငါ ရှမ်းလုံအကြောင်းပြောတာမဟုတ်ဘူး"

"မင်းပြောတာက ဘာလဲ"

"နန်းချယ်ရီအကြောင်းပြောတာ၊ အခုဆိုရင် နန်းချယ်ရီက HIV
ကူးစက်ခံနေရတဲ့အဆင့်ကနေ ခုခံအားကျဆင်းတဲ့ရောဂါဖြစ်တဲ့အနေအ
ကို ရောက်နေပြီ၊ ဆိုးဆိုးဝါးဝါးမဖြစ်လာသေးပေမယ့် ဝိန်လာတယ်၊ အ
အသောက် ပျက်လာတယ်၊ မင်းကြည့်လေ .. အရင်ရုပ်မဟုတ်တော့ဘူ

ဝင်းမြတ် ခေါင်းညိတ်သည်။



"ငါ နန်းချယ်ရီကိုကြည့်ပြီး စိတ်မကောင်းဘူး။ မင်းတို့နှစ်ယောက်
ပြောဆိုဆက်ဆံနေကြတာကိုကြည့်ပြီးတော့လည်း ငါခံစားရတယ်၊ မင်း
ကလည်း သူ့ကိုချစ်တယ်၊ သူကလည်းမင်းကိုချစ်တယ်၊ နှစ်ဦးသား အပြန်
အလှန် ချစ်နေကြပါလျက်နဲ့ မင်းတို့ကြားမှာရောဂါကြီးကခြားနေပြီး ယုယု
ယယ တွေးတွေးပွေ့ပွေ့တောင်နေလို့မရတဲ့ဘဝ၊ ပြီးတော့ မကြာခင်မှာ သူဟာ
ရောဂါကိုအကြီးအကျယ်ခံစားရပြီး သေမင်းခေါ်ရာကိုလိုက်ရတော့မှာ"

ကျွန်တော့်မျက်လုံးထဲမှာ နှင်းတွေဝေလာပြန်သည်။

"အဲဒါတွေးလိုက်ရင် ငါဆောက်တည်ရာမရသလိုပါပဲကွာ၊ ဒီရောဂါကြီး
သာ ပေါ်မလာရင် သူနဲ့ငါ့ဘဝ ဘယ်လောက်ချမ်းမြေ့သာယာလိုက်မလဲ၊ ခုတော့
သူနဲ့ငါ့အဖြစ်က ဘယ်သူ့ကိုအပြစ်တင်ရမှန်းမသိ၊ ဘာလုပ်လို့ လုပ်ရမှန်းမသိနဲ့
သူ့ကိုစိတ်ဓာတ်မကျအောင် အားပေးရင်းနဲ့ ငါကစိတ်ဓာတ်ကျချင်လာတယ်"

"ဒါပေမယ့် နန်းချယ်ရီကိုတော့ ငါချီးကျူးပါတယ်၊ သူဟာ မိန်းကလေး
ဖြစ်ပေမယ့် သတ္တိကောင်းတယ်၊ မင်းအစ်ကိုလို သွေးမပျက်ဘူး"

"အဲဒါကတော့ နန်းချယ်ရီက ဗုဒ္ဓအဆုံးအမမှာတည်လို့ပဲကွ၊ တရား
ကိုတာ၊ တရားနာတာတွေကြောင့်ပဲ၊ ပြောရရင် နန်းချယ်ရီက အသေမဦးခင်
ကြိုးထားလို့ခံနိုင်ရည်ရှိတာ"

တစ်လမ်းလုံး ဝင်းမြတ်နှင့်ကျွန်တော့်စကားများသည် နန်းချယ်ရီနှင့်
ပတ်သက်သော အကြောင်းများပင်ဖြစ်၏။

"နန်းချယ်ရီက ငါ့ကိုထန္တသုံးခုတောင်းမယ်တဲ့၊ အခု ပထမဆုံးတောင်း
တဲ့ ဆန္ဒကတော့ သူနဲ့ငါ့အကြောင်း ဝတ္ထုရေးဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းရေးနေပြီလား"

"အေး ငါတို့လက်ထပ်တဲ့အထိရောက်နေပြီ၊ ဒါပေမယ့် ငါဆက်ရေး မရဘူးကွာ၊ ရေးရင် အရမ်းခံစားရပြီး မျက်ရည်ကကျချင်လာတယ်"

"နောက်ဆန္ဒနှစ်ခုကရော"

"အဲဒါတွေတော့မပြောသေးဘူးကွာ"

"ခုအချိန်မှာ အရေးအကြီးဆုံးက မင်းစိတ်ဓာတ်နိုင်မာဖို့ပဲ နေဝ နိုင်ရိုင်းမတ်မတ်ရှိမှ နန်းချယ်ရီက မင်းကိုမှီလို့ရမှာ၊ အေးကွာ ငါလည်းတတ် ရင် မင်းနားမှာနေပြီး အမြဲအားပေးကူညီချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်"

(၃၃)

"အမေ ဘာမှမဖြစ်ပါဘူးကွယ်၊ သားကြီးတို့အတွက် စိတ်မကောင်း တော့ ဖြစ်ရတာပေါ့၊ ဒါပေမယ့် ဘာတတ်နိုင်မလဲ ကံစီမံရာပေါ့"

အမေက အေးဆေးတည်ငြိမ်စွာပြောသည်။ ကျွန်တော်မရှိသဖြင့် နယ်မှ ကူမ (ကျွန်တော့်ညီမဝမ်းကွဲ) တစ်ယောက်ကိုခေါ်ထားသည်ဖြစ်ရာ အမေ့အဖို့ အကူအညီလည်းရ အဖော်လည်းရပေသည်။

"အစ်ကို့အတွက်ကတော့ မတတ်နိုင်တော့ဘူးလေ၊ အစ်ကိုတို့က သူတို့ လမ်း သူတို့ရွေးသွားတာကိုး။ ကျွန်တော်က အမေ့အတွက်ပူတာပါ။ မိုးလေး တို့ မိသားစုကြီးရဲ့အဖြစ်အပျက်က တကယ့်ကို ထိတ်လန့်စရာအဖြစ်ဆိုးကြီး အမေမခံနိုင်ဖြစ်မှာကိုပါပဲ၊ အမေ့အသက်ကလည်း ရလာပြီလေ"

"ဒါနဲ့ သမီးလေးရဲ့အခြေအနေ"

အမေက နန်းချယ်ရီအကြောင်း မြတ်မေးသည်။ ကျွန်တော် ဖြင့်သက် ချလိုက်ရ၏။ —

"အခြေအနေကတော့ အသိဆက်ကိုရောက်စပြုလာပြီလေ၊ ရောဂါကြီး တွေ မဝင်သေးတာတစ်ခုပဲရှိတယ်"

"သမီးလေးလည်း ကံဆိုးပါတယ်ကွယ်၊ အမေ သူ့ကိုအရမ်းချစ်တယ်၊ သမျှတယ်၊ တကယ်တော်တဲ့မိန်းကလေးပါ။ သားအတွက်သာမကဘူး မိုး သားကအတွက်ပါ သူ့ကိုအမေနှမြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက လိုက်လာပြီး အမေ့ကိုနှစ်သိမ့်ချင်တာတဲ့ အမေရ"

"အိုကွယ် ... သူက နေမကောင်းနေတဲ့သူ၊ တကယ်ဆို အမေက

လာပြီး သူ့ကိုပြုစုပေးချင်တာပါ"

"အစ်ကို့ရဲ့နောက်ပိုင်းကိစ္စတွေကရော"

"အဲဒါတွေက ပြီးပြတ်သွားပါပြီ၊ ဘာမှပြဿနာမရှိပါဘူး။ ဆိုင်ကို မှ

ညီမက အခုဆက်ပြီးဖွင့်တယ်၊ အိမ်ကတော့ အမေ့လက်ထဲမှာပေါ့။ အဲဒီ

မှာ အမေက သားနဲ့နန်းချယ်ရီကို လာနေစေချင်တာ"

"နန်းချယ်ရီဘယ်လာနေနိုင်မလဲ အမေရယ်၊ အခုလိုအခြေအနေ

သူ့အဝေနဲ့ သူ့ဇာတိကို သူဘယ်ခွာချင်မလဲ"

"အမေ စာနာပါတယ်ကွယ်၊ သားကတော့ သမီးကို ဖိုပြီးကရုဏာ

သူ့ရဲ့နောက်ဆုံးရက်တွေမှာ သားရဲ့ယုယကြင်နာမှုနဲ့ သူပျော်ရွှင်သွား

စေကွယ်"

"ဟုတ်ကဲ့ပါ အမေ"

အမေပြောသည့် 'နောက်ဆုံးရက်များ' ဟူသောစကားက ကျွန်တော

နလုံးသည်းညှာကို တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်လိုက်သည်။ တစ်စစီပဲ

အောင် ထိုးနှက်လိုက်သည်။

"ဒါဆို ကျွန်တော် ရန်ကုန်ထဲသွားပြီး အလုပ်ကိစ္စလေးတွေလုပ်လို

ဦးမယ်"

"ကောင်းပြီ သား"

ဝင်းမြတ်၏ ကုမ္ပဏီစာပေရှိရာ သုံးဆယ့်တစ်လမ်းသို့ ကျွန်တော် ဘတ်

ကားစီး၍သွားခဲ့သည်။ ဆူးလေဘုရားလမ်းမှတ်တိုင်တွင် ကားရပ်သော

ဆင်း၍လမ်းလျှောက်လာခဲ့၏။ အသွားအလာများပြားလှသော မြို့လယ်



ကြီးပေါ်ရှိ ကားများနှင့် လူများမှာ သက်ဝင်ပန်းရိုက်ကားကြီးတစ်ချပ်ပမာ။

နေလည်နေခင်းဖြစ်သော်လည်း ဝမ်းသမုဒ္ဒရာအတွက် အရိပ်မခိုအားဘဲ

သွားလာလှုပ်ရှားနေသူများမှာ နေပူရှမ်းမင်းသိပုံမရကြ။ ပင်းတယမှာ အအေး

ထက်ခံရှိနေဆဲဖြစ်သော်လည်း၊ ရန်ကုန်က သိသိသာသာပူနေပေပြီ။ ဒေသ

တစ်ခုမှ တစ်ခုသို့ ရုတ်ချည်းပြောင်းလဲရောက်ရှိလာသူ ကျွန်တော့်အဖို့

ပျော်တာရက် အနေရခက်သလိုမျိုးခံစားရသည်။

ဆူးလေဘုရားလမ်း လှည်းတန်းပလက်ဖောင်းပေါ်မှလျှောက်လာရင်း

အနော်ရထာလမ်း ပလက်ဖောင်းဆီသို့ ချိုးကွေ့လိုက်သည်။

ထိုစဉ် 'နေဇ' ဟူသောဆိုင်းနှင့် နောက်မှနေ၍ လက်မောင်းကိုဝမ်းဆွဲ

ခြင်း ခံလိုက်ရသည်။ လှည့်မကြည့်မီကပင် ခေါ်သံကို ကျွန်တော်ကျက်မိနေပြီး

ဖြစ်၏။ လှည့်ကြည့်လိုက်တော့လည်း ကျွန်တော်မမှား။ ရွှန်းလဲ့ပင်ဖြစ်လေ

သည်။

"နှင်းဘယ်တုန်းကပြန်ရောက်လဲ၊ ဝမ်းသာလိုက်တာဟယ်" ဟု ဆွဲထား

သော လက်မောင်းကိုမလွှတ်သေးဘဲ တရင်းတနှီးပြောသည်။ နဖူးမှာရွှေဒူ

ဂလေးများ သီးနေသော်လည်း ဓါတ်ပုံးလိုပင် အပြင်အဆင်အမွမ်းအမံတွေ

နှင့် လှနေဆဲဖြစ်ပြီး ပြောစကားနှင့်ညီစွာ ဝမ်းသာမှုဖြင့်တောက်ပနေသော

မျက်လုံးများနှင့် ပြုံးကြည့်နေသောနှုတ်ခမ်းများကိုမြင်ရသည်။ ရုတ်ချည်းပင်

မင်းမြတ်ပြောခဲ့သောစကားကို အမှတ်ရလိုက်၏။ 'ရွှန်းလဲ့ သူ့ယောကျ်ားနဲ့

ကွဲသွားပြီလို့ကြားတယ်' ဟူသော စကား။

"ခုမနက်ဘဲ ပြန်ရောက်တာဟ"

"ဟုတ်လား၊ နှင်းအမျိုးသမီးရော မပါဘူးလား"

"မပါဘူး၊ ငါတစ်ယောက်တည်းလာတာ"

www.burmeseclassic.com

 www.burmeseclassic.com 

"ငါက နှင့်အမျိုးသမီးကိုကြည့်ရင်တာတာ၊ နှင်းခွေးထားတော
လောတ် လှသလဲလို့ ငါနောက်တာပါဟာ၊ နှင့်အမေဆီရောက်တုန်းက
မင်္ဂလာဆောင်မှာရိုက်ထားတဲ့ဓာတ်ပုံတွေ တွေ့ခဲ့ရပါတယ်၊ နှင့်အမျိုးသမီး
တကယ်ကျက်သရေရှိတယ်"

"ကဲ လာသုငယ်ချင်း၊ ဒီလောက်မြှောက်ပြောနေမှတော့ ငါတစ်ခုခု
မှ တိုက်မှဖြစ်တော့မယ်၊ အပူသောက်မလား၊ အအေးသောက်မလား၊
မတုတ် ဘာစားမလဲ"

"ငါတကယ်ပြောတာပါဟ" ဟု ဆိုသော်လည်း "အအေးပဲသော
မယ်" ဟု တန်ဆောင်ခြင်းကင်းစွာ ရွှန်းလဲ့ပြောသည်။ သို့ဖြင့် ရွှန်းလဲ့
ကျွန်တော် နီးရာအအေးဆိုင်တစ်ခုဆီသို့ ခြေဦးတည်လိုက်ကြသ
အအေးဆိုင်တွင် ရွှန်းလဲ့က သူကြိုက်ရာတာလူ့ဒါနှင့် ကျွန်တော့်အတွ
ဝှက်မျှာစရာ်ရည်မှာရင်း "နှင့်အမျိုးသမီးနဲ့ငါတ့ ရင်းနှီးချင်လို့ပါတာ၊
ဘာဖြစ်လို့ မလိုက်လာတာလဲ" ဟု စောစောကစကားကိုဆက်သည်။

"ငါတ အစ်ကိုတို့ညတင်းကြားရလို့လာတာ၊ သူလိုက်လာမလို့ပဲ၊ လာ
နိုးမှ နေမကောင်းဖြစ်နေလို့ ကျွန်နေရစ်တာ"

သင့်တော်အောင် ကျွန်တော်ဖြေလိုက်သည်။

"အသင်ရောပြောတယ်မဟုတ်လား"

"ပြောပါတယ်"

"နှင် ရှမ်းပြည်နဲ့တည့်တယ်ထင်တယ်၊ အသားတွေဖြူလာတ
ဒါပေမယ့် နည်းနည်းပိန်သွားတယ်"

ထုံးစံအတိုင်း ရွှန်းလဲ့က စကားတွေတောင်စနအောင်ပြောသည်၊ တ
လေး လာချသော တာလူဒါခွက်ကိုလှမ်းယူရင်း "နှင့်အစ်ကိုနဲ့မရီးကိုတွေ

ငါမရောက်ဖြစ်လိုက်ဘူး၊ နောက်မှသိရလို့ပါ၊ အဲဒီရက်က ငါကလည်း ပြဿနာ
တွေတက်ပြီး စိတ်ရှုပ်နေလို့" ဟုပြောသည်။ အနည်းငယ်မျှ မျက်နှာပြောင်းလဲ
သွားသည်။

"နှင် ဘာတွေစိတ်ရှုပ်စရာတွေ ရှိနေလို့လဲ"

ကျွန်တော့်အမေးနောက်မှာတော့ ရွှန်းလဲ့အပြုံးများပျောက်သွားပြီး
မျက်လုံးတွေ ပုတ်ခတ်ပုတ်ခတ်ဖြစ်သွားသည်၊ ဆိုင်မှ အပြင်သို့ငေးသွားသည်။
သို့မဟုတ် ကျွန်တော့်ကို မျက်နှာလွှဲလိုက်ခြင်းဖြစ်မည်။

"ငါ့အဖြစ်တွေပါဟာ၊ မဆင်မခြင် ငါလုပ်ချခဲ့တာ ငါခံရတာပဲပေါ့၊
အောင်ကိုနိုင်နဲ့ငါ ဖြန်းစားကြီးလက်ထပ်ဖြစ်ခဲ့ကြတယ်၊ တကယ်ဆို သူ့
အကြောင်း ငါအတွင်းကျကျမသိခဲ့ဘူး၊ လက်ထပ်ပြီးမှသူ့နောက်ကြောင်းတွေ
သူ့စရိုက်တွေ သိလာရတယ်၊ အရင်က သူ့မှာဖြစ်ခဲ့တဲ့အမျိုးသမီးတစ်ယောက်
နဲ့ သူပြန်နိုင်ပြီတယ်၊ အဲဒါကိုသိလို့ ငါ့မှာပြဿနာတက်ကြတယ်"

ရွှန်းလဲ့၏ဇာတ်လမ်းက ရုတ်ချည်းပင်ကြေကွဲစရာတွေဘက် ကူးပြောင်း
သွားသည်၊ ကြေကွဲစရာများကိုပြောပြနေသော ရွှန်းလဲ့မှာလည်း ရီဝေကြေကွဲ
မျက်ဝန်းများနှင့်၊ တာလူဒါခွက်ကို ရှေ့တွင်ယူချထားသော်လည်း ရွှန်းလဲ့
မသောက်ဖြစ်ရှာသေး၊ မသောက်နိုင်သေး၊ ဖြိုသိပ်ထားရသော အမြုတေများ
ပွင့်ထွက်ကျလာသည်။

"တကယ်က သူတွဲခဲ့တဲ့ အဲဒီအမျိုးသမီးက အကျင့်စာရိတ္တသိပ်မကောင်း
ဘူး၊ သူ့တို့အပိုင်ဝမ်းတာ၊ သူကရှောင်ပြီး ငါနဲ့လက်ထပ်ခဲ့တာ၊ သူ့အပြောအရ
တော့ အဲဒီအမျိုးသမီးကို သူမချစ်ပါဘူးတဲ့၊ အပျော်တွဲခဲ့မိတာ ဝန်ခံပါတယ်တဲ့၊
သူပြောပုံက ငါ့ကိုတော့တကယ်ချစ်တဲ့ပုံပါပဲ၊ ဒါပေမယ့် တိုအမျိုးသမီးက အခု
မရမကပြန်တွယ်တယ်၊ ဒါကို ငါက သည်းမခံနိုင်ဘူး၊ ဒီလိုအရှုပ်အထွေး

www.burmeseclassic.com

www.burmeseclassic.com

ကြားထဲမှာ ပေါ်လာရတဲ့နောက်ပြဿနာကမှ မိုးမီးလောင်တဲ့ ပြဿ
ဖြစ်လာတာပဲ"

ကျွန်တော်နားထောင်ရင်း မျက်လုံးပြူးသွားသည်။ ပြဿနာတက်
သည့်ကြားမှ မိုးမီးလောင်ရပြန်သတဲ့။ ရွှန်းလဲ့ သူ့စကားကိုဆက်သည်။

"ဝို့အသိတစ်ယောက်က ဝို့ကိုအကြံပေးတာပါ။ နှင့်ယောကျ်ားနဲ့ လာ
တဲ့ အမျိုးသမီးက ဇာတ်လမ်းတွေအများကြီးရှိတယ်တဲ့၊ တော်ကြာ ဟိုရော
တွေ ဘာတွေပါလာဦးမယ်တဲ့၊ နင်တို့မင်္ဂလာဆောင်ခါနီးတုန်းက သွေး
ကြည့်ကြရဲ့လားတဲ့၊ ငါခေါင်းနပန်းကြီးသွားတယ်၊ ငါတို့ သွေးမစစ်ခဲ့ကြ
ငါကလည်း ဝို့ဇောနဲ့ငါဖြစ်နေခဲ့တာကို ၊ အခု သူပြောမှမိုးရိပ်လာတယ်၊ ငါ
သူ့ကို တိုအမျိုးသမီးနဲ့ပြတ်မလား၊ ဝို့ကိုဖြတ်မလားမေးတယ်၊ သူ
ဟိုအမျိုးသမီးကိုဖြတ်ပါ့မယ်၊ ဝို့ကိုတော့မခွဲနိုင်ဘူးပြောတော့ ငါက
သွေးစစ်ပြရမယ်လို့တောင်းဆိုလိုက်တယ်၊ သူကလည်းလိုက်လိုက်လျောလျော
ပဲ၊ သွေးသွားစစ်တယ်၊ အဖြေထွက်လာတော့မှ ငါဒုက္ခရောက်ရတော့တာ
HIV Positive တဲ့လေ၊ ငါလည်းသွားပြီပေါ့"

ကျွန်တော်တုန်လှုပ်သွားသည်။ အအေးဆိုင်ထဲမှာ လူကနည်း
ကျွန်တော်တို့ခုံကထောင့်ကျကျမို့ တော်ပေသေးသည်။ ရွှန်းလဲ့ကမူ ဘာကို
ဂရုစိုက်ပုံမရတော့။ ခံစားချက်များကိုမပြင်းမချန် အန်ချနေပေပြီ။

ကျွန်တော်က စိုးရိမ်စွာဝင်မေးသည်။

"အဲဒီ နင်ရောသွေးမစစ်ကြည့်ဘူးလား"

ရွှန်းလဲ့ခေါင်းခါသည်။

"မစစ်ဘူး၊ မစစ်ချင်ဘူး၊ ဒါပေမယ့် ငါသိပါတယ်၊ သူ့မှာ HIV ပိုးရှိရင်
တော့ သူ့ဇနီးဖြစ်တဲ့ဝို့ကို မကူးဘဲနေပါတော့မလား"

♠



"တစ်ထစ်ချပြောလို့မရဘူးလေဟာ၊ နင်ကလဲ"

"ဝို့ကိုနှစ်သိမ့်မနေစမ်းပါနဲ့ဟာ၊ ထားလိုက်ပါ။ အဲဒါနဲ့ ငါသူ့ကိုကွာရှင်းခိုင်း
ယ်၊ သူကလည်း သူ့ဘာသာတုန်လှုပ်သွားပြီး သူ့အမှားဖြစ်နေတဲ့အတွက်
ကိုကွာရှင်းပေးတယ်၊ လျော်ကြေးလည်းပေးတယ်၊ ဒါပေမယ့်ဟာ ...
လျော်ပေးလိုက်တဲ့ငွေကြေးနဲ့တိုက်ခန်းဟာ ဝို့အတွက် အသက်နဲ့လဲရတဲ့
ရှာနေပဲ၊ ဘာအဖိုးထိုက်တန်မှာလဲ၊ ခုတော့ ငါ သူနဲ့သီးခြားဖြစ်သွားပြီး
တစ်ယောက်တည်းနေတယ်၊ ဝို့မိဘတွေကိုလည်း ငါအမှန်အတိုင်း ဘယ်ပြော
နိုင် ဖြစ်မလဲဟာ၊ အမှန်အတိုင်းသိရင် ဝို့မိဘတွေရင်ကျိုးမှာပေါ့"

ကျွန်တော် ဖျော်ရည်ကိုမသောက်နိုင်တော့ပါ။ ရင်ထဲမှာမွန်းကျပ်နေသည်။
ရွှန်းလဲ့ကိုလည်း မည်သို့အားပေးရမည် စဉ်းစားမရ။ ဘယ်သွားသွား သည်
ရောဂါကြီးစက်ကွင်းမှ မလွတ်နိုင်ပါလား။ လူများဖောက်ပြန်နေသရွေ့
ဖောက်ပြန်သူများသာမက သူတို့နှင့်ဆက်နွယ်သူများပါ ဓားစာခံဖြစ်နေရပါ
ပေါ့လား။ ဒီရောဂါကြီး မည်မျှပျံ့နှံ့နေပြီနည်း။ ရောဂါမျိုးပြုတ်အောင် မည်သို့
ဘိုက်ဖျက်ရမည်နည်း။ တိုင်းတစ်ပါးကဝင်လာသော တိုးတက်မှု အယောင်
ဆောင် ရွှေမှုန်ကြဲခေတ်မီမှုများက မှုန်ပြတ်၍ အဆင့်အတန်းမြင့်သော မြန်မာ့
ယဉ်ကျေးမှု လူမှုဓလေ့ကိုက်များကို ဖောက်ထွင်းလိုက်စားပြီး သည်ရောဂါကြီးကို
မျိုးစေ့ချပေးလိုက်သည်ကို သတိမမူမိကြပါကလား။

ရွှန်းလဲ့နှင့် လမ်းခွဲပြီးထွက်လာသောအခါ ကျွန်တော့်ခြေလှမ်းများသည်
ဘယ်ယှဉ်မရလောက်အောင် လေးလံယိုင်ထိုးလျက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

ဘ၀ဇာတ်ဆရာ၏စေခိုင်းမောင်းနှင်အားကို မည်သူအာခံ ဆန့်ကျင် မည်နည်း။ များရည်ချိုချိုကိုမက်မောသည်မှာ လူ့သဘာ၀ဖြစ်ပေမည့် တ ခါးခါးကို ပေးလာတော့လည်း လက်ခံရမည်သာပ။ သူ့ကိုတမ်းတသော်လ သောကကိုဖန်တီးလာသောအခါ ငြင်းပယ်၍မရ။ သို့သော် ကျွန်တော်တို့ ရခဲ့ဖူးသောကောင်းမြတ်မှုအစုစုကိုပင် နှလုံးသည်းပွတ်၌သိမ်းဆည်း ဟန့်တားနေသောသူ့တော်ပံလက်တံများကို မလွဲမသွေဖြတ်ကျော်ကြရမည်

ရန်ကုန်မြေကို ကျွန်တော်သည်ကျောခိုင်းလျက် ကျွန်တော်ချစ်မြတ် သော နန်းချယ်ရီရှိရာ ပင်းတယသို့ပြန်တက်ခဲ့ရပြန်ပါပြီ။

အမေ့ကို အနီးကပ်အားပေးပြုစုပြီး အမေ့ကျန်းမာရေးအတွက် ဆေး လိုအပ်သည်များကိုဖြည့်တင်း၊ အတူနေညီမ၀မ်းကွဲကို အထပ်ထပ်အခါခါ အစ်ကိုလင်းအောင်နှင့်ပတ်သက်သည့် နောက်ဆက်တွဲများအတွက် သ ရှေ့နေနှင့်တွေ့ဆုံ၊ ဆောင်ရွက်ဖွယ်များကိုအပြီးဆောင်ရွက်၊ ကျွန်တော့်ရ များနှင့်ပတ်သက်၍ ၀င်းမြတ်နှင့်ညှိနှိုင်းစရာများ ညှိနှိုင်းဆုံးဖြတ်ပြီးနော ကျွန်တော် ရန်ကုန်ကိုပြန်ခွာခဲ့ရ၏။ ပင်းတယရှိ နန်းချယ်ရီအတွက်ကလ အမြဲပင် စိတ်မှာပူပန်နေခဲ့ရသည်မဟုတ်လား။

ပင်းတယပြန်ရောက်တော့ မိုးရိပ်ရေမှတ် တစ်ထစ်တက်ရပြန်လေသ ရောက်ရောက်ချင်း ဒေါက်တာမိုးမောင်က ကျွန်တော့်ကိုခေါ်ပြီးတိုးတိုးပြော





''ညီလေးရေ .. ရောက်မဆိုက်ပြောရဦးမယ်၊ မင်းရန်ကုန်ဆင်းသွားတဲ့ ချိန်မှာ နန်းချယ်ရီအခြေအနေဆိုးလာတယ်၊ မင်းသွားပြီးနှစ်ရက်လောက် မှာ အဖျားပြန်ဝင်တယ်၊ နောက်ကြောတွေတောင့်တယ်၊ ခေါင်းကိုက်တာ တော်လေး ပြင်းပြင်းထန်ထန်ခံစားရတယ်၊ အန်လည်းအန်တယ်၊ လက္ခဏာတွေကို အစ်ကိုကြီးမကြိုက်ဘူး၊ ဒါကြောင့် ယုန့်အစ်ကိုကြီးတိုင်ပင်ပြီး ရုံသွားကြတယ်၊ ဒီဆေးရုံကနေ တောင်ကြီးကိုထပ်လွှတ်လို့ တောင်ကြီး သွားပြီး အထူးကုဆရာဝန်ကြီးတွေနဲ့စမ်းသပ်တယ်၊ ဒီတော့ အခုလက်ရှိ နေတဲ့ရောဂါလက္ခဏာဟာ ဦးနှောက်အမြှေးပါးရောင်တာလို့ အဖြေထွက် တယ်''

''အစ်ကိုကြီး အဲဒါက ခုခံအားကျတဲ့ရောဂါလား''

''ဟုတ်တယ်၊ ခုခံအားကျဆင်းလို့ဝင်လာတဲ့ ရောဂါကြီးပဲ၊ အခုတော့ ဆေးသောက်ဆေးတွေနဲ့ ပြန်ပြီးသက်သာသွားပါပြီ၊ ဒါပေမယ့် ရှေ့ဆက်ပြီး အထူးဂရုစိုက်ရတော့မယ်၊ ဒါပေမယ့် ညီမလေးကို အစ်ကိုကြီးတို့က ဒီရောဂါ အကြောင်း ပြောမထားဘူး။ ဖျားလို့ ခေါင်းကိုက်တာလို့ပဲ ပြောထားတယ်''

နန်းချယ်ရီဆီသို့ရောက်သွားသောအခါ နန်းချယ်ရီသည် ခုတင်ဘေးရှိ လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိ၏။ ကျွန်တော်မသွားမီကထက် နန်းချယ်ရီ၏မျက်နှာအလေး ပို၍ချောင်ကျသွားသည်ဟု ထင်မိ၏။ ယုယုလှိုင်က နန်းချယ်ရီ၏အ၀တ်တောင်းများကိုလျှော်ရန် အ၀တ်ခြင်းကို ထွက်လာသည်နှင့် အခန်း၀တွင်ရပ်နေသော ကျွန်တော်တို့ဆုံမိကြ၏။

''ဟော ... မောင်လေး ပြန်ရောက်လာပြီ''

နန်းယုယုလှိုင်၏အသံကြောင့် မျက်လုံးများမှိတ်၍မှိန်းနေသော နန်းချယ်ရီ မျက်လုံးများပွင့်လာသည်။ ကျွန်တော့်ကိုမြင်သည်နှင့် 'အစ်ကို' ဟုသော ထွက်လာပြီး ခပ်လျော့လျော့ထိုင်နေရာမှ ခန္ဓာကိုယ်မတ်လာသည်။ ၀မ်းမှာ အပြုံးကလေးတစ်ပွင့် ပွင့်ဖူးလာသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က နန်းချယ်ရီဘေးရှိ ခုံပုကလေးတစ်လုံးကိုဆွဲယူ၍ လိုက်သည်။ နန်းယုယုလှိုင်က "စကားပြောကြဦး၊ မမ အဝတ်သွား ဦးမယ်" ဟူ၍ပြောကာ အခန်းပြင်သို့ထွက်သွားသည်။

"နန်း နေကောင်းတယ်နော်"

နန်းချယ်ရီ၏နှုတ်ခမ်းကလေးကို လက်ခုံလေးဖြင့်ထိကပ်ကာ စမ်းလိုက် ကျွန်တော်မေးသည်။

"လွမ်းလိုက်တာ အစ်ကိုရယ် ...."

ကျွန်တော့်အမေးကိုမဖြေသေးဘဲ နန်းချယ်ရီပြောသောစကားက ကို လာပြီးတိုးဝှေ့လာသည်။ ကုလားထိုင်လက်တန်းပေါ်တင်ထား နန်းချယ်ရီ၏လက်ကလေးကို ကျွန်တော်ပွပွဆုပ်လိုက်သည်။

"အစ်ကိုလည်း နန်းကိုလွမ်းတာပေါ့။ ဒါကြောင့် အလုပ်တွေမြန်မြန် ပြီး ပြန်ပြေးတက်လာတာ"

"အစ်ကို့အလုပ်တွေ ပြီးခဲ့ရဲ့လား"

"ပြီးတယ်"

"အမေရော နေကောင်းရဲ့လား"

"ကောင်းတယ် နန်းရဲ့၊ အမေကတောင် သူ့သမီးကိုလာပြုစုချင်တ ဟိုမှာကလည်း ကိစ္စတွေရှိနေလို့"

"နန်းနေကောင်းတယ်လို့ ပြောလိုက်ရောပေါ့ အစ်ကိုရယ်၊ တ သက်သက် အမေစိတ်ပူနေရဦးမယ်"

"နန်းပို့ဆိုပြီး ဟောလစ်တွေ၊ အိုဗာတင်းတွေရော၊ အားဆေးတွေ အမေက ဝယ်ပေးလိုက်သေးတယ်"

"အို ... အမေတော့ နန်းကြောင့် ဒုက္ခတွေပိုသွားပြီ"

"ကဲ ပြောပါဦး၊ အစ်ကိုမရှိတုန်း ဘာဖြစ်သေးလဲ"



ကျွန်တော်က ဒေါက်တာစိုင်းမောင်ပြောပြသည်များကို လျှို့ဝှက်ထားကာ ာမှမသိသေးသယောင်ဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"အောက်မှာ အစ်ကိုကြီးနဲ့မတွေ့ခဲ့ဘူးလား"

"တွေ့တော့တွေ့ခဲ့တယ်၊ အစ်ကိုက နန်းကိုတွေ့ချင်တာနဲ့ အပေါ်ထပ်ကို ာန်းတက်လာခဲ့တာ၊ သူနဲ့စကားမပြောခဲ့ရဘူး"

"အစ်ကိုမရှိလို့နဲ့တူတယ်၊ အစ်ကိုသွားပြီးတော့ နှစ်ရက်လည်းကြာရော ့န်းပြန်ဖျားတယ်၊ အကြောတွေတက်၊ ခေါင်းတွေကိုက်ပေါ့၊ အန်လည်းအန် တယ်၊ အဲဒီ အစ်ကိုကြီးက အဖျားကြီးလို့ဆိုပြီး တောင်ကြီးထိခေါ်သွားတယ်၊ ပစ်စံတွန်းဆေးရုံကြီးမှာရော အပြင်အထူးကုဆေးခန်းမှာပါ စမ်းသပ်တယ်၊ အစ်ကိုကြီးပြောတာတော့ ဘာမှရောဂါကြီးကြီးမားမားမရှိပါဘူးတဲ့၊ အစား နည်းပြီး အိပ်ရေးပျက်လို့ အဖျားဝင်တာပါတဲ့၊ ပြောတာပဲ"

နန်းချယ်ရီက စကားကိုရှည်လျားစွာပြောလိုက်ရသဖြင့် မောသွားဟန် တူသည်၊ အသက်ကိုပြင်းပြင်းရှုရင်း နားနေရသည်။ စကားပြောနေစဉ်တုန်း ကလည်း ယခင်လို့မသွက်လက်တော့။ စကားသံတွေလေးပြီး တစ်လုံးနှင့် တစ်လုံးကြား လေသံတွေပြတ်နေသည်ကို သတိပြုမိ၏။ ကျွန်တော့်ရင်ထဲမှာ ပူလောင်မှုတွေစီးမျောလာသော်လည်း နန်းချယ်ရီရှေ့မှာမို့ ဟန်ဆောင်ပြီး ပြုံးနေလိုက်ရ၏။ —

"အခု အစ်ကိုပြန်ရောက်လာပြီပဲ၊ ထပ်ပြီးမဖျားနိုင်တော့ပါဘူး။ အစ်ကို မရှိတုန်းက နန်းအစားကောင်းကောင်းမစား၊ ကောင်းကောင်းမအိပ်လို့နေမှာ ပေါ့။ အစ်ကိုရှိနေရင်တော့မရဘူး။ များများစားရမယ်၊ ကောင်းကောင်းအိပ်ရ မယ်၊ ဆေးမှန်မှန်သောက်ရမယ်၊ ပြောစကားနားမထောင်ရင်တော့ ဆရာမ လည်း မရဘူး။ အစ်ကိုကရိုက်မှာပဲ"

အပျော်အပြက်စကားတွေဖြင့် နန်းချယ်ရီစိတ်လက်ပေါ့ပါးအောင် ကျွန်တော်ပြောလိုက်သည်။ နန်းချယ်ရီက နှုတ်ခမ်းလေးတွေစေ့ပြီးပြုံးသည်။

www.burmeseclassic.com

 www.burmeseclassic.com

"တကယ်ရိုက်မှာလား"

"ရိုက်မှာပေါ့"

"နန်းကတော့လေ .. တပည့်လေးတွေကို မရိုက်ချင်ပါဘူး။ သူတို့လေ
တွေကို ရိုက်ရတာဟာ ကိုယ့်အသည်းနှလုံး ကိုယ်ပြန်ရိုက်ရသလိုပါပဲ၊ ...
တယ်၊ ဒါပေမယ့် သူတို့လေးတွေလိမ္မာဖို့ တော်ဖို့လိုလာတော့ ရိုက်ရတာပဲ"

"အစ်ကိုလည်း ဒီလိုပေါ့၊ နန်းကို ဘယ်ရိုက်ချင်ပါ့မလဲ၊ နန်း မြန်မြ
နေကောင်းအောင်လို့ ခြိမ်းခြောက်ထားရတာ၊ အမေက ဒီတစ်ခါ သူ့သမီး
ပေါ်ပြီး ရန်ကုန်လာခဲ့ဖို့မှာလိုက်တယ်"

စကားပြောရင်းက နန်းချယ်ရီ ခုတင်ခေါင်းရင်းဘက်တွင်တင်ထားသော
စာအုပ်များကို ကျွန်တော်သတိပြုမိလိုက်သည်။ AIDS နှင့်ပတ်သက်သော
ပညာပေးစာအုပ်များ၊ စာစောင်များ၊ လက်ကမ်းစာစောင်များဖြစ်သည
စာအုပ်များအား ကျွန်တော်လှမ်းကြည့်သည်ကို နန်းချယ်ရီတွေ့သွားပုံရ

"အစ်ကိုကြီးဆီမှာ နန်းတောင်းပြီးဖတ်နေတာလေ"

"နန်းလေ့လာချင်လို့ပါ အစ်ကိုရယ်"

"အဖေရော ခြံထဲသွားတယ်ထင်တယ်"

"ဟုတ်တယ်အစ်ကို၊ ဪ ... ဒါနဲ့ အစ်ကို့ဝတ္ထု ... ကိုဝင်းမြတ်ယူလာ
တဲ့ ဝတ္ထုလည်း နန်းဖတ်ပြီးပြီ၊ သိပ်ကောင်းတာပဲ၊ နန်းတို့အကြောင်းရေး
ဝတ္ထုရော ပြီးပြီလား"

"ရေးနေပါတယ် နန်းရယ်၊ ပြီးတော့ဘယ်ပြီးဦးမလဲ"

"အစ်ကို့ဆီမှာ နန်းတောင်းစရာ နှစ်ခုရှိသေးတယ်နော်"

"ပြောလေ .. ဘာတောင်းမှာလဲ"

"ပြည်ပြည်းပေါ့ အစ်ကိုရယ်၊ အစ်ကိုနားပါဦး၊ အစ်ကိုပြန်ရောက်လာ
နန်းနေကောင်းသွားပြီ၊ အေးအေးဆေးဆေးပြောကြတာပေါ့"

## (၃၅)

လေသာဆောင်၌ ပက်လက်ကုလားထိုင်ကလေးရှေ၌ နန်းချယ်ရီအား
...ခေါ်လာကာထိုင်စေရသည်။ ညနေခင်းများ၌ နန်းချယ်ရီအား အပြင်သို့
...ကာ၍ လေကောင်းလေသန့်ရှူစေရန်နှင့် အိပ်ခန်းထဲ၌ လူနာသဖွယ် လေးလံ
...စ်မှိုင်းမနေစေရန်ဖြစ်သည်။ စောစောပိုင်းကမူ နန်းချယ်ရီသည် ခပ်ဖြေးဖြေး
...ိ လျှောက်နိုင်သေးသဖြင့် ပုန်းတလှတ်ရေကန်နှင့် ညောင်ပိန္နဲပင်ကြီးများထိ
ကျွန်တော် တို့သွားခဲ့ကြသည်။ ယခုတော့မူ နန်းချယ်ရီသည် အင်အားပိုမို
...ုတ်ယုတ်လာကာ အရိုးပေါ်အရေတင်ဖြစ်လာလေပြီ။ ဖေးဖေးလံလံ
မလျှောက်နိုင်တော့။ လေသာဆောင်သို့ပင် ဘေးမှဖေးကူတွဲခေါ်လာရသည်။

နန်းချယ်ရီတို့အိမ်မှာ တောင်ကုန်းကလေးပေါ်တွင်ရှိသဖြင့် လေသာ
ဆောင်မှ လှမ်းမျှော်ကြည့်လျှင် မြို့၏တစ်စိတ်တစ်ပိုင်းကို လှမ်း၍မြင်နေရသည်။
...န်းတလှတ်ရေကန်ကို တစ်ဝက်စမြင်ရပြီး အဝေးတွင် ညောင်ပိန္နဲပင်ကြီး
...ားကို ရေးရေးမျှမျှ။

ဆောင်းကုန်သွားခဲ့ပြီး နွေရောက်လာခဲ့ပြီမို့ အအေးဓာတ်က ပေါ့သွားခဲ့
...ပြီ၏၊ နှင်းကြွင်းနှင်းကျန်တို့ကို နံနက်စောစော၌သာမြင်ရတော့၏။ ညနေစောင်း
...မှ မြူပြာပြာတို့ ဝေဝေမှိုင်းမှိုင်း။

"ဒီနေရာကနေ အစ်ကို့နဲ့ထိုင်ပြီး အဝေးကိုကြည့်ရတာ နန်းရင်ထဲမှာ
...ကြည်လင်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီ၏လေသံနှိမ့်ဝဲဝဲမှာ ပျော့နေသည်၊ တိုးနေသည်၊ နန်း
ထုတ်ဖော်မပြောခဲ့သော်လည်း နန်းချယ်ရီခံစားနေရသည့် ဦးနောက်အ
ရောင် ရောဂါမှာ တစ်စထက်တစ်စသည်းလာသည်ဟု ဆိုရမည်။ ခန္ဓာ
တွင်းရှိ ခုခံအားစနစ်များမှာ HIV ပိုးများကြောင့် ပိုမိုပျက်စီးသွားပြီး
ကို ခုခံနိုင်အားလျော့နည်းသွားခဲ့သောကြောင့်ဖြစ်သည်။

ဦးနှောက်အမြှေးပါးရောင်ခြင်းကြောင့် အဖျားရှိန်ကတက်လာတတ်
ခေါင်းကကိုက်သည်မှာ တစ်ခါတစ်ရံမခံမရပ်နိုင်အောင်ပင် ဖြစ်လာ
အလင်းရောင်ကိုကောင်းစွာမကြည့်နိုင်။ တစ်ကြိမ်တွင် သတိလစ်သွား
သည်။ နန်းချယ်ရီသည် ခါတိုင်းလိုပင် ဘုရားခန်းသို့သွားပြီး နံနက်
ဝိပဿနာရှုမှတ်နေစဉ် သတိလစ်လဲကျသွားခဲ့ခြင်းဖြစ်၏။ ကျွန်
အထိတ်တလန့်ဖြစ်ခဲ့ရလေသည်။

နန်းချယ်ရီအား အနားမှ ဆရာဝန်တစ်ဦးကိုပင့်၍ ဆေးကုသခြင်း
ဒေါက်တာမိုင်းမောင်ကလည်း မကြာမကြာရောက်လာပြီး စစ်ဆေးကု
သည်၊ တစ်ပတ်တစ်ခါ ဆေးရုံသို့လည်းသွား၍ပြရသည်၊ နန်း
ကောင်းစွာအိပ်မပျော်သောညများ များလာသလို နန်းချယ်ရီကိုစော
တရေးရသောကျွန်တော်မှာလည်း ပိန်၍အားနည်းလာသည်မို့ ကိုယ်တို
ကျန်းမာရေးကိုပြန်၍ဂရုစိုက်နေရပေသည်။

တစ်ကြိမ်တွင် နေ့လယ်ခင်းတရေးရင်း အိပ်ပျော်သွားသောကျွ
အား နန်းချယ်ရီကြည့်၍ငိုကြွေးခဲ့သည်။ ငိုသံကြား၍ ကျွန်တော်နိုးလာ
နန်းချယ်ရီ ကျွန်တော့်ဘေးမှာ။

''နန်းကြောင့် အစ်ကိုအကြွေရောက်ရတာ အစ်ကို့ကိုသနားလိုက်တာ
ပြောရင်းငိုသည်။ ရောဂါခံစားရပြီး သေရက်ကိုစောင့်နေရသူက ကျွန်
သနားသတဲ့။ နန်းချယ်ရီကို ကျွန်တော်မနည်းချော့မော့နှစ်သိမ့်ခဲ့ရသ



နန်းချယ်ရီကို အနီးကပ်ပြုစုနေရသဖြင့် ကျွန်တော်သည်ပင် အပြင်သို့
ထွက်ဖြစ်တော့။

ပင်းတယဘုရားပွဲလည်း ကျော်လွန်သွားခဲ့ပြီ။ ဘုရားပွဲမှာ နန်းချယ်ရီကို
ဆွဲ၍နှဲချင်ပါသော်လည်း နန်းချယ်ရီအပြင်ထွက်နိုင်ခြင်းမရှိ၍ ကျွန်တော်
လည်း ဘုရားပွဲကိုမသွားဖြစ်ခဲ့။

ပင်းတယသင်္ကြန်လည်း ကျော်လွန်သွားခဲ့ပြန်ပြီဖြစ်၏။ ပင်းတယသင်္ကြန်
လည်း ကျွန်တော်မပျော်နိုင်ခဲ့ပါ။

သင်္ကြန်ပြီးနောက် ကျောင်းအောင်စာရင်းများထွက်သောနေ့က နဝမတန်း
အောင်ကြသော နန်းချယ်ရီ၏တပည့်များ လာရောက်ကန်တော့ခဲ့ကြ၏။ ဆုတွေ
ပေးရင်း ''ဆရာမ မင်းတို့ကို ဆက်ပြီးစာသင်နိုင်ပါတော့မလား မသိဘူး''
ဟု ပြောကာ နန်းချယ်ရီမျက်ရည်ကျခဲ့သည်။ နန်းချယ်ရီမျက်ရည်ကျသဖြင့်
၏တပည့်များသည်လည်း ငိုး၍ငိုကြရာ ဘေးမှာရှိသောကျွန်တော်လည်း
ရည်မထိန်းနိုင်။

''အစ်ကို''

နန်းချယ်ရီဘေး၌ထိုင်ကာ အတွေးငြင်ငြိမ်နေသော ကျွန်တော်သည်
ချယ်ရီ၏ခေါ်သံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

''ဘာလဲ နန်း''

နန်းချယ်ရီက အဝေးရှိ ညနေခင်းအလင်းဖျော့ဖျော့အောက်မှ
လုတ်ရောကန်ဘက်ငေးနေရာမှ ...

''ကျောင်းတွေဖွင့်တော့မယ်၊ ခုတစ်ခါ ကျောင်းဖွင့်ရင် နန်းတော့ ကျောင်း
နိုင်တော့မှာမဟုတ်ဘူး။ နန်းတပည့်လေးတွေကိုသနားပါတယ်'' ဟု
သည်။ လာပြန်ပြီ .. တပည့်တွေကိုသနားသတဲ့။ နန်းချယ်ရီသနားသော
များကလည်း မကုန်မကုန်နိုင်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

နန်းချယ်ရီစကားကို ကျွန်တော်ဘာမှမတုံ့ပြန်နိုင်ခဲ့ပါ။ နန်းချယ်ရီ...

"အစ်ကိုကို နန်းဆန္ဒနှစ်ခုတောင်းရဦးမယ်နော်" ဟု ထပ်ပြော...

"တောင်းလေ ... အစ်ကို ဘာလုပ်ပေးရမလဲ"

နန်းချယ်ရီက ကျွန်တော့်မျက်နှာကို သေသေချာချာလှည့်ကြ... နှမ်းနှမ်းကလေးပြုံးသည်။ ဖြူဖျော့နေသောမျက်နှာပြင်မှ အပြုံးမှာခွန်အား... နှုတ်ခမ်းတွေမှာလည်း သွေးရောင်ကလျော့နည်းနေသည်။ ခြောက်... ကွဲအက်နေသည်။

"ဒုတိယဆန္ဒကို အခု နန်းတောင်းမယ်နော်"

"တောင်းပါ"

"ကျောင်းတွေမှာလိုက်ပြီး နန်းဟောပြောချင်တယ်၊ အစ်ကိုစီစဉ်... လား"

"ဘယ်လို ..."

နန်းချယ်ရီ၏ဆန္ဒကြောင့် ကျွန်တော်အံ့သြရုံမက ရောက်ချားသွား...

"နန်း ကျောင်းတွေမှာဟောပြောချင်တယ်"

"တာ ... မဖြစ်နိုင်တာ နန်းရယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ အစ်ကိုရဲ့"

"နန်းမှ နေမကောင်းတာ"

"နန်းပြောနိုင်ပါတယ်"

"နန်းက ဘာတွေဟောပြောချင်လို့လဲ"

"AIDS အကြောင်းဟောချင်တာ"

"တာ ..."



"နန်းက AIDS ဖြစ်နေတယ်လေ၊ မကြာခင် သေရတော့မယ်၊ ဒီရောဂါ... ဖြစ်ရင်ဆေးမရှိဘူး၊ မရှုသေမှာပဲ၊ ဒီတော့ ရောဂါမဖြစ်အောင်နေရမယ်၊ ...ဖို့တာ ကာကွယ်နည်းပဲ၊ ဒါကို ကလေးတွေကို နန်းက နန်းကိုယ်ကို ...ပမာပေးပြီး အသိပညာပေးချင်တယ်၊ တခြားဆရာဝန်တွေ၊ ပညာရှင်တွေ၊ အစ်ကိုတို့လို စာရေးဆရာတွေတောပြောတာထက် AIDS ဝေဒနာရှင်က ဟောပြောတာဆိုရင် ပိုပြီးထိရောက်မှာအစ်ကိုရဲ့"

နန်းချယ်ရီသည် အစ်ကိုကြီး ဒေါက်တာစိုင်းမောင်ထံမှ AIDS နှင့် ပတ်သက်သော စာအုပ်များကိုတောင်း၍ဖတ်နေသည်မှာ ဤရည်ရွယ်ချက်များနှင့်ပါလားဆိုသည်ကို ကျွန်တော် ယခုမှသဘောပေါက်တော့သည်။ ကျွန်တော်ဘာမှအဖြေမပေးဘဲငြိမ်နေသဖြင့် ...

"နန်း မကြာခင်သေမယ့်လူ၊ မသေခင်မှာ နန်းတတ်နိုင်သရွေ့ အများ အကျိုးရှိမယ့်ကိစ္စကို လုပ်သွားချင်လို့ပါ အစ်ကို"

ကျွန်တော် နန်းချယ်ရီ၏စေတနာ၊ နန်းချယ်ရီ၏မြင့်မြတ်သောနှလုံးသားကို နားလည်ပါသော်လည်း မလိုက်လျောလိုပါ။ ပိုးမွှေးသလို နုရွရွထားတော အရိုပ်တကြည့်ကြည့်ပြုစုနေရသည့် နန်းကို ပင်ပင်ပန်းပန်းမလုပ်စေချင်ပါ။ ပင်ပင်ပန်းပန်းလုပ်လိုက်လျှင် အားအင်ပိုမိုကုန်ခန်းဆုတ်ယုတ်ကာ သက်တမ်းပိုတိုလိမ့်မည်ကို ကျွန်တော်သိထားပါ၏။

"အစ်ကို"

နန်း၏ခေါ်သံမှာ တစ်ခုခုလိုချင်၍ မိခင်ထံပူဆာသောကလေးငယ်၏ ခေါ်သံမျိုး။

"ဘာလဲ နန်း"

"အစ်ကို နန်းရဲ့ဆန္ဒကို ဖြည့်စွမ်းမယ်လို့ ကတိပေးခဲ့တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒါက ...."

"အစ်ကို့စေတနာကို နန်း နားလည်ပါတယ်၊ နန်းကိုချစ်ရင် ခွင့်
အစ်ကိုရယ်နော်"

"နန်းရယ်"

ကျွန်တော်ချုပ်တည်းနိုင်စွမ်းမရှိတော့ဘဲ နန်းရှေ့မှာ မျက်ရည်ကျ
သည်။ နန်းက ပျာပျာသလဲဖြင့် မေးသည်။

"အစ်ကို ... အစ်ကို ဘာလို့ငိုတာလဲ၊ နန်းက အစ်ကိုမကြိုက်တာ
လုပ်မှာမို့လား"

ကျွန်တော် ခေါင်းကိုယမ်းခါပြလိုက်၏။ ကျွန်တော့်မျက်ရည်
နန်းချယ်ရီ၏လက်ခုံပေါ် ကြွေကျသွားသည်။

"နန်းရယ် ... နန်းအတွက် မစဉ်းစားဘဲ ခုထိ အများအတွက် စဉ်
နေတုန်းပဲလား" ဟူသော စကားများကိုပြောလိုပါသော်လည်း ဆို့နင့်နေ
ပြောမထွက်။

(၃၆)

ခန်းမကြီးထဲမှာ ကျောင်းသူကျောင်းသားများ စနစ်တကျထိုင်နေကြ
သည်။ ကျောင်းသားအရေအတွက် ရှစ်ရာခန့်ရှိမည်ဖြစ်သော်လည်း စည်းကမ်း
မှာ ငြိမ်သက်နေကြ၏။ ဝင်ပြင်ပေါ်ရှိ မိုက်ကရိုဖုန်းရှေ့တွင် ထိုင်ခုံဖြင့် နန်းချယ်ရီ
ထိုင်လျက်ရှိသည်။ နန်းချယ်ရီဘေးမှာ ကျွန်တော်က အခြားထိုင်ခုံတစ်ခုံဖြင့်
ထိုင်နေရ၏။ နန်းချယ်ရီကို လိုအပ်ပါကကူညီရန်ဖြစ်သည်။

နန်းချယ်ရီ၏ဆန္ဒအတိုင်း ကျွန်တော်က ဤဟောပြောပွဲဖြစ်မြောက်စေရန်
ကျောင်းအုပ်ဆရာမကြီးနှင့် ဦးစွာတွေ့ဆုံဆွေးနွေးရသည်။ ဆရာမကြီးက
နန်းချယ်ရီကိုငဲ့ညှာ၍ ခွင့်မပြုလိုသော်လည်း၊ နန်းချယ်ရီ၏စိတ်ဓာတ်ကို
နားလည်နေသူမို့ စီစဉ်ပေးပါမည်ဟုသဘောတူခဲ့သည့်အတွက် ဤဟောပြောပွဲ
ဖြစ်လာခဲ့ရသည်။

"ဆရာမဟူ့ ဆရာမကြီးတို့ကျောင်းရဲ့ လေးစားအားထားရတဲ့ ဆရာမ
တစ်ယောက်ဖြစ်တယ်ဆိုတာ မင်းတို့သိပြီးသားဖြစ်တယ်၊ ဆရာမဟာ
အမကောင်းတဲ့ကြားကနေ မင်းတို့အတွက် အခုလိုလာရောက်ဟောပြောတာ
ဖြစ်တယ်၊ ဆရာမဘက်က ရည်ရွယ်ချက်ကြီးကြီးနဲ့ ကြိုးကြိုးစားစား
လာရောက်ဟောပြောတာကို မင်းတို့ဘက်က လေးလေးစားစား နားယူ
ကြသားကြပါ။ ပြီးတော့ တခြားသူများကို လက်ဆင့်ကမ်းပေးကြပါ" ဟု
ဆရာမကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နန်းချယ်ရီသည် ဟောပြောပွဲသို့ ကျောင်းဝတ်စုံအပြည့်အစီး ... ဝတ်ဆင်လာခဲ့သည်။ ယခင်က နန်းချယ်ရီ၏ကိုယ်ခန္ဓာနှင့်အနေတော်ရှိခဲ့ ... အင်္ကျီမှာ ယခုအခါ ချောင်ချိနေသည်။ နန်းချယ်ရီ၏အသားအရည်များ ဖြူ ... နေပြီး ပြည့်ဖြိုးမှုများပျောက်ကွယ်ကာ အရိုးပေါ်အရေတင်မျှသာရှိတော့သ ... စိန်ပွင့်လေးများလိုတောက်လက်ခဲ့သော မျက်လုံးများမှာ ယခုအခါ မှေး ... ဖျော့တော့နေ၏။

နန်းချယ်ရီက ယခုဟောပြောပွဲကိုဖြစ်မြောက်အောင်စီစဉ်ပေး ... ဆရာမကြီးအား ကျေးဇူးတင်ကြောင်း ပဏာမနိဒါန်းပျိုးပြီးနောက် ...

"ဦးဆုံးပြောချင်တာကတော့ ဆရာမဟာ အေအိုင်ဒီအက်စ်ရောဂါဖြ ... သူဖြစ်တယ်၊ မကြာခင် သေရတော့မယ့်သူဖြစ်တယ်ဆိုတာပါပဲ၊ ဆရာ ... ကြည့်ကြပါ။ အရင်ကဆရာမနဲ့တူသေးရဲ့လား၊ ဆရာမက ကံကော ... အရေပြားကင်ဆာမဖြစ်တာပါ။ အရေပြားကင်ဆာသာဖြစ်ခဲ့ရင် မင်းတို့ကြ ... မှာ ကြည့်ချင်မှာတောင်မဟုတ်ပါဘူး။ ဒီလို ရွံရှာစက်ဆုတ်ဖွယ် ကြော ... ထိတ်လန့်ဖွယ်ရောဂါကြီး မင်းတို့ဖြစ်ချင်ကြလား"

"မဖြစ်ချင်ပါဘူး" ဟူသော ကျောင်းသားကျောင်းသူများ၏အသံ တ ... တည်း ပေါ်လာသည်။

"အေး ဆရာမကလည်း မင်းတို့ကို ဒီရောဂါကြီးမဖြစ်စေချင်ဘူး။ ဒီရော ... ဟာ ကုရာနတ္ထိဆေးမရှိဘူး၊ ရောဂါဖြစ်ရင်သေမှာမုချပဲ၊ ဒါကြောင့် မင်း ... ဒီရောဂါမဖြစ်အောင် ကြိုတင်သတိရှိ ကာကွယ်ကြဖို့ ဆရာမပြောပြချင်တာ ...

နန်းချယ်ရီသည် ကျောင်းသူကျောင်းသားများကို စေတနာထ ... ပြောဟောချင်စိတ်ကဲ၍သာ ဟောပြောနေရ၏။ ပြောရင်းက မောနေ ... နားနားနေရသည်။ ကျွန်တော့်မှာမူ ဟောရင်းပြောရင်း နန်းချယ်ရီဘာဖြ ... မလဲဟု စိုးရိမ်စွာဖြင့် စောင့်ကြည့်နေရ၏။



"အေအိုင်ဒီအက်စ်ဆိုတာ ခုခံအားကျဆင်းမှုကူးစက်ရောဂါလို့ အဓိပ္ပာယ် ... တယ်၊ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်(စ်)ပိုးကနေ ဒီရောဂါဖြစ်လာရတယ်၊ ဒီအကြောင်း ... နားလည်ဖို့ မင်းတို့ခန္ဓာကိုယ်တွင်းက ခုခံအားစနစ်ဆိုတာကို ဦးစွာသိဖို့ ... တယ်"

နန်းချယ်ရီ ခေတ္တနားပြန်သည်။

"လူရဲ့ကိုယ်ခံအားစနစ်ကို မင်းတို့ ဆရာမတို့ရဲ့ခန္ဓာကိုယ်တွင်းက 'လင့်ရည်ကြိတ်' များက ထိန်းချုပ်တယ်၊ လင့်ရည်ကြိတ်တွေကနေ 'လင်ဖိုဆိုက်' လို့ခေါ်တဲ့ သွေးဖြူဥတွေကိုထုတ်လွှတ်တယ်၊ အဲဒီသွေးဖြူဥတွေ က သွေးကြောအတွင်းလှည့်လည်သွားလာပြီး ပြင်ပကဝင်လာတဲ့ပိုးမွှားတွေ ကို ခုခံကာကွယ်တယ်၊ ကိုယ်ခံအား စနစ်ကိုပေးတဲ့ လင်ဖိုဆိုက် သွေးဖြူဥဟာ 'B' နဲ့ 'T' ဆိုပြီး နှစ်မျိုးရှိတယ်။ လူရဲ့ခန္ဓာကိုယ်ထဲကို ပိုးမွှားတစ်ခုဝင်ရောက် လာတယ်ဆိုရင် ခုခံအားစနစ်ရဲ့ သွေးဖြူဥခေါင်းဆောင် 'T4' သွေးဖြူဥက အခြား B နဲ့ T သွေးဖြူဥတွေကို တပ်လှန့်နှိုးဆော်လိုက်တယ်။ T သွေးဖြူဥ တွေက ပိုးမွှားကိုချည်းကပ်ပြီး တိုက်ရိုက်တိုက်ခိုက်တယ်။ B သွေးဖြူဥတွေက ... ပဋိပစ္စည်းတစ်မျိုးကိုထုတ်လုပ်ပြီး ပိုးမွှားကိုတိုက်ခိုက်တယ်၊ အဲဒါဟာ ခုခံအား ... စ် ဆောင်ရွက်ပုံပဲကွယ့်"

နန်းချယ်ရီ မောနေပြန်သဖြင့် ကျွန်တော်သည် ရေသန့်ဘူးထဲကရေကို ... ခွက်နှင့်ထည့်ကာ နန်းချယ်ရီကိုတိုက်ရသည်။ နန်းချယ်ရီ ရေအနည်းငယ် ... သောက်ပြီး ကျွန်တော့်ကိုပြုံးပြကာ စကားဆက်သည်။

"အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးက အကြောင်းတစ်ခုခုကြောင့် သွေးထဲကို ... ရောက်ရှိလာတဲ့အခါမှာ ခုခံအားစနစ်ရဲ့အဓိကခေါင်းဆောင် T4 သွေးဖြူဥကို ... တိုက်ခိုက်ဖျက်ဆီးပစ်တယ်၊ T4 သွေးဖြူဥ အဖျက်ဆီးခံလိုက်ရတဲ့အတွက် ခံအားစနစ်တစ်ခုလုံး အင်အားဆုတ်ယုတ်ပြီး ရောဂါတွေကိုတွန်းလှန်နိုင်

www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ အေအိုင်ဒီအက်စ်ရောဂါဖြစ်လာရတယ်၊ ဒါကြောင့် အေအိုင်ဒီအက်စ် ရောဂါဆိုတာ ခုခံအားစနစ်ပျက်စီးသွားလို့ ဖြင်ပကဝင်ရောက်လာတဲ့ ဆိုးရွားတဲ့ ရောဂါပေါင်းစုကိုခေါ်ဆိုတာဖြစ်တယ်”

“အဖြင့် အိပ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးဟာ ဘယ်လိုနည်းနဲ့ လူရဲ့ခန္ဓာကိုယ်ထဲ ဝင်ရောက်လာနိုင်သလဲ၊ ဒါကို သိထားဖို့လိုတယ်၊ ဒါဟာ အရေးကြီးတဲ့ အချက်ဖြစ်တယ်၊ ယခုအချိန်ထိ အဓိကကူးစက်နေတဲ့နည်းလမ်းတွေက (၁) လိင်မှုတစ်ဆင့်ကူးစက်ခြင်း၊ (၂) မသန့်ရှင်းတဲ့ဆေးထိုးအပ်နဲ့ ဆေးထိုးကိရိယာများနဲ့ မူးယစ်ဆေးကိုသွင်းရာကနေကူးစက်ခြင်း၊ (၃) အိပ်ချ်အိုင်ဗွီပိုးရှိ ပိုးပါတဲ့သွေးကို သွင်းမိခြင်း၊ (၄) ရောဂါရှိသောမိခင်မှ သန္ဓေသားကိုကူးစက်ခြင်း တို့ဖြစ်တယ်”

“လိင်မှုတစ်ဆင့်ကူးစက်ခြင်းဆိုတာ ရောဂါပိုးရှိတဲ့သူနဲ့ ဖိုမဆက်ဆံခြင်းကြောင့် ဖြစ်တယ်၊ တစ်လင်တစ်မယားစနစ်နဲ့ မိမိရဲ့အိမ်ထောင်ဖက်ကလွဲ၍ သစ္စာမရှိဘဲ ဖောက်ပြန်သူတွေဟာ ဒီရောဂါပိုးရမှာအမှန်ပဲ၊ အပျော်အပါး ရှာသူတွေဟာလည်း အေအိုင်ဒီအက်စ်ရဲ့ဒဏ်ခတ်ခြင်းကိုခံရမှာအမှန်ပဲ၊ မသန့်ရှင်းတဲ့ဆေးထိုးအပ်ဆိုတာကတော့ ဆေးခန်းမှာရေနွေးဆူသွန်နဲ့မပြုတ်ထားတဲ့ ဆေးထိုးအပ်ကို တစ်ယောက်ပြီးတစ်ယောက်သုံးတာတို့၊ မူးယစ်ဆေး အကြောထဲထိုးသွင်းတဲ့သူတွေဟာ အပ်တစ်ခုတည်းကိုသုံးတာဖြစ်လို့ ရောဂါရှိသူဆီက ပိုးတွေ ကျန်လူတွေကိုကူးစက်တာတို့ဖြစ်တယ်၊ အိပ်ချ်အိုင်ဗွီ ရပ်စ်ပိုးပါတဲ့ သွေးသွင်းမိတယ်ဆိုတာက ရောဂါတစ်ခုခုကြောင့် သွေးလိုအပ်လို့ သွေးသွင်းရတဲ့အခါ သွေးလှူတဲ့လူမှာရောဂါပိုးရှိနေရင် သွေးသွင်းကုသမှုခံယူသူမှာ ရောဂါပိုးကူးစက်တာဖြစ်တယ်၊ ဆရာမဟာ ဒီလိုနည်းနဲ့ ရောဂါကူးစက်ခံရတာဖြစ်တယ်၊ လွန်ခဲ့တဲ့နှစ်နှစ်က ဆရာမဒူးအတက်ပေါက်လို့ ခွဲစိတ်ခဲ့တဲ့ အခါမှာ သွေးလိုလို့သွေးသွင်းခဲ့ရတယ်၊ အဲဒီသွေးမှာ အိပ်ချ်အိုင်ဗွီပိုးပါနေ



တော့ ဆရာမဟာလည်း အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရပြီး အခုလို အေအိုင်ဒီအက်စ် ရောဂါဖြစ်လာရတယ်၊ နောက်တစ်ခုကတော့ ရောဂါရှိနေတဲ့မိခင်ကတစ်ဆင့် သူ့ရဲ့သန္ဓေသားကိုကူးစက်တာဖြစ်တယ်၊ ဒီအချက်ကြီးလေးချက်ကို မင်းတို့ အဓိကသတိပြုကြရမယ်၊ ဖြည့်စွက်ပြောရရင်တော့ ဘတ်အပ်စိုက်တာ၊ ဆေးမင်ကြောင်ထိုးတာ၊ သွားရောဂါကုကိရိယာတွေ၊ နားဖောက်၊ ဆံပင်ညှပ်၊ လက်သည်းညှပ်တဲ့ဓားကို တစ်ခုတည်းသုံးစွဲတာတွေဟာ ရောဂါပိုးကူးစက်နိုင်တာတွေဖြစ်လို့ အဲဒါတွေကိုလည်း သတိပြုကြရမှာ ဖြစ်တယ်”

ဗလာကြီးစွာဖြင့် စကားကိုဆက်တိုက်ပြောလိုက်သဖြင့် နန်းချယ်ရီမောနေလေသည်။ နန်းချယ်ရီ၏ရင်အုံတွေ နိမ့်လိုက်မြင့်လိုက်ဖြစ်၍ ကျွန်တော်က ‘နန်း ရေသောက်လိုက်ဦး၊ နားပြီးမှ ဖြည်းဖြည်းပြောပါ’ ဟု သတိပေးရင်း ရေတိုက်ရသည်။ သုံးလေးမိနစ်နားပြီးမှ နန်းချယ်ရီစကားဆက်နိုင်သည်။

“အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရတာနဲ့ ဒီလူဟာ အေအိုင်ဒီအက်စ်မဖြစ်သေးဘူး၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်ကာစမှာ ဘယ်လိုလက္ခဏာမှလည်းမပြဘူး၊ ဒါပေမယ့် သူကတစ်ဆင့် တခြားသူကိုကူးစက်နိုင်ပါတယ်၊ လိင်ဆက်ဆံရာမှတစ်ဆင့်၊ သွေးမှတစ်ဆင့် ကူးတာပါ၊ တခြားနည်းလမ်းနဲ့မကူးပါဘူး၊ ရောဂါပိုးရှိသူနဲ့ တစ်အိမ်ထဲအတူနေတာ၊ တစ်ကျောင်းတည်း၊ တစ်တန်းတည်း အတူနေတာ၊ လက်ဆွဲနှုတ်ဆက်တာ၊ ပွေ့ဖက်တာ၊ ပစ္စည်းတွေ အတူတူကိုင်တွယ်သုံးစွဲတာတွေမှာ ပိုးမကူးစက်နိုင်ပါဘူး၊ ရောဂါပိုးကူးစက်ပြီး ၆ လမှ ၁၀ နှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါဖြစ်လာနိုင်တယ်၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါရဲ့အဓိကလက္ခဏာတွေကတော့ ခန္ဓာကိုယ်အလေးချိန် ၁၀% ထက် ပိုပိုလျော့ကျလာတာ၊ တစ်လထက်ပိုပြီး ဝမ်းများလက်တိုက်သွားတာ၊ တစ်လထက်ပိုပြီးဆက်တိုက်အဖျားတက်တာတွေပဲဖြစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

သာမညလက္ခဏာတွေကတော့ တစ်လထက်ပိုပြီးချောင်းဆိုးတာ၊ အဖြ တွေ တစ်ကိုယ်လုံးအနှံ့အပြားထွက်တာ၊ ရေယုန်ပေါက်တာ၊ ပါးစပ်ထ မက်ခရုတွေထွက်တာ၊ အရေပြားယောင်ယမ်းတာ စတာတွေပဲ၊ ဒီလက္ခဏ တွေ ပြလာပြီဆို ရင် အေအိုင်ဒီအက်စ်ရောဂါဖြစ်နေပြီလို့ဆိုရတော့မယ်"

"စောစောကပြောခဲ့တဲ့ အိပ်ချ်အိုင်ဗွီပိုးက ခန္ဓာကိုယ်ရဲ့ခုခံအားစနစ် ကို ဖျက်ဆီးပစ်တဲ့အတွက် ပြင်ပကဝင်လာတဲ့ရောဂါပိုးတွေကို မခုခံနိုင် ဖြစ်လာရတဲ့ အေအိုင်ဒီအက်စ်ရောဂါပေါင်းစုထဲက ကြီးမားတဲ့ရောဂါ ကတော့ ကာပိုဆီဆာကိုမာခေါ်တဲ့ အရေပြားကင်ဆာ၊ အဆုတ်ရောင်ရော ဦးနှောက်ရောင်ရောဂါတွေဖြစ်တယ်၊ ဒီရောဂါတွေဝင်လာပြီဆိုရင်တော့ လောကကိုစွန့်ခွာရဖို့ နီးကပ်လာပြီပေါ့"

နန်းချယ်ရီမောသဖြင့် ဟောပြောမှုကိုနားနေရပြန်သည်။ ကျောင်း ကျောင်းသားများမှာ နန်းချယ်ရီ၏ဟောပြောမှုကို စိတ်ဝင်စားစွာငြိမ်သ နားထောင်နေကြသည်။ နန်းချယ်ရီ၏နဖူးပြင်မှာ ချွေးကလေးတွေသီးဖို သည်။ ဖားဖိုကြီးဆွဲသလို အသက်ကိုပြင်းစွာရှူနေရသည်။ ရောဂါဝေဒနာဖြ မှ ဟောပြောနေသောနန်းချယ်ရီကို ကျွန်တော်မကြည့်ရက်။ သူမ၏ဟောပြေ မှုကို အဆုံးသတ်စေချင်လှပြီဖြစ်သော်လည်း နန်းချယ်ရီမှာမူ ဟောပြောမှု ကို မရပ်နိုင်သေး။

"လူတစ်ယောက်ဟာ အိပ်ချ်အိုင်ဗွီပိုးရှိနေပြီ၊ အေအိုင်ဒီအက်စ်ရော ရှိနေပြီဆိုတာနဲ့ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာတွေ ပြောင်းလဲခံစားရမှာအမှန်ပဲ၊ အား တာ၊ ကြောက်ရွံ့တာ၊ တုန်လှုပ်တာတွေပေါ့၊ ဒီအချိန်မှာ မိသားစုတွေ၊ မိတ် တွေနဲ့ ပတ်ဝန်းကျင်က ဝိုင်းပယ်ခံရရင် သူဟာစိတ်ဓာတ်အလွန်အမင်းကျ ရောဂါဝေဒနာနဲ့ သေခြင်းတရားကို မြန်မြန်ရင်ဆိုင်သွားရမှာပဲ၊ တကယ်လို့ မိသားစုက နွေးထွေးတဲ့နှစ်သိမ့်မှုပေးပြီး စိတ်ဓာတ်မြှင့်တင်ပေ



ဘာသာရေးဆိုင်ရာလိုက်စားမှုပြုလုပ်ပေးရင် သူဟာ သက်တမ်းပိုပြီးရှည်ရှည် နေသွားရမှာဖြစ်တယ်၊ ဒါကြောင့် အိပ်ချ်အိုင်ဗွီပိုးရှိနေသူတွေ အေအိုင်ဒီအက်စ် ရောဂါဖြစ်နေသူတွေကို ဝိုင်းမပယ်ပါနဲ့၊ နှစ်သိမ့်မှုပေးပါ၊ နားလည်မှုနဲ့ ကူညီ ပေးမပေးပါ၊ ပြုစုကုသပေးကြပါလို့ ဆရာမ မေတ္တာရပ်ခံချင်ပါတယ်"

နန်းချယ်ရီသည် အင်တိုက်အားတိုက် အားယူဟောပြောနေရာမှ စကားပြောအနည်းငယ်လေးသွားသည်ကို ကျွန်တော်သတိပြုမိ၏။ လက်မဖြင့် နားထင်ကိုထောက်လိုက်သည်ကိုလည်းတွေ့ရ၏။ နန်းချယ်ရီ၏ ဦးနှောက် အမြှေးပါးရောင်သောရောဂါက ပါးပြင်းထလာပြီဖြစ်သည်ကို ကျွန်တော် သိလိုက်သည်။ ကျွန်တော်က ပျာပျာသလဲဖြင့် နန်းချယ်ရီ၏ပခုံးကလေးကို ဆုပ်ကိုင်လိုက်သည်။

"နန်း ခေါင်းကိုက်လာတာလား။ နားလိုက်ပါတော့လား နန်းရယ်" ဟုလည်း ချော့မော့လိုက်သည်။

နန်းချယ်ရီကလက်ကာပြီး ကျွန်တော့်ကိုမှည့်ပြုံးပြုံးပြန်သည်။ "ရတယ် အစ်ကို၊ ဘာမှမဖြစ်ပါဘူး" ဟုလည်း ပြန်ပြောသည်။ ထိုပြောစကားမှာပင် အသံတွေ ယိမ်းခါနေသည်။

ကျွန်တော် ဘာမှထပ်မပြောနိုင်မီ နန်းချယ်ရီက သူမ၏ဟောပြောမှုကို ဆက်လိုက်သည်။

"အေအိုင်ဒီအက်စ်နဲ့ပတ်သက်ပြီး ဆရာမအကြံပြုချင်တာကတော့ ဒီရောဂါဟာ ကုဖို့ဆေးမရှိတဲ့အတွက် ကြိုတင်အသိရှိကာကွယ်တာဟာ အကောင်းဆုံးဆိုတာပါပဲ၊ ဒါဖြင့် ဘယ်လိုကာကွယ်ကြမလဲ၊ လိင်ကိစ္စ အလွန် အပါးလိုက်စားခြင်းကို ရှောင်ကြဉ်ပါ။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ် ပါ။ အထူးလိုအပ်မှ ဆေးထိုးခြင်း၊ သွေးသွင်းခြင်းကိုခံယူပါ၊ ဒီ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com

ဖက်အပေါ် သစ္စာရှိပါ။ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းပါ။ အန္တရာယ် အပြုအမူရှိသူတွေက ကွန်ဒုံးဆိုတဲ့အဖော်ကိုသုံးပါ"

နန်းချယ်ရီပြောရင်း ခဏ္ဍာကိုယ်ကလေး ရှေ့သို့ငိုက်မလိုဖြစ်သွားသည့် ခေါင်းကို သူမ၏လက်နှစ်ဖက်ဖြင့်ဖိလိုက်သည်။ မျက်နှာမှာသွေးမရှိသ ဖြူဖျော့လာသည်။ ကျွန်တော်က သူမကိုထိန်းထားပြီး "တော်တော့ ... ပြောတာရပ်လိုက်တော့၊ နားလိုက်တော့" ဟု ပြောလိုက်သည်။ သို့သေ နန်းချယ်ရီစကားသံတွေ ဆက်လက်ပေါ်လာနေပြန်၏။

"ဆရာမတို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောပြောဆိုဆုံးမခဲ့တာတွေ နာယူပြီး မြန်မာ့ယဉ်ကျေးမှု လူမှုရေးစနစ်တွေကို ထိန်းသိမ်းသွားရင် ဒီရော ဆိုးကြီးဟာ တဖြည်းဖြည်းပြန်လည်ပျောက်ကွယ်သွားမှာပါ။ ကိုယ်တိုင်လည်း ရောဂါမဖြစ်အောင်ကာကွယ်ပါ။ တခြားသူများကိုလည်း စည်းရုံးပါ။ ရော ဖြစ်နေသူတွေကိုလည်း ကူညီပေးမပေးပါ။ သတိတရားလက်ကိုင်ထားကြ သတိနဲ့ချစ်ကြပါ။ ဘယ်သူမပြုမိမိမှုဆိုတဲ့အတိုင်း မိမိကိုယ်မိမိဆင်ခြင်မယ ဆိုရင် ဒီရောဂါဆိုးကြီး မဖြစ် ... မဖြစ် ...."

"အို ... နန်း ... နန်း ...."

နန်းချယ်ရီပြောရင်း မေ့ကျသွားသည်။ ကျွန်တော် အချိန်မီထိန်းလိုက် နိုင်၍သာ ထိုင်ခုံပေါ်မှကြမ်းပြင်ပေါ်သို့ ဝုန်းခနဲကျမသွားခြင်းဖြစ်၏။ ကျွန်တော် တုန်လှုပ်ချောက်ချားစွာဖြင့် နန်းချယ်ရီကို ပွေ့ယူလိုက်သည်။ ကျွန်တော် လက်ထဲမှာ နန်းချယ်ရီသည်ပျော့ပျော့ခွေခွေ။

"ဆရာမ .... ဆရာမ" ဟူသော ငိုယိုအော်ဟစ်သံများဖြင့် ကျောင်းသ ကျောင်းသားများ စင်မြင့်ရှိရာသို့ပြေးလာကြသည်။ ခန်းမတစ်ခုလုံး ရုတ်ရု သဲသဲ ဖြစ်သွားသည်။

(၃၇)

ဝင်းမြတ်ထံမှရောက်လာသောစာကို ဖတ်ရသည်မှာ ကျွန်တော့်အာရုံများ ကိုပင် စုစည်းမရသလိုဖြစ်နေသည်။ ပင်လယ်လှိုင်းလုံးကြီးများကြားတွင် မျောပန်းစွာ ရက်ရှည်လများကူးခတ်လာသူတစ်ယောက်ပမာ ခြေကုန်လက်ပန်း ကျလျက်ရှိဆဲတွင် သူ့စာက စိတ်အစဉ်ကိုဖိစီးလာပြန်သည်။

"မင်းပြောခဲ့တဲ့စကားတွေ သွေးထွက်အောင်မှန်နေပြီ နေဇရ၊ 'အခေတ်' တွေအားကိုးပြီး စွတ်မသောင်းကျန်းနဲ့ဆိုတာလေ၊ အခုအချိန်မှာ ငါ မသောင်းကျန်းတော့ဘူးဆိုပြီး ရှောင်ခဲ့ပေမယ့် အရင်က ငါပြုခဲ့သမျှတွေရဲ့ အကျိုးဆက်ကို ငါရလိုက်ပြီ၊ ငါ့ကိုယ်ငါစိတ်မချလို့ တစ်လောကသွေးသွား စစ်လိုက်တာ HIV Positive လို့အဖြေထွက်လာတယ်"

"မင်းဆီကစာထဲမှာ နန်းချယ်ရီရဲ့အကြောင်းသိရတော့ ငါအားကျလိုက် တာ၊ ငါ့ မွှင်းအစ်ကိုနဲ့သေခြင်းတရားကို ရင်ဆိုင်ပုံနဲ့ နန်းချယ်ရီရဲ့သေခြင်း တရားကို ရင်ဆိုင်ပုံကွာခြားတာကို သတိပြုမိတယ်၊ ငါကတော့ မင်းအစ်ကိုရဲ့ သွားကြောင်တဲ့နိဂုံးကိုမကြိုက်ဘူး။ နန်းချယ်ရီရဲ့ ရဲရင့်တဲ့နိဂုံးကိုကြိုက်တယ်၊ AIDS ဝေဒနာရှင်တစ်ဦးအနေနဲ့ ကိုယ့်ကိုယ်ကိုပြပြီး ကျောင်းသားတွေကို လိုက်ဟောပြောတာ ငါလေးစားကြည်ညိုလို့မဆုံးဘူး။ ဒီ လောကအကျိုးကို မသေမီတတ်နိုင်သလောက် သယ်ပိုးသွားတာပဲလို့ ငါမြင်တယ်"

www.burmeseclassic.com

"ခုတော့ ရှမ်းလဲ့နဲ့ငါ ပေါင်းမိသွားပြီ။ ရှမ်းလဲ့မှာလည်း HIV ရှိ
HIV ဘဝတူတွေပေါ့၊ ဘဝတူသလို သဘောထားလည်းတူကြတယ်၊
ငါပေါင်းပြီး AIDS ကာကွယ်တားဆီးရေးနဲ့ပတ်သက်ပြီး နန်းချယ်ရီ
နိုင်သလောက်လုပ်ကြမယ်လို့ ဆုံးဖြတ်တယ်၊ သူက သူ့ယောက်ျားဆီ
ခဲ့တဲ့ ငွေကြေးတွေထည့်မယ်၊ ငါကလည်း ငါ့ရှာထားတဲ့ငွေကြေးတွေထည့်
အရင်းဆုံးလုပ်မှာက နန်းချယ်ရီ မင်းကိုရေးနိုင်းလို့ မင်းရေးနေတဲ့ မင်း
အကြောင်း 'ဘဝသံသရာမှာ စတဲ့အချစ်' ကိုထုတ်ပြီး တကြည့်တိုက်
အသင်းအဖွဲ့တွေ၊ စာအုပ်ဆိုင်တွေ၊ ကျောင်းတွေကိုလှူမယ်၊ နောက်ဆက်
တော့ နန်းချယ်ရီလိုပဲ ဟောပြောပွဲတွေလုပ်မယ်၊ ဒီတစ်ခါ ငါတို့ကို ကူညီ
က မင်းပဲ၊ မင်းငါတို့ကိုကူညီပါ"

ဝင်းမြတ်စာကိုသိမ်းပြီး နန်းချယ်ရီအခန်းထဲသို့ ကျွန်တော်ဝင်လာခဲ့သ
နန်းချယ်ရီသည် ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် အိပ်ပျော်နေသ
သွေးမရှိတော့သလို ဖြူလျော်နေသောမျက်နှာ၊ အသားမရှိတော့သလို ပါးလျ
ပိန်ရှုံ့သွားသော လက်ကလေးများနှင့်ခန္ဓာကိုယ်တို့က 'နောက်ဆုံးရက်မျာ
ကို ညွှန်ပြနေသည်။

ပင့်သက်ချလိုက်ပြီးနောက် ကျွန်တော်သည် နန်းချယ်ရီ၏ခုတင့်ဘေး
ထိုင်ခုံလေးတွင် ဝင်ထိုင်လိုက်သည်။

ကံကောင်းထောက်မစွာဖြင့် ကျွန်တော်တို့သည် နန်းချယ်ရီ ပင်းတ
အထက်တန်းကျောင်းတွင်ဟောပြောရင်း လဲကျသွားသည်ကို ကယ်တင်နိ
ခဲ့သည်။ သို့သော် နန်းချယ်ရီက ထိုမျှနှင့်မကျေနပ်နိုင်သေး။ အခြားမြို့မျာ
ကျောင်းများတွင် ဟောပြောချင်သေးသည်ဟု တောင်းဆိုလာခဲ့သည်
ကျွန်တော်အမျိုးမျိုးဖျောင်းဖျခဲ့ပါ၏။ မရ။ နောက်ဆုံးတော့လည်း ချစ်သေ



နန်းချယ်ရီ၏ဆန္ဒကို ဖြည့်ဆည်းပေးမည်ဟူသောဆုံးဖြတ်ချက်ဖြင့် ကျွန်တော်သည် မွေးလှ၊ အောင်ပန်း၊ ကလောမြို့များသို့သွားကာ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်ဆုံတွေ့တင်ပြ အကူအညီတောင်းခံခဲ့၏။ သက်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးများကလည်း လိုလားစွာလက်ခံကူညီပေးခဲ့ကြသဖြင့် ဟောပြောပွဲများ တစ်ပွဲပြီးတစ်ပွဲဆက်ခဲ့ရသည်။ နန်းချယ်ရီမှာ စိတ်ရှိပါ သော်လည်း ခန္ဓာက အပြည့်အဝမပါနိုင်ရှာတော့ပါ။ ထို့ကြောင့် နန်းချယ်ရီက တစ်ပိုင်းဟောပြောပြီး နန်းချယ်ရီမဟော၍မပြောနိုင်တော့သည့်အချိန်တွင် ကျွန်တော်ကဆက်၍ဟောပြောခဲ့ရသည်။ ဟောပြောပွဲ၏ အောင်မြင်မှုမှာထော ကား ကြီးမားလှသည်ဟုဆိုနိုင်ပါသည်။

သို့သော် ထိုဟောပြောပွဲများအပြီးတွင်း နန်းချယ်ရီရောဂါပို၍သည်းလာသည်။ ခုခံအားပို၍နည်းပါးလာပြီး ရောဂါကပို၍အနိုင်ရသွားသည်။ ဝမ်းတိုက်ခြင်း အကြိမ်များပိုစိပ်လာသည်။ သတိလစ်မှုပိုများလာသည်၊ ရုပ်ရည်၏ ကယောင်ကတမ်းတွေပြောလာသည်။

နန်းချယ်ရီ၏ဖခင် ဦးမောင်လှိုင်မှာ မျက်ရည်စမ်းစမ်းနှင့်။ သမီးကို မကြည့်ရက် မျှရက်ဖြစ်ကာ လီမွှော်ခြံသို့ပင်နေ့စဉ်ထွက်နေတော့သည်။ ဒေါက်တာ့ရိုင်းမောင်က ရက်ခြားလာကြည့်ပြီး ကုသပေးသော်လည်း ဆေးဝါးက ရောဂါကိုအရှုံးပေး ဒူးထောက်ရက်နီးရောက်နေပြီဖြစ်လေသည်။

နန်းချယ်ရီကို ပို၍လေးစားမြတ်နိုးရသည်မှာမူ နန်းချယ်ရီသည် ရောဂါဝေဒနာအလူးအလဲခံစားနေရသော်လည်း ဘုရားတရားကိုကားမမေ့။ ဘုရားခန်းတွင် တရားသွား၍မထိုင်နိုင်တော့သော်လည်း အိပ်ရာထက်တွင် ပက်လက်အနေအထားနှင့် တရားမှတ်နေတတ်သည်။ တရားခွေနားထောင်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကား စာမရေးနိုင်တော့။ အချိန်နှင့်အမျှ နန်းချယ်ရီအော ပင်နေ၍ အားပေးနှစ်သိမ့်နေရပေသည်။

"အစ်ကို"

ရုတ်တရက် ကျွန်တော့်အတွေးစီးကြောင်းထဲသို့ ဝင်လာသည့်အသံ နန်းချယ်ရီ၏ခေါ်သံ။

"တင် ... နန်း နိုးလာပြီလား။ နန်း ဘာလိုချင်လဲ၊ ရေသောက်မလား"

ကျွန်တော်က ခုတင်နားကပ်၍ နန်းလက်ကိုဆုပ်ကိုင်ကာ ယုယုယယ မေးလိုက်သည်။ နန်းချယ်ရီက လှဲလျက်မှပင် ခေါင်းကလေးကိုယမ်းပြ၏။

"အစ်ကို့ကိုစကားပြောမလို့ပါ"

လေသံသဲ့သဲ့မျှသာရှိသည့် နန်းချယ်ရီ၏တိုးတိုးစကားသံ။ ကျွန်တော် နန်းချယ်ရီနားသို့ ပို၍တိုးကပ်လိုက်သည်။

"ပြောလေ"

"စောစောက နန်း အိပ်မပျော်ပါဘူး။ နန်းဝေဒနာကိုမှတ်နေတာပါ"

"တုတ်လား။ အစ်ကိုက နန်းအိပ်ပျော်နေတယ်ထင်လို့ ငြိမ်ငြိမ်ကလေး နေတာ"

"အစ်ကို ဘာတွေတွေးနေလဲ"

ကျွန်တော် အမှန်အတိုင်းမပြောလိုပါ။ ပြော၍မဖြစ်ပါ။ အကောင်းဆုံး မှသားကိုရွေးရပါသည်။

"ဝတ္ထုရေးဖို့တွေးနေတာပါ"

နန်းချယ်ရီက လက်ခံယုံကြည်တန်ဖြင့် ကျွန်တော့်မျက်နှာကို ကြည့်နေ ပြီးမှ ...

"အစ်ကို့ကို နန်းအားနာတယ်" ဟု တိုးတိုးကလေးပြောသည်။



"ဘာဖြစ်လို့လဲ နန်းရဲ့"

"နန်းကို လက်ထပ်မိလို့ အစ်ကိုပင်ပန်းရတယ်၊ ဒုက္ခရောက်ရတယ် လေ"

"အို ... ဘယ်ဟုတ်ပါ့မလဲ၊ နန်းကို လက်ထပ်လို့ အစ်ကိုပျော်ရတာ၊ ဘဝမှာ ပြည့်စုံသွားတာ"

နန်းချယ်ရီ ယဲ့ယဲ့ကလေးပြုံးပြန်ပါသည်။

"အစ်ကိုက နန်းစိတ်ချမ်းသာအောင် အမြဲပြောတတ်တယ်၊ နန်း အနေနဲ့ ကတော့ အစ်ကို့ကိုချစ်သူတော်ခွင့်ရတာ၊ အစ်ကို့ကို ခင်ပွန်းတော်ခွင့်ရတာ အစ်ကို့စကားကိုငှားပြီးပြောရရင် နန်းအဖို့ ဘယ်လိုမှတန်ဖိုးဖြတ်လို့မရနိုင်တဲ့ ကံကြမ္မာရဲ့မျက်နှာသာပေးမှုပါပဲ"

"နန်းရယ် ..."

မှတ်ပဲ မှတ်မိနိုင်လွန်းလှချည်။ နန်းချယ်ရီကို ကျွန်တော်ချစ်ခွင့်ပန်သည့် နေ့က ပြောခဲ့သောစကားကို နန်းချယ်ရီပြန်သုံးခြင်းဖြစ်သည်။ သည်စကား ကလေးကို နန်းချယ်ရီသည် သူမ၏နှလုံးသည်းပွတ်၌ ထည့်သွင်းသိမ်းဆည်း ထားခဲ့ပုံရ၏။ နန်းချယ်ရီအပေါ် ကျွန်တော်အချစ်တိုးသွားရပြန်၏။

"အစ်ကို ..."

နန်းချယ်ရီမှုခေါ်ပြန်၏။ ခေါ်၍မဝနိုင်ပြီထင့်။ ခေါ်ပဲခေါ်နေပြန်သည်။

"နန်း ဘာပြောမှာလဲ ပြောလေ၊ အစ်ကို နားထောင်နေပါတယ်"

နန်းချယ်ရီက ကျွန်တော့်လက်ဖျားကလေးကိုလာဆုပ်ပြီး ...

"အစ်ကို့ကို နန်း တတိယထပ်တောင်းဖို့ကျန်သေးတယ်နော်" ဟု မျှော်လင့်ကြည့်များဖြင့်ပြောသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ပြော အစ်ကို ဘာလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုနဲ့ နန်းနဲ့ ပထမဆုံးဆုံတွေ့ခဲ့တဲ့ ဘဝသံသရာဝဲတော သွားချင်တယ်"

"အို ..."

နန်းချယ်ရီနှင့်ကျွန်တော်တို့၏ ဘဝနှစ်ခုကို ဖူးစာဆုံပေါင်းဖက်ပေးခဲ့ မှတ်တိုင် သို့မဟုတ် ကျွန်တော်တို့နှစ်ဦး၏ နှလုံးသားများကိုလှုပ်နှိုး ပေးကွန်းတင်အရပ်။ နန်းချယ်ရီစကားကြောင့် ကျွန်တော့်ရင် သွတ်သွင် သွားသည်။ နန်းချယ်ရီကို အမြတ်တနိုးကြည့်ကာ သူမ၏လက်ကို တင်း ပြန်ဆုပ်လိုက်မိ၏။

"မဖြစ်ဘူးထင်တယ် နန်းရယ်၊ နန်း နေလို့မကောင်းတာ၊ အဲဒီ သွားရင် နန်း အရမ်းပင်ပန်းမှာပေါ့"

"နန်း စဉ်းစားပြီးကွယ်၊ အစ်ကိုက နန်းအတွက် ..."

ကျွန်တော့်စကားကိုဖြတ်၍ ....

"နန်းရဲ့ တတိယတောင်းဆိုချက်လေ၊ အစ်ကိုလိုက်လျောမယ်ဆို"

ကျွန်တော်သက်ပြင်းချလိုက်မိ၏။ အဖြေမပေးနိုင်သေးမီ ...

"နန်းရဲ့ နောက်ဆုံးဆန္ဒပါ အစ်ကိုရယ်၊ အစ်ကိုဖြည့်ပေးပါနော်" ဟု တောင်းပန်မျက်လုံးများ၊ ခယသံကလေးများဖြင့် နန်းချယ်ရီပြောသည်။ ကျွန်တော့်အသည်းနှလုံးများ ပွဲကြွေကျသွားသည်။ နောက်ဆုံးတဲ့၊ နောက်ဆုံး ဆန္ဒပါတဲ့။ အလွန်ပြင်းသောမြားချက်တစ်ခု ကျွန်တော့်ရင်ကိုဖြတ်သန်းသွား သည်။ အလွန်ပြင်းသော မုန်တိုင်းတစ်ခု ကျွန်တော့်ရင်ကိုဝင်မွှေသွားသည်။ အလွန်ပြင်းသောလျှပ်တစ်ခု ကျွန်တော့်ရင်ကိုဖောက်ပြန့်တစ်လှုပ်သွားသည်။

ကျွန်တော် မည်သို့မျှတောင့်ခံနိုင်စွမ်းမရှိတော့ပါ။ ဝဲလာသောမျက်ရည် ကို နန်းချယ်ရီမမြင်အောင်တစ်ဖက်သို့လှည့်ပစ်လိုက်ရ၏။ မျက်တောင်ကို



ဘျတ်ဖျတ်ခတ်၍ မျက်ရည်ကိုသိမ်းပြီးမှ နန်းချယ်ရီကို ပြန်လှည့်၍ မျက်နှာချင်းဆိုင်ရသည်။

"နန်းရဲ့ဆန္ဒအတိုင်း ဖြစ်ရပါစေ့မယ် နန်းရယ် ..."

တွေ့နုပ်ပြုံးဝင်းပပကလေးက လက်လက်ကလေးမျှပေါ်လာပြီး နန်းချယ်ရီ၏နှုတ်ခမ်းကလေးများကြားမှ အနိမ့်အမြင့်မညီညာသော သံစဉ် ကလေးတစ်ခု လှုပ်ခတ်ထွက်ပေါ်လာသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို"

အပြင်မှာမိုးသည် ရွေလျှက်ရှိ၏။ အလွမ်းတွေသည်းအောင် ဝန်ဆင်း နေရှာသလားမသိ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ဖြူသော၊ ပြာသော၊ ညိုသောတိမ်တွေက တောင်ထိပ်များမှာခိုတွယ်

နေရောင်ခြည်သည် သူတို့နောက်မှာပုန်းကွယ်လျက် မဝံ့တဝံ့။ သည်ဝန်း

မှာက ကလောမတိုင်မီတုန်းကလို တောင်မြင့်မြင့်ကြီးများ၏ ခါးပန်းမှာပတ်

တောက်ထားသည့် ရထားလမ်းမျိုးမတွေ့တတ်။ အတန်ငယ်ပြေလျော

တောင်ကုန်းလေးတွေပေါ်မှာမို့ ရထားကအရှိန်နှင့်ပြေးနိုင်သည်။

လျှိုမြောင်ကလေးတွေ တွေ့ရသည်။ တောင်ကုန်းများပေါ်မှ စိုက်ခင်း

ကို တွေ့ရသည်။ အချို့နေရာမှာ လှေကားထစ်စိုက်ခင်းလေးတွေရှိသည်

မတ်မုံပင်တွေ တွေ့ရသည်။ ချယ်ရီတွေတွေ့ရသည်။ ထင်းရှူးတွေတွေ့ရသည်

ဟိုအဝေးမှာတော့ တောင်တန်းပြာမှိုင်းမှိုင်း။

'အောင်ပန်း' မှ ထွက်လာပြီးနောက် ရထားက 'ကန်းနား' ကို

ဖြတ်သည်။ 'ဟဲဟိုး' ကို ရှေးရှုသည်။

ကျွန်တော်တို့ လိုက်ပါလာသောတွဲမှာ အထက်တန်းတွဲဖြစ်သည်။ ခုံလေး

ခုံယူထားသည်။ ဒေါက်တာစိုင်းမောင်၊ နန်းယုယုလှိုင်၊ နန်းချယ်ရီနှင့် ကျွန်တော်

တို့ လေးယောက်ဖြစ်သည်။ ဒေါက်တာစိုင်းမောင်နှင့် နန်းယုယုလှိုင်က ထိုင်

တစ်ခုံဖြစ်သည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မှာဖြစ်သည်။ ကျွန်တော်

နှင့် နန်းချယ်ရီက တစ်ခုံဖြစ်သည်။





ကျွန်တော်နှင့် နန်းချယ်ရီတို့ထိုင်သောခုံမှာ ရထားခေါင်းဘက်သို့ မျက်နှာ မူထားသော ခုံဖြစ်ပြီး၊ နန်းချယ်ရီက ပြတင်းပေါက်ဘက်ကထိုင်သည်။ ကျွန်တော်က အတွင်းဘက်မှာ။

"နန်း နေကောင်းရဲ့လား"

ကျွန်တော်က နန်းချယ်ရီ၏လက်ကလေးကိုဆုပ်ကိုင်ရင်း မေးလိုက်သည်။ နန်းချယ်ရီသည် အပြင်ကိုငေးနေရာမှ ကျွန်တော့်ဘက်သို့လှည့်လာပြီး ခေါင်းညိတ်ပြသည်။ တစ်ဆက်တည်းမှာပင် ချယ်ရီရောင်သိုးမွှေးဆွယ်တာလေးကို ရင်ဆွဲစေသည်။

"မိုးမရွာလို့ တော်သေးတယ်"

နန်းယုယုလှိုင်က ဝင်ပြောသည်။ ဒေါက်တာစိုင်းမောင်ကမူ နှုတ်ဆိတ်နေ၏။ ကျွန်တော်တို့နှစ်ယောက်ကိုကြည့်နေသည့် သူ့အကြည့်များက အိုမင်းရင့်ရော်လှသည်။

"အစ်ကို"

"ဟင်"

"နန်း ပြောသလိုနော်"

"အင်း"

ရထားက ဟဲဟိုးနားချဉ်းကပ်လာပြီဖြစ်၏။

"မမယုက ကျွန်တော့်နေရာမှာလာထိုင်ပေးပါ"

ကျွန်တော့်စကားကို နန်းယုယုလှိုင်က ခေါင်းညိတ်လက်ခံပြီး ကျွန်တော်နှင့် နေရာချင်းလဲလိုက်သည်။

"အစ်ကို သွားမယ်နော်"

"ကျေးဇူးတင်ပါတယ်နော် ... အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ဟဲတိုးရောက်သည့်အခါ နန်းချယ်ရီကိုနုတ်ဆက်ပြီး ကျွန်တော်ထိုင်ရ
ထကာ တွဲပေါ်ဆင်းလိုက်သည်။ ကျွန်တော်တို့အထက်တန်းတွဲရှေ့မှ ရိုးရိုးတ
တွဲပေါ်သို့တက်လိုက်သည်။ ရိုးရိုးတန်းတွဲပေါ်မှာ ခရီးသည်ကပြည့်နေသ
ထင်ရသော်လည်း ကံကောင်းထောက်မစွာဖြင့် ထိုင်ခုံတစ်ခုမှာလူလွတ်လျ
ရှိနေသည်။ ပြီးတော့ ထိုထိုင်ခုံကလည်း ကျွန်တော်နှင့်နန်းချယ်ရီထိုင်ရာ ရထ
ဘယ်ဘက်ခြမ်း။ နောက်ပြီးတော့ အထက်တန်းတွဲဘက်သို့ မျက်နှာမူထ
သောခုံ။ ရထားခေါင်းတွဲကိုကျောခိုင်းလျက်။

ကျွန်တော် ထိုင်ခုံမှာဝင်ထိုင်ပြီး ပြတင်းမှ အပြင်ကိုကြည့်လိုက်သောအ
ဟဲတိုးက ရထားနောက်တွင်ကျန်ခဲ့ပြီ။ နောက်တွဲကိုလှမ်းကြည့်၏။ နန်းချယ
ကို မမြင်ရ။

ရထားက မြေပြန့်ကိုကျော်လွန်လာပြီးနောက် တောင်မြင့်မြင့်ကြီးများဝ
ချဉ်းကပ်လာပြန်သည်။ တောင်စောင်းတွေကိုဖြတ်ပြီးဖောက်ထားသော လှ
အတိုင်း ရထားကအရှိန်လေးလေးနှင့် ကွေ့ကွေ့ဝိုက်ဝိုက်ပြေးနေသည်
ပြေးရင်းက ရထားအရှိန်ပိုလျော့လာသည်။

ရှေ့မှာ 'ဘဝသံသရာတံတား' ရောက်တော့မည်။

ကျွန်တော့်ရင် တဒိန်းဒိန်းခုန်လာသည်။ နန်းချယ်ရီနှင့်ကျွန်တော့်စတင်
ဆုံတွေ့ခဲ့ရာနေရာ။ သို့မဟုတ် ကျွန်တော် နန်းချယ်ရီကိုစတင်၍ချစ်မိခဲ့ရာ
နေရာ။ ကျွန်တော်တို့နှစ်ဦး၏ ချစ်ဇာတ်လမ်းစရာနေရာ။

ကျွန်တော် ရထားပြတင်းမှ ခေါင်းပြူကြည့်လိုက်သည်။

ရထားလမ်းဘေးမှာ ဆိုင်းဘုတ်တစ်ခု။ 'ဘဝသံသရာတရား'၊ ပေရှည်
၂၀၀၊ အမြင့်ပေ ၆၂ ပေ၊ ၁၉၂၇ ခုနှစ်တည်ဆောက်သည်ဟု။

ရထားက တံတားရှိရာသို့ တအိအိချဉ်းကပ်နေ၏။

ရထား၏ညာဘက်ခြမ်း ခပ်လှမ်းလှမ်းမှာ တောင်တန်းကြီးတွေ၊ ရထား
လမ်း ဘယ်ဘက်ခြမ်းလှမ်းလှမ်းမှာလည်း တောင်တန်းကြီးတွေပင်။ ထို
ဘယ်ဘက်ခြမ်း တောင်စောင်းတွေကိုပတ်လျက် ကားလမ်းက ကွေ့ကွေ့
ကောက်ကောက်တည်ရှိနေ၏။

ရထားက တံတားပေါ်သို့ဆင်းနေပြီဖြစ်သည်။ တရွေ့ရွေ့ခုတ်မောင်းနေ
သော ရထား၏ပြတင်းမှ ခရီးသည်အချို့ကလည်း ကျွန်တော့်လိုပင် ခေါင်းပြူ
ကာ တံတားနှင့်ဝန်းကျင်ရှုခင်းကို ကြည့်ရှုခံစားနေကြသည်။

ကျွန်တော်က နန်းချယ်ရီရှိရာ အထက်တန်းတွဲဆီသို့ကြည့်နေစဉ်မှာပင်
ရထားပြတင်းမှ နန်းချယ်ရီ၏မျက်နှာကလေးပေါ်လာသည်။ ဘဝသံသရာ
တံတားမှာ 'လကလေးသာ' လိုက်ခြင်းပါပဲ။ စချင်းမှာမူ ဟိုအရင် နန်းချယ်ရီ
ကို စတွေ့စဉ်ကလို တစောင်းကလေးဖြစ်၏။ နောက်တော့ မျက်နှာက
ကျွန်တော်ရှိရာလှည့်လာ၏။ လေတိုးနေသဖြင့် နဖူးဆံစပ်မှဆံယဉ်စများက
လေတွင် တလွန့်လွန့်တဖျပ်ဖျပ်။ ကြည်နူးရွှင်ပျနေသောကြောင့် ကြည်လင်
ဝင်းပနေသော ခံစားမှုအရိပ်အယောင်များဖြင့် ကလေးငယ်တစ်ယောက်လို
အပြစ်ကင်းစင်သောမျက်နှာလေး။

နန်းချယ်ရီ ကျွန်တော့်ကိုကြည့်နေသည်။ မိန်းမိန်းကလေးကြည့်နေသည်။
ပွးပွးကလေးကြည့်နေသည်။ နှုတ်ခမ်းလေးတွေ ပြုံးနေသည်ကိုပင်မြင်ရ၏။
ကျွန်တော်က နန်းချယ်ရီကို လက်လှမ်း၍ပြလိုက်သည်။

ရထားက ထံမြေကို တဝုန်းဝုန်းဖြတ်ကျော်နေ၏။ ကျွန်တော်တို့
ရထားကြီးဖြတ်နေရာ တံတားအောက်သို့ ရှေ့တောင်ခြေမှကွေ့၍ဆင်းလာ
သော ရထားလမ်းကဖြတ်၍ဝင်သွားသည်။ ဒါသည်ပင် ဘဝသံသရာတံတား၏
အပြောင်အတန်းနှင့် အကွေ့အဝိုက်၊ အမြင့်နှင့်အနိမ့်၊ အပေါ်နှင့်အောက်၊ ဘဝ၏
အဘိဓမ္မာတရား။

www.burmeseclassic.com

နန်းချယ်ရီနှင့်ကျွန်တော် အကြည့်ချင်းဆုံ၊ အလင်းပြန်မေတ္တာ
ယက်ရှယ်ကူးသန်းနေဆဲမှာပင် ....

ရထားလမ်းဘေးရှိ ကျောက်ဆောင်များနှင့် ယင်းတို့ပေါ်မှသစ်ပင်များ
ကျွန်တော်နှင့်နန်းချယ်ရီကို မမြင်ရအောင်ကွယ်ကာသွားသည်။ ကျွန်တော
တွဲတွင်းပြန်မဝင်ဖြစ်သေး။ ရထားက အနိမ့်ပိုင်းသို့ အရှိန်လျှော့၍ဆင်း
သည်။ ကွေ့နေသည်၊ တဖြည်းဖြည်းနှင့် စောစောက ကျွန်တော်တို့ဖြတ်လာ
ခဲ့သော တံတားအောက်သို့ပြန်၍ဝင်ရန် ကွေ့လာနေ၏။

ရထားအကွေ့မှာ နန်းချယ်ရီနှင့်ကျွန်တော် ပြန်လည်ဆုံတွေ့ကြပြန်သည်
နန်းချယ်ရီက ကျွန်တော့်ကိုပြုံးကြည့်နေဆဲ။ ကျွန်တော်ကလည်း လက်
ယမ်းပြလိုက်ပြန်သေးသည်။ ထိုအချိန်၌ ကျွန်တော့်ရင်မှာ သောကတစ်ဝ
ကြည်နူးမှုကတစ်ဝက်။

ခဏအကြာတွင် ရထားလမ်းကပြန်ဖြောင့်သွားသည်။ ဘဝသံသ
တံတား၏ အတွေ့အဝိုက် အနိမ့်အမြင့်က ပြီးဆုံးသွားပြီဖြစ်၏။ ရထားက
တောင်တန်းကြီး၏ရင်ခွင်သို့ တိုးဝင်နေပြီဖြစ်၏။ တောင်ကမ်းပါးယံတွေ
ပတ်၍ ပြေးနေပြီဖြစ်၏။

BURMESE CLASSIC .com

သို့သော် နန်းချယ်ရီသည် ကျွန်တော့်ကိုကြည့်နေဆဲ။

ဘဝသံသရာတံတားကိုလွန်ခဲ့ပြီဖြစ်သောကြောင့် မည်သည့်ခရီးသည်
ရထားပြတင်းအပြင်တွင် ခေါင်းပြူလျှက်မရှိကြတော့။ အားလုံးတွဲတွင်း
ပြန်ဝင်သွားကြပြီ။ သို့သော် နန်းချယ်ရီမဝင်သေး။ စောစောကလိုပင် ကျွန်တော
ထံ ကြည့်နေဆဲ။

ကျွန်တော် စိတ်ပူသွားသည်။

"နန်း အထဲဝင်တော့လေ၊ အပြင်ကအေးတယ်"



ကျွန်တော် လှမ်းအော်ပြောလိုက်သည်။ သို့သော် နန်းချယ်ရီမလှုပ်။
ကျွန်တော့်အသံကိုမကြား၍လား။ အထဲဝင်ရန် ကျွန်တော်ထပ်၍လက်ပြသည်။
လက်ကိုသာ အကြိမ်ကြိမ်ပြနေရ၏။ နန်းချယ်ရီပုံစံမပျက်။ ကျွန်တော့်ထံ
ကြည့်နေဆဲ။

"နန်း အထဲဝင်"

ကျွန်တော်ထပ်အော်လိုက်သည်။ မထူးခြား။ နန်းချယ်ရီအကြည့်မပျက်။
အပြုံးမပျက်။ စိုးရိမ်မှုများ ကျွန်တော့်ရင်တွင်းသို့ တောင်ကျချောင်းရေလို
ဝေါခနဲကျလာသည်။

ထိုင်နေရာမှထလိုက်သည်။ အထက်တန်းတွဲဘက်မှ ရထားတွဲ အတက်
အဆင်းပေါက်ရှိရာသို့ ကျွန်တော်ပြေးသွားပြီး လှေကားထစ်သို့ဆင်းလိုက်
သည်။ တွဲ၏အတက်အဆင်းလက်ကိုင်တန်းကိုကိုင်ကာ ကိုယ်ကိုအပြင်သို့
ထုတ်၍ နန်းချယ်ရီရှိရာသို့ကြည့်လိုက်သည်။ နန်းချယ်ရီမှာ စောစောက
အတိုင်းပင်။

"နန်း ဘာလုပ်နေတာလဲ၊ အထဲကိုဝင်တော့လေ၊ အဲဒီကို ရွှေညောင်
ကျမှ ပြန်ကူးလာလို့ရမှာပေါ့"

နန်းချယ်ရီကအေး ကျောက်ရုပ်ပမာ၊ ပြုံးပြုံးကလေးကြည့်နေဆဲ။

နန်းချယ်ရီဘာဖြစ်နေပါလိမ့်။ အထဲမှာရှိနေသော ဒေါက်တာစိုင်းမောင်
နှင့် နန်းယုယုလှိုင်တို့က မပြောကြဘူးလား။ အပြင်းကလေအရမ်းတိုးနေ
သည်။ နန်းချယ်ရီက နွေးကောင်းသူမဟုတ်။ ကြာလျှင် ရောဂါတိုးတော့မည်။

ကျွန်တော့်ပူပန်မှုများက ကျွန်တော့်ကိုမိုက်မိုက်ကန်းကန်းဆုံးဖြတ်ဖို့
တွန်းအားပေးလိုက်သည်။ ရထားက တောင်အမြင့်ပိုင်းသို့ကွေ့၍တက်နေရာ
အရှိန်ကအတော်ကလေး နှေးသွားသည်။ ကျွန်တော်မစဉ်းစားတော့။ ရထား
ပေါ်မှ ရထားလမ်းဘေးသို့ခုန်ချလိုက်သည်။ တောင်စောင်းမြက်ခင်းအစပ်သို့

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ခံနေကျသည်၊ ခန္ဓာကိုယ်၏ဟန်ချက်ကို ထိန်းလိုက်နိုင်ပြီးသော သဖြင့် လဲသွားခြင်းမရှိသော်လည်း ခြေဆစ်မှာမူ မျက်ခံနေရသွားသည်။ သို့သော် ခြေဆစ်နာသည်မှုအား။ အရှိန်ပြင်းပြတ်သွားသောရထားကို အမီပြေးနိုင် လိုက်ကာ အထက်တန်းတွဲ၏လှေကားပေါ်သို့ ခုန်တက်လိုက်သည်။ ရုတ်ခြင်း မေတ္တာ၏တွန်းအားဖြင့် အရာရာသည် လေ့ကျင့်ထားသူတစ်ယောက်လို အန္တရာယ်မရှိအောင်မြင်သွား၏။ ရထားတွဲပေါ်မှမြင်လိုက်ရသူတချို့၏ အာမေဋိတ်သံများကိုရမပြုနိုင်။ တွဲပေါ်သို့တိုးတက်ပြီး နန်းချယ်ရီတို့ရှိရာသို့ ကျွန်တော်ပြေးလာခဲ့သည်။

နန်းချယ်ရီသည် ထိုင်ခုံတွင်ထိုင်လျက်က ခေါင်းအပြင်သို့ပြူကာ ရှေ့တွဲ၌ ကျွန်တော်ရှိနေသကဲ့သို့ကြည့်နေသော်။ နန်းချယ်ရီဘေးမှာ နန်းယုယုလှိုင်က နန်းချယ်ရီ၏ပခုံးလေးကိုဖက်ထားရင်း ခေါင်းငုံ့ထား၏။ အလို ... သူမ၏မြင်မှာ မျက်ရည်တွေနှင့်ပါလား။ အစ်ကိုကြီးဒေါက်တာမိုင်းမောင်ကိုကြည့်လိုက်တော့ နီရဲနေသောမျက်လုံးကြီးများကရွဲလျက်။ ကျွန်တော့်ကို အသံတိတ်ကြည့်နေပြီး မေးကြောကြီးတွေထောင်ထလျက်။

ဘာဖြစ်နေကြပါလိမ့်။ ကျွန်တော် နားမလည်နိုင်။

"နန်း အထဲဝင်လေ"

ကျွန်တော်က မတ်တတ်ကပင် မိုးရိပ်စွာလှမ်းပြောလိုက်သည်။

နန်းယုယုလှိုင်က အင့်ခနဲတစ်ချက်ရှိုက်လိုက်ကာ သူမ၏ခင်ပွန်းမှကြည့် ပြန်ငြေ့လာသည်။ ဒေါက်တာမိုင်းမောင်က နန်းယုယုလှိုင်ကိုဖက်လိုက်ပြီး ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

ကျွန်တော်သည် နန်းချယ်ရီ၏ဘေးတွင်လှမ်းခနဲဝင်ထိုင်ပြီး နန်းချယ်ရီ၏ ပခုံးလေးကိုဆုပ်ကိုင်ကာ ကျွန်တော့်ဘက်သို့ဆွဲယူလိုက်သည်။ နန်းချယ်ရီသည်



ကျွန်တော်ဆွဲယူရာသို့ အရုပ်တစ်ရုပ်ပမာ အလိုက်သင့်ပါလာပြီး ကျွန်တော့် ပခုံးပေါ်သို့ပျော့ခွေမှီကျလာ၏။ မျက်တောင်မခတ်။ နှုတ်ခမ်းမှာ အပြုံးတွဲလွဲ။

"နန်း ..."

ကျွန်တော် ထိတ်လန့်တုန်လှုပ်စွာခေါ်လိုက်ပြီး ရင်ဘတ်ပေါ်တင်ထားသော သူမ၏လက်ကလေးကိုဆုပ်ကိုင်လိုက်သည်။ အို ... လက်တွေ အေးစက်နေပါကလား။ လက်ကောက်ဝတ်ကိုစမ်းလိုက်၏။ သွေးခုန်ခြင်းကိုစမ်းမရ။ နားခေါင်းတွင် လက်ခုံကိုကပ်လိုက်သည်။ လေအထိအတွေ့မရှိတော့။ ရင်ဘတ်ပေါ်သို့ လက်ဝါးကိုတင်လိုက်သည်။ နှလုံးခုန်မှုမတွေ့တော့။ ရုတ်တရက် အဖုလုံး တစ်ခု ဒိန်းခနဲပြေးဆောင့်လာသည်။ ဝေဒနာကြီး ဝုန်းခနဲပြိုကျလာသည်။ သစ်ပင်ကြီးတွေ ဝေါခနဲ အလဲလဲအပြိုပြိုဖြစ်သွားသည်။

"နန်း ... နန်း ..."

"အစ်ကိုကြီး။ မမယု၊ လုပ်ကြပါဦး ... နန်းလေ ... နန်း"

နန်းယုယုလှိုင်ထံမှငိုသံထွက်လာသည်။ ဒေါက်တာမိုင်းမောင်အံကြိတ်နေသည်ကို တွေ့ရ၏။

နန်းချယ်ရီ၏ဆုပ်နေသောလက်ကလေးကို ကျွန်တော်ဖြည်လိုက်သည်။ နန်းချယ်ရီ၏လက်ဖဝါးထဲမှာ ကြေးပြားကလေး။ ကျွန်တော် ရန်ကုန်ပြန်ဆင်းစဉ်က ကျွန်တော့်ထံမှ နန်းချယ်ရီတောင်းယူထားခဲ့သည့် ကြေးပြားကလေး။ ကိန္နရီကိန္နရာရုပ်တစ်ဘက်စီပါသည့် ကြေးပြားစေလေး၊ 'အစ်ကို့နှလုံးသားနဲ့ အမြဲဆုံနေရာတပ္ပည်တော်လေးတစ်ခုတော့ နန်းယူထားလိုက်ဦးမယ်၊ အစ်ကို့ ရင်ငွေ့လေးလိုချင်လို့' တဲ့။ ကျွန်တော့်အိတ်ကပ်ထဲမှနှိုက်ယူထားခဲ့သည့် ကြေးပြားကလေး။ ယခုတော့ သည်ကြေးပြားကလေးကို ရင်မှာအပ်၍ ဘဝ သံသရာတံတားပေါ်မှာ ကျွန်တော့်ကိုကြည့်နေခဲ့ခြင်းပါလား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နှလုံးသား တစ်စပိုင်းကြွေကျသွားသည်ထင်လိုက်ရ၏။

"နန်း အစ်ကိုခေါ်နေတယ်လေ၊ ထူးပါဦး နန်းရဲ့"

သောက်တည်ရာမဲ့ဖွာဖြင့် နန်းချယ်ရီကို ကျွန်တော့်ရင်ခွင်ထဲဆွဲသွင်းပြီး တင်းတင်းဖက်ထားလိုက်မိသည်။ ကျွန်တော့်မျက်ရည်ပူများ ပါးပြင်ပေါ်သို့ လူးလူးလိမ့်လိမ့်ပြေးဆင်းသွားကြသည်။

"နန်း နန်းဆန္ဒအတိုင်း အစ်ကို ဘဝသံသရာတံတားကိုလိုက်ပို့တာလေ၊ နန်းနဲ့အစ်ကို စတင်ဆုံစည်းခဲ့တဲ့နေရာလေ နန်းရဲ့ ဒီနေရာမှာပဲ နန်း အစ်ကို့ကို ပြန်ခွဲသွားပြီလား၊ ပြောပါဦးနန်းရယ်၊ ဒါ နောက်ဆုံးဆန္ဒပဲလား။ ဘာဖြစ်လို့ နောက်ဆုံးလို့ နန်းပြောခဲ့ရတာလဲ ... ပါ၊ နန်းအတွက်ဆို အစ်ကိုအဆုံးမရှိ ဆန္ဒတွေဖြည့်ဆည်းပေးနေမှာပါ"

"ညီလေး"

အက်ကွဲထို့နင့်နေသော အစ်ကိုကြီးဒေါက်တာစိုင်းမောင်၏အသံက ကျွန်တော့်နားထဲဝင်လာသည်။ မျက်ရည်များကြောင့် ကျွန်တော့်အမြင်မှာ ဒေါက်တာစိုင်းမောင်ကို သဲသဲကွဲကွဲမမြင်ရ။ ပြေဆည်ရာမဲ့ နန်းယုယုလှိုင်၏ ငိုရှိုက်သံတွေက နားစည်မှတစ်ဆင့် နှလုံးသို့တိုင်တစစ်စစ်။

"ညီလေး ဟိုဘက်တွဲကိုကူးစဉ်က ညီမလေးပြောတယ်၊ သူနဲ့ညီလေးတို့ရဲ့အကြောင်း ဝတ္ထုကိုဆက်ရေးပေးဖို့ ညီလေးကိုပြောပေးပါတဲ့"

"အို .. နန်းရယ် ..."

နန်းချယ်ရီ၏ခန္ဓာကိုယ်ကလေးကို ကျွန်တော် တအားကုန်တိုး၍ ဖက်လိုက်သည်။ ကျွန်တော့်မေတ္တာရင်ငွေ့နွေးနွေးကို နန်းချယ်ရီရပါစေသော။

"အစ်ကိုကတိပေးပါတယ် နန်းရယ်၊ နန်းရဲ့ မွှမ်းမြတ်လှတဲ့နှလုံးသားထဲက စေတနာတရားကို အလဟဿမဖြစ်စေရပါဘူး၊ နန်းကျေနပ်ပါတော့၊ နန်းကျေနပ်ပါတော့ကွယ်"

(၃၉)

တောင်အဆင်းလမ်း .....။

နန်းချယ်ရီကိုပေးထားခဲ့သည့်ကတိအတိုင်း နန်းချယ်ရီ၏ပထမဆန္ဒ ဖြစ်သော ကျွန်တော်တို့အကြောင်းဝတ္ထုကို နှလုံးသွေးနှင့်မျက်ရည်များကို ရောစပ်၍ ပြီးဆုံးအောင် ကျွန်တော်ရေးသည်။ နန်းချယ်ရီ၏ဝိညာဉ်က ကျွန်တော့်ကိုပူးကပ်နေ၍ပဲလားမသိ၊ ကျွန်တော်ရေးခဲ့သမျှသောဝတ္ထုများတွင် ဤဝတ္ထုသည် ရှာနအဝင်ဆုံး၊ စေးစေးပိုင်ပိုင်အရှိဆုံး၊ အရသာအရှိဆုံးနှင့် နှလုံးသည်းပွတ်ကို အထိက်ဆုံးဖြစ်သည်။ ဝတ္ထုအမည်ကိုမူ "ဘဝသံသရာမှ စတဲ့အချစ်" မှ "ဘဝသံသရာမှာ ကျတဲ့မျက်ရည်" ဟူ၍ပြောင်းလိုက်သည်။

ရေးပြီးသားစာမူကိုပိုက်၍ ကျွန်တော် ရန်ကုန်ဆင်းခဲ့ခြင်းဖြစ်၏။

ထိုဝတ္ထုကို ဝင်းမြတ်နှင့်ရွှန်းလဲ့ကိုအပ်ရမည်။ နှင်းဆီးရိုင်းကြောင့် အခါ အချိန်မသင့်မီ အင့်ကလေးများ၊ အဖူးကလေးများ၊ အပွင့်ကလေးများ ကြွေသက်မသွားကြစေရန် ကျွန်တော်တို့အစွမ်းရှိသမျှ ကြိုးပမ်းကြရဦးမည် ဖြစ်၏။

မိုးမှုန်ဖွဲဖွဲအောက်မှာ ရထားသည် အကွေ့အကောက်၊ အနိမ့်အမြင့်၊ အတက်အဆင်း လမ်းကြောင်းအတိုင်း နေးချည်တစ်ခါ မြန်ချည်တစ်လှည့်ဖြင့်။


www.burmeseclassic.com